
# City MAGAZINE



Vol- 240, 2016



# City MAGAZINE

## Vol - 240, 2016


အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အကြံပေးအယ်ဒီတာ
ဖိုးမောင်သက်

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
အောင်စော၊ အိဇော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
ဖူးပွင့်လှိုင်ဝေ၊ တင်ဇာ

စာစီစာရိုက်
ရဲပြည့်၊ အောင်ပြည့်

ဓာတ်ပုံ
ထက်အောင်ခန့်၊ စောသိန်းဝင်း၊ စောလှိုင်ဝင်း

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ကျော်စွာဝင်း၊ ကျော်စိုးငြိမ်း



ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက် မြဲ (၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်။

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်၊ စန္ဒာဝင်း
ဖုန်း - ၀၉၄၂၀၁၇၀၉၄၀
မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်။
ဖုန်း ၀၁-၅၀၃၆၇၀

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀



# City MAGAZINE

Vol:240,2016



# CONTENTS


4 EDITORIAL NOTE

## POEM

| | | |
|---|---|---|
| 5 | မိုးမြင့်ပျံငှက်ကလေး | မြင်းမူမောင်နိုင်မိုး |
| 6 | နွားပွဲဈေး | မောင်စိမ်းနောင်(လယ်ဝေး) |
| 7 | မသနပ်သော်ငြား စွမ်းအားရှင် | ကျော်စောဟန် |
| 8 | တန်ဖိုးရှိသူ | မောင်လွမ်းနိုင်(စပယ်ငုံ) |
| 17 | ဂန္ထဝင်ရေစီးကြောင်းနှင့် မော်ဒန်လေ့လောင်း | မင်းရွှေမင်း(အင်းစိန်) |
| 35 | သည်နွေဦးကို မေ့မရ | ဝိုင်းမောင်(မာန်အောင်) |
| 61 | အလွမ်းခရေ ပန်းခရေ | မင်းဇော်ထွေး |
| 73 | အား | အေးမျိုးကြည် |
| 122 | အရှေ့ဘက်တံခါး | စျာန်ဘုန်းခိုင် |
| 71 | သီတင်းကျွတ်ချိန် | ဆန်းလွင်(မြန်မာစာ) |

## CARTOON

| | | | |
|---|---|---|---|
| 9 | မောင်မောင်ညှက် | 89 | ကျော်ကိုကို |
| 10 | စောဟန် | 108 | လေနီကြမ်း |
| 11 | ဇက်တီ | 109 | ရန်ကြီးအောင် |
| 12 | ကိုငယ် | 120 | သူရမိုး |
| 79 | ကိုကောင်း | 121 | သီတာမြင့် |

## CITY ARTICLE

| | | |
|---|---|---|
| 13 | စည်းကမ်းမဲ့ခရီးသည်နဲ့ တာဝန်မဲ့ဝန်ထမ်းတို့ကြောင့် RBE Air Con အထူးရထားကြီးကို ထူးခြားစွာမှတ်တတ်ရပ်ပြီး မွန်းကျပ်စွာစီးခဲ့ရတဲ့ခရီးစဉ် | မောင်မြတ်မွန်(ဆူးလေ) |
| 22 | စားနပ်ရိက္ခာပြဿနာတို့အတွက် | ဒေါက်တာစိန်စိန်သိန်း |
| 31 | မြို့ပြသုံးလျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးခြင်း | သိပ္ပံစာရေးဆရာကိုကိုအောင် |
| 42 | မြန်မာ့အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေရဲ့ ရှေ့ခရီး | ဇော်ဟိန်း |
| 51 | ရက္ခစိုးကြီးထံ ဆုမပန်နိုင်တဲ့အဖြစ် | ကိုဇော် |
| 58 | အဖေများ၏တန်ဖိုး | မိုးပန်းမွန်(ရာမည) |
| 62 | လျှပ်စစ်မီးထိန်ထိန်ညီး ကောင်းချီးပေဖြာ အုတ်ဆွဲရွာ | လေးနိုင်(ရွှေသိုင်း) |







90 အင်းတော်ကြီးကန်၊ ရွှေမဥ္ဇူရေလယ်ဘုရားမှသည် မြစ်ဆုံဆီသို့ — အောင်ဇင်

118 အမျိုးသားတိုင်းသိထားသင့်တဲ့ အိမ်ရှင်မတန်ဖိုး — ပေါက်ပေါက်

139 အစေ့အမြစ်ပါမကျန် မြေလှန်ကြပါစို့ — မုဒိ-သုမှန်


## RELIGION


74 ဓမ္မခရီးသည် — မင်းဘုန်းရွှေ


## PHOTO


80 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


110 ထင်ပေါ်ကျော်ကြား အလှမယ်များ — ကိုခန့်(သုတေသန)


## SHORT STORY


18 ရှိဘော့တစ်ကောင်ရဲ့ငိုကြွေးခန်း — နိုင်ဦးသာ

24 ကွဲပြားသော်လည်း တူတတ်သည် — ဆင်ဖြူကျွန်းအောင်သိန်း

36 အဘွားအိုတစ်ဦး၏ အတွေးအာရုံ — တက္ကသိုလ်မလေးခိုင်

46 ကမ္ဘောဇ၏ဆောင်းတစ်ည — သောင်းဝေဦး

67 မှောင်မိုက်မှာငို — မစန္ဒာ

84 ဆန်ရေအဟုန် — မနွယ်(ကလော)

102 ကျွန်မဘာမှားနေသလဲ — ဘသက်ဆွေ

114 အချစ်ဆုံးမို့ — ကံညွန့်လှိုင်(တောင်ကြီး)

123 လူစိမ်း — မောင်မောင်မိုးအောင်

134 ကြာသော်လည်းမမေ့ ရှာသော်လည်းမတွေ့ — မကြည်ပြာ(သချ်ာ)










## YOUTH


147 ထူးချွန်လိုသူများအတွက်လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)


## HEALTH


130 သွေးတိုးရောဂါအကြောင်း သိမှတ်ဖွယ်ရာ — လှိုင်ဘွားအောင်

144 ကင်ဆာရှိ/မရှိ ရှာဖွေခြင်း — ဒေါက်တာ ရဲကို


## JOKE


30, 45, 50,117,129,143,151 — မောင်သီဟ


## LONG STORY


152 သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် — တက္ကသိုလ်ဘုန်းနိုင်




# ရှေ့ဦးစကား

City Magazine (၂၄၀)က နှစ်သစ်ကို ကြိုဆိုလျက် ထွက်ရှိလာပေပြီ။ City Magazine ၏ မူအတိုင်းပင် ကလောင်ဟောင်း၊ ကလောင်သစ် သုတ၊ ရသ စုံလင်စွာဖြင့် စာဖတ်ပရိသတ်ကို ရသစုံပေးစွမ်းနိုင်အောင် အားထုတ်ထားပါသည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် အယ်လ်နီညို၏ အပူဒဏ်ကို သကြ်န်ရေဖြင့် အတန်အသင့် ခံနိုင်ရည်ရှိအောင် ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ မဂ္ဂဇင်းစာဖတ်ပရိသတ် ဘဝအမောပြေတန်သမျှ ပြေအောင် ရည်သန်ပါသည်။

သုတကဏ္ဍမှ တစ်စုံတစ်ရာ မှတ်သားဖွယ်ကျန်စေချင်သလို ရသကဏ္ဍမှလည်း တဒင်္ဂမျှဖြစ်စေ ဘဝင်ကျအောင် စီမံထားပါသည်။

မဂ္ဂဇင်းစာဖတ်ပရိသတ်နှင့်တကွ ပြည်သူအားလုံး နှစ်သစ်တွင် အပြစ်ကင်းသော ပျော်ရွှင်မှုဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

အယ်ဒီတာချုပ်

၂၀–၃–၂၀၁၆

# မိုးမြင့်ပျံငှက်ကလေး

မိုးမြင့်ကိုဆန်
ပျံချင်တဲ့ ငှက်ကလေး။
အတောင်အလက်စုံတော့
နှောင်ခက်ရှုံ သိုက်မြုံတွင်းဆီက
အားတင်းကာ ပျံဖို့ခဲ့တယ်
ရဲဝံ့လှသေး။

မိုးမြင့်ကိုခင်
မြင့်ချင်တဲ့ ဘဝလမ်း။
အချစ်မပျက်ပါဘူ
နှစ်သက်ရာ တေးတစ်ပိုဒ်နဲ့
ကြွေးလိုက်မယ်မှန်း။

မိုးမြင့်ကို မျှော်
တိမ်ပေါ်ကို ပျံဝဲ။
ငြူမတိမ်း ပေမယ့်
သူစိမ်းမြေ တောင်ပံခတ်
မျံတတ်တဲ့ ဖွဲ။
ပြစ်မဆို အချစ်ပိုလျှက်ပါပဲ
ငှက်ကလေးရဲ့ တေးသံခြွေ. . . ။
မြေအပြင် ဝေဟင်နှံ့အောင်
ခြေဆန့်ပါလေ။

အမိမြေ
စည်ပေတဲ့ အကြောင်း။
အမိမြေ
ညီပေတဲ့အကြောင်း။
သူ့ဝန်းကျင် သူ့အလှရယ်နဲ့
ကိုယ့်ဝန်းကျင် ကိုယ့်အလှကိုဖြင့်
မျှတအောင် ဆင်ခြင်လို့
ပြစ်မမြင် ချစ်ခင်တိုးအောင်
ကြိုးသင့်ပါကြောင်း။

အချိန်တန်
အိမ်ပြန်မယ့် ငှက်ကလေး။
ကိုယ့်ရပ်ကိုယ့်အိမ်နဲ့
ကိုယ့်ဂုဏ်သိန် အခြေမြင့်အောင်
မြှင့်ခဲ့ပါလေး။ ။

**မြင်းမူမောင်နိုင်မိုး**



# နွားပွဲဈေး

မလင်းခင်အရောက်လှမ်းနိုင်ဖို့
အတင်းနှင် အငေါက်အငမ်းတွေနဲ့
လှမ်းခဲ့ကြသူငါ။
ဒေသခေါ် 'နွားပွဲဈေး'
စုဝေးရောက်လာ။
ရောင်းဝယ်ကြ သူငါ
တစ်ပတ်မှာ သည်တစ်ရက်။
ဆုံပလေတရုန်းရုန်း
ထုံးတမ်းမပျက်။

ကျွဲနွားလူ ပြည့်ညပ်ကျပ်
မူးမတတ်ခြေချင်းလိမ်။
ရွာတကာ ရပ်အပေါင်းက
ပေါင်းစုရောက်ချိန်။
မြင့်တက်ပေါ့ ပွဲအရှိန်
ကြိမ်တံတွေ တမြှောက်မြှောက်။
နွားပေကို အခြေကောင်းအောင်
ကြိမ်းမောင်းအော်ငေါက်။

ဝယ်သူတွေ နှိမ်ပါကြ
ရောင်းသူက ဂုဏ်တင်။
အပြန်အလှန် အထာသိ
ညှိကြဖြစ်အင်။
ပွဲစားက ကြားဝင်
စကားစဉ် ညွှန်းပုံကောင်း။
နှစ်ဖက်မှာ ပွဲခစား
ကြွားဝင့်အိတ်ဖောင်း။

နွေခါမှာ ဖုန်ထောင်းထောင်း
မိုးကောင်းတော့ ဗွက်စိုစို။
ရိပ်ကောင်းရာ စုကာဝေး
ဈေးစကားဆို။
သည်နွားက ဘယ်လို
သည်လိုဖြင့် ဘယ်မျှထား။
စာချိုးနဘောကဗျာနဲ့
နွားစာတွေ များစွာဟောတယ်
တောလေ့ပေလား။

နေအပူ ဈေးအကွဲ
တဲရိပ်ထဲ သူငါခို။
ထန်းရည်ချို တောအရက်
ခွက်လှည့်သောက်မျို။
ဆက်ရက်မင်းဆိုသလို
စည်းစိမ်ကိုယူကြ။
နေရှိန်ရှိန် ရေချိန်တက်တော့
ပြောသွက်ပါလှ။

ဝယ်ချင်သူ ဝယ်ဖို့ကောင်း
ရောင်းသူလည်း ရောင်းပန်းသာ။
မြေလတ်နယ် နွားပွဲဈေး
ပြေးမြင်မိပါ။
ဦးကြီးတို့အားထားရာ
မှီခိုရာ သည်ဌာန။
'ငွေလိုလျှင် နွားရောင်း' တဲ့
'ငွေပိုလျှင် နွားကောင်း' တဲ့
လှည့်ပြောင်းရာဌာနသည့်ဈေးမှာကွယ်
အရေးပါလှ။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**






# မသန်သော်ငြား စွမ်းအားရှင်

ဘဝကံအခြေမလှ
စိတ်မကျ ဖွဲ့မာန်ထူ
မသန်ပင် မသန်ငြား
စွမ်းအားပြည့်သူ
ချီးကျူးလို့ ဖေးမကူ
ကရုမူ စာနာပေး
ပတ်ဝန်းကျင် ဝင်ဆံ့ရေး
မှီအခို ကင်းစေရေး
သူ့ဘဝ ထူထောင်ရေး
နှိုးဆော်အားပေး။

နိုင်ငံ့ဂုဏ် တစ်ဖက်တစ်လမ်း
ဝန်ထမ်းလို့ ကျေပွန်စွာ
ဆွတ်လှမ်းကာ ရွှေငွေကြေး
ပိုက်ထွေးပြန်လာ
နား မျက်စိ ကိုယ်အင်္ဂါ
နှုတ်ဆွံ့ကာ ချို့တဲ့ငြား
‘ဘူဆန်’မှာ ဝင့်ဝင့်ကြွား
ဂုဏ်ဆောင်ကာ တစ်တပ်တစ်အား
နိုင်ငံ့ကိုယ်စား။ ။

**ကျော်စောဟန်**
**(အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလျက်)**

# တန်ဖိုးရှိသူ



မမီနိုင်လည်း
မီနိုင်သမျှ၊ လှမ်းတက်ရမည့်
ဘဝအသိ၊ အဘိဓမ္မာ။

မချူနိုင်လည်း
ချူနိုင်သမျှ၊ ဆွတ်ယူပြမည်
ဘဝလင်္ကာ သင်ခန်းစာ။

မရောက်နိုင်လည်း
ရောက်နိုင်သမျှ၊ ခဲလိုက်ရမည်
ဘဝအားမာန်၊ လောကဓံ။

မဖြစ်နိုင်လည်း
ဖြစ်နိုင်သမျှ၊ ဖြည့်ဆည်းရမည်
ဘဝယုက်လိမ် ခရုအိမ်။

တရွေ့တဆန့်
တစ်စက္ကန့်လက်တစ်သစ်၊ တစ်မိနစ်တစ်ထွာ
တစ်နာရီထွာခြောက်ဆယ်၊ အားမငယ်ခဲ့
တစ်နှယ်တစ်စို့၊ ပန်းတိုင်သို့လျှင်
ရောက်ဖို့မလွဲ၊ မခက်ခဲခဲ့
ရွှေ့မြဲသတ္တိ၊ အို... ပက်ကျိုငဲ့
သင့်အဘိဓမ္မာ၊ စိတ်မဟာကို
ငါလျှင်ရိုကျိုး၊ အသိတိုးခဲ့
တန်ဖိုးရှိသူ ဖြစ်ရမည်တကား။ ။

**မောင်လွမ်းနိုင်(စံပယ်ငုံ)**

# CARTOON



အိမ်သာ တက်မလို့ကွ.. မင်း.. ငါ့နောက်တကောက်ကောက် လိုက်ပြီး ဘာလိုက်လုပ်နေတာလဲ...
အိမ်သာ
ဟို..ဟို.. ဆရာ ဘယ်ကို သွားသွား နောက်ကနေ လိုက်ကြည့်ရမယ်လို့.. ဆရာကတော်က မှာထားလို့ပါ...
ငါ..နော်

# CARTOON



# CARTOON


ဆရာ ပြောသလို.. ပါးပါးလေး လုပ်လိုက်တာ.. အခုတော့.. ကိုယ်ကျိုးနည်း ပြိုပျက်ကျကုန်ပြီ..
အထူးအပါး မသိတဲ့ကောင်.. အခုတော့..အလျော်ပေးရမယ့်ကိန်း ဖြစ်ကုန်ပြီကွ..သိရဲ့လား..
အလျော်ပေး... အရေးပေါ်..

# CARTOON


ကျုပ်က ဝန်ထမ်းလုပ်ခဲ့တဲ့ ကာလတစ်လျှောက်လုံး လုံးဝကို လာဘ်မစားခဲ့တဲ့လူဗျ .....
ဟုတ်လား ဒါဆို လူထူး လူဆန်းပဲ ရုံသွင်းပြီး ပြသားလိုက်ရင် ဝင်ငွေ တော်တော်ကို ရမှာပဲ .....

# စည်းကမ်းမဲ့ခရီးသည်နဲ့ တာဝန်မဲ့ဝန်ထမ်းတို့ကြောင့်

# RBE Air Con အထူးရထားကြီးကို

## ထူးခြားစွာမတ်တတ်ရပ်ပြီး မွန်းကျပ်စွာစီးခဲ့ရတဲ့ ခရီးစဉ်

မောင်မြတ်မွန် (ဘူးလေ)



၁–၁–၂၀၁၆ ရက်ဟာ ကမ္ဘာ့နှစ်ဆန်းတစ်ရက်နေ့ပဲ ဖြစ်ပါပေတယ်။ ၁၂ လမှာ ၁၂ ပွဲမကရှိနေတဲ့ မြန်မာနိုင်ငံမှာ 'မြန်မာတွေတကယ်ပဲ အပျော်လွန်ကဲကြတယ်' ဆိုတဲ့ ရှေးစာနဲ့အညီ ခွေးနှစ်ကောင်ကိုက်တာကိုပင် ဝိုင်းအုံကြည့်ပြီး အပျော်ရှာတတ်တဲ့ မြန်မာဓလေ့စရိုက်နဲ့ Happy New Year Count down လို့ အင်္ဂလိပ်လို အမည်ပေးထားတဲ့ မူးယစ်သောက်စားပြီး အော်ဟစ်မြူးထူးတဲ့ပွဲကို 'အရပ်ကလေးကိုတဲ့ အားမနာ အားမနာ' ဆိုတဲ့ ကိုကြီးကျော်နတ်ချင်းပါအတိုင်း ဘုမသိ၊ ဘမသိဘဲနဲ့ အပျော်ကြူးနေကြတာဟာ အများကြားရင်၊ အမှန်ထင်၊ ပြန်ပြင်မရတဲ့ အခြေအနေသို့ ရောက်နေပါပြီ။ တကယ်တော့ အင်္ဂလိပ်



တက်၊ 'မန်း'မြို့ပျက်ကာ၊ မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းသွားရရှာတာကြောင့် ၁-၁-၁၈၈၆ နေ့မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးကို ကေရီဘုရင်မကြီး 'ဝိတိုရိယ' Victoria သို့ လက်ဆောင်ပေးအပ်ခြင်းခံရတဲ့အတွက် ဇန်နဝါရီလ (၁) ရက်နေ့ဟာ မြန်မာတို့ကိုလိုနီအဖြစ် နွံနစ်ခဲ့ရတဲ့နေ့ပဲဖြစ်ပါပေတယ်။ အဲဒီကိုလိုနီဖြစ်ခဲ့ရတဲ့ ၁-၁-၂၀၁၆ ရက်မှာ စာရေးသူဟာ မြေးယောက်ျားလေးနဲ့အတူ ရန်ကုန်မြို့တော်ခန်းမသို့သွားပြီး အပြန်တွင် မြေးကလေးက မြို့ပတ်ရထားစီးပြီး ပြန်ချင်တယ်လို့ ပူဆာတဲ့အတွက် ရန်ကုန်ဘူတာကြီးသို့ ခြေလျင်ခရီးနဲ့ ရထားချိန်မီ သွားခဲ့ပါတယ်။

ရန်ကုန်ဘူတာသို့ရောက်တဲ့အခါ ရထားစီးလက်မှတ်ဝယ်တော့ စကြံ (၅)က RBE Air Con အထူးရထားထွက်ချိန်ဖြစ်လို့ အထူးရထားလက်မှတ်ခ (အာမခံအပါအဝင်) ၃၀၀ ကျပ်တန် ၂ စောင်ဝယ်ယူပြီး ရထားဆီသို့ အပြေးအလွှားဆင်းခဲ့ပါတယ်။ ရထားပေါ်တက်ပြီးချိန်မှာ နေရာအတွက် လိုက်ရှာပါတယ်။ ဘေးတစောင်းထိုင်ခုံတွေမှာ ဘေးတစောင်းထိုင်နေကြတဲ့ စည်းကမ်းမဲ့ မြို့ကြီးသား/သူ မပီသတဲ့ ရထားစီးခရီးသည်တွေကြောင့် နေရာမရဘဲ မတ်တတ်ရပ်စီးခဲ့ရပါတယ်။ စည်းကမ်းအမဲ့ဆုံးပုဂ္ဂိုလ်ကတော့ ဘေးတစောင်းထိုင်ခုံပေါ်မှာ အိပ်လိုက်လာတဲ့အတွက် အသင့်ပါလာတဲ့ ကင်မရာနဲ့ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ Air Con အထူးရထားကြီးထဲမှာ မွန်းကျပ်စွာနဲ့ ပူလောင်မှုကို ခံစားလိုက်ရပါတယ်။ ဘယ့်နှယ် Air Con အထူးရထားဆိုပြီး အေးလည်းမအေးပါလားလို့ တွေးတောမိပါတယ်။ ရထားမထွက်သေးလို့ ဝင်/ထွက်တံခါးတွေဖွင့်ထားရလို့များလားလို့လည်း ဖြေတွေးတွေးမိပါသေးတယ်။ ဒါပေမဲ့လည်း ရထားထွက်လာပြီး ပုဇွန်တောင်ဘူတာရောက်တဲ့ထိ ပူအိုက်ဆဲဖြစ်လို့ ပြတင်းပေါက်တံခါးတွေကို သေချာစွာလိုက်ကြည့်တော့မှ လား.... လား အလုံပိတ်ထားတဲ့ မှန်တံခါးအထက်မှာရှိတဲ့ လေဝင်ပေါက်မှန်တံခါး Ventilator နှစ်ချပ်ကိုဖွင့်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် ပုဇွန်တောင်ဘူတာကတက်လာတဲ့ လက်မှတ်စစ်ကို Ventilator ပွင့်နေတာကို လက်ညှိုးထိုးပြပြီး ပိတ်ပေးဖို့ပြောပြတယ်။ လက်မှတ်စစ်လည်း စာရေးသူရဲ့ လက်မှတ်ကိုစစ်ပြီး ပွင့်နေတဲ့ Ventilator ကို ပိတ်ရန်ကြိုးစားပေမယ့် 'ချက်'ပျက်နေလို့ ပိတ်မရကြောင်းပြောပြီး နောက်တစ်တွဲကို ဆက်သွားပါတော့တယ်။

လက်မှတ်စစ်အနေနဲ့ တွဲပြင်မဟုတ်တဲ့အတွက် 'ချက်'ပျက်နေတဲ့ Ventilator ကို ပြင်မရတာကို 'သူ့ပညာရပ်'မဟုတ်တာကြောင့် 'အပြစ်'မပြောလိုပါ။ ကူညီလိုတဲ့စိတ်ဓာတ်ကိုပင် အသိအမှတ်ပြုလိုက်ပါတယ်။ ဒါပေမဲ့ Air Con အထူးရထားအမည်တပ်ပြီး အထူးရထားလက်မှတ်ခရယူပြီး ဝန်ဆောင်မှုအပြည့်အဝမပေးနိုင်တဲ့ မြန်မာ့မီးရထားက တာဝန်ရှိသူတွေအနေနဲ့တော့ 'တာဝန်မဲ့'တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ အများပြည်သူအတွက် ဝန်ဆောင်မှုပေးပြေးဆွဲနေတဲ့ မြို့ပတ်ရထားလိုင်းမှာ ကျပ် ၅၀၊ ကျပ် ၁၀၀၊ ကျပ် ၂၀၀ ကနေယခုအခါမှာ သက်တောင့်သက်သာ စီးနင်းသွားလာလိုသူတွေအတွက် တန်ရာတန်ဖိုးပေးပြီး စီးနင်းသွားလာလို့ရအောင် RBE Air Con; အထူးရထားနဲ့ ဝန်ဆောင်မှုပေးပြေးဆွဲပေးနေတာပဲ





မဟုတ်ပါလား။ ဝန်ဆောင်မှုတိုင်းဟာ တန်ဖိုးနဲ့ညီမျှတဲ့ အကျိုးဆောင်မှုကိုပေးမှသာ တန်ရာတန်ဖိုးဖြစ်မှာပါ။ အခုတော့ အမြင့်ဆုံးတန်ဖိုးကိုရယူပြီး အညံ့ဆုံးဝန်ဆောင်မှုကိုရခဲ့တာဟာ ဥပဒေစကားနဲ့ပြောရရင်တော့ ပဋိညာဉ်ဖောက်ဖျက်တာပဲဖြစ်တယ်။ မြန်မာ့မီးရထားမှာ အချိန်စာရင်း/ဇယားဟာ ရထားဝင်ထွက်ချိန်ကိုသာ ဖော်ပြထားတာဖြစ်လို့ ရထားနောက်ကျတာဟာ 'ပဋိညာဉ်ဖောက်ဖျက်မှု'မမြောက်ဆိုတာကို စီရင်ထုံးအရ လက်ခံပါတယ်။ အခုဖြစ်ရပ်ကတော့ RBE Air Con; အထူးရထားကိုစီးရင် လက်မှတ်ခ ကျပ် ၃၀၀ ပေးရမယ်ဆိုတဲ့ ကမ်းလှမ်းချက်နဲ့ အဖိုးစားနား Consideration ကို ခရီးသည်က Acceptance လက်ခံပြီး ပဋိညာဉ်နဲ့အညီ လက်မှတ်တန်ဖိုးအပြည့်အဝပေးချေပြီး ဝယ်ယူစီးနင်းခဲ့တာဖြစ်တယ်။ ရထားထိုင်ခုံမှာ ခရီးသည်တွေစနစ်တကျထိုင်ပြီး စီးနင်းရလေအောင် ကြပ်မတ်ပေးရမှာဖြစ်သလို RBE Air Con; အထူးရထားအမည်ဂုဏ်ဒြပ်နဲ့ လိုက်ဖက်ရလေအောင် Air Con; ရထားအင်္ဂါရပ်နဲ့ပြည့်စုံအောင် (ချွတ်ယွင်းချက်မရှိစေရန်) တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ပေးရမှာ ဖြစ်ပါတယ်။ လက်မှတ်စစ်သလို ခရီးသည်တွေအဆင်ပြေရလေအောင် စည်းကမ်းမဲ့တဲ့ ခရီးသည်တွေကို ကြပ်မတ်စစ်ဆေးပေးရန်လည်း တာဝန်ရှိပါတယ်။

ဝန်ထမ်းကောင်းတစ်ယောက်အနေနဲ့ 'Duty for duty Sake' တာဝန်သိ၊ တာဝန်ရှိစိတ်ဓာတ်နဲ့ ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ တာဝန်ရှိပြီး တာဝန်သိတဲ့ဝန်ထမ်းတွေကို 'မီးရထားခရီးသည်'တွေကလည်း လေးစားကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် RBE Air Con; ရထားဖြစ်တဲ့အတွက် 'မည်သည့်စည်းကမ်းမဲ့ခရီးသည်'ကိုမျှ မသိကျိုးကျွန်ပြုတာမျိုးမလုပ်သင့်ပါ။ အများပြည်သူကို ဝန်ဆောင်မှုအကောင်းဆုံးပေးရမယ့် အထူးရထားဖြစ်တယ်ဆိုတာကို ဝန်ထမ်းတိုင်းအား အသိပညာပေးလေ့ကျင့်ပေးထားစေချင်ပါတယ်။ စည်းကမ်းမဲ့ခရီးသည်နဲ့ တာဝန်မဲ့ ဝန်ထမ်းတို့ကြောင့် RBE Air Con; အထူးရထားကြီးကို ထူးခြားစွာ မတ်တတ်ရပ်ပြီး မွန်းကျပ်စွာ စီးခဲ့ရတဲ့ ရန်ကုန်ဘူတာကြီးစင်္ကြံအမှတ်(၅)ကနေ ပုရွက်ဆိတ်ကုန်းဘူတာအထိ စီးခဲ့ရတဲ့ ခါးသီးလှတဲ့ခရီးစဉ်ကြောင့် 'ရွှေရတုအလွန်သို့ရောက်ရှိနေပြီဖြစ်တဲ့ မြို့ပတ်ရထားရဲ့ သမိုင်းကောက်ကြောင်းကို သမင်လည်ပြန်ကြည့်မိတဲ့အခါမှာတော့. . . ။

**ရွှေရတုလွန် မြို့ပတ်မီးရထားရဲ့ သမိုင်းကောက်ကြောင်း**

ရန်ကုန်ရာဇဝင်သမိုင်းမှာ စက်တပ်ယာဉ်နဲ့ ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် မီးရထားဟာ 'အဦးအစ'ဖြစ်ပါတယ်။ မီးရထားစတင်ပြေးဆွဲနိုင်ရန် မင်းတုန်းမင်းတရားကြီးရဲ့ ပြုပြင်ပြောင်းလဲရေး Mnidon Reform မှာ ပါဝင်ခဲ့တယ်။ တောင်ငူကနေ မန္တလေးသို့ ခရစ် ၁၈၅၄ ခုနှစ်ကပင် ပြင်သစ်နိုင်ငံရဲ့ အကူအညီနဲ့ စတင်ပြေးဆွဲရန် စီစဉ်ခဲ့ပေမယ့် နယ်ချဲ့အင်္ဂလိပ်တို့နဲ့ နယ်ချဲ့ချင်း 'လက်ဝါးရိုက်'ကာ ကူညီရန် ပျက်ကွက်ခဲ့တယ်။ ဒါကြောင့် ၁၈၇၇ ခုနှစ်ကျမှသာ ရန်ကုန်-ပြည် မီးရထားလမ်းပိုင်း (၁၆၁)မိုင်ကို နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ဧရာဝတီမြစ်ဝှမ်းမီးရထားကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးခဲ့တဲ့အတွက် မြန်မာ့မီးရထားဟာ အိန္ဒိယနိုင်ငံထက် (၂၅)နှစ် နောက်ကျခဲ့ရတာဖြစ်ပါတယ်။ Burma Rail Ways Company (BRC) ကာလကပင် စတင်ကာ မြန်မာ့မီးရထားဟာ လွင်ပြင်မြေပြန့်သာမက တောင်ပေါ်တက် 'လွန်းထိုးရထား' Reverse တွေနဲ့ပါ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးကို ဂျုံး၊ ဂျုံး၊ ဂျက် မြည်သံပေးပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ဖူးပါတယ်။

ကိုလိုနီခေတ် ၁၉၂၅-၂၆ မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေအတွက် 'ဟံသာဝတီဘူတာရုံ'ကို ကြားဘူတာအဖြစ်စတင် တည်ဆောက်ပေးချိန်မှစတင်ကာ၊ လော်ကယ် Local Train လို့ခေါ်တဲ့ ရန်ကုန်ဆင်ခြေဖုံးသွားမီးရထားရဲ့ အဦးအစဖြစ်ခဲ့တယ်။ အဲဒီကာလကနေ ခရစ် ၁၉၅၈ ခုနှစ်အထိ ရန်ကုန်ဘူတာကြီးလို့ခေါ်နေကြတဲ့ ကွမ်းခြံဘူတာကို အခြေပြုကာ အင်းစိန်အထိနဲ့ မင်္ဂလာဒုံအထိကိုတော့ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းမှာရှိတဲ့ မလွကုန်းကနေလမ်းခွဲပြီး မင်္ဂလာဒုံအထိ ပြေးဆွဲပေးခဲ့တယ်။ အဲဒီကာလက ရထားစင်းရေနည်းပေမယ့် အချိန်မှန်လှတဲ့အတွက် စုံထောက်ကြီးဦးစံရှားပင်လျှင် Local ရထားနဲ့ စုံထောက်လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်လို့ ဆရာကြီးရွှေဥဒေါင်းက ဇာတ်အိမ်ဖွဲ့တင်ပြထားပါတယ်။ အဲဒီလော်ကယ်ရထားမှာပင် 'ပထမတန်း'နဲ့ 'ရိုးရိုးတန်း' ခွဲခြားပြီး ဝန်ဆောင်မှုပေးခဲ့ဖူးပါတယ်။ ရန်ကုန်မြို့ပတ်မီးရထားလမ်းကို အရှေ့ဘက်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းနဲ့ အနောက်ဘက်က ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှစ်ခုကြားမှာ မြန်မာအင်ဂျင်နီယာတွေနဲ့ပဲ ၁၉၅၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့တယ်။ အဲဒီမြို့ပတ်ရထားလမ်းဟောင်းဟာ ၂၈ မိုင်ရှိခဲ့တယ်။ ဘူတာရုံပေါင်း ၃၀ နဲ့ တံတားကြီး/ငယ် ၁၇ စင်းပါဝင်ခဲ့တယ်။ ၁၉၆၄ ခုနှစ်မှာ ဂျပန်စစ်လျော်ကြေးကရတဲ့ Rail Bus Double Cab ကို စတင်ပြေးဆွဲပေးခဲ့တယ်။ ရထားခက တစ်ဘူတာ(၅)ပြားသာကျပြီး ပုရွက်ဆိတ်ကုန်းဘူတာကနေ ဘူတာကြီးအထိ ပြား ၄၀ သာ ပေးခဲ့ရပေမယ့် အခု ကျပ် ၃၀၀ ပေးစီးရတဲ့ RBE Air Con; ထက် အများကြီးသာပါတယ်။ ၁၉၈၅ ခုနှစ်တွင် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းအသစ်ကို



တိုးချဲ့ဖောက်လုပ်ခဲ့ရာ မီးရထားသံလမ်းမိုင် (၂၉ ဒသမ ၅) မိုင် ရှိလာပြီး ရပ်နားဘူတာရုံ (၃၈) ဘူတာအထိ ရှိလာတယ်။ ခရစ်နှစ် ၂၀၀၉ ခုနှစ်မှာ မြို့ပတ်မီးရထားလက်မှတ်ခဟာ ၁၅ မိုင်ကို ကျပ် ၁၀ နှုန်းသာရှိကာ မြို့တစ်ပတ်ကိုတော့ ကျပ် ၂၀ မျှသာ ဖြစ်ခဲ့ပါတယ်။ လက်ယာ/လက်ဝဲနဲ့ ပြေးဆွဲပေးနေတဲ့ မြို့ပတ်ရထားတွေကို 'ကန်စွန်း၊ ခရမ်း၊ သရက်၊ ပိတောက်၊ ဇီယာ၊ တောင်ပံ့၊ ငစိန်' စတဲ့ သင်္ကေတ Code တွေနဲ့ သတ်မှတ်ပြေးဆွဲပေးခဲ့တယ်။ ခရီးသွားပြည်သူတွေကတော့ နံနက်စောစောထွက်တဲ့ရထားကို 'ပန်းရထား'၊ မြို့ပတ်ရထားကိုတော့ 'ဈေးရထား'နဲ့ လှော်ကားအထိ သွားရတဲ့ရထားကို 'လှော်ကားရထား' လို့ပဲခေါ်ကြတယ်။

နံနက်အစောဆုံးထွက်တဲ့ပန်းရထားမှာ ပန်းသည်(အများစု) စီးနင်းလိုက်ပါကြတယ်။ ပန်းသည်တွေဟာ ရှိသမျှထိုင်ခုံတွေနဲ့ ပြတင်းပေါက်ဘောင်တွေပေါ်မှာ ပန်းခြင်း/ပန်းအိတ်တွေတင်ထားပြီး ဘေးစောင်းလှဲကာအိပ်လိုက်လာကြတယ်။ အဲဒီရထားဟာ သူတို့ကို 'အပိုင်စား'ပေးထားတယ်လို့ပဲ သတ်မှတ်ကြတယ်။ ဂိတ်ဗိုလ်၊ လက်မှတ်စစ်နဲ့ အစောင့်လိုက်ရဲတွေကို ပေးပြီးဖြစ်လို့ ဘယ်သူကိုမှ ဂရုမစိုက်ဘူး။ ရိုးရိုးခရီးသည်ခမျာ ထိုင်ခွင့်ရဖို့မလွယ်သလို ထိုင်မိရင်လည်း အနိုင်ကျင့်ခံရမှာပါပဲ။ အဆိုးဝါးဆုံးကတော့ 'မဟာတရားဈေးရထား'ပါပဲ။ ရေစက်လက်နဲ့ ကုန်စိမ်းတွေကို ထိုင်ခုံပေါ်တင်၊ ဈေးသည်တွေက အိပ်လိုက်သူလိုက်၊ မျက်နှာချင်းဆိုင်ထိုင်ပြီး ဈေးရောက်ရင် အသင့်ရောင်းနိုင်ဖို့ ကုန်စိမ်းစည်းသူကစည်းနဲ့ ပရမ်းပတာလုပ်နေကြတာပါ။ သာမန်ခရီးသွားပြည်သူတွေအတွက် ဘယ်ဂိတ်ဗိုလ်၊ လက်မှတ်စစ်ကမှ ကူညီဆောင်ရွက်ပေးတာ မရှိခဲ့ပါဘူး။ အဲ့.. သူတို့ ဆောင်ရွက်ကြတာက ဈေးသည်တွေဆီက ပိုက်ဆံလိုက်ကောက်နေကြတာကိုပဲ တွေ့ခဲ့ရဖူးပါတယ်။

ဒါကြောင့် မြန်မာ့မီးရထား(မမ)အနေနဲ့ မီးရထားစီးခရီးသည်တွေ စိတ်ချမ်းမြေ့အောင် အဆင်ပြေစေရေးနဲ့ ထာဝစဉ်အရှုံးပေါ်နေတဲ့ မြို့ပတ်ရထားပြေးဆွဲမှုကုန်ကျစရိတ်ကို ကာမိစေရန် နည်းလမ်းတွေ ရှာဖွေဆောင်ရွက်နေတာကိုလည်း ဂရုပြုမိပါတယ်။ ကားလမ်းတွေ ပိတ်ဆို့ကျပ်တည်းနေတဲ့အတွက် မဖြစ်မနေသွားရမယ့် ခရီးသည်တွေဟာ မီးရထားကို ပြောင်းလဲစီးနင်းလာကြတာကြောင့် မြို့ပတ်ရထားပြေးဆွဲမှုကုန်ကျစရိတ် (အတန်အသင့်) ကာမိလာပြီဆိုတဲ့သတင်းကိုလည်း ဖတ်ရှုရလို့ မုဒိတာပွားမိပါရဲ့။ "မြန်မာ့မီးရထားအနေနဲ့ လျှပ်စစ်ရထား Electric Train ကိုပင် ရန်ကုန်မြို့တွင် ပြေးဆွဲပေးတော့မည်"ဆိုတဲ့ သတင်းကိုပါ ဖတ်ရှုရတဲ့အခါ ရန်ကုန်ခရီးသွားတစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်ရပါတယ်။ ဒါပေမဲ့ မြန်မာ့မီးရထား(မမ)အနေနဲ့ ရထားတွဲသန့်ရှင်းသပ်ရပ်ရေး၊ ရထားတွေအချိန်မှန်မှန်ထွက်ပေးရေး၊ အထူးရထားတွေမှာ ဈေးသည်တွေလိုက်ပါစီးနင်းမှုမရှိစေရေးတို့အပြင် RBE Air Con; အထူးရထားအမည်တပ်ပြီး ခရီးစဉ်တစ်ခုအတွက် ၃၀၀ ကျပ်အထိယူထားပါလျက် စည်းကမ်းမဲ့ခရီးသည်ကိုလည်း ကြပ်မတ်ပေးနိုင်ခြင်းမရှိ၊ Air Con; ကလည်း အအေးဓာတ်မရ၊ သဘာဝလေကိုလည်း မှန်တံခါးတွေကြောင့် မခံစားရဘဲ၊ တာဝန်မကျေပွန်တဲ့ဝန်ထမ်းတွေကြောင့် ရန်ကုန်ဘူတာကြီးမှ ပုရွက်ဆိတ်ကုန်းဘူတာအထိ (၁၁)ဘူတာတိတိ မွန်းကျပ်စွာစီးခဲ့ရတဲ့ အဲယားမွန်းအထူးရထားမျိုးမဖြစ်အောင်သာ ဆက်လက်ကြိုးပမ်းပေးကြပါဦးလို့ တိုက်တွန်းမှုပြုလိုက်ရပါတယ်။ ။

**မေတ္တာမွန်ဖြင့်**
**မောင်မြတ်မွန်(ဆူးလေ)**

**ရည်ညွှန်း**

(၁) မီးရထားရာပြည့်မဂ္ဂဇင်း – ၁၉၇၇

(၂) ရွှေရတုသို့ဆိုက်ကာရောက်လာပြီဖြစ်တဲ့ မြို့ပတ်ရထား (မောင်မြတ်မွန်–ဆူးလေ) Live News Journal ၁၁၆/၂၀၀၉

CITY POEM


# ဂန္တဝင်ရေစီးကြောင်းနှင့် မော်ဒန်လှေလောင်း

အမျိုးချစ်မှ လူမျိုးစစ်မည်
လူတို့ကြိုးဆ တီထွင်ကြလျက်
ကြက်မဝပ်ကျင်း ဘဲဥသွင်း၍
မှားယွင်းစောင့်ရှောက် ချိန်စေ့ရောက်သော်
ရင်အောက်ပေါက်ဖွား ဘဲငယ်များကို
သွေးသားမှတ်ထင် မေတ္တာဝင်လျက်
ပျော်ရွှင်အားရ သဘောကျ၍
ကြက်မခမျာ မိမေတ္တာဖြင့်
မြို့ရွာရပ်ကွက် ခြေစုံယက်လျက်
မပျက်နေ့စဉ် ရှာကျွေး၏။

သို့ပါသော်လည်း...
မျိုးနွယ်ကွဲသည့် ဘဲ၏အသွင်
ရေကိုမြင်လျှင် ပျော်ရွှင်ကြည်နူး
မြူးထူးကစား ရေစီးများ၌
မျှောသွားမျှောလာ စုန်ဆန်ရာကို
မြင်ပါလေရ စိတ်မချ၍
ကြက်မခမျာ လိုက်ပါလိုလည်း
ရေမှာကူးခတ် မသွားတတ်၍
မတ်တပ်ငေးငိုင် ပူဆွေးမှိုင်သည်
ခွေယိုင်လဲကျ ခဲ့ရ၏။

သြော်...
လောကလူ့ခွင် လူတို့တွင်လည်း
အသွင်မတူ မျိုးမတူဘဲ
ကြည်ဖြူလက်ယှက် အိမ်ထောင်ဖက်လျှင်
တစ်ကွက်တစ်ခါ တစ်နေ့ရာ၌
သေချာမုချ တွေ့ကြုံရမည်
ကြက်မဥပမာကဲ့သို့တည်း။ ။

**မင်းရွှေမင်း(အင်းစိန်)**



City MAGAZINE

# ရိုဘော့တစ်ကောင်ရဲ့ ငိုကြွေးခန်း

နိုင်ဦးသာ




(တစ်)

မောင်ကိုယုရဲ့ ပန်းမဥ္ဇူရဲ့ ငိုကြွေးခြင်းဝတ္ထုတို။

လေ့လာသုံးသပ်တင်ပြတဲ့ ဆရာသင်းအောင်ကပဲ အဟောအပြောကောင်းတာလား။ မူလဝတ္ထုတိုကပဲ အဖွဲ့အနွဲ့ကောင်းတာ
လားမသိ။ ဇာတ်ကောင်စရိုက်တွေ ပီပြင်လွန်းနေတာတော့ အမှန်။ ဝတ္ထုထဲက ပန်းမဥ္ဇူသည် စာသင်ခန်းထဲမှ
အပြင်သို့ ပြေးထွက်လာခဲ့သည်။ မွေးကတည်းက ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့ရသူ။ ဘဝတစ်လျှောက်လုံး
မိဘက အရိပ်မိုးပေးခဲ့သူ။ မိဘတွေဆုံးပါးပြီး အရွယ်လွန်အချိန်မှာ အထီးကျန်စွာ တစ်ကိုယ်တည်း
ဘဝကို ရုန်းကန်ရတဲ့အခါ ခါးသီးမှုတွေ တွေ့တိုင်း ငိုကြွေးနေရသူ။ သည်ပန်းမဥ္ဇူသည် သူ့အိပ်မက်ထဲသို့
လိုက်လာသည်။ သူ့စာကြည့်စားပွဲသို့ ရောက်လာသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရာ၌ အတူပါလာသည်။
ပိုဆိုးတာက ပန်းမဥ္ဇူနှင့် ယွန်းတို့ကို သူခွဲခြားမရခဲ့။ယွန်းဆိုတာက. . . .

(နှစ်)

"မင်းသိပ်ရက်စက်တယ် စိုးအောင်" မြင့်လှိုင်စကားကို သူရင်မဆိုင်ဝံ့ခဲ့။
ယွန်းနဲ့ ပတ်သက်ပြီး သည်းတုန်းကလည်း သူ့လောက်မရှိ။
ပါလာချိန်ဆို မာလာမှာပဲရှိသည်လို့ ကြော်ငြာရမလို။
ကလပ်စ်လစ်ပြီး ဦးယမ်းဘီလူး
အအေးဆိုင်ထိုင်ရတာ အမော။
ဂစ်တာတစ်လက်နှင့် မာလာဆောင်ရှေ့မှာ
ညတိုင်းကဲခဲ့တာ။ သူ့ဘဝမှာ မရှိမဖြစ်က
ယွန်းလို့ကြွေးကြော်ခဲ့သူ။



ခုတော့ ရှောင်ကာတိမ်းကာရယ်နှင့် လမ်းခွဲ ကို စလျှောက်ခဲ့ရပြီ။ သူရဲ့ ယွန်းဖြစ်အောင် ကြားလူ သူငယ်ချင်း မြင့်လှိုင်က ကြိုးစားပေးခဲ့တာ။ မြင့်လှိုင်ရဲ့ချစ်သူ ဖွန်က ယွန်းနဲ့ သူငယ်ချင်း။ ပုန်းနေသူ၊ ရှောင်နေသူကို မတွေ့သောအခါ မြင့်လှိုင်နဲ့ ဖွန်ကိုပဲ ယွန်းကအားကိုးခဲ့ရတာ။ မရှောင်ပုန်းနိုင်ပဲ အာမခံအကျိုးတော်ဆောင်ကြီး မြင့်လှိုင်တစ်ယောက် သူ့ကိုတွေ့သောအခါ ဒေါသတကြီးဖြစ်နေသည်။

''ယွန်းက သိပ်ချမ်းသာတယ်၊ ငါက သိပ်ဆင်းရဲတယ်၊ ပြီးတော့''

သူ့ကို ရှုံးသွပ်နေပြီဆိုတဲ့ အကြည့်နဲ့ ကြည့်နေတဲ့ မြင့်လှိုင်။

''တော်ကွာ တော်''

မြင့်လှိုင် ထွက်သွားတော့မှပဲ၊ ပါးစပ်မှ ယိုစိမ့်လာသော သွေးစတို့ကို သုတ်မိသည်။ တက္ကသိုလ် ဖဲသာဝိတ်ချန်ပီယံ လက်ဆိုတော့ သွားတွေ ကျွတ်မထွက်သွားတာပဲ တော်လှပြီ။ ငါ့စကားတွေ မဆုံးသေးဘူး မြင့်လှိုင်။ ငါ့ရဲ့ ဘဝကြမ်းကြီးနဲ့ ယွန်းလို နူးညံ့သိမ်မွေ့လွန်းတဲ့သူနဲ့ မထိုက်တန်ပါဘူး။ ငါရဲ့ ဘဝက အကြမ်းတမ်းခံနိုင်မဲ့ မိန်းကလေးမျိုးနဲ့မှ လိုက်ဖက်မှာပါ။ ပြီးတော့ ငါ့ထက် အစစအရာရာ သာနေတဲ့ ယွန်းက တို့ဘဝကို သူပဲ ဦးဆောင်မှာ။ ဒါတော့ ငါမခံနိုင်ဘူးလေ။ ငါကြိုးဆွဲရာကို နာခံမယ့် မိန်းကလေးမျိုးပဲ ဖြစ်စေချင်တယ်။ ဒါကြောင့် တစ်ဖက်သတ် လမ်းခွဲလိုက်ရတာ။ ရွှေနန်းတော်ထဲက ဘုရင်မရဲ့ ယောက်ျား မဖြစ်ချင်ဘူးကွာ။ တဲစုတ်ထဲက ရှင်ဘုရင်ပဲ ဖြစ်ချင်တယ် မြင့်လှိုင်။

ဒီအယူအဆကို မြင့်လှိုင်ကြားလျှင် အမှန်တကယ် ရှုံးသွပ်နေပြီဟု စွပ်စွဲမှာသေချာသည်။ ပန်းမဥ္ဇူရဲ့ ငိုကြွေးခြင်းဝေဒနာကို ရှုံးသွပ်စွာ စွဲလန်းနေတာကိုတော့ သူဝန်ခံသည်။ သူကိုယ်တိုင်က အရာရာနိမ့်ပါး လွန်းလှတော့လည်း အရာရာကို အရှုံးပေးပြီး ဆုံးဖြတ်ချက် ချနေတာလား။ ဆရာပြောတာမှန်တယ်။ တစ်ကယ်ပန်းမဥ္ဇူလို မိန်းကလေးတွေ အပြင်မှာအများကြီးပဲ၊ ကျွန်တော်ကိုယ်တွေ့ပဲ ဆရာ။ မှန်လိုက်လေဗျာ။ ကျွန်တော့် ယွန်းက ပန်းမဥ္ဇူ။ ပန်းမဥ္ဇူက ကျွန်တော့် ယွန်းပါ။

(သုံး)

ဝေသီခေါင်းပါး မြင့်မားလှသော တောင်ပေါ်၌ ကြာပန်းတစ်ပွင့် ပွင့်နေကြောင်း ဦးဆွန်ဒိုနန်က ပြောသောအခါ သူမယုံပါ။ အဲဒီ ကြာပွင့်လေးက သူတို့မြို့လေးရဲ့ ရတနာပါတဲ့။ ဒေသခံတာဝန်ခံ ဦးဆွန်ဒိုနန်း ညွှန်းလွန်းသဖြင့်လည်း သူစိတ်ဝင်စားမိတာအမှန်။ အလုပ်တာဝန်အရလည်း သူသွားရောက်ရပါမည်။

''ဆရာမက မြို့ပေါ်မှာ ကျောင်းဆရာမ လုပ်နေတာပါ၊ တစ်နေ့တော့ ဒေသခံဆရာမတစ်ဦး အလည်ခေါ်လို့ ထရွှန်ဆိုတဲ့ တောင်ပေါ်ရွာလေးကို ရောက်သွားတယ်၊ တောင်ယာကိုသာ အဓိကထားနေရတဲ့ ရွာလေးမှာ အဲဒီနှစ်က ကြွက်ကျတယ်၊ တောင်ယာစပါးတွေ ပျက်လို့လူတွေ ငတ်ကြတယ်၊ လူတွေငတ်ပြီဆိုတော့ စာသင်ဖို့ရာ ဝေလာဝေးရော၊ ဒါတွေမြင်ရတော့ ဆရာမက မြို့ကို ပြန်မဆင်းတော့ဘူး၊ အဲဒီရွာမှာပဲ နေရစ်ခဲ့တော့တယ်၊ လူတွေကို ဆန်ဝေတယ်၊ ဆေးဝါးကုသပေးတယ်၊ ပရဟိတ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကလေးဆောက်တယ်၊ စာမတတ်သူတိုင်း စာသင်ပေးတယ်၊ မိဘမဲ့ ခလေးတွေအတွက် ဘော်ဒါဖွင့်ပေးတယ်၊ တောင်ယာအစား လှေကားထစ်ဥယျာဉ်ခြံ လုပ်ခိုင်းတယ်လေ ဆရာ''

သူတစ်စုံတစ်ရာ မေးရန်ကြံရွယ်ဆဲမှာပင် ဦးဆွန်ဒိုနန်က စကားဆက်ပြန်သည်။

''ဆရာမ မိဘတွေက သိပ်ချမ်းသာတယ်၊ မိဘတွေဆုံးတော့ တစ်ဦးတည်းသမီး သူက အမွေအားလုံးရလိုက်တယ်၊ ရန်ကုန်ရှိသမျှ ခြံ၊ အိမ်တွေ လက်ဝတ်ရတနာတွေ ရောင်းပြီး ဒီပရဟိတ လုပ်ငန်းတွေမှာ သုံးခဲ့တယ်၊ ပြည်မကလာပြီး ကျွန်တော်တို့ပြည်နယ်မှာ စေတနာဖြူစင်စွာနဲ့ ငွေရော၊ ဘဝကို မြှုပ်နှံနေတာ ကျွန်တော်တို့အတွက်ကတော့ အနှိုင်းမဲ့ ရတနာပဲလို့ သတ်မှတ်ချင်တယ် ဆရာ''

ရွာထိပ်မှစတင်၍ တိုင်းရင်းသားလူငယ်လေးများနှင့် လုံမပျိုလေးတို့က တူညီဝတ်စုံနှင့် ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်သည်။ မင်္ဂလာပါ ခင်ဗျာ၊ ကျွန်တော် ကျွန်မတို့ရဲ့ ထရွှန်ရွာက နွေးထွေးစွာကြိုဆိုပါတယ် အစ။ သပ်ရပ်လှပစွာ ဆောက်ထားတဲ့ ဆေးပေးခန်း၊ မူလတန်းကျောင်းအလယ်။ တူညီဝတ်စုံ ဆင်ယင်ထားသော ပရဟိတ ကျောင်းသားငယ်လေးများနှင့် တွေ့ဆုံမှုအဆုံး။ သပ်ရပ်စွာ အိပ်ရာခုတင်လေးနှင့် ဘော်ဒါဆောင်ကို ထပ်လောင်းလိုက်သောအခါ သူ့ကို ဦးဆွန်ဒိုနန် ပြောပြခဲ့တာ လွန်လွန်းလှသည်ဟု မှတ်ချက်မပြုနိုင်တော့။ လှေကားထစ်ဥယျာဉ်ခြံစိုက်ခင်းက ပန်းသီး၊ လိမ္မော်သီးရောင်းရလို့ ဝင်ငွေကောင်းနေတာ။ တီဗွီတစ်လုံးစ၊ နှစ်လုံးစပင်ရှိနေတာ။ အာဟာရပြည့်ဝနေသော ရွာသူရွာသားများ၏ အပြုံးများကို သူရင်ဆိုင်ရသောအခါ ပိုင်အိုးနီးယားမိန်းမသားတစ်ဦးရဲ့ စွမ်းရည်နှင့် သတ္တိအားမာန်တို့ကို မလေးစားပဲ မနေနိုင်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အရာရှိ သူ့ကို ဆရာမလေးက တက်ကြွစွာ ရှင်းလင်းတင်ပြနေသည်ကို သူအံ့ဩစွာ နားထောင်ခဲ့ရသည်။ ဆရာမလေးနှင့် တွေ့ကလည်းက သူသည် နားထောင်သမားသက်သက်ဖြစ်ခဲ့သည်။

သူတည်းခိုရာ အိမ်ရှေ့ရှိ ထင်းရှူးပင်အောက် ခုံတန်းလျား၌ သူနှင့် ဆရာမလေးတို့ ညဦးပိုင်း၌ စကားပြောဖြစ်သည်။ လကသာဆဲပါ။ သူနှင့် ဆရာမလေးတို့ ယခု တွေ့ဆုံမှုက နေ့ခင်းရှင်းလင်းဆောင်၌ တာဝန်ဝတ္တရားအရမျိုး မဆန်လှပါ။ ပုဂ္ဂိုလ်ရေးအရပါ။

''ကျွန်မကို အပြင်ပန်းက ကြည့်ရင်တော့ နူးညံ့ပျော့ဖတ်နေမှာပဲလို့ ထင်မှာပဲကိုစိုးအောင်။ ကျွန်မရဲ့အတွင်းအဇ္ဈတ္တသဏ္ဍာန်မှာ ကိန်းအောင်းနေတဲ့ မိန်းမသားတွေရဲ့ အတ္တမာန်မာနကို ရှင်မှ ရှာဖွေမတွေ့နိုင်ပဲကိုး။ ကျွန်မမှာ ချမ်းသာတဲ့ မိဘရဲ့ အရိပ်မိုးနေတာကို သိပါတယ်၊ ဒီအရိပ်ကို ခိုပြီး အားယူပြီး လောကမှာ တစ်ကိုယ်တည်း ရုန်းကန်နိုင်အောင် လေ့ကျင့်တည်ဆောက်နေတာ ကြာပါပြီ''

သူခေါင်းမမော့နိုင်၊ ပြီးတော့ ဆရာမလေးမျက်နှာကိုလည်း မကြည့်ဝံ့ခဲ့ပြီ။

''မိဘက ချမ်းသာတယ်၊ ဆင်းရဲတယ်၊ မိဘသက်ရှိထင်ရှားရှိတယ်၊ ကွယ်လွန် သွားပြီဆိုတာ ပိုင်ဆိုင်မှု တစ်ခုပဲ၊ သံယောဇဉ်တစ်ခု၊ မေတ္တာတစ်ခုထက် မပိုနိုင်ပါဘူး၊ ငယ်စဉ်ကတည်းက ထိတွေ့

နေရတဲ့ ရွှေ၊ ငွေ ဆိုတာ ပိုင်ဆိုင်ခဲ့ဖူးပြီးပြီ မို့ စွန့်လွှတ်လှူဒါန်းဖို့လည်း ဝန်မလေးဘူး လေ၊ နောက်ဆုံးချစ်သူရဲ့ တစ်ဖက်သတ် စွန့်ပစ်ခြင်းခံရတာတောင် ကျွန်မ ကွာလီ ဖိုင်းဝင်အောင် ဖြေနိုင်ခဲ့တယ်၊ တဂိုးရဲ့စာထဲ မှာလိုပေါ့ လမင်းကြီးကွယ်လို့ ငိုနေရင် လင်းလက်နေတဲ့ ကြယ်လေးတွေနဲ့ လွဲသွား မယ်ဆိုတာကို သိပ်သဘောကျတယ်၊ ဒါ ကျွန်မရဲ့ အိုင်ဒီယောလိုဂျီပါ''

''ဘယ်ယောကျ်ားကမှ လက်သင့်မခံ နိုင်စရာမရှိတဲ့ အရည်အချင်းအပြည့်အဝရှိ တဲ့ မိန်းမသားတစ်ဦး၊ သူဟာ ရေရေရာရာ မသိတဲ့ အကြောင်းပြချက်နဲ့ စွန့်ပစ်ခြင်းခံခဲ့ ရတယ်၊ အဲဒီမိန်းကလေးကို ပတ်ဝန်းကျင် ရဲ့ အဖြေထုတ်ချင်တဲ့ မေးခွန်းပေါင်းများစွာ နဲ့ ဒီမေးခွန်းတွေပါတဲ့ မျက်လုံးနဲ့ နှုတ်ခမ်း တွေကို ရင်ဆိုင်ဖို့ မွေးခဲ့ရတဲ့ သတ္တိက မနည်းဘူးလေ''

နေ့လယ်က လုပ်ငန်းတာဝန်ဝတ္တရား ပြောကြတော့ ဦးစီးအရာရှိ ဦးစိုးအောင်နှင့် ဆရာမဒေါ်ယွန်းသဇင်တဲ့။ ညခင်းမှာတော့ စိုးအောင်နှင့် ယွန်းဆိုတဲ့အတိတ်ပန်းချီကား ချပ်ထဲက မှုန်ဝါးဝါး လူသားနှစ်ဦးဖြစ်လာရ သည်။

သူကတော့ ဘာစကားတစ်ခွန်းမျှ တုန့်ပြန်မဆိုနိုင်ပဲ ငိုင်တွေစွာနှင့် အလံဖြူ ထောင်နေရပြီ။ နှလုံးသားနှင့်ဘဝကို အစပ် အဟပ်တည့်စွာမပေါင်းစည်းတတ်ပဲ လက် တွေ့နယ်ပယ်ထဲက ထွက်ပြေးပြီး စိတ်ကူး ယဉ်ဝါဒီသမား ဖြစ်ခဲ့တာလား၊ မိမိထက် မြင့်မားသာလွန်သော ချစ်သူ မိန်းကလေး ရဲ့ ခံစားချက်ကို တစ်ဖက်သတ် စွန့်လွှတ် ပစ်ပယ်ပြီး အနစ်နာခံ တစ်ကိုယ်တော် သူရဲကောင်း ယောကျ်ားဝါဒကို ကိုးကွယ်ခဲ့ တာလား။

သူစိတ်ကူးယဉ်ခဲ့ဖူးတာ အမှန်။ သစ်စိမ်းခက်ချိုးသလို စွန့်ပစ်ခြင်းခံရသော တောင်ဇလပ်တောင်တန်းပေါ်မှ ကုမုဒြာ ကြာပန်းပွင့်လေး ယွန်းက လက်စားချေတာ မဟုတ်နိုင်သော်လည်း သူ့အယူအဆကို တော့ အနိုင်နှင့်ပိုင်းခဲ့သည်။ THE VISIT ကားထဲကလို ချစ်သူဟောင်း မက်ထော်နီ ကွင်းကို ကြိုးပေးရန် မဲပေးလက်စားချေခဲ့ သော မင်းသားကြီး အင်္ဂရစ်ဘာမင်ကို သတိရလာသည်။

''ကျွန်မက ပန်းမဇ္ဈူလို ငိုကြွေးတတ် တဲ့ မိန်းကလေးမျိုး မဟုတ်တော့ပါဘူး ကိုစိုးအောင်''

(လေး)

ရက်လရှည်စွာ အလုပ်တာဝန်နှင့် နယ်ထွက်နေရသော သူ့ကို ကြိုဆိုနေသည် က ခန်းနားကြီးကျယ်လှသော အိမ်နှင့် အပြည်စုံဆုံး ဖြည့်ဆည်းထားသော အိမ် အသုံးအဆောင် ဇိမ်ခံပစ္စည်းများသာဖြစ် သည်။ အိမ်ရှင်မ သူ့ဇနီးခိုင်မာမြင့်ကတော့။ အိမ်ဖော်မလေးက ဆီးကြိုပြီး သတင်းပေး သည်။

''ဦး မမက သူ့ကို စောင့်မနေတော့ နဲ့တဲ့၊ ထမင်းစားချိန် ပြန်မရောက်နိုင်ဘူးတဲ့၊ မှာထားတဲ့ပစ္စည်းတွေ ရောက်လာလို့ သွားကြည့်ရဦးမှာတဲ့''

လနှင့်ချီပြီး အိမ်နှင့်ခွဲခွာခဲ့ရသော ခင်ပွန်းသည်ကို တည်ခင်းကျွေးမွေးသော ပထမဆုံးနေ့လယ်စာ၊ ညစာတို့သည် အထီးကျန်သူတစ်ဦးတည်းသာ။ နောက် ရက်ပေါင်းများစွာမှာလည်း သည်လိုပါပဲ လေ။ အိပ်ရာထဲ၌ ခိုင်မာမြင့်သည် သူ့လုပ် ငန်းအမြတ်အစွန်းကိန်းဂဏန်းများကို တွက် ချက်ပြတတ်သည်။ သူ့လစာငွေမှာ သည်အမြတ်ရဲ့ အစွန်းထွက်မျှမရှိသည်ကို သိရသည်။ သူရဲ့လုပ်ငန်းခွင် အတွေ့အကြုံ တို့ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် တန်ဆာ ဆင် ပြောပြသောအခါ ခိုင်မာမြင့်က အိပ်မက်လောက်ပြီ။

အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ဆယ်တန်းအထိသာ ကျောင်းနေခဲ့ဖူးတဲ့ ခိုင်မာမြင့်ဟာ သူကြိုးဆွဲရာကမယ့် အရုပ် ကလေးတစ်ရုပ်ဟု ယူဆကာ လက်ထပ်ဖြစ် ခဲ့သည်။ ပထမနှစ်ကုန်လွန်သွားသောအခါ ကိုကို့လစာတစ်ခုတည်းနဲ့တော့ မဖြစ်ပါဘူး ဆိုကာ အသေးငယ်ဆုံး စီးပွားရေးနယ်ထဲ စဝင်သွားတဲ့ ခိုင်မာမြင့်။ ဒုတိယနှစ်မှာတော့ ရုန်းရင်းကန်ရင်း ဘိုသီဘတ်သီနှင့်။ ပိန် လိုက်ဖောင်းလိုက်နှင့် ခိုင်မာမြင့်။ တတိယ နှစ်ကုန်ဆုံးသွားသောအခါ ခိုင်မာမြင့် တစ် ယောက် ရင်ကော့ပြီး လက်မထောင်လာ သည်။ အိမ်နှင့် ဝင်းနှင့် တိုက်နှင့်ကားနှင့်။ ဇိမ်ခံပစ္စည်းက အလျှံပယ်၊ ငွေကလည်း ဂဏန်းခြောက်လုံး ရာချီလာသောအခါ ခိုင်မာမြင့်၏ ဩဇာအာဏာသည် အိမ်



ပုရဝဏ်နယ်နိမိတ်သာမက သူ့အလုပ်ဌာန နေရာကိုပင် ကျူးကျော်သိမ်းပိုက်သွားနိုင်ခဲ့ သည်။ သူကတော့ သည်အိမ်ထောင်စုရဲ့ သံပတ်ပေးထားတဲ့ ရိုဘော့တစ်ကောင်ပါပဲ။

သူ့အနေနှင့် ကင်းဖြစ်ချင်သော်လည်း ယောကျ်ားတို့ရဲ့ အရည်အသွေးတို့ကို စွန့် ပယ်ခြင်းခံနေရပြီး ကွင်းရဲ့ခင်ပွန်းဖြစ်နေရ တာ မငြင်းနိုင်။ သူ့ရဲ့ ယောကျ်ားအရည် အသွေးတို့ကလည်း ကွန်ပျူတာဂဏန်းပေါင်း စက် နှိပ်နေသော ခိုင်မာမြင့်ရဲ့ လက်ကို မကျော်လွှားနိုင်တော့ဘူးလား။

ရေခဲသေတ္တာထဲမှ ဟင်နဆီကော့ညက် ပုလင်းကိုယူကာ ဖန်ခွက်ထဲ နှစ်ပက်ထည့် ကာ မော့ချလိုက်သည်။ ထရွန်မှာ ပြန်ဆုံ စဉ်က ယွန်းသဇင်က ပြောဖူးသည်။ ရှင့်လို ကြံ့ခိုင်ထက်မြက်တဲ့၊ ရှင်ကြိုးဆွဲရာနာခံမယ့် မိန်းကလေးမျိုးကို လက်ထပ်ခဲ့တယ်မဟုတ် လား။ ရှင်လိုချင်တဲ့ ရှင့်ရဲ့ ဩဇာအာဏာ နယ်ပယ်ထဲမှာ ရှင်သန်ရမယ့် အိမ်ထောင် ရေးကို တည်ဆောက်နိုင်ပြီ မဟုတ်လား။ အဆင်ပြေအောင်မြင်နေပြီနော် ကိုစိုးအောင် တဲ့၊ လက်တွေ့မှာက . . .

ထမင်းစားပွဲပေါ်မှာ မျက်နှာကိုအပ်ရင်း ငိုရှိုက်မိသည်။

သူ့ရဲ့တက္ကသိုလ်က ဆရာက လွန်ခဲ့ တဲ့ ၁၀ နှစ်တုန်းက ဝတ္ထုတိုအပေါ်သုံးသပ် ပေးခဲ့တာ။ ပန်းမဇ္ဈူရဲ့ ငိုကြွေးခန်းတဲ့။

သူကတော့ ရိုဘော့တစ်ကောင်ရဲ့ ငိုကြွေးခန်းဖြစ်နေပြီ . . . ။ ။

နိုင်ဦးသာ



# စားနပ်ရိက္ခာ ပြဿနာတို့အတွက်

ဒေါက်တာစိန်စိန်သိန်း

''စွမ်းရည်ထက်ရှားပါး၍ လွန်စွာကောင်းမွန်လှသောအရာသည်ရှိ၏။ ထိုအရာသည် စွမ်းရည်ကို အသိအမှတ်ပြုနိုင်သော စွမ်းရည်သတ္တိပင်ဖြစ်ပေသည်''ဟု ကျွန်မမှတ်သားခဲ့ရဖူးပါသည်။ အစိုးရများက စွမ်းရည်ရှိသူများကို ဖော်ထုတ်၍ စီမံကိန်းများ ရေးဆွဲသင့်လှသည်။ လူတိုင်းမှာ စွမ်းရည်ရှိကြပါ၏။ အစိုးရတိုင်းကလည်း မိမိတို့၏ လုပ်ဆောင်မှုအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူသင့်လှပေသည်။ နိုင်ငံရေးအကြောင်းပြချက်တွေ မည်ရွေ့မည်မျှကောင်းပါစေ။ ပြည်သူများအတွက် ထည့်တွက်ရပါလိမ့်မည်။ ပြည်သူက ဆင်းရဲနေ၏။ လူဦးရေက တစ်နေ့တခြားများလာသလို ဆင်းရဲနွမ်းပါးမှုကလည်း မြင့်မားနေဆဲဖြစ်သည်။ စားနပ်ရိက္ခာပြဿနာက တက်နေဆဲဖြစ်သည်ဟု ဆိုခွင့်ပြုစေချင်သည်။ ငါးမွေးမြူခြင်းဖြင့် တစ်ချိန်တစ်ခါက စားနပ်ရိက္ခာကို ဖြည့်တင်းပေးခဲ့သော်လည်း ယခုအခါ ငါးမွေးမြူရေးလုပ်ငန်းများအချိန်နှင့်အမျှ ယုတ်လျော့နေကြသည်ကို တွေ့နေရပြီဖြစ်သည်။

ငွေကြေးဖောင်းပွမှုဖြစ်လာကတည်းက ငါးကန်တစ်ကန်၏ ပျမ်းမျှတန်ဖိုးမှာ သိန်း ၄၀ ကျော်ခဲ့ရပြီ။ ပုဂ္ဂလိကလုပ်ငန်းရှင် များကပင် ငါးစာအခက်အခဲကြုံကြရသည်။ မြန်မာနိုင်ငံ၏ လက်ရှိ အနေအထားအရ တရားဥပဒေစိုးမိုးရေးကလည်း မရှိသေး။ ငါးမွေးတောင်သူတို့က နေ့ရောညပါ စိုးရိမ်နေကြရဆဲဖြစ်သည်။ အစိုးရများအနေဖြင့် ပြည်တွင်းရိက္ခာဖူလုံစေလိုပါက ဥပဒေနှင့် အညီ ပိုင်ဆိုင်မှုအခွင့်အရေးများ ရရှိစေရန် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရရှိစေရန် ရှေးဦးစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ ငါးမွေးမြူရေးလုပ်ငန်းများ ရှိရာ ဒေသများတွင်လည်း ဖုန်များသတ်မှတ်ကာ အစိုးရသစ်မှ တာဝန်ယူဆောင်ရွက်ပေးရန် လိုပါ၏။ ငါးလုပ်ငန်းများမှ အားနည်းချက်များကို သုံးသပ်၍ ဘက်စုံအားဖြည့်ဆောင်ရွက်ပေးရပါလိမ့်မည်။

မြန်မာလူမျိုးတို့၏ ပူးပေါင်းလုပ်ဆောင်မှုအားနည်းချက်များကို ပြုပြင်ပြောင်းလဲကာ မှန်ကန်ပြည့်စုံသည့် ဦးတည်ချက်များ ချမှတ်ကာ ဆောင်ရွက်ခွင့်ရရှိကြရန်လည်း တွန်းအားပေးရန် လိုပေသည်။

မြန်မာပြည်မှာက ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ကျင့်တရား၊ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများကိုချိုးဖောက်၍ နောက်ဆက်တွဲပြဿနာအနေဖြင့် အာဟာရချို့တဲ့မှုများသည်ထက် များလာ၏။ ပြည်တွင်းစစ်ကလည်း သဘာဝဘေးအန္တရာယ်နှင့် အပြိုင်အဆိုင်အနိုင်ယူလျက်ရှိသည်။ ကျွန်မတို့နိုင်ငံမှာ စားနပ်ရိက္ခာ





**ပြည်သူကို ချပြရာတွင် ပြည်သူလက်ခံနိုင်သော အတွေးအခေါ်နှင့် ဆောင်ရွက်မှုကိုသာ ရွေးချယ်အပ်နှင်းရန် အရေးကြီးပါ၏။**

အတွက် ငါးရိက္ခာက အရေးကြီးလှသည်။ မြစ်များချောင်းများကလည်း ကောသည်ထက် ကောကာ အယ်နီညိုအပူကြောင့် နွေမဝင်မီ ရေက ခန်းလာသည်ကလည်း မည်သူတစ်ဦးတစ်ယောက်သော်မျှ ငြင်းရန်ရှိမည်မထင်ပါ။ အတတ်ပညာပိုင်း တိုးတက်နေသော်လည်း အသိပညာပိုင်း နောက်ကျနေသေးသော ပြည်သူအား အမြင်ဖွင့်ပေးရန်လို၏။ ပြည်သူကို စေတနာရှိသည်ကို ယုံပါ၏။ ပညာမပြည့်စုံသမျှ ပြည်သူက အပြောင်းအလဲကို အံဝင်ခွင်ကျလိုက်ပါ မလာနိုင်သေးချေ။ ပြည်သူကို ထိရောက်စွာ ပညာပေးရန် လို၏။

ယနေ့ခေတ်မှာ အရာရာကို အစိုးရချည်း မလုပ်နိုင်ကြောင်း ထင်ရှား၍လာခဲ့၏။ Civil Society ဟု ခေါ်သော အရပ်ဘက် လူမှု အဖွဲ့အစည်းများကူမှဖြစ်မည်။ လူမှုအဖွဲ့အစည်းကသာ အောက်ခြေသို့ဆင်း၍ထိတွေ့ကာ သတင်းယူနိုင်သကဲ့သို့ သတင်းပေးနိုင်သည်။ မွေးမြူရေးရော စိုက်ပျိုးရေးမှာပါ သတင်းသည် အရေးကြီးလှသည်။ အစိုးရအနေဖြင့် Production Cost ကျဆင်းစေရန် လုပ်ပေးနိုင်ခွင့်ရှိသည်။ ဤသည်မှာလည်း သတင်းပေါ်မူတည်နေ၏။ မြန်မာနိုင်ငံတွင်းရှိ အင်းအိုင်မြစ်ချောင်းများမှ သဘာဝ ငါး၊ ပုစွန် ပေါကြွယ်ဝသဖြင့် ၁၉၅၃ ခုနှစ်က စခဲ့သော မွေးမြူရေးလုပ်ငန်းသည် ၁၉၇၀ ပြည့်နှစ်တွင်စီးပွားဖြစ်လာခဲ့၏။ ၂၀၀၀ ပြည့်နှစ်နှင့် နောက်ပိုင်းကာလများတွင် မြန်မာလူထု၏ ပြည်တွင်းစားသုံးမှုရိက္ခာ ပြတ်ခဲ့ရတော့သည်ဖြစ်ရာ စွမ်းရည်ထက်မြက်သော အစိုးရများအနေဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခဲ့ကြသည်ကို နိုင်ငံတကာမှာလည်း မြင်တွေ့ရပါ၏။ အောင်မြင်တိုးတက်ရန် ဖော်ဆောင်ရမည့် နည်းလမ်းများကို ပညာရှင်များထံမှ ရနိုင်၏။ ပြည်သူကို ချပြရာတွင် ပြည်သူလက်ခံနိုင်သော အတွေးအခေါ်နှင့် ဆောင်ရွက်မှုကိုသာ ရွေးချယ်အပ်နှင်းရန် အရေးကြီးပါ၏။ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံခြားဝင်ငွေရရှိရေး ကဏ္ဍပေါ်တွင်လည်း ငါးလုပ်ငန်းက အထောက်အကူပြုလျက်ရှိရာ အစိုးရသစ်အနေဖြင့် စီးပွားရေးအမြင်နှင့် ချဲ့ထွင်ဆောင်ရွက်ပေးသင့်လှပေသည်။

၂၀၀၇-၂၀၀၈ ခုနှစ်မှစ၍ နိုင်ငံတကာသို့ မွေးမြူရေးငါးတင်ပို့နိုင်မှုတန်ဖိုးမှာ ၉၂ ဒသမ ၆၇၀ ဒေါ်လာသန်းရှိကာ ၂၀၀၈-၂၀၀၉ တွင် ၈၈ ဒသမ ၄၃၀ ဒေါ်လာသန်း၊ ၂၀၀၉-၂၀၁၀ တွင် ၁၀၃ ဒသမ ၆၇၀ ဒေါ်လာသန်းနှင့် ၂၀၁၀-၂၀၁၁ တွင် ၁၀၉ ဒသမ ၉၆၄၊ ၂၀၁၁-၂၀၁၂ တွင် ၁၁၅ ဒသမ ၁၈၉ နှင့် ၂၀၁၂-၂၀၁၃ တွင် ၁၁၁ ဒသမ ၇၉၉ နှင့် ၂၀၁၃-၂၀၁၄ တွင် ၈၆ ဒသမ ၃၅၅ ဒေါ်လာသန်းထိ တင်ပို့နိုင်ခဲ့ကြောင်း ပြည်ပပို့ကုန်ထုတ်ဌာနမှ မှတ်သားခဲ့ရဖူးပါသည်။ မွေးမြူရေးငါးလောကတွင် မြန်မာနိုင်ငံနှင့် အကိုက်အညီဆုံးသော ငါးမှာ ငါးမြစ်ချင်းဖြစ်၍ ရာသီမရွေး ရေမရွေး တောင်ပေါ်မြေပြန့်မရွေး မွေးမြူနိုင်ခွင့်ရစေရန် ပြည်ထောင်စုနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် အစီအမံကောင်းများ စနစ်တကျ ချမှတ်ကာ အကောင်အထည်ဖော်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ခေါင်းဆောင်မှုအရည်အချင်းရှိ မရှိကို ပြည်သူတို့ ဝမ်းဝ မဝမှုအပေါ် အခြေခံလျက် သိမြင်ခွင့်ရရှိလေ့ရှိရာ . .. စားနပ်ရိက္ခာပြဿနာမှာလည်း . . . ။ ။

**ဒေါက်တာစိန်စိန်သိန်း**

# အောင်သိန်း

## လွဲပြားသောလမ်း
## တွေ့တတ်သည်.....



(၁)

''စို့''

သစ်ရွက်ကလေးတွေမှာ ငွေနှားသန်သီးကလေးတွေ တခါခါတယမ်းယမ်းနှင့် မြူးနေကြသည်။ တံစက်ကြောင်းတွင်မူ မငြိမ်သက်ချင်သေး။ ငွေဥကလေးတွေ ဥလာလိုက် ပြုတ်ကျလိုက်ရှိသေးသည်။



နေခြည် ရဲခနဲအပွင့်တွင် မမြနွယ်ရော ကိုကောင်းစံပါ တံစက်မြိတ်အပြင်သို့ ရောက်လာကြ၏။ မမြနွယ်က ရေစိမ်ထားသော အဝတ်တွေဖွပ်ရန်၊ ကိုကောင်းစံက အိုင်နေသော ရေတွေ ဖောက်ထုတ်ရန်ဖြစ်၏။ သူတို့နှယ် ဝီရိယကောင်း၍ သွက်လက်သူများ ရှိကြသေး၏။ ကလေးတွေ။

ကိုကောင်းစံသည် ရေတံလျှောက်အောက်ရှိ ရေစည်ထဲမှရေကို ခပ်လှမ်းလှမ်းရှိ ကျောက်ခွေထဲသို့ ခပ်ပို့နေစဉ် မမြနွယ်က တပြန်းပြန်းဖြင့် လျှော်နေပြီ။ သည်အချိန်တွင် ဂျင်ဝိုင်းမှ 'စို့'ဟူသော အသံပေါ်လာခြင်းဖြစ်၏။

မြတ်သာဦးက ဂျင်ကို ကြိုးဖြင့် ဆွဲမကာ လက်ဖြင့်ခံသည်။ လက်ဝါးပြင်ပေါ်သို့ ဂျင်အရောက်တွင် စို့အော်သည်။ ထွန်းညွန့်အောင်ကား ကြိုးဖြင့်မဖမ်း။ ဂျင်ခြေသံချောင်းကို လက်ဝါးဖြင့်ထိုးသည်။ ဂျင်က လက်ဝါးထဲသို့ အလည်မပျက် တက်လာသည်။ ထိုအခါတွင် စို့အော်သည်။

မောင်မောင်ထူး၏ဂျင်မှာ စည်းဝိုင်းထဲတွင် တုံးလုံးကြီး။ သည်အပေါ်သို့ စို့ပြီးသား ဂျင်လုံးဖြင့် လာလာရိုက်ကြခြင်းဖြစ်၏။ ကိုကောင်းစံသည် ရေလှယ်အပြီး၌ တူးရွင်းတစ်ချောင်းဖြင့် မြောင်းဖောက်သည်။ မြောင်းဖောက်ရင်းက လက်ဝါးပေါ်တွင်လည်နေသော ဂျင်များကို ငေးကြည့်မိ၏။ လက်ဝါးပေါ်တွင် လည်နေပုံကလှ၏။ ချစ်စရာကောင်း၏။ ထိုဂျင်၏ကိုယ်လုံးဖြင့် အခံဂျင်ကို အသာကလေး တွန်းလိုက်ပုံမှာ ယဉ်သည်ထင်၏။

''တို့မြန်မာ ဂျင်နဲ့တော့ ကွာပါ့ကွာ''

မြန်မာဂျင်မှာ ကုလားဂျင်နှယ်မဟုတ်။ ကုလားဂျင်မှာ သစ်သားလုံးတွင် သံချောင်း ရိုက်သွင်းပြီး ခြေထောက်တပ်ထားသည်။ မြန်မာဂျင်ကား ဂျင်လုံးရော ခြေထောက်ပါ တစ်ဆက်တည်း သစ်သားချည်းဖြစ်၏။ ခြေထောက်နှင့် ဂျင်လုံး၏ကြားတွင် ပွင့်ဖတ်လန်သည့် အလား ကလပ်ကြောင်းကလေး ဖော်ထားပေသေးသည်။

မမြနွယ်သည် ကိုကောင်းစံ မချင့်မရဲမြည်တမ်းသံကို ကြားငြား ပြုံးရုံသာ ပြုံးနေသည်။ ဆပ်ပြာရည်များကို ခြေသုတ်အဝတ်ပေါ်သို့ ညှစ်ချရသဖြင့် ဝင်မပြောဖြစ်ချေ။

ဂျင်ဝိုင်းမှာ သုံးယောက်ဖြင့် စတင်ခဲ့ရာက ငါးယောက်ဖြစ်လာပြီ။ စို့သံများလည်း ညံလာလေပြီ။ ကလေးများမှာမူ သူတို့သိသော သူတို့လက်ဝယ်ရှိသော ဂျင်ဖြင့် ပျော်ပိုက်နေကြသည်။ ကိုကောင်းစံမှာမူ ''မင်းတို့ဂျင်ဝိုင်းကလည်း ပျင်းစရာပါကွာ''ဟု ပြောမိပြန်လေသည်။

သို့သော် ကလေးတို့နားမလည်ပါ။ နားလည်သူမှာ သူတို့လင်မယားသာ ဖြစ်ကြပေ၏။ ကိုကောင်းစံတို့၏ မြန်မာဂျင်မှာ အားနှင့်မာန်နှင့် ပေါက်ချလိုက်ပါက ဂျင်လည်ပတ်နေသံကိုက ဝီခနဲမြည်၏။ ဂျင်ပေါက်ခြင်းလည်း ပီသ၏။ စတင်ကစားကတည်းက 'ဂျင်ကွဲဂျင်ပျောက် မလျော် တမ်း' ဟူ၍ စကားခံခဲ့သည် မဟုတ်လား။

''အေးလေ၊ မြန်မာဂျင်လို အားမရှိ မာန်မပါပေမယ့် ချစ်စရာတော့ ကောင်းပါတယ်လေ''

ကိုကောင်းစံသည် ထိုအတွေးဖြင့် တူးရွင်းကိုစိုက်သည်။ ပုဆိုးပြင်ဝတ်သည်။ ဂျင်ရစ်နေသူများ၊ စို့နေသူများကို မမြင်ရပါ။ တစ်စုံတစ်ရာကို ဝိုင်းအုံကြည့်နေကြသည်။

''ဘာဖြစ်ကြတာပါလိမ့်၊ ဂျင်က သံပဲစူးသလား၊ ဘာဖြစ်သွားသလဲ''

ခြံအပြင်သို့ ကိုကောင်းစံထွက်လာသည်။ ကလေးတွေကို ပစ်ထား၍မရ။ သူတို့သည် အလွန်ဆော့သူများဖြစ်၏။ မြွေကို ဖမ်းပြီး ဆော့ချင်လည်း ဆော့နေပေလိမ့်မည်။ မပျံနိုင်သော ငှက်ကလေးကို ပါးစပ်ဖြင့် မှုတ်ကောင်းလည်း မှုတ်ပေးနေလိမ့်မည်။

သို့ကြောင့် ကိုကောင်းစံထွက်လာသည်။ 'အွန် – အွန်' မြည်သံက လူအုပ်၏အလယ်မှ ထွက်လာ၏။ တစ်စုံတစ်ရာကို မာန်မဲနေသံဖြစ်၏။ တအွန်အွန်မြည်နေသူမှာ မောင်မောင်ထူး။

မောင်မောင်ထူးသည် ဂျင်တစ်လုံးကို မြေကြီးပေါ်တွင် ချပြီး မရွေ့မတိမ်းစေရန် ဝဲလက်ဖြင့် ကိုင်ထား၏။ ထိုဂျင်ကို ယာလက်တွင် ကိုင်ထားသော ဂျင်မှ သံချွန်ဖြင့် အွန်တစ်ချက်မြည်လိုက် တစ်ချက်ထိုးလိုက် ထိုးနေခြင်းဖြစ်၏။

ကိုကောင်းစံ ခေါင်းခါမိသည်။

စောစောက စို့အော်သံသည် အသာယာသား။ လက်ဝါးပေါ်တွင် လည်ပတ်နေသော ဂျင်နှင့် အခံဂျင်ကို ကိုယ်လုံးချင်းပစ်ဆောင့်ပုံကလည်း ချစ်စရာအကောင်းသား။ ယခုနှယ် ဒေါသ၊ မောဟဖက်ကာ သံချွန်ဖြင့် အသံလွတ်ထိုးနေပုံမှာမူ ရက်စက်လွန်းသည်။ ကြမ်းကြုတ် လွန်းသည်။

မောင်မောင်ထူး၏ဂျင်ကို ဝိုင်းပေါက်သော ဂျင်လေးလုံး



**မန်ကျည်းသားကို ပွတ်ခံထားသော ဂျင်သည် နီရဲနေ၏။ ကြိုးဖြင့် ပွတ်ဖန်များသည့်အတွက် အနီတွင် အပြောင်ဆင့်ကာ ဖိတ်ဖိတ်လက်နေချေသည်။**

အနက် တစ်လုံးလုံးသည် စည်းဝိုင်းထဲတွင်သေပါမူ ထိုဂျင်သည် မောင်မောင်ထူး၏နေရာသို့ ဝင်ရပေလိမ့်မည်။ သို့သော် ပေါက်သောဂျင်လေးလုံးစလုံး သေသောအခါ မောင်မောင်ထူး၏ ဂျင်တစ်လုံးတည်းက လေးလုံးကို မပေါက်နိုင်ပါ။ သို့အတွက် ဆယ်ချက်ဖြင့်ဆယ်ချက်၊ သုံးချက်ဖြင့် သုံးချက်၊ အများသဘောတူ သတ်မှတ်ကာ သံချွန်ဖြင့်ထိုးခြင်းဖြစ်ပေလိမ့်မည်။

စိမ်းမြနေသော သစ်ရွက်လေးတွေသည် ကိုကောင်းစံ အမြင်တွင် နီရဲလာချေသည်။ ကြည်လင်သော နေခြည်နုသည် ရင့်ရော်ကြမ်းတမ်းလာခဲ့သည်။ ကိုကောင်းစံသည် ဖောက်လက်စမြောင်းကို ဆက်လက် တူးဖောက်ရငြား မရွှင်ပျတော့ပါ။ ရက်စက်လိုက်တာ၊ ကြော့ကြမ်းလိုက်တာဟုသာ ရင်ထဲက မြည်တွေးနေချေသည်။

သို့ရာတွင် ကိုကောင်းစံသည် ထွက်ပေါက်ရှာလေ့ရှိသူဖြစ်၏။ တစ်စုံတစ်ရာသော အဖြစ်အပျက်တွင် ပိတ်လှောင်ခံရပါက ငြိမ်မနေတတ်ပေ။ တစ်ခါက စတူရီယိုတေးသီချင်းတစ်ပုဒ်ကို နားစွင့်ကြည့်မိ၏။ တေး ချင်းစာသားမှာ အချစ်နှင့်ပတ်သက်လာလျှင် အသည်းမမာနိုင်။ အသည်းကွဲရပါပြီ၊ လွမ်းရဆွေးရပါပြီ စသည်ဖြင့်ဖြစ်၏။ တေးချင်းနှင့်တွဲဖက်သော တူရိယာမှာ ဒုန်းခနဲလည်း ပါ၏။ ရှဲဂွမ်းချမ်းလည်းပါ၏။ ရုတ်တရက်သော် ကိုကောင်းစံနာခေါင်းရှုံ့မိသည်။

သို့တစေ သူသည် ထိုအမြင်ထဲမှ ချက်ချင်းခုန်ထွက်၏။

''ငါတို့အမျိုးသားတူရိယာမှာလဲ ငိုချင်းချတာကို လွမ်းသံ မှိုင်သံနဲ့မပို့ဘဲ ပတ်မကြီး တထိထိ၊ လင်းကွင်းကြီး တဂွမ်းဂွမ်း ဖွင့်တီးတာပဲ မဟုတ်လား''

ယခုလည်း ကိုကောင်းစံ ထွက်ပေါက်ရှာပြန်ပါပြီ။

(၂)

မန်ကျည်းသားကို ပွတ်ခံထားသောဂျင်သည် နီရဲနေ၏။ ကြိုးဖြင့် ပွတ်ဖန်များသည့်အတွက် အနီတွင် အပြောင်ဆင့်ကာ ဖိတ်ဖိတ်လက်နေချေသည်။ ဂျင်၏ ထိပ်တည့်တည့်သည် ဘောလုံးတစ်လုံးအလားကုန်းမနေ လုံးမနေပါ။ ပွတ်ထိုးဆရာ လက်စွမ်းပြထားသည့်အတွက် မသိမသာဖြင့် ပြေပြေကလေး ချွန်တက်နေသေး၏။

ကိုကောင်းစံ၏ဂျင်မှာသည်အချွန်ကလေးတွင် အစိမ်းပြောက်ကလေး ခြယ်ထား၏။ အစိမ်းပြောက်ကလေး၏ ဘေးပတ်ပတ်လည်တွင်မှ ရွှေရောင် 'ကြေးမှို'ကလေးတွေ စွဲထားသေးသည်။ စင်စစ်အားဖြင့် မိမိဂျင်ကို မွမ်းမံသူမှာ ကိုကောင်းစံတစ်ယောက်တည်း မဟုတ်ပါ။ အားလုံးသော ဝိုင်းတော်သားများလည်း စိတ်ကူးရသလို ခြယ်မှုန်းကြသည့်နည်းတူ ကလပ်(ခြေထောက်) ထိပ်တည့်တည့်တွင်လည်း သံတစ်ချောင်းစီ ရိုက်ထားကြသေး၏။

ထိုသံမှာ အိမ်ရိုက်သံကို 'မှိုပွင့်'ဖြတ်ပစ်ပြီးထားခြင်းဖြစ်သည်။ ဂျင်အသားထဲသို့ တစ်လက်မမျှ စူးဝင်နေသည်။ အပြင်သို့ စပါးလုံးတစ်ထောက်မရှိ တရှိ ထွက်နေသည်။ ခံသောဂျင် နာပါစေ ကွဲပါစေဟူသော ရည်ရွယ်ချက်ဖြင့် ရိုက်သွင်းထားကြငြား ရည်ရွယ်လည်းမထားရဲပေ။ သံရှည်လွန်းပါက မြေမာပေါ်တွင် အရက်မူးသူ ကသလို ဟိုထိုးသည်ထိုး ထိုးပြီး အရှိန်သေသွားလိမ့်မည်။ ဖမ်းချိန်မရသည့်အတွက် အခံဘဝမှ လွတ်ကိန်းမမြင်။

ရွဲလုံးကြီး ကခုန်နေသည့်နှယ် အရှိန်ကောင်းကောင်းဖြင့် လည်နေသောဂျင်ကို ကြည့်ကာ ကိုကောင်းစံ မြူးနေ၏။ ညာလက်ထဲတွင် ကျန်ရစ်ခဲ့သော ဂျင်ကြိုးကို ဘယ်ဝဲလက်ဖြင့် ကိုင်သည်။ လက်မတွင် စွပ်နေသော 'ကွင်းလျှော'ကို ဆွဲဖြုကာ အသင့်ပြင်ရင်းအော်သည်။

''စံသိန်း ဒုန်းပြေးတယ်ဟေ့''

သို့အတွက် 'ဝိုင်းလည်' အောင် ပေါက်အပြီး၌ စံသိန်း ခံရတော့မည်။ ခံမည့်သူ ရှိနေပြီမို့ မဖမ်းလျှင်လည်း ရနိုင်ငြား၊ ကိုကောင်းစံ လူစွမ်းလူစ ပြချင်သေးသည်။ ညာလက်ကို ကွင်းလျှောအောက်နားမှာထားကာ ဘယ်လက်ကို ကြိုးအဆုံးတွင်ထားလျက် ဂျင်ဘေးသို့ 'အိုက်အိုက်ကလေး' ချသည်။ ရွှေရောင်အပြားကြီးသည် အစင်းကြောင်းများပေါ်လာ၏။ အစင်းကြောင်းများမှသည် ကြေးမှိုကလေးတွေ ဖြစ်လာ၏။ ထိုအခါကျမှ ကလပ်ကြားသို့ ကြိုးသွင်းကာ ဂျင်ကို မြေပြောင်ပြောင်သို့ ချိတ်ဆွဲယူခဲ့သည်။ အနေတော်ရလျှင်ရချင်း ဂျင်ကို ကြိုးဖြင့် ဆွဲမြှောက်လိုက်သည်။

ဂျင်သည် လက်ခုပ်တစ်ဖောင်ကျော်ကျော် မြင့်တက်သွားသည်။ ကိုကောင်းစံက ခြေတစ်ဖက်မြှောက်ကာ ကွင်းလျှောကိုင်သောလက်ကို ကျောဘက်မှလာ၍ ကွင်းကို ပေါင်ကြားထဲ၌ ထားလိုက်၏။ အလည်မပျက် ကျဆင်းလာသော ဂျင်ကလပ်သည် ကြိုးကွင်းထဲသို့ တည့်တည့်ဆင်းလာ

> **ဂျင်၏ အလေးချိန်သည် တစ်ဆယ်သားခန့် လေးသည်။ လက်ခုပ်တစ်ဖောင် ကျော်အမြင့်မှ ကျလာသော အားသည် အရှိန်မသေး လှပေ။**

သည်။ ကြိုးကွင်းနှင့် ဂျင်ထိသည်နှင့် တစ်ပြိုင်နက်တည်းကိုကောင်းစံသည် လက်ကိုပေါင်ကြားမှ ရုပ်သိမ်းသည်။ လူလည်းတစ်ပတ်လည်ကာ ဂျင်မှာ ကွင်းလျှော၌တန်းလန်းကြီး မိနေလေ၏။

ကြိုးကို ဤသို့မယမ်းလျှင် မဆွဲလျှင် မရပေ။ ဂျင်သည် ပြုတ်ကျနိုင်၏။ ဆွဲယမ်းလိုက်မှ ကလပ်ထိပ်မြောင်းထဲတွင် နေသားတကျ နစ်ဝင်ကာ ချည်ပြီးတုပ်ပြီးဖြစ်သည်။ သို့ကြောင့် ဆွဲယမ်းသည်။ ယမ်းသည့်အတွက် ကြွက်၏ကျောကို ဂျင်ဖြင့် ရိုက်မိသည်။

ကြွက်သည် ကျောကိုလည်း မကော့၊ ရှုံ့မဲ့ခြင်းလည်း မပြု၊ ပွတ်သပ်ခြင်းလည်း မပြုဘဲ မင်္ဂလာမဆောင်ရသေးပါဘူး ကွာတို့ရဲ၊ ခဲနဲ့ မပေါက်ကြပါနဲ့အုံး၊ ကျိန်းကျေသွားပါ့မယ်ဟု ကြိုးရစ်မပျက် အော်သည်။

"တပေါင်ကျော်က ပျင်းစရာကြီးကွာ၊ သဖြီးလုပ်ကွာ. . သဖြီး"

ပေါက်ကျော်၏ အကြံပေးစကား။

"အန္တရာယ်များလှသကွာ"

ကန့်ကွက်လိုသူက စံသိန်း။

"ကြောက်တဲ့ကောင်ထွက်၊ တို့ကတော့ သဖြီးပဲ"

ဤသို့ဆို၍ကား စံသိန်း မထွက်ပါ။ သူလည်း အမေ့သား၊ ကိုယ်လည်း အမေ့သား။ အဘယ့်ကြောင့် ထွက်ရမည်နည်း။ အများ သွားဖြီးလျှင် မိမိလည်း ဖြီးရမည်သာပါ။

စံသိန်း အရှင်ခံသည်။

သူ့ဂျင်ကို တစ်ယောက်က ပေါက်မည်ဆိုတိုင်း သူ့ဂျင်ကိုလည်အောင် ပေါက်ပေးခြင်းဖြစ်၏။ သူ့ဂျင်အရှိန်မသေလျှင် ဖမ်းရန် မျှော်လင့်ချက်ရှိသည်။ ဖမ်းခွင့်လည်းရ၊ တစ်ဖက်လူလည်း ဖမ်းမမိလျှင် သေပြီ။ သို့ဖြစ်ငြား သူ့မှာ ဖမ်းခွင့်မရ၊ တစ်ယောက်ပေါက်၍မှ မသေလျှင် နှစ်ယောက်။ နှစ်ယောက်ပေါက်၍မှ မသေသေးလျှင် သုံးယောက်အရောက်၌ ခွေကျသွားတော့သည်။

အထူးသဖြင့် လက်ကိုင်းသန်သူက ကောင်းစံ။ ပါးစပ်ကိုရွဲ့ လက်ကိုလွှဲပြီး တအားပေါက်ချသည်။ ဟက်တက်ကွဲမသွားသည်ကိုပင် ကျေးဇူးတင်ရသည်။ စတုတ္ထခွင်တွင်ကား စံသိန်းဖမ်းခွင့်ရသည်။ သေလုသေခင် 'ကြက်ခြေထိုး'နေသော ဂျင်ကို ဆွဲမြှောက်သည်။ ကွင်းလျှောကို ပါးစပ်ဖြင့် ကိုက်လျက် ညာလက်က ကွင်းလျှော အရင်းကို ကိုင်ထားသည်။ မျက်လုံးတစ်ချက် ဝင့်ကြည့်ကာ ရှေ့သို့ ထိုးအပေးတွင် လက်လေးသစ်စာ ချိုင့်ကလေးထဲသို့ ခြေဖျားကျသွား၏။ ငယ်ထိပ်ဆီက ပူခနဲဖြစ်သွား၏။

စံသိန်း ယောင်ယမ်းပြီး ငယ်ထိပ်ကို ဖိမိသည်။ စိုစိုအရာတွေ့။ ထိတ်ခနဲဖြစ်ကာ လက်ကို ကြည့်မိသည်။ သွေးတွေ့။ တစ်လက်မလောက် လွဲသွားသည့်အတွက် ဂျင်သည် ကွင်းလျှောထဲမဝင်ဘဲ ငယ်ထိပ်ပေါ် ကျခြင်းဖြစ်၏။

"သွေးမထွက်အောင် ဖိထား ဖိထား"

ကောင်းစံ သညာပေးသည်။ ပုဆိုးအောက်နားကို စုလုံးကာ အာငွေ့ပေးပြီး ဖိသည်။ ပေါက်ကျော်နှင့် ကြွက်ကလည်း ကောင်းစံနည်းတူ လုပ်ကြ၏။

"သဖြီးက အန္တရာယ်များပါတယ်ကွာ"

ကောင်းစံ အကြံပေးမိသည်။ ခုနက တစ်ခွင်တွင် သူ'သွားဖြီး'ဖမ်းနည်းဖြင့် ဖမ်းရာ မိကားမိပါ၏။ သို့ရာတွင် ကွင်းလျှောထိန်းသော လက်အဆွဲနောက်ကျသောကြောင့် သွားတွေ ကျဉ်ခနဲဖြစ်သွား၏။

ဂျင်၏အလေးချိန်သည် တစ်ဆယ်သားခန့်လေးသည်။ လက်ခုပ်တစ်ဖောင်ကျော်အမြင့်မှ ကျလာသော အားသည် အရှိန်မသေးလှပေ။ ကွင်းလျှောကိုလည်း ခိုင်ခံ့တုတ်တိုသော အံသွားဖြင့် ကိုက်၍မရ၊ ရှေ့သွားနှင့်မှ။

ဘကလည်း 'မင်းတို့ကောင်တွေ အသက်ကလေးနည်းနည်းရလာရင် သိမှာပေါ့ကွာ၊ သွားကို အလွဲသုံးစားလုပ်တဲ့ကောင်တွေ'ဟု ပြောဖူးသည်။ သို့ကြောင့်လည်း ကောင်းစံမှာ ဖမ်းနည်းပြောင်းချင်၏။

"မျှော်တော်ယောင်တို့၊ သမင်လည်ပြန်တို့လည်း ခက်တာပါပဲကွာ"

"ယောက်ျားဆိုတာ ခက်တဲ့ဟာ၊ အန္တရာယ်များတဲ့ဟာကို လုပ်ရတယ်ကွ"

ကောင်းစံမှာ ကြွက်အား ဟောတုမတက်ရဲပြီ။ စံသိန်းခေါင်းမှ သွေးတိတ်သွားလျှင် ကစားပွဲဆက်သည်။ ဆက်လျှင်ဆက်ချင်း စံသိန်း၏ ဂျင်ခြေထောက် ပွဲသွားသည်။ ခြေထောက်ပွဲအောင် ပေါက်သူမှာ ကောင်းစံ။ သူ့ဂျင်လည်း ခုန်ပြီး မန်ကျည်းပင်နှင့် ဆောင့်မိရာ လည်ခွင့်မရ၊ သေပြီ။

## (၃)

"ညှာညှာတာတာ ပေါက်ကြပါကွာ၊ မင်းတို့နဲ့ ကောင်းစံနဲ့ သူငယ်ချင်း အရင်းတွေပါကွာ"

ပေါက်ကျော်သည် တစ်ယောက်ပေါက်တိုင်း သည်ပုံတစ်ခါပြော၏။ သူကိုယ်တိုင်လည်း အံကြိတ်ပြီး တအားလွှဲပေါက်သည်။ ဂျင်လုံးကြီးပေါ်ပေါက်လျှင် ဒုန်းပြေးနိုင်သောကြောင့် ခြေထောက်အဖျားကို သဲသဲမဲမဲ ပေါက်ကြသည်။ ခွမ်းခနဲအသံထွက်လာတိုင်း ကောင်းစံရင်ထဲ အေးခနဲတစ်ခါဖြစ်ရ၏။ ငါ့ဂျင် ပွဲများသွားမည်လား၊ နာများ သွားပြီလားဟူသည့် စိုးရိမ်စိတ်ဖြင့်။

ကောင်းစံ၏ဂျင်သည် အသေဖြစ်၏။ အရှင်ခံသော်လည်း ဆယ်ကွေ့တွင် တစ်ကွေ့ ဖမ်းရန် မလွယ်ပါပေ။ အဘယ်မှာ လွယ်ပါမည်နည်း။ အံကြီးတွေကြိတ် ပါးစပ်ကြီးတွေရွဲ့ပြီး တအားပေါက်နေသည် မဟုတ်လား။

ကောင်းစံ၏ဂျင်မှာ မူလနေရာမှ တစ်လံမျှ ရွေ့လာသည်။ စံသိန်းပေါက်သည့် အလှည့်တွင် လွင့်ထွက်ကာ ဖုန်တောထဲ ရောက်သွား၏။ ဖုန်တောထဲမှာ ပေါက်၍မကောင်းဟူ၍ ဖယ်ခွင့်ရွှေ့ခွင့် မရှိချေ။ ကောင်းစံကလည်း ဖယ်မပေးပေ။

''ဖယ်မပေးတော့ ဟောဒီလို ပေါက်ထုတ်သကွ''

စံသိန်းသည် တည့်တည့်မချိန်၊ စောင်းပြီးချိန်ကာ မြေမာဘက်သို့ ပေါက်ထုတ်သည်။ ပေါက်ခံရသောဂျင်သည်ပင် တစ်ချက်နှစ်ချက် ထလည်၏။ စံသိန်းဖမ်းလိုက်ပုံကလည်း သပ်ရပ်လှပါဘိ။

''ဒီလိုဖမ်းရတယ်ကွ''

စံသိန်း၏အကြွားကို ကြွက်မခံနိုင်။ သို့ကြောင့် သူက ကွင်းလျှောကို မော့၍ပင် ကိုက်ထားကာ ဖမ်းလိုက်သေး၏။ ငါကလည်း ဖမ်းတတ်ပါတယ် ထုတ်မပြောငြား ပြောဘိသို့ ရင်ကော့ကော့ လက်ကားကားဖြင့်။ သို့သော် သူလည်း ခဲရာခဲဆစ်ကို သေသပ်စွာ လုပ်ပြသူပင်။

''သဖြီးများ ခက်ခက်နိုးနိုးကွာ''

ပေါက်ကျော်ကလည်း အားကျမခံ။ ကွင်းလျှောကို ပါးစပ်ဖြင့် ကိုက်ထားသည်။ ဂျင်အကျကို မစောင့်။ ပါးစပ်ဖြင့် ခုန်ပြီးစွပ်သည်။ တစ်ချက်တိမ်းလျှင် မျက်နှာစုတ်မည်။ ယခုမျက်နှာသော်ကား မစုတ်။ သွားမှာမူ အဘယ်မျှ နာလိုက်ကျဉ်လိုက်ပေမည်နည်း။

''ဟာ သွားပြီဟေ့''

ဂျင်ကို လက်ကမလွှတ်သေးမီ စံသိန်း၏ဂျင်မှာ လက်ထဲက လွတ်ကျသွား၏။ ကြိုးရစ်လျက် လွတ်ကျလျှင် ရသည်။ သို့သော် လက်ထဲတွင် ကြိုးကျန်ခဲ့သဖြင့် ပေါက်သည်။ ဒုန်းပြေးသည် မည်တော့၏။

ကြုံကြုံဖန်ဖန် တိုက်ဆိုင်ချင်သောအခါ ကြွက်၏ဂျင်သည် ကောင်းစံ၏ဂျင်ကို မြေမာပေါ်သို့ ပေါက်ထုတ်နိုင်ငြားဖုန်ထဲတွင် ဝပ်ပြီး တစ်ပတ်မျှသာ လည်၏။ ဖမ်းရန်ဝေးစွ။ ကြိုးပင် မပြင်လိုက်ရ။

''ဟေ့ သူများ သေပေမယ့် ငါ မသေဘူးကွ''

ပေါက်ကျော် သေလိမ့်မည်ဟု ကောင်းစံ မမျှော်လင့်ပါ။ နှစ်ယောက်သေလျှင် ဦးစွာ သေသော စံသိန်းခံရလိမ့်မည်ဟုသာ တွက်ထား၏။ ပေါက်ကျော်၏ဂျင်ထလည်လျက်ပြေး၏။ သစ်တုံးနှင့်တိုက်ပြီး သေသွားသဖြင့် မဖမ်းလိုက်ရချေ။

ပေါက်သော ဂျင်သုံးလုံး တစ်ခွင်တည်းအတွင်း ပြိုင်တူသေသည်။ သုံးလုံးစလုံးကို တစ်ယောက်တည်းက ကြိုးရစ်ရစ်ပြီး မပေါက်နိုင်ပါ။ သို့အတွက် ကောင်းစံသည် ဂျင်၏ကလပ်ရင်းကို ကြိုးဖြင့် 'ဘူးလည်သီး'ခတ်လိုက်သည်။

ကြွက်၊ ပေါက်ကျော် နှင့် စံသိန်းတို့ အရှင်ခံပေးကြရ၏။ ချပေါက်ပေးသမျှကို ကောင်းစံဂျင်က ရိုက်လွှတ်သည်။ မသေသေး၍ ဖမ်းနိုင်လျှင် ထိုသူကျွတ်မည်။ သို့ရာတွင် ထောင်တက်ပြီး အဝေး၌ သွားသွားကျသော ဂျင်များမှာ ရှင်နိုင်ရန် အကြောင်းမရှိ။

(၄)

ကောင်းစံပြုံးမိသည်။

အေးနုစိမ်းစိုသော ပတ်ဝန်းကျင်သည် သူ့ဘေးသို့ ပြန်လည်ရောက်ရှိလာ၏။ တိမ်ကြားမှ ပြေးလွှားထွက်ပြူလာသော နေခြည်နုသည် ပြန်လည် လှပလာပြန်ချေသည်။

''ကုလားဂျင်မှာရက်စက်တာပါသလို တို့မြန်မာဂျင်မှာလည်း ရဲရင့်ထက်မြက်တာမှာ ကြမ်းတမ်းတာ ရောစွက်နေတာပါပဲလား''

သည်အမြင်ကြောင့် သူ့ရင်ပေါ့ပါးသွားသည်။ မမြနွယ်ဘက်သို့ မျက်လုံးရောက်သွားသောအခါ ကိုကောင်းစံမပြုံးဘဲ မနေနိုင်။ အပြုံးပေါ်လာရခြင်းမှာ ဂျင်သုံးလုံးကို ကောင်းစံ၏ ဂျင်ဖြင့် ရိုက်ရိုက်လွှတ်နေချိန်တွင် မထင်မှတ်သော ကိစ္စ ဖြစ်ပွားခဲ့ရသောကြောင့် ဖြစ်၏။

''အရပ်ကတို့၊ နှမ်းဖတ်ချဉ်၊ အမဲအူစုံ၊ ဝက်အူစုံ၊ ပဲကြီးလှော်၊ မြေပဲယို၊ ကြံသကာ၊ နန္တင်းမှုန့်၊ မဆလာ၊ ဆီ''

ရွာလည်စျေးသည် မမြနွယ်၏ အော်ဟစ်သံသည် သပြေလုရွာဦးမှ ရွာဖျားသို့ လွင့်ပျံ့လာ၏။ သူ့ခေါင်းပေါ်တွင် စျေးမှဝယ်လာသော ပစ္စည်းစုံသုံးဆယ်ခန့်ထည့်ထားသည့် ခံတောင်းကြီးပါလာ၏။ ထိုပစ္စည်းစုံအပေါ်တွင် ဗန်းတစ်ချပ်၊ ဗန်းထဲတွင် ပစ္စည်းတစ်မျိုး



စီ တင်ထားသည်။

မမြနွယ်သည် ခံတောင်းထဲ ပါလာသမျှ အမည်စာရင်းကို အော်ဟစ်ရင်း လျှောက်လာစဉ် စံသိန်း၏ဂျင်ကို ကောင်းစံက ရိုက်လွှတ်သည်။ ဂျင်သည် ထောင်တက်သွား၏။ ကောင်းစံရော စံသိန်းပါ မျက်လုံးပြူးရပြီ။ မမြနွယ်မှာမူ ''အမယ်လေး သောက်ပလုတ်''အော်သည်။ တောင်ကြည့် မြောက်ကြည့် ကြည့်သည်။

''မြနွယ် ငါ့ဂျင် နင့်တောင်းထဲ ရောက်သွားလို့ဟ''

စံသိန်း ကုန်းကုန်းကြီး ပြေးပြီး အသနားခံသယောင်ယောင် တောင်းပန်သယောင် ပြော၏။

''ရှုပ်ရှုပ်ယှက်ယှက် လာမလုပ်နဲ့၊ မသိဘူး၊ ကဲ အရပ်ကတို့ ဈေးသည်လာပြီ တော်ရေ့၊ ဈေးသည်''

မမြနွယ်ရန်တွေ့သံမှ ခုနစ်သံတင်ပြီး ဆက်လျှောက်သွားသည်တွင် စံသိန်းအမှုကောင်းစံကို ပတ်တော့သည်။

''ဟေ့ကောင် ငါ့ဂျင် ပါသွားပြီကွ''

ကစားကတည်းက ဂျင်ကွဲ ဂျင်ပျောက် မလျော်ကြေးဟု စကားခံခဲ့ပြီးဖြစ်ငြား ကောင်းစံမှာ မမြနွယ်နှင့်ဆုံရန် ရမည်ရှာနေသူ ဖြစ်ရကား ဈေးသည်နောက်သို့ အပြေးလိုက်လာ၏။

''မြနွယ် ဈေးတောင်းကလေး တစ်ဆိတ်ချပါအုံးဟာ၊ ဟိုကောင့်ဂျင် ငါရိုက်လိုက်တာ တောင်းထဲရောက်သွားလို့''

သည်အကြိမ်တွင်လည်း ရှုပ်ရှုပ်ယှက်ယှက်ဟု မမြနွယ် ရေရွတ်သေးငြား ခံတောင်းကို မချ၍ မရပါ။ ကောင်းစံက တောင်းနှုတ်ခမ်းကို လှမ်းကိုင်ထားပြီးပြီလေ။ သို့အတွက် မချချင်ဘဲ ချရသည်။ ဂျင်က ဆန်ကောပေါ်တွင် လည်နေဆဲရှိသေး၏။

ကောင်းစံနှင့် စံသိန်းတို့ ဟားတိုက်ရယ်မိကြသည်။ သို့ရာတွင် မမြနွယ်မှာ နှုတ်ခမ်းစူနေသည်။ စူရပေမည်။ ဂျင်သည် နှမ်းဖတ်ချဉ်ထုပ်ပေါ်ကျပြီး လည်နေသည့်အတွက် ကြာဖက်ပေါက်သွားသည်။ ထိုမျှမက နှမ်းဖတ်ချဉ်တွေ ကြက်ယက်သည့်အလား ပွပြန့်ကျဲနေသည်။

''ဒါ့ . . ဒါဘယ်လောက်ဖိုး ရှိတယ်မှတ်လဲ၊ တစ်မတ်ဖိုးတော့၊ တစ်မတ်ဖိုး၊ တော့ကြောင့် ပွစာထိုးကုန်ပြီ၊ ပစ်ရကုန်ပြီ''

စူသောနှုတ်ခမ်းမှ အမဲ့နှုတ်ခမ်း၊ ရန်ထောင်သံမှ ငိုသံသို့ ပြောင်းသွားသောအခါ ကောင်းစံသည် ခေါင်းပေါင်းတဘက်ကို ဖြုတ်ပေး၏။

''ငါ တစ်မတ်နဲ့ ပြန်ရွေးပါ့မယ်ဟာ၊ အခုတော့ ဒီကောင့်ဂျင်''

ထိုတဘက်ကို ကိုကောင်းစံ ရွေးယူခြင်း ရှိ မရှိကို မမှတ်မိတော့ပါ။ ငိုမဖွယ် ရယ်မရ ဖြစ်နေသော မမြနွယ်မျက်နှာကလေးကိုကား ယနေ့ထက်ထိ မှတ်မိနေသေးသည်။ မှတ်မိနေသည့်အလျောက် ပြုံးမိသည်။

''အအေးမိနေမယ်လေ၊ မြောင်းဖောက်လို့ပြီးရင်လည်း ခြေထောက်လက်ထောက်ဆေးပြီး အိမ်ပေါ်တက်တော့လေ''

မမြနွယ်ပင် အဝတ်တွေကို အပြေးအလွှား လှန်းနေပေပြီ။ ကိုကောင်းစံ၏အပြုံးသည် တန့်ရပ်သွား၏။ စာကလေးနှစ်ကောင်သည် လမ်းပေါ်က ရေအိုင်ထဲတွင် ကျီးလန့်စာစား ရေချိုးနေကြသည်။ ကလေးတို့လည်း ခွင်သစ်ပြန်စကာ ကစားကြပြန်ပြီ။ စို့အော်သံများမှာ ကြည်နူးဖွယ်ပါတကား။ လက်ချောင်းများမှ တစ်ဆင့် လက်ဝါးပြင်ပေါ်သို့ ရောက်ရှိလည်ပတ်နေသော ဂျင်လုံးကလေးတွေမှာလည်း ချစ်စဖွယ်ပါတကား။

အပြုံးတစ်ပွင့်သည် ကိုကောင်းစံနှုတ်ခမ်းမှာ ထပ်မံပွင့်လန်းလာပြန်ပေပြီ။

**ဆင်ဖြူကျွန်းအောင်သိန်း**



# ဒါလည်း ဟုတ်တာပဲ

ကုမ္ပဏီပိုင်ရှင်တစ်ယောက် အသစ်ခန့်လိုက်တဲ့ အတွင်းရေးမှူးမလေးနဲ့ပတ်သက်ပြီး အနည်းငယ် စိတ်မသက်မသာ ဖြစ်နေတယ်။ ကောင်မလေးကလည်း ကောင်မလေး။ ဖုန်းမြည် သံကြားပေမယ့် မကိုင်ဘူးလေ။

''ဟေ့ ကလေးမ၊ ဖုန်းကိုင်လိုက်လေ''

''အိုကေ''

ကောင်မလေးက မကျေမနပ်နဲ့ ပြန်ပြောတယ်။

''ဖုန်းကလည်း ၁၀ ခါလာရင် ၉ ခါက ဆရာ့ကို ခေါ်တာချည်းပဲ''တဲ့။ ။

**မောင်သီဟ**





# မြို့ပြသုံး လျှပ်စစ်ဓာတ်အား

## သွယ်တန်းဖြန့်ဖြူးခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်

မြို့ပြသုံးလျှပ်စစ်ဖြစ်သော အေစီလျှပ်စစ်ကို သမားရိုးကျနည်းဖြင့် ထုတ်လုပ်ရာတွင် လျှပ်ထုတ်သည့် ဂျင်နရေတာကြီးများကို လှည့်ပေးနိုင်ရန် အင်ဂျင်စက်၊ ရေနွေးငွေ့တာဘိုင်စက်၊ ရေအားသုံး တာဘိုင်စက် စသည်တို့ကို အသုံးပြုကြရသည်။ ပထဝီမြေအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်ပေါများသော ဒေသ၊ နိုင်ငံတို့တွင် ရေအားကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်ယူသည့် ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက် (Hydro Power Plant)များကို အဓိကထား၍ အသုံးပြုကြသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင် နည်းပါးသော နိုင်ငံများနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများသော်လည်း လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်လောက်အောင် ရေစီးအားနှင့် ရေပမာဏတို့ လုံလောက်စွာ မရရှိသောဒေသ၊ နိုင်ငံများတွင်မူ အင်ဂျင်စက်နှင့် ရေနွေးငွေ့တာဘိုင်များကို အဓိကထားအသုံးပြုကာ အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ကြရသည်။

ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန်မှာ ပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်များ လုံလောက်စွာ တည်ရှိနေရုံမျှမက ရာသီမရွေး စီးဆင်းသည့်ရေပမာဏမှာလည်း ရေအားဖြင့် လျှပ်စစ်ဓာတ်ကို အမြဲတမ်းထုတ်ယူနိုင်သည့် အနေအထားတွင်ရှိနေရန် လိုအပ်သည်။ ရေအားလျှပ်စစ်ထုတ်ယူကြရာတွင် သဘာဝအလျောက် တောင်စောင်း၊ ချောက်ကမ်းပါးနှင့် ရေတံခွန်များမှ ရာသီမရွေး အလျဉ်မပြတ် စီးဆင်းနေသော ဖိအားမြင့်သည့် ရေစီးအားကို အသုံးပြုကြရခြင်းဖြစ်ရာ ယင်းသို့သော အနေအထားနှင့် ကိုက်ညီပြည့်စုံသော ရေတံခွန်တည်ရှိရာ နေရာများ

သည်လည်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ ရနိုင်သော နေရာမျိုးဖြစ်ရန် လိုအပ်သည်။

ထို့ပြင် ရေအားလျှပ်စစ်စက်ရုံမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို မြို့၊ ရွာများသို့ ပို့ဆောင်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားလိုင်းကြိုးကြီးများကို ဖြတ်သန်းသွယ်တန်းရန် အဆင်ပြေသောနေရာအနေအထားမျိုး ရှိနေရန်လည်း လိုအပ်သည်။

မြို့ပြသုံးအေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူခြင်းနှင့် ပို့ဆောင်ဖြန့်ဖြူးခြင်း၊ ဓာတ်အားခွဲခြင်း၊ ထရန်စဖော်မာများ ကြားခံ တည်ဆောက်ပေးခြင်း စသည့် လုပ်ငန်းအားလုံးသည် ကနဦးကုန်ကျစရိတ်အလွန်များပြားရုံမျှမက ရေရှည်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှု စောင့်ရှောက်ရသော စရိတ်တို့မှာလည်း အလွန်မြင့်မားလှသည်။ သို့ဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုအတွက် နည်းပညာပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ တည်ဆောက်ကုန်ကျစရိတ်အရသော်လည်းကောင်း၊ သွယ်တန်းဖြန့်ဖြူးမှုစရိတ်အရသော်လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှုစောင့်ရှောက်ရသော စရိတ်များအရသော်လည်းကောင်း ဘက်စုံထောင့်စုံမှ များစွာချင့်ချိန်ကြရသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရယူသည့် နည်းလမ်းများအနက် ရေအားကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စနစ်၏ ထူးခြားချက်တစ်ခုမှာကား လျှပ်ထုတ်ဂျင်နရေတာကြီးများအား လည်ပတ်စေရန်အတွက် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေဖိအားကို အသုံးပြုထားသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေခြင်းပင်ဖြစ်သည်။

စက်မှုဖွံ့ဖြိုးသော နိုင်ငံများတွင်မူ အေစီလျှပ်စစ်ဓာတ်အားကို နျူကလီးယားစွမ်းအင်သုံး၍ ထုတ်လုပ်ရယူလျက်ရှိနေကြသည်။ သို့ရာတွင် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းမှာ လျှပ်စစ်ဓာတ်အားပမာဏကို အလျှံအပယ်ရရှိနိုင်သော်လည်း လုပ်ငန်းခွင်အန္တရာယ်ကြီးမားလှသော ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်လိုက်သော အေစီလျှပ်စစ်ဓာတ်အားကို မြို့ပြများသို့ ပို့ဆောင်ဖြန့်ဖြူးရာတွင် သွယ်တန်းမှုစနစ်နှစ်မျိုးကို အသုံးပြုသည်။ ဓာတ်အားလိုင်းကြိုးကြီးများ သွယ်တန်းမှုကြောင့် လူနေအိမ်ခြေနှင့် အဆောက်အအုံများအတွက် အနှောင့်အယှက်မဖြစ်စေရန်၊ ယာဉ်နှင့်ရထားများ ခုတ်မောင်းသွားရာတွင် အန္တရာယ်ကင်းရှင်းစေရန်၊ မြို့ပြလေကြောင်းအချက်ပြဆက်သွယ်ရေးစနစ်များ တပ်ဆင်ရာတွင် လေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီစေရန် စသည်တို့ကို အဓိက ဦးစားပေးမည်ဆိုပါက မြေအောက်ဓာတ်အားလိုင်းသွယ်တန်းမှုစနစ်ကို အသုံးပြုကြသည်။ မြေအောက်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းသည် ကုန်ကျစရိတ် အလွန်ကြီးမားရုံမျှမက ကျွမ်းကျင်မှုရှိရန်လည်း အထူးလိုအပ်သည်။



**လျှပ်စစ်ဓာတ်တိုင်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ ပြတ်ကျနိုင်သည့် အကြောင်းရင်းများမှာ အရည်အသွေး ညံ့ဖျင်းသော ကြိုးများကို သုံးစွဲထားခြင်း၊ လျှပ်စစ်ကြိုး၏သုံးစွဲနိုင်မှု သက်တမ်းကျော်လွန်သွားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်တိုင်များ ယိုင်နဲ့သွားခြင်း၊ လျှပ်စစ်ကြိုးနှင့် သစ်ပင်သစ်ကိုင်းများ အရှိန်ပြင်းစွာ ရိုက်ခတ်မိခြင်း၊ လျှပ်စစ်ကြိုးများကို လုံခြုံမှုကိန်း သတ်မှတ်ချက်ထက်ပို၍ လွန်ကဲစွာ ဆွဲတင်းထားခြင်း စသော အကြောင်းများကြောင့်ဖြစ်သည်။**

မြေအောက်တွင်ရှိနေသော ဓာတ်အားလိုင်းကြိုးများသည် မြေပေါ်တွင်ရှိနေသော ဓာတ်အားလိုင်းကြိုးများနှင့်မတူဘဲ မြေကြီးနှင့် အမြဲတမ်းထိတွေ့နေရခြင်း၊ အချို့နေရာများတွင် စွတ်စိုသော မြေကြီး၊ သဘာဝမြေအောက်ရေတို့နှင့် ထိတွေ့နေရခြင်း၊ အပေါ်ယံမြေကြီး၏ ဖိသိပ်ထားမှုကို အမြဲခံနေရခြင်း စသည်တို့ကြောင့် မြေအောက်ဓာတ်အားလိုင်းကြိုးများ၏ အရည်အသွေးသည် မြေပေါ်ဓာတ်အားလိုင်းကြိုးများထက် များစွာသာလွန်ကောင်းမွန်ရန် လိုအပ်သည်။ မြေအောက်ဓာတ်အားလိုင်းသွယ်တန်းမှုစနစ်ကို ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အသုံးပြုလျက် ရှိနေကြသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်လိုက်သော အေစီလျှပ်စစ်ဓာတ်အားကို ပို့ဆောင်ဖြန့်ဖြူးရာတွင် လျှပ်စစ်ဓာတ်တိုင်များစိုက်ထူပြီး တစ်တိုင်မှတစ်တိုင်သို့ လျှပ်စစ်ဝါယာကြိုးကြီးများကို ဆင့်ကဲသွယ်တန်းခြင်းသည် ကောင်းကင်ဓာတ်အားလိုင်း သွယ်တန်းမှုစနစ်ဖြစ်သည်။ ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ခြင်းသည် ကုန်ကျစရိတ်နည်းပါးပြီး သာမန်ကျွမ်းကျင်မှုအဆင့်ဖြင့် တပ်ဆင်နိုင်ခြင်း၊ လွယ်လင့်တကူ ပြင်ဆင်ထိန်းသိမ်းနိုင်ခြင်းများကြောင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် အသုံးများသော သွယ်တန်းမှုစနစ်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ဓာတ်အားလိုင်း ဝါယာကြိုးကြီးများသည် အဓိကကျသော ဆက်သွယ်မှုပစ္စည်းဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရာတွင် ဝါယာကြိုးကြီးများသည် အနည်းဆုံးအားဖြင့် ပေါင် ၇၀၀ အထိ ခံနိုင်ရည်ရှိသော အရည်အသွေးမြင့်ကြိုးများဖြစ်ရန်လိုအပ်သည်။ ထို့ပြင် ကောင်းကင်ဓာတ်အားလိုင်း ဝါယာကြိုးကြီးများကို ဆွဲတင်းရာတွင် လုံခြုံမှုကိန်း(Safety Factor)သည် ပျမ်းမျှအားဖြင့် (၂) ရှိရမည်ဖြစ်သည်။

ဥပမာအားဖြင့် ဆွဲအားခံနိုင်ရည် ၁၂၀၀ ပေါင်ရှိသော ကြိုးများအတွက် လုံခြုံမှုကိန်းသတ်မှတ်ချက်ဖြစ်သော (၂) နှင့် ကိုက်ညီမှုရှိစေရန်အတွက် ကြိုးကိုဆွဲတင်းရမည့်အားမှာ (၁၂၀၀ ပေါင်÷၂) ၆၀၀ ပေါင်ထက် မပိုစေရန် ဂရုပြုရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်တိုင်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ ပြတ်ကျနိုင်သည့် အကြောင်းရင်းများမှာ အရည်အသွေး ညံ့ဖျင်းသော ကြိုးများကို သုံးစွဲထားခြင်း၊ လျှပ်စစ်ကြိုး၏ သုံးစွဲနိုင်မှုသက်တမ်း ကျော်လွန်သွားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်တိုင်များ ယိုင်နဲ့သွားခြင်း၊ လျှပ်စစ်ကြိုးနှင့် သစ်ပင်သစ်ကိုင်းများ အရှိန်ပြင်းစွာ ရိုက်ခတ်မိခြင်း၊ လျှပ်စစ်ကြိုးများကို လုံခြုံမှုကိန်း သတ်မှတ်ချက်ထက်ပို၍ လွန်ကဲစွာ ဆွဲတင်းထားခြင်း စသော အကြောင်းများကြောင့်ဖြစ်သည်။

လျှပ်စစ်ဝါယာကြိုးများကို ဆွဲတင်းရာတွင် လုံခြုံမှုကိန်းကို သတ်မှတ်ပေးထားသကဲ့သို့ပင် လျှပ်စစ်ဓာတ်တိုင်များအတွက်လည်း လုံခြုံမှုကိန်းများကို နိုင်ငံများအလိုက် အမျိုးမျိုး သတ်မှတ်ပေးထားကြသည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သံမဏိဓာတ်တိုင်များကိုသာ သုံးစွဲလျက် ရှိနေကြသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများ၌မူ သစ်သားဓာတ်တိုင်များကိုသာ အဓိကထားပြီး သုံးစွဲလျက်ရှိနေကြသည်။ ယေဘုယျအားဖြင့် သံမဏိဓာတ်တိုင်များအတွက် လုံခြုံမှုကိန်းမှာ ၂ ဒသမ ၅ ဖြစ်ပြီး သစ်သားဓာတ်တိုင်များအတွက် လုံခြုံမှုကိန်းမှာမူ ၃ ဒသမ ၅ ဖြစ်သည်။

ဤနေရာတွင် ပို့ဆောင်ဓာတ်အားလိုင်းကြိုးကြီးများနှင့် သွယ်တန်းဆားဗစ်လိုင်းကြိုးနှစ်မျိုးအတွက် ဗြိတိသျှစနစ် စံသတ်မှတ်ချက်ကို အောက်ပါအတိုင်း လေ့လာနိုင်သည်–

၁။ လျှပ်စစ်ဓာတ်အားပို့ဆောင်သော ကောင်းကင်ဓာတ်အားလိုင်းကြိုးသည် အနိမ့်ဆုံးအဆင့် ဆွဲအားခံနိုင်ရည် ၁၂၃၇၇ ပေါင်ရှိရမည်။ ဝါယာကြိုး၏ ထိပ်ဖြတ်ဧရိယာသည် ၀ ဒသမ ၀၂၀ စတုရန်းလက်မအရွယ်ထက် မငယ်စေရ။ ကြိုးတစ်မိုင်အရှည်၏ အလေးချိန်သည် ၄၀၉ ပေါင်ရှိရမည်။ (ယင်းပြဋ္ဌာန်းချက်နှင့်ကိုက်ညီသော ကြိုးအရွယ်အစားမှာ S.W.G နံပါတ် ၈ ကြေးကြိုးဖြစ်သည်။)

၂။ အဆောက်အအုံသို့ ဓာတ်အားရယူသွယ်တန်းသော ဆားဗစ်ဝါယာကြိုးသည် အနိမ့်ဆုံးအဆင့်ဆွဲအားခံနိုင်ရည် ၈၁၆ ပေါင်ရှိရမည်။ ဝါယာကြိုး၏ ထိပ်ဖြတ်ဧရိယာသည် ၀ ဒသမ ၀၁၂၉ စတုရန်းလက်မအရွယ်ထက် မငယ်စေရ။ ကြိုးတစ်မိုင်အရှည်၏ အလေးချိန်သည် ၂၆၂ ပေါင်ရှိရမည်။ (အဆိုပါပြဋ္ဌာန်းသတ်မှတ်ချက်နှင့်ကိုက်ညီသော ကြိုးအရွယ်အစားမှာ S.W.G နံပါတ် ၁၀ ကြေးကြိုးဖြစ်သည်။)

ကောင်းကင်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းတည်ဆောက်ရာတွင် လမ်းကိုဖြတ်ကျော်၍ တည်ဆောက်ခြင်း၊ လမ်းနှင့်ယှဉ်၍ တည်ဆောက်ခြင်းနှင့် လမ်းနှင့်ယှဉ်ခြင်းသော်လည်းကောင်း၊


ဖြတ်ကျော်ခြင်းသော်လည်းကောင်း မပြုဘဲ တည်ဆောက်ခြင်း စသည်ဖြင့် ၃ မျိုး ခွဲခြားထားရာ ကောင်းကင်ဓာတ်အားလိုင်းကြိုးသည် မြေပြင်နှင့် ပေမည်မျှကွာဝေးရမည်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

| ကောင်းကင်ဓာတ်အားလိုင်းက သယ်ဆောင်သောဗို့အား | မြေပြင်နှင့်ကွာဝေးရမည့်အမြင့်(ပေ) | | |
|---|---|---|---|
| | လမ်းကိုဖြတ်ကျော်ခြင်း | လမ်းနှင့်ယှဉ်၍ သွယ်တန်းခြင်း | လမ်းနှင့်ယှဉ်/ဖြတ်ကျော်ခြင်းမရှိ |
| ၂၃၀/၄၀၀ ဗို့ | ၁၉ | ၁၈ | ၁၅ |
| ၃ ၃ ကေဗွီ | ၂၀ | ၁၉ | ၁၇ |
| ၆ ၆ ကေဗွီ | ၂၀ | ၁၉ | ၁၇ |
| ၁၁ ကေဗွီ | ၂၀ | ၁၉ | ၁၇ |
| ၃၃ ကေဗွီ | ၂၀ | ၁၉ | ၁၇ |
| ၆၆ ကေဗွီ | ၂၂ | ၂၀ | ၁၉ |
| ၁၃၂ ကေဗွီ | ၂၃ | ၂၁ | ၂၀ |
| ၂၃၀ ကေဗွီ | ၂၅ | ၂၄ | ၂၂ |

ကောင်းကင်ဓာတ်အားလိုင်းကို တည်ဆောက်ခြင်း မပြုမီ ဓာတ်အားလိုင်းဖြတ်သန်းတည်ဆောက်မည့် လမ်းကြောင်းကို ဦးစွာရွေးချယ်ရန်လိုအပ်သည်။ လူနေအဆောက်အအုံများရှိသော မြို့၊ ရွာများကို ဖြတ်သန်းသွယ်တန်းရမည့် အခြေအနေမျိုးဖြစ်လျှင် အဆောက်အအုံများ၏ အရွယ်အစား၊ အမြင့်၊ တည်နေပုံနှင့် လမ်း၏အနေအထားတို့ကို စနစ်တကျကြည့်ရှုလေ့လာပြီး လက်ရှိသွယ်တန်းတပ်ဆင်မှုနှင့် နောင်တွင် တိုးချဲ့တည်ဆောက်မည့် အလားအလာတို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်းတိုင်များသည် တစ်တိုင်နှင့်တစ်တိုင် အလှမ်းကွာဝေးလွန်းခြင်းမျိုး မဖြစ်ရန်လည်း လိုအပ်သည်။ မြို့ရွာများအတွင်းသို့ ဖြတ်သန်းသွယ်တန်းမည့် ကောင်းကင်ဓာတ်အားလိုင်းကြိုးများအတွက် ဓာတ်တိုင်များ တည်ဆောက်ရာတွင် ယင်းဓာတ်တိုင်များသည် ဝါယာသွယ်တန်းမှု၏ တစ်ထောက်နားရာ နေရာအဖြစ်သာမက ညအချိန်တွင် လမ်းဓာတ်မီးတိုင်အဖြစ်ပါ တည်ရှိနေရမည်ဖြစ်သည့်အတွက် လမ်း၏အနေအထားနှင့်ချိန်ဆကာ မနီးလွန်း မဝေးလွန်းသောနေရာများတွင်သာ စိုက်ထူရမည်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို လယ်ကွင်းပြင်နှင့် တောတောင်များကို ဖြတ်သန်းပြီး သွယ်တန်းရာတွင် ရေရှည်ထိန်းသိမ်းမှု မခက်ခဲစေရန်အတွက် မော်တော်ကားလမ်း၊ ရထားလမ်းများမှ အလှမ်းကွာဝေးလွန်းသော နေရာမျိုးများ၌ သွယ်တန်းခြင်းကို ရှောင်ကြဉ်သင့်သည်။ ထို့ပြင် ကောင်းကင်လျှပ်စစ်ဓာတ်အား လိုင်းကြိုးများကို စကားပြောကြေးနန်းကြိုးများနှင့်အ



တူ နီးကပ်စွာ ယှဉ်တွဲလျက် မျဉ်းပြိုင်သွယ်တန်းမှုမျိုးမှလည်း ရှောင်ရှားရမည်ဖြစ်သည်။ အကြောင်းမှာ ကောင်းကင်ဓာတ်အားလိုင်းကြိုးတစ်လျှောက်တွင် ဝါယာကြိုးကို ဗဟိုပြု၍ ဖြစ်ပေါ်နေသော ထောင်လိုက်စက်ဝိုင်းပုံ လျှပ်စစ်သံလိုက်စက်ကွင်းများသည် စကားပြောကြေးနန်းကြိုးများအတွင်း၌ လျှပ်စစ်ဖိအားညှို့ဝင်မှုကို ဖြစ်ပေါ်စေခြင်းကြောင့် ဖြစ်သည်။ ယင်းအခြေအနေမျိုးတွင် စကားပြောကြေးနန်း ဆက်သွယ်ပြောဆိုရာ၌ အနှောင့်အယှက်များကို ဖြစ်ပေါ်စေသည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးနှင့် စကားပြောကြေးနန်းကြိုးများ ယှဉ်ပြိုင်သွယ်တန်းမှု ခရီးတာပို၍ ကွာဝေးလေ ဆက်သွယ်ပြောဆိုရာ၌ အနှောင့်အယှက်ပို၍များလေဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်းကြိုးများနှင့် စကားပြောကြေးနန်းကြိုးများကို လမ်း၏တစ်ဖက်တည်းတွင် သွယ်တန်းခြင်းမျိုး မပြုသင့်ပေ။ အကယ်၍ မလွှဲမရှောင်သာဘဲ လမ်း၏တစ်ဖက်တည်းတွင် ယှဉ်ပြိုင်သွယ်တန်းရမည်ဆိုပါကလည်း တစ်ကြိုးနှင့်တစ်ကြိုး အနည်းဆုံးပေ ၅၀ ခြားထားရမည်ဖြစ်သည်။

အလားတူပင် ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို သစ်ပင်ဝါးပင်များနှင့် လွတ်ကင်းနိုင်သမျှသော နေရာများတွင်သာ ဖြတ်သန်းတည်ဆောက်သင့်သည်။ သစ်ပင်ဝါးပင်များသည် အမြဲသဖြင့် အစိုဓာတ်ရှိနေသည်ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်းကြိုးများသည် အပင်များနှင့် ထိတွေ့မိသည့်အခါ လျှပ်စစ်ဓာတ်အား ယိုစီးပျောက်ဆုံးခြင်း ဖြစ်ပေါ်နိုင်ရုံမျှမက သစ်ပင်များ ယိမ်းနွဲ့ခြင်းနှင့် ပြိုလဲခြင်းများ ဖြစ်ပေါ်သည့်အခါ လျှပ်စစ်အန္တရာယ်ကြီးမားစွာ ဖြစ်ပေါ်လာနိုင်သည်။

မြို့ပြသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကျစ်လျစ်စုစည်းမှုရှိသော်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကမူ ကျယ်ပြန့်ထွေပြားလှသည်ဖြစ်ရာ အဘက်ဘက်က ချင့်ချိန်တွက်ချက်ပြီးမှ စနစ်တကျ ဆောင်ရွက်ကြခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် စနစ်ကို ဖော်ဆောင်သွားသင့်ကြပေသည်။ ။

**သိပ္ပံစာရေးဆရာကိုကိုအောင်**




# သည်နွေဦးကို မေ့မရ

နွေဦးကာလ မြူမှုန်ထဲ၌
နှိုးကြွသည့်ဟန် သူ့အားမာန်သည်
ပုံသဏ္ဌာန်ကျကျ နေထွက်စမှာ
သရဖူဆောင်း ရွှေရည်လောင်းကာ
ရွက်ဟောင်းတွေကြွေ ရွက်နုဝေချိန်
တို့တွေတော်လှန် အောင်ပွဲခံခဲ့။

အပြာရင့်ရင့် မြူနှင်းပွင့်တွေ
လေသင့်ရာကူး ဂိမ္ဗာန်ဦးမှာ
ယစ်မူးနေသယောင် နွေရိပ်ရောင်သည်
ပူလောင်းပြင်းရှ ရွက်ဟောင်းချ၍
မာနကင်းစင် အလှဆင်ကာ
စွဲထင်ရစ်ကျန် ဖက်ဆစ်ရန်ကို
တွန်းလှန်ခဲ့သည် တို့စွမ်းရည်။

သြော်...
နွေဦးရာသီ မှုန်ရီရီနဲ့
ဌာနီကိုမှန်း စိတ်မှာလွမ်းမိ
ညှိုးနွမ်းခြောက်နေ သစ်ရွက်တွေလည်း
ညှာကြွေမခိုင် တစ်လှိုင်လှိုင်နှင့်
အပြိုင်ကိုင်လှုပ် နွေသရုပ်ကြောင့်
တိမ်မြုပ်နေရာ ဝေဒနာသည်
ပြန်ကာသစ်ရ ခံစားရ။
သည်နွေဦးကို မေ့မရ။ ။

**ဝိုင်းမောင်(မာန်အောင်)**





ရွာလေး၏တောင်ကုန်းတစ်ကုန်း ပေါ်မှာရှိသော ရှေးဟောင်းပျဉ်ထောင်နှစ်ထပ်အိမ်အိုကြီးတစ်လုံး။ မနက်ဝေလီ ဝေလင်းအချိန် တပို့တွဲလ၏ နှင်းရေစက်များကြားမှာ ထီးထီးချည်း ရပ်တည်နေလျက်။ လပြည့်ည၏ လရောင်လေးကလည်း မပြယ့်တပြယ်။ အရုဏ် ဦးရောင်နီလေးကလည်း သန်းချိန်။ အိမ်အိုကြီး ပတ်ပတ်လည်မှ အုပ်ဆိုင်းနေသည့် သရက်၊ ပိန္နဲ၊ ကံ့ကော်၊ မန်ကျည်းပင်ကြီးတို့ကလည်း အိပ်ရာကနိုးထလာသည့်အချိန်။ ကျေးငှက်ကလေးများကလည်း အိပ်တန်းထပြီဖြစ်လို့ ပိကျိ–ပိကျိ

အော်မြည်သံပေးကာ ကျန် အဖော်များအား အိပ်တန်းမှ ထကြရန် နှိုးဆော်နေသည့် အသံများကလည်း အိမ်အိုကြီးပတ်လည်မှာ ဆူညံလို့နေသည်။ အိမ်အိုကြီးကတော့ ယခင်ရွာသူကြီးဟောင်း၏ ကျန်ရစ်သူ မိသားစုဆွေမျိုးများက ရပ်ရွာအကျိုးအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး

ဘိုးဘွားရိပ်သာတစ်ခုအဖြစ် လှူဒါန်းခဲ့ကြသော အိမ်ကြီး ပင်။ အခုတော့ ရပ်ရွာက ခိုကိုးရာမဲ့ဘိုးဘွား အချို့အား စောင့်ရှောက်ပေးထားသည်။ ရေနံချေးဝနေသော နှစ်ထပ် အိမ်အိုကြီးက တောင်ကုန်း ပေါ်မှာ မားမားမတ်မတ်ကြီး၊ ရွာဦးကျောင်းမှ အုန်းမောင်း ခေါက်သံက စည်းချက်ညီညီ ထွက်ပေါ်လာနေသည်။ အုန်း မောင်းသံကြောင့် ရွာထဲမှ ခွေးများ ဆွဲဆွဲငင်ငင်အော်သံ များကလည်း တစ်ရွာလုံးကို အိပ်ရာမှထကြရန် နှိုးဆော် နေသလိုပင်။

\+ + +

အတန်ငယ်ကြာသော် အရှေ့ဘက်မှ နေဝန်းနီနီကြီး ပေါ်ထွန်းလာသည်။ တောင် ကုန်းပေါ်ရှိ နှစ်ထပ်အိမ်အိုကြီး အပေါ်ထပ်မှ ပြတင်းပေါက် တစ်ချပ် ပွင့်လာသည်။ ပြတင်း ပေါက်တွင် ဆံပင်ဖွေးဖွေးနဲ့ အဘွားအိုတစ်ယောက်၏ ကိုယ် တစ်ပိုင်းပေါ်လာသည်။ အဘွား အိုက ရှေ့တူရူမှာ မြင်ရသော တောင်ကုန်းနှစ်ခုကို ဝေဝေသီ သော မျက်ဝန်းအစုံဖြင့် ငေး ကြည့်နေမိသည်။ ဘိုးဘွားရိပ် သာ တည်ရှိသောကုန်းနှင့် တစ်ဆက်တည်းတွင်ရှိသော တောင်ကုန်းပေါ်တွင် နွား ကျောင်းရန်သွားနေသော ကလေးများကို တွေ့ရသည်။ ကလေးတချို့ကတော့ တောင် ကုန်းပေါ်မှာ ပြေးလွှားဆော့ ကစားနေသည်ကို မြင်ရသည်။

အဘွားအို ကြည့်နေသော တောင်ကုန်းကိုမျက်နှာလွှဲလိုက် ပြီး အခြားတောင်ကုန်းတစ်ခု ဘက်သို့ လှည့်ကြည့်လိုက်ပြန် သည်။ ပိန်လှီပြီး အကြောပြိုင်း ပြိုင်းထနေသော အရိုးပေါ် အရေပါးတင်ရှိနေသော သူ့ လက်အစုံကို ပူးကပ်လိုက်ပြီး နဖူးပေါ်တင်လိုက်သည်။ နေ ရောင်အောက်မှာခေါင်းလောင်း မှောက်အထိ ရွှေရောင်တဝင်း ဝင်းရှိသော စေတီတော်ကြီးနှင့် အရန်ဘုရားစေတီဖြူဖွေးဖွေး များကို မျက်စိမှိတ်ကြာရှည် စွာ စူးစိုက်ကြည့်ညိုလက်အုပ် ချီကာ နှုတ်မှတတွတ်တွတ် ရွတ်ဆို၍ ဘုရားရှိခိုးနေလိုက် သည်။ မနက်မိုးလင်းတိုင်း ရွာထိပ်မှဘုရားကြီးကို ပြတင်း ပေါက်လေးဖွင့်ကာ ပူဇော်ခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အခုတောင် အသက်က ကိုး ဆယ်နားနီးနေပြီ။ ဘယ်အချိန် ထိသာ ဖူးမြော်ပူဇော်ရပါမလဲ။ တန်ခိုးအလွန်ကြီးမားသည့် ဖလေးဘုရားကြီးကို ဖူးခွင့်ရ တုန်း အားရအောင် ဖူးထားမှ ပဲဆိုတဲ့အတွေးက ခေါင်းထဲ ရောက်လာသည်။

မနက်စောစောမို့ နှင်း စက်လေးတွေကလည်း ကျလို့။ သစ်ပင်သစ်ရွက်တွေမှာ စို့ရွှဲ နေသည်။ တစ်နှစ်တစ်ခါ တပို့ တွဲလပြည့်နေ့တိုင်း ဘုရားပွဲ တော်ကျင်းပစမြဲမို့ ပတ်ဝန်း ကျင် မြို့ရွာများနှင့် ရပ်နီး ရပ်ဝေးမှ ဘုရားဖူးလှည်းယာဉ် များကလည်း ရင်ပြင်တော် တစ်ခုလုံးပြည့်လို့။ ဇာတ်ပွဲ၊ ဈေးပွဲတွေနဲ့ ပွဲဈေးတန်းကြီး ကလည်း ခြိမ့်ခြိမ့်သဲသဲ စည် ကားခဲ့သည်။ ထူးထူးခြားခြား လှည်းပွဲဟု ဆိုစမှတ်ပြုလောက် ရအောင် မိမိတို့ငယ်စဉ် ဘုရား ပွဲကြီးကျင်းပတိုင်း အခြားပွဲ တော်များထက် လှည်းတပ်ချီ ၍ တပျော်တပါးလာရောက်ကြ သည်ကို တွေ့ခဲ့ရသည်။ 'တပို့ တွဲဝယ် လှည်းပွဲမဟော်'ဆိုပြီး ဖလေးဘုရားကြီးဘွဲ့တော် ကျိုက်မတ်ကော်စေတီကြီးအား တင်စားခေါ်ခဲ့ကြသည်။ မိမိတို့ ငယ်ရွယ်စဉ်ကာလကစည်ကား လှတဲ့ ဘုရားပွဲတော်ကြီးမှာ ဝတ် ကောင်းစားလှ ဝတ်ဆင်ကြပြီး ပွဲဈေးတန်း ခေါက်တုံ့ခေါက် ပြန် လျှောက်ခဲ့ကြတာတွေ၊ ဇာတ်ပွဲကြည့်ပြီး မင်းသား၊ မင်းသမီးများ၏ အဆိုအပြော တွေထဲမှာ နစ်မျောပြီး ငိုခဲ့ ရယ်ခဲ့ကြရတာတွေကို ပြန်ပြီး မမှတ်မိတစ်ချက် မှတ်မိတစ် ချက်ပေါ့။ သူက အငယ်ဆုံး ညီမလေး၊ အစ်ကိုတွေ အစ်မတွေနဲ့ ပျော်ခဲ့ကြရတာ တွေကို ပြန်တွေးမိပြီး ပြုံးရိပ် လေးက ဇရာကြောင်းထင်ဟပ် နေတဲ့ မျက်နှာပေါ်မှာ ပေါ်လာ တာကို ကိုယ့်ဘာသာကိုယ် လက်တစ်ဖက်နဲ့ မျက်နှာပြင်ကို သွားကိုင်မိလိုက်တယ်။

ဩော် . . . အခုတော့ မနေ့က တစ်ညလုံး ဆူညံ လင်းထိန်ပြီး ဆိုင်းသံဗုံသံ၊ လူသံများနဲ့ စည်ကားခဲ့တဲ့ ပွဲ ခင်းက အိပ်မောကျနေလေရဲ့။ ပင်ပန်းသွားကြတာကိုး။ အမောဖြေနေကြတာပေါ့။ ဘုရားကုန်းကြီးကလည်း ခု တော့ တိတ်ဆိတ်လို့၊ ဘုရား ရင်ပြင်မှာ တရားထိုင်သူ၊ ပုတီး စိပ်သူ၊ ဘုရားရှိခိုးသူ အနည်း အကျဉ်းဖြင့် ငြိမ်သက်နေတာ ကို အဘွားအိုကကြည့်ပြီး ခေါင်းလေးတညိတ်ညိတ်နဲ့။ အဘွားအိုက ဘုရားကြီးကို လက်အုပ်ချီအနေအထားနှင့် အာရုံပြုဖူးနေပေမယ့် သူ့ အတွေးက အတိတ်ကို ရောက် သွားပြန်တယ်။

ကျိုက်မတ်ကော်စေတီ တော်မြတ်ကြီးသည် ရှေးအခါ က သစ်ကြီးဝါးကြီးများနဲ့ တော တောင်ထူထပ်တဲ့ နေရာဌာန



> **လွတ်လပ်ရေး ရပြီးနောက် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်လာပြီး ထီးတော်တင်လှူတာ ၇ ရက်တိုင် ပျော်ပွဲရွှင်ပွဲများနဲ့ စည်ကားခဲ့တာ။**

တွင် ရှိနေခဲ့တာမို့ ဘုရားဖူးများ အရောက်အပေါက်နည်းခဲ့ပြီး လူမသိသူမသိရှိခဲ့ရသည်။ အခုအခါ ခရီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတဲ့အတွက် ဘုရားကြီးကို လာရောက်ဖူးမြင်သူတွေ များလာပြီ။ ဖလေးဘုရားကြီးဉာဏ်တော်ဟာ မြန်မာနိုင်ငံမှာ စတုတ္ထဉာဏ်တော်အမြင့်ဆုံး စေတီတော်ကြီးတစ်ဆူအဖြစ် ထင်ရှားခဲ့တယ်။ ဘုရားကြီး၏ အရိပ်အောက်မှာ မိမိတို့နေရသဖြင့် မိမိတို့ရွာသူရွာသားများ အမြဲဂုဏ်ယူကြတယ်။ မိမိတောင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ ရှေ့မီနောက်မီ ဘိုးဘွားတို့ပြောစကားကို ပြန်အမှတ်ရမိတယ်။ ဖလေးဘုရားကြီး သမိုင်းသည် နှစ်ပေါင်းရာထောင်ချီကြာခဲ့ပြီဖြစ်သော်လည်း မိမိတို့ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနိုင်ခြင်းသည် မိဘဘိုးဘွား၏အမြော်အမြင်ကြီးစွာ ပြောပြခဲ့သော ကျေးဇူးကြောင့်ပင်။ မိမိတို့ငယ်စဉ်အခါက ထီးတော်ကြီးကလည်း အရောင်မရှိ။ စေတီတော်ကြီးပေါ်တွင်လည်း ဆူးချုံနွယ်တို့ဖြင့် အမြင်မတင့်တယ်ခဲ့။ စေတီရံတို့လည်း ပြိုပျက်ပြီး အုတ်ပုံဘဝကို ရောက်ခဲ့ကြရသည်။

စေတီတော်မြတ်တည်ရာကုန်းကို မွန်တွေက ကျိုက်ဒေးကော်လို့ ခေါ်ခဲ့ကြတယ်။ လည်ပင်းသဏ္ဍာန်ရှိတဲ့အတွက် တောင်လည်ပင်းဘုရားလို့ အဓိပ္ပာယ်ဆောင်ခေါ်ခဲ့ကြတာပဲ။ ပထမဆုံးမှတ်မိတာကတော့ ဆရာတော် ဦးစန္ဒာဝရဦးစီးပြီး စေတနာရှင်များနှင့် ရွာသူရွာသားတွေ ပူးပေါင်းကာ ပြိုပျက်နေတဲ့ ဘုရားကြီးကို ဝိုင်းပြီး လူအားနဲ့ ပြန်တည်ဆောက်ခဲ့ကြတယ်။ မိမိက ခပ်ငယ်ငယ် ကလေးသာသာအရွယ်ပေါ့။ အစ်မကြီးကတော့ သိတတ်တဲ့အရွယ်ဖြစ်နေပြီ။ မိမိတို့မောင်နှမကများတော့ မောင်နှမတွေအားလုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကုသိုလ်ပါဝင်ခဲ့ကြတာ။ အုတ်ကို လက်ဆင့်ကမ်းသယ်၊ သဲဖန်းရွက်ပြီး ဘုရားကြီးဖိနပ်တော်ကို ခဲရာခဲဆစ်တက်ပြီး လုပ်အားကုသိုလ်ဒါနပါခဲ့တာပေါ့။ အဖေက ရွာသူကြီးဖြစ်တော့ အမေက လုပ်အားပေးတဲ့ ရွာသူရွာသားတွေ၊ ဧည့်သည်တွေအားလုံးစားဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်မီးဖုတ်၊ ရေနွေးကြမ်းအိုးလုပ်ပေးတာ၊ မိမိကလက်မလည်အောင် ကလေးပီပီ လိုက်ချပေးခဲ့ရတာတွေ၊ ပျော်စရာကောင်းခဲ့တာတွေ မှုန်ဝါးနေတဲ့ မျက်လုံးထဲမှာတော့ ထင်းနေအောင် ပြန်သတိရနေမိတာပေါ့။ အင်း... အဲဒီတုန်းကရှိလှ အသက်က ၇ နှစ်၊ ၈ နှစ်ပေါ့။ အဖေနဲ့ရွာလူကြီးတွေ ဂုဏ်ယူစွာ မကြာခဏ ပြန်ပြန်ပြောပြနေလို့ မိမိလည်း မှတ်မိနေတာပါ။ အသက် ၁၁ နှစ်အရွယ်လောက်က ထီးတော်မတင်မီ ဘုရားကြီးမှရောင်ခြည်တော်တွေ လွှတ်ခဲ့တာ တစ်ညလုံးပါပဲ။ ငယ်ရွယ်စဉ်အခါကမို့ သေချာမသိခဲ့ရပေမယ့် ဖူးခဲ့ရတဲ့ အဖေတို့လူကြီးတွေ ကုသိုလ်ကံထူးတယ်ဆိုပြီး ဝမ်းသာလှိုက်လှဲစွာ ပြောခဲ့ကြတာမို့ သတိရမိတာ။

လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်လာပြီး ထီးတော်တင်လှူတာ ၇ ရက်တိုင် ပျော်ပွဲရွှင်ပွဲများနဲ့ စည်ကားခဲ့တာ။ နောက်ဆုံးမှာ ပတ္တမြားဆရာတော်က စေတီတော်မြတ်ကြီးကို သပ္ပာယ်ကြည်ညိုဖွယ် အောက်ခြေကနေ ပြန်လည်တည်ဆောက်ခဲ့တာကြောင့် ရွာသူရွာသားတွေ ဂုဏ်ယူဖွယ်ရာ စေတီတော်မြတ်ကြီးဖြစ်ခဲ့တယ်။ ဘုရားအမှုးရှိသော ရဟန္တာငါးရာ ရုပ်တုတော်တွေက ရွာထဲဆွမ်းခံဝင်ကြမည့်ဟန် ထုထားတာမို့ အလွန်ကြည်ညိုဖို့ကောင်းတာပဲ။

ပတ္တမြားဆရာတော် ထီးတော်တင်လှူတဲ့အချိန်က အသက်အရွယ်တောင် တော်တော်ရနေပြီ။ အင်း... ကဆုန်လပြည့်နေ့မှာပါပဲ။ ကဆုန်–နယုန် လေရူးသုန်သုန် လို့တောင် စကားရှိခဲ့တာ။ ထီးတော်စတင်တာ ရက်တော့ မမှတ်မိတော့ဘူး။ လဆန်းပိုင်းတင်တာတော့ သိတယ်။ နေကလည်း သိပ်မပူဘူး။ မိုးလည်း မရွာ၊ လေလည်းမတိုက်ဘဲ ၇ ရက်တိုင် တင်လှူခဲ့တာပဲ။ ရင်ပြင်တော်ပေါ်က သစ်ပင်ကြီးတွေကလည်း ပရိသတ်ကို အရိပ်ရစေတယ်။ အချိန်အခါ မဟုတ်ပါဘဲနဲ့လည်း စေတီတော်ရင်ပြင်မှာရှိတဲ့ စံကားဝါ၊ စံကားဖြူ၊ စံကားစိမ်း၊ ပုန်းညက်၊ ကံ့ကော်ပန်းတွေ ပွင့်ကြတာ တစ်တောလုံးတစ်တောင်လုံး မွှေးလို့ကြိုင်လို့။ အလယ်ရက်မှာ ညဘက်စေတီတော်ကြီး ရောင်ခြည်တော်တွေ လွှတ်တာ၊ ဘုရားပေါ်မှာရှိနေတဲ့ လူတိုင်းလည်း မဖူးရဘူး။ ထိုက်တဲ့သူမှ ဖူးတွေ့ရတာ။ ကိုယ်လည်း မထိုက်လို့ မဖူးခဲ့ရပါဘူး။ လပြည့်နေ့ ထီးတော်တင်ပြီး ထူးခြားတာက ပဲမိုးရွာတာပါပဲ။ အရှေ့မြောက်ရင်ပြင်မှာပဲ ရွာတာ။ ပဲအမျိုးအစား ၉ မျိုးရှိတယ်။ အဲဒီအချိန်က အသက် ၇၀ ကျော်ပြီမို့ တချို့ကို မှတ်မိနေသေးတာ ကျေးဇူးတင်ရမှာပဲ။ ဘုရားကြီးကလည်း ထူးထူးခြားခြား တန်ခိုးပြလို့ ဖလေးသူ ဖလေးသားတွေ ဂုဏ်ယူဝင့်ကြွားစွာ အမြဲပြောနေကြတာမို့ မတိမ်ကောတာပါ။

ထီးတော်နှစ်ထပ် ပုထိုးစေတီတော်ကြီးဟာ တို့ရွာမှာသာ ရှိပါလားလို့ နေရောင်အောက်မှာ သပ္ပာယ်လှတဲ့ စေတီတော်ကြီးကို ဖူးမဝသလို ငေးမောကြည့်ပြီး ဝမ်းသာနေမိပါတယ်။

+ + +

အဘွားအိုရဲ့ မျက်စိအစုံဟာ အခြားကုန်းဘက်ကို ရောက်ရှိသွားပြန်တယ်။ ကုန်းပေါ်မှာ ကလေးတွေ ပျော်ရွှင်စွာ ကစားနေတာကို မြင်လိုက်ရတယ်။ ခါတိုင်းလည်း မြင်နေကျပါပဲ။ ဒါပေမဲ့ ဒီနေ့မှ လွမ်းဆွတ်ဖွယ်ရာ အတွေးတွေကိုပဲ ပြန်မြင်ယောင်နေမိသလိုပါပဲ။ အတိတ်သမိုင်းကြောင်းကလည်း နှစ်ပေါင်းများစွာကြာခဲ့ပြီမို့ ရေးတေးတေးသာ မှတ်မိတော့တယ်။ ကိုယ့်အသက်အရွယ်တွေကလည်း မရှိကြတော့ဘူး။ တစ်ယောက်ပြီးတစ်ယောက် ကြွေလွင့်ကုန်ပြီပဲ။ ကိုယ်တောင် ကိုးဆယ်နားကပ်လို့ရှိပြီမို့ သိပ်ပြီးမသွားနိုင်၊ မစားနိုင်တော့ပါဘူး။ တစ်ခါတလေဆိုရင်လည်း အတိတ်မေ့သလို ခံစားရပြီး ဘာမှမသိသလိုဖြစ်သွားတယ်။ ဒါကြောင့်လည်း အသိစိတ်ရှိတုန်းမှာ ဘဝသံသရာကြီးကိုကြောက်လို့ မဂ်လမ်းကို သွားနိုင်အောင် ကြိုးစားနေရတာပါပဲလေ။

ဩော် ... အခုကလေးတွေ ဆော့ကစားနေတဲ့ ဒီတောင်ကုန်းဟာ နှယ်နှယ်ရရမှ မဟုတ်တာ။ တစ်ချိန်က ခံတပ်ကြီးဖြစ်ခဲ့တာပဲ။ ရန်သူတွေကို တော်လှန်ခဲ့တဲ့နေရာပဲ။ အဲဒီတုန်းက သမိုင်းကြောင်းရှိတယ်ဆိုတာ မိဘတွေပြောပြ၊ ရွာက ပညာတတ်လူကြီးတွေ ပြောပြခဲ့ကြလို့ မိမိတို့ငယ်ငယ်တုန်းက သိထားကြရတာ။ အခုတော့ မိမိမှလွဲပြီး အားလုံး နောက်မှမွေးလာတဲ့ ငယ်ရွယ်သူတွေဖြစ်လို့ မသိကြတော့ဘူးလေ။ စေတီတော်မြတ်ကြီးတည်ရာ ဖလေးပတ်ဝန်းကျင်မှာ တစ်ချိန်တစ်ခါတုန်းက ဟံသာဝတီရာဇဓါနီကြီးရဲ့ ခံတပ် ၃၂ မြို့မှာ အရံမြို့တစ်မြို့အဖြစ် ပါဝင်ခဲ့တဲ့ ဖွဲ့သဘုံမြို့ကြီးတည်ခဲ့တယ်။ ခံတပ်မြို့တွေဟာ ဟံသာဝတီရွှေမြို့တော်ကို ကြည်းကြောင်း၊ ရေကြောင်း ချီတက်တိုက်ခိုက်လာရင် ရှေးဦးစွာ ဒီစခန်းတွေကို တိုက်ဖျက်ကျော်နင်းနိုင်မှ ဟံသာဝတီကို ရောက်မှာဖြစ်တယ်။ ဖွဲ့သဘုံခံတပ်ဟာ ပဲခူးမြစ်အတိုင်း ဆန်တက်လာနိုင်တဲ့ ရန်သူတွေကို ကာကွယ်ဖို့ ဟံသာဝတီမြို့တော်၏ အရေးပါတဲ့ ခံတပ်မြို့တစ်ခုဖြစ်ခဲ့ပါလား။ ဗြိတိသျှတွေ အောက်မြန်မာနိုင်ငံ သိမ်းပိုက်လိုက်တဲ့ အချိန်နောက်ပိုင်းမှာ မှေးမှိန်ပျောက်ကွယ်သွားရပါလားလို့ တွေးမိတယ်။ အတွေးကလည်း ဆက်ပြန့်နေတယ်။

တို့ရွာလေးက အထင်ကရပါပဲ။ ဟံသာဝတီမင်းအဆက်ဆက်က ဖလေးဘုရားကြီးကို ပြန်လည်ပြုပြင်မွမ်းမံကြလို့ ဂုဏ်ယူစရာပါပဲ။ အကြောင်းကတော့ စစ်ရေးစစ်ရာမှာ အလွန်အရေးပါတဲ့နေရာဌာနတစ်ခုဖြစ်ပြီး သန်လျင်ကို တိုက်ရာမှာ အရေးပါတဲ့ စခန်းထောက်နေရာဌာနတစ်ခုဖြစ်ခဲ့လို့ပဲ။ ဇေင်ကာဟာ သန်လျင်အခြေပြုပြီး ၁၂ နှစ်အုပ်စိုးခဲ့လို့ မင်းနဲ့ကင်းခဲ့ရတယ်။ မြို့ဝန်အုပ်ချုပ်ပြီး မင်းနေပြည်တော်နိဂုံးချုပ်ခဲ့ရလို့ ခံတပ်မြို့ကြီးလည်း တဖြည်းဖြည်းချုပ်ငြိမ်းရတာပါပဲ။

တောင်ကုန်းပေါ်မှာ ဆော့ကစားနေသော ကလေးများရဲ့ မြင်ကွင်းမှာ ပျောက်ကွယ်ပြီး တစ်ချိန်က မင်းနေပြည်တော်၏ အရန်ခံတပ်မြို့လေးရဲ့ ရဲမက်ဗိုလ်ပါများနဲ့ စည်ကားနေမယ့်ပုံလေးကို အတွေးမှာ ပုံဖော်နေမိတော့တာပါပဲ။

ဖလေးရွာက ဆန်စပါး စိုက်ပျိုးဖြစ်ထွန်းသလို ဥယျာဉ်ခြံမြေထွက် သရက်၊ ပိန္နဲ၊ မာလကာ၊ မရန်းချို၊ ငှက်ပျော၊ နာနတ်တို့လည်း အထွက်ကောင်းခဲ့တာကို ပြန်မြင်ယောင်မိတယ်။ ဒါကြောင့် လူနေမှုဘဝ တိုးတက်ကြတာပေါ့။ မိမိတို့လည်း ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြင့် သူကြီးသမီးဆိုပြီး ရေပန်းစားခဲ့ကြတာပေါ့။ အဘွားအို အတိတ်ကို ပြန်လည်လွမ်းဆွတ်နေသလို အတွင်းစိတ်ထောင့်တစ်နေရာက ခင်ပွန်းနှင့်သားကိုလည်း ပြန်သတိရမိပြန်တယ်။

မိမိတို့အိမ်ကြီးက ရွာလယ်မှာရှိပြီးတော့ အိမ်ခြေကြီးမားတဲ့ရွာဖြစ်လို့ တောင်ဘက်ခြမ်းနဲ့၊ မြောက်ဘက်ခြမ်းဆိုရင် တစ်ရွာစီလားထင်ရတယ်။ ရွာကြီးနှစ်ရွာက ယခင်အချိန်တုန်းက စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နဲ့ပေါ့။ တစ်ဦးနဲ့တစ်ဦး ဖေးကူကြတယ်။ ပျော်စရာအလွန်ကောင်းတာ။ ရွာလယ်ဘုန်းကြီးကျောင်းက ရေတွင်းက ရေချိုထွက်လို့ တစ်ရွာလုံး ခပ်ကြတာပေါ့။ တခြားရွာက ရေချိုမရလို့ မိမိတို့ရွာဘက်မှာ ရေလာခပ်ကြရတယ်။ တစ်မိုင်လောက်ဝေးပေမယ့် လှည်းတွေပေါ်မှာ ရေစည်တွေတင်ပြီး ခေါက်တုံ့ခေါက်ပြန်ကူးပြီး ရေကိုခပ်ကြတာ။ ညနေခင်းဆို ဘုန်းကြီးကျောင်းဝင်းက ရေချိုတွင်းမှာ လူစည်ကားတယ်။ ဘယ်တော့မှလည်း မခန်းသွားဘူး။ တစ်ရွာနဲ့တစ်ရွာလည်း ကူညီရိုင်းပင်းကြ၊ ချစ်ခင်ကြတာပေါ့။ နောက်မကြာခင်မှာပဲ အကြောင်းရင်းမရှိပါဘဲနဲ့ တစ်ဖက်နဲ့တစ်ဖက် အထင်တွေလွဲပြီး မကြည့်ချင်အောင် မုန်းသွားကြတယ်။ မခေါ်ကြတော့ဘူး။ တစ်ရွာနဲ့တစ်ရွာ ခိုက်ရန်တွေလည်း ပွားလာကြတယ်။

ရိုက်ကြနှက်ကြနဲ့ပဲ အဲဒီထဲမှာ အဘွားအိုရဲ့ခင်ပွန်းလည်း ပါသွားတယ်။ အိမ်ကိုတော့ ခင်ပွန်းရဲ့သက်မဲ့ ကိုယ်ခန္ဓာကြီးသာ ပြန်ရောက်လာတယ်။ ကလေးတစ်ယောက်နဲ့ ပူဆွေးခဲ့ရတယ်။

မိဘတွေရှိစဉ်က လယ်မြေတွေပိုင်ဆိုင်ခဲ့တာမို့ ခင်ပွန်းနဲ့အတူ မိဘပိုင်လယ်မြေမှာ ဒိုးတူပေါင်ဖက်လုပ်ခဲ့ကြတာ။ မနက်စောစော ခင်ပွန်းက လယ်ထဲဆင်းဖို့သွားရင် အဲဒီကုန်းပေါ်က ဖြတ်ပြီးသွားနေကျ။ ကိုယ်ကလည်း အိမ်ပေါ်ကနေပြီး မျက်စိတစ်ဆုံး ခင်ပွန်းသွားရာကြည့်ပြီးမှ မီးဖိုချောင်ဝင်ခဲ့တာ။ ချက်ပြုတ်ပြီး ထမင်းတောင်းလေးနဲ့ ရေနွေးကြမ်းအိုးထည့်ပြီး ဒီကုန်းကပဲဖြတ်ပြီး လယ်ထဲထမင်းပို့နေကျ။ ဒီကုန်းလေးမှာ ခင်ပွန်းဖြစ်သူရဲ့ အသွားအပြန်ခြေရာတွေက ခုထိ တင်ကျန်နေတုန်းပဲလို့ ကိုယ့်ဘာသာ စိတ်အတွေးမှာ ခံစားနေမိတယ်။

ခင်ပွန်းရဲ့ရုပ်အလောင်းကို ထမ်းစင်နဲ့ ဒီကုန်းပေါ်ကဖြတ်ပြီး ခြံဝင်းထဲယူလာတုန်းကလည်း မယုံနိုင်သလိုပါပဲ။ တစ်နေ့တစ်နေ့ အိမ်ပေါ်ထပ်ကနေပြီး ခင်ပွန်းရဲ့အသွားအပြန်ပုံရိပ်လေးတွေကို လွမ်းဆွတ်တမ်းတပြီး ငိုကြွေးခဲ့ရတာလည်း အချိန်တွေမနည်းခဲ့ပါဘူး။

ဆယ်နှစ်အရွယ်သားလေးတစ်ယောက်ကျန်ခဲ့လို့ ဖြေသာသေးတယ်။ ခင်ပွန်းရဲ့ကိုယ်ပွားလေးပေါ့။ ချစ်မဝလွန်းလို့ လူလေးရေလို့ပဲ ခေါ်ခဲ့တယ်။



နာမည်တောင် မခေါ်ရက်ဘူး။ သားအဖတွေ ကုသိုလ်ကလည်း ဆိုးပဲ့။ ကိုယ့်တဝကပဲ ကုသိုလ် မကောင်းခဲ့တာလားလို့ ထင်မိတယ်။ ခင်ပွန်းဆုံးပြီး တစ်နှစ်လောက်အကြာမှာပဲ သားလေးက လယ်ကွင်းထဲ ကလေးတွေနဲ့ အပျော်သွားကစားရင် ပိုးထိခဲ့လို့ ဒီကုန်းပေါ်ကပဲ သားလေးရဲ့ သက်မဲ့ခန္ဓာကို သယ်လာတာ ကြုံရပြန်တယ်။ ဒီကုန်းကို မကြည့်ချင်အောင် မုန်းပေမယ့် သားလေးလည်း ဒီကုန်းပေါ်မှာပဲ အရွယ်တူသူငယ်ချင်းတွေနဲ့ နေ့နေ့ညည ပြေးလွှားဆော့ကစားနေခဲ့တာတွေ။ ပါး ကွက်ကျားလေးကွက်ပြီး ကျောင်းလွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ အဖော်တွေနဲ့ စာသင်ကျောင်းသွားတိုင်း အမေကို ကုန်းပေါ်ကလှည့်ပြီး ပြုံးရွှင်စွာ လက်ပြနှုတ်ဆက်တာ။ အမေကလည်း အိမ်ပြတင်းပေါက်ကနေပြီး သားလေးကို လက်ပြနှုတ်ဆက်ခဲ့တာတွေ။ ဒီပုံရိပ်လေးတွေကိုလည်း မမေ့နိုင်လို့ ဒီကုန်းလေးကို အမြဲတမ်းကြည့်နေမိတာ ကနေ့ထိပါပဲလားလို့ အဘွားအို တွေးမိပြန်တယ်။ ဒီတောင်ကုန်းလေးဟာ ရေးကသမိုင်းကြောင်းနဲ့ရှိနေခဲ့သလို အဘွားအိုအတွက်လည်း ခင်ပွန်းနဲ့ သားအတွက် အမှတ်တရတွေ ကျန်နေခဲ့တယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ကိုယ်ကလည်း ပြောနိုင်စွမ်းအားမရှိတော့လို့ သိပ်တောင်မပြောဖြစ်တော့ပါဘူး။

အခုဆို တစ်ဖက်ရွာကလည်း အဝီစိရေတွင်းတွေတူးတာ အောင်မြင်လို့ ရေချိုတွေလည်း ရွာအတွက်လုံလောက်ရုံသာမက ပိုလျှံနေပြီ။ လျှပ်စစ်မီးလည်း ရရှိနေပြီမို့ ကိုယ့်ရွာက ရေတွင်းကို မလှည့်ကြတော့ဘူးလေ။ ဒါပေမဲ့ တစ်ရွာနဲ့တစ်ရွာ ပြန်ပြီး ချစ်ချစ်ခင်ခင်နဲ့ စည်းလုံးညီညွတ်သွားကြပါပြီ။ တစ်ဦးနဲ့တစ်ဦးလည်း ကူညီရိုင်းပင်းနေကြတာတွေကို မြင်တွေ့ရတော့ ဝမ်းသာအားရတယ်။ ကောင်းပါတယ်လေ။ ပတ်ဝန်းကျင်မှာရှိကြတဲ့ ရွာသူရွာသားတွေအားလုံး ချမ်းချမ်းသာသာ ရှိကြတာကို မုဒိတာပွားမိပါတယ်။ မေတ္တာပို့ပေးပါတယ်။ ဖလေးဘုရားကြီးကို ရှိခိုးတိုင်းကွယ်လွန်သွားကြတဲ့ အမိအဖဘိုးဘွားများသာမက ခင်ပွန်းနှင့် လူလေးအတွက်ပါ အမျှဝေရတာ ခုထိပါပဲ။ ဘာတစ်ခုမှ မလုပ်နိုင်တော့တဲ့ အချိန် အိုမင်းနေတဲ့ အဘွားအိုတစ်ယောက်အတွက် လုပ်နိုင်တာက ဒါပဲရှိတော့တာ မဟုတ်ပါလား။

\+ \+ \+

တောင်ကုန်းလေးပေါ်မှာ ပျော်ရွှင်စွာ ဆော့ကစားနေကြတဲ့ ကလေးများကိုကြည့်ပြီး ''ဪ ကလေးတွေ ပျော်နေကြတယ်။ တစ်ချိန်က ဒီနေရာရဲ့ သမိုင်းကြောင်းကို သူတို့သိမှာ မဟုတ်တော့ဘူး၊ ဒီတောင်ကုန်းလေးပေါ်က အဖြစ်အပျက်တွေကိုသိတာဆို ကိုယ်ပဲ ကျန်တော့တယ်၊ အခုဆို အမျိုးထဲမှာ ရွာမှာ အသက်အကြီးဆုံးနဲ့ အသက်ရှင်ကျန်တာ ကိုယ်ပဲရှိတော့တယ်၊ အစ်ကို အစ်မတွေလည်း ကွယ်လွန်ကုန်ကြပြီ၊ တစ်ချိန် ကလေးဘဝတုန်းက ငါတို့လည်း ဒီတောင်ကုန်းပေါ်မှာ ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြတာပါလား'' ဆိုပြီး တွေးမိတယ်။ ဒါကြောင့်လည်း မိဘဘိုးဘွားများထားခဲ့တဲ့ နှစ်ထပ်အိမ်ကြီးကို ကိုယ့်လိုသားသမီးမြေးမရှိကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် ရည်ရွယ်ပြီး ဘိုးဘွားရိပ်သာလေးလုပ်ဖို့ ရွာကိုလှူခဲ့တာပေါ့။ တူ၊ တူမအားလုံးကလည်း သဘောတူကြလို့ ခုဆိုရွာလယ် တောင်ကုန်းပေါ်မှာ ထီးထီးချည်း ရှိနေတာပေါ့။

''ဪ . . . ကလေးတွေ ပျော်ကြပါစေ၊ ပျော်ကြပါစေ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ . . . ''

တောင်ကုန်းပေါ်မှာ ကစားနေတဲ့ ကလေးတွေကို ကြည့်ပြီး အဘွားအိုက ဆုတောင်းမေတ္တာပို့လိုက်သည်။ ပြတင်းပေါက်တံခါးကို အသာဆွဲပိတ်ပြီး ခုတင်ပေါ် ပြန်ထိုင်လိုက်သည်။ မငယ်တော့တဲ့ ကိုယ့်အသက်နဲ့ ပျောက်တစ်လှည့်၊ သိတစ်လှည့်ဖြစ်နေတဲ့ မှတ်ဉာဏ်တွေကို တရားဓမ္မဖြင့် သတိထားပြီး အာရုံတွေ စုစည်းနေရသည်။ နေဝင်ချိန်ရောက်နေသော အဘွားအိုတစ်ယောက်အတွက် အသိနဲ့ သတိက အရေးကြီးဆုံးပါပဲလေ။

''အဘွားရေ . . . မုန့်ဟင်းခါးနဲ့ လက်ဖက်ရည် အဘွားစားဖို့ ယူလာခဲ့ပြီ၊ အဘွားစားလို့ရပြီနော်''

ရိပ်သာမှာ ဘိုးဘွားများကို စောင့်ရှောက်နေသော ကလေးမလေးအသံကြောင့် အဘွားအို ပျံ့လွင့်နေသော အတွေးများကို ပြန်လည်စုစည်းပြီး ''ဪ . . . မနက်ခင်းစာ စားဖို့တောင် အချိန်ရောက်ပါပေါ့၊ ဒီနေ့ ငါ့အတွေးအာရုံတွေ များနေတာပါလား''

အဘွားအိုက ကိုယ့်စိတ်ကို ဆင်ခြင်ပြီး ကလေးမလေး ယူလာကျွေးသော မုန့်ဟင်းခါးနဲ့ လက်ဖက်ရည် စားသောက်ရန်အတွက် စားပွဲရှိရာသို့ ဖြည်းညင်းစွာ အမှတ်သတိလေးဖြင့် လျှောက်လှမ်းသွားလိုက်ပါတော့သည်။ ။

**တက္ကသိုလ်မလေးခိုင်**



# မြန်မာ့အသေးစားနဲ့အလတ်စားလုပ်ငန်းတွေရဲ့ ရှေ့ခရီး

ဇော်ဟိန်း

မြန်မာနိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုဟာ ကုန်ထုတ်လုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအပေါ်မှာ တည်မှီနေပါတယ်။ စက်မှုကဏ္ဍကဖြစ်စေ၊ လယ်ယာသားငါးသစ်တော ကဏ္ဍကဖြစ်စေ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေ ထွက်ရှိလာမှ ကုန်သွယ်ရေးကဏ္ဍက အလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။ ပို့ကုန်သွင်းကုန် အလုံးစုံကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ရင်တော့ သွင်းကုန်ဦးစားပေးစီးပွားရေး၊ သွင်းကုန်ဦးဆောင်တဲ့ ကုန်သွယ်ရေးပဲဖြစ်ပြီး တဖြည်းဖြည်းနဲ့ သွင်းကုန်မှာယူဖို့တောင် နိုင်ငံခြားငွေမရှိတဲ့ ဒေဝါလီနိုင်ငံဖြစ်သွားနိုင်ပါတယ်။ ဝန်ဆောင်မှုကဏ္ဍဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စတာတွေကတော့ ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တိုက်ရိုက်ပတ်သက်ပြီး လိုအပ်တဲ့ သွင်းအားစုများသာလျှင် ကုန်သွယ်မှုနဲ့ သွယ်ဝိုက်ပတ်သက်တာ ဖြစ်ပါတယ်။






အသေးစားအလတ်စားလုပ်ငန်းများမှာ အကျုံးဝင်တဲ့ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာသားငါးသစ်တောကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်ဝယ်ရောင်းလုပ်ငန်းတွေဟာ ဥမမည်စာမမြောက် အရွယ်မရောက်သေးတဲ့ Infant Industry လို့ ပြောကြပါတယ်။ တကယ်တမ်းပြန်ကြည့်ရင် ကိုလိုနီခေတ်ကတည်းက အစပျိုးခဲ့ပြီး ဖဆပလနဲ့ ပထစ အစိုးရလက်ထက်မှာ အတောင်အလက်ထွက်လာကြရာက ၁၉၆၂ ခုနှစ်မှာ တလင်းထိုးခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် ခရိုနီစီးပွားရေးနဲ့ အစိုးရစီးပွားရေးလုပ်ငန်းတွေ ခေါင်းထောင်ထလာပြီး နုမှည့်အသီးတွေလို အရွယ်ထွားပေမယ့် အသားမချိုတဲ့ လုပ်ငန်းတွေဖြစ်နေတာ တွေ့ရပါတယ်။ သက်တမ်းရင့်ပေမယ့် အသီးမတင်တဲ့ အပင်လိုမျိုးဖြစ်နေတယ်လို့လည်း ပြောနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်စေ ပြည်တွင်းကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေဖြစ်တာကြောင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဲဒီလုပ်ငန်းတွေကို ပံ့ပိုးထောက်ကူပေးကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအသေးစားနဲ့အလတ်စားလုပ်ငန်းများဟာ ၂၀၁၄ ခုနှစ်အထိ တရားဝင်မှတ်ပုံတင်စာရင်းအရ ၃၄၄၂၄ ခုရှိပြီး စာရင်းအပြောင်းအလဲရှိရင်တောင် ၄၀၀၀၀ ပတ်ဝန်းကျင်တော့ဖြင့် ရှိမယ်လို့ မှန်းဆရပါတယ်။ စားသောက်ကုန်ထုတ်နဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက ၆၀ ရာခိုင်နှုန်းကျော်ရှိပြီး စက်မှုနဲ့ အထွေထွေကုန်ထုတ်လုပ်ငန်းတွေက ၄၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။ လုပ်ငန်းအားလုံးဟာ ပြည်တွင်းဈေးကွက်အပေါ်မှာပဲ အမှီပြုနေကြရတာဖြစ်ပြီး ပြည်ပပို့ကုန်တွေကလည်း စက်မှုကုန်ကြမ်း၊ စားသောက်ကုန်ကြမ်းများသာ ဖြစ်ပါတယ်။ ပြည်ပဈေးကွက်မှာ မတွင်ကျယ်သလို အာဆီယံဒေသတွင်း ဈေးကွက်မှာတောင် မြန်မာအမှတ်တံဆိပ်နဲ့ ဈေးကွက်နေရာအပြန့်ကျယ်ကျယ်မရသေးတာ တွေ့ရပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေးနဲ့ ခရီးသွားလုပ်ငန်း စတဲ့ ဝန်ဆောင်လုပ်ငန်းတွေကလည်း ထိုနည်းလည်းကောင်းပါပဲ။ တစ်ဦးချင်းတစ်ယောက်ချင်း နိုင်ငံရပ်ခြားမှာ အသိပညာ အတတ်ပညာအားဖြင့် ဝန်ဆောင်မှုပေးနေတာတွေရှိပေမယ့် အစုအဖွဲ့၊ ကုမ္ပဏီတည်ထောင်ပြီး သွားရောက်လုပ်ကိုင်ဆောင်ရွက်နိုင်တာမျိုး မရှိသေးဘူးဖြစ်ပါတယ်။ မြန်မာ့အသေးစားနဲ့ အလတ်စားလုပ်ငန်းများဟာ ကြီးကောင်ဝင်ပေမယ့် သူငယ်နာမစင်သေးတဲ့ အဖြစ်မျိုးရောက်နေတာဟာ ခေတ်ကြောင့်၊ စနစ်ကြောင့်၊ မှုကြောင့်၊ လူကြောင့်လို့ ပြောနေမယ့်အစား လက်ရှိဘဝ၊ ပကတိအခြေအနေမှာ ဘာတွေလိုအပ်ချက်ရှိနေပါသလဲ လို့ ဆန်းစစ်အဖြေရှာပြီး ကုစားဖို့လိုပါတယ်။

လုပ်ငန်းရှင်တွေရင်ဆိုင်နေရတဲ့ အခက်အခဲတွေကတော့ မြေရာဈေးနှုန်းကြီးမြင့်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်စတဲ့ အခြေခံအဆောက်အအုံမပြည့်စုံမှု၊ ငွေကြေးအရင်းအနှီး ခေါင်းပါးမှု၊ သတင်းအချက်အလက်နဲ့ နည်းပညာချို့တဲ့မှု၊ စက်ပစ္စည်းကိရိယာနဲ့ ကျွမ်းကျင်လုပ်သားရှားပါးမှုစတာတွေပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်း ဧပြီလ ၉ ရက်မှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများဥပဒေကို အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နည်းဥပဒေနဲ့ လုပ်ထုံး

**မြန်မာ့အသေးစားနဲ့ အလတ်စားလုပ်ငန်းများဟာ ကြီးကောင်ဝင်ပေမယ့် သူငယ်နာမစင်သေးတဲ့ အဖြစ်မျိုးရောက်နေတာဟာ ခေတ်ကြောင့်၊ စနစ်ကြောင့်၊ မှုကြောင့်၊ လူကြောင့်လို့ ပြောနေမယ့်အစား လက်ရှိဘဝ၊ ပကတိ အခြေအနေမှာ ဘာတွေလိုအပ်ချက် ရှိနေပါသလဲလို့ ဆန်းစစ်အဖြေရှာပြီး ကုစားဖို့လိုပါတယ်။**





လုပ်နည်းတွေကို စက်မှုဝန်ကြီးဌာန အသေးစားနဲ့အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနကဦးစီးပြီး ရေးဆွဲနေပြီဖြစ်ပါတယ်။ ဥပဒေနဲ့အညီ အကောင်အထည်ဖော်ဖို့ဆိုရင် လုပ်ငန်းတွေရဲ့ အခက်အခဲတွေကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးဖို့ လိုလာပါလိမ့်မယ်။ လုပ်ငန်းပေါင်း ၄၀၀၀၀ ဝန်းကျင်ကို ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် လုပ်ငန်းမျိုးတူစုတွေ ခွဲခြားရပါမယ်။ မတူညီတဲ့နယ်မြေဒေသ၊ လုပ်ငန်းအမျိုးအစားနဲ့ ကုန်ထုတ်လုပ်ငန်းကွင်းဆက်တွေကလည်း ကွဲပြားခြားနားနေပါလိမ့်မယ်။ ငွေကြေးအရင်းအနှီး၊ နည်းပညာနဲ့ ကျွမ်းကျင်လုပ်သားများ ပျိုးထောင်ပေးမှုဆိုတာတွေကို လုပ်ငန်းအားလုံးအတွက် ဖြည့်ဆည်းပေးဖို့ မဖြစ်နိုင်တဲ့အတွက် ဦးစားပေးအခန်းတွေကို ရွေးချယ်သတ်မှတ်ပေးရပါလိမ့်မယ်။ အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းကိုအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်စွမ်းရှိတဲ့ လုပ်ငန်းစုတွေကို ဦးစားပေးရွေးချယ်ရပါလိမ့်မယ်။ ဒုတိယဦးစားပေးကတော့ ပြည်တွင်းဈေးကွက်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်



စက်မှုနဲ့လယ်ယာကုန်ထုတ်လုပ်ငန်းစုတွေ ဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေကိုတော့ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးခြင်းနဲ့ပဲ ထိန်းထားသင့်ပါသေးတယ်။

အသေးစားနဲ့အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ မောင်းနှင်အားအဖြစ် ပြည်ထောင်စုအဆင့် အေဂျင်စီနဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အေဂျင်စီဌာနခွဲတွေက လှုပ်ရှားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အစိုးရဌာနများသာမက အေဂျင်စီအသီးသီးနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပါလိမ့်မယ်။ ဥပဒေနဲ့ညီညွတ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေပြီး ပြည်တွင်းကုန်ကြမ်းအဓိကအသုံးပြု စက်ရုံအလုပ်ရုံများ ထူထောင်စေရမယ်။ ပင်မကုန်ထုတ်လုပ်ငန်းကို အထောက်အကူပြုမယ့် တဝက်တပျက် ကုန်ချောထုတ်လုပ်နိုင်စွမ်းရှိတဲ့ ပြည်တွင်းစက်ရုံလေးတွေကို ဖြန့်ခွဲထူထောင်စေရမယ်။ Global Supply Chain ကို ဖန်တီးပေးရမယ်။ အဲဒီလိုလုပ်နိုင်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျိုးဆိုရင် ဖြေလျှော့မှုနဲ့ ဖြည့်ဆည်းမှုတွေ ထူးထူးကဲကဲပေးပြီး ဆွဲဆောင်ယူကြရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လေကောင်းလေ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိလေကောင်းလေဆိုတဲ့ အယူအဆဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးမှုအရှိန်ကောင်းနေတဲ့ နိုင်ငံတွေအတွက် မှန်ကောင်းမှန်ပေမယ့် မသန်စွမ်းကုန်ထုတ်လုပ်ငန်းတွေသာ ရှိနေသေးတဲ့ နိုင်ငံတွေအဖို့တော့ ရှိပြီးသားလက်နက်ကလေးတွေတောင် ပြုတ်သွားနိုင်လောက်ပါတယ်။

နိုင်ငံခြားကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဘက်စုံကုန်ထုတ်ပစ္စည်းတွေ မြန်မာ့ဈေးကွက်အတွင်း ဒလဟောစီးဝင်နေတာဟာလည်း ကောင်းတဲ့အလားအလာတော့ မဟုတ်သေးဘူးဖြစ်ပါတယ်။ ပစ္စည်းလာရောင်းမယ့်အစား ပစ္စည်းလာထုတ်လုပ်ဖြန့်ချိတာက နိုင်ငံအတွက် အကျိုးများစေမှာဖြစ်ပါတယ်။ ဒါတောင်မှ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ ကုန်ထုတ်ပစ္စည်းနဲ့အပြိုင် ကုန်စည်မျိုးဆိုရင်လည်း အကန့်အသတ်နဲ့သာ ခွင့်ပြုသင့်ပါတယ်။ ဒါကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေကိုလိုအပ်တဲ့အကာအကွယ်ပေးမှုလည်း ပြုလုပ်သင့်တယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတိုင်းကို လက်ခံဖို့မသင့်ဘူးဆိုတဲ့ ပညာရှင်တစ်ချို့ရဲ့ အယူအဆဟာလည်း မြန်မာနိုင်ငံမှာရှိတဲ့ လက်ရှိအသေးစားနဲ့ အလတ်စားလုပ်ငန်းများအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းတွေ ထူထူထောင်ထောင်ခိုင်ခိုင်မာမာဖြစ်လာတဲ့အထိ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ မြန်မာ့အသေးစားနဲ့ အလတ်စားလုပ်ငန်းများရဲ့ ရှေ့ခရီးဟာ တိမ်မယောင်နဲ့နက်ပြီး လွယ်မယောင်နဲ့ ခက်တာကြောင့် ဆုံးဖြတ်ချက်မှန်ကန်ဖို့ လွန်စွာအရေးကြီးပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ဇော်ဟိန်း**

---

# သူသိပါစေ

| | |
|---|---|
| အလုပ်ရှင်။ | ကောင်လေး၊ မင်းရတဲ့ဝင်ငွေအပေါ် မင်း ဘယ်လို ခန့်ခွဲပြီး သုံးစွဲသလဲ။ |
| ဝန်ထမ်း။ | ၂၅ ရာခိုင်နှုန်းက အိမ်စရိတ်၊ ၃၅ ရာခိုင်နှုန်းက စားစရိတ်၊ ၂၀ ရာခိုင်နှုန်းက အဝတ်အစားဝယ်တယ်၊ ၁၀ ရာခိုင်နှုန်းက ရုပ်ရှင်၊ ဗီဒီယိုအတွက်၊ ၂၅ ရာခိုင်နှုန်းက အခွန်အခအတွက်၊ ၁၅ ရာခိုင်နှုန်းကတော့ အထွေထွေပေါ့ ဆရာရယ်။ |
| အလုပ်ရှင်။ | ဟေ မင်းသုံးနေတာ မင်းဝင်ငွေထက် ကျော်လွန်နေပြီကွ သိရဲ့လား။ |
| ဝန်ထမ်း။ | အဲဒါ ဆရာသိဖို့လိုတာပါ ခင်ဗျာ။ |

**မောင်သီဟ**





# သောင်းဝေဦး

ကမ္ဘောဇ၏ဆောင်းညက အေးလှသည်။ မိုးနှင်းများက အဆက်မပြတ် တဖွဲဖွဲကျနေ၏။ သူတို့နှစ်ယောက် ခိုလှုံနေကြသည့် ပလတ်စတစ်တဲကလေးက သေးသေးကွေးကွေးလေးမို့ ချမ်းလို့ရယ်တုန် မလုံကွေးဟု ဆိုရမလောက်ပင်။ သို့ရာတွင်

သူတို့နှစ်ဦးကား အအေးဒဏ်ကိုမမှုဘဲ ထိုသေးကွေးသော ပလတ်စတစ်တဲကလေးမှာ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ရင်း နွေးထွေးနေကြ၏။

''သိပ်ချမ်းနေသလား ဟင်''

''ဟင့်အင်း''

''ကားတွေ ဒီညတော့ လာမှာပါ၊ တို့ ဒီမှာစောင့်နေရတာ သုံးလေးငါးရက်တောင်ရှိ ပြီနော်''

''အင်း''

''ပျင်းလား''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ''

''သူနဲ့အတူနေရလို့ပေါ့''

''အခုလို ကိုယ်နဲ့အတူ နေရတာ ပျော်လား''

''အင်း''

''ဒုက္ခရောက်တာ စိတ်မပျက်ဘူးလား''

''ဟင့်အင်း''

ကောင်လေးနဲ့ ကောင်မလေးက မိုးမလုံလေမလုံ ပလတ်စတစ်တဲကလေးအတွင်းမှာတစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကြရင်း လောကကြီးကို မေ့နေကြသည်။

ကောင်လေးက စစ်သားကလေး။ ကောင်မလေးက ကမ္ဘောဇတိုင်းက တောင်ပေါ်သူလေး။ သူတို့နှစ်ဦးကား ငယ်သူတို့ဘာသာဘာဝ ချစ်ခဲ့ကြသည်။ စစ်သားကလေးက ရွာဈေးတန်းတွင် မကြာခဏ ဈေးဝယ်တာဝန်ကျသည်။ တောင်ပေါ်သူကလေးက စစ်ကြိုက်ပစ္စည်း အတိုအထွာလေးများ ရောင်းသည်။ ဆေးလိပ်၊ မီးခြစ်၊ စီးကရက်၊ ကြက်ဥ အပါအဝင် စားစရာ ဝါးစရာလေးများ၊ အသားဘူး၊ ငါးဘူးလေးများနှင့် မဲခေါင်ပုလင်းပြားလေးများကအစ ရောင်းရရှာသည်။ လပေါင်းအတော်ကြာအောင် ရောင်းသူရောင်းပြီး ဝယ်သူက ဝယ်တော့ အရောင်းအဝယ်တည့်သွားသည့်အခါတွင်မူ ရောင်းသူဝယ်သူ ကြည်ဖြူသွားကြပြီး ဘဝတစ် ကွေ့မှာ ခဏတွေ့ရရုံမျှနှင့် မကျေနပ်ကြတော့ဘဲ ထာဝရတွေ့ဖို့ သူတို့ ဆုံးဖြတ်ခဲ့ကြသည်။

''မင်းကို အစ်ကို လက်ထပ်ယူမယ်၊ လူကြီးတွေကို ပြောပြီး တပ်ကိုခေါ်မယ်၊ လိုက်မှာလား''

''အင်း''

တောင်ပေါ်သူလေးက ခေါင်းညိတ်သည်။ တာဝန်ပြီးဆုံး၍ တပ်ပြန်မည်ဆိုတော့ စစ်သားကလေးက တောင်ပေါ်သူလေးကို သူ့တပ်ကို တစ်ခါတည်း ခေါ်ခဲ့၏။ သူမလိုက်ပါမည့် အချိန်ကျမှ ကားများက ချက်ချင်း ပြန်မဆင်းကြ။ နယ်စပ်မြို့လေးမှာ အချိန်ကြာမြင့်စွာ သောင်တင်နေသည်။ ပွင့်လင်းရာသီမို့ သောင်းကျန်းသူ အသူရာများက ထကြွနေကြ၏။ တံတားတွေ ဖျက်သည်။ ကားတွေကို မိုင်းထောင်သည်။ ချောင်းပစ်သည်။ ဒါက သူတို့လုပ်ရိုးလုပ်စဉ်။ ယခုလည်း တံတားအချို့ မီးရှို့ခံထား၍ ပြင်ဆင်နေရသည်။ တံတားများမပြီးမချင်း ကားများ သွားမရသေးပါ။ တံတားပြင် လမ်းပြင်တာစောင့်ရင်း သူတို့နှစ်ဦး ဒီနေရာလေးမှာ ခိုလှုံနေကြသည်။

စစ်သားကလေး၏တပ်က ဤလမ်းကြောင်းမှာ လုံခြုံရေးလုပ်ရင်း ကားများအလာကို စောင့်နေကြသည်။ သူတို့သည် ဤဒေသမှာ လပေါင်းအတော်ကြာပြီမို့ ယခု ရောဝတီဘေးရှိ သူတို့တပ်ရင်းဌာနချုပ်သို့ပြန်ရန် အလှည့်ကျပြီ။

ဘဝတစ်ကွေ့မှာ
ခဏတွေ့ရရုံမျှနှင့်
မကျေနပ်ကြတော့ဘဲ ထာဝရတွေ့ဖို့
သူတို့
ဆုံးဖြတ်
ခဲ့ကြသည်။

ကားများ မလာနိုင်သေး၍ သူနှင့်သူမ ဤနေရာကလေး၌ တဲကလေးထိုးပြီး တူနှစ်ကိုယ် တဲအိုပျက်ကလေးမှာအတူနေရင်း အနာဂတ်ဘဝသစ်ကလေးကို စိတ်ကူးယဉ် တည်ဆောက်နေကြသည်။ မတွေ့ဖူးသေးသည့် အတွေ့ထူးသည့် အချစ်၏အရသာကို စမ်းသပ်ထိတွေ့နေကြသည်။

''နောင့်ရိမ်း''

''အင်း''

''အိပ်ချင်ပြီလား၊ အိပ်တော့လေ''

''ကားတွေလာရင် လွတ်သွားမှာစိုးလို့''

''မလွတ်ပါဘူး အစ်ကို နှိုးမှာပေါ့''

''မင်းပစ္စည်းလေးတွေကော''

''ရှိတယ်၊ ဒီမှာ''

သူမက ပစ္စည်းအိတ်ကလေးနှင့် မယူမဖြစ်ယူလာသည့် ခြင်းတောင်းလေးကို ပြသည်။ ဒီခြင်းတောင်းလေးက သူမဈေးရောင်းသည့်အခါ ပါလာနေကျ။

''အစ်ကို့ သေနတ်ကော ဟင်''

''ဒီမှာလေ''

သူက သူကိုင်ရသည့် ဂျီဖိုးခေါ် စက်ကလေးသေနတ်ကို ပြ၏။ သေနတ်ကို ညာဘက်မှာထားပြီး ချစ်သူကို ဘယ်ဘက်မှာထား၍ သူအိပ်မည်။ စစ်သားဆိုတာ သေနတ်ကို ချစ်သူလို ချစ်ရသည်လေ။ သေနတ်က ညာ၊ ချစ်သူက ဘယ်။

အိပ်ပါမည်ဆိုသော်လည်း အိပ်မပျော်ကြ၍ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ထိတွေ့ပွေ့ဖက်ရင်း အချစ်တစ်ပွဲကို စစ်ပွဲတစ်ရာပမာ နွှဲလိုက်ကြရာ တိုက်ပွဲပြီးဆုံးမှ မောပန်းနွမ်းလျကာ လုံးဝ အိပ်ပျော်သွားကြလေသတည်း။

\+ \+ \+

ယခုအပတ် စစ်ဆင်ရေးကာလကား ပွဲအတော်ကြမ်းသည်။ တိုက်ပွဲကလည်း တိုက်လိုက်ရသည်မှာ မပြောပါနှင့်တော့။ ပြည်နယ်၏ မြို့တော်အရှေ့ခြမ်းရောက်ပြီဆိုကတည်းက အမျိုးမျိုးသော

အသူရာများက အစွမ်းပြကြသည်။ Convoy ယာဉ်တန်းများကို ချောင်းပစ်ကြသည်။ Column စစ်ကြောင်းများကို ချောင်းပစ်သည်။ တပ်ဖွဲ့ငယ်လေးများကို Ambush ချုံခိုတိုက်ခိုက်သည်။ ရိက္ခာပို့အဖွဲ့များကို ပစ်ခတ်နှောင့်ယှက်သည်။ စခန်းအသီးသီးကို ရိက္ခာပို့မရအောင် လုပ်သည်။ သူတို့စခန်းများကို ချီတက်တိုက်ခိုက်မည့်မိမိတို့ စစ်ကြောင်းကြီးများကို ဟန့်စစ်ဆင်သည်။

အသူရာတို့က တစ်ဖက်နိုင်ငံကို အားကိုးကာ လှုပ်ရှားကြသူများဖြစ်သဖြင့် နယ်စပ်ဒေသများတွင် သူတို့၏ အခိုင်အမာစခန်းများရှိ၏။ တာဝန်အရ ဗိုလ်မှူးကလေးသက်ဦးတို့တပ်ဖွဲ့များ ထိုစခန်းများကို အကြိမ်အတော်များများ ချီတက်တိုက်ခိုက်ပြီးပါပြီ။ ချီတက်တိုက်ခိုက်မှုများ အောင်မြင်သော်လည်း မိမိတို့ဘက်မှလည်း အကျအဆုံးများရှိခဲ့၏။ ထိခိုက်ဒဏ်ရာရသူများရှိခဲ့၏။ သို့ရာတွင် ရည်မှန်းချက်များကိုတော့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါသည်။ အောင်မြင်မှုဆုကြေးအဖြစ် ဒီတစ်ခေါက် ဗိုလ်မှူးကလေးသက်ဦးတို့တပ်စောစော ပြန်နားရမည်။ စောစောဆိုတာတောင် ခြောက်လ၊ ခုနစ်လလောက်တော့ ရှေ့တန်းမှာ နေရပါသေးသည်။ မိုးဦးကျစက ဤခွင်ကို ဝင်ခဲ့သည်။ ယခု ဆောင်းလယ်အေးလို့ ချမ်းလို့ အလွန်ကောင်းသည့်ကာလ။

အသူရာများက သူတို့အား နယ်စွန်နယ်ဖျားအထိ လိုက်လံတိုက်ခိုက်ထားသည့် ဗိုလ်မှူးသက်ဦးတို့တပ်ကို အခဲ မကျေဘဲ အဆက်မပြတ် လိုက်လံပစ်ခတ်နှောင့်ယှက်နေ၏။ ကားတွေသွားမရအောင် မိုင်းထောင်၏။ တံတားတွေကို မီးရှို့ချိုးဖျက်ကြ၏။ ထို့ကြောင့် လဲမည့်တပ်ရောက်လာသော်လည်း ချက်ချင်းမပြန်နိုင်ဘဲ လမ်းပြင်နေရ၏။ ယခုဆလက ဝန်ထမ်းများနှင့် ပူးပေါင်းလမ်းပြင်ရင်း သူတို့စစ်ကြောင်းရှေ့မှ ကြိုထွက်လာရသည်။ ကားလမ်းဘေးမှာ စစ်ကြောင်းအခြေပြုထားရသည်။

သူ့စစ်ကြောင်းရုံးကတော့ အိမ်ကလေးသုံးလေးလုံးရှိသည့် ချောင်းဘေးမှာ အခြေပြုထားသည်။ ချောင်းကူးဘေလီတံတားကြီးက ဤလမ်းကြောင်း၌ အကြီးဆုံးတံတားကြီး၊ ဤတံတားကြီးကို သူပင်ဦးစီးပြုပြင်ရသည်။ ရက်သတ္တတစ်ပတ်ကြာခန့် ပြင်လိုက်ရသည်။ တံတားကြီးပြီးသည့်နေ့က ချောင်းတစ်လျှောက် လိုက်လံစစ်ဆေးရင်း အိုင်ဆာဂျင်အား မေးမိသည်။

"ဟိုတဲလေးက ဘယ်သူ့တဲလေးလဲ"

"ဆရာကြီးမြတ်ကျော်တပ်စုက တဲပါခင်ဗျ"

"ဘယ်သူတွေနေတာလဲ"

"မိုးပေါ်နဲ့ သူ့ကောင်မလေးခင်ဗျ"

"ဟေ"

"မိုးပေါ်က လွယ်မလေးတစ်ယောက်နဲ့ယူမလို့ သူ့တပ်ခွဲမှူးဆီမှာ စာတင်တာ ခွင့်ပြုချက်ရလို့ခေါ်လာတာတဲ့ခင်ဗျ"

"ဩော်"

"မိုးပေါ်ဆိုတာက ဟိုတရုတ်ဖြူတောင်တိုက်ပွဲတုန်းက ရှေ့က ဂျီဖိုးနဲ့တက်တိုက်တဲ့ အညာသားလေး မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

တရုတ်ဖြူတောင်တိုက်ပွဲတုန်းက ရန်သူက တောင်ထိပ်တွင် ပစ်ကျင်းများ ဆက်သွယ်ရေးမြောင်းများတူးပြီး အခိုင်အမာ ခံစစ်ဆင်နေကြရာ ဒုတိယတပ်ကြပ်သူရဖုန်းနိုင်နှင့် တပ်စိတ်က အတင်းဝင်ပြီး ရန်သူကို လုံးသည်။ မိုးပေါ်က သူ့ဂျီဖိုးစက်ကလေးကို တရစပ်ပစ်ကာ သူ့ဆရာနှင့်အတူ ရန်သူကို ချေမှုန်းခဲ့သည်။ ရန်သူ့နေရာကို သူတို့ရှေ့ပြေးတပ်စိတ်က ရုတ်ခြည်း တိုက်စစ်ဖြင့် သိမ်းနိုင်ခဲ့သည်။ ထိုတိုက်ပွဲပြီးကတည်းက မိုးပေါ်ကို သူ မှတ်မိသိရှိသွားသည်။ တပ်ခွဲကလည်း မိုးပေါ်ကို ဂျီဖိုးမိုးပေါ်ဟု ခေါ်ကြသည်။

**တာဝန်အရ ဗိုလ်မှူးကလေး သက်ဦး တို့တပ်ဖွဲ့များ ထိုစခန်းများကို အကြိမ် အတော်များများ ချီတက် တိုက်ခိုက်ပြီးပါပြီ။ ချီတက် တိုက်ခိုက်မှုများ အောင်မြင် သော်လည်း မိမိတို့ ဘက်မှလည်း အကျအဆုံး များရှိခဲ့၏။**

"မိုးပေါ်က စစ်သက်ဘယ်လောက်ရှိပြီလဲ"

စစ်သက်မပြည့်က အိမ်ထောင်ပြု၍ မရပါ။ အနည်းဆုံး နှစ်နှစ် သုံးနှစ်တော့ လူပျိုဘဝနှင့် နေရပါသည်။

"လေးငါးနှစ်ရှိပါပြီခင်ဗျ"

"သူ့ကောင်မလေးက ဘယ်ကတဲ့လဲ"

"အရှေ့ဘက်တောင်တွေပေါ်ကတဲ့ ခင်ဗျ"

"ဘယ်လိုလုပ်ပြီး တွေ့ကြတာလဲ"

"ကောင်မလေးက အဖေအမေ မရှိတော့ဘူးခင်ဗျ၊ အဒေါ်နဲ့နေရတာ၊ တောင်ပေါ်မှာ တောင်ယာလုပ်ရတာ ပင်ပန်းလွန်းလို့၊ ပြီးတော့ ကောင်မလေးက ညိုချောလေးဆိုတော့ အသူရာကောင်တွေကလည်း ဆွဲမယ် ယမ်းမယ် တကဲကဲတဲ့ ခင်ဗျာ၊ အဲဒါ ဈေးဆင်းရောင်းရင်း မိုးပေါ်နဲ့တွေ့တာတဲ့ ခင်ဗျ"

"မိုးပေါ်က သူ့တပ်စိတ်မှာ ရိက္ခာကိုင်တာခင်ဗျ၊ ဒီကောင်က ဘုန်းကြီးကျောင်းသား လူထွက်၊ ထမင်းချက်

ဟင်းချက် ကောင်းတယ်ခင်ဗျ''

''အိုင်ဆာဂျင်ကြီးက တယ်သိပါလား''

''မိုးပေါ်က ကျွန်တော်နဲ့လည်း နေသွားဖူးတယ်ခင်ဗျ''

''ဩော် ... ဒါဆို ဒီကောင့်ကို ခင်ဗျားကောင်းကောင်းသိတာပေါ့''

''သိပါတယ်ခင်ဗျ''

အိုင်ဆာဂျင်ဆိုသည်မှာ Intelligence Sergeant ထောက်လှမ်းရေးတပ်ကြပ်ကြီးကို ခေါ်ခြင်းဖြစ်၏။ သူ့အထက်၌ အိုင်အိုခေါ် Intelligence Officer ထောက်လှမ်းရေးအရာရှိရှိသည်။ အိုင်အိုက တပ်ရင်းမှူးကြီး၏ စစ်ကြောင်း (၁)၌ တာဝန်ထမ်းဆောင်ပြီး အိုင်ဆာဂျင်ကို စစ်ကြောင်း(၂)သို့ ပေးထား၏။

''သူ့ကောင်မလေးကော မြင်ဖူးလား''

''မြင်ဖူးပါတယ်ခင်ဗျ၊ ညိုချောလေးပါ''

''ဩော်''

''စစ်ကြောင်းမှူးတို့အညာက ညိုညိုချောချော ကောင်မလေးရုပ်မျိုးခင်ဗျ''

''အမယ် ... ခင်ဗျားက ကျုပ်တောင်ဆွဲထည့်လိုက်သေးတယ်''

''ကဲ ... အသားကကော ဘာဖြစ်လို့ ညိုတာလဲ''

''တောင်ပေါ်ရှမ်းတွေ ခင်ဗျ၊ တိုင်းလွယ်တွေက ညိုပါတယ်''

''ဩော် ... ဆာဂျင်ကြီးက အတော်သိတာပဲ''

''တခြားကော ဘာများသိသေးလဲ''

''ကောင်မလေးက အဖေ၊ အမေမရှိတော့ အားကိုးရာ မရှိဘူးခင်ဗျ၊ မိုးပေါ်ကလည်း တိုက်ပွဲမှာတော့ စွန့်စွန့်စားစား တိုက်ရဲခိုက်ရဲပေမယ့် အသည်းကတော့ နုတယ်ခင်ဗျ၊ အတော်သနားတတ်ပါတယ်''

''အမယ် .. တယ်ဟုတ်ပါလား၊ အဲဒီတော့ ဘာဖြစ်လဲ''

''ကောင်မလေးကိုသနားပြီး ယူဖို့လုပ်တာတဲ့ခင်ဗျ''

''အင်း .. ကောင်းဗျာ၊ ခင်ဗျားတို့အကြောင်းပြချက်တွေနဲ့ ခင်ဗျားတို့ကတော့ ဟုတ်နေတာပဲ၊ မိန်းမယူတော့မယ်ဆိုရင် သနားလို့တို့၊ ချစ်စရာကောင်းလို့တို့၊ အားကိုးစရာမရှိလို့တို့နဲ့ ခင်ဗျားတို့သနားတာ ကျုပ်သိပါတယ်ဗျာ၊ ဟား .. ဟား ... ဟား ... ဟား .. ''

ထိုနေ့က ဗိုလ်မှူးကလေး မောင်သက်ဦးသည် သူ့စစ်ကြောင်းမှ အိုင်ဆာဂျင်ကြီး၏ အဖြေကို အလွန်သဘောကျသွားပြီး အထက်ပါအတိုင်း ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

\+ \+ \+

လတံစဉ်ကွေးလေးတွေက ခပ်ရေးရေးသာ ကျန်တော့သည်။ နှင်းမှုန်များကလည်း ခပ်ဖွေးဖွေးကျနေ၏။ ဆောင်းလေအေးကလည်း ဝေ့ဝဲတိုက်ခတ်နေ၏။ တူနှစ်ကိုယ်အိပ်မည်ဆိုက အလွန်အိပ်ကောင်းသည့်အချိန်။

Convoy ခေါ် စစ်ယာဉ်တန်းက ညအတော်နက်မှ မိမိတို့နေရာမှ ဖြတ်၏။

''စစ်ကြောင်းမှူး ... တပ်ရင်းမှူးကြီးက နောက်ဆုံးက ပိတ်လိုက်ဖို့ မှာပါတယ်ခင်ဗျ''

''ဩော် ... အင်း အင်း၊ အားလုံးတော့ အသင့်ပြင်ခိုင်းထားဗျာ၊ မီးထိုးတာတို့၊ အသံဗလံတွေ ထွက်တာတို့ မဖြစ်စေနဲ့၊ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်ဆိမ်ဆိမ်လုပ်ကြ''

လာသတင်းပို့သည့် အိုင်ဆာဂျင်ကြီးကိုပင် ပြောရတော့သည်။ ရန်သူက သူ့ခွင်ထဲမှ ထွက်သွားတော့မည့် မိမိတို့တပ်ယာဉ်တန်းကို အပိုင်တိုက်ရန် ကြိုးစားနေသည်။ ထို့ကြောင့် ညဥ့်နက်မှ အငိုက်ဖမ်းပြီး ဤခွင်မှ ထွက်ခွာရန် အထက်မှ ညွှန်ကြားချက်ရထား၏။ ထိုသတင်းကိုလည်း အောက်ခြေသို့ ချပြထားသည်။ တပ်ပြန်ခါနီးကျမှ ပစ်တာခတ်တာ မလုပ်ချင်တော့ပါ။ ထိတာရှတာတွေလည်း မဖြစ်စေချင်ပါ။ တပ်ရောက်မှ ဘယ်သူတော့ ကျခဲ့ပြီ။ ဘယ်သူတော့ ကျိုးပဲ့သွားပြီ၊ ပြတ်သွားပြီ၊ အတိုတစ် အရှည်တစ်ဖြစ်သွားပြီဆိုတာမျိုး သူမပြောလိုပါ။ မိမိလည်း အိမ်ထောင်သည်မို့ ကိုယ်ချင်းစာပါသည်။ မိမိသေနတ်ထိမှန်ခဲ့စဉ်ကလည်း မိမိဇနီးမှာ



ကလေးငယ်သုံးဦးနှင့် အသက်က နှစ်ဆယ့်သုံးလေးနှစ်သာရှိသေး၏။ မတော်တဆ မိမိသာ သေသွားခဲ့ရင်ဖြင့် ကလေးသုံးဦးနှင့် မုဆိုးမလေးဖြစ်ကျန်ခဲ့ပေရော့မည်။

အတွေးကောင်းနေစဉ် အစီးလေးငါးဆယ်ပါဝင်သော ယာဉ်တန်းကြီးကတဖြည်းဖြည်း တစ်စီးချင်း တစ်စီးချင်း သွားနေကြ၏။ အားလုံးမီးများ မှိတ်ထားသည်။ လရောင်ဖြင့် သွားနေကြခြင်းဖြစ်၏။ ထို့ကြောင့် ကားသံများပင်ကောင်းကောင်း မကြားကြရ။

''စစ်ကြောင်းမှူး ... ကျွန်တော်တို့စစ်ကြောင်းအတွက် နောက်ဆုံးကားနှစ်စီးနဲ့ Brake Down ကားရောက်ပြီခင်ဗျ''

''ကဲ ... တင်လေ၊ ရဲဘော်တွေ တက်ခိုင်း၊ လူလည်းစစ်အုံး''

''ရှေ့ကကားမှာ ဘယ်သူ့တပ်စုတင်မှာလဲ''

''ဆရာကြီးမြတ်ကျော် တပ်စုပဲတင်မှာပါ ခင်ဗျ''

စစ်ကြောင်းရုံးကားရှေ့၌ ကားတစ်စီးရှိပြီး နောက်၌ Brake down ကားရှိ၏။

ရှေ့ကကားက တော်တော်နှင့် မထွက်။ လူစစ်နေသည်။ ကြည့်ရတာ လူစုံသေးဟန်မတူ။ သူကလည်း ဒီနေရာက မြန်မြန်ခွာချင်ပြီ။ ဒီနေရာက မိုင်လေးငါးဆယ်ဝေးသွားပါမှ ရန်သူ့အန္တရာယ်က စိတ်ချရမည်ဖြစ်၏။

''အိုင်ဆာဂျင်ကြီး ... ဆရာမြတ်ကျော် တပ်စုကားလူတင်တာက ကြာတယ်ဗျာ၊ ဘာဖြစ်နေတာလဲ''

ဒေါသနည်းနည်း ထွက်ချင်လာ၏။ အရေးကြီးပါတယ်ဆိုမှ အမြန်လို အနှေးတွေ့နေရသည်။

''လူမစုံသေးလို့တဲ့ခင်ဗျ'' '' တပ်စုဆက်သားလွတ်ပြီး ကျန်တဲ့သူ သွားခေါ်နေပါပြီခင်ဗျာ''

''ကြာတယ်ဗျာ၊ မြန်မြန်လုပ်ခိုင်းစမ်းပါ''

''ဟော... လာပြီ ခင်ဗျ၊ လာပြီ လာပြီ''

မှုန်ပျပျလရောင်အောက်တွင် စစ်ကြောင်းမှူးကလေးသည် ခပ်လှမ်းလှမ်းမှ ပြေးလာသူနှစ်ဦးကို မြင်ရတော့သည်။

ထိုအခါ၌မူကား သူစိတ်မဆိုးနိုင်တော့ပါ။ စိတ်မဆိုးရက်တော့ပါ။ ရယ်ပင်ရယ်လိုက်မိပါတော့သည်။

မြင်ကွင်းက တခြားမဟုတ်ပါခင်ဗျာ။

ဂျီဖိုးမိုးပေါ်အမည်ရ စစ်သားကလေးက သူ့ဇနီးလောင်း တောင်ပေါ်သူလေး၏ အဝတ်အိတ်တစ်ဖက်၊ ဆွဲခြင်းတစ်ဖက်ဆွဲကာ ပြေးလာပြီး သူ့ကောင်မလေးက မိုးပေါ်၏ ဂျီဖိုးသေနတ်ကို အပစ်လက်ကိုင်မှဆွဲကာ ပြေးလာကြသောကြောင့်ပါတည်း။

''ဩော် ... ဖြစ်မှဖြစ်ရလေ မိုးပေါ်ရယ်... ဟား.. ဟား... ဟား.. ဟား''

စာရှုသူများခင်ဗျား...

ဤဝတ္ထုလေးမှာ စာရေးသူ မကြာခဏသတိရမိသည့် တစ်ခါက ကမ္ဘောဇမှ မမေ့နိုင်သော ဆောင်းညတစ်ညအကြောင်းပါခင်ဗျာ။

စာရှုသူများကို တင်ပြရန် တစ်ခုကျန်ပါသည်။ ဇာတ်အဖွင့်က ကောင်လေးနဲ့ ကောင်မလေးမှာ ဂျီဖိုးမိုးပေါ်နှင့် သူ့ဇနီးလောင်း တောင်ပေါ်သူလေးဆိုတာကိုတော့ ပြောစရာမလိုဘဲ စာရှုသူများသိမည်ဟု ထင်ပါသည်ခင်ဗျား။

**သောင်းဝေဦး**

■

# ကြိုမြင်တတ်သူ



ဘောလုံးလောကမှာ အောင်မြင်နေတုန်း ကစားသမား ဟန့်ဂရင်းဘတ်(ဂ်) (Hank Greenberg)က ထိုစဉ်က ဒဲထရိုက်တိုက်ဂါးအုပ်စု (Detroit Tigers)ရဲ့ ပိုင်ရှင်လည်းဖြစ်တဲ့ စပွန်ဆာ ဝေါလ်တာဘရစ်(Walter Briggs)ကို လစာတိုးမြှင့်ပေးဖို့ တောင်းဆိုတယ်။

ဘရစ်က ပြောတယ်။

''ဟန့်! ဒီလောက်ကြေးများများကို မင်း ဘာကြောင့်လိုတယ်ဆိုတာ ငါတော့ သဘောမပေါက်ဘူး၊ ငါ မင်းအရွယ်တုန်းကဆိုရင် ငါ့မှာ ကလေးနှစ်ယောက်ရှိတယ်၊ ဝင်ငွေဆိုတာ တစ်ပတ်မှ ၂၅ ဒေါ်လာပဲ ရတယ်''

''အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့၊ ခင်ဗျားအရွယ်လောက်ရောက်ရင် ကျွန်တော့်မှာ ကလေးနှစ်ယောက်နဲ့ တစ်ပတ်ဝင်ငွေကလည်း ၂၅ ဒေါ်လာလောက် ရှိတော့မှာလေ''ဟု ဂရင်းဘတ်က ပြန်ပြောလိုက်ပါတယ်။



**မောင်သီဟ**




# ရက္ခစိုးကြီးထံ ဆုမပန်နိုင်တဲ့အဖြစ်

ကိုဇော်

လမ်းထိပ်ကရောက်တတ်ရာရာ လေထန်ကုန်းဆိုင်မှာ ရေဘေးသင့်ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးမယ့် NGO အဖွဲ့မှ လာရောက်အလှူခံကာ ရန်ပုံငွေရှာမယ် ဆိုလို့ ကော်ဖီပလီန်းမှာသောက်ရင်းနဲ့ ထိုင်စောင့်နေစဉ်. . .

“ဗျို့ လူပျိုကြီး မင်္ဂလာဆောင်ပါ၊ မိုးအေးအေးနဲ့ ကွေးနေမယ်လို့ထင်တာ၊ ဟင် အခုတော့ အထုပ်အပိုးနဲ့ ဘယ်ရွှေ့မလို့လဲ၊ မဟုတ်မှလွဲရော၊ ဝါတွင်းအခါ သမယမှာ မိန်းမခိုးပြေးမလို့လား၊ မကြံ



ကောင်း မကြံစည်အပ်တာတွေ မလုပ်ပါ နဲ့ လူပျိုကြီးရာ''


''ဟာ ... ကိုဇော်ကလည်း ပေါက်ပန်းဈေး ဗရုတ်သုတ်ခတွေ ရမ်းတုတ်မနေနဲ့၊ ရေဘေးသင့်ပြည်သူတွေကို ကိုယ်တတ်နိုင်စွမ်းအားရှိသရွေ့ လှူမလို့ဗျ၊ အာရုံလာမနှောက်နဲ့ တင်းတယ်''

''နို့ သိမှမသိဘဲကိုး၊ ဆောရီးနော် လူပျိုကြီး၊ ကျုပ်တို့မိသားစုလည်း တတ်နိုင်အားရှိသရွေ့ မေတ္တာစေတနာ သဒ္ဓါတရားထက်သန်စွာနဲ့ လှူမလို့၊ ဒီကိုထွက်လာပြီးတဲ့သကာလ အိမ်က မိန်းမနဲ့ ကလေးတွေက လဆန်းရက်ဆိုတော့ ထုံးစံအတိုင်း''

''ပါဆယ်လေးလုပ်ပါအုံးဆိုလို့ အပြန်ကျရင် ဆွဲသွားရအုံးမယ်လို့ ပြောအုံးမှာပဲ မဟုတ်လား၊ ကြက်တူရွေးတောင်ကြားရဖန်များလို့ အလွတ်ရနေပြီ၊ ဒါနဲ့များဗျာ လူကိုတွေ့တိုင်း မင်္ဂလာဆောင်ဖို့ပဲ ပြောနေရသေးတယ်၊ ဘဝအဖော်မွန်ဆေးပေးမီးယူဆိုပေမယ့် ကျုပ်က ဆေးပေးတာတော့ လိုချင်ပါရဲ့၊ မီးတော့ မလိုချင်ပေါင် ပူလာတယ်ဗျ''

''အမယ်လေး ကိုယ်သိတတ်ပ လူပျိုကြီးရဲ့၊ ဟား.. ဟား.. ဟား.. ဟာဒယရွှင်ဆေးတိုက်ကျွေးလို့ စိတ်ချမ်းသာမှ လူကျန်းမာမယ်ဆိုပေမယ့် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲသောကတွေကို ခံစားစေတဲ့သဘာဝဘေးအန္တရာယ်ဆိုးကြီးရဲ့အကြောင်း သိကောင်းစရာ ဗဟုသုတ မျှဝေပေးပါအုံး လူပျိုကြီးရဲ့''

''အခု ခရစ်နှစ်ဟာ နှစ်ဆယ့်တစ်ရာစုနှစ်ကို ရောက်နေပါပြီ၊ ဒီလိုခေတ်စနစ်တွေ ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာကြီးပေါ်မှာ မှီတင်းနေထိုင်စားသောက် လုပ်ကိုင်ဆောင်ရွက်နေကြကုန်သော လူသားတို့ရဲ့ နေထိုင်မှုပုံစံနဲ့ လူဦးရေကလည်း ပြောင်းလဲတိုးပွားများလာခဲ့ပါတယ်၊ ဒီအခြေမှာ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးတွေကို ဘက်စုံဖွံ့ဖြိုးခေတ်မီတိုးတက်လာဖို့အတွက် ဟိုရှေးယခင်လူမျိုးဘာသာဓလေ့ထုံးတမ်းအရ လက်မှုပညာတွေနဲ့ ဆောင်ရွက်လုပ်ကိုင်နေခြင်းကို ဆန့်ကျင်ဆန်းသစ်တီထွင်ကြံဆကာ စက်မှုခေတ်ကို ထူထောင်လာခဲ့ကြပါတယ်၊ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ စစ်ဘေးဒဏ်ကြောင့် ချွတ်ခြုံကျနေတဲ့ နိုင်ငံရဲ့အခြေကို ပြန်လည် ဦးမော့ခေတ်မီဖွံ့ဖြိုးတိုးတက်လာရအောင် စက်မှုလုပ်ငန်းတွေကို အပြိုင်အဆိုင် တီထွင်ကြံဆထုတ်လုပ်ကာ နိုင်ငံရဲ့ စီးပွားရေးဈေးကွက်ပြည်တွင်းပြည်ပချဲ့ထွင်လာလိုက်ကြတာ ယနေ့ကမ္ဘာကြီးဟာ ရွာသစ်ကြီးပမာ အိုင်တီခေတ်ကို ရောက်ရှိနေတာ ကိုဇော်လည်း အသိပါ''





''ဒါပေမဲ့ အဲဒီလို ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံချမ်းသာကြွယ်ဝလာသည်နှင့်အမျှ ကမ္ဘာ့စီးပွားရေးဈေးကွက်ကြီးအပေါ် လောဘဇောတက်၊ လက်ဝါးကြီးအုပ်၊ အာဏာစက်ဖြန့်ကြက်ခြယ်လှယ်ချုပ်ကိုင်၊ ချမ်းသာလာသည်ထက် ပိုပြီးချမ်းသာချင်တာကြောင့် တောင်ကုန်းတောင်စောင်းရှိ သစ်ပင်ချုံတောတွေကို ခုတ်ထွင်ရှင်းလင်း တောမီးရှို့ကာ လိုအပ်သလို မြေအနေအထားပြုပြင်ချဲ့ထွင်လာကြသလို မြို့ပြအဆောက်အအုံသစ်များ၊ စက်မှုလုပ်ငန်းအဆောက်အအုံသစ်များ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလမ်းတံတားသစ်များ၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလေဆိပ်သစ်များ၊ ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံစက်ပစ္စည်းကိရိယာသစ်များတွေကို ဖောက်လုပ်တပ်ဆင်တည်ဆောက်လာကြတယ်၊ လိုအပ်တဲ့ စွမ်းအင်ရဖို့ မြစ်ချောင်းတွေကို ပိတ်ကာ ဆည်မြောင်းတာတမံ ရေကာတာကြီးတွေ တည်ဆောက်ကြသလို စွမ်းအင်နဲ့ စက်မှုကုန်ကြမ်းပစ္စည်းတွေ ရရှိဖို့ မြေပေါ်မြေအောက် ရေအောက်ပါမကျန်ရအောင် အဖိုးတန်သဘာဝသယံဇာတတွေကို ရှာဖွေတူးဖော်ထုတ်လုပ်ယူကြတယ်ဗျာ''

''ဒီလို စက်မှုလုပ်ငန်းကြီးများ အပြိုင်အဆိုင်ချဲ့ထွင် လည်ပတ်လုပ်ကိုင်ထုတ်လုပ်ခြင်းများရဲ့ အကျိုးဖြစ်ထွန်းမှုကြီးမားလာခဲ့သလို၊ ဘေးထွက်ဆိုးကျိုး

**လေထုညစ်ညမ်းမှု၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သိပ်သည်းဆ ဖိနှိပ်မှုပိုများမြင့်တက်လာစေသလို စက်ရုံများမှ စွန့်ပစ်ထုတ်လိုက်တဲ့ပစ္စည်းနဲ့ အရည်တွေက ပတ်ဝန်းကျင်ရှိ ရေမြေတွေသာမက လူနဲ့သတ္တဝါတွေကိုပါ အဆိပ်သင့်ရောဂါဆန်းတွေ ဖြစ်ပွားစေခဲ့ပါတယ်။**

တွေကတော့ စက်ရုံများမှ စွန့်ထုတ်လိုက်သော မီးခိုးငွေ့နဲ့ ပြာမှုန့်တွေက လေထုညစ်ညမ်းမှု၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သိပ်သည်းဆ ဖိနှိပ်မှုပိုများမြင့်တက်လာစေသလို စက်ရုံများမှ စွန့်ပစ်ထုတ်လိုက်တဲ့ပစ္စည်းနဲ့ အရည်တွေက ပတ်ဝန်းကျင်ရှိ ရေမြေတွေသာမက လူနဲ့သတ္တဝါတွေကိုပါ အဆိပ်သင့်ရောဂါဆန်းတွေ ဖြစ်ပွားစေခဲ့ပါတယ်။ ဒီလိုခေတ်စနစ်တွေနဲ့အညီ လူနေထိုင်လုပ်ကိုင်စားသောက်မှုပုံစံ ပြောင်းလဲခြင်းတွေက ကမ္ဘာကြီးကို စိုပြည်စိမ်းလန်းသာယာနေအောင် သဘာဝကဖန်တီးအကာအကွယ်ထိန်းသိမ်းထားသော တောတောင်ရေမြေတွေအား ပြုန်းတီးပျက်စီးအနေအထားပြုပြင်ပြောင်းလဲလိုက်ခြင်းတွေကြောင့် ကမ္ဘာကြီး ဖန်လုံအိမ်ပမာ အကာအကွယ်ပေးနေတဲ့ အိုဇုန်းလွှာကြီးဟာ နှစ်ဆယ်ရာစုနှစ်အတွင်းမှာ ပေါက်ပြဲကာ သဘာဝဘေးအန္တရာယ်ဆိုးကြီးတစ်ခုဖြစ်တဲ့ နေရောင်ခြည် တိုက်ရိုက်ထိရောက်မှုဒဏ်ကို လူသားတို့ စတင်ခံစားလာရသလို ကမ္ဘာကြီးလည်း နဂိုကထက် ကိုယ်အပူချိန်မြင့်တက်လာကာ ဖျားနာလာပြီ။ သဘာဝဘေးအန္တရာယ် အပူလှိုင်းဒဏ်သင့်ကာ ရေတွေခန်းခြောက်အငွေ့ပြန်ကုန်လို့ မြေတွေလည်း ခြောက်သွေ့ပပ်ကြားအက်ကုန်တယ်၊ တောမီးထလောင်မှုတွေဖြစ်သလို မီးတောင်တွေလည်း လှုပ်ရှားသက်ဝင်ကာ ပေါက်ကွဲကုန်ကြပြီ၊ မြေလွှာတွေပြောင်းရွှေ့လှုပ်ရှားခြင်းကြောင့် မြေငလျင်လှုပ်ခတ်မှုတွေကလည်း ကုန်းမြေပေါ်တွင်မကဘဲ ပင်လယ်ရေမျက်နှာပြင်အောက်မြေကြမ်းမျက်နှာပြင်ကိုပါ လှုပ်ခတ်တာကြောင့်ပင်လယ်ရဲ့ ဒီရေလှိုင်းလုံးကြီးမြင့်တက်လာကာ ကမ်းခြေကို တိုက်ဖျက်တဲ့ ရေလွှမ်းမိုးသွားမှုက ဆူနာမီလို့အမည်တွင်ကာ လူသတ္တဝါတွေရဲ့အသက်စည်းစိမ်ဥစ္စာများစွာကို ဖျက်ဆီးခြေချသွားတာကတော့ ကမ္ဘာ့သမိုင်းဝင်သဘာဝဘေးအန္တရာယ်ဆိုးကြီးတစ်ခုပဲမဟုတ်လားဗျာ။ ဒီလိုပဲ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာတာကစပြီး ရွှေ့လျား လေထုအစားထိုး ဝင်ရောက်လာမှုကြောင့် တဖြည်းဖြည်းနဲ့ အလွန်ပြင်းထန်သော လေမုန်တိုင်းအဆင့်သို့ရောက်ကာ ကုန်းတွင်းဆီကို ရွှေ့လျားလေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန် အဆက်မပြတ် ရွာသွန်းမှုကလည်း သဘာဝဘေးအန္တရာယ်ဆိုးကြီးတွေပါပဲ''

''ဒီလို သဘာဝဘေးအန္တရာယ်ဆိုးကျရောက်ဖြစ်ပေါ်လာမှုတွေကြောင့် နှစ်ဆယ့်တစ်ရာစုနှစ်ဦးပိုင်းမှာ ဂျပန်နိုင်ငံကဦးဆောင်ကာ ကျိုတိုပရိုတိုကို(Kyoto Protocol:)အဖွဲ့အစည်းကို ''အချိန်သိပ်မကျန်တော့ဘူး'' ''တို့တစ်တွေရဲ့ကမ္ဘာကြီး ပူနွေးလာမှုကို ရပ်နားသွားရအောင် ကျိုတိုပရိုတိုကိုအား လိုက်နာဆောင်ရွက်ကြပါစို့ (There is no time left it. We must obey the kyoto protocol to halt Global Warming.) ဦးတည်ချက်နဲ့ ကမ္ဘာ့နိုင်ငံများကို လှုံ့ဆော်စည်းရုံးဖွဲ့စည်းပြီး ကမ္ဘာ့လေထုညစ်ညမ်းမှုဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စွန့်ထုတ်ခြင်းလျှော့ချရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရေးတို့ကို တွေ့ဆုံဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ချက်ချမှတ်ကာ လုပ်ကိုင်ဆောင်ရွက်ကြပါတယ်၊ ဒီလိုလုပ်ကိုင်ဆောင်ရွက်မှုတွေမှာ အမေရိကန်နိုင်ငံကြီးနဲ့ တရုတ်နိုင်ငံကြီးတို့က နိုင်ငံရဲ့စီးပွားရေးကို ဖက်တွယ်ကာ မပါဝင်ခဲ့ကြပါဘူး''

''ဒါပေမဲ့လည်း ကမ္ဘာ့လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စွန့်ထုတ်မှု လျှော့ချရေးကို အခြေခံမှုစပြီး ယခင်က စားသောက်ဖို့ချက်ပြုတ်ရာတွင် ထင်းမီးသွေးသုံးစွဲခြင်းကို လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့တွေနဲ့ အစားထိုးသုံးစွဲစေခဲ့တယ်၊ ဒီလိုပဲကားရဲ့စက်အင်ဂျင်မှ စွန့်ထုတ်လိုက်သောအိတ်ဇောငွေ့(exhaust gas.) လျော့ကျသွားအောင် လောင်စာဆီတွေကို မွမ်းမံပြုပြင်တဲ့နည်းစနစ်အသစ်နဲ့ အရည်အသွေးမြှင့်တင်ထုတ်လုပ်ကြသလို ကားရဲ့အင်ဂျင်စက်ကိုလည်း ထပ်မံမွမ်းမံပြင်ဆင်မှု နည်းစနစ်တွေနဲ့ ထုတ်လုပ်နေကြပါတယ်၊ ယခင်သုံးနေတဲ့ လောင်စာဆီတွေအစား ပရိမီယာအော့တိန်းတို့လို အဆင့်မြှင့်တင် အသုံးပြုစေခဲ့သလို CNG ဓာတ်ငွေ့နဲ့လည်း မောင်းနှင်နိုင်ရန် ပြုပြင်ပြောင်းလဲပေးခဲ့ပါတယ်၊ လျှပ်စစ်ဓာတ်အား စွမ်းအင်သုံးကားတွေ ထုတ်လုပ်နေပြီး နေရောင်ခြည်စွမ်းအင် (Solar Power)နဲ့ အသုံးပြုနိုင်ဖို့ကို တီထွင်ဖန်တီးစမ်းသပ်နေဆဲပါ၊ ရထားဆိုရင်လည်း အဆင့်မြင့်လောင်စာဆီနဲ့အပြင် လျှပ်စစ်စွမ်းအားသုံးရထားတွေလည်း ပြေးဆွဲနေကြပါပြီ၊ သင်္ဘောတွေမှာတော့ အဆင့်မြင့်လောင်စာဆီကိုပဲ အသုံးပြုနေကြဆဲ၊ ချမ်းသာတဲ့နိုင်ငံကြီးတွေမှာတော့ နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောကြီး တွေတည်ဆောက်အသုံးပြုနေကြပါ တယ်''

''စကားကြုံလို့ ပြောရအုံးမယ်

**ဒါကြောင့် တည်ဆောက်ခြင်းမှ ရရှိလာမယ့် အကျိုးဖြစ်ထွန်းမှုက ဘေးထွက်ဆိုးကျိုးထက် သာလွန်မှုကို ရှေးရှုကာ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးပြီး ဘေးထွက်ဆိုးကျိုး နည်းသည်ထက် နည်းပါးသွားအောင်၊ သဘာဝဘေးအန္တရာယ်ဒဏ်ကိုလည်း အတတ်နိုင်ဆုံး ခံနိုင်ရည်ရှိမယ့်**

ကိုဇော်ရေ၊ ဂျာမနီနိုင်ငံက ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်သော ကမ္ဘာ့နာမည်ကျော် ဘောက်စ်ဝက်ဂွန်ကားကုမ္ပဏီကြီးကနေ ထုတ်လုပ်လိုက်သော ကားတွေမှာ အိပ်ဇောငွေ့ အမှန်တကယ်စွန့်ထုတ်ခြင်းကို ကြားခံကိရိယာတစ်ခု ထည့်သွင်းကာ အိပ်ဇောငွေ့စွန့်ထုတ်မှုလျော့နည်းသယောင် လိမ်လည်ရောင်းချမှုကြီး ပေါ်ပေါက်သွားခဲ့တယ်၊ ဒီလိုဝိသမလောဘတက်ပြီး လိမ်လည်လှည့်ဖြားတဲ့ မကောင်းမှုရဲ့ အကျိုးဆက်ကတော့ ကုမ္ပဏီဥက္ကဋ္ဌကြီးခမျာ မိမိအကျိုးမဲ့စွာ ဘီလီယံနဲ့ချီပြီး လျော်ကြေးငွေ ပေးဆောင်ရမယ့်အပြင် တရားဥပဒေနဲ့ရင်ဆိုင်ကာ ချမှတ်တဲ့အပြစ်ဒဏ်ကို ခံရဖို့ဖြစ်သွားရှာတယ်၊ ဘေးထွက်ဆိုးကျိုးကတော့ ကုမ္ပဏီနာမည်ပျက်ကာ နိုင်ငံရဲ့ ဂုဏ်သတင်းကိုလည်း ထိပါးစေခဲ့ပါ တယ်''

''ကမ္ဘာ့လေထုညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စွန့်ထုတ်မှု လျော့ပါးနည်းသွားအောင် လျှပ်စစ်ဓာတ်အားစွမ်းအင်အစားထိုးခဲ့သလို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း ရေအား၊ လေအားတွေနဲ့ တာဘိုင်(Turbine)များကို လည်ပတ်စေပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်အောင် လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါက နိုင်ငံအတော်များများမှာ လျှပ်စစ်ဓာတ်အားကို အကြီးစားထုတ်လုပ်မှုပေါ့၊ နေရောင်ခြည်စွမ်းအင်နဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုကတော့ အသေးစားအဆင့်ပဲ ရှိနေသေးတာမို့ အကြီးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ဖို့ တီထွင်ကြံဆကြိုးစားနေဆဲပါ''

''လေအားနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့ တာဘိုင်ကို လည်ပတ်စေနိုင်မယ့် လုံလောက်တဲ့လေအား ရရှိစေရန် ပန်ကာလေရွက်ကြီးများလည်ပတ်မှု ထိန်းချုပ်အထောက်အကူပေးတိုင်ကြီးများ တည်ဆောက်ရပါမယ်၊ ဒါကြောင့် တည်ဆောက်ထားတဲ့ မြေနေရာအကျယ်အဝန်းရှိရန် လိုအပ်သလို မြေရဲ့အနေအထားကိုလည်း လိုအပ်သလို ပြုပြင်ပြီး တည်ဆောက်ကြရပါတယ်''

''ဒီလိုပါပဲ ရေအားနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးမှာလည်း လုံလောက်တဲ့ ရေအားကို ရရှိစေရန်အတွက် ဆည်မြောင်းတာတမံရေကာတာကြီးကို တည်ဆောက်ရပါတယ်၊ ဒီလိုတည်ဆောက်နိုင်ဖို့ မြစ်ချောင်းကိုပိတ်ဆည်ကာ ဒါကိုထိန်းချုပ်လည်ပတ်ထုတ်လုပ်ရေးအတွက် စက်ရုံအဆောက်အအုံ ယှဉ်တွဲတည်ဆောက်ရာမှာ မြေနေရာအကျယ်အဝန်းရှိရန် မြေအနေအထားကို လိုအပ်သလို ပြုပြင်ကာ တည်ဆောက်ကြရပါတယ်''

''ဒီနေရာမှာ တည်ဆောက်ရေးရဲ့ သီအိုရီကိုအခြေခံပြီး လက်တွေ့အကောင်အထည်ဖော်တည်ဆောက်ရာတွင် အထောက်အခံပေး မယ့်မြေရဲ့အမျိုးအစားနဲ့ အရည်အသွေးကို စမ်းသပ်စစ်ဆေးဖို့ လိုအပ်ပြီး ဒီအပေါ်မူတည်ကာ အရည်အသွေးစံမီတဲ့ အခြေခံအုတ်မြစ်ကို ခိုင်မာအောင် ချခြင်းနဲ့ စတင်တည်ဆောက်မှသာ အပေါ်ပိုင်းတည်ဆောက်ရေးကို လိုအပ်သလို ဆက်လက်မြင့်တက်တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်၊ ဒီလိုတည်ဆောက်မှုရဲ့ လတ်တလောဖြစ်တည်ခြင်း အခြေအနေနဲ့ ရရှိလာမယ့် အကျိုးဖြစ်ထွန်းခြင်းကိုပဲ ကြည့်လို့မရပါဘူး၊ ဘာကြောင့်လည်းဆိုတော့ လိုအပ်သလို မြေအနေအထား ပြုပြင်တည်ဆောက်ထားတာမို့ အဲဒီနေရာမှာ နဂိုရှိ ကုန်းမြေမြင့်များမှာ မြေကွင်းပြင်ကျယ်ဖြစ်သွားရသလို သစ်ပင်ချုံတောတွေလည်း ပြောင်တလင်းခါသွားအောင် ခုတ်ထွင်ရှင်းလင်းပစ်ရမှာပါ၊ ဒီအထဲမှာ လယ်ယာမြေတွေလည်း ပါဝင်နိုင်ပါတယ်၊ ဒါကြောင့်မို့ ပထဝီမြေအနေအထား ပြောင်းလဲသွားသည်နှင့်အမျှ ရာသီဥတုသည်လည်း လိုက်ပြီး ပြောင်းလဲသွားနိုင်လို့ပါပဲ''

''ဒါကြောင့် တည်ဆောက်ခြင်းမှ ရရှိလာမယ့် အကျိုးဖြစ်ထွန်းမှုက ဘေးထွက်ဆိုးကျိုးထက် သာလွန်မှုကို ရှေးရှုကာ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးပြီး ဘေးထွက်ဆိုးကျိုး နည်းသည်ထက် နည်းပါးသွားအောင်၊ သဘာဝဘေးအန္တရာယ်ဒဏ်ကိုလည်း အတတ်နိုင်ဆုံး ခံနိုင်ရည်ရှိမယ့် မြို့ပြအဆောက်အအုံသစ်များ၊ စက်မှုလုပ်ငန်းအဆောက်အအုံသစ်များ၊ လမ်းတံတားသစ်ကြီးများနဲ့ ရေကာတာဆည်ကြီးများကို တီထွင်ကြံဆစမ်းသပ်လေ့လာထားသော နည်းစနစ်သစ်များနဲ့ ကုန်ကျစရိတ်ခံကာ တည်ဆောက်နေကြပါပြီ၊ တည်ဆောက်ပြီးစီးခြင်းရဲ့ လတ်တလောအကျိုးဖြစ်ထွန်းမှုမှသည် ရေရှည်ဆက်လက်တည်တံ့ခိုင်မြဲအကျိုးဖြစ်ထွန်းမှုကို ရှေးရှုကာ အစဉ်မပြတ်စောင့်ကြည့်လေ့လာ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မွမ်းမံ ထပ်ဆင့်လုပ်ကိုင်ဆောင်ရွက်မှု (maintenance renovate)ကိုလည်း လိုအပ်ပါတယ်၊ ဒီလိုမှ မလုပ်ခဲ့ဘူးဆိုရင်တော့ တော်တန်ရုံ သဘာဝဘေးအန္တရာယ်ကျရောက်တာနဲ့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ ပြိုလဲကျပျက်စီးဆုံးရှုံးထိခိုက်နစ်နာမှုတွေကို ခံစားသွားရပါလိမ့်မယ် မဟုတ်လားခင်ဗျာ''

''ခေတ်မီတိုးတက်ဖွံ့ဖြိုးချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားကို အဏုမြူပေါင်းဖိုမှ ချူကလီးယားစွမ်းအင်နဲ့ ထုတ်လုပ်ကြပါတယ်၊ အဏုမြူပေါင်းဖိုတစ်ခု တည်ဆောက်ဖို့ ကုန်ကျစရိတ်ကြီးမားသလို အကျိုးဖြစ်ထွန်းမှုကလည်း မြင့်မားလှပါတယ်၊ ဘေးထွက်ဆိုးကျိုး မတော်တဆ အရေးပေါ်ဖြစ်လာပြီဆိုရင်လည်း ပတ်ဝန်းကျင်ရှိ ရေမြေလေတို့အပြင် မှီတင်းနေထိုင်စားသောက်လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ လူသားတွေ၊ သတ္တဝါတွေ၊ အသီးအနှံအပင်တွေနဲ့ ထုတ်ကုန်ပစ္စည်းတွေအထိ ပျက်စီးဆုံးရှုံးထိခိုက်နစ်နာမှုတွေကလည်း ကြောက်ခမန်းလိလိ ဆန်းကြယ်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်''

''ကမ္ဘာကြီးပူနွေးလာမှုကို အခြေတည်ပြီး လေထုညစ်ညမ်းမှုဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စွန့်ထုတ်မှု လျှော့ချရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတွေကို ကြိုးစားဖြေရှင်းလုပ်ကိုင်ဆောင်ရွက်နေတဲ့ ကြားထဲက သဘာဝဘေးအန္တရာယ်ဆိုးကြီး စိန်ခေါ်လို့လာနေပါပြီ၊ ကမ္ဘာရဲ့ အဝန်းပါပဲ၊ ဒီနှစ်မှာဆိုရင် ကမ္ဘာ့ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်ကြီးများ အရည်ပျော် ပြိုကျအက်ကွဲမှုတွေ ပိုများလာတာကြောင့် သမုဒ္ဒရာနဲ့ ပင်လယ်တွေရဲ့ ရေမျက်နှာပြင်မြင့်တက်လာသလို မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုရဲ့ စားဝတ်နေရေးအခက်တွေ့စေပါတယ်၊ သတ္တဝါတွေလည်း ခိုအောင်းနေထိုင်စားသောက်ဖို့ စားကျက်သစ်ဆီကို ပြောင်းရွှေ့ကုန်ကြတယ်''

''ကမ္ဘာ့အနောက်ဘက်ခြမ်းက အမေရိကန်နိုင်ငံရဲ့ အလယ်ပိုင်းဒေသကို အယ်နီညိုအပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားတဲ့ လေပြင်းအားတစ်နာရီကို ကီလိုမီတာ တစ်ရာ့ငါးဆယ်ကျော်နှုန်းအထိ တိုက်ခတ်သလို၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံ ရေလွှမ်းမိုးခြင်းခံရကာ လူတွေနဲ့ နေအိမ်၊ ကား၊ ဥစ္စာပစ္စည်းတွေ၊ သတ္တဝါတွေ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ များခဲ့ပါတယ်၊ ဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေလည်း ပြိုလဲပျက်စီးပြတ်တောက်သွားခဲ့ပါတယ်၊ ဒီလိုပဲတောင်ပိုင်းကယ်လီဖိုးနီးယားမှာလည်း အယ်နီညိုအပူပိုင်းမုန်တိုင်းထပ်မံဝင်ရောက်ကာ လေပြင်းအားတစ်နာရီကို ကီလိုမီတာ နှစ်ရာနီးပါးနှုန်းအထိ တိုက်ခတ်သွားသလို မိုးသည်းထန် အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံ ရေလွှမ်းမိုးခြင်းခံရပြန်တယ်၊ လူတွေနဲ့ သတ္တဝါတွေ၊ စည်းစိမ်ပစ္စည်းဥစ္စာတွေ၊ နေအိမ်နဲ့ကားတွေ၊ သစ်ပင်နဲ့လမ်းတွေ၊ ဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတိုင်တွေ၊ ကျိုးပဲ့ပြိုလဲ ရေမျော ရေမြုပ်ကုန်တာကြောင့် အသက်ဆုံးရှုံးမှု ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ပိုများလာပြန်တယ်''

''ပီရူးနိုင်ငံမှာလည်း ၂၀၁၃ ခုနှစ်ကတည်းက လှုပ်ရှားအရှိန်ယူလာတဲ့ အူဘီနာစ်မီးတောင်ကြီးဟာ အခုတော့ ပေါက်ကွဲထွက်ကုန်ပြီ၊ မီးတောင်ရဲ့ပတ်ဝန်းကျင်ကို ချော်ရည်ပူများ စီးဆင်းဖုံးလွှမ်းသွားသလို လေထုထဲကိုလည်း မှုတ်ထုတ်လိုက်တဲ့ မီးခိုးငွေ့နဲ့ ပြာမှုန့်တွေက အမြင့်မိုင်ချီပြီး တိမ်တိုက်ကြီးပမာ ပျံ့လွင့်လွှမ်းခြုံသွားပါတယ်၊ ကံကောင်းသွားတဲ့ တစ်ချက်က ပတ်ဝန်းကျင်ရှိလူတွေနဲ့ သတ္တဝါတွေ ဝေးရာသို့ ကြိုတင်ပြောင်းရွှေ့ပေးထားနိုင်ခဲ့လို့ပါပဲ''

''ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတာကီမှာ ရှစ်ဒသမသုံး ရစ်တာစကေးရှိတဲ့ အလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်သွားတာကြောင့် လူတွေနဲ့ သတ္တဝါတွေ၊ ဥစ္စာပစ္စည်းတွေ၊ နေအိမ်တိုက်တာအဆောက်အအုံများစွာ ပြိုကျပျက်စီးမှုနဲ့



ဆိုးရွားနစ်နာထိခိုက်မှု များစွာဖြစ်ကျန်ရစ်သွားခဲ့တယ်''

ကမ္ဘာ့အရှေ့ဘက်ခြမ်းနိုင်ငံများထဲက အထူးသဖြင့် အာရှတိုက်ရှိ နိုင်ငံတွေထဲမှ နှစ်စဉ် လေမုန်တိုင်းဒဏ်ခံနေရတဲ့ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖိလစ်ပိုင် နိုင်ငံတွေအပြင် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေမှာ လေပြင်းတိုင်းဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ကာ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုတွေကြောင့် ရေကြီးရေလျှံ ရေလွှမ်းမိုးတဲ့ ဒဏ်ခံလိုက်ရမှုတွေက လူတွေ၊ ဥစ္စာပစ္စည်းတွေ၊ တိုက်တာနေအိမ်အဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ စိုက်ပျိုးရေးလယ်ယာမြေတွေ၊ မွေးမြူရေးသတ္တဝါတွေ၊ ဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားပေးတိုင်တွေ၊ သစ်ပင်တွေ၊ ကားတွေ၊ ငါးဖမ်းစက်လှေတွေ၊ ကူးတို့သင်္ဘောနဲ့ ကုန်တင်သင်္ဘောတွေ၊ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ အများအပြားရှိခဲ့သလို အပျက်အစီးများစွာ ဖြစ်ခဲ့ပါတယ်၊ ဒီလိုပါပဲ မြန်မာနိုင်ငံမှာတော့ ကိုဇော် ကြားသိပြီးတဲ့အတိုင်းပါပဲ''

''အမ် . . . လူပျိုကြီးကလည်း၊ ဟပ်ကော့ကြီးဖြစ်အောင်လုပ်တယ်၊ သဘာဝဘေးအန္တရာယ်နဲ့ သက်ဆိုင်တဲ့ ပြည်တွင်းပြည်ပက ဖြစ်ပျက်လှုပ်ရှားဆောင်ရွက်မှုအခြေအနေတွေ ဆက်ပြောပြအုံးလေ''

''ဒီနေ့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးအန္တရာယ်ဆိုးကြီးတွေ ကျရောက်လာခဲ့တယ်၊ ဒါကို ကာကွယ်မှု အနေနဲ့ ကမ္ဘာ့လေထုညစ်ညမ်းစေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စွန့်ထုတ်ခြင်းလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတွေကို ကြိုးစားလုပ်ကိုင် ဆောင်ရွက်နေကြသလို တစ်ဖက်မှာလည်း ဝိသမလောဘဇောတက်ကာ ကိုယ်ကျိုးအတွက် လုပ်ဆောင်နေဆဲပါ၊ အင်ဒိုနီးရှားနိုင်ငံမှာ နှစ်စဉ် တောမီးရှို့ကာ မြေယာချဲ့ထွင်မှုက အိမ်နီးချင်းနိုင်ငံတွေကို မီးခိုးငွေ့နဲ့ ပြာမှုန့်တွေကြောင့် စိတ်အနှောင့်အယှက်ပေးနေပါတယ်၊ ဒီနှစ် လောလောလတ်လတ်ဖြစ်နေမှုကတော့ တောမီးရှို့တာကြောင့် ထွက်လာတဲ့ မီးခိုးငွေ့နဲ့ ပြာမှုန့်တွေဟာ စင်ကာပူနိုင်ငံမှာ (300 PSI) ထက်ကျော်လွန်ဖုံးလွှမ်းသွားတာမို့ စင်ကာပူနိုင်ငံရဲ့ ပြည်သူတွေမှာ အမြင်နှင့်ဆိုင်သော (Visual)မြင်ကွင်းမှုန်ဝါးသွားစေသလို အသက်ရှူလမ်းကြောင်းကို ညစ်ပတ်စေသည့် (Pollute)အတွက် အိမ်မှအပြင်လမ်းထွက်ရင် မျက်နှာဖုံး (Mask) စွပ်သွားရသည်အထိ ဆိုးဝါးလွန်းတာမို့ ကျောင်းတွေ ပိတ်ထားရပါတယ်၊ ဒီလိုပဲ မလေးရှားနိုင်ငံတွင်လည်း ကျောင်းတွေ ပိတ်ထားရသည်အထိ ဖြစ်စေခဲ့ပါတယ်၊ ဝိသမလောဘသားတွေမှာ ကိုယ်ကျိုးမဲ့စွာနဲ့ ဥပဒေရင်ဆိုင်ကာ ပေးတဲ့အပြစ်ဒဏ်ခံရတော့မယ့်အပြင် မိမိစီးပွားရေးလုပ်ငန်း နာမည်ပျက်နဲ့ ကုမ္ပဏီအပိတ်ခံရမှာဖြစ်သလို အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့အစည်းအလယ်မှာ ရှက်ဖွယ် မျက်နှာပူစရာတွေ ဖြစ်စေခဲ့ပါတယ်''

''ကမ္ဘာ့လေထုညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စွန့်ထုတ်မှု အများဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် အဆင့်သုံးရောက်နေတဲ့ အိန္ဒိယနိုင်ငံဟာ ဒီနှစ်စက်တင်ဘာလကုန်ရက်ပိုင်းမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်တွင် ကမ္ဘာ့လေထုညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်



**ဒီတော့မှ ရက္ခစိုးကြီးခမျာ အကျင့်သီလ သမာဓိမစောင့်ထိန်း မကျင့်ကြံတော့ တန်ခိုးအာနုဘော်လည်း မရှိတော့သလို နေစရာဘုံလည်း ပျောက်သွားပြီ၊ တခြား မှီခိုအားထားနေကြတဲ့ လူသားတွေမှာ ရက္ခစိုးကြီးထံ ဆုမပန်နိုင်တဲ့အဖြစ် ကြုံတွေ့**

အောက်ဆိုက်ခေတ်ငွေ့စွန့်ထုတ်မှုလျှော့ချရေး၊ ကမ္ဘာ့ဖန်လုံအိမ်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးတွေမှာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားမယ်လို့ သဘောတူကတိပြု ပဋိညာဉ်စာချုပ်မှာ လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါတယ်၊ ဒါဟာ ကမ္ဘာ့နိုင်ငံများအလယ်မှာ လက်ကမ်းကြိုဆို ဂုဏ်ယူဝင့်ကြွားစရာဖြစ်စေတဲ့ အိန္ဒိယနိုင်ငံရဲ့ လုပ်ရပ်ကြောင့် နိုင်ငံရဲ့စီးပွားရေးကို ဖက်တွယ်ကာ တင်းခံနေသော အဆင့်တစ်နဲ့နှစ်ဖြစ်တဲ့ နိုင်ငံကြီးတွေကို လှုံ့ဆော်ပေးလိုက်သလို ဖြစ်စေခဲ့ပါတယ်''

''မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူတွေ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲသောကဗျာပါဒရောက်နေချိန်မှာ မြန်မာနိုင်ငံရဲ့ ပြည်သူအချင်းချင်း ကိုယ်ချင်းစာနာမေတ္တာစေတနာတွေနဲ့ ဖေးမရိုင်းပင်းကူညီတတ်တဲ့ ပင်ကိုအရင်းခံစိတ်ထားနှင့် မိမိတို့ တတ်နိုင်စွမ်းအားရှိသရွေ့ ကိုယ်ရောစိတ်ပါ သဒ္ဓါတရားထက်သန်စွာဖြင့် NGO လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ဌာနဆိုင်ရာအသီးသီးကပါဝင်လှုပ်ရှားအလှူခံကာ ရန်ပုံငွေနဲ့ ပေါင်းစည်းပြီး ရေဘေးသင့် ပြည်သူများထံ သွားရောက်ကာ ကယ်ဆယ်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးတွေကို ထောက်ပံ့ကူညီလုပ်ဆောင်ပေးမှုတွေဟာ ရေဘေးသင့်ပြည်သူတွေအတွက် အထောက်အကူစိတ်ခေတ်ခွန်အားဖြစ်စေပါတယ်၊ မြန်မာတို့ရဲ့ မွန်မြတ်သောစိတ်ထားနဲ့ အလှူဒါနပြုခဲ့ရပါပြီ၊ ဆက်လက်ပြီးတော့လည်း ရေဘေးသင့်ပြည်သူတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ စီးပွားရေးစသည်တို့ကို ပြန်လည်ထူထောင်နေရာချထားပေးရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီးနဲ့ အဖွဲ့အစည်းပေါင်းစုံတို့က စုပေါင်းကြိုးစားလုပ်ကိုင်ဆောင်ရွက်နေကြပါပြီ''

''လူသားချင်းစာနာထောက်ထားခြင်းအားဖြင့် နိုင်ငံများမှ စားနပ်ရိက္ခာအထောက်အကူပြုပစ္စည်းများနဲ့ နည်းပညာတွေ ထောက်ပံ့ကူညီလှူဒါန်းပေးခဲ့သလို ဥရောပနိုင်ငံများအဖွဲ့အစည်း (EU)ကလည်း တရားမဝင်သစ်ခိုးထုတ်တင်ပို့ခြင်းကို တားမြစ်ဖို့ စည်းကမ်းနည်းစနစ်ဥပဒေနဲ့ထိန်းချုပ်နိုင်ရေး သဘာဝသစ်တောပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်လုပ်ကိုင်နိုင်စေဖို့ နည်းပညာနဲ့ ငွေကြေးထောက်ပံ့မှုကို ယူရိုငွေ သန်းပေါင်းများစွာ ပေးအပ်ခဲ့ပါတယ်''

''သဘာဝဘေးအန္တရာယ်အကြောင်းအရာတွေ ပြောပြရင်းနဲ့ တစ်ဆက်တည်းမှာ ဥပမာပေး ကျွန်တော့်အာဘော်လေး ပြောပြချင်တယ် ကိုဇော်ရေ၊ တစ်ခါက အမိမြေပေါ်မှာ လူသားတွေယုံကြည်ကိုးကွယ်ရာ ဘာသာတူတွေ စုပေါင်းနေထိုင်(community)လုပ်ကိုင်စားသောက်ခဲ့ကြတယ်၊ အဲဒီနေရာမှာ အကိုင်းအခက်ဝေဆာ၊ သီးပွင့်ဖူးကာ အရိပ်အာဝါသ အကာအကွယ်ပေးစွမ်းနိုင်တဲ့အပင်ကြီး ပေါ်ပေါက်လာခဲ့တယ်၊ မှီတင်းနေထိုင်ကြတဲ့ လူသားတွေအပေါ် အသီးတစ်ရာ အညှာတစ်ခုဆိုသလို အကျင့်သီလ သမာဓိ တန်ခိုးအာနုဘော်နဲ့ပြည့်စုံတဲ့ ရက္ခစိုးကြီး စံမြန်းသတဲ့၊ အဲဒီရက္ခစိုးကြီးက အကျင့်သီလ သမာဓိပြည့်စုံအောင် ကျင့်ကြံအားထုတ်မှုနဲ့အညီ သစ်ပင်ကြီးရဲ့အရိပ်အာဝါသမှာ မှီတင်းနေထိုင်လုပ်ကိုင်စားသောက်ကြတဲ့ လူသားတွေရဲ့အကျိုးဖြစ်ထွန်းအောင်မြင်အောင် တန်ခိုးအာနုဘော်နဲ့ စီမံညွှန်ပြပေးသတဲ့ကွယ်၊ လူသားတွေဟာ တဖြည်းဖြည်းနဲ့ စားဝတ်နေရေးပြည့်စုံဖူလုံ ချမ်းသာကြွယ်ဝလာကြတော့လည်း မျိုးဆက်သစ်သားသမီးရတနာ ဆုပန်လာကြတယ်၊ ဒါတွေကိုလည်း ရက္ခစိုးကြီးက တန်ခိုးအာနုဘော်နဲ့ဖြည့်ဆည်းပေးသတဲ့။ ဒါကိုပတ်သက်ရာပတ်သက်ကြောင်း အခွင့်အရေးကို အလွဲသုံးစားလုပ်၊ ဝိသမလောဘသားတချို့ရဲ့ အရိပ်နေနေအခက်ချိုးချိုးဆိုသလို မြှောက်ပင့်ဖားစားလိုက်တဲ့သကာလ ရက္ခစိုးကြီးလည်းရှိတဲ့ တန်ခိုးအာနုဘော်ရဲ့အပေါ် ဘဝင်မြင့် ယစ်မူးကာ အကျင့်သီလ သမာဓိကျင့်ကြံအားထုတ်မှု မေ့လျော့နေတယ်၊ ဒါကို အခွင့်အရေးယူကာ အကိုင်းအခက်ကျိုးတိုးကျဲတဲကျန်တဲ့ ပင်စည်ကြီးကိုခုတ်လှဲကာ အပိုင်ကြံသွားကြတယ်၊ ဒီတော့မှ ရက္ခစိုးကြီးခမျာ အကျင့်သီလ သမာဓိမစောင့်ထိန်း မကျင့်ကြံတော့ တန်ခိုးအာနုဘော်လည်း မရှိတော့သလို နေစရာဘုံလည်း ပျောက်သွားပြီ၊ တခြား မှီခိုအားထားနေကြတဲ့ လူသားတွေမှာ ရက္ခစိုးကြီးထံ ဆုမပန်နိုင်တဲ့အဖြစ် ကြုံတွေ့ကာ စားဝတ်နေရေးအတွက် ကိုယ် စိတ်နှစ်ဖြာဆင်းရဲသောကဗျာပါရ (ကြောင့်ကြခြင်း) ဗျာပါဒ (ဒေါသ) တွေပွားကာ ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝကို ရောက်သွားသတဲ့ဗျာ''

''အဲဒီရက္ခစိုးကြီး နှောင်းနောင်တတွေနဲ့ သူ့ဘုံနန်းသစ်ငုတ်တိုကအညှောက်ပေါက်လာပါအုံးမလား၊ စောင့်မျှော်ရင်း နဲ့ ကံကုန်သွားမယ် ထင်ပါရဲ့ လူပျိုကြီး ရယ်''

''ကဲ – ပြောရင်းဆိုရင်း ရေဘေးသင့် မိဘပြည်သူဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေကို ရိုင်းပင်းကူညီဖေးမထောက်ပံ့ဖို့ အလှူခံပြီး ရန်ပုံငွေရှာတဲ့အဖွဲ့လာနေပြီ၊ ရောက်တတ်ရာရာလေထန်ကုန်းမှာ ပြောဆိုနေတာ တစ်ခန်းရပ်နားပြီး နောင်များမှ ဆက်လိုက်ကြရအောင် ကိုဇော်ရေ''

''ကောင်းလေစွ ... ကောင်းပေစွ လူပျိုကြီးရေ''

**ကိုဇော်**



# အဖေများ၏ တန်ဖိုး

မိုးပန်းမွှန်(ရာမည)

စာပေ၊ ရုပ်ရှင်၊ ဂီတ စသော အနုပညာနယ်ပယ်တွင် ''အမေ'' အကြောင်း၊ အမေ့မေတ္တာအကြောင်း ဖော်ကျူးကြသည်။

အမေတစ်ယောက်၏ အနစ်နာခံခြင်း၊ ချစ်ခြင်းမေတ္တာ၊ စွမ်းဆောင်နိုင်ခြင်းများ . . . စသည့်တို့ကို အမျိုးမျိုး ပုံဖော်ကြသည်။ စာပေဟောပြောပွဲများတွင်လည်း အမေအကြောင်းဟောကြသည်မှာ မျက်ရည်ကျချင်ချင်။ အမေကောင်းကြောင်း ပုံဖော်ပြီဆိုလျှင်. . . အဖေဖြစ်သူ၏ အပြစ်အနာအဆာကို ထုဆစ်ကြပြီ။ ဒေါသကြီးသော အဖေ၊ လောဘကြီးသော အဖေ၊ အရက်ကြမ်းသောအဖေ၊ စရိုက်ကြမ်းသောအဖေ၊ သောက်စားသောအဖေ၊ ဖောက်ပြားသောအဖေ. . . စသည်. . . စသည်ဖြင့် ထင်သာမြင်သာအောင် ပုံဖော် သည်။ စာထဲမှ အဖေ၊ ရုပ်ရှင်ထဲမှ အဖေ သည် ဆိုးလိုက် ညံ့လိုက်သည်မှာ ရစရာ မရှိ။

စာရေးသူတွေးကြည့်မိသည်။

သည်လူတွေ အဖေကောင်းနှင့် မနေခဲ့ဖူးသူများဖြစ်မည်ဟု။ မိသားစုတစ်ခုတွင် မိခင်များ၏ချစ်နိုင်စွမ်းကို သားသမီးများက သိသည်။ ယုယထွေးပိုက်ခြင်း၊ ဆုံးမသွန်သင်ခြင်းများတွင် မိခင်က သာလွန်ကြောင်း အားလုံးကလက်ခံသည်။ ဖခင်၏ချစ်ခြင်းသည် မိခင်၏ချစ်ခြင်းကို မမီကြောင်းကိုလည်း အားလုံးက သိထားပြီးသားပင်။

သို့ရာတွင်. . .

မိသားစုတစ်ခုအတွက် အရေးပါသူသည် ''အမေ'' တစ်ဦးတည်းမဟုတ်၊ ''အဖေ'' သည်လည်း အရေးပါသူဖြစ်သည်။ အဖေရှိသည်ဆိုသော စိတ်ဓာတ်ခွန်အားမြင့်မားမှုနှင့် ''ဖတဆိုး'' ဆိုသော သိမ်ငယ်မှု ကွာခြားကြောင်း လူတိုင်းတွေးကြည့်နိုင်သည်။ အဖေနှင့်အမေ အတူတူရှိနေသောအချိန်များတွင် သားသမီးများ ပျော်ရွှင်အားတက်ကြသည် မဟုတ်ပါလား။

အဖေကို ကြောက်သည့်သားသမီးများရှိသလို အဖေ့ကို အမေ့လောက်မချစ်ခြင်းဆိုသော ခံစားမှုအမျိုးမျိုးရှိကြသည်။ အဖေကိုကြောက်သဖြင့် ခပ်ခွာခွာနေသော သားသမီးများလည်းရှိသေးသည်။ အဖေနှင့်မျက်နှာချင်းမဆိုင်ရဲသော၊ အဖေနှင့် စကားလက်ဆုံမကျရဲသော သားသမီးများလည်းရှိသေးသည်။ အဖေကဖြင့် ချစ်

လိုက်ရတာ၊ သားသမီးများ၏ မျက်နှာရိပ်၊ မျက်နှာကဲကို ကြည့်၍ ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးတတ်ကြသည်သာ။

အဖေဆိုသည်မှာ ဆိုဆုံးမရာတွင် ကြမ်းချင်ကြမ်းမည်။ သားသမီးတို့အရေး အစဉ်မျှော်တွေးနေသူဖြစ်သည်။ လိမ္မာစေလိုသော စေတနာ၊ တိုးတက်စေလိုသော မေတ္တာကတော့ အမေနှင့်ထပ်တူပင်။ အရိုက်ကြမ်းသော အဖေကို သားသမီးများက အချစ်လျော့ကြသည်။ အမေကသာ ပို၍ကြင်နာပြီး အမေကသာ အရာရာကို ဖြည့်ဆည်းပေးသူဟု ထင်သူလည်းရှိသေးသည်။ တချို့ကျတော့ အတွေးက တစ်ဖက်စွန်းရောက်သည်။

''အဖေက လိုချင်လို့မဟုတ်ပါဘူး၊ အမေက မွေးလို့သာလူဖြစ်လာတာ'' ဟု ဝဇီကံမြောက်ပြစ်မှားတတ်ကြသူလည်း မရှားပါ။ ထိုအတွေးညံ့ညံ့များကို စာရေးသူက ချေဖျက်ပေးချင်ခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့်ပင် ဟောပြောပွဲများတွင် အခွင့်သင့်လျှင် 'အဖေများ၏တန်ဖိုး' ဆိုသော အကြောင်းအရာကို ဟောပြောဖြစ်သည်။ အဖေများ၏ စေတနာ၊ သားသမီးလိုချင်

**အဖေဆိုသည်မှာ**

**ဆိုဆုံးမရာတွင်**

**ကြမ်းချင်ကြမ်းမည်။**

**သားသမီးတို့အရေး**

**အစဉ်မျှော်တွေးနေသူဖြစ်သည်။**

**လိမ္မာစေ လိုသော စေတနာ၊**

**တိုးတက်စေလိုသော**

**မေတ္တာကတော့**

**အမေနှင့်ထပ်တူပင်။**

တောင့်တမှု၊ ခါးစည်းခံတတ်မှု၊ မျိုးသိပ်နိုင်စွမ်းမှု၊ အနစ်နာခံတတ်မှု . . . စသည့် မေတ္တာတရားကြီးမားခြင်းတို့ကို ပြောဖြစ် သည်။

ဥပမာပြောခဲ့သည့် အဖေများမှာ . . .

(က) အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကျောင်းဖြူမင်းအကြောင်း (ကောက်နုတ်ချက်)

(ခ) အဇာတသတ်၏ ခမည်းတော် ဗိမ္ဗိသာရမင်းကြီး အကြောင်း (ကောက်နုတ်ချက်)

(ဂ) နိုင်ငံတကာ အဖေများ ဝတ္ထုတိုပေါင်းချုပ်ထဲမှ တိုင်းတစ်ပါးသား အဖေတစ်ယောက်အကြောင်း (ကောက်နုတ်ချက်)

(ဃ) စာရေးသူ၏ အဖေမွန်တိုင်း ရင်းသားကြီးအကြောင်း (ရင်ထဲမှ လွမ်းဆွတ်တသစွာ)



(င) မြန်မာနိုင်ငံမှ အတုယူစရာ အဖေများအကြောင်း . . .

စသည်ဖြင့် အဖေများ၏ အရေးပါမှုကို မြင်သာထင်သာအောင် ပြောသည်။ လောကတွင် အမေချည်းသက်သက် ဆောင်ရွက်၍မရသော ကိစ္စများစွာရှိသည် မဟုတ်ပါလား။ အဖေ့နာမည်သုံးမှ ပြီးမြောက်သည့်ကိစ္စများ၊ အဖေပါဝင်မှ အဆင်ပြေသည့်ကိစ္စများရှိသည်ကို လူငယ်များ၏ နှလုံးသားထဲ စွဲထင်စေချင်သည်။

သီတာရေစင် သီချင်းထဲမှ (ရှေးလွန်လေပြီးသောအခါ . . . ) ဆိုသော သီချင်းစာသား။ (သတ်လိုလျှင် --- သတ်ပါစေတော့ ---မလျှော့သော မေတ္တာတွေပါ . . . ) ဆိုသော စသား။ ကြားဖူးကြမှာ သေချာသည်။ ရင်ကိုထိမိစေသည့် ဖခင်မေတ္တာသီချင်းဖြစ်သည်။ အဖေများဘက်မှ ခံစားရေးဖွဲ့ထားသည်မှာ သားသမီးတိုင်း အသိတရားရစေတာအမှန်။

မိသားစုတစ်စုတွင် အမေက စကားများများပြောသူဖြစ်ပြီး သားသမီးကို အလျှော့ပေးသူလည်းဖြစ်သည်။ သားသမီးများနှင့် အနေနီးသည်။ ထို့ကြောင့် အမေက ပိုချစ်သူဟု ခံယူတတ်ကြစမြဲ။ အမေ့အနားကပ်၍ အမေနှင့်သာ စကားလက်ဆုံကျစမြဲ။ အဖေဆိုသည့်ယောကျ်ားသားများကတော့ စကားနည်းနည်းသာ ပြောမည်။ ရင်မှချစ်ကြောင်းကို ပုံဖော်ဖွဲ့နွဲ့မပြောကြ။ သားသမီးများနှင့် လက်ပွန်းတတီးမနေဖြစ်ကြ။ သားသမီးများတွင် အပြစ်ရှိလျှင် အလျှော့ပေးချော့မော့ခြင်း လုပ်လေ့မရှိကြ၊ တည်တည်တင်းတင်း နေပြကြသည်။ ထိုအပြုအမူ၊ အပြောအဆိုများကြောင့် သားသမီးများက ခပ်ခွာခွာ သာနေသည်။ သူတို့ကို အမေချစ်သလောက်မချစ်ဟု အထင်ရှိကြသည်။

လောကသဘာဝအရ ကောင်းမွန်မြင့်မြတ်သော အဖေမျိုးရှိသလို ဆိုးသွမ်းသော အဖေများလည်းရှိမည်။ နူးညံ့ညင်သာသော အဖေမျိုးရှိသလို ခက်မာကြမ်းတမ်းသောအဖေမျိုးလည်းရှိမည်။ လူအမျိုးမျိုး၊ စိတ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုးရှိကြမည်သာ။ အရည်အချင်းပြည့်ဝသော အဖေမျိုးရှိသလို အရည်အချင်းကင်းမဲ့သော အဖေမျိုးလည်းရှိမည်။

**မည်သည့်အတွက်ကြောင့်ဖြစ်စေ အဖေကို မပြစ်မှားသင့်။ ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သူများကို စော်ကားမိလျှင် ကိုယ်လည်း စိတ်နှလုံး ညှိုးနွမ်းရတတ်သည်ကို မမေ့သင့်။**

သားသမီးတိုင်းသည် ကိုယ့်အဖေကို ''နူးညံ့ညင်သာသော''၊ ''အရည်အချင်းပြည့်ဝသော''၊ ''ခွန်အားရှိသော''၊ အဖေမျိုးဖြစ်စေချင်မှာသေချာသည်။ မည်သို့သော အဖေမျိုးဖြစ်စေ . . . အဖေဆိုသည်မှာ သားသမီးများအတွက် တစ်နည်းမဟုတ်တစ်နည်း တန်ဖိုးရှိနေနိုင်သော အဖေများဖြစ်သည်။ ထို့ကြောင့်ပင် သားသမီးများက အဖေကိုလည်း အလေးအမြတ်ထားစေချင်သည်။

သားသမီးအချို့သည် အဖေကို ညင်ညင်သာသာ၊ သို့မဟုတ် ရမ်းရမ်းကားကားပင် နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ နှိပ်စက်ခြင်းရှိကြသည်။ သည်းခံနိုင်စွမ်းဖြင့် ခွင့်လွှတ်ကြသော အဖေများကို တွေ့ဖူးသည်။ ရင်နာကြေကွဲလျက် အောင့်သက်စွာခံစားနေရသော အဖေများကိုလည်း တွေ့ဖူးသည်။ မည်သည့်အတွက်ကြောင့်ဖြစ်စေ အဖေကို မပြစ်မှားသင့်။ ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သူများကို စော်ကားမိလျှင် ကိုယ်လည်း စိတ်နှလုံးညှိုးနွမ်းရတတ်သည်ကို မမေ့သင့်။

အဖေကို ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ စိတ်ငြိုငြင်အောင် မလုပ်မိပါစေနှင့်။ နောင်တဆိုသောစကားကို နောင်အခါမှသုံး၍ ဝမ်းနည်းနေရမည့် အစား အဖေသက်ရှိထင်ရှားရှိစဉ် မငြိုမငြင် ပြုမူပြောဆိုပါ။ ကျွေးမွေးစောင့်ရှောက်ပါဟု သတိပေးချင်ပါသည်။

အမေ့ခြေရာကိုသာ တန်ဖိုးထားသူများအနေနှင့် အဖေ့ခြေရာကိုလည်း ရှာဖွေစေချင်သည်။ အဖေ့ခြေရာသည် ဆိုက်ကားခြေနင်းခုံပေါ်တွင်ရှိမည်။ ကန်ထရိုက်တိုက် ဘိလပ်မြေသယ်သော မြင့်မြင့်မားမား လှေကားများပေါ်တွင် ရှိမည်။ တစ်နေကုန်မောင်းရသော အငှားကား၊ လိုင်းကားများ၏ ကားခြေနင်းပေါ်တွင် ရှိမည်။ သက်စွန့်ဆံဖျား အငှားလိုက်ရသော ကုန်စည်ထမ်းရသော သင်္ဘောကုန်းပတ်၊ ဗောတံတားများတွင် ရှိမည်။ ထောင်နှုတ်ခမ်းအနားတွင် ရှိမည်။ ထိုထိုသော ခြေရာများကိုလည်း သားသမီးတိုင်းက တန်ဖိုးထားသင့်သည်။

ခြေသည်းရှည်ကို အပွင့်ဖော်ထားသော အမေ့ခြေရာကိုသာ တန်ဖိုးထားပူဇော်မှာလား။ ခြေသည်းမည်းမည်းနှင့် ဖုန်ကပ်၊ ရွှံ့ညပ်နေသော အဖေ၏ခြေရာကို ပူဇော်ထိုက်သည်ဟု မတွေးမိဘူးလား။ အမေကို ချစ်သလို အဖေကိုလည်းချစ်ပါ။ အမေကို တန်ဖိုးထားသလို အဖေကိုလည်း တန်ဖိုးထားပါဟု စာရေးသူက အမှာစကားပါးချင်သည်။

တချို့ကတော့ စာရေးသူထံ စောဒကတက်သည်။

မူးပြီးရိုက်သော အဖေများကိုကော ဘယ်လိုသဘောထားသင့်သလဲ။ တန်ဖိုးထားရဦးမှာပဲလားဟု မေးသည်။ ထိုမေးခွန်းမျိုး ရင်တွင်းတွင် ရှိနေသူများ အားလုံး၊ အဖေများ၏ တန်ဖိုးကို ရှာဖွေကြည့်ကြပါဟုသာ ပြောချင်သည်။ မလိမ္မာသော သားသမီးများအားလုံးကို စကားတစ်ခွန်း လက်ဆောင်ပါးပါဦးမည်။

''အဖေက ရိုက်တယ်ဆိုတာ ထောင်နှုတ်ခမ်းနင်းတော့မယ့် သားသမီးတွေ၊ ခြေတစ်လှမ်းနောက်ဆုတ်နိုင်အောင်လို့ သတိပေးလိုက်ခြင်းပါပဲ''ဟု သိစေချင်သည်။

သားသမီးများအားလုံး . . .

အဖေများ၏တန်ဖိုးကို နားလည်နိုင်ကြပါစေ . . . ဟု ဆန္ဒပြုလိုက်ပါသည်။ ။

**မိုးပန်းမွှန်(ရာမည)**

# အလွမ်းခရေ ပန်းခရေ



ပွင့်ခရေ ဝင်းဖန့်ဖန့်
လွင့်လေပြည် ညင်းညှံ့ညှံ့နဲ့
သင်းပျံ့ပျံ့ နှုတ်အဆက်
ရုတ်တရက် ရင်မှာခုန်
ထင်လာပုံ မပြယ်အလွမ်းတွေက
ငယ်ကျွမ်းရဲ့ လက်ဆောင်သဖွယ်။

အနှစ်တစ်ရာ ကြွေစမ်းတော့
ချစ်သစ္စာ မသွေစတမ်းပေါ့
ခရေပန်းတွေ အတူကောက်
မြေလမ်းပြေပြေ အတူလျှောက်စဉ်က
'တို့နှစ်ယောက်နဲ့ ကမ္ဘာတည်မယ်
နာရီတွေရယ် မြန်ရန်ကောရယ်လို့
ဒေါ်ချိုချိုပြောဆိုခဲ့ပုံများ
မေ့ပြီလားကွယ်။

ဝေအပြုံးတွေနဲ့
မေမမုန်းအောင် ပန်ဆင်ပေးချင်ရဲ့
ခရေကုံးတွေ အမှန်ပင်မွှေးသော်လည်း
ပြေးခွာသူ ဝေးကမ္ဘာခြားပြီမို့
လွင့်ပါးရှာ အနမ်းချိုချိုက
အလွမ်းပိုပို အခုများထင်မိ
နုပါးပြင် ပါးကွက်ကျား
သနပ်ခါး ပြယ့်တပြယ်
ရှက်အားကြွယ်လို့ ပန်းရောင်လွှမ်း
(ခုတော့)
ရတက်ပွားဖွယ်မို့ ရမ်းရော်တမ်း။

ခရေပွင့်ပမာ
ကြွေလွင့်ကာ မြေမှာနွမ်းပေမယ့်
မခန်းပေါင် ချိုရနံ့တွေက
ပျံ့ဝေဝေ မြေအနှံ့ပေပေါ့
ကြိုင့်ကာ ရင်မှာထွေးပါဦး(အုံး)
အချစ်ဆုံးရဲ့ကေသာမှာ
ဝေဆာဆာ မစံမြန်းရရှာတဲ့
ပန်းဘဝ မျက်နှာငယ်
ဥပေက္ခာနယ်မှာ ပန်သူမဲ့
အလျှံ့ပူတဲ့ နွေကမ္ဘာမှာ
ဝေဒနာပြန်တစ်ရာပွေလို့
ကံကြမ္မာခေသူ အတွေးစိတ်မှာဖြင့်
(ငယ်ချစ်ရယ်. . . )
ဆွေးတိတ်တိတ်လွမ်း။ ။

**မင်းဇော်ထွေး**

''ကလင့်. ကလင့်. ကလင်. . ''

ဖုန်းမြည်သံကြောင့် ကောက်ကိုင်လိုက်ရာ ရန်ကုန်မှ အစ်မကြီးဒေါ်တင်မွေး (စာရေးဆရာမ မွေးငယ်ငယ်)ဖြစ်နေ၏။

''ဟုတ်ကဲ့ အစ်မ၊ ပြောပါခင်ဗျာ''

''ကိုလှမျိုးနိုင်ရေ ၁၅-၁၀-၂၀၁၅ ရက်မှာ အုတ်ဆွဲရွာမှာ လျှပ်စစ်မီးဖွင့်ပွဲရှိတယ် ဖိတ်သေးလား''

''ဟုတ်ကဲ့ အစ်မ၊ သွားမယ်ခင်ဗျ''

ကျွန်မတော့ ရွာကိုပြန်ဖို့ ဒီပွဲကို စောင့်ရင်း အားခဲနေခဲ့တာ။ လာနိုင်မှာ မဟုတ်တော့ဘူး။ အဲဒီရက်မှာဆို အစ်မထိုင်တဲ့ မဂ္ဂဇင်း တိုက်မှာ စာမူတွေက ကျနေပြီလေ။ ဒါကြောင့် ခွင့်ယူရမှာ အားနာသွားပြီ။ ကျွန်မ အဲဒီပွဲအတွက် ဂုဏ်ပြုကဗျာတစ်ပုဒ် ရေးထားတယ်။ ပို့လိုက်မယ်နော်။ ကိုလှမျိုးနိုင်ဖတ်ပေးပါလား။ ရွာမီးလင်းရေးအဖွဲ့နဲ့တွေ့ပြီး ညှိပေးပါ။

''ဟုတ်ကဲ့ ရပါတယ်၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်''

''အင်း . . . အင်း ရွာအတွက် ကူညီပေးလိုက်ပါအုံး၊ တစ်ဆက်တည်းပြောရအုံးမယ်၊ ကျွန်မအဲဒီပွဲကိုဆောင်းပါးရေးမယ် လုပ်ထားတာ၊ ကိုလှမျိုးနိုင်ပဲ ရေးပေးလိုက်ပါ၊ ပြီးရင် အစ်မဆီကို ပို့ပေးလိုက်ပါ၊ ဓာတ်ပုံလေးငါးပုံနဲ့ဆို ရပါပြီ၊ ကျွန်မ အဆင်ပြေမယ့် မဂ္ဂဇင်းတစ်ခုခုကို ပို့ပေးလိုက်ပါမယ်''

''ဟုတ်ကဲ့ အစ်မ''

''ဟုတ်ပါပြီ၊ ကဲ - ဒါဆို အစ်မစိတ်ချနေမယ်နော်''

\+ \+ \+

လေးနိုင်(ရွှေသိုင်း)

# လျှပ်စစ်မီးထိန်ထိန်ညီး ကောင်းချီးဝေပြာ အုတ်ဆွဲရွာ



လမ်းက လည်း ယခင်ကလို လယ်ကန်သင်းလမ်းတို့ မဟုတ်တော့ပြီ။ ကျေးရွာချင်းဆက်လမ်းတို့ဖြင့် ဖွံ့ဖြိုးမှု၏ ပြရုပ်တို့ကား အထင်းသားပေါ်လွင်နေပါပြီ။ တွေ့တွေ့ချင်းပင် အုံ့ညြဝမ်းသာမှုတို့က အပြည့်။ ရွာထဲဝင်လိုက်သည်နှင့် ထူးခြားမှုက အထင်းသား ပေါ်လွင်နေပါပြီ။ အုတ်ဆွဲရွာလမ်းမကြီး တစ်လျှောက်လုံး ရှင်းလင်း၍ ထင်သာမြင်သာ ရှိနေ၏။ ရွာသားတို့၏ အားတက်စွာ ကြိုးပမ်းမှုတို့ဖြင့် သစ်ပင်ကြီးငယ်တို့၏ နေရာတွင် ကျက်သရေရှိလှသည့် ကွန်ကရစ် လျှပ်စစ် မီးတိုင်များက စီစီတန်းတန်းဖြင့် ရှင်းလင်းစွာ တွေ့မြင်ရသည်မှာ ခံ့ညားနေ၏။






ကျွန်တော့်အနေနှင့်လည်း အုတ်ဆွဲရွာတွင် တစ်ချိန်က မိသားစုနှင့်အတူ အခြေချနေထိုင်ခဲ့သူတစ်ဦးအနေဖြင့် တစ်ထောင့်တစ်နေရာမှ အုတ်ဆွဲရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအတွက် ဂုဏ်ပြုဆောင်းပါး တစ်ပုဒ်ရေးခွင့်ရတော့မှာမို့ အတိုင်းမသိ ကျေနပ်ကြည်နူး ခွင့်ရခဲ့မိပါ၏။

ဖုန်းပြောပြီးပြီးချင်းပင် ကျွန်တော်နေထိုင်ရာ ဝက်ထီးကန် မှ ၄ မိုင်ခန့်ဝေးသည့် အုတ်ဆွဲရွာသို့ ဆိုင်ကယ်ဖြင့် ထွက်ခဲ့သည်။ နာရီဝက်ခန့်အကြာတွင် အုတ်ဆွဲရွာထိပ်သို့ ရောက်ခဲ့ပါ ၏။ လမ်းကလည်း ယခင်ကလို လယ်ကန်သင်းလမ်းတို့ မဟုတ် တော့ပြီ။ ကျေးရွာချင်းဆက်လမ်းတို့ဖြင့် ဖွံ့ဖြိုးမှု၏ပြရုပ်တို့ကား အထင်းသားပေါ်လွင်နေပါပြီ။ တွေ့တွေ့ချင်းပင် အုံ့ညြဝမ်းသာမှုတို့က အပြည့်။ ရွာထဲဝင်လိုက်သည်နှင့် ထူးခြားမှုက အထင်းသား ပေါ်လွင်နေပါပြီ။ အုတ်ဆွဲရွာလမ်းမကြီး တစ်လျှောက်လုံး ရှင်းလင်း၍ ထင်သာမြင်သာ ရှိနေ၏။ ရွာသားတို့၏ အားတက်စွာ ကြိုးပမ်းမှုတို့ဖြင့် သစ်ပင်ကြီးငယ်တို့၏နေရာတွင် ကျက်သရေရှိလှသည့် ကွန်ကရစ်လျှပ်စစ်မီးတိုင်များက စီစီတန်းတန်းဖြင့် ရှင်းလင်းစွာ တွေ့မြင်ရသည်မှာ ခံ့ညားနေ၏။

ကျွန်တော့်ဆိုင်ကယ်ကို ရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်အိမ်သို့ ဦးတည်လိုက်ပါသည်။ ဦးကြည်ညွန့်က အုတ်ဆွဲရွာမီးလင်းရေးတွင် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို အသေးစိတ်ရှင်းလင်းပြောပြခဲ့ပါသည်။

**မီးလင်းရေးကြိုးပမ်းမှုအစ**

အဝေးရောက် အုတ်ဆွဲရွာသား ဦးညီမောင်သည် ယမန်နှစ်က အုတ်ဆွဲရွာ ဘုန်းတော်ကြီးကျောင်းဝင်းရှိ ဓမ္မာရုံ စုပေါင်းဆောက်လုပ်ရာတွင် ထိုက်ထိုက်တန်တန် ပါဝင်လှူဒါန်းခဲ့ပြီး ရေစက်ချပွဲသို့ ရောက်ရှိခဲ့ပါသည်။ သူ့အမြင်တွင် အုတ်ဆွဲရွာ၌ လျှပ်စစ်မီးမရှိသည်ကို တွေ့ရှိသွားပြီး လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် စိတ်ကူးခဲ့ပါသည်။ ယခုနှစ်ပိုင်းတွင် ကျန်းမာရေးက ချို့ယွင်းလာပြန်သဖြင့် မိမိရွာအတွက် လျှပ်စစ်မီးရရှိရေးကို ပြင်းပြင်းပြပြ ဆောင်ရွက်လိုစိတ်ဖြစ်ခဲ့သည်။ သားဖြစ်သူ ဦးဇော်မင်းအောင် (ဦးစီးအရာရှိ) ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့ကို စီစဉ်ဆောင်ရွက်ပေးရန် ပြောခဲ့သည်။ ဦးဇော်မင်းအောင်မှလည်း ဖခင်အား ကတိပြုခဲ့ပြီး အစ်ကိုဝမ်းကွဲတော်စပ်သူ ဦးကျော်ဝင်း (စာရင်းစစ်ချုပ်၊ မန္တလေးတိုင်းဒေသကြီး) နှင့် သွားရောက်တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။

ဦးကျော်ဝင်းသည် ယခင်မူလကပင် အာသီသရှိနေသူဖြစ်သဖြင့် ယခုကဲ့သို့ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ သူတို့နှစ်ဦးမှ မတည်ငွေထည့်ဝင်ကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ်ဆွေ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများသို့ ဆွေးနွေးအလှူခံလိုက်သောအခါ အုတ်ဆွဲရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် လိုအပ်သောငွေကြေးတစ်ရပ် ရရှိခဲ့ကြောင်း သိခဲ့ရပါသည်။

ငွေကြေးအတွက် အဆင်ပြေသောအခါ အုတ်ဆွဲရွာသို့ အကြောင်းကြားပြီး စတင်အကောင်အထည်ဖော်ရန်လိုအပ်သော ကိစ္စရပ်များကို စီစဉ်ရန်ပြောကြားခဲ့ပါသည်။ ရပ်မိရပ်ဖ ဦးကြည်ညွန့်မှ အုတ်ဆွဲရွာအတွင်းရှိ လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးအားလုံးကို ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ပါသည်။ ရွာသူရွာသားများမှလည်း လိုလိုလားလားပင် လိုအပ်သောနေရာမှ ပါဝင်ဆောင်ရွက်မည့်အကြောင်း တညီတညွတ်တည်း ဆန္ဒပြုခဲ့ကြပါသည်။



နောက်တစ်နေ့တွင် ဦးကြည်ညွန့်သည် ပေါင်းတလည်မြို့ လျှပ်စစ်မှူးဦးမြင့်ဝေနှင့်တွေ့ဆုံကာ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနများကို စေ့စုံစွာ စုံစမ်းမေးမြန်းခဲ့သည်။ ဦးကြည်ညွန့် ရွာသို့ပြန်ရောက်သောအခါ အစည်းအဝေးပြုလုပ်ပြီး အုတ်ဆွဲကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအဖွဲ့ ဖွဲ့စည်းပြီး ပြည်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြကာ အတည်ပြုချက်ရယူပါသည်။ ရွာမီးလင်းရေးဥက္ကဋ္ဌအဖြစ် ဦးကြည်ညွန့်မှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ပြည်မြို့ တိုင်းလျှပ်စစ်မှူးရုံးသို့လည်း လျှပ်စစ်မီးသွယ်တန်းရေး ဆောင်ရွက်ခွင့်များ တောင်းခံခဲ့ပါသည်။ ရှေးဦးစွာ ရွာလယ်လမ်းမကြီး ဝဲယာတစ်လျှောက် ၅ ပေစီ ခြံစည်းရိုးများ နောက်ဆုတ်ခြင်း၊ သစ်ပင်ကြီးငယ်မှန်သမျှ ခုတ်လှဲခြင်း၊ ရွာလယ်လမ်းမကြီးအား ပြုပြင်သန့်ရှင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။

ထို့ပြင် လျှပ်စစ်မီးစတင်သွယ်တန်းခွင့်ရရှိသောအခါ မန္တလေးရှိ ဦးကျော်ဝင်းတို့ထံသို့ အကြောင်းကြားခဲ့ပါသည်။ ဦးကျော်ဝင်းတို့မှ လိုအပ်သောပစ္စည်းများ (ကွန်ကရစ်ဓာတ်တိုင်၊ ကေဘယ်ကြိုး၊ ဘားတန်း၊ ကြွေသီး၊ သံကွင်းများ၊ ဆိုင်းကြိုးများနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းများ) ဝယ်ယူရန် ငွေကြေးများ ပေးပို့ပါသည်။

ဦးကျော်ဝင်းနှင့် ဦးဇော်မင်းအောင်အပါအဝင် အလှူရှင်များ၏ ထည့်ဝင်ငွေများမှာ ကျပ်သိန်းပေါင်း ၆၀၇ သိန်းတိတိ ဖြစ်ပါသည်။ ဦးကျော်ဝင်းမှ 160 KV Transformar တစ်လုံး တန်ဖိုးငွေကျပ် သိန်း ၆၀ တန်ကို သီးသန့်တစ်ဦးတည်း လှူဒါန်းပေးပို့ပါသည်။ အုတ်ဆွဲရွာအနေဖြင့် ထည့်ဝင်ငွေမှာ ကျပ်သိန်း ၃၀ တိတိ ဖြစ်ပါသည်။

လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ရေးအတွက် ပစ္စည်းများ စုံလင်သောအခါ လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ကော်မတီခွဲ (၄) ခု ဖွဲ့စည်းဆောင်ရွက်စေပါသည်။

ပေါင်းတလည်မှ အုတ်ဆွဲရွာအထိ ၂ မိုင်ခန့် ကွန်ကရစ်တိုင်ပေါင်း ၁၂၅ တိုင် ကျေးရွာအတွင်းလမ်း၊ မီးတိုင် ၂၂ တိုင်၊ စုစုပေါင်း ၁၄၇ တိုင်အတွက် သီးခြားလုပ်သားမငှားရမ်းပါ၊ အဆိုပါဓာတ်တိုင်များ စိုက်ထူရန် ၆ ပေအနက် ကျင်းတူးခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်း၊ ကေဘယ်လျှပ်စစ်ကြိုးသွယ်တန်းခြင်း အပါအဝင် လိုအပ်သော လုပ်ငန်းအားလုံးအတွက် ကျေးရွာမှ လုပ်အားဖြင့် ဖွဲ့စည်းထားသော ကော်မတီခွဲ (၄)မှ နေ့စဉ်လူအင်အား ၅၀ ယောက် အလှည့်ကျဆောင်ရွက်ပေးခဲ့ပါသည်။ လုပ်အားတန်ဖိုးကို တွက်ချက်ပါက ကျပ်သိန်း ၃၀ ခန့်ရှိကြောင်း ဦးကြည်ညွန့်မှ ရှင်းပြခဲ့ပါသည်။

အုတ်ဆွဲကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် အသုံးပြုခဲ့ရသော တန်ဖိုးပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပေမည် –

**၁၅-၁၀-၂၀၁၅ ရက်**
**တက်သစ်စ နေရောင်ခြည်**
**အောက်ဝယ် အုတ်ဆွဲရွာသားများ**
**ပျားပန်းခပ်လှုပ်ရှားနေကြသည်မှာ**
**အားရစရာပင်ကောင်းလှပါသည်။**
**ကျေးရွာမီးလင်းရေး**
**ဥက္ကဋ္ဌ ဦးကြည်ညွန့်၊**
**အလှူရှင်ဦးကျော်ဝင်းနှင့်**
**ဦးဇော်မင်းအောင်တို့မှာ**
**လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား**
**များကို လိုက်လံကြည့်ရှုရင်း**
**ပီတိဆမ်းသောအပြုံးပန်းများ**
**ပွင့်လန်းနေပါသည်။**

ဦးကျော်ဝင်းနှင့် ဦးဇော်မင်းအောင်တို့၏ ကြိုးပမ်းမှုဖြင့်

ရရှိငွေ အလှူငွေ
၆၀၇ သိန်း
ဦးကျော်ဝင်းမှ 160 KV Transformar ၆၀ သိန်း
တစ်လုံး
ကျေးရွာမှ ထည့်ဝင်ငွေ ၃၀ သိန်း
လုပ်အားတန်ဖိုးသင့်ငွေ ၃၀ သိန်း
၇၂၇ သိန်း

ဖြစ်ပြီး လျှပ်စစ်မီးဖွင့်ပွဲ ကုန်ကျစရိတ်၊ မီးလင်းရေးအတွက် ပြည်မြို့ရှိ ဌာနဆိုင်ရာများနှင့် သွားရောက်ခြင်းစရိတ်၊ ပစ္စည်း သယ်ယူခြင်း စသည့် အသေးသုံးများကိုပါ ထည့်သွင်းတွက်ချက် ပါက ကျပ်သိန်း ၈၀၀ ခန့် ကုန်ကျပါကြောင်း ဦးကြည်ညွန့်ထံ မှ သိရှိခဲ့ရပါသည်။

တစ်ဖက်မှ ဦးကျော်ဝင်းတို့အနေဖြင့် ငွေကြေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသလို အုတ်ဆွဲကျေးရွာအပိုင်းမှလည်း ဦးကြည်ညွန့်ဦးဆောင်သော ရွာသူရွာသားအားလုံးသည် အုတ်ဆွဲ ကျေးရွာမီးလင်းရေးဟူသော အသိစိတ်တစ်ခုတည်းကိုသာ အလေး ထားလျက် မိုးကာလ၊ မိုးရေထဲမှာပင် လုပ်အားအရင်းတည် ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍လည်း စက်တင်ဘာလအတွင်း မှာပင် လုပ်ငန်းအားလုံးပြီးစီးအောင်မြင်ခဲ့ပါသည်။ လျှပ်စစ်မီး ဖွင့်ပွဲကိုလည်း ၁၅-၁၀-၂၀၁၅ ရက်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မီးဖွင့်ပွဲ

၁၃-၁၀-၂၀၁၅ ရက်တွင် ဦးကျော်ဝင်းနှင့် ဦးဇော်မင်း အောင်တို့ ရောက်ရှိလာပါသည်။ အနီးကပ်လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ယခင်ရက်များက စွေနေသောမိုး သည် ၁၄-၁၀-၂၀၁၅ ရက် ညနေပိုင်းကပင် စတင်လင်းလက် လာပါသည်။ ၁၅-၁၀-၂၀၁၅ ရက် တက်သစ်စ နေရောင်ခြည် အောက်ဝယ် အုတ်ဆွဲရွာသားများ ပျားပန်းခပ်လှုပ်ရှားနေကြသည် မှာ အားရစရာပင်ကောင်းလှပါသည်။ ကျေးရွာမီးလင်းရေး ဥက္ကဋ္ဌ ဦးကြည်ညွန့်၊ အလှူရှင်ဦးကျော်ဝင်းနှင့် ဦးဇော်မင်းအောင်တို့ မှာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားများကို လိုက်လံကြည့်ရှုရင်း ပီတိ ဆမ်းသောအပြုံးပန်းများ ပွင့်လန်းနေပါသည်။

နံနက်ပိုင်းတွင် ရွာဦးကျောင်းဆရာတော်နှင့် ပင့်သံဃာများ က ဖွင့်ပွဲမဏ္ဍပ်အတွင်း ပရိတ်တော်များ ရွတ်ဖတ်ပေးပါသည်။ ပြည်မြို့မှ ရောက်ရှိလာသော မြန်မာ့လျှပ်စစ်လုပ်ငန်း တိုင်းဦးစီး မှူးနှင့် အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့်အတူ အုတ်ဆွဲရွာသူရွာသားအားလုံးကို မုန့်ဟင်းခါးဖြင့် ဧည့်ခံခဲ့ပါသည်။ စာရေးသူအဖို့ မြင်ကွင်းမှာ အုတ်ဆွဲရွာအတွက် အားရဖွယ် ကောင်းလေစွ။ Transformar အနီး စိုက်ထူထားသော မော်ကွန်း ကျောက်စာတိုင်ရှေ့တွင် လျှပ်စစ်မီးဖွင့်ပွဲအတွက် ပြင်ဆင်ထား သည့် ဖဲကြိုးနှင့်တွဲထားသော မိုးပျံပူဖောင်းရောင်စုံတို့သည် လုံမ ပျိုလေးများလက်မှ ရုန်းကန်စွာလေတွင် တဝေ့ဝေ့ တဝဲဝဲဖြင့် ကြည့်မဝနိုင်ဖြစ်နေပါသည်။ မကြာမီကျရောက်သော မင်္ဂလာ အချိန်တွင် တိုင်းလျှပ်စစ်မှူးကြီး၊ အလှူရှင် ဦးကျော်ဝင်း၊ ဦးဇော် မင်းအောင်နှင့် ကျေးရွာမီးလင်းရေးဥက္ကဋ္ဌ ဦးကြည်ညွန့်တို့က ဖဲကြိုး ကိုဖြတ်၍ အခမ်းအနားကို ဖွင့်ပေးပါသည်။ မိုးပျံပူဖောင်းရောင်စုံ တို့ မိုးကောင်းကင်ထဲသို့ တိုးဝင်သွားချိန်မှာပင် ပေါင်းတလည် မြို့ လျှပ်စစ်မှူးဦးမြင့်ဝေမှ လျှပ်စစ်ဓာတ်အားကို ခလုတ်နှိပ်၍ ဆက်သွယ်ပေးပါသည်။ အနှစ်နှစ်အလလတောင့်တခဲ့သော လျှပ်စစ်မီးအလင်းရောင်တို့သည် အုတ်ဆွဲကျေးရွာဝယ် လင်းလက် တောက်ပသွားပါတော့သည်။

ဖွင့်ပွဲအခမ်းအနားကို အုတ်ဆွဲရွာ မူလတန်းကျောင်းခန်းမ အတွင်း ဆက်လက်ကျင်းပပါသည်။ အုတ်ဆွဲရွာဇာတိ စာရေး ဆရာမ မွေးငယ်ငယ်မှ ပေးပို့လာသော လျှပ်စစ်မီးဖွင့်ပွဲ ဂုဏ်ပြု ကဗျာနှင့် ဆရာမ၏ ကိုယ်ရေးအကျဉ်းကို ဦးလှမျိုးနိုင် (လေးနိုင်- ရွှေသိုင်း)မှ ဖတ်ကြားပေးပါသည်။ ဆက်လက်၍ တိုင်းလျှပ်စစ်မှူး မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရပုံ၊ ရရှိသော လျှပ်စစ်ဓာတ်အား ကို ခွဲဝေသုံးစွဲရပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြား သွားပါသည်။

အုတ်ဆွဲကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်မှလည်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့ ရသည်များ၊ အုတ်ဆွဲရွာသူရွာသားများမှ အားသွန်ခွန်စိုက် လုပ်အားဖြင့် ကူညီခဲ့ကြသည်များနှင့် အလှူရှင်များ၏ စေတနာ၊ ကျေးဇူးတရားများကို ဂုဏ်ယူစွာဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အလှူရှင်များ၏ကိုယ်စား အုတ်ဆွဲရွာဇာတိ မန္တလေးတိုင်း ဒေသကြီး၊ တိုင်းစာရင်းစစ်ချုပ် ဦးကျော်ဝင်းမှ အုတ်ဆွဲရွာ မီးလင်းရေးအတွက် ကြိုးပမ်းမှုများ၊ မိမိ၏မိတ်ဆွေအလှူရှင် များမှလည်း လိုက်လှဲသောစေတနာနှင့် ပါဝင်လှူဒါန်းသည်များ မိမိအနေဖြင့် မိမိကျေးရွာအတွက် စိတ်အား၊ လူအား၊ ငွေကြေး

အားတို့ဖြင့် အားသွန်ဆောင်ရွက်ရသည်များကို ရှင်းလင်းတင်ပြပြောကြားခဲ့ပြီး မီးလင်းရေးအတွက် ပါဝင်ကူညီဆောင်ရွက်သူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပါသည်။

ဆက်လက်၍ အုတ်ဆွဲကျေးရွာတွင် အိမ်ခြေ ၁၀၇ အိမ်နှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်းရှိရာ လျှပ်စစ်မီးဖွင့်ပွဲအမီ အိမ်ခြေ ၈၆ အိမ် မီမိအစီအစဉ်ဖြင့် မီမီတာတပ်ဆင်ခဲ့ပါသည်။ ကျန်ရှိသော နွမ်းပါးသူ ၂၈ အိမ်နှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့အား ဦးကျော်ဝင်းတို့မှ အခမဲ့လှူဒါန်းမှုဖြင့် ထပ်မံ၍ မီတာတပ်ဆင်ပေးခြင်း၊ မီးကြိုးများ မီးလုံး၊ မီးသီးများ အပါအဝင် တပ်ဆင်လှူဒါန်းခဲ့ပါကြောင်း ဝမ်းသာဖွယ်ရာ သိရှိခဲ့ရပါသည်။

အခမ်းအနားပြီးမြောက်အောင်မြင်သွားသောအခါ ရွာဦးကျောင်းတွင် ပင့်သံဃာများကို ဆွမ်းဆက်ကပ်ပါသည်။ ပြည်မြို့မှလာသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများကို ရွာဦးဘုန်းတော်ကြီးကျောင်းမှာပင် နေ့လယ်စာဖြင့် ညှော်ခံကျွေးမွေးခဲ့ပါသည်။ ရွာဦးကျောင်းဆရာတော်မှလည်း ဝမ်းသာဂုဏ်ယူစကား မိန့်ကြားခဲ့ပါ၏။

မြန်မာ့လွတ်လပ်ရေးခေတ်ဦးကပင် စတင်ကြိုးပမ်းခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ အုတ်ဆွဲကျေးရွာ လျှပ်စစ်မီးလင်းရေးသည် အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပါ။ အဘိုးများခေတ်၊ အဖေများခေတ်တွင် မအောင်မြင်ခဲ့သော်လည်း ယနေ့အုတ်ဆွဲရွာသားမျိုးနွယ် မျိုးဆက်သစ်တို့ခေတ်တွင် မမျှော်မှန်းရဲခဲ့သည့် အိပ်မက်ကမ္ဘာကို လျှပ်စစ်မီးတို့ဖြင့် လင်းလက်ဝေဖြာစွာ ဖွင့်လှစ်နိုင်ခဲ့လေပြီ။

စူးနစ်သော သန္နိဋ္ဌာန်ဖြင့် ဆန္ဒပြုခဲ့သော အဝေးရောက် အုတ်ဆွဲဇာတိ အဘ ဦးညီမောင်၊ ဖခင်၏ဆန္ဒကို မပြစ်မနေ အကောင်အအထည်ဖော်ခဲ့သော သားဖြစ်သူ ဦးဇော်မင်းအောင် (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာ)နှင့် ကောင်းမြတ်သော စိတ်မနသီဖြင့် ပါဝင်ဆောင်ရွက်ရာမှ အဓိကကြိုးပမ်းသူဖြစ်သော ဦးကျော်ဝင်း(စာရင်းစစ်ချုပ်၊ မန္တလေးတိုင်းဒေသကြီး) တို့၏ တုနှိုင်းမရသော ကျေးဇူးတရားသည်ကား အုတ်ဆွဲရွာတစ်ရွာလုံးအပေါ်တွင် ကျရောက်ခဲ့ပေပြီ။ သန့်စင်မွန်မြတ်လှသည့် အလင်းပေးအလှူကြီး တစ်ခုပမာ ခံစားမိပါ၏။ မမျှော်မှန်းနိုင်သော ရလဒ်ကြီးတစ်ခုရရှိခဲ့ခြင်းဖြစ်ပေရာ အုတ်ဆွဲရွာ တည်တံ့သရွေ့ ထာဝရအလင်းတို့ဖြင့် ဖန်တီးပေးနိုင်ရန် အဘက်ဘက်မှ တတ်စွမ်းနိုင်သမျှ ကူညီပံ့ပိုးပေးခဲ့ကြသည့် ပဲခူးတိုင်းဒေသကြီးတိုင်းအဆင့်နှင့် မြို့နယ်အဆင့်ဆင့်တို့၏ သက်ဆိုင်ရာ ကူညီပံ့ပိုးခဲ့သူများအား ကမ္ဘာတည်သရွေ့ ကျေးဇူးတင်မဆုံးနိုင်ပါကြောင်း ဖော်ပြရင်း ဂုဏ်ပြုကဗျာဖြင့် ချီးမြှင့်ပေးခဲ့သော စာရေးဆရာမ မွှေးငယ်ငယ်၏ ကဗျာဖြင့် ဂုဏ်ပြုဖော်ပြလိုက်ရလေသည်။

အမှောင်ခွင်းလို့ လင်းခဲ့ပြီ
ကလေးရွယ်စ၊ ငယ်ဘဝမှာ
ကျောင်းကသင်လာ၊ သင်ခန်းစာကို
အိမ်မှာပြန်လုပ်၊ တကုတ်ကုတ်ဖြင့်
မီးတုတ်လင်းရောင်၊ မီးခွက်ဆောင်လည်း
အရောင်မထွက်၊ မီးခွက်အလင်း
မှိတ်တင်းအားပြု၊ ကြိုးပမ်းမှုဖြင့်
အနိတုရုန်းကန် ခဲ့ရသည်။

စိတ်ကရည်မှန်း၊ ဘဝတက်လမ်းကို
ကြိုးပမ်းစိတ်ဆောင်၊ မုချအောင်မှ
လူ့ဘောင်ကျိုးပြု၊ ပေးဆပ်မှုဖြင့်
မြှင့်တင်ရည်မျှော်၊ နိုင်ငံတော်တွက်
ရှေ့ဆက်ကမ်းလင့်၊ ပန်းတိုင်မြင့်အောင်
စွမ်းဆောင်ကြိုးပမ်းခဲ့ရသည်။

တို့များကျေးရွာ၊ စဉ်အလာတွင်
ဘိုးစဉ်ဘောင်ဆက်၊ ဖလက်ထက်တိုင်
လက်မှိုင်ချဆဲ၊ မီးခွက်ဆွဲရင်း
လင်းအားမပျက်၊ အရဏ်တက်ဝယ်
ရောင်းဝယ်ဖောက်ကား၊ တို့ရွာသားတို့
မနားလုပ်ခွင်၊ လယ်ကွင်းပြင်သွား
စိတ်ထားမပြင်၊ အလင်းမြင်ရေး
အတွေးမပိုက်၊ အားမစိုက်မို့
မှောင်မိုက်ဆဲပင် လမ်းမမြင်ခဲ့။

ယနေ့တစ်ခေတ်၊ ငါတို့ခေတ်ဝယ်
လျစ်လျူမပြု၊ စာနာမှုဖြင့်
ရောင်းမှုဝယ်မှု၊ လူမှုတစ်ခေတ်
ဘဝသစ်ဖို့၊ ဖွင့်လှစ်ကြံဆောင်
ဦးဆောင်ကြိုးပမ်း၊ လက်ဆင့်ကမ်းရင်း
မျှော်မှန်းကြည်ဖြူ၊ ညီတူကျိုးတွက်
နှိုင်းညှိချက်ဖြင့်၊ ရွာတွက်ဦးစီး
လျှပ်စစ်မီးရရေး၊ ဖေးမကူညီ
တူညီဖြိုဖြ၊ ကြိုးပမ်းကြမို့
မြို့ပြမခြား၊ လင်းထိန်အားကြောင့်
ဆွေသားမျိုးဆက်၊ ရင့်ကျက်ခိုင်မာ
ပညာရည်မြှင့် အခြေတင့်ပြီ။
ကမ်းဆင့်လက်များ စုံစုံညီ။
မျိုးဆက်သစ်တို့ အားဆက်ညီ။
လျှပ်စစ်မီးတို့ ထိန်ဝေစီ။
အမှောင်ခွင်းလို့ လင်းခဲ့ပြီ။ ။

**မွှေးငယ်ငယ်**

**လေးနိုင်(ရွှေသိုင်း)**

**မှတ်ချက်**

(ဤဆောင်းပါးဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ အုတ်ဆွဲကျေးရွာမီးလင်းရေးအတွက် ကြိုးပမ်းခဲ့သူများနှင့် အုတ်ဆွဲရွာသူ/ရွာသားများအား မှတ်မှတ်ရရ ဂုဏ်ပြုပါသည်။)



မိုးတစိမ့်စိမ့်ရွာနေသည်။

မှုန်မှုန်ဖွဲဖွဲလေးကျနေသော မိုးစက်မိုးမှုန်လေးများသည် မှန်ပြတင်းကို မထိတထိ တို့ခတ်သွားကြသည်။ ရေငွေ့ရိုက်သဖြင့် တဖြည်းဖြည်း မှုန်လာသော ပြတင်းမှ မှန်ချပ်ကို မိငယ်သည် ငြိမ်ငြိမ်လေးထိုင်ကာ ငေးကြည့်နေသည်။ ရင်ထဲတွင်ဟာကာ ဆာနေသော်လည်း ဘာကိုမှလည်း စားချင်စိတ် မရှိချေ။ လက်ကိုလည်း မမြှောက်ချင်။ ကိုယ်ကိုလည်း မလှုပ်ချင်။ လူတစ်ကိုယ်လုံး နုံးပြီး ပျော့နေသည်။

''မိငယ်''

နောက်ဘက်ခုံတန်းမှ ကြည်ကြည်ဝေက တိုးတိုးလေး ခေါ်သည်။

''နင် အိမ်စာတွေ ပြီးပြီ မဟုတ်လားဟင်''

''ဘာအိမ်စာတွေလဲ''

''သင်္ချာလေ''

''အင်း ပြီးပြီ''

''ငါ့ကို ခဏပေးစမ်းပါဟာ''

''ဘာလဲ နင် ကူးချမလို့လား''

''အေး''

''နင်ကလည်းဟာ အမှားချင်းတူနေရင် တီချယ်ဆူနေအုံးမယ်''

မိငယ်က မျက်မှောင်လေး မသိမသာကြုတ်ကာပြောတော့ ကြည်ကြည်ဝေ မျက်နှာငယ်သွားသည်။ ထို့နောက် သက်ပြင်းချကာ ပြောသည်။

''အသေးလေးရယ် နင်တွက်ရင် အမြဲမှန်တာပဲဟာ၊ ဘယ်တုန်းက မှားဖူးလို့လဲ၊ တော်ကြာနေ ကျောင်းတက်တော့ အိမ်စာတွေ ထပ်ခိုင်းတော့မယ်၊ ငါ တစ်ပုဒ်မှ မတွက်ခဲ့ရလို့ပါ၊ ခုမှတွက်ရင်လည်း မီမှာမဟုတ်ဘူး၊ ကြာနေအုံးမယ်''

''နင် ဘာလို့ အိမ်က မတွက်ခဲ့တုံး''

ကြည်ကြည်ဝေသည် မိငယ်လောက် စာမတော်သော်လည်း တော်တော့တော်သည်ပင်။ အတန်းထဲတွင် သင်္ချာပြိုင်တွက်လျှင် တစ်ခါတစ်ရံ သူ ကပင် အရင်ပြီးတတ်သည်။ သို့သော် အိမ်စာမို့ ပေးလိုက်လျှင်တော့ ပြီးအောင် လုပ်မလာတတ်ပေ။

''အမေဖျားနေတယ်ဟ၊ အဖေကလည်း ဝမ်းတွင်းသဲတောမှာအထည်သွားကောက်တာ ပြန်မလာသေးဘူး၊ မောင်လေးကိုရော၊ ညီမလေးကိုရော ငါနဲ့အတူ သိပ်ရတာ၊ အမေ့ဆီက အဖျားကူးမှာစိုးလို့လေ၊ အိပ်ရေးပျက်တယ်ဟာ၊ တော်ကြာ အီးထပါလိုက်၊ တော်ကြာ ရှူရှူးတည်ရ၊ တော်ကြာ ရေသောက်ချင်တယ် ပြောလိုက်နဲ့ ရှုပ်နေတာပဲ၊ ဒီကြားထဲ အမေက ချောင်းလို့ကိုက်လို့ ညည်းနေတော့ နင်းနှိပ်ပေးရသေးတယ်၊ ငါ့မှာဖြင့် နင့်အိမ်စာတွေကို တွက်ဖို့နေနေသာသာ ယားလို့တောင် မကုတ်အားဘူး၊ ဒီနေ့တောင် ကျောင်းမတက်ရတော့ဘူး ထင်နေတာ၊ ကြီးကြီးမေ ရောက်လာလို့ ငါ ကျောင်းမပျက်တာ''

''အမေ
ဖျားနေတယ်ဟ၊
အဖေကလည်း
ဝမ်းတွင်းသဲတောမှာ
အထည်သွား
ကောက်တာ
ပြန်မလာသေးဘူး၊
မောင်လေးကိုရော၊
ညီမလေးကိုရော
ငါနဲ့အတူ
သိပ်ရတာ၊
အမေ့ဆီက
အဖျား
ကူးမှာစိုးလို့လေ၊

မိငယ် ချက်ချင်း စိတ်ပျော့သွားသည်။ ''ကူးရင်လည်း ကူးပါစေတော့လေ၊ သူ မတွက်တတ်လို့ ခိုးချတာမှမဟုတ်ဘဲ၊ အချိန်မရှိလို့ မတွက်ခဲ့ရတာပဲ''ဟု တွေးရင်း သင်္ချာလေ့ကျင့်ခန်း စာအုပ်ကလေးကို အလွယ်တကူ ထုတ်ပေးလိုက်လေသည်။

ဆရာမက အိမ်စာတွေ လုပ်မလာလျှင် ရိုက်တတ်သည်။ ''စတုတ္ထတန်းနော်၊ အစိုးရစစ်၊ သိရဲ့လား၊ ပေါ့တီးပေါ့ဆ လုပ်မနေနဲ့''ဟု ဆူတတ်သည်။ ''မိမိငယ်နဲ့ ယမင်းခင်လို စာတော်အောင် ကြိုးစားကြပါလား''ဟု စံပြုပြီး ပြောသောအခါများတွင်ကား မိငယ်သည် ရင်ထဲတွင် ဘုရားပွဲ လှည့်နေသော်လည်း ခေါင်းကုတ်ရတော့မလိုလို နှာခေါင်းပွတ်ရတော့မလိုလိုနှင့် အနေရအထိုင်ရ ခက်လှသည်။ ယမင်းခင်လို ပြုံးပြုံးလေးနေတတ်အောင် ကြိုးစားသော်လည်း မအောင်မြင်ပေ။

''သူတို့နှစ်ယောက်ကတော့ ရင်ပေါင်တန်းပြီး ပြေးနေကြတာပဲ၊ သူက နည်းနည်းကျော်လိုက်၊ ငါက နည်းနည်းသာလိုက်နဲ့ မနှစ်ကတည်းက တစ်လဲစီ ပထမရနေကြတာ၊ ဉာဏ်ရည်ချင်းတူတော့ ဝီရိယသာတဲ့လူက ကျော်သွားတာပဲ''

ဆရာမက ပြောလေသည်။ မိငယ်နှင့် ယမင်းခင်သည် ဉာဏ်ရည်ချင်း၊ စာတော်တာချင်းတူသော်လည်း လူချင်းကတော့ လုံးဝမတူပေ။ မိငယ်က ပိန်ပိန်သေးသေး ညှက်ညှက်ဖြစ်သည်။ ယမင်းခင်ကတော့ အသားဖြူဖြူ ပါးစုန့်ဖောင်းဖောင်းနှင့် ဝဝတုတ်တုတ်ကလေးဖြစ်သည်။

သူငယ်ချင်းများက မိငယ်ကို အသေးလေးဟုခေါ်ကြသည်။ ယမင်းခင်ကိုတော့ ဆင်ပေါက်ဟု အမည်ပေးထားကြလေသည်။ အတန်းထဲတွင် အပြောင်အပြက်အပြောတတ်ဆုံးဖြစ်သော သက်ထားနွယ်ကမူ ယမင်းခင်ကို ယမင်းဆင်ဟု ခေါ်လေသည်။

''သူတို့က ဆင်မျိုးတဲ့၊ သူကလည်း ဆင်ပေါက်၊ သူ့အဖေကလည်း ဆင်ကြီးမဟုတ်လား''ဟု အဓိပ္ပာယ်ဖွင့်ပြ

တော့ ယမင်းခင်က သဘောကျစွာ ရယ်သည်။ ထို့နောက် ''ငါက အသားဖြူတော့ ဆင်ဖြူနော်''ဟု ပြောလေသည်။

''ဟင်း တူတယ်ဟော့၊ တူတယ်ဟော့''

သူ့ဘေး မငြိမ်းလတ်က လက်ခုပ်တီးကာ ထအော်တော့ မိငယ်လန့်သွားသည်။ တွေးလက်စအတွေးက ဖျတ်ခနဲ ပြတ်ကာ လွင့်သွားသည်။

ငြိမ်းလတ်ကြည့်သည်ကို လိုက်ကြည့်လိုက်တော့ ကျောက်သင်ပုန်းကို အဝတ်ရေဆွတ်ပြီး ပွတ်ဖျက်နေသော သက်ထားနွယ်ကို တွေ့ရသည်။ ကျောက်သင်ပုန်းဖျက်သည်ကို ကောင်းကောင်းမဖျက်ဘဲ ပန်းစကားရုပ်ရှင်ထဲမှ ကျော်ဟိန်း၏ အမူအရာမျိုး လုပ်နေသောကြောင့် တအုန်းအုန်းနှင့် ပွဲကျနေကြသည်။ သူ့ကြည့်ရသည်မှာ ရယ်စရာကောင်းလွန်းသောကြောင့် မိငယ် ရယ်လိုက်မိသော်လည်း ခါတိုင်းလို စိတ်မရွှင်လှချေ။

''မိငယ်'' ကြည်ကြည်ဝေက ခေါ်ပြန်သည်။

''ဟင်''

''နင် နေမကောင်းဘူးလား''

''တစ်မျိုးကြီးပဲ၊ ခေါင်းထဲမှာ အုံအုံခဲခဲကြီး၊ တစ်ကိုယ်လုံးလည်း ညောင်းနေတယ်''

''ဗုဒ္ဓေါရေ နင်တော့ တုပ်ကွေး ကွေးတော့မယ် ထင်တယ်''

''အင်း ကွေးတော့မလား မသိဘူး''

မိငယ်က သူ့နဖူးသူ စမ်းကြည့်ရင်း ညှောင်နာနာပြောသည်။ အိမ်မှာတော့ သူက စပြီး ဖျားတော့မည်ထင်သည်။ တုပ်ကွေးကွေးလျှင် အနည်းဆုံး သုံးလေးရက်တော့ ကျောင်းပျက်တော့မည်မို့ မိငယ်စိတ်ညစ်သည်။ ဒီလိုသာ ကျောင်းပျက်လိုက်လျှင် ယှဉ်လျက်ပြေးနေသော ယမင်းခင်က သူ့ကို အသာလေး ကျော်တက်သွားမည်ဖြစ်သည်။

''ဘယ်သူ ကွေးမှာလဲ ဟင်''

သူတို့အနားရောက်လာသော ယမင်းခင်က ဝင်မေးသည်။

''ငါလေ ကွေးများကွေးတော့မှာလားလို့''

''ဘာဖြစ်နေလို့လဲ''

''ခေါင်းတွေ အုံနေလို့ပါဟာ''

မိငယ်သည် ယမင်းခင်ကိုက်စားနေသော ပန်းသီးနီနီလေးဆီမှနေပြီး သူ့မျက်လုံးကို ကြိုးစားပြီးလွှဲလိုက်သည်။ မျက်လုံးကို လွှဲဖယ်လိုက်နိုင်သော်လည်း သင်းသင်းလေး မွှေးနေသော ရနံ့ကိုတော့ မရှူဘဲ မနေနိုင်။

''အဲဒါဆိုရင်လေ ကိုးလ်တက်ပလက်နဲ့ ပါရာစင်တမောနဲ့ ဘာမီတွန်ရောပြီး သောက်လိုက်၊ မာမီဆိုရင် အဲဒီလိုပဲ သောက်ခိုင်းတယ်''

ယမင်းခင်က ပန်းသီးကို အသံမြည်အောင် ကိုက်စားလိုက်တော့ မိငယ်သည် ဖျတ်ခနဲ ကြည့်မိပြန်သည်။ ထို့နောက် မျက်လုံးကို ဖျတ်ခနဲ လွှဲဖယ်လိုက်ကာ-

''ငါလေ ဘာကိုမှလည်း စားချင်စိတ်မရှိဘူး''ဟု မဆီမဆိုင်ပြောရင်း တံတွေးကို မသိမသာ မျိုချလိုက်သည်။

''ကော်ဖီတောင် မသောက်ချင်ဘူးလားဟင်''

''ဟင့်အင်း''

မိငယ်က ရောယောင်ပြီး ခေါင်းခါလိုက်သည်။ တကယ့်တကယ်တော့ မိငယ်တို့အိမ်တွင် ကော်ဖီမဖျော်သည်မှာပင် အတော်ကြာပေပြီ။ ဧည့်သည်လာလျှင်လည်း ရေနွေးကြမ်းနှင့် ထန်းလျက်ခဲသာ ထွက်လာတတ်လေသည်။

''နင် ကော်ဖီမသောက်ချင်ရင် အိုဗာတင်းသောက်ပါလား''

''ဟင်''

''မာလ်တိုဗာလည်း ကောင်းတာပဲ''

''ဟုတ်လား''

မိငယ်ကအူကြောင်ကြောင်နှင့် သံယောင်လိုက်ကာ ခေါင်းညိတ်ပြန်သည်။ မိငယ်အသက် ၁၀ နှစ်ပင်ကျော်ခဲ့ပြီ။ အိုဗာတင်းကို လေးငါးခါသောက်ဖူးသော်လည်း မာလ်တိုဗာဆိုတာ



ကိုတော့ ဘာမှန်းပင်မသိ။

"ဒါပေမဲ့ ငါတော့ ကော်ဖီပဲကြိုက်ပါတယ်၊ အိုဗာတင်းတို့ ဟောလစ်တို့က အီလွန်းလို့"

ယမင်းခင်က ကျန်သမျှ ပန်းသီးစိတ်လေးကို ပါးစပ်ထဲ အကုန်ထည့်လိုက်သည်။ မိငယ်လည်း သက်ပြင်းကို အသာချလိုက်လေသည်။ ပန်းသီးနံ့ မွှေးမွှေးလေးကို ရှူလိုက်ရသောကြောင့်လားတော့ မသိ။ ခေါင်းထဲတွင် အုံအုံခဲခဲဖြစ်နေသည်ပင် အတန်ငယ်သက်သာသွားသည်ဟု ထင်မိသည်။

"ရော့ အသေးလေး၊ ငါတော့ တက်သုတ်ရိုက်ပြီး ကူးချလိုက်တာပဲ"

ကြည်ကြည်ဝေက သင်္ချာလေ့ကျင့်ခန်းစာအုပ်ကလေးကို ပြန်ပေးသည်။ အခုမှပင် စိတ်အေးသွားဟန်ဖြင့် မျက်နှာရွှင်လာသည်။

"ဩော် ငါ မေ့နေလို့ ငါ့မှာ ဆေးပါတယ်၊ နင် သောက်မလား အသေးလေး။

"ဘာဆေးလဲဟင်"

"ပါရာစင်တမော"

ကြည်ကြည်ဝေက ကွန်ပါဘူးထဲမှ စက္ကူထုပ်ကလေးကို လှမ်းယူသည်။ အသာဖြန့်လိုက်တော့ ဆေးပြားဖြူဖြူလေး သုံးပြားကို တွေ့ရသည်။

"ငါတော့ အမေ့ဆီက အဖျားကူးတော့မှာပဲဆိုပြီး လိုလိုမည်မည် ယူထားတယ်၊ ရော့ တစ်ပြားသောက်လိုက်၊ ခေါင်းကိုက်ပျောက်သွားအောင်"

"ခေါင်းကိုက်တာ သက်သက်ဆိုရင် အင်နာဂျက်ဆင်က ပိုကောင်းတယ်ဆို၊ မာမီပြောတာပဲ၊ အစာကလေး ကော်ဖီကလေးနဲ့တွဲပြီး သောက်တဲ့"

ယမင်းခင်က ပြောသည်။ ကျောင်းတက်ခါနီးပြီမို့ သူ၏ ကျောပိုးအိတ်ထဲမှ နှစ်ထပ်ကွန်ပါဘူးလေးနှင့် ပလတ်စတစ်ပေတံအပြာရောင်လေးကို ထုတ်ကာ ခုံပေါ်တွင် အသင့်တင်ထားလိုက်သည်။

"အင်နာဂျက်ဆင်တစ်လုံးနှစ်ကျပ်ပေးရတယ် ယမင်းရဲ့၊ ဒီပါရာစင်တမောက ဘီပီအိုင် မဟုတ်ဘူး၊ တရုတ်ဆိုတော့ တစ်လုံးမှ တစ်မတ်ရယ်"

"ဟင် နင်ကလည်း မဟုတ်တာ၊ အင်နာဂျက်ဆင်က အဲဒီလောက် ဈေးမကြီးပါဘူး"

ယမင်းခင်က အံ့သြသလို ပြောသည်။ ကြည်ကြည်ဝေက ယမင်းကို စိတ်မရှည်စွာကြည့်ရင်း မျက်စောင်းထိုးသည်။ ကျန်သောဆေးပြားလေးနှစ်ပြားကို စက္ကူနှင့် ပြန်ထုပ်ပြီး သံကွန်ပါဘူးထဲသို့ ခပ်ဆောင့်ဆောင့်ပြန်ထည့်လိုက် သည်။

"နင်တို့ကတော့ နင်တို့ကိုး၊ ဘယ်ဈေးကြီးမှာလဲ ယမင်းခင်ရဲ့၊ နင်တို့ဝယ်တဲ့ဆိုင်မှာ ငါတို့မဝယ်ရတာလည်း နင်သိသားနဲ့၊ အခု အမေဖျားနေရင်း ချောင်းဆိုးလို့ သောက်နေရတဲ့ ဆေးတောင့်လေးတွေလေ၊ ဘာပါလိမ့် အင်ပါဘာဆိုလား၊ အဲ အဲ အင်ပါစလင်ကျတော့ တစ်တောင့်ကို နှစ်ကျပ်ခွဲ၊ ကြီးကြီးမေ ဗိုက်နာရင် သောက်တဲ့ ဆေးပြားဖြူဖြူလေးတွေကျတော့ တစ်လုံးကို ငါးမတ်တစ်ကျပ်ခွဲ၊ ငါက အမေနဲ့အတူ ဆေးဝယ်ရင် လိုက်လိုက်သွားရလို့ သိနေတာ"

ဒိုးဒိုးဒေါက်ဒေါက်ပြောသော ကြည်ကြည်ဝေကို ယမင်းခင်က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ငေးကြည့်နေသည်။

"မောင်လေးနဲ့ ညီမလေးကိုတောင် အမေက ဘားပလက် အရည်မတိုက်တော့ဘူး၊ ထမင်းရည်သောက်လည်း အားရှိတာပဲတဲ့၊ ထမင်းရည်ထဲမှာ ဗီတာမင်အပြည့်ပါတယ်တဲ့"

မိငယ်က ဆေးပြားလေးကို အာခေါင်ထဲထည့်ပြီးမှ ရေဘူးထဲကရေကို သောက်လိုက်သည်။ ဆေးလေးက ရှောရှော ရှူရှူမဆင်းသွားဘဲ လည်ချောင်းဝတွင်တစ်နေ၍ လက်နှင့်အသာသပ်ချရသည်။

"သင်္ချာအိမ်စာတွေ လာထပ်ကြပါ"

အတန်းခေါင်းဆောင် စုစုလင်း၏အော်သံနှင့်အတူ ကျောင်းတက်ခေါင်းလောင်းထိုးသံကို ကြားရသည်။ ဆူညံနေရသည့်အထဲတွင် သက်ထားနွယ်က သီချင်းတစ်ပုဒ်ကို အမူအရာနှင့် ဆိုပြနေပြန်သည်။ "မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် မိုးရေချိုးမယ်၊ ဖေဖေလာရင် မိုးရေချိုးမယ်"တဲ့။ ထို့နောက် "ငါတို့လမ်းထဲက ကောင်ကလေးတွေ ဆိုနေတာလေ ရေမလာတာ သုံးရက်ရှိပြီဟ"ဟု ဆက်ပြောသည်။

"သင်္ချာအိမ်စာတွေ လာထပ်ကြပါ"

စုစုလင်းက အော်ပြန်



သည်။ ကြည်ကြည်ဝေက ''ထပ်မယ်ဟေ့ ထပ်မယ်ဟေ့'' ဟု ပြန်အော်ပြီး မိငယ်၏ စာအုပ်ကိုပါ လှမ်းယူသည်။ ထို့နောက် ဆရာမ၏စားပွဲပေါ်က စာအုပ်ပုံတွင် သွားထပ်သည်။ အများချင်းတူနေလျှင် ဆရာမ သတိမထားမိစေရန်အတွက် တစ်အုပ်ကို အပေါ်ဆုံးတွင် တင်ကာ ကျန်တစ်အုပ်ကို စာအုပ်ပုံ၏အလယ်တွင် ထိုးထည့်နေလေသည်။

''ကြည်ကြည်ဝေက ဘာဖြစ်လို့ စိတ်တိုနေတာလဲဟင်''

''ငါ ဘယ်သိမလဲ''

မိုးဖွဲလေးများက ရုတ်တရက်သည်းလာသည်။

မိုးစက်မိုးပေါက်များက မှန်ပြတင်းကို ခပ်ပြင်းပြင်းလေး ရိုက်ခတ်လာသည်။

''မိငယ်''

ယမင်းခင်က ခေါ်ပြန်သည်။

''နင်ကရော ဘာလို့ စိတ်တိုနေတာလဲဟင်''

''ငါ ဘယ်သိမလဲ''

မှန်ချပ်ကိုထိပြီး ကွဲကြေလွင့်စဉ်သွားသော မိုးပေါက်များကို ငေးကြည့်ရင်း မိငယ်သည် အနီရောင်ပန်းသီးလေးကို မြင်ယောင်နေလေသည်။

\+ + +

''မေမေ ပန်းသီးတစ်လုံး ဘယ်လောက်ပေးရလဲဟင်''

''ချင်းတောင်ပန်းသီးဆိုရင် သုံးလေးကျပ်ပေါ့၊ နည်းနည်းကြီးရင်တော့ လေးငါးခြောက်ကျပ်ပေးရတယ်၊ အရောင်စိမ်းတယ်လေ''

''မဟုတ်ဘူး မေမေရဲ့၊ အလုံးကြီးကြီး အရောင်နီနီ အနံ့မွှေးမွှေး''

''အဲဒါမျိုးဆိုရင်တော့ ဆယ့်လေးငါးခြောက်ကျပ်ပေးရမှာပေါ့၊ မေမေတစ်ခါ တရုတ်တန်းမှာတွေ့တာတော့ စာကပ်ထားတယ်၊ ဆယ့်ရှစ်ကျပ်တဲ့''

''ဟင် တော်ပါပြီ''

မိငယ်က ပခုံးလေးတွန့်လိုက်သည်။ ဆယ့်ရှစ်ကျပ်ဟူသော စာတန်းလေးကို မြင်ယောင်မိတော့ ခေါင်းထဲတွင် ဝဲလှည့်နေသော အနီရောင်ပန်းသီးလေးက ဖျတ်ခနဲ ပျောက်သွားလေသည်။ ပြုတ်ပြီးသားမျှစ်များကို စဉ်းတီတုံးပေါ်တင်ပြီး တွယ်ချိတ်ကြီးကြီးနှင့်ခြစ်နေသော အမေက မိငယ်ကို စူးစမ်းသလို လှမ်းကြည့်သည်။

မိငယ်က ပခုံးလေးတွန့် လိုက်သည်။ ဆယ့်ရှစ်ကျပ်ဟူသော စာတန်းလေးကို မြင်ယောင်မိတော့ ခေါင်းထဲတွင် ဝဲလှည့်နေသော အနီရောင် ပန်းသီးလေးက ဖျတ်ခနဲ ပျောက်သွား လေသည်။

''ဘာလဲ သမီးစားချင်လို့လား''

''အလကားရရင်တော့ စားချင်တာပေါ့ မေမေရာ၊ ဝယ်တော့ မစားချင်ပါဘူး''

ဆယ့်ရှစ်ကျပ်ဆိုသောငွေ နည်းနည်းနောနောမဟုတ်။ မလကာသီး ပွပွချိုချိုကြီးတွေ ဝယ်လျှင် အများကြီးရနိုင်သည်။ ဒါမှမဟုတ် သစ်တော်သီး၊ သရက်သီး၊ မင်းကွတ်သီး၊ ငှက်ပျောသီးဆို အို့ . . စားစရာတွေစုံလို့ ပြည့်လို့။ ဒီလိုတွေးမိတော့လည်း မိငယ်ပျော်သွားသည်။ စိတ်မပါ လက်မပါ စားနေသောထမင်းပင် အရသာရှိပြီး စား၍ကောင်းသွားသလိုလို ရှိသည်။

''သမီး ထမင်းစားပြီးရင် အမေ့ကို ပါရာစင်တမောတစ်လုံးနဲ့ ဘာမီတွန်တစ်လုံး ယူလာပေးစမ်း၊ နှာတွေစေးပြီး ခေါင်းတွေ ကိုက်နေလို့''

''သမီးလည်း ကျောင်းမှာ ခေါင်းတွေအုံနေလို့ ဖျားပြီထင်နေတာ၊ ကြည်ကြည်ဝေက ဆေးတစ်လုံးပေးလို့ သောက်လိုက်တော့ သက်သာသွားတယ် မေမေ''

''ဖျားတော့ မဖျားလိုက်ပါနဲ့ သမီးရယ်၊ တော်ကြာရင် ကျောင်းပျက်နေအုံးမယ်''

''သမီးကျောင်းပျက်ရင် ယမင်းခင်က ကျော်သွားမှာ မေမေရဲ့၊ နောက်ပြီး အိမ်စာတွေကလည်း တစ်ပတ် တစ်ရက်ကို အများကြီး၊ ဒီနေ့လည်း အများကြီးပေးလိုက်သေးတယ်၊ ကျောင်းပျက်ရင် အဲဒါတွေ အားလုံး နောက်ကျသွားမှာ''

မိငယ်က ထမင်းကို လက်စသတ်စားကာ ပန်းကန်ဆေးသည်။ ကျောင်းမပျက်ဘဲနဲ့တောင် ပထမရဖို့ သေချာသည်မဟုတ်။ ယမင်းခင်ကလည်း စတုတ္ထတန်းတွင် ပွဲဦးထွက် ပထမရရန် အကြိတ်အနယ်ကြိုးစားမည်ဖြစ်သည်။

''ဘယ်နှနာရီရှိပြီလဲ သမီး''

''ငါးနာရီခွဲတော့မယ် မေမေ၊ ပြန်လာခါနီးပြီ''

မိငယ်သည် အိပ်ခန်းထဲဝင်ခဲ့သည်။ အိမ်သုံးဆေးပုလင်းတွေ စီ၍တင်ထားကြွက်လျှောက်မှ ပါရာစင်တမောဟုရေးထားသေ ပုလင်းလေးကို ယူလိုက်သည်။ ဆေးလေးနှစ်ပြားသာ ကျန်တော့သည်။ ဘာမီတွန်ပုလင်းထဲတွင်တော့ တစ်ပြားမှမရှိ၊ အရက်ပျံပုလင်းလေးကလည်း ဖင်ကပ်သာကျန်သည်။ ပရုတ်ဆီအနီကတော့ တစ်ဝက်လောက်ရှိသေးသည်။ ဖေဖေဝယ်လာပြီး မိငယ်ကို တိုက်ဖူးသော ဗစ်တာဖုံအားဆေးပုလင်းလည်း ပြောင်းတလင်းခါနေပြီဖြစ်သည်။

''အမေ့ဆေးတွေကလည်း ကုန်ခါနီးနေပြီ၊ ဘာမီတွန်လည်း တစ်ပြားမှ မရှိတော့ဘူး''

''အေးကွယ်၊ ဝယ်မယ်

ဝယ်မယ်နဲ့ ဝယ်ကိုမဝယ်ဖြစ်နိုင်ဘူး၊ ပေး ပေး ရှိတာပဲ သောက်လိုက်မယ်''

မေမေက ပါရာစင်တမောတစ်ပြားသောက်ကာ မျှစ်တွေကို ဆက်ပြီးခြစ်လေသည်။ ''ပင်ပန်းလို့ ခေါင်းကိုက်တာပါ၊ ခဏနေရင် ပျောက်သွားမှာ'' ဟု သူ့ကိုယ်သူ အားပေးသည်။

''သမီးဘာလုပ်ပေးရဦးမလဲ မေမေ''

''မလုပ်နဲ့ သမီး၊ သွားသွား စာကျက်ချေတော့''

''သချာတွေ အရင်တွက်လိုက်အုံးမယ်၊ ပြီးမှ စာကျက်မယ်''

မိငယ်တွင်စာကြည့်စားပွဲသက်သက်မရှိပေ။ ဖေဖေကလေးဆယ်နှင့် ဝယ်ပေးထားသော ဗေဒင်ဆရာခုံကလေးကို စာကြည့်စားပွဲအဖြစ် သုံးရသည်။ ခုံကလေးကို ကြိုက်ရာနေရာတွင်ချပြီး ကျက်လို့၊ တွက်လို့ရသဖြင့် မိငယ် ပိုပြီးသဘောကျသည်။ ယခုလည်း ခုံကလေးကို မီးဖိုချောင်သို့ သယ်လာသည်။ မေမေ့ဘေးတွင်ပင် ထိုင်ပြီး အိမ်စာလုပ်ချင်သည်။

''မိုးတွေ မည်းလာတယ်သမီး၊ မမှောင်ဘူးလား၊ မီးဖွင့်ပြီး လုပ်လေ''

မိငယ်က မီးခလုတ်ကို ထဖွင့်သည်။ ဂျောက်ခနဲ အသံသာ ကြားရသည်။ မီးကလင်းမလာ။

''ဟင် မေမေ မီးလည်းမလာဘူး''

''ပျက်ပြန်ပြီထင်တယ်''

''မထင်နဲ့ မေမေရဲ့ ပျက်ကိုပျက်တာပါ၊ ဒုက္ခပဲ အိမ်စာတွေက အများကြီး''

မိငယ်သည် စားပွဲလေးကို ပြတင်းပေါက်အနားသို့ ကပျာကယာရွှေ့လိုက်သည်။ ရှိသမျှ ကျန်သမျှ အလင်းရောင်ကလေးနှင့် အိမ်စာပေးလိုက်သော သချာတွေကို အပြီးတွက်နိုင်ရန် ကြိုးစားရမည်။

''စောစောစီးစီးက မီးဖွင့်ကြည့်မိရင် ကောင်းမှာပဲ၊ အခါတိုင်းလို ကျောင်းက ပြန်ရောက်ရောက်ချင်း အိမ်စာတွေလုပ်မိရင်လည်း တော်သေးတယ်၊ ခုတော့ အသုံးမကျတဲ့ ပန်းသီးစုတ်အကြောင်း ထိုင်တွေးနေမိလို့ အလကားနေရင်း အချိန်တွေ ကုန်သွားတာ''

မိငယ်က သူ့ကိုယ်သူ အပြစ်တင်နေသည်။ အလင်းရောင်ကလည်း လိုချင်ပါသည်ဆိုမှ ချက်ချင်းလိုလိုပင် မှောင်ကျသွားသည်။ မိုးသားတွေကလည်း အုံ့ပြီး မည်းတက်လာလေသည်။ မိုးကြီးသည်းသည်း ရွာတော့မည်ထင်သည်။

''ဟဲ့ သမီး မှောင်ကြီးထဲမှာ စာလုပ်နေသလား၊ မီးမထွန်းဘူးလား''

ဖေဖေက မီးငယ်ဘေးတွင် လာရပ်သည်။ စာထဲတွင် ဖောကပ်နေသဖြင့် ဖေဖေပြန်ရောက်လာသည်ကိုပင် မသိလိုက်ချေ။

''မီးမလာဘူး ဖေဖေ''

မိငယ်က အားကိုးတကြီးပြောသော်လည်း ဖေဖေက ဘာမှလုပ်တတ်ဟန်မတူပေ။ သက်ပြင်းကိုသာ သဲ့သဲ့ချသည်။ မေမေကတော့ နို့မှုန့်ဘူးအလွတ်ပေါ်တွင် ဖယောင်းတိုင်လေးတစ်တိုင်စိုက်ကာ မိငယ်၏ဘေးတွင် လာချပေးသည်။

''ရေနံဆီမီးအိမ်လေးလုပ်ပါလားကွာ''

ဖေဖေကပြောတော့ မေမေက မသိမသာမျက်စောင်းထိုးသည်။

''ရေနံဆီမှ မရှိတာကို ကွယ်၊ သိရဲ့သားနဲ့''

''ဒီလိုဆိုလည်း ဖယောင်းတိုင် နှစ်တိုင်ပူးလေး ထွန်းပေးလိုက်ပါလား''

''အိမ်မှာရှိတာမှ သုံးတိုင်ရယ်၊ မီးက ဘယ်အချိန်အထိ ပျက်မယ်မသိဘူး''

မေမေ့အသံက ပျော့နေသည်။ ဖေဖေကတော့ စိတ်တိုလာပုံရသည်။

''မီးပျက်တာလည်း သိသားနဲ့၊ ဖယောင်းတိုင်ကို ပိုပိုမိုမိုလေး ဝယ်ထားပါလားကွ''

''သြော် ပြောတော့ လွယ်လိုက်တာ၊ ဖယောင်းတိုင်တစ်တိုင် ဘယ်လောက်ပေးရသလဲ ရှင်သိသလား၊ လကုန်ရက်ရှင့်''

ဒီတစ်ခါတော့ မေမေ့အသံက ဆတ်ပြီးမာလာသည်။ ဖေဖေလည်း ငြိမ်သွားလေသည်။

မိငယ်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်။ ဝါကြန့်ကြန့် အလင်းရောင်မှိန်မှိန်လေးထဲဝယ် စာကို အရကျက်ရန် ကြိုးစားသည်။

''မျက်လုံးသည် မည်မျှအံ့ဖွယ်ကောင်းကြောင်းကို သင်သိပါသလား၊ မျက်လုံးသည် ကိုယ်ခန္ဓာ၏ အနုနယ်ဆုံး၊ အလုပ်အများဆုံးအင်္ဂါစုဖြစ်သည်၊ ထို့ကြောင့် မျက်လုံးကို ဘေးမဖြစ်စေရန် ကာကွယ်ရမည်''

မိငယ်သည် သူ၏အကျင့်အတိုင်း ကိုယ်ကို ရှေ့တိုးနောက်ငင်ယိမ်းရင်း အသံထွက်၍ ကျက်သည်။

''မျက်လုံးသည် မာကျောနေသော အရိုးများကာထားသည့် ချိုင့်ထဲတွင်ရှိသည်၊ မျက်ခွံမျက်တောင်မွေးတို့က ရှေ့မှ ကာကွယ်ထားသည်''

အလင်းရောင်က မှိန်တော့ အတော်အားစိုက်ပြီး ဖတ်ရသည်။ 'ဖယောင်းတိုင်လေးက ခဏနေရင် ကုန်တော့မယ်၊ ကျက်စရာတွေက အများကြီး ကျန်သေးတယ်၊ စာမရရင်တော့ ဒုက္ခပဲ၊ ယမင်းခင်ကတော့ အားလုံးကျက်လို့ ရလာမှာ'ဟု တွေးမိပြီး ရင်ထဲတွင် ပူလာသည်။ 'မီးပျက်လို့ စာမကျက်ခဲ့ရဘူး'ဟု ပြောလျှင် ယမင်းခင်က 'မီးပျက်ရင် မီးစက်မဖွင့်ဘူးလား၊ ဒါမှမဟုတ် ဘက်ထရီမီးချောင်းထွန်းလည်း ရသားနဲ့'ဟု ပြောမည်ကိုလည်း ကြိုတင်ပြီး ကြားယောင်နေသည်။

ဖေဖေနှင့်မေမေက ဖယောင်းတိုင်လေးတစ်တိုင်ကို စားပွဲဝိုင်းလေးအလယ်တွင် စိုက်ပြီး တိတ်တိတ်ဆိတ်ဆိတ် ထမင်းစားနေကြသည်။

မိငယ်စာကျက်၍မပြီးခင် ဖယောင်းတိုင်လေး ကုန်သွားသည်။

မိငယ်သည် စာကြည့်ခုံလေးပေါ်တွင် လက်ထောက်ရင်း တိတ်တိတ်ကလေး ထိုင်နေသည်။ မျက်ရည်ကို တိတ်တိတ်ကလေး သုတ်ကာ နှာရည်ကို တိတ်တိတ်ကလေး ညှစ်သည်။

''ဟဲ့ သမီး ငိုနေလား''

မေမေကမေးတော့ ''မငိုပါဘူး မေမေရဲ့''ဟု ငိုသံလေးနှင့် ဖြေလေသည်။ ။

**မစန္ဒာ**

# အား




မြေပြန့်တောင်ပေါ်၊ သွေးချင်းဖော်တည့်
နောင်တော်ကချင်၊ ကရင်ကယား
သွေးသားရခိုင်၊ ချစ်ခြင်းပြိုင်လျက်
ခိုင်မြဲလက်ကမ်း၊ မွန်ချင်းရှမ်းတို့
စိတ်ဝမ်းခြားနား၊ မကွဲပြားနှင့်
အများခွဲခွာက၊ 'အား' နည်းသည်
နွားကွဲပါက . . . ကျားဆွဲမည်။

ကျားဆွဲနွားကွဲ၊ အများခွဲသော်
ပြိုလဲပေမည် တစ်ပြည်လုံး
ဖရိုဖရဲကြွေမည် . . . ပြည့်နှလုံး။

နှလုံးသည်းပွတ်
အထွတ်အမြတ်၊ ပြည့်လွတ်လပ်ပန်း
မနွမ်းမညှိုး၊ မကျိုးမကြေ
မသေမပျောက်၊ မကြွေခြောက်ဘဲ
မိုးသောက်ပန်းသွင်၊ လန်းဆန်းရှင်ကာ
စဉ်မြဲခိုင်တည်၊ အဓွန့်ရှည်၍
ရွှေပြည်မြန်မာ၊ ဝေစည်သာအောင်
ညီညာဝိုင်းမှ၊ အောင်ပွဲရမည်။

အောင်ပွဲရဖို့
လာကြမနှေး၊ ကျေးရွာမြို့ငယ်
ပြည်နယ်မှသည်၊ တိုင်းများညီလော့
တူညီရုံးပေါင်း၊ ပြည်လုံးကောင်း၏
ကောင်းရန်အားချီ၊ အများညီကြ
အားသည် 'အများ'
အများသည် 'အား'။ ။

**အေးမျိုးကြည်**



# ဓမ္မခရီးသည်

မင်းဘုန်းရွှေ

စာရေးသူသည် မော်ဘီမြို့၊ ရှမ်းစု(၁)ရပ်ကွက်၊ အသောက ကျောင်းတိုက်၊ မြေဖင်းတောရတရားခန်းတွင် သမထဘာဝနာ နှင့် ဝိပဿနာဘာဝနာတရားတို့ကို ကျင့်ကြံပွားများအားထုတ် နေစဥ်ကာလဖြစ်ပါသည်။ မြေဖင်းတောရတရားစခန်းတွင် တရားကျင့်ကြံပွားများအားထုတ်ရာ၌ အချို့တရားစခန်းများ တွင် ကျင့်ကြံပွားများအားထုတ်သည့် ကျင့်စဥ်များနှင့် မတူညီ သည်ကို တွေ့ရပါသည်။

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မြေဖင်းတောရစခန်းရှိ ရဟန္တာအရှင်သူမြတ်ဖြစ်သော မောင်းထောင်မြေဖင်းတောရ ဆရာတော်ကြီးသည် (ဘုတလင်မြို့နယ်၊ မြေဖင်းတောရစခန်း တွင် ဆရာတော်ကြီး၏ ပျံလွန်တော်မူပြီး ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ဌာပနာထားသောစေတီကို တည်ထား ကိုးကွယ်ထားပါသည်။) မိမိလက်တွေ့ ကျင့်ကြံပွားများအားထုတ် ခဲ့သည့် ကျင့်စဥ်များကို တပည့်သံဃာတော်များ လွယ်ကူစွာ ကျင့်ကြံပွားများအားထုတ်နိုင်ရန် ကိုယ်တိုင်တရားစခန်းဖွင့်လှစ် ပြီး အနီးကပ်ကြီးကြပ်သွန်သင်ပြသဆုံးမပေးခဲ့ပါသည်။ ထိုသို့ သံဃာတော်များ၊ တရားဓမ္မများ တိုးတက်အောင်မြင်စေရန် ဆောင်ရွက်ပေးရင်းမှ နောက်ပိုင်းတွင် ဤနည်းစနစ်ဖြင့် ယောဂီ၊ လူပုဂ္ဂိုလ်များပါ ကျင့်ကြံပွားများနိုင်ပါက အကျိုးကျေးဇူး ကြီးမားစွာရရှိနိုင်ကြောင်း သံဃာတော်များ၊ လူပုဂ္ဂိုလ်များ၏ လျှောက်ထားတောင်းပန်ချက်အရ နောက်ပိုင်းတွင် လူပုဂ္ဂိုလ်များပါ တရားစခန်းဝင်ပြီး ကျင့်ကြံပွားများ အားထုတ်ခွင့်ရရှိခဲ့ကြခြင်း

ဖြစ်ပါသည်။ လူပုဂ္ဂိုလ်များ တရားစခန်းဝင်ပြီး ကျင့်ကြံပွားများရာတွင် သင့်လျော်လျောက်ပတ်သော တရားကျင့်စဉ်များရရှိနိုင်ရန် ရက်ပေါင်း ၆၀ သတ်မှတ်ပြီး သမထကျင့်စဉ်များတွင်လည်းကောင်း၊ ဝိပဿနာကျင့်စဉ်များတွင်လည်းကောင်း အဆင့်လိုက်သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံပွားများအားထုတ်စေခြင်းဖြစ်ပါသည်။ တရားစခန်းတွင် ဆရာတော်ကြီး၏ သွန်သင်ပြသမှုနည်းစနစ်အတိုင်း တိတိကျကျလိုက်နာကျင့်သုံးပါက မိမိဖြည့်ကျင့်ခဲ့သော ပါရမီအနုအရင့်ပေါ်မူတည်ပြီး တရားသဘောများ လက်တွေ့ခံစားသိရှိလာမည်ဖြစ်ပါသည်။

ဤမြေဖင်းတရားစခန်း၏ တစ်ခုသောထူးခြားချက်မှာ မေတ္တာ၊ ဘာဝနာကို အချိန်များများပေးပြီး အားထုတ်စေခြင်းဖြစ်ပါသည်။ မေတ္တာပို့ရာတွင် မိမိခန္ဓာကိုယ် ရုပ်၊ နာမ်တရား၊ ခန္ဓာကိုယ်ထဲရှိ ပိုးမျိုး (၈၀) နှင့် ကိုယ်စောင့်နတ်မှစ၍ မေတ္တာပို့ရခြင်းဖြစ်ပါသည်။ မိမိခန္ဓာကိုယ်တစ်ခုလုံးကို မေတ္တာဓာတ်များ လွှမ်းခြုံစေပြီး တစ်ဖန် မိမိပို့လိုသော (၃၁) ဘုံတွင်းရှိ ပုဂ္ဂိုလ်သတ္တဝါ လူ၊ နတ်၊ ဗြဟ္မာ အားလုံးတို့အား စိတ်ကိုညွှတ်လျက် အာရုံပြုပို့ဝေခြင်းဖြစ်ပါသည်။ ထူးခြားကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်ပြီး မိမိပို့လိုသော သူတစ်ပါးထံသို့ မေတ္တာဓာတ်ရောက်စေလိုသော သဘောပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် စခန်းဝင်ယောဂီတိုင်းသည် ကိုးပါးသီလကို စောင့်ထိန်းလိုက်နာကြရပါသည်။

တရားစခန်းဝင်ယောဂီအပေါင်းသည် တရားစခန်းသို့ရောက်ရှိပြီး တရားစခန်းဝင်သည်နှင့် ဗုဒ္ဓါနုဿတိ၊ ကမ္မဋ္ဌာန်း (၃) ရက်၊ မေတ္တာကမ္မဋ္ဌာန်း (၁) ရက်၊ မရဏာနုဿတိ ကမ္မဋ္ဌာန်း (၁) ရက်၊ စုစုပေါင်း (၅) ရက် ကမ္မဋ္ဌာန်းဘာဝနာ ပွားများ ရပါသည်။ ထိုသို့ (၅) ရက်ပွားများပြီး နောက်တစ်နေ့မှစ၍ အာနာပါနကမ္မဋ္ဌာန်းကို စတင်ပွားများရပါသည်။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာတွင် ဂဏာဏနည်းဖြင့် နှာသီးဖျားတွင် စိတ်ကိုထား၍ သတိကို လက်မလွှတ်စေဘဲ ပွားများကျင့်ကြံအားထုတ်ရပါသည်။ မိမိစိတ်ကြိုက် မိမိ၏ကမ္မဋ္ဌာန်းဆောင်(အိတ်ဆောင်)တွင်လည်းကောင်း၊ စုပေါင်းတရားထိုင်သည့် သိမ်တော်ကြီးတွင်လည်းကောင်း၊ အခြားသင့်လျော်ရာနေရာတွင်လည်းကောင်း အားထုတ်နိုင်ပါသည်။ တရားစခန်းအနေနှင့် ကန့်သတ်ချက်မရှိပါ။ အချိန်ကန့်သတ်ချက်လည်း မထားရှိဘဲ လွတ်လပ်စွာ မိမိထိုင်နိုင်သလောက် တရားအားထုတ်နိုင်ပါသည်။ တရားစခန်း၏အဓိကဦးတည်ချက်မှာ သတ်မှတ် ထားသော အချိန်ကာလအတွင်း သတ်မှတ်ထားသော တရား အဆင့်အတန်းရဖို့ ကြိုးစားကျင့်ကြံပွားများ အားထုတ်ရပါသည်။ အသောကကျောင်းတိုက် မြေဖင်းတောရတရားစခန်း၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးကေလာသမှ နေ့စဉ် တရားစစ်ဆေးပါသည်။ ယောဂီများသည် မိမိတရားထိုင်နေစဉ် တွေ့ရှိသမျှကို ဆရာတော်အား လျှောက်ထားရပါသည်။ ထိုသို့ တရားစစ်ဆေးပြီးနောက် တရားတွေ့ရှိချက်ပေါ်မူတည်ပြီး နောက်ထပ်ကျင့်ကြံရမည့်အပိုင်းကို ဆက်လက်တာဝန်ပေး စေခိုင်းလေ့ရှိပါသည်။

ကျွန်ုပ်အပါအဝင် ယောဂီအပေါင်းသည် အာနာပါနကမ္မဋ္ဌာန်းကို ကျင့်ကြံရာတွင် အောက်ဖော်ပြပါ ဆောင်ပုဒ်အတိုင်း ကျင့်ကြံရပါသည်။

သတိမြဲရာ ပထမာ
ဒု မှာ ရှည်/တို သိ
လုံးစုံလင်းရာ တ ဣသာ
စ မှာ ငြိမ်းစေဘိ။

အာနာပါန ကမ္မဋ္ဌာန်း၏ ပထမအဓိကတာဝန်မှာ သတိမြဲရာ ပထမဆိုသည့်အတိုင်း သတိမြဲဖို့ပင် ဖြစ်ပါသည်။ မိမိနှာသီးဖျားတွင် သတိကိုမလွှတ်စေဘဲ ထားရှိရပါသည်။ မိမိ၏စိတ်ကို နှာသီးဖျားတွင်ထား၍ ဝင်လေ/ထွက်လေကို မလွှတ်စေဘဲ အာရုံပြုထားရပါသည်။ သို့ရာတွင် ထိုသို့အာရုံပြုလေစိတ်သည် အခြားသို့ပြေးလေ၊ ဖြစ်တတ်လေရာ များစွာဂရုစိုက်ပြီး စိတ်ကိုစုစည်း၍ နှာသီးဝသို့ မကြာခဏပြန်လည်၍ ကပ်ထားရပါသည်။ ထိုသို့လေ့ကျင့်ဖန်များသောအခါ သတိမြဲလာပြီး ဒုတိယအဆင့် ဝင်လေ/ထွက်လေ၏ အတို/အရှည်ကို သိလာရခြင်း၊ နိမိတ်အလင်းရောင်များ ရရှိလာခြင်းနှင့် နိမိတ်အားလိုသလို စေခိုင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ထို့အပြင် တတိယအဆင့်တွင် နိမိတ်အလင်း၏ တန်ခိုးသတ္တိဖြင့် ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို ဖောက်ထွင်းမြင်နိုင်အောင် လေ့ကျင့်ပွားများခြင်း ပြုလုပ်ရပြန်ပါသည်။ ထိုမှတစ်ဖန် စတုတ္ထအဆင့်အဖြစ် စိတ်ကို ငြိမ်းအေးစေပြီး ခန္ဓာတစ်ခုလုံး အေးချမ်းခြင်း၊ ငြိမ်းချမ်းစေခြင်း အဆင့်ကမ္မဋ္ဌာန်းထိုင်ရပါသည်။

တရားစခန်းဝင်ယောဂီတို့သည် သမာဓိကောင်းပြီး အလင်းနိမိတ်ရရှိသည်နှင့် နိမိတ်ဖြင့် ဘုရားဖူးခရီးစဉ်သွားရပါသည်။ ကျွန်ုပ်အနေနှင့် မိမိသွားရောက်ခဲ့သော ခရီးစဉ်များထဲမှ ခရီးစဉ်တစ်ခုကို ဖော်ပြလိုပါသည်။ ဤနေရာတွင် နိမိတ်တန်ခိုးသတ္တိကို ရှင်းပြလိုပါသည်။ စိတ်ရောက်လျှင် နိမိတ်ရောက်ပြီး စိတ်သွားလျှင် နိမိတ်သွားပါသည်။ မိမိသွားလိုသည့်နေရာကို စိတ်ညွှတ်ပြီး နိမိတ်လွှတ်လိုက်သည်နှင့် ၎င်းနေရာသို့ ရောက်ရှိသွားသည့်သဘောသာဖြစ်ပါသည်။ စိတ်ဖြင့် မမြင်မတွေ့နိုင်သော အရာများ၊ သာမန်မျက်စိဖြင့် မမြင်နိုင်သောအရာများ ကို နိမိတ်ဖြင့်မြင်နိုင်ပါသည်။ သမာဓိကောင်းလျှင် နိမိတ်ကောင်းပြီး မြင်နိုင်စွမ်းရည် ပိုကောင်းပါသည်။ နိမိတ်မကောင်းလျှင် အမြင်ဝါးတားတားဖြစ်သွားပါသည်။

ကျွန်ုပ်သည် ဆရာတော်၏စေခိုင်းချက်အရ ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ဘုရားဖူးရမည်ဖြစ်ပြီး ကောင်းကင်မှသွားရမည်ဖြစ်ပါသည်။ ထို့အပြင် ကျိုက်ထီးရိုးဘုရားတွင်ရှိသော ကျိုက်ထီးရိုးဘိုးဘိုးကြီးနှင့်လည်း တွေ့ဆုံရမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤသို့တာဝန်ပေးချက်ရပြီးနောက် တရားထိုင်သမာဓိတည်ဆောက်ခြင်းနှင့် နိမိတ်လွှတ်နိုင်သည့်အခြေအနေထိ ရောက်အောင် ထိုင်ရပါသည်။ ထို့ပြင် ကျိုက်ထီးရိုးဘိုးဘိုးကြီးအားလည်းကောင်း၊ သာသနာစောင့်နတ်များနှင့်တကွ နတ်အပေါင်းအားလည်းကောင်း၊ မေတ္တာပို့ခြင်း၊ ခွင့်တောင်းခြင်း

ကိစ္စတို့ကို စိတ်ဖြင့်ညွှတ်၍ ဆောင်ရွက်ပါသည်။ မိမိအနေနှင့် နိမိတ်လွှတ်၍ရသည့်အခြေအနေရောက်သည်နှင့် ကျိုက်ထီးရိုးဘုရားသို့ စိတ်ကိုညွှတ်၍ လွှတ်လိုက်ရာ မိမိခန္ဓာကိုယ်သည် ကောင်းကင်သို့ ပျံတက်သွားပါသည်။ အမှန်စင်စစ်မှာ စိတ်နှင့် နိမိတ်က ပျံတက်သွားခြင်းဖြစ်ပြီး လူမှာထိုင်လျက်သား ကျန်နေခဲ့ပါသည်။ မိမိအောက်ဘက်သို့ကြည့်ရာတွင် မြို့၊ ရွာများ၊ လယ်ကွင်းများနှင့် တောတောင်များကို မြင်တွေ့ရပါသည်။ များမကြာမီ ကျိုက်ထီးရိုးရင်ပြင်ပေါ်သို့ ရောက်ရှိသွားပါသည်။ ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ်တွင် ဘုရားဖူး၊ လူပရိသတ်ကို မိမိကောင်းစွာ မတွေ့မမြင်ရပါ။ ပုံရိပ်သဘောလေးမျှသာ တွေ့ရပါသည်။ ကျွန်ုပ်အနေနှင့် ဘုရားဖူးရင်ပြင်တော်ပေါ်ရောက်ပြီးနောက် ပတ်ဝန်းကျင်ကို ကြည့်ရှုရာတွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် ကျိုက်ထီးရိုးဘိုးဘိုးကြီးကိုတွေ့လိုကြောင်း စိတ်ညွှတ်ပြီး ခွင့်တောင်းပါသည်။ သိပ်မကြာလှပါ။ အဘိုးအိုတစ်ဦး တောင်ဝှေးကြီးကိုထောက်လျက် ကျွန်ုပ်ထံသို့ လမ်းလျှောက်လာနေသည်ကို ထင်ထင်ရှားရှား မြင်နေ ရပါသည်။

ကျွန်ုပ်သည် ထိုအဘိုးကြီးအား ကြည့်ရှုအကဲခတ်ရာတွင် များစွာအိုမင်းနေသည့် ပုံသဏ္ဌာန်ဖြစ်နေပြီး ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားပါသည်။ အဖြူရောင်မုတ်ဆိတ်မွေးများမှာ အတော်အတန်ရှည်လျားနေပြီး သျှောင်တစောင်းနှင့်ဖြစ်ပါသည်။ ကိုယ်ခန္ဓာမှာ ပိန်ပိန်ပါးပါးဖြစ်ပြီး အရပ်အမောင်းမှာ သာမန်အမြင့်လောက်ဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့် ဤအဘိုးအိုကြီးသည် ကျိုက်ထီးရိုးဘိုးဘိုးကြီးဖြစ်လိမ့်မည်ဟု စိတ်ထဲမှာ အလိုလိုပင် သိနေပါသည်။

ကျိုက်ထီးရိုးဘိုးဘိုးကြီးအနားသို့ ရောက်ရှိလာသောအခါ ကျွန်ုပ်နှုတ်ဆက်ပြီး ၎င်းအား မေတ္တာပို့ပါကြောင်း ပြောပြပါသည်။ သင်သည် ကျိုက်ထီးရိုးဘိုးဘိုးကြီးဟုတ်ပါသလားဟု မေးသည့်အခါ ခေါင်းညိတ်၍ ပြပါသည်။ ထို့နောက်တွင် သိရှိလိုသော အချက်တို့ကို မေးမြန်းပါသည်။ ကျွန်ုပ်အနေနှင့်လည်း ရှေးယခင်က ဤကဲ့သို့ အတွေ့အကြုံမျိုးများ မရှိခြင်းကြောင့် များစွာ မမေးမြန်းနိုင်ခဲ့ပါ။ ကျွန်ုပ်၏ ပထမဆုံးမေးခွန်းမှာ ကျောက်စွန်းတွင်တင်နေသော ဦးခေါင်းပုံကျောက်လုံးကြီးသည် မည်ကဲ့သို့ ရောက်ရှိလာသည်ကို ဘိုးဘိုးကြီးအနေနှင့်သိလျှင် ဖြေကြားပေးပါဟူသော မေးခွန်းပင်ဖြစ်ပါသည်။ ၎င်းမှ ခေါင်းညိတ်ပြပါသည်။

များမကြာမီ ကျွန်ုပ်၏ မျက်စိများ ပြာဝေသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြူဆိုင်းသကဲ့သို့ ဖြစ်သွားပါသည်။ ကျွန်ုပ်၏ မျက်စိများ ကြည်လင်လာပြီး ပတ်ဝန်းကျင်လည်း ရှင်းလင်းလာပါသည်။ ထိုအခါ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ ကျွန်ုပ်သည် ပင်လယ်ကမ်းခြေတစ်နေရာသို့ ရောက်နေပါသည်။ မနီးမဝေးတွင် ပင်လယ်ကမ်းစပ်နှင့် ကျောက်တုံး၊ ကျောက်ဆောင်ကြီးများကိုတွေ့ရပြီး ပင်လယ်ပြင်ကြီးကိုလည်း လှိုင်းလုံးကြီးနှင့် မျက်စိတစ်ဆုံး လှမ်းမြင်နေရပါသည်။ ထို့နောက် များမကြာမီတွင် ကျောက်တုံး၊ ကျောက်တောင်ပေါ်၌ ခေါင်းတွင် ဒေါက်ချာဆောင်းထားသော ယောဂီရောင်သဏ္ဌာန်ဖြင့် ရသေ့ကြီးတစ်ပါးကို တွေ့ရပါသည်။ ကျောက်တုံးကျောက်ဆောင်များပေါ်တွင် လှုပ်ရှားသွားလာနေသည်ကို တွေ့ရပါသည်။ ထိုရသေ့ကြီးသည် တစ်နေရာသို့ရောက်သောအခါ ကျောက်တုံးကြီးတစ်တုံးကိုမပြီး ပခုံးပေါ်တွင်တင်ကာ ကောင်းကင်ခရီးဖြင့် သယ်သွားသည်ကို မြင်နေရပါသည်။ များမကြာမီ ၎င်းကျောက်တုံးကြီးကို တစ်နေရာရာသို့ တင်လိုက်သည်ကို တွေ့လိုက်ရပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံး မြူဆိုင်းသွားကာ ကျွန်ုပ်သည်လည်း မျက်စိများ ပြာဝေသွားပါသည်။ အချိန်မှာမကြာလှပါ။ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်လင်းလာသောအခါ ကျွန်ုပ်သည် ဘုရားရင်ပြင်တော်ပေါ်တွင်ရောက်နေပြီး ရှေ့တွင် ဘိုးဘိုးကြီးကိုလည်း ပြန်လည်မြင်တွေ့ရပါသည်။

ကျွန်ုပ်သည် ရသေ့ကြီးဦးခေါင်းပုံကျောက်တုံးကြီး ဘယ်ကဲ့သို့ ဤနေရာသို့ ရောက်ရှိလာခြင်းကို သဘောပေါက်သွားပြီ ဖြစ်ပါသည်။ ထို့ပြင် ဆက်လက်၍လည်း ဘိုးဘိုးကြီးအား မြတ်စွာဘုရား၏ဆံတော်ကို ကျောက်တုံးကြီးထဲ ဘယ်လိုထားသလဲဟု မေးမြန်းကြည့်ရာ ကျောက်တုံးကြီးထိပ်တွင် အနည်းငယ်ထွင်း၍ ကြုတ်ဖြင့်ထည့်ထားကြောင်း ပြောပြပါသည်။ ထို့ပြင် ကျိုက်ထီးရိုးဆံတော်ရှင်တည်ထားသည်မှာ နှစ်ပေါင်း ၂၅၀၀ ခန့်ရှိပြီဖြစ်ကြောင်းလည်း မေးမြန်းသိရှိရပါသည်။ ဘိုးဘိုးကြီးအသက်အား မေးမြန်းကြည့်ရာ နှစ်ပေါင်း ၇၀၀ ရှိပြီဖြစ်ကြောင်း ပြောကြားပါသည်။ ထို့နောက် ကျွန်ုပ်သည် ဘုရားအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားရှိခိုးခြင်း၊ အမှုတို့ကို ဆောင်ရွက်ပြီး ဘိုးဘိုးကြီးအား နှုတ်ဆက်၍ ကောင်းကင်ခရီးဖြင့် ပြန်ခဲ့ပါသည်။ မှော်ဘီမြို့ အသောကကျောင်းတိုက်အနီးသို့ ရောက်ခါနီးတွင် အသောကကျောင်းတိုက်၏နေရာမှ မီးအလင်းတန်းကြီးများ ကောင်းကင်သို့ ထိုးထွက်နေသည်ကို တွေ့ရပါသည်။ ဆရာတော်အား လျှောက်ထားကြည့်ရာ နိမိတ်အလင်းတန်းများဖြစ်ပြီး သာမန်မျက်စိဖြင့် မမြင်ရကြောင်း၊ နိမိတ်ဖြင့်ကြည့်မှသာ မြင်ရကြောင်း သိရှိရပါသည်။

စာရေးသူအနေနှင့် ဤအတွေ့အကြုံများသည် မည်မျှအထိ မှန်ကန်သည်၊ တိကျသည်ကို ပြောပြရန် မလွယ်ကူပါ။ ထို့ကြောင့် တွေ့ကြုံရသည့်အဖြစ်အပျက်တို့ကိုသာလျှင် ဖော်ပြပေးခြင်းဖြစ်၍ နောင်ဖော်ပြမည့် အကြောင်းအရာများသည်လည်း မိမိတွေ့ကြုံခဲ့သည့် အဖြစ်အပျက်များသာဖြစ်ကြောင်း အသိပေးလိုပါသည်။

မြေဖင်းတောရတရားစခန်းတွင် အာနာပါန ဝင်လေထွက်လေဖြင့် သမာဓိတည်ဆောက်ပြီးနောက် သမာဓိအားကောင်းလာသောအခါ ဝိပဿနာသို့ ဆရာတော်မှ ကူးပြောင်းလေ့ကျင့်စေပါသည်။ ထိုသို့လေ့ကျင့်ရာတွင် ဉာဏ်စဉ်ကျင့်စဉ်များ၏ သဘောသဘာဝကို သိစေလို၍သာဖြစ်ပြီး တရားစခန်း၏ အချိန်ကာလအတိုင်းအတာကန့်သတ်ချက်ကြောင့် အချိန်များများ မလေ့ကျင့်နိုင်ခဲ့ပါ။ ဝိပဿနာ၊ ဘာဝနာတရားကျင့်စဉ် မစတင်မီ ဝိပဿနာရှေ့ပြေး ပုဗ္ဗကိစ္စလေးပါးကို ဦးစွာကျင့်ကြံအားထုတ်ရပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ရူပပရိဂ္ဂဟ ဉာဏ်ပွားခြင်း (ရုပ်ကိုသိမ်းဆည်းခြင်း)

(၂) နာမပရိဂ္ဂဟ ဉာဏ်ပွားခြင်း (နာမ်ကိုသိမ်းဆည်းခြင်း)
(၃) ပစ္စယပရိဂ္ဂဟဉာဏ်ပွားခြင်း(အကြောင်းကိုသိမ်းဆည်းခြင်း)
(၄) အဒ္ဓါနပရိဂ္ဂဟဉာဏ်ပွားခြင်း(အခွန့်ကိုသိမ်းဆည်းခြင်း (ဝါ) ကာလကို သိမ်းဆည်းခြင်း)

ထိုကဲ့သို့ ကျင့်ကြံပွားများအားထုတ်ရာတွင် ထူးခြားမှုကလေးများကို တွေ့ရှိရလေ့ရှိပါသည်။ ထိုသို့ထူးခြားမှုဖြစ်စဉ်တစ်ခုကို ဖော်ပြရပါလျှင် အထက်ပါ ဉာဏ်စဉ်များထဲမှ ပစ္စယပရိဂ္ဂဟ(အကြောင်းကိုသိမ်းဆည်းခြင်း)ဉာဏ်ကိုပွားရာတွင် ယခုကဲ့သို့ တရားဘာဝနာပွားများရခြင်း၊ အလှူဒါနပြုလုပ်ရခြင်း တည်းဟူသော အကျိုးတရားသည် မည်သည့်ဘဝက မည်သည့် ဒါန၊ ပါရမီ၊ ဝိပဿနာဘာဝနာပါရမီကြောင့် ဖြစ်ခဲ့ရသနည်းဟူသော အကြောင်းတရားကို ဆင်ခြင်သောအခါ လွန်ခဲ့သောဘဝများစွာက ဒါနနှင့် သမထ၊ ဝိပဿနာတရားများ ပွားများအားထုတ်မှုများကို မြင်တွေ့သိရှိခဲ့ရပါသည်။ ယခင်ဖြစ်ခဲ့ဖူးသော လူ့ဘဝများတွင် သံဃာတော်များအား ဆွမ်းလောင်းခြင်း၊ ဆွမ်းကပ်ခြင်းများ၊ စေတီ၊ ပုထိုး၊ ကျောက်လိုဏ်ဂူထဲတွင် တရားအားထုတ်နေခြင်းများကို မြင်တွေ့ရပါသည်။ ဤကဲ့သို့သော အကြောင်းတရားများကြောင့် ယခုဘဝတွင် တရားအလုပ်ကို လုပ်ဆောင်နိုင်ရခြင်းဖြစ်ကြောင်း ဆရာတော်မှလည်း မိန့်တော်မူပါသည်။

ကျွန်ုပ်အနေနှင့် ဝိပဿနာဉာဏ်ကို ရှုပွားရာ၌ တွေ့ကြုံရသည့် အဖြစ်အပျက်များထဲမှ အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။ ဝိပဿနာဉာဏ်ပွားရာတွင် တရားစ၍ထိုင်ကာစတွင် ပထမဦးဆုံး သမာဓိကို ဦးစွာတည်ဆောက်ရပါသည်။ ထို့နောက် လိုအပ်သောသမာဓိရသည်နှင့် မိမိ၏ဟဒယနလုံးကို စိုက်ကြည့်ကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆရာတော်၏ ညွှန်ကြားချက်အတိုင်း လိုက်နာပွားများ ကျင့်ကြံအားထုတ်ရပါသည်။

ကျွန်ုပ်သည် ထိုကဲ့သို့ ဝိပဿနာတရားပွားများခဲ့ရာတွင် ဝိပဿနာတရား၏ အစဦးဆုံးဉာဏ်ဖြစ်သော သမ္မသနဉာဏ်စဉ်ပွားခြင်းမှစ၍ အတွေ့အကြုံတစ်ခုကို ဖော်ပြလိုပါသည်။ မိမိတရားထိုင်ကာ ရှုမှတ်ပွားများနေစဉ် မကြာမြင့်မီအချိန်၌ မျက်စိထဲတွင် တဲကလေးတစ်တဲကို တွေ့မြင်လာရပါသည်။ ထိုတဲကလေးရှေ့တွင်လည်း ဘုန်းတော်ကြီးတစ်ပါး မီးလှုံနေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်အနေနှင့် ၎င်းတို့ကို စူးစိုက်ကြည့်နေရာ မကြာမီ ဘုန်းတော်ကြီးမှာ အရိုးစုကြီးအဖြစ် ပြောင်းလဲသွားပါသည်။ ထိုအရိုးစုကြီးမီးလှုံနေသည်ကို ဆက်လက် မြင်တွေ့နေရပြီး အချိန်အတော်ကြာသောအခါ မြင်ကွင်းမှာ တဖြည်းဖြည်းဝါးသွားပြီး အားလုံးပျောက်ကွယ်သွားပါသည်။ ထို့နောက် ထပ်မံ၍ မိမိခန္ဓာကိုယ်ကြီးကိုထိုင်လျက် ပြန်မြင်နေရပြန်ပါသည်။ မိမိခန္ဓာမှာ စူးစိုက်လျက်ကြည့်နေရာ မကြာမြင့်မီပင် ခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း အရိုးစုကြီးအဖြစ်ပြောင်းလဲလာပြီး အရိုးစုကြီးတစ်ခု ထိုင်နေရသကဲ့သို့ မြင်နေရပြန်ပါသည်။ တစ်ချိန်သောအခါတွင်လည်း မိမိခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း အိုမင်းလာသည်ကို တွေ့ရပြန်ပါသည်။ မိမိခန္ဓာကိုယ်ကြီးသည် အဘိုးအိုတစ်ယောက်ကဲ့သို့ ခန္ဓာကိုယ်ကြီးမှာ တဖြည်းဖြည်းရှုံ့တွလာနေပြီး မျက်နှာနှင့် အရေပြားများသည်လည်း ရှုံ့တွလျက် တွဲကျလာနေပါသည်။ အလွန်အိုမင်းသော အဘိုးအိုတစ်ယောက်ယောက်ပုံသဏ္ဌာန် ဖြစ်ပေါ်လာပြီးနောက် မြင်ကွင်းမှ ပျောက်ကွယ်သွားပြန်ပါသည်။

ကျွန်ုပ်အနေနှင့် ဝိပဿနာကျင့်စဉ်များကို ကျင့်ကြံရာတွင် တွေ့ကြုံရသည်များမှာ တစ်ခုနှင့်တစ်ခု မတူညီပါ။ မိမိခန္ဓာကိုယ်၏ ဖြစ်ပျက်များကို တွေ့မြင်ရသည်များမှာလည်း တစ်ကြိမ်နှင့်တစ်ကြိမ် ကွဲပြားမှုရှိပါသည်။ တစ်ကြိမ်တွင် ခန္ဓာကိုယ်ကြီး ပွဲကျနေသည်ကို တွေ့မြင်ရပြီးနောက်တစ်ကြိမ်တွင် ခန္ဓာကိုယ်ကြီး ပုပ်ပွလျက် သွေးများ၊ ပြည်ပုပ်များ ယိုစီးနေသည်ကို မြင်တွေ့ရပြန်ပါသည်။ ထိုကဲ့သို့ ဖြစ်စဉ်များထဲမှ ထူးခြားသော ဖြစ်စဉ်တစ်ခုကိုလည်း အောက်ပါအတိုင်း ကြုံတွေ့ရပြန်ပါသည်။

ကျွန်ုပ်အနေနှင့် တရားရှုမှတ်နေစဉ်အချိန်အနည်းငယ်အတွင်း တစ်နေရာရာသို့ ရောက်ရှိသွားပြီး ရှေ့တွင် အုတ်တံတိုင်းကြီးတစ်ခုကို တွေ့ရပါသည်။ အုတ်တံတိုင်းကြီးမှာ များစွာမြင့်ပြီး အလယ်တွင် ဝင်ပေါက်ကြီးတစ်ခုလည်း ရှိနေပါသည်။ ကျွန်ုပ်သည် တဖြည်းဖြည်း ထိုဝင်ပေါက်ကြီးမှတစ်ဆင့် အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ထိုသို့ ဝင်ပေါက်ကြီးမှ အတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ ကျွန်ုပ်အနေနှင့် များစွာအံ့သြသွားခဲ့ပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံး လူသေအလောင်းများ မြှုပ်နှံထားရာ အုတ်ဂူများနှင့် ပြည့်နှက်နေပြီး တမျှော်တခေါ် မျက်စိတစ်ဆုံး ကြီးမားသောသင်္ချိုင်းကြီးဖြစ်နေကြောင်း တွေ့မြင်နေရပါသည်။

ကျွန်ုပ်သည် ထိုသင်္ချိုင်း၏ အလယ်လမ်းမအတိုင်း လျှောက်သွားစဉ် ဘေးဘယ်ညာ အုတ်ဂူတို့ကို လှေ့လာကြည့်ရှုရာ အချို့အုတ်ဂူများမှာ အကောင်းပကတိအတိုင်းဖြစ်သော်လည်း အချို့မှာ များစွာပျက်စီးနေပြီး သစ်ပင်များ၊ ချုံနွယ်များ ဖုံးအုပ်တွယ်ကပ်ပေါက်ရောက်နေသည်ကို တွေ့ရပါသည်။ ထို့အပြင် အုတ်ဂူတစ်ခုဆိုလျှင် ပြိုကျပျက်စီးနေပြီး ဂူထဲမှာ အရိုးစုများ ပြန့်ကျဲထွက်ကျနေသည်ကို မြင်နေရပါသည်။ ကျွန်ုပ်သည် ထိုသို့လမ်းအတိုင်း လျှောက်လာရာ တစ်နေရာအရောက်တွင် လမ်းဘေးဘယ်ဘက်ခြမ်းတွင် အုတ်ဂူမဟုတ်ဘဲ မြေသားဖြင့် ဖုံးအုပ်ထားသော မြေပုံတစ်ခုကို တွေ့ရပါသည်။ မိမိအနေဖြင့် စိတ်ဝင်စားသွားမိပြီး ထိုနေရာတွင်ရပ်လျက် မြေပုံမို့မို့လေးကို စူးစူးစိုက်စိုက်ကြည့်နေမိပါသည်။ ထိုသို့ကြည့်နေစဉ်မှာပင် ထိုမြေပုံမို့မို့ကလေးသည် တဖြည်းဖြည်း အပေါ်သို့ ကြွတက်လာပါသည်။ ထို့နောက် ထိုမြေပုံမို့မို့ကလေးမှ ကြွတက်နေစဉ်အတွင်း အပေါ်ယံမြေကြီးများကို တစ်စုံတစ်ဦးမှ ဘေးဘယ်ညာ ယက်ချသကဲ့သို့ မြေကြီးများသည် ဖွာခနဲ၊ ဖွာခနဲ ဘေးနှစ်ဖက်သို့ ပြန့်ကျဲကျသွားနေသည်ကို တွေ့မြင်နေရပါသည်။ သိပ်တော့ မကြာလှပါ။ အပေါ်ယံမြေကြီးများ ကင်းရှင်းသွားသောအခါ လူအရိုးစုကြီးကို ပက်လက်အနေအထားဖြင့် တွေ့မြင်ရပါတော့သည်။

ကျွန်ုပ်သည် ထိုဖြူဖွေးနေသော အရိုးစုကြီးကို ကြည့်နေမိပါသည်။ ထို့နောက် မကြာခင်မှာပင် ထိုအရိုးစုကြီး၏ ခါးအထက် အပေါ်ပိုင်းသည် ကြွတက်လာပြီး တဖြည်းဖြည်းထိုင်လျက် ပုံစံဖြစ်လာပါသည်။ ထိုကဲ့သို့ထိုင်လျက်ပုံစံဖြစ်နေသော အရိုးစုကြီးသည် ကျွန်ုပ်ဘက်သို့လှည့်လျက် မျက်ကွင်းဟောက်ပက်နှင့်ကြည့်နေပါသည်။ ကြောက်ရွံ့စိတ်တော့ ကျွန်ုပ်မှာမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့သော အရိုးစုမျိုးစုံ ဖြစ်ပျက်မျိုးစုံတို့ကို ဝိပဿနာကမ္မဋ္ဌာန်းတရားထိုင်စဉ်ကာလများတွင် မကြာခဏ တွေ့ကြုံနေရပြီးဖြစ်ပါသည်။ အချိန်တော်တော်ကြာသည့်အခါ အရိုးစုကြီးသည် တဖြည်းဖြည်းပြန်လဲကျသွားပြီး မူအနေအထားအတိုင်း ပက်လက်အနေအထားသို့ ပြန်ရောက်သွားပါသည်။ ထို့နောက်တွင်မူ တစ်စုံတစ်ဦးမှ မြေပြန်ဖို့လိုက်သကဲ့သို့ မြေကြီးများ ဖုံးအုပ်သွားပြီး မူလအတိုင်းပင် မြေပုံမို့မို့လေး ပြန်ဖြစ်သွားပါသည်။

ကျွန်ုပ်သည် ဤကဲ့သို့ တွေ့ကြုံရပြီးနောက် အလယ်လမ်းကြောင်းအတိုင်း ဆက်လက်လမ်းလျှောက်လာခဲ့ပါသည်။ ထိုသို့လျှောက်ရင်းဖြင့် မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် မိမိအား ဤပြကွက်အား ပြသသနည်းဟု တွေးတောလာမိပါသည်။ ကျွန်ုပ်သည် လမ်းကြောင်းလေးအတိုင်းလျှောက်လာရာ တစ်နေရာသို့ရောက်သောအခါ အဆောက်အအုံတိုက်ပျက်ကြီးတစ်ခုကို တွေ့ရပါသည်။ အဆောက်အအုံမှာ ဟောင်းနွမ်းနေပြီး အမိုးအကာများလည်း ပျက်စီးနေပါသည်။ ထိုအဆောက်အအုံ၏ဘေးဘက်တွင် ညောင်ပင်ကြီးတစ်ပင်ကိုလည်း တွေ့မြင်နေရပါသည်။ ကျွန်ုပ်သည် အထက်ပါမြင်ကွင်းကိုရပ်လျက် ကြည့်ရှုနေစဉ် တဖြည်းဖြည်း အဆောက်အအုံ၏ အမိုးကောင်းကင်တွင် မြတ်စွာဘုရားအား မတ်တတ်ရပ်လျက်ပေါ်လာသည်ကို တွေ့မြင်နေရပါသည်။ ကျွန်ုပ်သည် မြတ်စွာဘုရားအား လက်အုပ်ချီလျက် ဖူးမြော်ကန်တော့နေစဉ် မြတ်စွာဘုရားသည် ကျွန်ုပ်အားကြည့်လျက်ရှိရာမှ ညာဘက်လက်ကို ဆန့်တန်းလျက် သင်္ချိုင်းဂူများအား လက်ညှိုးထိုးပြပါသည်။ ထို့နောက် နှုတ်မှလည်း ချစ်သား အားလုံးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တမှလွဲ၍ အခြားဘာမှမရှိပါဟု မြွက်ကြားပါသည်။ ကျွန်ုပ်သည် များစွာအံ့အားသင့်သွားသလို ဝမ်းမြောက်ဝမ်းသာ ပီတိလည်း ဖြစ်သွားပါသည်။ မြတ်စွာဘုရားသည် သက်ရှိထင်ရှားရှိနေသကဲ့သို့ မိမိအား တရားဟောကြားခဲ့သည်ဟု ထင်မြင်နေပါသည်။ ထို့နောက် မြတ်စွာဘုရားသည် ကြည့်နေရင်းမှပင် တဖြည်းဖြည်းဝေးကွာသွားပြီး ပျောက်ကွယ်သွားပါသည်။

ကျွန်ုပ်သည် မိမိ၏တရားထိုင်စဉ် တွေ့ကြုံရသော အကြောင်းအရာတို့ကို ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်မှ ရှင်းပြရာတွင် မိမိတွေ့ခဲ့သော သင်္ချိုင်းဂူများနှင့် အရိုးစုများသည် မိမိပင်ဖြစ်ကြောင်း၊ ဘဝပေါင်းများစွာက သေဆုံးမြှုပ်နှံထားမှုတို့ကို စုစည်းပြသခြင်းဖြစ်ကြောင်း မြတ်စွာဘုရားနှင့်တကွ ဂူသင်္ချိုင်းအရိုးစုများသည် ပညတ်အာရုံများဖြစ်ကြောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးအား တရားရစေခြင်းအလို့ငှာ မြတ်စွာဘုရားမှ ဟောကြားပေးခြင်းဖြစ်ကြောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့ကို ဆက်လက်ကျင့်ကြံပွားများအားထုတ်ဖို့လိုကြောင်း ဟောကြားခဲ့ပါသည်။ မိမိခန္ဓာ၏ ဖြစ်မှု၊ ပျက်မှု၊ ဖောက်ပြန်မှုတို့ကို ဝိပဿနာတင်ကာ ရှုမှတ်ပွားများရမည်ဖြစ်ကြောင်း ထပ်ခါတလဲလဲ ရှုမှတ်ပွားများခြင်းဖြင့် ခန္ဓာငါးပါး၏ ဖောက်ပြန်မှုသဘောတရားတို့ကို အဆက်မပြတ် တွေ့မြင်လာရမည်ဖြစ် ပြီး အပျက်သဘောတို့အား ငြီးငွေ့သွားသည်အထိ ဆုံးသည်အထိ ရှုမှတ်ပွားများရမည်ဖြစ်ကြောင်း ဆရာတော်သည် ကြုံသည့်အခါတိုင်း ရှင်းလင်းဟောပြဆုံးမတော်မူခဲ့ပါသည်။

မြေဖင်းတောရတရားစခန်း၏လုပ်ငန်းစဉ်အရ တရားစခန်းဝင် ယောဂီတို့သည် သထမဘာဝနာ၊ အာနာပါနကမ္မဋ္ဌာန်းတရားတို့ကို အားထုတ်ရာတွင် သမာဓိအားကောင်းပြီး အလင်းနိမိတ်ရသည်နှင့် နိမိတ်အလင်းအား အနီးပတ်ဝန်းကျင်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် တဖြည်းဖြည်း အဝေးသို့လည်းကောင်း လွှတ်၍ ဘုရားဖူးခြင်းတို့ကို လေ့ကျင့်ရပါသည်။ ထိုကဲ့သို့ လေ့ကျင့်မှုများလာသောအခါ သမာဓိလည်း ပိုမို အားကောင်းလာပြီး နိမိတ်ကို ပိုမိုအဝေးသို့ လွှတ်နိုင်ပါသည်။ ထိုကဲ့သို့ အောင်မြင်သောအခါ ယောဂီတစ်ဦးချင်းစီ၏ စိတ်သမာဓိစွမ်းအားကို မူတည်၍ နတ်ပြည်သို့လည်းကောင်း၊ ဗြဟ္မာ့ပြည်သို့လည်းကောင်း၊ ငရဲပြည်သို့လည်းကောင်း၊ နဂါးပြည်သို့လည်းကောင်း၊ မြောက်ကျွန်းသို့လည်းကောင်း၊ ယောဂီ၏ သမာဓိစွမ်းအား၊ အလင်းနိမိတ်စွမ်းအားကိုကြည့်၍ ဆရာတော်မှ စေလွှတ်ခိုင်းလေ့ရှိပါသည်။

ကျွန်ုပ်အနေနှင့် တရားစခန်းတွင် သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာတရားများ ကျင့်ကြံပွားများ အားထုတ်ရာ တွင် တွေ့ကြုံခဲ့ရသောဖြစ်စဉ်များ နိမိတ်တန်ခိုးဖြင့် ဘုရားဖူး ရာတွင် တွေ့ရှိခဲ့မှုများကို ဖော်ပြခြင်းသာဖြစ်ပါသည်။

မိမိတရားစခန်းဝင်ရာ မော်ဘီမြို့၊ အသောကကျောင်း တိုက်၊ မြေဖင်းတောရတရားစခန်းသည် တစ်နှစ်တွင် တရား စခန်း (၄) ကြိမ်ခန့်ဖွင့်လှစ်ပြီး တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ကြာပါသည်။ တရားစခန်းဝင်သော ယောဂီများကို တစ်ကြိမ်လျှင် လူ ၃၀ ခန့်သာ လက်ခံနိုင်ပြီး ခန့်မှန်းခြေ ယောဂီ သုံးပုံတစ်ပုံခန့်သာ မြန်မာနိုင်ငံအတွင်း ဘုရားများအား နိမိတ်ဖြင့် ဘုရားဖူးခြင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ တက်ရောက်နိုင်ခြင်း၊ ခန္ဓာကိုယ်၏ ဖြစ်မှုပျက်မှုတို့ကို တွေ့မြင်ရခြင်းများ ရှိပါသည်။ တရားစခန်းဝင် ယောဂီများသည် သမာဓိအားကောင်းအောင် သဒ္ဓါအားကောင်းကောင်းဖြင့် ကျင့်ကြံပွားများမှုသာ အောင်မြင်မှုရရှိနိုင်ပါသည်။ အချို့သော ယောဂီများသည် ဖွဲ့ရှိရှိဖြင့် ပထမရက် ၆၀ တရားစခန်းတွင် အောင်မြင်မှုမရရှိပါက ဒုတိယအကြိမ် ရက် ၆၀ တရားစခန်းအား ဆက်လက်ဝင်ရောက်ကြိုးပမ်းအားထုတ်သည်ကိုလည်း တွေ့မြင်ရပါသည်။ ကျွန်ုပ်အနေနှင့် အခါအခွင့်သင့်ပါက မိမိတွေ့ကြုံခံစားရသည့် ဓမ္မခရီးသည်၏ အရသာတို့ကို ဆက်လက်ရေးသားဖော်ပြဦးမည်ဖြစ်ပါသည်။ ။

**မင်းဘုန်းရွှေ(ဟင်္သာတ)**

# CARTOON




CARTOON

## မြန်မာနိုင်ငံဓာတ်ပုံအသင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်စင်

သင်တန်းသား စံပြအလှမယ် (MODEL) နန်းမွန်မွန်ထက်

ပထမ
အောင်လွင်






တတိယ
ဟေမာအောင်



OUTING အစီအစဉ်
မြောင်းတကာခရီးစဉ်



ပထမ
သွယ်သွယ်ထွန်း



ဒုတိယ
ကိုကိုဇော်



တတိယ
ထင်လင်းထွန်း

City MAGAZINE

# မွှယ်

(ကလော)

နွေရာသီကျောင်းပိတ်ရက် ကုန်ဆုံး၍ ကျောင်းတွေပြန်ဖွင့်သည့် ဇွန်လကို နယုန်မိုးသေး မြက်သားမွေးဆိုသည့်လဟုလည်း အဆိုရှိထား၏။ မိုးဖွဲမိုးမှုန်တွေကြားမှာ အဖြူအစိမ်းတွေ လှုပ်လှုပ်ရွရွ မြင်တွေ့ရလေပြီ။

ထိုအဖြူအစိမ်း ကျောင်းဝတ်စုံတွေနှင့် တက်ကြွလှုပ်ရှားသွားလာနေကြသည့် ကျောင်းသူကျောင်းသားတွေအထဲ ကားဒရိုင်ဘာကိုထူးနှင့် ဈေးသည် မမွန်တို့၏ ရင်သွေးရင်နှစ်သားကြီး သူရနှင့်သားငယ် လူလုတို့ညီအစ်ကိုလည်း ပါဝင်နေ၏။ သူတို့ညီအစ်ကိုမှာ အသက်နှစ်နှစ်စီခြားမွေးထားသည့် နှစ်ဦးတည်းသားများ ဖြစ်ကြလေ၏။



သူရက ဆယ်တန်းတက်ရမည်ဖြစ်သလို လူလုလည်း ရှစ်တန်းကျောင်းသားကြီးဖြစ်လေသည်။

''ကိုထူးနှင့်မမွန် မွေးမှ မွေးထားတတ်ရန်ကော၊ နှစ်ယောက်သောသားတွေက လူတော်တွေချည်း၊ အားကျစရာပဲဗျို့''

အေး ဟုတ်ပါရဲ့ နှစ်စဉ်ကျောင်းဆုပေးပွဲမှာ အဆင့်တစ်၊ နှစ်၊ သုံးတွေချည်း မလွတ်စတမ်းမို့ သူတို့မိဘတွေ မျက်နှာပန်းလှနေကြတာ သားတွေရဲ့ဂုဏ် ပီတိအဟုန်တွေနဲ့လေ။

ပြောနေကြတာလည်း ဟုတ်နေ၏။ မိဘတွေက နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ရုန်းကန်ရှာဖွေနေရသမျှ သားလူချွန်လူမွန်တွေဟု သတ်မှတ်ခံရတိုင်း ဘဝအမောတွေ ပြေသွားရသည်ချည်းပင်။

သားတွေကလည်း ဤသို့ သူတို့ကိုယ်သူတို့ ပြဋ္ဌာန်းကြလေ၏။ သားကြီးသူရက–

''ကျွန်တော်က ဆယ်တန်းကို ဂုဏ်ထူးတွေလည်း ရအောင်ကြိုးစားပြီး စက်မှုသိပ္ပံတက်မှာ၊ အင်ဂျင်နီယာဘွဲ့ ကိုအပိုင်ယူပြမယ်''

သူရကို အားကျမခံသော လူလုက သူဝါသနာပါသည့် စိုက်ပျိုးရေးကို အသုံးချဖို့ ဦးတည်ချက်ဖြင့်–

''သားက ခုမှရှစ်တန်း ဆိုပေမယ့် ရေဆင်းစိုက်ပျိုးရေးဆင်းတဲ့ အရာရှိလောင်းပါနော်''

သားတွေက အပြိုင်းအရိုင်း ရင့်ကျူးလေသံကို ကြားနေရသည့် အဖေနှင့်အမေတို့မှာ ပီတိအပြုံးတွေနှင့် နှလုံးကြည်မွေ့ကြကုန်လေ၏။

သို့သော်လည်း စိတ်ကူးနှင့် ကြည်နူးနေရုံထက် လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့က အဓိကဖြစ်သည်ကို ကိုထူး၊ မမွန်တို့ သဘောပေါက်ကြလေသည်။

အဖေကားမောင်း အမေ ဈေးရောင်းဘဝနှင့် လက်ရှိအနေအထားထိ ရောက်လာခဲ့ရပြီ။ သားတို့အနာဂတ်အတွက် တိုးမြှင့်၍ ရင်းနှီးရပေတော့မည်။ သားတို့၏ထက်မြက်သော အရည်အသွေးကို ယုံကြည်မှုအပြည့်အဝဖြင့် ခွန်အားသစ်တွေ တိုးလာလေသောအခါ ရုန်းကန်နေရသောဘဝကို ရုန်းကန်ခြင်းဖြင့်သာ အားဖြည့်၍ ဝင်ငွေတွေရရှိအောင် အချိန်တွေ ပိုသုံး အလုပ်တွေ ပိုလုပ်ကြပြီး သားတို့ပညာရေး ဖြည့်ဆည်းပံ့ပိုးပေးကြရမည် ဖြစ်တော့သည်။

ထိုဝန်ဆောင်မှုများက ကိုထူးကို နေ့စဉ်အပိုဝင်ငွေအဖြစ် မြိုးမြိုးမြက်မြက်ရရှိလေသည်။ လူရောစိတ်ပါ ပင်ပန်းရသည်မှန်၏။ သို့သော် အမှားအယွင်းမရှိဖို့ အထူးသတိထားရပေသည်။ သားတို့၏ ပညာရေးအထောက်အပံ့ငွေများဖြစ်နေ၍ သားတို့၏ အနာဂတ်ပန်းတိုင်ကို မျှော်မှန်းရင်း အားဖြည့်ရလေ၏။

မမွန်ကလည်း ယခင်ကလောဈေးထဲမှာ အညာမိတ်ဆွေထံမှ ထန်းလျက်၊ ပုံးရည်ကြီး၊ မြေပဲ၊ ကျောက်ဖရုံယို အစရှိသည့် ယိုမျိုးစုံ၊ ငရုတ်ပွ၊ ငရုတ်ရှည်၊ အစပ်သီး၊ အရောင်တင်မှုန့် အညာကုန်များတိုင်း ရောင်းနေရာမှ ၅ ရက် တစ်ဈေးရှိသော အောင်ပန်းဈေး၊ ဟဲဟိုးဈေး၊ နန်းတိုင်းဈေး၊ တီကျစ်ဈေးများသို့ ဒေသခံအကြိုက် ငါးတံခွန်ခြောက်၊ ငါးခုံးမခြောက်၊ ငါးနီတူ၊ အာပြဲခြောက်၊ ငါးရောင်ခြောက် အစရှိသော ငါးခြောက်များ တစ်ရက်မနား ဈေးပတ်လိုက်ရောင်းရသည့် ငါးခြောက်များဖြစ်၍ ဝယ်လက်များပေသည်။ မမွန်ကပင် လက်ကားဈေးနှင့် ငါးရက်တစ်ဈေးရှင်း ဒေသခံဈေးသည်ကို တစ်ဆင့်ဖောက်သည်လုပ်ထားပြန်သည်။ မမွန်ကလည်း ပဲခူးမှငါးခြောက်သည်ကို ကလောဈေးနေ့တိုင်း ငါးခြောက်ဖိုးငွေရှင်းပေးရသဖြင့် အရင်းအနှီးအတွက် မပူရသလို အိမ်စားစရိတ်၊ ပညာသင်စရိတ်တို့ကို ကိုထူးနှင့် မောင်တစ်ထမ်း မယ်တစ်ရွက် အကျိုးတူဆောင်ရွက်နိုင်ပေသည်။ ထိုအခါ သားတို့အတွက် ပညာရေးလမ်းကြောင်း ဖြောင့်တန်းနေသည်ဟု ဘဝအမောတွေ ပြေရလေ၏။

လူ့ဘဝခရီးလမ်းသည် အစဉ်ဖြောင့်တန်း၍မနေပေ။ တစ်ကွေ့တစ်ချိုး ရှေ့အတိုးမှာ တစ်မျိုးကြုံတွေ့ရ ဘုံဝလေ့ဓမ္မတာဖြစ်၏။ အချို့က နိယာမသဘောတရားဟု နားလည်ထားကြသည်။ သို့သော်လည်း ရုတ်တရက် မထင်မှတ်သော ကံကြမ္မာအလှည့်အပြောင်းကို ရင်ဆိုင်ကြုံတွေ့လိုက်ရသော ကိုထူးနှင့် မမွန်တို့မှာ ယူကျုံးမရဖြစ်ရရှာလေ၏။

ထိုနေ့က နံနက်ခင်း နေမင်းက ဝင်းလဲ့ဖြာကျနေသည်။ ရာသီဥတုက ပွင့်လင်းသာယာနေသယောင်ရှိ၏။ သို့ သော်လည်း ယမန်နေ့က မမွန် ဟဲဟိုးဈေးအပြန် ကားက ဘရိတ်ပေါက်သဖြင့် မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်တော့ လမ်းမှာ လေစိမ်းမိလာသည့်ကြားက ရေချိုးလိုက်သဖြင့် အောင်ပန်းဈေးနေ့က မမွန်ကိုယ်လက်တွေနာပြီး ရင်ပါကျပ်ချင်နေ၏။ ထို့အတွက် ဈေးပတ်လိုက်မရောင်းတော့ဟု ဆုံးဖြတ်လိုက်သည်။ သားတွေကလည်း ကျောင်းပိတ်ရက်ဖြစ်နေ၍ သားတို့နှင့် နေဦးမည်ဟု တွေးထား၏။ သို့သော်လည်း–

''အလို ငါ ဒီနေ့ အောင်ပန်းဈေးမှာ ငါးခြောက်ဖောက်သည် ပေးထားတဲ့ငွေ တောင်းရအုံးမယ်လေ၊ မငွေတို့နဲ့ ဒီနေ့ ချိန်းထားတာ မနက်ဖြန်ဆို ပဲခူးက မအိကို ငါးခြောက်ဖိုး ရှင်းပေးရမှာ၊ ဒုက္ခပဲဟယ်၊ မဖြစ်ဘူး ငါ ဈေးမရောင်းလည်း ငွေတောင်းဖို့တော့ သွားအုံးမှ ငွေကခြောက်သောင်းတောင်''

''အမေ သား သွားတောင်းပါ့မယ်၊ အမေ နားနားနေနေ တစ်ရက်တော့ နေလိုက်ပါ၊ ကျွန်တော် စက်ဘီးနဲ့ဆို အောင်ပန်းကလော ၄၅ မိနစ်ပဲ နင်းရတာ'' သားငယ် လူလုက တာဝန်ယူလိုက်၍ မမွန်အိမ်မှာ အနားယူဆေးသောက်လုပ်နေရသည်။

မိုးမရွာဘဲ ပွင့်လင်းမြင်သာ၍ လူလုစက်ဘီးကို အားကုန်နင်းခဲ့သည်။ အောင်ပန်းဈေးထဲမှာ မငွေကို အခန့်သင့်တွေ့ရပြီး ငွေရခဲ့သော်လည်း ကျန်တစ်ဦး ဒေါ်ဦးကတော့ ငွေစောင့်ရသေးသည်။ သို့နှင့် မိုးသားမိုးရိပ်တွေ ကောင်းကင်ယံမှာ တလိပ်လိပ်တက်လာ၏။

''အဒေါ်ရှိသလောက်ပဲ ပေးအုံး၊ မိုးမရွာခင် ကလောအရောက်ပြန်ရမှာ စက်ဘီးနဲ့ ပြန်ရတော့ မိုးမိမှာစိုးရတယ်''

သို့နှင့် မဦးထံမှ အကြွေးငွေတစ်ဝက်ကိုယူပြီး မိုးမရွာမီ ကလောပြန်ရောက်ဖို့ စက်ဘီးအသော့နှင်နင်းလာခဲ့သည်။ ပင်လောင်းလမ်းခွဲမရောက်မီ

**တောင်ပေါ်မြို့က ဆိုက်ကား၊ မြင်းလှည်းမရှိ၍ အဖေက ကုန်းပိုးပြီး နှစ်ဖာလုံနီးပါးဝေးသည့် ဆေးရုံကို ခြေလှမ်းအသော့နှင်သလို အမေလည်း အပြေးလိုက်ရတော့သည်။**

မိုးက ဝုန်းဒိုင်းရွာချ၍ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားရသည်။ ငွေကို ပလတ်စတစ်အိတ်ဖြင့် နှစ်ထပ်ထည့်ပြီး သားရေပင်စည်းထား၍ တော်ပေသေးသည်။ မိုးရေစို၍ စက်ဘီးက ယိုင်ယိုင်သွားသည့်ပြင် ဆယ်ဘီးကားကြီးကို မနည်းရှောင်လိုက်ရသည်။ ထို့အတွက် စက်ဘီးကို မစီးဘဲ တွန်းပြီးပြန်လာခဲ့ရသည်။ လမ်းခွဲက ခေတ်ဆီဆိုင်မှာ မိုး အတိတ်စောင့်ခိုခဲ့လည်း အဝတ်စိုတွေကြောင့် အအေးပတ်ဖို့ သေချာနေသည်။ မိုးတိတ်မှ ကားကြုံစီးပြီး အိမ်သို့ မနည်းပြန်ခဲ့ရသည်။

''သားရယ် အမေ စိတ်မကောင်းလိုက်တာ၊ ကြည့်စမ်း မျက်စိတွေနီရဲပြီး နှုတ်ခမ်းတွေ ပြာနေတာပဲ၊ အမေခိုင်းမိလို့ အမေ နောင်တရနေတယ်ကွယ်''

''မိုးရွာမယ်လို့ အမေရော သားရော ကြိုတင်မသိခဲ့တဲ့ ဥစ္စာ အမေရယ်၊ စိတ်ဖြေပါ''ဟု ပြောလိုက်သေး၏။

ည ၇ နာရီထိ အိပ်ပျော်နေသော လူလှကို ဒီကိုဂျင် ဆေးရှိန်ကြောင့်ဟု ထင်ကြသည်။ မမွန်က နဖူးစမ်းကြည့်မှ ကိုယ်တွေချစ်ချစ်တောက်ပူနေသည်။

သား ... သားလေး လူလှဟုခေါ်ပြီး လှုပ်နိုးကြည့်လေမှ လူးလွန့်လာပြီး အမယ်လေး ... ချမ်း.. ဟမ်း.. ဟမ်းတယ် အမေရေ ရင်ထဲမှာလည်း ပူနေတယ်ဟု ညည်းညူလေ၏။ လူလှ၏အဖျားက သာမန်မဟုတ်၍ ရပ်ကွက် ကျန်းမာရေးအတွက် အရေးပေါ်အားကိုးရသည့် အငြိမ်းစား ဆရာမကြီးကို အိမ်သို့ပင့်ရလေသည်။ ဆရာမကြီးဒေါ်နန်းနော်မှာ အသက်ကြီးလှပြီဖြစ်သော်လည်း ငှက်ဖျားရောဂါကိုတော့ နိုင်နင်းစွာ ကုသနိုင်လေသည်။

''အင်း ဒါ ငှက်ဖျားထနေတဲ့ လက္ခဏာပဲ ဆေးထိုးပေးမယ်''ဟုဆိုကာ ဆေးအပ်တစ်ချောင်းထိုးပေး၏။ သောက်ဆေးများလည်း ၄ နာရီတစ်ကြိမ် တိုက်ဖို့ ပေးခဲ့လေ၏။

နံနက်အရုဏ်တက်ချိန် မောင်လူလှကို ဆေးတိုက်ဖို့ အမေက ပြင်ဆင်ရာ၌ သတိလစ်နေသည်တွေ့ရ၏။ အဖေရော အမေပါ စိုးရိမ်ထိတ်လန့်စွာဖြင့် ဆေးရုံပို့ဖို့ပြင်သည်။ တောင်ပေါ်မြို့က ဆိုက်ကား မြင်းလှည်းမရှိ၍ အဖေက ကုန်းပိုးပြီး နှစ်ဖာလုံနီးပါးဝေးသည့် ဆေးရုံကို ခြေလှမ်းအသော့နှင်သလို အမေလည်း အပြေးလိုက်ရတော့သည်။

ဆေးရုံမှတာဝန်ကျဆရာဝန်က ဂျူတီမချိန်းမီလေးမို့ အထူးဂရုစိုက်ကုသပေး၏။ ဆရာဝန်ထံမှ ကြားလိုက်ရသည့်စကားကြောင့် မိဘနှစ်ပါး အထူးပင်တုန်လှုပ်ချောက်ချားသွားကြလေ၏။

''ခင်ဗျားတို့ ဒီထက်နောက်ကျရင် ဒီသူငယ်မျှော်လင့်ချက်မရှိတော့ဘူး၊ ဆေးထိုးမှားလို့ အသက်ဆုံးရှုံးရပေါင်းများလှပြီ''

''ဟုတ်တယ်လေအဆုတ်အအေးပတ်လို့ နမိုးနီးယားဖြစ်တာ အသက်ရှူတွေလည်း ဒီလောက်ကျပ်နေတာ ငှက်ဖျားဆေးပြင်းပြင်းကြီးထိုးလိုက်တော့ ပိုဆိုးသွားတာပေါ့၊ ကံကောင်းထောက်မလို့ပေါ့၊ ဆေးရုံမှာ အသက်ကယ်ဆေးပြတ်နေတာ မနေ့ကမှရောက်လို့ ခု ခင်ဗျားသားကို ကြိုးစားပြီး ကုသလိုက်နိုင်တာ၊ ဒါပေမဲ့ ဒီကလေးပုံမှန်အနေအထားတော့ မဟုတ်တော့ဘူးပေါ့''

''အမယ်လေးဗျာ'' ကို ထူးကိုယ်တိုင် သတိလစ်သွားရမတတ်ပင်။

ဆေးရုံမှဆရာဝန်၊ ဆရာမများ အထူးဂရုတစိုက် ကြပ်မတ်ကုသပေးလိုက်၍ အသက်တစ်ချောင်း ရှင်သန်ခွင့်ရလိုက်ပေသည်။ ဆေးရုံမှာ တစ်လကြာ တက်ရောက်ကုသပြီး အိမ်ပြန်ရောက်တော့လည်း လူလှမှာ တွေဝေငေးငိုင်လျက်ရှိပြီး ခေါ်မှထူး မေးမှပြောပြောပြန်တော့လည်း မနည်းအားယူပြီး ဆွဲဆွဲငင်ငင်နှင့် ဖြစ်နေသည်။

အ ... ဖ ဖ ဖေ ... အ ဟာ ဟာ ဟမေ ... စသည်ဖြင့် ပိုလီယိုခပ်ဆန်ဆန် အခြေအနေမျိုး ဖြစ်နေ၏။

အဖေအမေတို့ကတော့ တို့သားလေးလူဖြစ်ရှုံးရလေခြင်းဟု ဖြေမဆည်နိုင်ကြပေ။ တို့သားလေးရဲ့ ကံကြမ္မာကဖန်လာတော့လည်း တို့ရည်မှန်းချက်ပန်းတိုင်လည်း ပြိုလဲသွားရပြီ။ မောင်လူလှကို ကျောင်းထုတ်လိုက်ရတော့သည်။

ကျောင်းထွက်ရသည့်နေ့က တကယ်တော့ ကျောင်းထွက်ဖို့ လူလှဆန္ဒမပါပေ။ သူ့ကို ဉာဏ်ရည်မမီတော့သည့် ဒုက္ခိတဟု သတ်မှတ်ခံလိုက်ရပြီဟု သဘောပေါက်လိုက်မိ၍ ပြင်းထန်သည့် စိတ်ဒဏ်ရာက နက်ရှိုင်းသွားလေသည်။

ထိုနေ့က လူလှ၏သည်းထန်စွာ ငိုကြွေးရှိုက်ငင်သံကို ကြားရသူတိုင်း ရင်ထဲထိခိုက်ခံစားသွားရလေ၏။ အဖေအမေတို့က မတတ်သာလို့ပါ သားလေးရယ်။ သား အန္တရာယ်များမှာစိုးလို့ပါ။ ကျန်းမာအောင် အရင်ကြိုးစားပြီး နောက်မှ ပညာဆက်သင်လို့ ရတာပဲဟု ဖြေသိမ့်ပေးကြသည်။

လူလှ၏ခန္ဓာကိုယ်အကြောတွေက ဆေးပြင်းဒဏ်ကြောင့် အနည်းငယ်တုံ့ဆိုင်းသွားခြင်းဖြစ်သော်လည်း ပင်ကိုကထက်မြက်သည့် ဉာဏ်ရည်တွေ အကုန်ပျက်သုဉ်းသွားသည်မဟုတ်သည်ကို သူကိုယ်တိုင်သိနေခဲ့၍ သူ၏ စိတ်ဓာတ်ကို အသိဉာဏ်နှင့်ယှဉ်တွဲ၍ အားတင်းမာန်ခဲဖြစ်နေ၏။ လောလောဆယ် အားမတန်မာန်လျှော့ ထားလိုက်ရကာ အခြေအနေကို ခါးသီးနာကျင်နေရလေ၏။

လူလှက ဘဝကိုအရှုံးမပေးဟု စိတ်ထဲမှာ တင်းထားပြီး သူများမသန် စွမ်းသူလို ဆက်ဆံတာ မကြိုက်။ ဘာမဆို ကိုယ့်ဝန်ကိုယ့်တာဖြင့် အားတင်းမာန်ခဲ လုပ်နေခဲ့

သည်။

သူရ ဆယ်တန်းကို ဂုဏ်ထူး ၃ ဘာသာဖြင့် အောင်မြင်သောနေ့က မိဘတွေနှင့် ဂုဏ်ယူဝမ်းမြောက်မှုကို တစ်စိတ်တစ်ဒေသအဖြစ် လူလု မုဒိတာပွားမိပါသော်လည်း သူရ၏စကားက သူ့ကို တွန်းအားပေးသည်ဟု ယူဆလိုက်တော့သည်။ ကနဦးကတော့ ထိုစကားရပ်က သူ၏အသည်းကို အချွန်နှင့်ဆွသည်ဟု ခံစားလိုက်ရ၍ဖြစ်သည်။

''အဖေနှင့်အမေတို့အတွက် ကျောထောက်နောက်ခံဖြစ်ပေးမည့် သားတစ်ယောက်အဖြစ် မိဘကျေးဖူးဆပ်မည့် သားဆိုတာ အာမခံချက်ပေးနိုင်ပါပြီနော်''

သူရက တကယ်ပင် စက်မှုတက္ကသိုလ်ကျောင်းတက်နေချိန် လူလုက အငြိမ်မနေ။ တွေဝေငေးငိုင်နေခဲ့သမျှ စိတ်တွေ ပြောင်းလဲပစ်ပြီး တက်ကြွစွာဖြင့် အိမ်ခြံဝင်းထဲမှ သစ်ရွက်အကြွေတွေ အမှိုက်သရိုက်တွေကို အုန်းတံမြက်စည်းဖြင့် လှည်းကျင်းပြီး အမှိုက်ကျုံးကာ သစ်ပင်ရင်းတွေမှာ လိုက်ပြီး စုပုံထားသည်။ အစတော့ ပင်ပန်းနွမ်းနယ်ပုံ ရသည်။ သို့သော် နားလိုက်လုပ်လိုက်ဖြင့် နောက်တော့ ကျင့်သားရသွားဟန်တူသည်။

ထိုထက် အဆင့်တက် လုပ်ကိုင်လိုသည့်စိတ်ဖြင့် လက်တွေကို ဆုပ်ချည်ဖြန့်ချည် လေ့ကျင့်ခန်းလုပ်သည်။ ဘယ်ဝိုက်ညာလွှဲလုပ်သည်။ ခြေထောက်တွေကိုလည်း ဆန့်ထုတ်လိုက်ကွေးလိုက် ခုန်ဆွခုန်ဆွလုပ်လိုက်၊ ခြံဝင်းပတ်ပြေးလိုက်နှင့် ခြံဝင်းအတွင်းမှာ အချိန်ကုန်နေတတ်သည်။ ပါးစပ်ကိုလည်း ဆန့်ကျင်ဘက်ရွဲ့လိုက် ဟလိုက် အော်ဟစ်လိုက်နှင့် လေ့ကျင့်နေသည့်ပြင် စိတ်ဖောက်နေသူဟုပင် ထင်ရ၏။ အဖေအမေတွေက လုပ်ငန်းခွင်တွေအတွက် ခရီးထွက်နေ၍ ညနေမှ ပြန်ရောက်သဖြင့် လူလု၏ လေ့ကျင့်ခန်းတွေ မြင်တွေ့ဖို့ခဲယဉ်း၏။

နောက်ပိုင်း လူလုက ခြံဝင်းထဲမှ ပေါင်းပင်တွေ လက်ဖြင့်နုတ်သည်။ မြက်ပင်တွေကို အသွားထက်သည့် လက်ထိုးဂေါ်ပြားဖြင့် ထိုးကော်သည်။ စုပုံထားပြီး ရေလောင်းပေးသည်။ တလင်းကို ရေတွေ သုံးလေးပုံးလောင်းပြီး မြေနပ်ချိန် ဂေါ်ပြားဖြင့်ထိုးဆွကာ မြေမွမွတွေပေါ် အမှိုက် မြေဆွေးတွေတင်ပြီး မြေပေါင်ဖော်ကာ အမေ့ကိုဝယ်ခိုင်းထားသည့် နံနံစေ့၊ ရုံးပတီစေ့၊ ချဉ်ပေါင်စေ့တွေ သူ့ပေါင်နှင့်သူ စီတန်းစိုက်၊ နေ့စဉ်ရေလောင်း ကြာတော့ အိမ်ခြံဝင်းစိုက်ခင်းက စိမ်းလန်းစိုပြည် စားပင်သီးနှံတွေ ဝေဝေဆာဆာရှိလာလေ၏။

ကိုထူး၊ မမွန်တို့ခြံမှ ဟင်းသီးဟင်းရွက်ပင်တွေ စိုပြည်ဝေဆာနေသည်ကို အံ့သြချီးမွမ်းကြသည်။ အိမ်မီးဖိုချောင်စရိတ်ကို အထူးပံ့ပိုးရသဖြင့် ငွေကုန်သက်သာရုံမက မမွန်က ပိုသောသီးနှံများ မောင်လူလုစည်းနှောင်ပေးသမျှ ဈေးက ကုန်စိမ်းဆိုင်ပို့ပေးသည်။ နံနံပင်၊ ကြက်သွန်ပင်များ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြာဇံချက်ဆိုင်တွေ ဖောက်သည်ဖြစ်နေလေပြီ။ ထိုမှရသည့်ပိုက်ဆံဖြင့် ဝါးနှင့်တိုင်များဝယ်၍ စင်ထိုးပြီး ဘူးစင်၊ ဖရုံစင်များ၊ သခွားသီးများပါ လှိုင်လှိုင်စားသောက်ရောင်းချနေနိုင်၍ ကိုထူးက–

''ငါ့သားက မသန်ပေမယ့် စွမ်းပါသည်ဆိုတဲ့ လူထူးဆန်းကွ၊ အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါကွ၊ မြေကြီးက ရွှေငွေသီးစေတဲ့သူဟေ့'' ဟု ချီးကျူးအားပေးလေတော့သည်။

သူရက တစ်နှစ်ပြီးတစ်နှစ် စာမေးပွဲတွေအောင်နေ၍ အင်ဂျင်နီယာဆိုသော အိပ်မက်ကို အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

ထိုအချိန် လူလုက အိမ်ဝင်းထဲမှာ အစိမ်းရောင်အဖူးအပွင့်၊ အရွက်အသီးနှံတွေ ဝေဆာစေသည့်အပြင် ကျန်အချိန်များ၊ အနောက်ပိုင်း ရပ်ကွက်ရှိ စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်သည့် ကိုမိုး၏ခြံသို့ သွားရောက်နေတတ်သည်။ ရောက်လျှင် နေကုန်နေခမ်းနေလည်း ကိုထူးတို့ဘာမှမပြော ကိုယ့်အလုပ်ကိုယ့်တာဝန်တွေ လုံးပန်းနေရ၍ လူလုအတွက် စိတ်ပူစရာမရှိ ယူဆကာ လွှတ်ထားလိုက်သည်။

သူရက ''အမေ၊ အဖေတို့ ရုန်းကန်နေရတဲ့ ဘဝကနားယူဖို့ အချိန်နီးကပ်လာပါပြီ၊ အမေ့သားရှိတယ်နော်''

သူက လူလုအတွက် ကျိတ်မနိုင် ခဲမရခံစားခဲ့ရသော မိဘတွေကို အလျဉ်းသင့်တိုင်း မျှော်လင့်ချက်ပေး၍ ဖြေသိမ့်လေတိုင်း ယခင်က လူလု စိတ်ထိခိုက်ရသည်ချည်း။

''ငါက လူဖြစ်ရှုံးရလေခြင်း၊ သူ့လို မိဘကျေးဖူးဆပ်ဖို့ အခွင့်အရေးမရှိရလေခြင်း'' ဟူ၍ဖြစ်သည်။

နောက်ပိုင်း လူလု၏ မျက်နှာက တစ်စုံတစ်ရာကျေနပ် နှစ်သိမ့်နေဟန် ယုံကြည်မှုတစ်ခုခုရှိနေဟန်တွေ တွေ့နေရသည်။ မေးမှပြော ခေါ်မှထူး



လေ့ရှိသော်လည်း ငေးငိုင်တွေ ဝေနေသည် မတွေ့ရ။ အိမ်ခြံ ဝင်းတွင်းမှ သစ်ပင်သီးနှံများ နှင့် မွေ့လျော်တတ်နေပြီဟု ထင်နေကြ၏။

မည်သို့ဖြစ်စေ သည်နှစ် သူရ စက်မှုသိပ္ပံကျောင်းဆင်း တော့မည့်အတွက် အာရုံက သူရအပေါ် စုစည်းကျရောက် ပြီး အားတက်နေကြ၏။

ထိုနေ့က လူလု ကိုမိုးခြံ မှ အိမ်ပြန်နောက်ကျသည်။ သူ့မှာက တစ်စုံတစ်ရာ ကျေနပ်အားရလာဟန်ရှိ၏။ သို့သော် သည်နေ့က အိမ်မှာ အဖေက ကြိုရောက်နှင့်နေ သလို အမေကလည်း ကလော ဈေးနေ့ဖြစ်၍ ဆိုင်သိမ်းစော သည့်နေ့ဖြစ်သည်။ မိဘနှစ်ပါး ကို အိမ်ရှေ့ဆက်တီခုံပေါ်မှာ တစ်ခုခုအဆင်မပြေမှုဖြင့် စိတ်ထိခိုက်ခံစားနေရပုံ မျက်နှာ များဖြင့် တွေ့နေရသည်။

စိတ်မွန်းကျပ်နေသော မိဘများကို လူလုအနေဖြင့် မည်သို့ဖြေသိမ့်ပေးနိုင်ပါမည် နည်း။ ဘာကိစ္စများပါလိမ့်။ ဘာကိစ္စဖြစ်ဖြစ် ငါ အတတ် နိုင်ဆုံး လုပ်ပေးနိုင်မှာပါဟု စိတ်တင်းလိုက်သည်။

''အဖေနဲ့ အမေ ဘာ ဖြစ်'' ထုံးစံအတိုင်း သူက အနည်းငယ်ခပ်ဆွဲဆွဲလေသံ နှင့် မေးလိုက်မိသည်။ တစ်ခါမှ စိတ်မတိုဖူးသော အဖေက–

''မင်းကိစ္စဘာမှမရှိဘူး၊ မေးမနေနဲ့၊ သိလည်း မင်း တတ်နိုင်တဲ့ကိစ္စမဟုတ်ဘူး''ဟု ငေါ်တူးပြောလိုက်သည်။ အဖေ စိတ်အခန့်မသင့်၍ လူလု ဝရန် တာမှာ ထွက်ထိုင်နေလိုက် သည်။ စကားတွေတော့ ကြား နေရသည်။

''ထွက်ကျစရာအကြောင်း ကို မရှိဘူး၊ အကြောင်းသိက နိုက်သွားတာ၊ ဘယ်သူ့ကို ယိုးစွပ်ရမလဲမသိလို့ပေါ့၊ သိလို့ တော့ အကြောင်းလားကွ၊ ဖြေရှင်းပြီးသွားလောက်ပြီပေါ့''

''ကိုယ်တစ်သက်လုံး လုပ်စားလာတာ ဒီရိုးဂုဏ်နဲ့ သမာဓိဂုဏ်လေးတော့ သွားပါ ပြီကွာ၊ ပြီးတော့ ဒီနေ့မှ ငွေ ကလည်း များသေးတယ်၊ ၆ သိန်းတောင်၊ ခါတိုင်း ၃ သိန်း ၄ သိန်း ကိုမြကြီးက ငါ့အပေါ် အမြဲယုံကြည်ထားခဲ့တာကွာ''

လူလုက ထိုစကားများ ကောက်ချက်ချမိသည်တွင် အဖေ နေ့စဉ်ကုန်ပစ္စည်းတင် သည့်ကုန်ဖိုးငွေတွေအကြောင်း တစ်စုံတစ်ရာကြောင့် ပျောက် ဆုံးသွားပုံရပေသည်။ ထိုငွေ များကို စိုက်ရှင်းစရာ ငွေရှိ ဟန်မတူ။ လွန်ခဲ့သော သုံး ရက်ကမှ သူရက အဖေနှင့် အမေ့ထံမှ ငွေလာယူသွားခဲ့ သည် မဟုတ်ပါလား။ မည်သို့ ဖြစ်စေ သူ့အတွက် အခါအခွင့် ကောင်းရရှိလိုက်ပြီဟု စိတ် မကောင်းသည့်ကြားမှ ကျေနပ် မိသလိုဖြစ်သွား၏။ ထို့ကြောင့် သူသည် အခွင့်အရေးကို ကောင်းစွာ အသုံးချရပေတော့ မည်။ အတွေးဖြင့် အိမ်ပေါ်မှ အသော့အလျင်ဆင်းပြေးသွား တော့သည်။

မမွန်က အကြံရသည်ဆို ပြီး အိမ်ဂရန်ကိုယူပြီး ထွက် သွား၏။ မကြာမီ အိမ်ဂရန် ဆုပ်ကိုင်ပြီး ခေါင်းငိုက်ဆိုက်နှင့် အိမ်ပြန်လာသည်။ မမွန်နှင့် လူလု ကိုမိုးနှင့်အတူ ရောက် လာကြသည်။ တစ်ချိန်တည်း ဖြစ်သည်။

''ဦးလေး အဒေါ်ပုံစံ ကြည့်ရတာ အဆင်မပြေဘူး နဲ့တူတယ်''

''ဘာပြောတယ် မင်း ဘာသိလို့လဲ''

''လူလုကပြောပြလို့ သိ ထားပါတယ်''

''ဟုတ်တယ် ငါ့တူရယ်၊ အဒေါ်လည်း အိမ်ဂရန်ကို သုံးနေရာထိ ရောက်ခဲ့ပြီ၊ ဘယ် သူမှ အပေါင်မခံကြဘူး''

''မပူပါနဲ့အဒေါ်ရယ်၊ အဒေါ့်သားက သူ့ချွေးနှီးစာ တွေကို အခုလို အဖေ၊ အမေ တို့ ကိုယ်ရေးကြုံချိန် သက်လုံ ကောင်းဖြစ်ပေးမလို့တဲ့''

''ဘာ ဘယ်လို လူလုရဲ့ ချွေးနှီးစာ ငါ နားမလည်ဘူး''

ထိုအခါ ကိုမိုးက စိတ် ရှည်လက်ရှည် ရှင်းပြလေ၏။

''ဒီလိုပါ ဦးရယ်၊ လူလု ရဲ့ မူလအာသီသက စိုက်ပျိုး ရေးကိုပဲ၊ အဓိကစိတ်လေ သူကစိုက်ပျိုးရေးဘွဲ့မရနိုင်၊ လူစဉ်မမီတဲ့ဘဝ ဉာဏ်ရည် မမီတဲ့ဘဝကို အန်တုချင်လို့ သူ ခြံဝင်းထဲမှာ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာပါ လေ့ကျင့်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား ခဲ့တယ်၊ ခြံထွက်သီးနှံတွေ မြင်ရတော့ စိတ်ခွန်အားတွေ ပိုတိုးလာပြီး ကျွန်တော့်ခြံမှာ နေ့စားခယူ ပေါင်းသင်မြက်ရှင်း လုပ်တယ်၊ ပြီး မြေငှားပြီး သူပါ စိုက်ပျိုးရေးဝင်လုပ်တယ်၊ အခု ဆိုရင် နှစ်နှစ်ကျော်ပြီ၊ ပန်း မုန်လာ၊ ဂေါ်ဖီထုပ်၊ ကိုက်လန် တွေ၊ ကျွန်တော်တောင် အံ့သြ တယ်၊ ထွန်စက် ထယ်ခတွေ၊ မြေဆွေးမြေသြဇာဖိုးတွေ အကြွေးကျေသွားလို့ ခုဆို လူလုက အိမ်ခြံဝင်းထဲက သီးနှံ တွေရဲ့ ဝင်ငွေတွေစုပြီး ပန်း မုန်လာ (ပန်းဂေါ်ဖီ) မျိုးစေ့ တစ်နိုင်ဝယ်ပျိုးလိုက်၊ သုံး ပေါင်လေးပေါင်စိုက်လိုက် ဂေါ်ဖီထုပ်မျိုးစေ့တွေ ပျိုးပင် ပေါက်စိုက်ပြီး ပျိုးပင်တွေ ရောင်းပြီး ဂန္ဓမာ၊ သစ္စာပန်း ဥတွေ ဝယ်စိုက်၊ ဂန္ဓမာပင် ပေါက်တွေရောင်းရငွေတွေနဲ့ မြေဆွေးတွေ နွားချေးတွေ ဝယ်တယ်၊ ဂန္ဓမာပန်းပင် တောင် မစိုက်ဘဲ ပျိုးပင်ပဲ ရောင်းတယ်။

ပြီးတော့ ဖရုံတွေ၊ ဘူး တွေ စိုက်တယ်။ ခုဆို တစိုက် မတ်မတ် အမြတ်ငွေတွေ ကျွန် တော့်ထံမှာ စုထားတယ်။ မြေ ငှားခပေးတယ်။ အသားတင် ၈ သိန်းတောင် ကျွန်တော့်ဆီမှာ စုထားတာရှိတယ်။ အမေတို့ စီးပွားရေး၊ ကျန်းမာရေး အတွက် အရေးကြုံရင် ပေး မလို့ဆိုတော့ အံကိုက်ဖြစ်သွား ပြီ။ သူ့မျက်နှာကိုကြည့်ပါလား။ ကျေနပ်မှုအပြည့်။ ဦးတို့ သူ့ကို ယုံကြည်လာမယ့်နေ့ တစ်နေ့ ရောက်ရမယ်ဆိုတဲ့ သူ့သန္နိဋ္ဌာန် အောင်မြင်ပြီဆိုတဲ့ မျက်နှာပေး နဲ့လေ။ သူက လူစဉ်မမီလည်း မိဘကျေးဇူးဆပ်နိုင်ရင် လူဖြစ် ကျိုး နပ်ပြီတဲ့။ ကဲ – ဦးတို့ အဆင်ပြေပြေ အခြေအနေ ကောင်းကောင်း ဖြစ်သွားပြီ မဟုတ်လား။ စိတ်အေးကြပါ တော့။

ကိုထူးရော မမွန်ပါ ရုတ်ခြည်းပြောင်းလဲသွားရသော အပူအအေးများ၏ဒဏ်ရာထက် မထင်မှတ်သော အရေးမပါ အရာမရောက်တော့သည့် ဉာဏ်ရည်မမီသူဟု တွက်ဆ ထားမိသည့် အားနည်းချက်ရှိ သူ သားငယ်ထံမှ ဆန်ရေ အဟုန်၏ ပြင်ထန်စွာရိုက်ခတ် ဒဏ်ကြောင့် ရင်အစုံတွေဆီမှာ အထူးတုန်လှုပ်သွားရသည် ထင်ကြ၏။ ထို့ကြောင့် ပီတိ မျက်ရည်များဖြင့် သားကို ဖက် ထားမိကြလေ၏။ ။

**မနွယ်(ကလော)**

# CARTOON





# အင်းတော်ကြီးကန်၊ ရွှေမဥ္ဇူရေလယ်ဘုရားမှသည် မြစ်ဆုံဆီသို့

အောင်ဇင်

**အခန်း(၃)**
**နှီးဘုရား၊ အင်းတော်ကြီးသမိုင်းဝင်မုဆိုးမခြေရာ၊**
**မုဆိုးမစေတီနှင့် ငွေမဥ္ဇူစေတီ**

**အင်းတော်ကြီးကန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျွန်တော်တို့စီးနင်းလိုက်ပါလာသော စက်လှေသည် အင်းတော်ကြီးကန်ရေပြင်ကျယ်ကိုဖြတ်၍ အနောက်မြောက်ဘက်ဆီသို့ ဦးတည်ခုတ်မောင်းနေသည်။ ရွှေမဥ္ဇူဘုရားသည် တဖြည်းဖြည်းဝေးကျန်ခဲ့သလို အနောက်ဘက်နှင့် မြောက်ဘက်ကမ်းခြေရှိ ကျေးရွာများမှ အိမ်များသည်လည်း တစ်စတစ်စ ရုပ်လုံးပေါ်လာသည်။ ပတ်ဝန်းကျင်သဘာဝအလှအပ၏ ဖမ်းစားမှုအောက်၌ ကျွန်တော်တို့အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာပြီး မော်တော်၏စက်အသံကသာ ပတ်ဝန်းကျင်အား လွှမ်းမိုးလျက်ရှိစဉ် ကျွန်တော်ကစတင်၍ "ဒီမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဘယ်လိုရှိကြသလဲ၊ အသိတရားနိုးနိုးကြားကြားကော ရှိကြရဲ့လား၊ အင်းလေးကန်မှာတော့ သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး အင်းရေတွေခန်းလို့ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကြတယ်"ဟု ပြောလိုက်ရာ "ဒီမှာတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်ရှိသူတွေ လုပ်နေကြတယ်၊ သစ်တောသစ်ပင်ထိန်းသိမ်းရေး၊ ကန်ရေပြင်မညစ်ညမ်းရေး စတဲ့ ကိစ္စတွေမှာ ဒေသခံတွေကို ပညာပေးနှိုးဆော်နေကြတယ်"ဟု ဦးညီညီက ပြန်ပြောသည်။ ကျွန်တော်က ဦးညီညီပြောစကားကို များစွာမယုံလို။ အဘယ့်ကြောင့်ဆိုသော် ဘုရားပွဲကျင်းပရာ ကွင်းထဲ၌တွေ့မြင်ရသော လူတို့စွန့်ပစ်သည့် အမှိုက်များကိုပင် သိမ်းဆည်းမည့်သူမရှိ။ ခွေးတစီစီ၊ ကျီးတအုံအုံဖြင့် ရှိနေခြင်းကပင်လျှင် တာဝန်ယူ၊ တာဝန်ခံမှုကင်းမဲ့နေခြင်းပင်မဟုတ်ပါလား၊ တာဝန်ရှိသူမှာ ဂေါပကလား၊ စည်ပင်သာယာလား သို့သော် နှုတ်ကထုတ်မပြောဘဲ ရင်ထဲ၌သာ မျိုသိပ်ထားလိုက်ပါတော့သည်။

အင်းတော်ကြီးကန်သည် သဘာဝတောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောအဖြစ် ၁၉၉၉ ခုနှစ်ကပင် သတ်မှတ်ထားသော နယ်မြေဖြစ်သည်။ ၃၀၀ စတုရန်းမိုင်ခန့်ကျယ်ဝန်းပြီး ရှားပါးတိရစ္ဆာန်များ၊ နို့တိုက်သတ္တဝါများနှင့် ငှက်များကျက်စားရာဒေသဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးအပါဆုံးသော ငှက်များမှီခိုကျက်စားရာဒေသဖြစ်ပြီး ရှားပါးငှက်မျိုးစိတ် ၁၀ မျိုးခန့် မှီတင်းနေထိုင်လျက်ရှိသည်။

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံရှိ ကုန်းတွင်းပိုင်းရေအိုင်များအနက် အကြီးမားဆုံးဖြစ်ရုံမက အရှေ့တောင်အာရှဒေသတွင်လည်း အကြီးဆုံးရေကန်များစာရင်းဝင်ဖြစ်သည်။ ရေကန်သည် အရှေ့မှအနောက်သို့ ၁၃ ကီလိုမီတာ (၈ မိုင်)နှင့် မြောက်မှတောင်သို့ ၂၄ ကီလိုမီတာ (၁၅ မိုင်) ကျယ်ဝန်းသည်။ (အင်းလေးကန်သည် အရှေ့မှအနောက်သို့ ၁၁ ကီလိုမီတာ (၇ မိုင်)နှင့် မြောက်မှတောင်သို့ ၂၂ ကီလိုမီတာ (၁၄ မိုင်) ကျယ်ဝန်းသည်။) အင်းတော်ကြီးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၂၄၆ ပေတွင်ရှိပြီး ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၃၃ ရွာသည် ကန်ပတ်ဝန်းကျင်၌တည်ရှိရာ ကျေးရွာ

၁၃ ရွာမှာ အင်းတော်ကြီးကန်၏ကမ်းနဖူး၌ တည်ရှိသည်။ ရှမ်းနှင့် ကချင်တိုင်းရင်းသားတို့နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းသည်သာလျှင် အဓိကအားထားရာဖြစ်သည်။

ကျွန်တော်သည် မြန်မာနိုင်ငံအနှံ့ ခရီးလှည့်လည်သွားလာနေသူဖြစ်ရာ နိုင်ငံအဝန်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်းကြောင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော အနာဂတ်အရေးကို အမှန်ပင်စိုးရိမ်ပူပန်မိပါသည်။ ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် အင်းလေးကန်သို့ အလည်အပတ်ရောက်စဉ်က ဖောင်တော်ဦးဘုရားအထိ စက်လှေကောင်းကောင်း ဝင်ထွက်နိုင်သေးသော်လည်း ၂၀၁၀ ပြည့်နှစ်၊ နွေရာသီတွင်မူ အင်းလေးကန် ရေခန်းသဖြင့် စက်လှေများ ဖောင်တော်ဦးဘုရားအထိ မဝင်နိုင်သည်ကို ဂျာနယ်များ၌ ဖော်ပြသောဓာတ်ပုံများအရ သိရှိရသည်။ ထိုအချိန်ကျမှ အင်းလေးကန်အား ကယ်တင်ရန်အတွက် မျက်ကလဲဆန်ပျာဖြစ်ကြရတော့သည်။ ထိုသောအခါ ဆေးမမီတော့။ အပြန်အလှန်အပြစ်တင်နေခြင်းဖြင့်လည်း အင်းလေးကန်ကြီးကို မကယ်တင်နိုင်။ တာဝန်ရှိသူများက ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်ဆောင်ရွက်ထားရမည်မဟုတ်ပါလား။ ၂၀၁၅ ခုနှစ်၊ နွေရာသီအထိတော့ အင်းလေးကန်အခြေအနေ တိုးတက်မှုမှာ အားရစရာမရှိသေးကြောင်း ဂျာနယ်များက ဖော်ပြသောဓာတ်ပုံများအရ သိရှိရသည်။





"နိုင်ငံတကာ ခရီးသွားများရောက်ရှိမှုအခြေအနေကော ဘယ်လိုရှိပါသလဲ"ဟုမေးရာ "ယခင်ကနှင့်စာလျှင် တိုးတက်လာတယ်၊ ဒါကြောင့် ဟိုတယ်ဇုန်လုပ်ဖို့ အစီအစဉ်ရှိတယ်လို့ ကြားရတယ်၊ ဟိုတယ်ဇုန်လုပ်မယ်ဆိုလို့ အင်းတော်ကြီးကန် ပတ်ဝန်းကျင် မြေဈေးတွေတက်သွားတယ်၊ ဒေသခံ လွှတ်တော် ကိုယ်စားလှယ်တွေနှင့် ကုမ္ပဏီတွေပေါင်းပြီး မြေကွက်တွေလက်ဦးမှုယူပြီး လိုက်ဝယ်နေကြတယ်" ဟု ဦးညီညီက ပြန်ဖြေသည်။

ဦးညီညီ၏အဖြေကို ကြားလိုက်ရသဖြင့် ကျွန်တော်အတော်စိတ်ပျက်သွားသည်။ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည့် သူ၊ ကာကွယ်စောင့်ရှောက်ရမည့်သူများဖြစ်သော်လည်း ယခုကဲ့သို့ သတင်းလက်ဦးမှုရယူနိုင်မှုအခွင့်အရေးအား အလွဲသုံးစားပြု၍ စီးပွားရေးသမားနှင့်ပေါင်းပြီး ကိုယ်ကျိုးရှာခြင်းမှာ မဖြစ်သင့် မဖြစ်ထိုက်သောကိစ္စဟုယူဆ၍ဖြစ်သည်။ ငါတို့နိုင်ငံမှာ ကိုယ်ကျိုးအတ္တကိုကြည့်သောသူတွေသာ စိုးမိုးနေပါလားဟုတွေးပြီး စိတ်မကောင်းဖြစ်မိပါသည်။

"အင်းလေးဘက်မှာတော့ ဟိုတယ်ဇုန်အတွက် မြေသိမ်း

တဲ့အခါမှာ ဒေသခံတောင်သူတွေနဲ့ ထိပ်တိုက်တွေ့တာမျိုး ရှိတယ်၊ ဒီမှာကော ဘာသံကြားသေးလဲ''ဟုမေးရာ–

''တောင်သူတွေကတော့ မထင်မှတ်ထားတဲ့ဈေးနှုန်းတွေ ရကြလို့ ကျေနပ်ဟန်တူတယ်၊ ဘာသံမှမကြားရဘူး''ဟု ဦးညီညီ က ပြန်ဖြေသည်။

မမြင်ဖူးတဲ့ငွေတွေရ၊ မလုပ်သင့်တာတွေလုပ်၊ နောက်ဆုံး တော့ ဘဝပျက်ရသည့် တောင်သူများဘဝကို ထားဝယ်ရေနက် ဆိပ်ကမ်းစီးပွားရေးဇုန်၌ ကိုယ်တွေ့ကြုံခဲ့ဖူးပြီဖြစ်၍ အင်းတော် ကြီးကနတ်စိုက်ရှိ တောင်သူတွေ ဒီလိုအဖြစ်မျိုးမကြုံကြပါစေ နှင့်ဟုသာ ဆုတောင်းနေမိသည်။

''မြန်မာပြည်ရဲ့ အကြီးမားဆုံးရေချိုအိုင်ဖြစ်တဲ့ အင်းတော် ကြီးကနကိုတော့ အင်းလေကန်လိုမဖြစ်ရအောင် ဒေသခံတွေက နိုင်ငံချစ်စိတ်၊ ဒေသချစ်စိတ်ကို အခြေခံပြီး ဝိုင်းဝန်းစောင့်ရှောက် ကြပါဗျာ''ဟု ရင်ထဲကလာသော ခံစားမှုဖြင့်ပြောလိုက်ရာ ဦးညီညီက ကျွန်တော့်အားမျက်လုံးအဝိုင်းသားဖြင့် ပြန်ကြည့် နေပါတော့သည်။

ထိုစဉ် ကျွန်တော်တို့စက်လှေလေးသည် နန့်မီးလောင်ရွာ ရေချိုးဆိပ်သို့ ရောက်ရှိဆိုက်ကပ်သဖြင့် စကားစပြတ်သွား ပါတော့သည်။ ကန်စောင်းတွင်ပေါက်နေသော အရွက်စိမ်းစိမ်း၊ အပင်ပုပု၊ အောက်ခြေရှင်းရှင်း သစ်တောအုပ်လေးမှာ အလွန် မျက်စိပသာဒဖြစ်စေသည်။ ထိုတောအုပ်စိမ်းစိမ်းလေးအောက် တွင် တံငါလှေလေးနှစ်စင်း၊ သုံးစင်းခန့် ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။

**နန့်မီးလောင်ကျေးရွာနှင့် ဆုတောင်းပြည့် အောင်ငြိမ်းအေး ချမ်းသာကြီးနီးဘုရား**

ကျွန်တော်တို့သည် နန့်မီးလောင်ကျေးရွာ၌ ကိန်းဝပ်စံပယ် တော်မူသော အောင်ငြိမ်းအေးချမ်းသာကြီးနီးဘုရားအား ဖူးမြော် ပူဇော်ရန် ရောက်လာခြင်းဖြစ်သည်။ စက်လှေဆိပ်မှ နီးဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိတိုက်သို့ ၁၀ မိနစ်သာသာခန့် လမ်းလျှောက်ရသည်။ ၎င်းနောက် ထူးခြားသောဒီဇိုင်းဖြင့် တည်ဆောက်ထားသည့် ကျောင်းဆောင်ကို တွေ့ရသည်။ ကျောင်းဆောင်အမိုးဒီဇိုင်းမှာ ထိုင်းပုံစံဆန်ဆန်တည်ဆောက် ထားပြီး အမိုးအစွန်း၌တပ်ဆင်ထားသော အနုလက်ရာမှာလည်း မြန်မာနှင့် ထိုင်းတို့၏ ယဉ်ကျေးမှုနှစ်ရပ်ပေါင်းစပ်ထားသည်ဟု ယူဆရသည်။ ကျောင်းဆောင်၏ခေါင်းရင်းတွင်မူ ရွှေအဆင်းဖြင့် ဝင်းပနေသော ထိုင်တော်မူနီးဘုရားတစ်ဆူသီတင်းသုံးလျက်ရှိ ပြီး ဘုရား၏ လက်ဝဲဘက်ကျောင်းဆောင်၏ အစွန်းတစ်နေရာ၌ ကျောက်စိမ်းဆင်းတုတော်တစ်ဆူ သီတင်းသုံးလျက်ရှိသည်။ ကျောင်းဆောင်၏အတွင်းပိုင်းကို ကျွန်းတိုင်၊ ကျွန်းမျက်နှာကြက် တို့ဖြင့် လုပတင့်တယ်စွာတည်ဆောက်ထားပြီး ပေ့ါလစ်(ရှ်) ရောင် ဖြင့် တောက်ပြောင်နေသည်။ ဆရာတော်မှာ သက်တော် ၅၀ ကျော်ခန့် အသားညိုညို၊ အရပ်ရှည်ရှည် ပိန်ပါးပါးဖြစ်ပြီး သဘော ကောင်းဟန်ရှိသည်။ မိမိတို့အား ရန်ကုန်မှလာသော ဘုရားဖူးမှန်းသိသဖြင့် နွေးထွေးစွာကြိုဆိုသည်။ ကျွန်တော်တို့သည် နီး ဘုရားအား ဦးချ၍ အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ကျောင်းဆောင်ကြီးနှင့် နီးဘုရားကိုလှူဒါန်းသူ ပင်မအလှူ ရှင် သာသနဒ္ဓဇဓဇကြီး ဦးဘသိန်း+ဒေါ်ငွေသိန်းတို့အား ရည်စူး၍ ဒေါ်နန်းတင်၊ ဒေါ်တင်ညို၊ ဒေါ်တင်ညွန့်၊ တူ ဦးဝင်းမြင့်၊ စိုင်းစည်သူ၊ နန်းစန်းစန်းဝင်း၊ နန်းလော(စ်)ခ် ရွှေနဂါးမင်း ကျောက်မျက်သမမိသားစုကောင်းမှုဖြစ်သည်။

အောင်ငြိမ်းအေးချမ်းသာကြီးနီးဘုရားကို ပညာရှင် ရှမ်းဘုန်းကြီး ဦးဝိမလဗုဒ္ဓိနှင့် ရဟန်းရှင်လူမြင်အပ်သော ပုဂ္ဂိုလ်၊ မြင်အပ် သော ပုဂ္ဂိုလ်တို့ စုရုံးညီညာစွာဖြင့် ရက်ပေါင်း ၃၃ ရက်ဖြင့်သာ ရက်လုပ်ပူဇော်ကုသိုလ်ယူခဲ့ကြသည်။

နီးဘုရားကြီးအား သုံးကြိမ်သုံးခါ သစ်စေးသုတ်ပြီးမှသာ ရွှေသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြစ်ရာ သစ်စေး တစ်ခါသုတ်လျှင် ကျပ်သိန်းပေါင်း ၃၀ ကျော် ကုန်ကျသည်။ ရွှေသင်္ကန်း တော်မှာ ရွှေ ၆၀ ကျပ်သား၊ ကျပ်သိန်းပေါင်း ၄၅၀ ကျော် ကုန်ကျသည်ဟု သိရသည်။

ကျွန်တော်တို့အဖွဲ့သည် နီးဘုရားကြီးအား ကြည်ညိုဖူးမြော် ပြီးနောက် အင်းတော်ကြီးသမိုင်းဝင် မုဆိုးမဒေါ်မုံအိပ်မက်အရ သရုပ်ဖော်ပြခန်းအား ကြည့်ရှုရန် စက်လှေဖြင့် ဆက်လက်ထွက် ခွာခဲ့ပါသည်။

**မုဆိုးမဒေါ်မုံအိပ်မက်အရ သရုပ်ဖော်ပြခန်း**

နန့်မီးလောင်ကျေးရွာမှ စက်လှေဖြင့် ၁၅ မိနစ်ခန့် မောင်း နှင်ပြီးသော် မုဆိုးမဒေါ်မုံအိပ်မက်အရ သရုပ်ဖော်ပြခန်းရှိရာသို့ ရောက်ရှိပါတော့သည်။ သရုပ်ဖော်ပြကွက်ကို အင်္ဂတေပန်းပုဖြင့် ပြုလုပ်ထားသည်။ ထိုပြကွက်တွင် မုဆိုးမဒေါ်မုံက သူတို့နေသော ရွာအား ရေလွှမ်းမိုး၍ အင်းဖြစ်လာမည်ကို အိပ်မက်မြင်မက်သဖြင့် အသက်အန္တရာယ်မဖြစ်စေရေးအတွက် ထိုနေရာမှဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ရွာသူရွာသားများအား ပြောပြနေသည့် ပြကွက်နှင့် ဒေါ်မုံ၏ပြောစကားကို ရွာသူရွာသားများက မယုံ ကြည်သဖြင့် နောက်ဆုံးတွင် ဒေါ်မုံနှင့်နီးစပ်သူမိသားစုများ ရေလွတ်ရာ လွဲမွန်တောင်ကုန်းပေါ်သို့ ပြေးတက်ကြပြီး တောင် ကုန်းထိပ်သို့အရောက်တွင် ရေများတက်လာသဖြင့် ၎င်းတို့နေ ထိုင်သောရွာအား ရေလွှမ်း၍အင်းဖြစ်သွားသည်ကို ပြန်လည် ငေးမောကြည့်ရှုနေပုံပြကွက်ကို ဖော်ပြထားသည်။

ဘုရားသမိုင်းစာအုပ်၏ ဖော်ပြချက်အရ မုဆိုးမဒေါ်မုံတို့ နေထိုင်သောရွာမှာ ဥတ္တရဌာနီစီခန်းဒေသဖြစ်ပြီး သာသနာ သက္ကရာဇ် ၂၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ သက်တမ်း ၉၆ နှစ်တည်ရှိပြီးနောက် သာသနာသက္ကရာဇ် ၃၆၀ ပြည့်နှစ်တွင် ရေလွှမ်းမိုး၍ လူနေထိုင်သောဒေသမှ အင်းအဖြစ်သို့ ပြောင်းလဲ သွားသည်ဟု ဆိုသည်။

ကမ်းနဖူးတွင်မူ သွပ်မိုး၊ ကြွေပြားခင်းအဆောက်အအုံငယ် အတွင်း၌ အင်းတော်ကြီးသမိုင်းဝင် မုဆိုးမခြေရာကို ပြသထား သည်။

မုဆိုးမဒေါ်မုံအိပ်မက်ရ သရုပ်ဖော်ပြခန်းအနီး အုတ်လှေ ကားမှ အပေါ်သို့တက်လျှင် ကားလမ်းတစ်လမ်းကို တွေ့မြင်ရ သဖြင့်–

''ဒီကားလမ်းက ဘယ်ကိုသွားတဲ့ကားလမ်းပါလဲ''

ဟုမေးရာ–

''ဟိုပင်–ဖားကန့်ကားလမ်းလေ၊ ဖားကန့်ကို မိုးကောင်းကနေ သွားလို့ရသလို ဟိုပင်ကလည်း သွားလို့ရတယ်၊ တစ်လောတုန်းက ကချင်ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးကို K.I.A တွေ ဖမ်းသွားတာ ဒီလမ်းပေါ်မှာပဲပေါ့''ဟု ဦးညီညီက ပြန်ဖြေသည်။

ဟိုပင်–ဖားကန့်ကားလမ်းသည် မိုင် ၆၀ ကျော်ကျော် ရှည်လျားပြီး နွေရာသီ၌သာ သွားလာရန် သင့်တော်သည်ဟု သိရသည်။

၎င်းနောက် စက်လှေပေါ်တက်၍နောက်ဆုံးလှေလာရန် ရှိသော လွဲမွန်ကျေးရွာရှိ မုဆိုးမစေတီနှင့် ငွေမဥ္စူစေတီတို့ဆီသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ၁၀ မိနစ်ခန့်မောင်းနှင်ပြီးနောက် လွဲမွန်ကျေးရွာသို့ ရောက်ရှိပါတော့သည်။

**မုဆိုးမစေတီနှင့် ငွေမဥ္စူစေတီ**

လွဲမွန်ကျေးရွာသည် မုဆိုးမဒေါ်မုံ ရေဘေးအား ရှောင်တိမ်းထွက်ပြေးရာ လွဲမွန်တောင်ကုန်းနှင့် ဆက်စပ်မှုရှိပေလိမ့်မည်။ စက်လှေဆိုက်ကပ်ရာမှ ပေ ၁၀၀ ခန့်အကွာတွင် ၂၅ ပေ၊ ၃၀ ပေခန့်မြင့်သော တောင်ကုန်းငယ်ရှိပြီး ထိုတောင်ကုန်း၌ စေတီငယ်နှစ်ဆူ တည်ထားကိုးကွယ်သည်ကို တွေ့ရသည်။ စေတီရံ ၄ ဆူ ခြံရံထားသော စေတီတစ်ဆူနှင့် ရွှေဆေးသင်္ကန်းကပ်ထားသော စေတီငယ်တစ်ဆူဖြစ်သည်။ ဘယ်စေတီသည် မုဆိုးမစေတီ၊ ဘယ်စေတီသည် ငွေမဥ္စူစေတီ



ဟူ၍ ရှင်းလင်းပြောပြမည့်သူမရှိ၍ သိခွင့်မရလိုက်ပေ။ နဂါးရုံဘုရားတစ်ဆူကိုလည်း ရွှေရောင်ဆေးရောင်တောက်ပစွာဖြင့် ဖူးမြော်ကြည်ညိုရသည်။ ဘုရားကုန်းပေါ်မှ အင်းတော်ကြီးကန်အား အပေါ်စီးမှ မျက်စိတစ်ဆုံး လှပစွာ တွေ့မြင်ရသည်။

အချိန်လင့်ပြီဖြစ်၍ ကျွန်တော်တို့သည် ရွှေမဥ္စူဘုရားဆီသို့ ပြန်လည်ထွက်ခွာခဲ့သည်။ ၁၀ မိနစ်ခန့်မောင်းနှင်ပြီးသော် ရွှေမဥ္စူဘုရားအနီးရှိ ရေဆိပ်သို့ စက်လှေဆိုက်ကပ်ပါတော့ သည်။

**အင်းတော်ကြီးမှဟိုပင်သို့**

ကျွန်တော်တို့သည် စက်လှေမှကမ်းပေါ်သို့တက်ခဲ့ပြီး ရွှေမဥ္စူရေလယ်ဘုရားအား နောက်ဆုံးအကြိမ် ဦးနှိမ်ရှိကျိုးဂါရဝပြု၍ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ အင်းတော်ကြီးကန်မှ ညနေ ၀၄း၃၀ နာရီခန့်တွင် ထွက်ခွာခဲ့ရာ ဟိုပင်မြို့သို့ ညနေ ၀၆း၄၅ နာရီအချိန်ခန့်တွင် ရောက်ရှိသည်။

မြို့တွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ညနေစာစားပြီး မနက်ဖြန် ခရီးစဉ်အတွက် ညှိနှိုင်းကြသည်။ ဦးမြင့်ဝင်းက ကျွန်တော်တို့အား မနက်ဖြန်တွင် မြစ်ကြီးနားရှိ မေခ၊ မလိခ မြစ်ဆုံရာ မြစ်ဆုံသို့ ကားဖြင့်ပို့ဆောင်ပေးမည်ဖြစ်သည်။ ညနေစာ စားသောက်ပြီးနောက်း တည်းခိုခန်းသို့ ပြန်လည်ညအိပ်အနားယူပါတော့သည်။ ဟိုပင်–မြစ်ကြီးနားခရီးစဉ်သည်လည်း မိမိမရောက်ဖူးသေးသော ခရီးဖြစ်၍ လမ်းတွင်စိတ်ဝင်စားဖွယ်ရာများကို မြင်တွေ့ရပေဦးမည်။

**အခန်း(၄)**

**ပြည်ထောင်စုလမ်းမကြီးအတိုင်း မြစ်ဆုံသို့**

**အစီအစဉ်ပြောင်း**

မူလအစီအစဉ်အရ မိမိတို့သည် ဟိုပင်မှ မြစ်ကြီးနားသို့ နေ့ချင်းပြန်သွားရောက်ပြီး နောက်တစ်နေ့တွင် ဟိုပင်မှ ရန်ကုန်သို့ လာခဲ့သည့်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့်ပြန်ရန် စီစဉ်ထားသော်လည်း ယနေ့သွားမည့် ဟိုပင်–မြစ်ကြီးနား မြစ်ဆုံ အသွားအပြန်ခရီးစဉ်မှာ ၈ နာရီခန့် မော်တော်ယာဉ်စီးရမည်ဖြစ်ပြီး နောက်တစ်နေ့တွင်လည်း ဟိုပင်မှ ရန်ကုန်သို့ ၂၄ နာရီခန့် မော်တော်ယာဉ်ခရီးနှင်ရဦးမည်ဖြစ်၍ ခရီးအလွန်ပန်း နိုင်သဖြင့် မြစ်ကြီးနားရောက်က မြစ်ကြီးနား၌ညအိပ်ပြီး နောက် တစ်နေ့တွင် မြစ်ကြီးနားမှ ရန်ကုန်သို့ လေယာဉ်ဖြင့် စီးနင်း လိုက်ပါပါက သက်သာမည်ဖြစ်ကြောင်း ဦးမြင့်ဝင်းက အကြံပြု သည်။

ဦးမြင့်ဝင်းပေးသောအကြံကို သဘောကျသည်။ ယခုအထိ သဘောကောင်းနေသေးသော ခါးနာဝေဒနာသည် အပြန်ခရီးကျမှ ထိုင်၍မရအောင်နာကျင်လာပါက ဒုက္ခတွေ့ပေလိမ့်မည်။ သို့ဖြစ်၍ ယမန်နေ့ညတည်းခိုခန်းသို့ပြန်ရောက်ချိန်တွင် ရန်ကုန်ရှိ သားဖြစ်သူနှင့်ဆက်သွယ်၍ လေယာဉ်လက်မှတ်ရောင်းချသော ခရီးသွားလာရေးကုမ္ပဏီနှင့်ညှိနှိုင်းပြီး ၂၃ . ၃ . ၂၀၁၅ ရက်တွင် မြစ်ကြီးနားမှ ရန်ကုန်သို့ လေယာဉ်လက်မှတ်ရနိုင်/မရနိုင် စုံစမ်းစေသည်။ ၂၃ ရက်တွင် မရနိုင်သော်လည်း ၂၄ ရက်တွင် ရနိုင်ကြောင်းသိရသဖြင့် ရရာလေကြောင်းလိုင်းဖြင့် လေယာဉ်လက်မှတ်နှစ်စောင်ကို ရန်ကုန်၌ပင် ငွေပေးချေ၍ ဝယ်ယူခိုင်းရာ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လက်မှတ်

ဝယ်ယူရရှိခဲ့သည်။ ဝယ်ယူပြီးဖြစ်သော ဟိုပင်–ရန်ကုန် အပြန်ကားလက်မှတ်နှစ်စောင်ကိုမူ အဆုံးရှုံးခံလိုက်ရပါတော့သည်။

**ဟိုပင်မှမြစ်ကြီးနားသို့**

ကျွန်တော်တို့ဇနီးမောင်နှံသည် နံနက် ၆ နာရီခန့်ကတည်းက ပစ္စည်းများသိမ်းဆည်းပြီး အဆင်သင့်ဖြစ်နေသည်။ ၀၆း၁၅ နာရီခန့်တွင် ဦးမြင့်ဝင်းတို့ကားရောက်လာသဖြင့် ပစ္စည်းတင် ၍ နီးစပ်ရာလက်ဖက်ရည်ဆိုင်၌ နံနက်စာစားသည်။ ၎င်းနောက် ၂၂–၃–၂၀၁၅ ရက် နံနက် ၀၆း၄၅ နာရီအချိန်တွင် ဟိုပင်မြို့မှ စတင်ထွက်ခွာခဲ့သည်။

''ဟိုပင်နှင့် မြစ်ကြီးနားက ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုင် ၈၀ လောက်ဝေးတယ်၊ လမ်းမှာ တည်ဆောက်ဆဲတံတား ၂ စင်း၊ ၃ စင်းနေရာတွေမှာ လမ်းဘေးလယ်ကွင်းထဲက ပတ်မောင်းရတာကလွဲပြီး လမ်းကောင်းပါတယ်''ဟု ဦးညီညီက ပြောသည်။

ဦးညီညီပြောသည့်အတိုင်း လမ်းမှာ ဟိုပင်ကထွက်ကတည်းက ပြန့်ပြူးညီညာကောင်းမွန်နေသည်။ သို့သော် လမ်းက အနည်းငယ်ကျဉ်းသေးသည်။ နန်းခွင်၊ ပင်းမွန် စသော ကျေးရွာကြီးများကို ဖြတ်ကျော်ပြီးနောက် နံနက် ၈ နာရီတွင် ဆားမှော်သို့ရောက်သည်။ ဆားမှော်နှင့် မိုးကောင်းမြို့မှာ ဆက်လျက်ရှိပြီး ဆားမှော်မြို့ဇရိယာဆုံးသည်နှင့် မိုးကောင်းမြို့သို့ ရောက်ပါတော့သည်။ မိုးကောင်းသို့ရောက်တော့ နံနက် ၀၈း၃၀ နာရီ ရှိနေပေပြီ။ မိုးကောင်းမြို့သည် ဟိုပင်နှင့် မြစ်ကြီး နားအကြားရှိ အဓိကကျသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ကျောက်စိမ်းနှင့်ပတ်သက်၍ လူသိထင်ရှားသော မြို့တစ်မြို့လည်းဖြစ်ပေသည်။ မိုးကောင်းမြို့သည် မြန်မာနိုင်ငံ၏ အဖိုးထိုက်ရတနာတစ်ပါးဖြစ်သော ကျောက်စိမ်းထွက်ရှိရာ အဓိကဒေသဖြစ်သည့် ဖားကန့်မြို့၏ အဝင်ပေါက်သဖွယ် အချက်အချာကျသောနေရာ၌ တည်ရှိသဖြင့် ပထဝီမြေအနေအထားအရ အရေးပါလျက်ရှိသည်။

မိုးကောင်းမြို့အား ဖြတ်သန်းမောင်းနှင်ရင်း မော်တော်ကားပေါ်မှ မြို့၏အခြေအနေကို လေ့လာစူးစမ်းနေမိသည်။ ကြီးမားခံ့ထည်သော အဆောက်အအုံများ မြင်တွေ့ရခြင်းမရှိဘဲ သာမန်မြို့တစ်မြို့မျှသာဖြစ်သည်ဟု ထင်ရသည်။ မြို့တွင်းလမ်းဆုံတစ်နေရာ၌ ''စည်းလုံးခြင်းသည်အင်အား''ဆိုသည့် ဆောင်ပုဒ်ကို သရုပ်ဖော်ထားသည့် ထင်းစည်းချိုးနေသော သားအဖရုပ်တုကို မြို့၏ထင်ရှားသော အမှတ်အသားအဖြစ် မှတ်သားနေမိသည်။

မိုးကောင်းမြို့သည် ကချင်ပြည်နယ်၏ မြို့ကြီးတစ်မြို့ဟု ဆိုသော်လည်း ယနေ့တိုင် မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များသည် ကချင်တိုင်းရင်းသားလက်နက်ကိုင်များအား ဆက်ကြေးပေးနေရသေးကြောင်း ဂျာနယ်အချို့၌ ရေးသားထားသည်ကို ပြန်လည်အမှတ်ရနေမိသည်။

ကချင်ပြည်နယ်ရှိ မြို့အတော်များများတွင်လည်း ယနေ့ တိုင် လုံခြုံမှုအပြည့်အဝမရှိသေးဘဲ စီးပွားရေးလုပ်ငန်းရှင်ကြီး ငယ်တို့၊ မော်တော်ယာဉ်လိုင်းကြီး/ငယ်တို့သည် ကချင် လက်နက်ကိုင်တို့ ခြိမ်းခြောက်တောင်းခံသော ဆက်ကြေးငွေ များကို မကျေမနပ် ကြောက်ရွံ့၍သာပေးနေရသည်။

မိုးကောင်းမြို့ကထွက်ပြီးနောက် အတော်ကျယ်ဝန်းသော မြစ်နှင့် မြစ်ကူးတံတားကို ဖြတ်ကျော်ရသည်။

''ဘာမြစ်ပါလဲ'' ကျွန်တော်ကမေးရာ–

''မိုးကောင်းချောင်းနှင့် မိုးကောင်းတံတားပါ''ဟု ဦးညီညီက ပြန်ဖြေသည်။ ချောင်းဟုဆိုသော်လည်း အတော်ကျယ်သည်။ မိုးတွင်းရေများချိန်ဆိုပါက အလွန်ကျယ်သော ချောင်းကြီးပင်ဖြစ်ပေမည်။

မိုးကောင်းချောင်းနှင့်တံတားကို ကျော်ပြီးနောက် ကံလုရွာသို့ရောက်သည်။ ထိုနေရာတွင် လီဒိုလမ်းနှင့်ဆုံသည်။ လီဒိုလမ်းသည် ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့ဖောက်လုပ်ခဲ့သော သမိုင်းဝင်လမ်းမကြီးဖြစ်သည်။ မြစ်ကြီးနားမှ တနိုင်းသို့ လီဒိုလမ်းအတိုင်း ခရီးသည်တင်ယာဉ်တစ်စီးမောင်းနှင်နေသည်ကို တွေ့ရသဖြင့်–

''မြစ်ကြီးနား–တနိုင်းကားလမ်းအခြေအနေဘယ်လိုရှိပါသလဲ''ဟု မေးရာ–

''နွေရာသီမှာ သွားလို့လာလို့ရပါတယ်၊ မိုးရာသီမှာတော့ တောင်ပေါ်လမ်းဖြစ်လို့ ကန့်သတ်ချက်ရှိတယ်''ဟု ဦးညီညီက ပြန်ဖြေသည်။

ရာသီဥတုမှာ မပူလွန်း၊ မအေးလွန်း၊ နေသာထိုင်သာရှိပြီး ပတ်ဝန်းကျင်ရှုခင်းမြင်ကွင်းမှာလည်း သာယာလှပလွန်းသည်။ လမ်းတစ်လျှောက်တွင် တပ်မတော်၏တပ်ရင်းတပ်ဖွဲ့များသည် ယခင်ကနှင့်စာလျှင် အရေအတွက်ပိုမိုများပြားလာသော်လည်း ကချင်ပြည်နယ်အနှံ့ တောက်လောင်နေသော စစ်မီးကိုမူ ငြိမ်းသတ်ခြင်းငှာ မစွမ်းနိုင်သေးပေ။

မြန်မာနိုင်ငံတွင် အဖိုးတန်သယံဇာတအပေါကြွယ်ဆုံးဟု ဆိုရမည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူတို့ အတိဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ဆင်းရဲမွဲတေလျက်ရှိသည်။ ကချင်ပြည်နယ်နှင့် ကချင်လူမျိုးကိုချစ်သည်ဆိုသော ကချင်တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တို့၏ လုပ်ရပ်သည် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သည့် အပြစ်မဲ့သော ကချင်အပါအဝင် လီဆူ၊ ရှမ်း၊ ဗမာ စသည့်တိုင်းရင်းသားများအား ဒုက္ခနွံအတွင်း တစ်စတစ်စ နစ်မြုပ်အောင်ပြုကျင့်နေသကဲ့သို့ ဖြစ်နေချေပြီဟု တွေးရင်း စိတ်မကောင်းဖြစ်နေမိပါတော့သည်။

နမ္မတီးမြို့နှင့် မရမ်းမြို့တို့အား ဖြတ်ကျော်ပြီးနောက် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားသို့ ရောက်ရှိပါတော့သည်။

ဟိုပင်–မြစ်ကြီးနားပြည်ထောင်စုကားလမ်းသည် တည်ဆောက်ဆဲတံတား (၃)နေရာခန့်တွင် လယ်ကွင်းများအတွင်းမှ ကွေ့ပတ်ဖြတ်သန်းမောင်းနှင်ရသည်မှအပ ကျန်နေရာများ၌ လမ်းမှာ သင့်တင့်ကောင်းမွန်သဖြင့် မိုင် ၈၀ ခရီးကို ယာဉ်မောင်းနှင်ချိန် ၂ နာရီ ၄၅ မိနစ်ခန့်ဖြင့် မြစ်ကြီးနားသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် မြစ်ကြီးနားသို့ ဒုတိယအကြိမ်ရောက်ရှိ

ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သောလေးနှစ်ကျော် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၌ ပထမအကြိမ်ရောက်ရှိခဲ့ပြီးဖြစ်သည်။

**သာယာလှပသော မြစ်ဆုံဒေသ**

မိမိတို့ခရီးစဉ်၏ အဓိကရည်မှန်းချက်မှာ မေခ၊ မလိခ မြစ်ဆုံဒေသအား သွားရောက်လေ့လာလည်ပတ်ရန်ဖြစ်ခြင်းကြောင့် မြစ်ကြီးနားမြို့တွင်မနားတော့ဘဲ မြစ်ဆုံရှိရာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မြစ်ကြီးနားမှ မြစ်ဆုံသို့ ကားလမ်းကောင်းမွန်သဖြင့် ယာဉ်မောင်းနှင်ချိန် တစ်နာရီခန့်အတွင်း မြစ်ဆုံသို့ ရောက်ရှိပါတော့သည်။ လွန်ခဲ့သော ၄ နှစ်ခန့်ကနှင့်စာလျှင် မြစ်ဆုံပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်မြင်ကွင်းမှာ ပိုမိုတိုးတက်ကောင်းမွန်လာသည်ဟု ထင်မိသည်။ ပထမတစ်ကြိမ်ရောက်ရှိစဉ်က မြစ်ဆုံမရောက်မီ တန်ဖဲရွာအနီးရှိ ချောင်းငယ်တစ်ချောင်း၌ ရွှေကျင်သည့်လုပ်ငန်းကို လူအင်အား၊ ယန္တရားအင်အားဖြင့် အကြီးအကျယ်ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းမှ စီးကျလာသော ရွှံ့ရည်အနည်အနှစ်များသည် ဧရာဝတီမြစ်အတွင်းသို့ ထုနှင့်ထည်နှင့် စီးကျဝင်ရောက်သဖြင့် ထိုစဉ်က ဧရာဝတီမြစ်ရေမှာ မြေနီရောင်ပေါက်၍ နောက်ကျိညစ်ညမ်းနေခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ ထိုချောင်းငယ်၌ ရွှေတူး၊ ရွှေကျင်သူများမရှိတော့သဖြင့် ပတ်ဝန်းကျင်မှာ သန့်ပြန့်၍ ဧရာဝတီမြစ်ရေမှာလည်း ကြည်လင်နေသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါ စိတ်ဝင်စားသည့် မိခင်ဧရာဝတီမြစ်ကြီး၏ အစဖြစ်သော မြစ်ဆုံသို့ ဒုတိယအကြိမ် ရောက်ခွင့်ကြုံ၍ ဝမ်းသာကျေနပ်မိသည်။ မြစ်ဆုံ၏ကမ်းနဖူး၌ သပ်သပ်ရပ်ရပ်ရှိသော စားသောက်ဆိုင်များ ပိုမိုများပြားလာပြီး ကမ်းစပ်သဲသောင်ပြင်တွင်လည်း ရွက်ဖျင်တဲစိမ်းစိမ်းဖြင့် စားသောက်ဆိုင်ငယ်များ စနစ်တကျ တွေ့ရခြင်းကြောင့် မြစ်ဆုံပတ်ဝန်းကျင်သည် လွန်ခဲ့သော ၄ နှစ်ကျော်နှင့်စာလျှင် အပြုသဘောဆောင်သော တိုးတက်မှုဆီသို့ ဦးတည်နေပြီဟု ယူဆမိသည်။

မြစ်အတွင်း ရွှေဖောင်များကိုလည်း မတွေ့ရဘဲ ကြည်လင်သန့်ရှင်းသော ရေအလျဉ် တသွင်သွင်စီးဆင်းနေသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။ ချောင်းကမ်းစပ်သို့မဆင်းမီ ကမ်းပါးအပေါ်စီးမှနေ၍ မြစ်ဆုံ၏အလှကို ရင်သပ်ရှုမောခံစားနေမိသည်။ ရေလယ်တွင် ခေါင်းပြူနေသော ကျောက်တုံးကျောက်ဆောင်များ၊ မြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ်ဖြစ်သည့် မေခနှင့်မလိခဆုံရာအရပ်မှ ကြက်လျှာစွန်းပုံ သဲသောင်ချွန်းချွန်းနှင့် ဟိုးအဝေးဘက်ကမ်းမှ တောင်ကြောတို့ကို လှမ်းတွေ့ရသည်။ ထိုတောင်ကြော၏ခါးလယ်တွင်မူ သွပ်မိုးဖြူဖြူနှင့် အဆောက်အအုံများကို တွေ့မြင်နေရသည်။ လုံးဝဥဿုံ ရပ်တန့်ရန်မဆုံးဖြတ်ရသေးသော စီမံကိန်း၏ အဆောက်အအုံများပင်ဖြစ်ပေမည်။ သို့သော် ယာဉ်ယန္တရားများ၏လှုပ်ရှားမှု ကိုမူ မမြင်မတွေ့ရတော့။ ဟိုတစ်ခေါက်လာတုန်းက စက် ယန္တရားများ၊ မြေထိုး၊ မြေကော်၊ မြေသယ်ယာဉ်ကြီးများ ပျားပန်းခပ်အောင်အလုပ်ရှုပ်နေသည်ကို အမှတ်ရနေသည်။



ပထမအကြိမ်ရောက်ခဲ့စဉ်က မြစ်ဆုံ၌ ရေအားလျှပ်စစ်

စီမံကိန်းတည်ဆောက်ရန် အရှိန်အဟုန်ဖြင့် လုပ်ငန်းများလည်ပတ်နေချိန်ဖြစ်သည်။ ဂျာနယ်များ၌လည်း မြစ်ဆုံနေရာ၌ တမံပိတ်၍ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပါက မြန်မာလူမျိုးတို့၏ Land Mark တစ်ခုဖြစ်သော မြစ်ဆုံပျောက်ကွယ်သွားနိုင်ကြောင်း ရေးသားဖော်ပြကြသဖြင့် နောင်တွင် တွေ့မြင်ခွင့်ရတော့မည်မဟုတ်တော့သည့် မြစ်ဆုံအား ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုလှ၍ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် မြစ်ကြီးနားသို့ တကူးတကရောက်အောင်လာပြီး မြစ်ဆုံရှုခင်းအား ကြည့်ရှုခံစားခဲ့ခြင်းဖြစ်သည်။

ယခုတော့ ပြည်သူတို့၏ ရင်တွင်းပေါက်ကွဲသံကို တာဝန်ရှိသူတို့ လျစ်လျူရှု၍မရတော့သဖြင့် မြစ်ဆုံစီမံကိန်းအား အချိန်ကန့်သတ်ချက်ဖြင့် ဆိုင်းငံ့ခဲ့ရသည်။ သို့ဖြစ်၍ မြစ်ဆုံအား ဒုတိယ အကြိမ် အားပါးတရကြည့်ရှုခွင့်ရခဲ့ပြန်ပါတော့သည်။ အချိန် ကန့်သတ်ချက်ဖြင့် ဆိုင်းငံ့ထားသောအခြေအနေမှသည် အပြီး အပိုင် ရပ်တန့်သောအခြေအနေ ရောက်ရှိပါစေဟူ၍လည်း ဆန္ဒ ပြုနေမိပါတော့သည်။ မလွဲမသွေရောက်ရှိလာမည်ဟုလည်း ယုံကြည်နေမိသည်။

ကျွန်တော်တို့အဖွဲ့ရောက်တုန်းရောက်ခိုက် မြစ်ဆုံအား နောက်ခံထား၍ အမှတ်တရဓာတ်ပုံများ ရိုက်ယူကြပြီး ကမ်းဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ငါးကင်ပူပူနွေးနွေးကို မှာယူစားသောက်ကြသည်။ မြစ်ဆုံ၏ သဘာဝအလှအပကို ထိတွေ့ခံစားရင်း မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေး၏ ကလူကျီစယ်မှုကိုခံယူရင်း ကျောက်တုံး ကျောက်ဆောင်များကြားမှ ဖြတ်သန်းစီးဆင်းနေသော ရေစီးသံဂီတသံစဉ်ကို နားစွင့်ရင်း ငါးကင်ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကို စားသောက်ရသည်မှာ အရသာရှိလှသည်။



ဦးမြင့်ဝင်းတို့အဖွဲ့ ဟိုပင်အထိ ပြန်ရဦးမည်ဖြစ်၍ မြစ်ဆုံတွင် အချိန်ကြာကြာမဖြုန်းနိုင်ဘဲ ''နေရစ်တော့ မြစ်ဆုံရေ၊ နောက်တစ်ခေါက်မှာလည်း ယခုလိုပဲ လှလှပပကျန်းကျန်းမာမာ ပြန်တွေ့ချင်မြင်ချင်သေးတယ်''ဟု စိတ်ထဲမှ နှုတ်ခွန်းဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အပြန်ခရီးတွင် ကားလမ်းနှင့်ယှဉ်၍ စီးဆင်းနေသော ဧရာဝတီမြစ်ကြီး၏ မူလဘူတအစနေရာကို ကားပေါ်မှ ရှုမြင်ရသည်မှာ အားရတင်းတိမ်ခြင်းမရှိသဖြင့် ကားပေါ်မှဆင်း၍ ဧရာဝတီမြစ်၏ရှုခင်းအလှကို ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသေးသည်။

မြစ်ကြီးနားသို့ရောက်သော် ဧရာဝတီမြစ်ကမ်းဘေးရှိ ကချင်တိုင်းရင်းသားရိုးရာစားသောက်ဆိုင်၌ နေ့လယ်စာစားသောက်ပြီး မိမိတို့တည်းခိုမည့် မြစ်ကြီးနားဈေးအနီးရှိ Golden High Power ဟိုတယ်သို့ ပို့ဆောင်ပေးသည်။ ၎င်းနောက် ဦးမြင့်ဝင်းနှင့် ဦးညီညီတို့သည်နှုတ်ဆက်၍ မြစ်ကြီးနားမှ ဟိုပင်သို့ ပြန်လည်ထွက်ခွာသွားကြပါတော့သည်။

ကျွန်တော်တို့တည်းခိုသောဟိုတယ်သည် မြစ်ကြီးနားဈေးအနီး၌ရှိသဖြင့် ပတ်ဝန်းကျင်မှာ အလွန်စည်ကားသည်။ စတိုးဆိုင်များ၊ မီနီမတ်ကတ်များတို့မှာလည်း ဈေးပတ်ဝန်းကျင်၌သာ ဖွင့်လှစ်ထားသဖြင့် ကျွန်တော်တို့ဇနီးမောင်နှံသည် ဟိုငေးဒီငေး ဟိုဝယ်ဒီဝယ်ဖြင့် အတော်လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါး ဖြစ်နေကြသည်။ ညစာကိုလမ်းဘေးဆိုင်တစ်ဆိုင်၌ အဆင်ပြေသလို စားသောက်ပြီးနောက် ဟိုတယ်သို့ပြန်၍ ညအိပ်အနားယူကြသည်။

**မြစ်ကြီးနားမှာ တစ်နေ့တာ**

ရန်ကုန်ပြန်ရန် လေယာဉ်လက်မှတ်မှာ နောက်တစ်နေ့မှ ရသဖြင့် ၂၃ . ၃ . ၂၀၁၅ တစ်ရက်လုံး မြစ်ကြီးနားမြို့၌ လည်ပတ်လေ့လာရန်အချိန်ရသည်။ နံနက်စောစောအိပ်ရာထ၍ တည်းခိုရာဟိုတယ်မှ ကိုက် ၁၀၀ ခန့်ဝေးကွာသော ဧရာဝတီမြစ်ကမ်းဘေးသို့ လမ်းလျှောက်သွားကြသည်။ မြစ်ကမ်းဘေးတစ်နေရာ၌ ဘောလုံးကွင်းတစ်ကွင်းစာခန့်ကျယ်ဝန်းသော မြေကွက်လပ်အား ခြံစည်းရိုးခတ်၍ ပြည်သူအများ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားပစ္စည်းအချို့ကို မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးထားသည်။ ဧရာဝတီမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့်လေကိုရှူရှိုက်ရင်း မြစ်ပြင်၏ရှုခင်းအလှကို ငေးမောကြည့်ရှုရန် ကွန်ကရစ်ထိုင်ခုံများကို စီစဉ်ပေးထားသည်။ ထို့အပြင် အမျိုးသား၊ အမျိုးသမီးသန့်စင်ခန်းများကိုလည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ဆောင်ရွက်ပေးထားသဖြင့် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့အား ကျေးဇူးတင်ရှိနေမိသည်။ ကွင်းထဲတွင် အမျိုးသမီးအချို့ 'ထိုက်ချီ'လေ့ကျင့်ခန်းပြုလုပ်နေကြပြီး သူတို့၏အသွင်အပြင်ကို ကြည့်ရသည်မှာ 'စိန'တိုင်းသူများဖြစ်ကြပေမည်။ ကျွန်တော်တို့ဇနီးမောင်နှံသည် ဧရာဝတီမြစ်ကမ်းဘေးရှိ လမ်းအတိုင်း လမ်းလျှောက်ပြီးနောက် လမ်းဆုံးသည်နှင့်ပြန်လှည့်၍ ဟိုတယ်သို့ ပြန်ခဲ့သည်။

ဟိုတယ်တွင် နံနက်စာစားပြီးနောက် ယခင်တစ်ခေါက်



ရောက်ရှိစဉ်က ဖူးမြော်ကြည်ညိုခဲ့သော မြစ်ကြီးနားရှိ တန်ခိုးကြီးဘုရားများကို ထပ်မံဖူးလိုသဖြင့် ဆိုက်ကားတစ်စီးငှား၍ ထွက်ခဲ့သည်။ မြစ်ကြီးနားတွင် တက္ကစီမရှိဘဲ တရုတ်ပြည်မှလာသော ကိုယ်ထည်ခပ်ကြမ်းကြမ်းနှင့် သုံးဘီးကားလိုကားမျိုးကိုသာ တွေ့ရသည်။ ရန်ကုန်မှာအနေကြာ၍ ဆိုက်ကားမစီးရသည်မှာ ကြာပြီဖြစ်ခြင်းကြောင့် အသစ်အဆန်းဖြစ်နေသည်။ မိမိတို့နှစ်ယောက်ကိုတင်၍ ကုန်းအတက်၌ အားစိုက်နင်းနေရသော ဆိုက်ကားသမားအား အားတောင့်အားနာဖြစ်မိသည်။ ကျွန်တော်သည် ဆိုက်ကားစီးရင်း မြို့၏အခြေအနေကို စူးစမ်းလေ့လာနေမိသည်။ ယင်းနောက် ဆိုက်ကားဆရာအား စကားစမြည်ပြောကြည့်သည်။

''ဆိုက်ကားဆရာ နာမည်ဘယ်လိုခေါ်သလဲ''

''ကိုလှသိန်းပါ''

''အသက်ဘယ်လောက်ရှိပြီလဲ''

''၄၆ နှစ်ပါ''

''မြစ်ကြီးနားဇာတိပဲလား''

''မဟုတ်ပါဘူး၊ ကန့်ဘလူမြို့နယ်ကပါ၊ ဒီကိုပြောင်းလာတာ ၁၀ နှစ်ကျော်ပါပြီ''

''ဘာဖြစ်လို့ပြောင်းလာတာလဲ၊ ဟိုမှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေဘူးလား''

''ဟုတ်တယ်၊ အဆင်မပြေဘူးဗျ၊ ဒီမှာ တစ်နေ့ဆိုက်ကားနင်းရင် အောက်ထစ် ၅၀၀၀ ကျပ်တော့ ရတယ်၊ အဆင်ပြေ ရင် ၇၀၀၀၊ ၈၀၀၀ ကျပ်အထိ ရနိုင်တယ်၊ ဟိုမှာကတော့ တစ်နေ့ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ်ရဖို့တောင် မလွယ်ဘူး''

''ဒါနဲ့ ဆိုက်ကားဆရာက အစ္စလာမ်ဘာသာဝင်လား'' ဆိုက်ကားဆရာမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့်မို့ မိမိက စပ်စုလိုက်သည်။

''ဟုတ်ပါတယ်၊ အစ္စလာမ်ပါ''

''အစ္စလာမ်ဘာသာဝင်တွေက ဘာသာရေးကိုင်းရှိုင်းကြတယ်နော်''

''ဟုတ်ကဲ့၊ အများစုက ဘာသာရေးကိုင်းရှိုင်းကြပါတယ်''

''ဒါနဲ့ မြစ်ကြီးနားမှာကော ဘာသာရေးပြဿနာမရှိဘူးလား၊ မိတ္ထီလာတို့၊ မန္တလေးတို့ မြန်မာနိုင်ငံအနှံ့မှာဖြစ်တဲ့ ဘာသာရေးအဓိကရုဏ်းကိုတော့ ကြားမိမှာပေါ့''

''ကြားမိပါတယ်၊ ဒီမှာတော့ ပြဿနာမရှိပါဘူး၊ ဗုဒ္ဓဘာသာ၊ မူဆလင်ချစ်ချစ်ခင်ခင်ပါပဲ၊ ဒီလိုဘာသာရေးကို အကြောင်းပြုပြီး အဓိကရုဏ်းဆိုတာ မဖြစ်သင့်ပါဘူး၊ ဘာသာတရားအားလုံးက ချစ်ခြင်းမေတ္တာထားဖို့ပဲ သွန်သင်ဆုံးမတယ် မဟုတ်လား''

''ဒါဆိုရင် မွတ်စလင်ဖြစ်တဲ့ ရှီယာနှင့် ဆွန်နီတို့အချင်းချင်း ဗလီမှာ ဗုံးခွဲတိုက်ခိုက်ပြီး အတုံးအရုံးသေကျေကြတဲ့ကိစ္စမျိုးကို မင်းဘယ်လိုမြင်သလဲ''ဟု မိမိက အတွန့်တိုက်လိုက်သည်။

''ဟာ ဆရာ ဒါဟာ မကောင်းမှုပဲ၊ သူတို့ဟာ မူဆလင်အစစ်တွေမဟုတ်ဘူး၊ အစွန်းရောက်အကြမ်းဖက်သမားတွေပဲ၊ ဒါမျိုးကို ဘုရားမကြိုက်ဘူး၊ ကျွန်တော်တို့လည်း မကြိုက်ဘူး၊ မွတ်စလင် ဘာသာဝင်တွေရဲ့ ဂုဏ်သိက္ခာကို ညှိုးငယ်စေတယ်''ဟု စကားကောင်းရင်း ကျွန်တော်တို့ရောက်လိုသော လောကမာရ်အောင်ဆုတောင်းပြည့်စေတီတော်မုခ်ဝသို့ရောက်သဖြင့် စကားစပြတ်သွားသည်။ ကျွန်တော်က ဆိုက်ကားဆရာ ကိုလှသိန်းအား အပြန်အတွက် စောင့်နိုင်သလားဟုမေးရာ စောင့်နိုင်ကြောင်းပြောသဖြင့် မိမိတို့ ဘုရားဖူးရန် စေတီပရိဝုဏ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ဆိုက်ကားဆရာ ကိုလှသိန်းတွင်ရှိသော ဘာသာရေးဆိုင်ရာ အယူအဆအတွေးအခေါ်မျိုးသာ ဘာသာဝင်အသီးသီး၌ ရှိနေခဲ့လျှင် ဘာသာရေးကို အခြေခံသော ပဋိပက္ခများဖြစ်လာရန်အကြောင်းမရှိဟု စဉ်းစားနေမိသည်။

**မြစ်ကြီးနားမှ တန်ခိုးကြီးဘုရားများ**

လောကမာရ်အောင်ဆုတောင်းပြည့်စေတီတော်သည် မြစ်ကြီးနားမြို့ရှိ တန်ခိုးကြီးသောဘုရားတစ်ဆူဖြစ်ပြီး ရွှေအဆင်းဖြင့် ဝင်းပတောက်ပြောင်နေသည်။ ဘုရားဝင်းအတွင်း၌လည်း သန့်ပြန့်နေသည်။ မိမိတို့ရောက်ရှိချိန်တွင် ဘုရားဖူးများမရောက်သေးသဖြင့် လူရှင်းနေသည်။ မြို့သူမြို့သားများနှင့် ဂေါပကအဖွဲ့တို့က ဘုရားအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားပုံရသည်။ ဘုရားအား တစ်ပတ်လှည့်ပတ်ကြည်ညိုပြီး အလှူငွေများထည့်ဝင်သည်။ ဘုရားအား ရှိခိုးပူဇော်ပြီးနောက် မျက်နှာချင်းဆိုင်၌တည်ရှိသော ဆုတောင်းပြည့်ကျောင်းတော်မူဘုရားကြီးအား ပူဇော်ကြည်ညိုရန် ဆက်လက်ထွက်ခွာခဲ့သည်။

ကျွန်တော်သည် မြန်မာနိုင်ငံအနှံ့ရှိ ကျောင်းတော်မူဘုရားများသို့ ရောက်ရှိကြည်ညိုခဲ့ဖူးရာ ဘုရားအသီးသီးသည် သူ့ပုံသဏ္ဌာန်၊ သူ့အသွင်ဖြင့် ကြည်ညိုဖွယ်ရာအဆင်းကို ဆောင်ကြောင်း သတိပြုမိခဲ့သည်။ မြစ်ကြီးနားရှိ ဆုတောင်းပြည့်ကျောင်းတော်မူဘုရားကြီးသည် ဉာဏ်တော်များစွာမမြင့်လှပေ။ သင့်တင့်သောအရွယ်အစားဖြစ်ပြီး မပြုံးလွန်းမတည်လွန်းဖြင့် အလွန်နှစ်လိုဖွယ်အဆင်းကိုဆောင်သည်။ ဆုတောင်းပြည့်ကျောင်းတော်မူဘုရားသမိုင်းကို ဖတ်ရှုလေ့လာမိသောအခါ စိတ်ဝင်စားဖွယ်ရာ ထူးခြားမှုကို တွေ့ရှိရပြန်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်မတော်တပ်မ (၅၆)တွင် အမှုထမ်းခဲ့သည့် ဂျပန်စစ်ပြန်မစ္စတာမစ်ဆူမီဆာကာဂူချီသည် စစ်အတွင်း၌ မြန်မာပြည်စစ်မျက်နှာအတွင်း ကျဆုံးသွားသော ဂျပန်စစ်သားများအား ရည်စူး၍လည်းကောင်း၊ စစ်အတွင်း စစ်ဘေးဒဏ်သင့်၍ သေဆုံးခဲ့ရသည့်တိုင်းရင်းသားများအား ရည်စူး၍ လည်းကောင်း၊ ရောဝတီမြစ်နံဘေး၌ ဘုရားတစ်ဆူလှူဒါန်းလိုသော ဆန္ဒပြင်းပြခဲ့သည်။ ဂျပန်စစ်ပြန်ကြီး၏ဆန္ဒအရ နိုင်ငံတော် သံဃနာယကအဖွဲ့ဝင်၊ ကချင်ပြည်နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးက ဆုတောင်းပြည့်ဘုရားကွက်လပ်တွင် လျောင်းတော်မူဘုရားကြီးအား တည်ဆောက်လှူဒါန်းခွင့်ပြုခဲ့သည်။ ဂျပန်စစ်ပြန်ကြီးသည် ၁၈-၃-၂၀၀၀ ရက်တွင် ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်သိန်းထံ ပထမအရစ်အလှူငွေအဖြစ် အမေရိကန်ဒေါ်လာငါးသောင်းအား လှူဒါန်းခဲ့သည်။ လျောင်းတော်မူဘုရားကြီးအား ၂၅-၄-၂၀၀၀ ရက်တွင် အုတ်မြစ်မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်းနှင့်ဇနီးတို့က တက်ရောက်ချီးမြှင့်ခဲ့သည်။ လျောင်းတော်မူဘုရားကြီးအား ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်းကောင်း၊ ဌာနဆိုင်ရာများကလည်းကောင်း၊ ပုဂ္ဂလိကအလှူရှင်များကလည်းကောင်း ဆက်လက်ပါဝင်လှူဒါန်းကြပြီး ဂျပန်စစ်ပြန်ကြီးက ဒုတိယအရစ် အလှူငွေအမေရိကန်ဒေါ်လာခြောက်သောင်းအား ၁၅-၇-၂၀၀၁ ရက်တွင် ထပ်မံလှူဒါန်းခဲ့သည်။ လျောင်းတော်မူဘုရားကြီးအား ဆက်လက်တည်ဆောက်ရာ ၁၂-၁၁-၂၀၀၁ ရက်တွင် အောင်မြင်စွာပြီးစီးသည်ဟု ဘုရားကြီးတွင် စိုက်ထူထားသော ဘုရားသမိုင်းကမ္ပည်းကျောက်စာ၌ ဖော်ပြထားသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့် လျောင်းတော်မူဘုရားသည် ဂျပန်စစ်ပြန်မစ္စတာ မစ်ဆူမီဆာကာဂူချီ၏ မတည်လှူဒါန်းသော အလှူငွေဖြင့် တည်ထားကိုးကွယ်ခြင်းကြောင့် တစ်မူထူးခြားနေခြင်းဖြစ်သည်။

လျောင်းတော်မူဘုရားဝင်းအတွင်းရှိ တစ်ထပ်အဆောက်အအုံငယ်အတွင်း အလှူရှင်စစ်ပြန်ဂျပန်ကြီး၏ပုံတူရုပ်တုနှင့် စစ်အတွင်းက ဂျပန်စစ်ဝတ်စုံဖြင့် အမှတ်တရရိုက်ကူးထားသော ဓာတ်ပုံများကို ကြည့်ရှုလေ့လာပြီးနောက် လူကိုယ်တိုင်မတွေ့မြင်ဖူးသော်လည်း သဒ္ဓါတရားထက်သန်လှသည့် ဂျပန်စစ်ပြန်ကြီးအား ရည်မှန်း၍ ဆုတောင်းမေတ္တာပို့သနေမိပါတော့သည်။ ထို့နောက် လျောင်းတော်မူဘုရားကြီးနှင့်ကပ်လျက် တည်ထားကိုးကွယ်သော ဆုတောင်းပြည့်ရပ်တော်မူဘုရားအား ဖူးမြော်ကြည်ညိုရန် ဆက်လက်ထွက်ခွာခဲ့ပါသည်။

လောကမာရ်အောင်ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းပြည့်လျောင်းတော်မူဘုရားနှင့် ဆုတောင်းပြည့်ရပ်တော်မူဘုရားကြီးတို့သည် တစ်နေရာတည်း၌ စုစုစည်းစည်းတည်ရှိသဖြင့် ဘုရားဖူးများအတွက် သွားလာရ အဆင်ပြေသည်။ ရပ်တော်မူဘုရားမှာ ကိုယ်နေဟန်ကြော့ရှင်းသပ္ပာယ်လှပြီး မျက်နှာတော်မှာလည်း ဝင်းပသန့်စင်၍ ကြည်လင်တော်မူသည်။ ရပ်တော်မူ



**သန့်စင်ခန်းသုံးပစ္စည်းများမှာ ဟောင်းနွမ်းနံ့ချာလှသည်။ လေယာဉ် ၃၊ ၄ စင်းစာ ခရီးသည် ၂၀၀ ကျော်ခန့် တစ်ပြိုင် နက် စုစည်းစောင့်ဆိုင်းရာအခန်း ဖြစ်ခြင်းကြောင့် သန့်စင်ခန်း အရေအတွက်မှာ နည်းလွန်းလှပြီး သပ်ရပ်သန့်ရှင်းမှုမှာလည်း အားနည်းလှသည်။**

ဘုရားသီတင်းသုံးစံပယ်ရာကျောင်းဆောင်၏အမိုးမှာ မြင့်မားခံ့ထည်ရုံမက ကျောင်းတော်မှာလည်း ကျယ်ဝန်းလှသည်။ ရွှေဝါရောင်ကြွေပြားများဖြင့် အဆောက်အအုံတစ်ခုလုံး အပြည့်ခင်းထားသည်။ ကျောင်းဝင်းအတွင်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် သန့်ရှင်းသပ်ရပ်မှုအားနည်းနေသေးသည်။ ဘုရား၌တာဝန်ရှိသူတစ်စုံတစ်ဦးကိုမှ မတွေ့ရသဖြင့် ဘုရားသမိုင်းအား စုံစမ်းခွင့်မရခဲ့ပေ။ အလှူခံပုံး၌ အလှူငွေထည့်ဝင်၍ ဘုရားအား ရှိခိုးဦးချပြီးနောက် မြို့တွင်းသို့ပြန်လည်ထွက်ခွာခဲ့သည်။

တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညိုပြီးနောက် နေ့လယ်စာကို ရောဝတီမြစ်ကမ်းဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်၌စားသည်။ ယင်းနောက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ Land Mark တစ်ခုဖြစ်သော မနောကွင်းသို့သွား၍ အမှတ်တရဓာတ်ပုံရိုက်ပြီး ကချင်ပြည်နယ်အထိမ်းအမှတ် အမှတ်တရပစ္စည်းအချို့ကိုဝယ်ယူ၍ မြန်မာအမျိုးသားလေကြောင်းရုံးသို့ သွားသည်။ လေကြောင်းရုံး၌ တာဝန်ရှိသူနှင့်တွေ့ဆုံပြီး မနက်ဖြန်ခရီးစဉ်အတွက် မိမိတို့အမည်ပါ မပါ စုံစမ်းရာ အမည်ပါကြောင်း သိရသဖြင့် ဟိုတယ်သို့ပြန်၍ အနားယူခဲ့သည်။

**လေဆိပ်မှာအတွေးနယ်ချဲ့**

ယနေ့ ရန်ကုန်သို့ပြန်မည့်နေ့ဖြစ်သည်။ ကွင်းချိန်းမှာ မွန်းလွဲ ၂ နာရီဖြစ်ခြင်းကြောင့် နံနက်ပိုင်းတစ်ပိုင်းလုံး အားလပ်နေသေးသည်။ သို့သော် မြစ်ကြီးနားမြို့အတွင်း သွားလာလည်ပတ်ရန်မရှိတော့သဖြင့် ဟိုတယ်အခန်း၌သာ နားနားနေနေနေခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် ဟိုတယ်၌စာရင်းရှင်းလင်းပြီး လေဆိပ်သို့ အငှားယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

လေယာဉ်မှာ ညနေ ၁၆း၃၀ နာရီခန့်တွင်မှ ထွက်ခွာမည်ဖြစ်၍ အချိန်စောနေသေးသည်။ ကျွန်တော်တို့စီးမည့်လေယာဉ်၏ ရှေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းနှင့် အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းတို့ ဆိုက်ရောက်ထွက်ခွာရန်ရှိသေးသဖြင့် ပစ္စည်းများလက်ခံချိန်တွယ်သည့် အဆောက်အအုံငယ်အတွင်း၌ ခရီးသွားများ၊ ပစ္စည်းများဖြင့် ပြည့်ကျပ်နေသည်။ ထိုင်ရန်မဆိုထားဘိ ရပ်စရာပင်နေရာမရှိသဖြင့် မိမိတို့ပစ္စည်းများအား စိတ်ချရမည့်အလုပ်သမားတစ်ဦးထံ အပ်နှံ၍ လေယာဉ်ကွင်းအပြင်ဘက်ကားလမ်းဘေးရှိ ထမင်းဆိုင်၌ နေ့လယ်စာစားပြီးမှ ပြန်လာခဲ့သည်။ မိမိတို့ရှေ့က ခရီးသည် အချို့ပင်မဆောင်အတွင်းသို့ ဝင်သွားသဖြင့် ပစ္စည်းလက်ခံချိန်တွယ်သည့် အဆောက်အအုံငယ်မှာ အတော်အတန်လူချောင်သွားသည်။ မိမိတို့လည်း ပစ္စည်းများချိန်တွယ်အပ်နှံ၍ ပင်မအဆောက်အအုံရှိ ထွက်ခွာခရီးသည်များနားနေခန်း၌ လေယာဉ်အား စောင့်ဆိုင်းနေခဲ့သည်။ အဲကမ္ဘောဇလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းထွက်ခွာသွားသဖြင့် ထိုင်ရန်နေရာရသည်။

လေယာဉ်စီးရန်ထွက်ခွာသွားသော ခရီးသည်များအခန်းတွင်း၌ စွန့်ပစ်ခဲ့သည့် ရေသန့်ဘူးခွံများ၊ တစ်ရှူးစများ၊ စားကြွင်းစားကျန်များ၊ အမှိုက်များကို သန့်ရှင်းရေးဝန်ထမ်းတစ်ဦးက တာဝန်ကျေကျေဖြင့် လိုက်လံသိမ်းဆည်းနေသည်ကို တွေ့ရသဖြင့် အံ့သြနေမိသည်။ မြန်မာတစ်နိုင်ငံလုံး၌ မည်သည့်နေရာတွင်မဆို အမှိုက်များ၊ ကွမ်းတံတွေးများဖြင့် ညစ်ပတ်ပေရေနေတတ်ပြီး မည်သူကမှ တာဝန်ခံ၍ သိမ်းဆည်းသုတ်သင်ခြင်းမပြုဘဲ ပေယျာလကံပြုထားတတ်သဖြင့် ယခု သန့်ရှင်းရေးဝန်ထမ်းလေး၏လုပ်ရပ်က အံ့အားသင့်စရာဖြစ်နေသည်။

သန့်စင်ခန်းကိုလည်း သွားရောက်လေ့လာကြည့်သည်။ အမျိုးသားအတွက်တစ်ခန်း၊ အမျိုးသမီးအတွက် တစ်ခန်းသာရှိပြီး သန့်စင်ခန်းသုံးပစ္စည်းများမှာ ဟောင်းနွမ်းနံ့ချာလှသည်။ လေယာဉ် ၃၊ ၄ စင်းစာ ခရီးသည် ၂၀၀ ကျော်ခန့် တစ်ပြိုင်နက် စုစည်းစောင့်ဆိုင်းရာအခန်းဖြစ်ခြင်းကြောင့် သန့်စင်ခန်းအရေအတွက်မှာ နည်းလွန်းလှပြီး သပ်ရပ်သန့်ရှင်းမှုမှာလည်း အားနည်းလှသည်။ သန့်ရှင်းမှုအဆင့်နိမ့်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ သန့်စင်ခန်းများအဆင့်မမီခြင်းသည် မြန်မာတို့ ၏ အမှတ်လက္ခဏာပင်ဖြစ်နေချေပြီ။

လက်ရှိလေဆိပ်အဆောက်အအုံသည် ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားအတွက် သေးကွေးနံ့ချာလှသည်။ ဘေးတွင် ယှဉ်လျက် လေဆိပ်အဆောက်အအုံအသစ်တစ်ခုကို ဆောက်လက်စတန်းလန်းတွေ့ရသည်။ နောင် တစ်နှစ် နှစ်နှစ်အတွင်း ကချင်ပြည်နယ်သူ၊ ပြည်နယ်သားတွေအတွက် လေ ဆိပ်အဆောက်အအုံကောင်းကောင်းတစ်ခုရတော့မည်ဟု ထင်ရသည်။

အချို့သော တိုင်းရင်းသားများက ဗမာတွေကို လူမျိုးကြီးဝါဒီများဟု စွပ်စွဲပြောဆိုနေကြသည်။ ပြည်နယ်များမှထွက်ရှိသော အသီးအပွင့်များကို ဗဟိုအစိုးရကသာ လက်ဝါးကြီးအုပ်ထားသည်ဟု ယူဆနေကြသည်။ ယခု ကျွန်တော်ထိုင်နေသောလေဆိပ်အဆောက်အအုံနုံနုံချာချာ စုတ်စုတ်ပြတ်ပြတ်က သူတို့၏ အမြင်မှား အထင်မှားမှုကို ပိုမိုအားကောင်းစေမည်လားဟု စဉ်းစားနေမိသည်။ တိုင်းရင်းသားတွေက သူတို့ပြည်နယ်ထွက်သဘာဝသယံဇာတအရင်းအမြစ်များ၏ စီမံခန့်ခွဲပိုင်ခွင့်အချို့ကို သူတို့ရယူလိုကြသည်။ ပြည်နယ်၏ ကံကြမ္မာကို သက်ဆိုင်ရာပြည်နယ်သားများကသာ စီမံဖန်တီးလိုကြသည်။ Resources Sharing, Power Sharing နှင့်ပတ်သက်၍ မကျေလည်မှုများက သံသယစိတ်ကိုကြီးထွားစေပြီး ပြည်တွင်းစစ်မီးရပ်တန့်စေဖို့ အဖုအထစ်တွေပဲဟု တွေးနေမိသည်။ နိုင်ငံတော်အစိုးရ၏ အမှတ်မထင်လျစ်လျူရှုခဲ့သည့်ကိစ္စရပ်များက တိုင်းရင်းသားများအတွက် မှတ်မှတ်ထင်ထင် အမြင်လွဲစရာတွေ ဖြစ်နေဟန်တူသည်။

**မြန်မာအမျိုးသားလေကြောင်း**

အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းဆက်တိုက်ရောက်ရှိထွက်ခွာပြီးနောက် ကျွန်တော်တို့စီးနင်းလိုက်ပါမည့် မြန်မာအမျိုးသားပိုင် လေကြောင်းလေယာဉ်ဆိုက်ရောက်သဖြင့် ရန်ကုန်သို့လိုက်ပါမည့်ခရီးသည်များ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကျွန်တော်လည်း အတွေးစကိုဖြတ်၍ လေယာဉ်ပေါ်တက်ရန် ပြင်ဆင်လိုက်သည်။ ယခုလေယာဉ်သည် မြစ်ကြီးနားမှထွက်ခွာမည့် နောက်ဆုံးလေယာဉ်ဖြစ်သည်။ ရန်ကုန်မှလိုက်ပါလာသော ခရီးသည်နှင့် ပစ္စည်းများချပြီးနောက် မိမိတို့အား လေယာဉ်ပေါ်သို့တက်ရန်ခေါ်သည်။ မြန်မာအမျိုးသားလေကြောင်းပိုင် လေယာဉ်မှာ အဲကမ္ဘောဇ၊ အဲပုဂံလေယာဉ်များနှင့်စာလျှင် ပြင်ပအသွင်သဏ္ဌာန်အရ ဟောင်းနွမ်းနေသည်။ လေယာဉ်အတွင်းဘက်ရှိ ထိုင်ခုံအချို့မှာလည်း ဟောင်းနွမ်းတွန့်ကြေနေသည်။ လေယာဉ်ကို စေ့စေ့စပ်စပ်လေ့လာအကဲခတ်ကြည့်မိရာ အတွင်းပိုင်းအဆင်အပြင်များမှာလည်း အတော်ဟောင်းနွမ်းနေပြီဖြစ်ခြင်းကြောင့် ထိုလေယာဉ်နှင့် စီးနင်းလိုက်ပါရမည်ကိုပင် စိတ်မသိုးမသန့်ဖြစ်နေမိသည်။ သို့သော် လေယာဉ်၏ ပြင်ပအသွင်သဏ္ဌာန်အရ ဟောင်းနွမ်းသော်လည်း အင်ဂျင်ပိုင်းဆိုင်ရာများ ကောင်းမွန်နေမည်ဟု ယုံကြည်သည်။ သို့နှင့်လေယာဉ်စတင်ထွက်ခွာခဲ့သည်။ အခြေအနေတည်တည်ငြိမ်ငြိမ်ဖြစ်ပြီးနောက် အပေါ့သွားလိုသဖြင့် သန့်စင်ခန်းသို့သွားသည်။ သန့်စင်ခန်းတံခါးမှာ အံဝင်ခွင်ကျပိတ်၍မရ။ လေယာဉ်က ဟောင်းတော့ အဆင်မပြေမှု၊ အံဝင်ခွင်ကျမဖြစ်မှုများများပြားလာဟန်တူသည်။ အန္တရာယ်မလွယ်နိုင်သဖြင့် တံခါးဟတတနှင့်ပင် နောက်ပိုင်းမလုံမလဲဖြင့် ကိစ္စပြီးခဲ့ရသည်။ အမျိုးသားလေကြောင်းပိုင် လေယာဉ်မှာ အမြင်မလှသော်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းဘေးရှင်းစွာဖြင့် ဆင်းသက်နိုင်ခဲ့သဖြင့် အထူးကျေးဇူးတင်နေမိသည်။

**အမျိုးသားလေကြောင်းပိုင် လေယာဉ်မှာ အမြင်မလှသော်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းဘေးရှင်းစွာဖြင့် ဆင်းသက်နိုင်ခဲ့သဖြင့် အထူးကျေးဇူးတင်နေမိသည်။**

**ဗရမ်းဗတာအပြည်ပြည်ဆိုင်ရာလေဆိပ်**

ကျွန်တော်သည် ပြည်တွင်း၊ ပြည်ပခရီးစဉ်များအား မကြာခဏဆိုသလို သွားရောက်လေ့ရှိသူဖြစ်ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်ရှောင်လွှဲ၍ မရနိုင်သဖြင့် စိတ်ကသိကအောက်ဖြစ်စရာများ မကြာခဏ ကြုံတွေ့ရတတ်သည်။ အဆိုးဆုံးမှာ ပြည်ပခရီးစဉ်များမှ ရန်ကုန်လေဆိပ်သို့ရောက်ပြီးနောက် ပစ္စည်းများ ရွေးယူသောအခါတွင်ဖြစ်သည်။ နိုင်ငံတကာလေဆိပ်များ၏ အတွေ့အကြုံအရ လေယာဉ်ပေါ်မှဆင်းပြီးသော် ဖြတ်သန်းရန်ရှိသော ကောင်တာများ၊ ဂိတ်များကို ဖြတ်သန်းပြီးနောက် Conveyor Beltပေါ်တွင် အဆင်သင့်ရောက်ရှိနေပြီးဖြစ်သည့် မိမိပစ္စည်းများကို ဣန္ဒြေရရရွေးယူ၍ တွန်းလှည်းပေါ်တင်ပြီး လိုရာသို့တွန်းသွားရန်သာဖြစ်သည်။ ရန်ကုန်လေဆိပ်တွင်မူ ပစ္စည်းများရွေးရာ၌ ခရီးသည်များသာမက လာရောက်ကြိုဆိုသူများနှင့် လေဆိပ်အလုပ်သမားများကပါ Conveyor Belt ပေါ်သို့ ပစ္စည်းများမရောက်မီ အပေါက်ဝတွင်ပင် ဝိုင်းအုံတိုးကြိတ်၍ ပစ္စည်းများရွေးယူနေသည်မှာ သရုပ်ပျက်လွန်းလှသည်။ နိုင်ငံခြားသားခရီးသည်များ၏ရှေ့၌ ထိုမြင်ကွင်းမှာ ဗရမ်းဗတာနိုင်ပြီး အလွန်ရှက်စရာကောင်းလှသည်။

ပိုဆိုးသည်မှာ ပြည်တွင်းဆိုက်ရောက်ခရီးစဉ်ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ပြီးနောက် ခရီးသည်များအား လေယာဉ်မှလေဆိပ်အဆောက်အအုံသို့ ဘတ်စ်ကားဖြင့်ပို့ဆောင်ပေးရာ ထိုဘတ်စကားပေါ်သို့ လေဆိပ်အလုပ်သမားအချို့ တွယ်ကပ်တက်ရောက်လာပြီး ခရီးသည်များထံချဉ်းကပ်၍ ပစ္စည်းများ ရွေးပေးပါရစေဟု

ပြောဆိုကာ ပစ္စည်းအပ်နှံဖြတ်ပိုင်းများ တောင်းခံလေ့ရှိသည်။ ပစ္စည်းအပ်နှံဖြတ်ပိုင်းများပေးပြီး ပစ္စည်းရွေးပေးရန် အကူအညီတောင်းခံသူများရှိကြသလို၊ အပ်နှံပစ္စည်းမများသည့် ခရီးသည်များက မိမိအစီအစဉ်ဖြင့် ရွေးယူရန် ပစ္စည်းလက်ခံဖြတ်ပိုင်း အားမပေးလိုက်သူများလည်း ရှိကြသည်။

ခရီးသည်များ လေဆိပ်အဆောက်အအုံသို့ရောက်ပြီးနောက် မရှေးမနှောင်းပင် ပစ္စည်းများတင်လာသော တွန်းလှည်းအား အလုပ်သမားအချို့တွန်း၍ လေဆိပ်အပေါက်ဝသို့ရောက်လာကြသည်။ ထိုသို့ရောက်လာသော ခရီးသည်များ၏ ပစ္စည်းများကို အလုပ်သမားက လေဆိပ်အဆောက်အအုံအတွင်းသို့ ပို့ဆောင်ခြင်းမပြုသေးဘဲ ၎င်းတို့အား ရွေးယူရန် အပ်နှံထားသည့် ခရီးသည်များ၏ပစ္စည်းများကို လေဆိပ်အဆောက်အအုံ၏ အပြင်ဘက်၌ပင် အတင်းအဓမ္မလုန်လှော၍ စိတ်ကြိုက်ရှာဖွေကြသည်။ ၎င်းတို့အား ရွေးခိုင်းထားသောပစ္စည်းများ စုံစုံလင်လင်လက်ဝယ်ရပြီးမှသာ ကျန်ခရီးသည်များ၏ ပစ္စည်းများကို လေဆိပ်အဆောက်အအုံအတွင်းသို့ သယ်ယူပေးကြသည်။

သို့ဖြစ်၍ အလုပ်သမားများအား ပစ္စည်းမရွေးခိုင်းသော ခရီးသည်များသည် မိမိတို့၏ပစ္စည်းရွေးခွင့်ရအောင် အချိန်အတော်ကြာအောင် စောင့်ဆိုင်းကြရသည်။ ပြည်တွင်းခရီးစဉ်နှင့် လိုက်ပါလာသော နိုင်ငံခြားသားခရီးသွားများသည် ထိုအလုပ်သမားဆိုသူများ၏ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူဆောင်ရွက်မှုများအပေါ် အတော်စိတ်ပျက်အထင်သေးနေပုံရပြီး ၎င်းတို့၏ ပစ္စည်းများကို မှားယွင်းယူငင်သွားမှာကိုလည်း စိုးရိမ်ပူပန်နေကြဟန်ရှိသည်။

ပစ္စည်းရွေးပေးရသော အလုပ်သမားများမှာမူ ခရီးသည်များထံမှ တစ်ဦးလျှင် ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ် မုန့်ဖိုးများရသဖြင့် ယခုကဲ့သို့ ဘီလူးစီး သရဲစီးပြုလုပ်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ အလုပ်သမားများ၏ အမြင်မတော်သောလုပ်ဆောင်မှုကို လေဆိပ်ရှိတာဝန်ရှိသူတစ်ဦးတစ်ယောက်ကမျှ ဟန့်တားခြင်းမပြုသည်မှာလည်း ထူးဆန်းနေသည်။

ထိုကဲ့သို့ဖြစ်စဉ်မျိုးမှာ ပြည်တွင်းခရီးစဉ်မှအပြန် ရန်ကုန်လေဆိပ်၌ အမြဲကြုံတွေ့နေရသော ဖြစ်စဉ်ပင်တည်း။

လေဆိပ်အဆောက်အအုံမှထွက်၍ မိမိအား လာကြိုသော ကားပေါ်သို့ ပစ္စည်းတင်သည့်နေရာသို့ရောက်သည့်တိုင် ပစ္စည်းများ ကူသယ်ပေးသယောင်ယောင်နှင့် မသဒ္ဓါကြေးတောင်းသူတို့ဘေးမှ လွတ်ကင်းအောင်ရှောင်ရှားကြရသေးသည်။

သို့ဖြစ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မိမိရောက်ရှိခဲ့ဖူးသော အပြည်ပြည်ဆိုင်ရာလေဆိပ်များအနက် ပရမ်းပတာအနိုင်ဆုံးလေဆိပ်ဖြစ်သည်ဟု ထင်မိပါသည်။

**မြန်မာနိုင်ငံသားတစ်ဦး၏ဆန္ဒ**

ကျွန်တော်သည် ဒေသန္တရဗဟုသုတအလို့ငှာ မြန်မာနိုင်ငံ၏ အကြီးဆုံးသော ရေချိုအိုင်ရှိရာ အင်းတော်ကြီးကန်နှင့် မြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ်အဖြစ် တင်စားခေါ်ဝေါ်ရာ ဧရာဝတီမြစ်ကြီး၏အစဖြစ်သည့် မြစ်ဆုံဒေသသို့ ရောက်ရှိလေ့လာပြီးနောက် ဘေးကင်းလုံခြုံစွာဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်သည်။ အဆိုပါခရီးစဉ်မှ အပြန်တွင် အမိမြန်မာနိုင်ငံတော်ကို ချစ်မြတ်နိုးသော မြန်မာနိုင်ငံသားစစ်စစ်တစ်ဦး၏ရင်ထဲ၌ ပြင်းပြသော ခံစားချက်အချို့ကိန်းအောင်းလာခဲ့သည်။

အင်းတော်ကြီးကန်သည် အင်းလေးကန်နှင့်နှိုင်းစာပါက လူသူအရောက်အပေါက်နည်းသေးသဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု ဆိုးဆိုးဝါးဝါးဖြင့် ကြုံတွေ့ရခြင်းမရှိသေးပေ။ နောင်တွင် ပြည်တွင်း၊ ပြည်ပခရီးသည်များ ဝင်ရောက်မှုတိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ဒေသခံများ၏ စောင့်ရှောက်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများမဖြစ်ပေါ်လာစေရေးအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ယခုကတည်းက အာရုံစိုက် ကြပ်မတ်ထိန်းသိမ်းရန်လိုပေမည်။ အင်းလေးကန်ကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းပြီး အင်းရေခန်းခြောက်သည့် အဖြစ်မျိုးကြုံတွေ့ရတော့မှ မျက်ကလဲဆန်ပျာမဖြစ်စေရေးအတွက် သင်ခန်းစာယူတတ်ရန်လိုမည်ဟု ထင်မိပါသည်။

ကချင်ပြည်နယ်သည် သဘာဝသယံဇာတပေါကြွယ်လှသော ပြည်နယ်ဖြစ်ခြင်းကြောင့် ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ မြို့နယ်ကျေးလက်ဒေသအသီးသီးဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရက ယခုထက်ပိုမိုဂရုစိုက်ဆောင်ရွက်သင့်သည်ဟု ယူဆပါသည်။ ရွှေဘို–မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးကို ရာသီမရွေး၊ နေ့ညသွားလာနိုင်သော လေးလမ်းသွားနိုင်လွန်ကတ္တရာလမ်းကြီးအဖြစ် မြင်တွေ့လိုလှသည်။ ပြည်နယ်နှင့်ပြည်မအတွင်း ကူးလူးသွားလာမှုလွယ်ကူအဆင်ပြေသည်နှင့်အမျှ အပြန်အလှန် နားလည်ချစ်ခင်ယုံကြည်မှုတည်ဆောက်နိုင်ပြီး သံသယစိတ်များကင်းရှင်း၍ ငြိမ်းချမ်းသာယာသော လူ့ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်း တောက်လောင်နေသော စစ်မီးကို ငြိမ်းသတ်ရန် အထောက်အပံ့ဖြစ်မည်ဟု ယူဆပါသည်။

မြန်မာတို့၏ သမိုင်းနှင့်ခွဲခြား၍မရကောင်းသည့် အမိဧရာဝတီမြစ်ကြီးသည် မြန်မာတည်သရွေ့၊ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ပြီး မြစ်ရေအလျဉ်တသွင်သွင်စီးဆင်းနေနိုင်ရန်အတွက် မြစ်ဆုံစီမံကိန်းကို ယာယီမှသည် အပြီးတိုင်ရပ်ဆိုင်းရန် ဆက်လက်အားထုတ်ကြိုးပမ်းဆောင်ရွက်သွားသင့်သည် ဟု ထင်မြင်ယူဆမိပါသည်။

အထက်တွင်တင်ပြခဲ့သော မိမိ၏ခံစားချက်များသည် စာဖတ်သူပြည်သူအပေါင်း၏ခံစားချက်၊ လိုလားချက်များနှင့် တစ်ထပ်တည်း တစ်သားတည်းဖြစ်မည်ဟု ယုံကြည်မိပါသည်။ ''တစ်ယောက်အားနှင့် ယူသော်မရ တစ်သောင်းအားနှင့်ယူသော် ရ၏''ဟူသော ဆိုရိုးစကားအတိုင်း မြန်မာပြည်သူတိုင်းရင်းသားအပေါင်းတို့၏ တူညီသောဆန္ဒသည် တစ်နေ့နေ့တစ် ချိန်ချိန်တွင် ပြည့်စုံအကောင်အထည်ပေါ်လာမည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**အောင်ဇင်**

# ကျွန်မ ဘာမှားနေသလဲ

ဘာသက်ဆွေ





ထောင်မှူးတစ်ယောက်အဖို့ တနင်္ဂနွေလို ရုံးပိတ်ရက်မျိုးတွင် တာဝန်မှူးကျခြင်းသည် နည်းနည်းတော့ စိတ်ဖြေသာလှပါသည်။ ထိုရက်မျိုးတွင် အကျဉ်းသား၊ အချုပ်သားများ အလုပ်ကြီးမဆင်းကြရ၊ မိမိအဆောင်တွင် နေကြရသဖြင့် ပြန့်ကျဲမနေ။ စုစည်းနေသဖြင့် အုပ်ချုပ်ရေးဘက်မှကြည့်လျှင် သက်သောင့်သက်သာ ရှိလှသည်။

များများစားစား လှည့်ပတ်စရာ မလိုချေ။ အဆောင်အသီးသီးသို့ တစ်ကြိမ်စီ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဗဟိုဝင်ပေါက်(ဘူးကြီး)တံခါးအဝင်အထွက်လောက်သာ သတိထားရန် လိုတော့သည်။ ပြောမယ့်သာပြောရသည်။ ရုံးပိတ်ရက်ဖြစ်သဖြင့် အဝင်အထွက်လည်း သိပ်မရှိလှ။ တာဝန်သိပ်မကြီး။ ထို့ကြောင့် စိတ်ဖြေသာသည်ဟု ဆိုရခြင်းသာ ဖြစ်ပါသည်။

သို့သော်. . .

''ဒီမယ့် ကိုယ့်ဆရာ ထောင်မှူး၊ ရှင့်အဖွဲ့တစ်ယောက် ကျွန်မအဆောင်ကို အစ်နေရာ ရောက်နေတယ်၊ သွားတွေ့လိုက်ပါအုံး''

ဟုသော ထောင်မှူး (ယခုထောင်မှူးကြီး)ဒေါ်ခင်မြကြွယ်၏ သတိပေးစကားကြောင့် ကျွန်တော့်ရင်ထဲ ဖြို သွားမိသည်။

ဒေါ်ခင်မြကြွယ်သည် အချုပ်ဆောင်မှ ထောင်မှူးဖြစ်သည်။ ကျွန်တော့်ထက် စီနီယာကျသော်လည်း ကျွန်တော့်ကို ကိုယ့်ဆရာဟု အမည်အဖျားဆွတ်၍ခေါ်တတ်သည်။ ကျွန်တော်၏ ထောင်အတွေ့အကြုံ ဇာတ်လမ်းလေးများ စာနယ်ဇင်းများတွင် ပါလာတတ်သည့်အခါ သူ့အကြောင်းကိုလည်း ထည့်ရေးတတ်သည်။ ကျွန်တော်ထင်သလို ရမ်းတတ်သဖြင့် သူနှင့်ကျွန်တော် ဘုဘောက်ကျဖူးသည်။ တစ်ခါတစ်ခါတွင်တော့ ကျွန်တော့်ကလောင် အမွှမ်းတင်ကောင်းသဖြင့် သူ့ထံမှအပြုံးဝေစီစီကိုကို တွေ့ရတတ်လာသည်။ နောင်သောအခါ ကျွန်တော်နှင့်သဟဇာတဖြစ်မှုဟု သဘောရသွားကာ ဒေါ်ခင်မြကြွယ်က 'ကိုယ့်ဆရာ'ဟု အမည်တပ်ခေါ်ရင်း သူ့အချုပ်ဆောင်မှ အမျိုးသမီးများ၏ ဇာတ်လမ်းလေးများကို ပေးတတ်သည်။ တာဝန်ဖြင့် သွားရသည့်အခါမျိုးတွင်လည်း အစားအသောက်ဖြင့် ညှိခံတတ်သည်။

ကျွန်တော်တို့ ထောင်မှူးလောကတွင် အမျိုးသမီးထောင်မှူးမှာ ရှားပါးလွန်းသဖြင့် အပျိုကြီးထောင်မှူးဒေါ် ခင်မြကြွယ်ကို တရင်းတနှီး ပြောင်တတ် ကျီစယ်တတ်ကြသည်။ တကယ်လည်း ဒေါ်ခင်မြကြွယ်မှာ စိတ်ရင်းကောင်း၍ ညှာတာတတ်သူဖြစ်ပါသည်။

သို့သော် သူ့အကွက်ထဲဝင်သွားလျှင်တော့ ကျွန်တော်တို့ကို ချမ်းသာမပေး။

ယခုလည်းကြည့်ပါ။ ရှင့်အဖွဲ့တစ်ယောက်ရောက်နေတယ်ဟု ပြောလိုက်ခြင်းမှာ ဘာလိုလို ညာလိုလို စကားမျိုးဖြစ်သည်။

စဉ်းစားကြည့်ပါ။

ကိုယ်က ထောင်မှူးဖြစ်နေပြီ။ ကိုယ့်ဆွေမျိုးသားချင်းတစ်ယောက် အပြစ်တစ်ခုခုဖြင့် ထောင်ထဲဝင်လာသည်ဆိုတော့ နည်းနည်းတော့ ဘဝင်မကျ ဖြစ်ချင်သည်။

ထို့ကြောင့် သတင်းလာပေးသူ ထောင်မှူး ဒေါ်ခင်မြကြွယ်အား ဘာပြန်ပြောရမှန်းမသိ ဖြစ်ခဲ့ရသည်။

သူ့မျက်နှာကို ကြည့်လိုက်သောအခါ တည်နေရာမှ ပြုံးလာပြီး. . .

''ဟဲ ဟဲ သိပ်လည်း စိတ်ပူမနေပါနဲ့ ကိုယ့်ဆရာရယ်၊ ရှင့်အဖွဲ့လို့ဆိုတာက ရှင့်ဆွေမျိုးတွေ မဟုတ်ပါဘူး၊ ရှင့်စာဖတ်ပရိသတ်တစ်ဦးပါ''ဟု ရှင်းပြတော့မှ ကျွန်တော့်ရင်ထဲတွင် ဘဝင်အေးသွားရပါသည်။

''ဒါမျိုးဆို ကိုယ့်ဆရာက သိပ်တွေ့ချင်မှာ သိထားလို့ပဲ၊ ဒီနေ့တာဝန်မှူးကျတဲ့အကြောင်း၊ နေ့ခင်းနေ့လယ် အလုပ်ပါးချိန်မှာ လာနိုင်လိမ့်မယ်ထင်တဲ့အကြောင်း ကျွန်မ ပြောဖြစ်ခဲ့တယ်၊ ဒါပဲနော် ဆက်ဆက်သွားတွေ့ပါ၊ ဒုအဆောင်မှူးမန္တယ်ကိုလည်း ကျွန်မ မှာထားပြီးပြီ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆရာအတွက် အရှုံးမရှိပါဘူး၊ သူက ချုပ်သစ်နော်၊ နာမည်က စန်းစန်းမြင့်တဲ့''

ပြုံးဖြီးဖြီးနှင့် ပြောဆိုထွက်သွားသော ဒေါ်ခင်မြကြွယ်၏စကားမှာ အဓိပ္ပာယ်များစွာ ရှိလှသည်။

မိမိ၏စာဖတ်ပရိသတ်တစ်ဦးဦးကို အဘယ်စာရေးသူသည် မတွေ့ချင်ဘဲ ရှိပါမည်နည်း။ ထို့ပြင် အမျိုးသမီးဆောင်ဆိုသည်မှာလည်း အကြောင်းမရှိဘဲ ဝင်ရခဲဘိခြင်း။ ယခုလို တာဝန်မှူးကျချိန်သူတို့လို ထောင်မှူးများ မရှိတတ်သည့် နေ့မျိုးဆိုသည်မှာ ရှိခဲလှဘိခြင်း။

စန်းစန်းမြင့်နှင့် တကယ်တမ်း တွေ့ကြရသောအခါ 'ပတ္တမြားခဲနှင့်တူသော မိန်းကလေး'ဟု စိတ်ထဲမှ မှတ်ချက်ချမိပါတော့သည်။

ထိုနေ့မွန်းလွဲပိုင်းလောက်တွင် ကျွန်တော် အမျိုးသမီးအချုပ်ဆောင်ရုံးခန်းတွင်အကျအန ထိုင်မိသောအခါ ဒုတိယအဆောင်မှူးအကြပ်ကြီး မန္တယ်က စန်းစန်းမြင့်ကို အတွင်းခန်းမှ ခေါ်ထုတ်လာကာ ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ ရေနွေးကြမ်းတစ်အိုး ဘီစကွတ်မုန့်အချို့ စားပွဲပေါ်တင်ထားခဲ့ပြီးနောက် မန္တယ်ထွက်သွားတော့သည်။

ဘာစကားမှမပြော။ မတ်တတ်ရပ်၊ လက်ပိုက်ကာ ပုံစံရပ်နေသော စန်းစန်းမြင့်အား ကျွန်တော့်စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ခိုင်းလိုက်ရသည်။

အသက်အားဖြင့် ဆယ့်ခြောက်၊ ဆယ့်ခုနစ်ထက်ကို ပိုပုံမရသော ဤမိန်းကလေးကို ကြည့်ရင်း ကျွန်တော့်ရင်ထဲ မသက်မသာဖြစ်ခဲ့ရသည်။ အမျိုးသမီးကိုသာမက အမျိုးသား ငယ်ငယ်ရွယ်ရွယ်ကလေးများ ထောင်ထဲဝင်လာသည့်အခါတိုင်း ကျွန်တော် ဤသို့ခံစားရတတ်ပါသည်။ လောကကြီးနှင့် မိတ်ဆက်ပေးရမည့် အရွယ်တွင် ရင့်သီးကြမ်းတမ်းသော ထောင်အတွေ့အကြုံနှင့် မိတ်ဆက်ပေးလိုက်သောအခါ သူတို့၏ လောကအမြင်သည် တည့်မတ်ပေးမည့်သူ မရှိလျှင် သွေစောင်းသွားတတ်ကြသောကြောင့် ဖြစ်ပါသည်။

သူ့ကို မြင်မြင်ချင်းပင် ပတ္တမြားခဲနှင့်တူသော မိန်းကလေးဟု မှတ်ချက်ချရခြင်းမှာ သူမ၏ အသားအရေမှာ အညိုရောင်ထက်ပိုပြီး အမည်းရောင်သို့ ကူးနေခြင်းကြောင့်ဖြစ်သည်။

သို့သော် ဤလို မိန်းကလေးမျိုး၌ အများအားဖြင့် ကုသိုလ်ကောင်းတတ်သည်။ ကိုယ်လုံးကိုယ်ထည်အချိုးအစားကျနခြင်း၊ ကြည်လင်တောက်ပသော မျက်လုံးများရှိခြင်း၊ ထင်ပေါ်သောနှာတံ၊ ထူထဲလုံးဝန်းသော နှုတ်ခမ်း၊ နက်မှောင်သော ဆံပင်၊ သိသိသာသာ ပေါ်လွင်သော ပါးချိုင့်လေးများက တစ်ဖက်သားကို ဆွဲဆောင်တတ်ခြင်းပင် ဖြစ်ပါသည်။

စန်းစန်းမြင့်နှင့်ဆယ်မိနစ်မျှ စကားလက်ဆုံကျပြီးသောအခါ စာကို အလွန်အမင်းဖတ်တတ်ခြင်းတည်းဟူသော အရည်အချင်းတစ်ခုကိုပါ ထပ်လောင်းထည့်ရပါတော့သည်။

''ကျွန်မက စာအစုံဖတ်တယ်လေ၊ အထူးသဖြင့် မဂ္ဂဇင်းတွေပေါ့၊ မျက်နှာဖုံးကနေ နောက်ဆုံးကျောဘက်က ကြော်ငြာအထိပေါ့၊ ကြော်ငြာဆိုတာက သူတို့ခမျာ ပိုက်ဆံပေးပြီး ထည့်ကြတာမဟုတ်လား၊ ဒီတော့ စာဖတ်သူမှာလည်း တာဝန်ရှိတာပေါ့၊ မဟုတ်ဘူးလား ဆရာ''

ကျွန်တော် ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

''မဂ္ဂဇင်းထဲမှာပါတဲ့ ဆရာ့ဝတ္ထုလေးတွေကို အမှတ်မထင် ဖတ်မိရာက နောက်တော့ သတိထားဖတ်မိသွားတယ်၊ အခုတော့ တစ်ခုမကျန် ရှာဖွေဖတ်မိတဲ့အထိပါပဲ၊ ဘာဖြစ်လို့လဲ သိလား ဆရာ''

ဤတစ်ကြိမ်တွင်လည်း ကျွန်တော် ဘာမှမပြောဖြစ်။ ခေါင်းကိုသာ မသိမသာ ခါပြမိခဲ့သည်။

''ဆရာရေးတဲ့ဇာတ်လမ်းတွေက လူတွေမသိသေးတဲ့ အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေ၊ ဖြစ်ရပ်မှန်တွေ၊ ကံဆိုးမိုးမှောင်ကျတဲ့သူတွေရဲ့ ကိုယ်ရေးအကျဉ်းတွေ ဖြစ်နေလို့ပါပဲ''

သူမပြောပြနေသော ကောက်ချက်ကို ဘဝင်ကျမိသော်လည်း ကျွန်တော့်တွင် ပြောစရာမရှိသေးပါ။

''တစ်ခါတစ်ခါများတော့လေ ထောင်အကြောင်း၊ တရားရုံးတွေအကြောင်းတွေ စွဲစွဲလမ်းလမ်းဖတ်မိလို့ ငါလည်း အချုပ်ကျမိတာများလားလို့ အတွေးခေါင်မိသေးတယ် ဆရာ''

''ဒါကတော့ ဥပါဒါန်ဖြစ်တတ်တယ် စန်းစန်းမြင့်၊ အစွဲအလမ်းမထားပါနဲ့၊ စစ်ဝတ္ထုတွေ ဖတ်ရလို့ စစ်ထဲရောက်ရတာမျိုး၊ တောင်တက်တဲ့ဝတ္ထုတွေဖတ်ရလို့ ခြေလျင်တောင်တက်ဖြစ်ရတာမျိုး မရှိတတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် အတွေ့အကြုံကို စာထဲကယူပြီး တကယ့်ဘဝအတွက် ဆောင်ရန် ရှောင်ရန် ရယူတတ်ရင် စာဖတ်ရကျိုးနပ်တာပေါ့''

ဤသို့လျှင် ကျွန်တော် ပြောဖြစ်ခဲ့သည်။

''ဆရာ့ဝတ္ထုတွေက တကယ့်ဖြစ်ရပ်မှန်လေးတွေအပေါ် စိတ်ကူးထုတ်ပြီး ဖြည့်ရေးထားတော့ ဖတ်ကောင်းတာပေါ့၊ ဒါပေမဲ့ ဝတ္ထုတွေရဲ့ ထုံးစံအတိုင်း အခင်း အခက် အဖြေနဲ့ အချိုးကျကျ ရေးဖွဲ့ထားတာဆိုတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ တကယ့်ဘဝမှာ ထွက်ပေါက်ပိတ်နေတဲ့ ကျွန်မရဲ့ ကိုယ်ရေးဇာတ်လမ်းမျိုးဆိုရင် ဆရာတော့ ခေါင်းခဲမှာ''

သူမက မေးပြောပြောနေသည်။

''တကယ့်ဘဝမှာ စိတ်ကူးယဉ်လို့ရတာမဟုတ်ဘူး စန်းစန်းမြင့်၊ စိတ်ကူးထုတ်ကြည့်ရင်တော့ ဖြစ်နိုင်တာပေါ့၊ ဒါဟာလည်း အတွေ့အကြုံကို အခြေခံနိုင်လာဦးမှ အမှန်နဲ့နီးစပ်နိုင်တာ''

''ဆရာ့ကို ကျွန်မဘာဖြစ်လို့ တွေ့ချင်တာလဲ၊ သိလား ဆရာ''

''ရင်ဖွင့်ချင်လို့ နေမှာပေါ့ကွာ''

''အင်း ... အဲဒါဟုတ်တယ်၊ တကယ်လို့ ကျွန်မ



ဘဝဇာတ်ကြောင်းပြောပြရင် ဆရာ ဝတ္ထုရေးမှာလား''

သူမက မျှော်လင့်တကြီး မေးသည်။

''ရေးသင့်တဲ့ ဇာတ်လမ်းဆိုရင်တော့ ရေးရမှာပေါ့၊ အဲလိုဆိုရင် စန်းစန်းမြင့်ကကော ခွင့်ပြုမှာပဲ မဟုတ်လား''

''ခွင့်ပြုတာပေါ့ ဆရာရယ်၊ ဒါပေမဲ့ ကျွန်မရဲ့ဇာတ်လမ်းက ဆရာရေးချင်မှာ မဟုတ်ပါဘူး''

''ဘာပြုလို့လဲ''

''ဆရာရေးခဲ့သလို အခင်း၊ အခက်၊ အဖြေ သဘောမျိုးမရှိလို့ပါ ဆရာ၊ ဟိုဘယ်လိုပြောရမလဲ၊ ဟိုလေ့ ထွက်ပေါက်ပိတ်နေတဲ့ ဇာတ်လမ်းမျိုးမို့ပါ''

''ဆရာသိထားတာကတော့ ဖြစ်ရပ်မှန်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ဆန်းကြယ်တယ်တဲ့၊ စန်းစန်းမြင့်ပြောတဲ့ ထွက်ပေါက်ပိတ်နေတယ်ဆိုတာက ဘာကိုပြောတာလဲ''

''ကျွန်မဘဝက လမ်းဘယ်မမြင်ဆိုသလို ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတဲ့ဘဝမို့ပါ၊ အခု ထောင်ထဲဝင်လာရပြီ၊ လွတ်မလား၊ ထောင်ကျမလား မသိဘူး၊ ထောင်ကျမခံချင်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ လွတ်သွားရင်လည်း ဘယ်သွားလို့ ဘယ်လာရမှန်း မသိတဲ့အဖြစ်ပါ''

ထို့နောက် သူမတွေးတွေးဆဆဖြင့် ကျွန်တော့်ကို မေးတော့သည်။

''ဆရာက ကျွန်မကို ပြောပုံဆိုပုံတွေက တရားခံမတစ်ယောက်လို သဘောထားပုံမရဘူး''

''ဟုတ်တာပေါ့၊ စန်းစန်းမြင့်ဟာ တရားခံမှ မဟုတ်သေးဘဲ၊ တရားသူကြီးကတောင် အမိန့်မချသေးတဲ့သူ၊ အချုပ်ထဲရောက်တဲ့သူတစ်ယောက်ဟာ ပြစ်မှုမထင်ရှားရင် လွတ်သွားနိုင်တယ်၊ ဒါကြောင့် အဲဒီလိုအခြေအနေရှိတဲ့သူတွေကို ဆရာတို့က ဘယ်တော့မှ တရားခံလို့ မသတ်မှတ်ဘူး''

ကျွန်တော့်သဘောထားကို ပြောပြလိုက်သည်။

''ကျေးဇူးတင်ပါတယ် ဆရာ''

သူမက ဆက်ပြောတော့သည်။

''တကယ်လို့ ကျွန်မ ပြောပြမယ့် ကိုယ်ရေးဇာတ်လမ်းကိုကော ဆရာယုံကြည်မှာပဲလား''

သူမက စူးစူးစမ်းစမ်း မေးသည်။

''ဒါကတော့ စဉ်းစားရမှာပေါ့၊ တကယ့်ဖြစ်ရပ်မှန်တိုင်းဟာ စာရေးဖို့ကောင်းလှတာ မဟုတ်ဘူး၊ ကာယကံရှင်က ဘယ်လောက်ပဲ ခွင့်ပြု ခွင့်ပြု၊ တကယ့်ဖြစ်ရပ်ပါလို့ ရင်ကွဲအောင် အော်နေအော်နေ၊ ရေးမကောင်းတာဆိုရင် မရေးဘူး၊ မယုံရရင် မရေးဘူး''

''ဒါဆို ဆရာက ဘာကြောင့် စာရေးတာလဲ''

''လူတွေအကြောင်းကို လူတွေသိဖို့ဆိုပါတော့၊ တကယ်တမ်းဆိုရင်တော့ လူတွေဟာ တခြားလူတွေကို သိပ်နားလည်ကြတာမဟုတ်ဘူး၊ အကြောင်းအားလုံးကိုသိရင် အပြစ်အားလုံးကို ခွင့်လွှတ်နိုင်သွားတာပေါ့''

''ဒါဆို ကျွန်မ ဝမ်းသာရမှာပေါ့'' သူမက အားပါးတရ ဝင်ပြောသည်။

''ကျွန်မအကြောင်း ရေးချင်မှရေးပါ၊ တစ်ခုတော့ ပြောချင်ပါတယ်၊ ကျွန်မဟာ တရားခံမဟုတ်တဲ့ တရားခံပါ ဆရာ''

**''ကျွန်မဘဝက လမ်းဘယ်မမြင်ဆိုသလို ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတဲ့ဘဝ မို့ပါ၊ အခု ထောင်ထဲ ဝင်လာရပြီ၊ လွတ်မလား၊ ထောင်ကျမလား မသိဘူး၊ ထောင်ကျ မခံချင်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ လွတ်သွားရင်လည်း ဘယ်သွားလို့ ဘယ်လာရမှန်း မသိတဲ့အဖြစ်ပါ''**

''ဒါဆို ဆရာ ပိုပြီး စိတ်ဝင်စားသွားပြီ၊ ပြောပါအုံး စန်းစန်းမြင့်ရဲ့အဖြစ်က''

''ကျွန်မက အိမ်တစ်အိမ်ရဲ့ အိမ်ဖော်ပါဆရာ''

''တကယ်လား''

''ဟုတ်ပါတယ်၊ ဘာလဲ ဆရာက မယုံလို့လား''

''အင်း နည်းနည်းတော့ မယုံချင်ဘူး၊ စန်းစန်းမြင့်ရဲ့ ပြောပုံဆိုပေါက်တွေက အိမ်ဖော်တစ်ယောက် မဟုတ်သလိုပဲ''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်မက အိမ်ဖော်ပါ၊ ဒါပေမဲ့ အိမ်ဖော်မဟုတ်တဲ့ အိမ်ဖော်ပါ''

''ဟာ . . . လာပြန်ပြီ၊ အဲဒါက ဘာစကားလဲဟ''

ကျွန်တော် နားရှုပ်သွားသဖြင့် မေးယူရတော့သည်။

''အစက ပြောပြပါ့မယ် ဆရာရယ်၊ ကျွန်မတို့ဟာ သိပ်ချမ်းသာတာ၊ အဖေဆိုရင် တပည့်လက်သားလေးငါးဆယ်နဲ့ သစ်ခုတ်၊ သစ်မျှော၊ လိုင်စင်ခံပြီးလုပ်ခဲ့တဲ့လူပေါ့၊ ကျွန်မအမေနဲ့ ကျွန်မကို ရွှေပေါ်မြတင် အိမ်ဖော်လေးငါးယောက်နဲ့ ထားနိုင်ခဲ့တာပေါ့၊ ကျွန်မဘဝမှာ ဘာမှလိုလေသေးမရှိခဲ့ဘူး၊ အဖေဆိုတာကလည်း သူဌေးကြီး၊ သူဌေးကြီးဆိုပြီး ကျောင်းဆောက်၊ ဇရပ်လှူ၊ လမ်းပြင်၊ ပေးကမ်းစွန့်ကြဲနဲ့ တကယ့်ကို လူကြည်ညိုခံရတဲ့ သူပါ၊ အဲဒီတုန်းက ကျွန်မက ဘာရှိအုံးမှာလဲ၊ လေးငါးခြောက်နှစ်၊ ခုနစ်နှစ်ပေါ့ . . . ''

''ဒီလိုနဲ့ ကျွန်မ ဆယ်နှစ်သမီးလောက်ရှိတဲ့အခါမှာ အဖေဟာ ပျဉ်းမနားမြို့ အနောက်ဘက်ရှိတဲ့ သစ်တောကွက်တစ်ကွက်ကို ပါမစ်ရဖို့ ရှိလာတယ်တဲ့၊ အတော့်ကို အလားအလာကောင်းတဲ့ အခွင့်အရေးမို့လည်း အဖေက လက်မလွှတ်ချင်ဘူး၊ ဒါပေမဲ့ ငွေအင်အား မလိုက်နိုင်ဘူးတဲ့၊ ဒါကိုသိတဲ့ သူ့မိတ်ဆွေတွေကလည်း အတူခံစားခွင့်သဘောနဲ့ လက်ဝတ်လက်စားရွှေထည်

တွေ ထုတ်ပေးကြတယ်၊ အဖေ ကလည်း ထုတ်ပေ့ါ၊ ဒါတွေကို ပေါင်နှံပြီး ရတဲ့ငွေနဲ့ ပါမစ် လျှောက်ဖို့ပါ. . .

ခက်တာက အပေါင်ခံတဲ့ မိတ်ဆွေဆီမှာက ငွေ ထင်သလောက်မပြည့်ဘူး၊ အရင် တုန်းကလည်း ဆက်ဆံနေကျ ဆိုတော့ သူကတစ်ဆင့် တခြားလူဆီမှာ ထားပေးပါ့မယ်၊ မနက်ဖြန် ငွေလာယူပါ၊ သူ စီစဉ်ထားနှင့်ပါ့မယ်လို့ ပြောတယ်၊ အဖေတို့လည်း ပစ္စည်းတွေပေးပြီး ထားခဲ့တာပေါ့၊ အဲ နောက်တစ်နေ့ အဲဒီ မိတ်ဆွေအိမ်ကို အဖေတို့ အဖော်တစ်စုရောက်လည်း သွားရော အပေါင်ခံတဲ့မိတ်ဆွေ

ကျွန်မတို့သားအမိ
သုံးယောက်ဟာ
အဖေဆောက်လုပ်
လှူဒါန်းထားတဲ့
ဓမ္မာရုံမှာ
တက်နေကြရတယ်၊



ဟာ ညက လေဖြတ်ပြီး ဆုံး သွားလို့ အသုဘပြင်ထားတာ တွေ့လိုက်ရသတဲ့. . .

ပေါင်ခိုင်းထားတဲ့ ပစ္စည်း တွေအကြောင်းလည်း ကျန်ရစ်သူ၊ သူ့မိန်းမကလည်း ဘာမှ မပြောပြတတ်ဘူး။ အသုဘကိစ္စပြီးလို့ တစ်လကိုးသီတင်းသာ ကြာသွားတယ်၊ ရွှေထည် ပစ္စည်းတွေဟာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းကို သတင်း အစအနမကြားရတော့ဘူး၊ တာဝန်ရှိနေတဲ့ အဖေကလည်း နာမည်တစ်လုံးနဲ့လူဆိုတော့ ရှိနေသေးတဲ့ အတွင်းပစ္စည်းတွေကို အားလုံးမဟုတ်ပေမယ့် အချိုးကျကြွေးဆပ်လိုက်တယ်။

ကျွန်မတို့သားအမိသုံးယောက်ဟာ အဖေဆောက်လုပ်လှူဒါန်းထားတဲ့ ဓမ္မာရုံမှာ တက်နေကြရတယ်၊ အဖေလည်း အဲဒီအချိန်ကစပြီး စိတ်ရောဂါဝင်ပြီထင်ပါရဲ့။ ဝစီပိတ် ကျင့်သလို စကားမပြောတော့ဘူး။ ဘာမှလဲမလုပ်တော့ဘူး။ ဘုန်းကြီးတွေ ချန်ထားတဲ့ ဆွမ်းကျန်ဟင်းကျန်တွေစားပြီး လူကတော့ ကျောင်းအိုကျောင်း ကြားမှာ တစ်နေ့လုံး အချိန်ကုန်နေတော့တာပဲ၊ လင့်လုပ်စာ ထိုင်စားလာတဲ့ အမေ ကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ တကယ်တော့ ဘာမှကို မလုပ်တတ်တာ။

ဒီလိုနဲ့ နှစ်ဝက်တောင်မကြာပါဘူး။ တစ်နေ့မနက် အဖေထမင်းစားဖို့ ပြန်မလာတာနဲ့ လိုက်ရှာကြတော့ ကြေးခေါင်းလောင်းကြီးဘေးမှာ ထိုးစည်ကိုကိုင်ရင်း လဲကျ အသက်ပျောက်နေရှာတဲ့ အဖေ့ကို တွေ့ရတာပါပဲ။ ဘုရားဒကာ၊ ကျောင်းဒကာ၊ အလှူဒါယကာကြီးရဲ့ နောက်ဆုံး ဘဝခရီးဟာ လူမသိ၊ သူမသိ ချို့ချို့တဲ့တဲ့နဲ့ သင်္ဂြိုဟ်ပစ်ခဲ့ရတယ်။ အဲဒီနောက်တော့ ကျွန်မကို အဖေ့ရဲ့တပည့်ဖြစ်ခဲ့ဖူးတဲ့ သူက ခေါ်ပြီးထားတယ်၊ မွေးစားတာမဟုတ်ဘူး။ အိမ်မှာလိုအပ်တာမှန်သမျှဝိုင်းကူလုပ်ဖို့ပါ။ စားပြီးသောက်ပြီး တစ်လသုံးရာနဲ့ပါ။ အမေ့ကို လခကြိုပေးခဲ့တယ်။ အမေ ကလည်း ဘုန်းကြီးကျောင်းမှာ မနေသင့်တော့လို့ တောက သူ့ဆွေမျိုးတွေဆီ သွားမယ် ဆိုပြီး ထွက်သွားလိုက်တာ ဘာတွေဖြစ်ကုန်လဲ မသိပါဘူး။ ကျွန်မဆီပြန်လာတွေ့တော့ သူ့မှာ လင်ရပြီး ကိုယ်ဝန်တောင်ရှိနေပြီ။

အဲဒါနဲ့ ပြီးပြီလို့ မဆိုပါနဲ့အုံး ဆရာ။ အမေက မကြာခဏ ကြိုတင်ငွေလာယူတတ်လို့ ကျွန်မဟာ အဲဒီအိမ်မှာ ကျွန်သက်ရှည်ဖို့ဖြစ်လာရတာပဲ။ အမေ့ရဲ့အကြောင်းပြချက်တွေက တစ်ခါနဲ့တစ်ခါ မတူဘူး။ သူ့ယောကျ်ားအလုပ်ပြုတ်သွားလို့၊ သူ လက်လှည့်သုံး ထားမိလို့၊ စားစရာမရှိလို့၊ အိမ်ငှားစရာ ငွေမရှိလို့ အဲဒါတွေ အတွက် ကြိုတင်ငွေလာယူတာလေ။ အမေရောက်လာပြီဆိုရင် ကျွန်မ ကျွန်ခံလုပ်သက် တိုးဖို့လာသလား အောက်မေ့ရတယ်။

ကျွန်မအိမ်ရှင်မကလည်း ဒါမျိုးဆို သိပ်ကြိုက်။ ကျွန်မလို လူမျိုး ပေးစရာငွေမရှိ၊ ပြေးစရာ မြေမရှိ၊ ဘာမဆိုစိတ်ချရတဲ့ အိမ်ဖော်ပါ ကျွန်တစ်ယောက်ကို လက်လွတ်မှာ သိပ်စိုးရိမ်နေတာဆိုတော့ အမေတောင်းသမျှငွေ မငြင်းဘူး။ အာမခံသမီးတစ်ယောက်လုံး ရှိနေတာကိုး။ ဒီလိုနဲ့ ကျွန်မ အဲဒီအိမ်မှာ ခြောက်နှစ်ကျော်ကြာခဲ့ပြီး အခု ကျွန်မအသက်

၁၇ နှစ်ကျော်တဲ့အထိပါပဲ ဆရာ''

ဤနေရာတွင် စန်းစန်းမြင့်က သူ့စကားကို ရပ်လိုက်ပါသည်။

သူတော့မပြောတတ်။ နားထောင်နေရသူ ကျွန်တော့်မှာ မာရသွန်ခရီးရှည်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရသူလို လူမောစိတ်ပန်းဖြစ်သွားခဲ့ရသည်။

''အဲဒါနဲ့ မပြီးသေးဘူးလေ ဆရာ''

''ဟယ် ... မပြီးသေးဘူးလား''

ကျွန်တော်က ရေရွတ်မိပြီးမှ သတိရလိုက်သည်။

''အေး ဟုတ်သားပဲ၊ မင်းဘယ်လိုလုပ် ထောင်ထဲဝင်လာရတယ် ဆိုတာတော့ ပြောရအုံးမှာပေါ့၊ ကဲ ... ''

ကျွန်တော် စကားစပေးလိုက်သည်။

''ဒီလိုလေ ဆရာရဲ့၊ ကျွန်မနေတဲ့ အိမ်ရှင်မှာက သားနှစ်ယောက်ရှိတယ်၊ အကြီးကောင်မောင်ဦးက ကျွန်မထက် သုံးနှစ်လောက်ကြီးတယ်၊ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား၊ သူ့ညီ မောင်ထွေးကတော့ အခုမှ ရှစ်တန်းကျောင်းသား၊ လိုရင်းပြောရရင် ဆရာရယ် တစ်ညမှာ ကိုဦးဟာ အရက်တွေမူးလာပြီး ကျွန်မအခန်းထဲဝင်လာတယ်၊ ချစ်လှချည်ရဲ့ဆိုပြီး ပြောလိုက်တဲ့စကား၊ တင်းကျပ်လိုက်တဲ့ အပွေ့အဖက်တွေနဲ့ ဘာကဘယ်လိုဖြစ်ကုန်တယ် မသိဘူး၊ ကျွန်မရဲ့အပျိုစင်ဘဝဟာ သူ့ရဲ့ရင်ခွင်အောက်မှာ ကုန်ဆုံးသွားခဲ့ရတယ်''

ဤနေရာတွင် သူ့စကား ဆုံးသွားသော်လည်း ကျွန်တော့်အနေနှင့် ဝင်မပြောမိရန် ကိုယ့်ကိုကိုယ် သတိ ပေးနေလိုက်ရသည်။

''ဒီအကြောင်းတွေ ကျွန်မ ဘယ်သူ့ကိုပြောပြရမှာလဲ၊ ပြောရင်လည်း ကျွန်မလို အိမ်ဖော်တစ်ယောက်ရဲ့စကားကို ယုံကြည်ကြမတဲ့လား၊ သူခိုး မယား ကျယ်ကျယ်မငိုဝံ့ ဆိုသလိုပေါ့၊ တုံးဏှိုဘာဝေ ဆိတ်ဆိတ်နေရတဲ့အဖြစ်ကို အခွင့်ကောင်းယူပြီး ကိုဦးဟာ ကဲသည်ထက် ကဲလာလိုက်တာ တစ်နှစ်လောက်လည်းကြာရော အခု ကျွန်မမှာ ကိုယ်ဝန်ရနေပြီလေ၊ သုံးလလောက်တော့ ရှိတော့မယ်ထင်ပါရဲ့''

''မင်းဥစ္စာ သေချာရဲ့လား စန်းစန်းမြင့်''

ငြိမ်၍နေ၍မရတော့သည့်အဆုံး ကျွန်တော်ထုတ်မေးရတော့သည်။

''ကျွန်မက ကာယကံရှင်ပါ ဆရာ၊ ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါတယ်''

သူမက ဆက်ပြောသည်။

''မရှက်မကြောက်ရင်ဖွင့်ရတာဟာ ကျွန်မရင်ထဲပေါ့သွားမလားလို့ နောက်ပြီး ဆရာ့လို လူမျိုး အမှန်တရား သိစေချင်လို့ပါ''

သူ့စကားအဆုံးတွင် ကျွန်တော်သက်ပြင်းရှိုက်လျက်ဖြစ်သွားပါသည်။

''နေပါအုံး၊ အခု ထောင်ထဲ ဝင်လာတာက''

''ခိုးမှု၊ ခိုးမှုပါ ဆရာ၊ အိမ်ရှင်သူဌေးသား ကိုဦးရဲ့ စိန်လက်စွပ်ခိုးမှုပေါ့ဆရာရယ်၊ ဒါပေမဲ့ ဆရာ ကျွန်မ မခိုးပါဘူး၊ ခုနက ဆရာ့ကိုပြောခဲ့သလိုပါပဲ၊ တရားခံမဟုတ်တဲ့ တရားခံပါ''

''ဟုတ်ပါပြီလေ၊ ဖြစ်ပုံကို ပြောစမ်းပါအုံး စန်းစန်းမြင့်''

''ကိုဦးနဲ့ ကျွန်မဖြစ်နေကြတာ လူကြီးတွေ ရိပ်မိမှာပဲလို့ ထင်မိတယ်၊ သိပ်မသေချာပေမယ့် သေချာသလိုပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ တစ်ညမှာ ကိုဦး ကျွန်မအခန်းမှာ လာအိပ်ရင်း သူ့လက်စွပ် ကျကျန်ရစ်ခဲ့တယ်၊ သူရော ကျွန်မပါ မသိခဲ့ဘူး၊ မနက်ရောက်တော့ တစ်အိမ်လုံး ပူညံပူညံဖြစ်ကုန်ပြီး ရှာကြ၊ ဖွေကြ၊ မေးကြ၊ မြန်းကြရာက စိန်လက်စွပ်ကို ကျွန်မ ခုတင်ခေါင်းရင်းက တိုင်အကွယ်မှာ သွားတွေ့ကြတယ်၊ လက်ဆုပ်လက်ကိုင်ပြပြီး ကျွန်မကို ရဲခေါ်အပ်လိုက်တာပါပဲ''

''လွယ်လိုက်တာကွာ''

ကျွန်တော့်မှတ်ချက်ဖြစ်ပါသည်။

''လွယ်လွန်းလို့ ကျွန်မ မသင်္ကာဖြစ်တာပေ့ါ၊ သူတို့သားနဲ့ မတူမတန်လို့ ပထုတ်ချင်တဲ့ သဘောနဲ့ အမှုဆင်သလားလို့တောင် အောက်မေ့မိတယ် ဆရာ''

ကျွန်တော်ငြိမ်နေလိုက်ရသော်လည်း ဦးနှောက်ကို အလုပ်ပေးနေမိသည်။

တကယ်လို့များ အချိန်တန်၍ စန်းစန်းမြင့်၌ သားဦးလေး မွေးခဲ့ပြီး အိမ်ကြီးရှင်တို့က သူတို့၏ မြေးဦးလေးမှီ့ အစစခွင့်လွှတ်ပြီး ကြိုဆိုကြမည်ဆိုလျှင် သူ့ဇာတ်လမ်းသည် နိဂုံးလှသော ဘဝတစ်ခုဖြစ်ပါလိမ့်မည်။

ဤသည်မှာ ကျွန်တော့်အ တွေး ဖြစ် သော် လည်း တကယ့်လက်တွေ့ဘဝသည် ဤသို့ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။

''ကျွန်မဆီမှာ တွေ့တာဆိုတော့ ကျွန်မ ထောင်ကျလိမ့်မယ်ထင်တယ် ဆရာ ... နော်''

သူမက မေးမြန်းသော်လည်း ကျွန်တော့်ထင်မြင်ချက်ကို မပြောဖြစ်ခဲ့ပါ။ စိတ်ကူးနှင့် လက်တွေ့တို့သည် ကွာခြားလှတတ်သောကြောင့် ဖြစ်ပါသည်။

''မင်းလို အစားထိုးဝင်မရတဲ့ မိသားစုဝင်တစ်ယောက်ရဲ့ ကိစ္စကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင်၊ လုပ်လို့ ရနိုင်တာပဲ၊ ဒါတွေဟာ အိမ်ကြီးရှင်တွေရဲ့ သဘောတစ်ခုပဲ စန်းစန်းမြင့်''

''သူတို့ကိုယ်တိုင်က ကျွန်မကို မလိုလားတော့ဘူးဆိုရင်ကော ဆရာ''

ကျွန်တော် မချိတင်ကဲ ပြုံးပြလိုက်မိသည်။

''ဒါကြောင့် ဆရာ့ကို ကျွန်မပြောခဲ့တာပေ့ါ၊ ကျွန်မ ဘဝဇာတ်လမ်းက ထွက်ပေါက်ပိတ်နေပါတယ်လို့''

သူမက တွေတွေလေး ကြည့်ရင်း ဆက်မေးသည်။

''ကျွန်မ ဘာမှားနေလဲ ဆရာ''

''လူတစ်ယောက်ရဲ့ဘဝကို မှားတယ်၊ မှန်တယ် ပြောရလောက်အောင် ဆရာ မစွမ်းပါဘူး စန်းစန်းမြင့်၊ ဒါဟာ ဆရာအရိုးသားဆုံး ဝန်ခံတာ၊ ဒါပေမဲ့ တို့တစ်တွေမဖြေနိုင်သေးတဲ့ အဖြေမျိုးကို အချိန်ကာလက ဖြေပေးမှာပေါ့ကွာ''

ဤသို့လျှင် သူမအား နှစ်သိမ့်စကား ဆိုလိုက်ရပါ၏။

ကျွန်တော်က စောစောက စိတ်ကူးစိတ်သန်းကိုကား မပြောဖြစ်ခဲ့ပါ။ စိတ်ကူးနှင့် လက်တွေ့ဘဝသည် အခါပေါင်းများစွာ ထပ်တူထပ်မျှ မကျတတ်သောကြောင့် ဖြစ်ပါသတည်း။ ။

**ဘသက်ဆွေ**

# CARTOON


အမှိုက်ကောက်တာနဲ့ မပြီးသေးဘူး-ဆွေးနွေးပွဲတွေလည်း စည်းကမ်းရှိအောင် ပြောပေးရင် သိတ်ကောင်းမှာနော်...
မြို့တော်ကြီးကို သန့်ရှင်းလှပ-ပြီး စင်္ကာပူလို ဖြစ်ချင်ရင် လူတိုင်းလူတိုင်း စည်းကမ်းရှိဖို့လိုပြီပေါ့ရှင်...

# CARTOON


..ကားမောင်းတာ အတူတူ..
သူများ မိန်းမတွေများ ရှေ့တွဲလဲ ငွေ
တွေကိုင်ပြီး အဆင်ပြေလိုက်ကြတာ.
ဒီမှာတော့ အရက်ကလေး တမြမြ လောင်း
ကစားကဖက်တော့ မွဲပြီပေါ့...
ကာတွန်း ငြိမ်းကြီးအောင်..



# ထင်ပေါ်ကျော်ကြား အလှမယ်များ

ကိုခန့်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်သည့် Daily Times သတင်းအရ ကမ္ဘာ့အဆင့်ထိပ်တန်း အလှမယ် ၁၀ ဦးရဲ့အမည်စာရင်းကို ထုတ်ပြန်လိုက်ပါတယ်။ အဆိုပါအမျိုးသမီးများဟာ အနုပညာလောကတွင် ထင်ပေါ်ကျော်ကြားသူများဖြစ်ကြသလို ပုရိသများကိုလည်း ဆွဲဆောင်နိုင်စွမ်းရှိတဲ့အလှမယ်များလည်းဖြစ်ကြပါတယ်။ အဲဒီ အလှမယ်များကို နံပါတ်စဉ်အလိုက် ဖော်ပြတင်ဆက်ပေးလိုက်ပါတယ်။



## ရှိုင်းလီဝူဒီ

Divergent၊ The Fault In Our Star ဇာတ်ကားများဖြင့် ထင်ပေါ်ကျော်ကြားသူဝူဒီဟာ ၂၀၁၅ ခုနှစ်အတွက် ထိပ်တန်းအလှမယ် ၁၀ ဦးစာရင်းမှာ နံပါတ် ၁ နေရာကို ရရှိထားသူဖြစ်ပါတယ်။ ဟောလိဝုဒ်ရဲ့ထိပ်တန်း အလှမယ်တစ်ဦးဖြစ်သလို ထင်ပေါ်ကျော်ကြားသူ ဝူဒီဟာ Descendants ဇာတ်ကားဖြင့် ၂၀၁၁ ခုနှစ်ကတည်းက အနုပညာအသိုင်းအဝိုင်းကို အောင်မြင်စွာ ထိုးဖောက်နိုင်ခဲ့သူလည်းဖြစ်ပါတယ်။



## ဂျနီဖာလိုပက်ဇ်

သရုပ်ဆောင်၊ စာရေးဆရာ၊ ဖက်ရှင်ဒီဇိုင်နာ၊ အကမယ်၊ ထုတ်လုပ်သူနှင့် အဆိုတော်တစ်ဦး လည်းဖြစ်သူ လိုပက်ဇ်ဟာ ၂၀၁၅ ခုနှစ် ထိပ်တန်းအလှမယ် ၁၀ ဦးစာရင်းတွင် နံပါတ် ၂ နေရာကို ရရှိထားသူလည်း ဖြစ်ပါတယ်။ အောင်မြင်မှု လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့် လိုပက်ဇ်ဟာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအဖြစ် ရပ်တည်နေနိုင်ပြီဖြစ်သလို အခါအားလျော်စွာ ကျင်းပသည့် ရုပ်သံတေးစီးရီးများတွင်လည်း အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ဝါသနာကို မမေ့မလျော့ဘဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။





## ဒီပီကာပါဒူခမ်

ဘောလီးဝုဒ်၏သရုပ်ဆောင်ကြေးအမြင့်ဆုံးရသူများစာရင်းတွင် ပါဝင်သည့်ပါဒူခမ်သည်လည်း ၂၀၁၅ ခုနှစ် ထိပ်တန်းအလှမယ် ၁၀ ဦးစာရင်းတွင် နံပါတ် ၃ နေရာကို ရရှိထားသူဖြစ်ပါတယ်။ အိန္ဒိယရှိ လူငယ်ထုများထဲတွင် ပါဒူခမ်၏ဝတ်စားဆင်ယင်မှုနှင့်စတိုင်ကျမှုတို့က ရေပန်းစားလျက်ရှိပါတယ်။ အထူးသဖြင့် ဆွဲဆောင်နိုင်စွမ်းရှိသည့် ပါဒူခမ်၏ခန္ဓာကိုယ်အချိုးအစား၊ အရပ်အမြင့်၊ အပြုံး၊ မျက်ဝန်းတို့က အိန္ဒိယအမျိုးသမီးထု၏အလှကျက်သရေများပင်ဖြစ်ပါတယ်။




## ကမ်ဒီဆွမ်ပိုးလ်

ဗစ်တိုးရီးယားအလှမယ်များစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်သည့်ဆွမ်ပိုးလ်ဟာ နံပါတ် ၄ နေရာကိုရရှိထားသူဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်က Forbes မဂ္ဂဇင်းမှ ထုတ်ပြန်သည့်ထိပ်တန်းအလှမယ်များ စာရင်းတွင်လည်း ပါဝင်ခဲ့သူဖြစ်သလို တောင်အာဖရိကဖွားဖြစ်တဲ့အတွက် နိုင်ငံ့ဂုဏ်ကိုလည်း ဖော်ဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။

## အီမာဝပ်ဆင်

ဟယ်ရီပေါ်တာဇာတ်ကားများဖြင့် ထင်ပေါ်ကျော်ကြားလာသူ ဝပ်ဆင်သည်လည်း နံပါတ် ၅ နေရာကို ရရှိထားသူဖြစ်ပါတယ်။ ပို၍ထူးခြားတာက Times မဂ္ဂဇင်းကထုတ်ပြန်သည့် ကမ္ဘာ့ဩဇာအာဏာရှိသူများ(၁၀၀) စာရင်းတွင် ဝပ်ဆင်လည်း အပါအဝင်ဖြစ်ပါတယ်။





## ဂျီအယ်လ်ဂျီဒေါ့

အစ္စရေးအလှမယ်ဟောင်းတစ်ဦး ဖြစ်သူဂျီဒေါ့ဟာလည်း နံပါတ် ၆ နေရာကို ပိုင်ဆိုင်ထားသူ ဖြစ်ပါတယ်။ ကက်စရိုကုမ္ပဏီ အတွက် ဖက်ရှင်ဒီဇိုင်နာ သရုပ်ပြသသူအဖြစ် ဒီဇိုင်နာလောကမှာ အောင်မြင်ကျော်ကြားသူလည်း ဖြစ်ပါတယ်။ ဂျီဒေါ့ဟာ Gisele Yashar In The Fast နှင့် Furious ရုပ်သံဇာတ်လမ်းတွဲ များဖြင့် အောင်မြင်ကျော်ကြားသူ လည်းဖြစ်ပါတယ်။

## တေလာဆွစ်ဖ်

အမေရိကန်တေးရေးဆရာနှင့် အဆိုတော်တစ်ဦးလည်းဖြစ်သူ တေလာဆွစ်ဖ်ဟာလည်း နံပါတ် ၇ နေရာကို ရရှိထားသူလည်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း ဂီတဆိုင်ရာထူးချွန်ဆု ၈ ခုကို ရရှိခဲ့သူ တေလာဟာ ဂီတ လောကကို ဖမ်းစားနိုင်သူလည်း ဖြစ်ခဲ့ရပါတယ်။ အွန်လိုင်းတွင် တေးသီးချင်းအများဆုံးကူးခံရသူ လည်းဖြစ်ပါတယ်။





## ကိတ်အက်တန်

ရေကူးဝတ်စုံပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပုရိသများကို ဆွဲဆောင်နိုင်စွမ်းရှိသည့် ကိတ်အက်တန်သည်လည်း နံပါတ် ၈ နေရာကို ရရှိထားသူဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်က ထုတ်ပြန်သည့် People မဂ္ဂဇင်းတွင် ဖက်ရှင်လောကကို ဦးဆောင်နိုင်သူများစာရင်းတွင် နံပါတ် ၂ နေရာကို ရရှိခဲ့သူလည်းဖြစ်ပါတယ်။



## ပရီရန်ကာချိုပရာ

မယ်ကမ္ဘာအလှမယ်ဟောင်းတစ်ဦးဖြစ်သူ ပရီရန်ကာချိုပရာကတော့ နံပါတ် ၉ နေရာကို ရရှိထားသူဖြစ်ပါတယ်။ ဘောလီးဝုဒ်၏သရုပ်ဆောင် ကြေးအမြင့်ဆုံးရရှိသူများစာရင်းတွင် ပါဝင်သည့်ချိုပရာဟာ လက်ရှိအချိန်တွင် သရုပ်ဆောင်တစ်ဦးနှင့် အဆိုတော်အဖြစ်ပါ အနုပညာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါတယ်။



## ရှက်ကီရာ

ကိုလံဘီယာအဆိုတော်၊ သီချင်းရေးဆရာ၊ အကမယ်၊ ထုတ်လုပ်သူနှင့်မော်ဒယ်တစ်ဦးလည်း ဖြစ်သူ ရှက်ကီရာကတော့ နံပါတ် ၁၀ နေရာကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ Forbes မဂ္ဂဇင်းမှ ထုတ်ပြန်သည့် ဆွဲဆောင်မှုအကောင်းဆုံးသူများ စာရင်းတွင် ရှက်ကီရာလည်းပါဝင်ပါတယ်။

**ကိုခန့်**

**Source..Daily Times.com**

# အချစ်ဆုံးမို့

ကံညွန့်လှိုင်(တောင်ကြီး)



''သားကြီးကို ခွေးကိုက်လိုက်တယ်''

မနန်းကြိုင် ခေါင်းမီးတောက်သွားသည်။ ဘာကြောင့်သားကိုမှ ခွေးကရွေးပြီး ကိုက်ရသလဲ၊ ခုနတုန်းက အိမ်ရှေ့တစ်ဝိုက်မှာ ကစားနေသေးတာ။ အဖော်တစ်သိုက်နဲ့ ကုန်းပေါ်ကိုတက်လာတဲ့သူတွေကို ရေလှမ်းပက်နေကြတာကို တွေ့ပါလျက် ဘယ်ကခွေး ဘယ်လိုများ ဝင်ကိုက်သွားပါလိမ့်။ တွေးလည်းတွေး လှမ်းလည်းမေး အိမ်ပေါ်မှ ပြေးဆင်းလာခဲ့သည်။

''ဟဲ့ ... ဟဲ့ ဘယ်မှာကိုက်တာလဲ၊ ဘယ်ကခွေးလဲ''

''မစိန်ရွှေတို့အိမ်က ခွေးလေ၊ မစိန်ရွှေတို့ ထွန်းဖြူတို့ လူငယ်တစ်စုက ရေသွားလောင်းတယ်၊ သားကြီးတို့လည်း လိုက်သွားတယ်လေ၊ မစိန်ရွှေကို ရေလောင်းတော့ မွေးထားတဲ့ခွေးက အိမ်ရှင်ကို လုပ်ရမလားဆိုပြီး လူကများလို့ သားကြီးကငယ်တော့ သူ အကိုက်ခံရတယ်လေ''

အိမ်ရှေ့အိမ်မှ မိအုန်းရွှေက ဖြေလိုက်သည်။

''ဒါဆိုဘယ်မှာလဲ၊ ဘယ်အိမ်မှာလဲ''

ပျာယာခတ်နေပြီ။ မနန်းကြိုင်တစ်ယောက် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

''မစိန်ရွှေတို့အိမ်မှာ ထွန်းဖြူဆေးထည့်ပေးနေတယ်''

အိမ်ခြံဝင်းချင်း ကပ်နေသော်လည်း ဘေးပေါက်မရှိသောကြောင့် ဖြတ်ကူး၍မရ။ အိမ်ရှေ့ခြံတံခါးမှထွက်၍ စိန်ရွှေတို့ ခြံတံခါးမှ အပြေးဝင်ခဲ့ပါသည်။ မိခင်တစ်ယောက်၏ သားအပေါ် ချစ်ခြင်းမေတ္တာသည် သားဖြစ်သူ အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ရသည်နှင့် တမုဟုတ်ချင်း စိုးရိမ်စိတ်က သားအပေါ်သို့ ကျရောက်သွားသည်။ ဘာကိုမှလည်း မမြင်တော့ချေ။ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းလည်း မသိ။ ချက်ချင်း ဆုံးဖြတ်၍ မရနိုင်တော့။ စိန်ရွှေ၏အိမ်ပေါ်သို့သာ အပြေးတက်လာခဲ့သည်။

သားကြီးအနားတွင် ဝိုင်းအုံ၍နေကြသည်။ ခြေလက်မှ ဒဏ်ရာများကို ထွန်းဖြူက ဆေးထည့်ပေးနေသည်။ မနန်းကြိုင်ရောက်လာတော့ သားကြီးကို စစ်ဆေးကြည့်သည်။ စိတ်ခိုင်ခိုင်ထားပြီး စစ်ဆေးကြည့်တော့ ပခုံးတွင်လည်း အကိုက်ခံထားရသည်။ ပခုံးရိုးနှင့်လည်ပင်း၏ကြား ချိုင့်ခွက်တွင် အပေါက်တစ်ခု၊ လည်ပင်းကို ကိုက်ရင်း မမိဘဲ ပခုံးနှင့်လည်ပင်းကြား ကိုက်မိလိုက်သည်ဖြစ်မည်။ အခွက်ကြားမှာ ပေါက်သွားသည်။ ပေါက်သွားသည့်နေရာကိုကြည့်လိုက်တော့ အဆီဥဝါဝါများ ထွက်နေသည်ကို တွေ့ရသည်။

''ဆေးရုံပို့မှရမယ် ကားခေါ်ပေးကြပါ''

သောကရောက်နေသည့်ကြားမှ လတ်တလောဆုံးဖြတ်ချက်ချလိုက်ရသည်။ သင်္ကြန်ရက်ဖြစ်သဖြင့် ကားရှိသောအိမ်မှ ကားက အပြင်သို့မထွက်ဘဲ ရပ်ထားသဖြင့် အလွယ်တကူ အဆင်ပြေသွားသည်။ ဆေးရုံသို့ အချိန်မီ သွားရောက်နိုင်ခဲ့သည်။ ထိုနေ့က ဆေးရုံတင်ဖြစ်ခဲ့သည်။ ဆေးရုံတွင် ဆရာဝန်က အရေးပေါ်ဆေးများ ထိုးပေးပြီး ဆရာမများက ဆေးထည့်ပေးပါသည်။

''ဘာဆေးတွေ လိုအပ်သေးလဲ ဆရာ၊ ကျွန်မကို ညွှန်ကြားပါ''

''ဘာတော်လဲ အမေလား''

''ဟုတ်ကဲ့၊ သားကြီး အမေပါ ဆရာ၊ ကျွန်မလည်း ကြက်ခြေနီသင်တန်းဆင်းပါ၊ ဆရာ လိုအပ်တာတွေလည်း ပြောပါ ဆရာ''

မနန်းကြိုင်က ခေသူမဟုတ်။ ကြက်ခြေနီသူနာပြုဖြစ်ကြောင်း ဆရာဝန်၏ ပို့ချသော သင်တန်းများကို တက်ရောက်ထားသူဖြစ်ကြောင်း၊ ထို့ကြောင့် ခွေးရူးပြန်ကာကွယ်ဆေး ထိုးသင့်မထိုးသင့်ကိုလည်း မေးမြန်းလိုက်ပါသည်။

''ခွေးရူးပြန် ကာကွယ်ဆေးကို ထိုးထားသင့်တယ်၊ ဒါပေမဲ့ အခု ဆေးရုံမှာ မရှိဘူး၊ အပြင်မှာ ဝယ်မှရမယ်''

မနက်ဖြန်လည်း နှစ်ဆန်းတစ်ရက်နေ့ဆိုတော့ အပြင်မှာ ဝယ်ဖို့တော့မလွယ်ကြောင်း သိလိုက်ရသည်။

''ဘယ်နှရက်လောက် စောင့်ရင် ရနိုင်သလဲ ဆရာ''

''ရပါတယ်၊ ခွေးရူးမဟုတ်တော့လည်း လောလောဆယ် မထိုးသေးလည်း ရပါတယ်၊ ခွေးကိုတော့ စောင့်ကြည့်ထားပါ''

ထိုညအဖို့ မနန်းကြိုင်တစ်ယောက် ဆေးရုံတွင် စောင့်အိပ်လိုက်ရတော့သည်။

\+ + +

အိပ်၍မပျော်ပါ။ ကြက်ခြေနီသင်တန်းတက်ခဲ့သော အတွေ့အကြုံများကို စဉ်းစားတွေးတောနေသည်။

ခွေးရူးရောဂါသည် အလွန်ပင် ကြောက်စရာကောင်းသည်။ အကိုက်ခံလိုက်သည်ဆိုသည်နှင့် အာရုံကြောများမှတစ်ဆင့် ဦးနှောက်ဆီသို့ ရောဂါပိုးများ ပြန့်ပွားသွားသည်။ ရက် ၃၀ မှ ၆၀ အတွင်း ရောဂါပျိုးရက်များ ဖြစ်သည်။ အချို့မှာ ၁၀ ရက်မှ နှစ်ပေါင်းများစွာကြာသည်အထိ ဖြစ်တတ်သည်။

ပထမတစ်ရက်တွင် ဖျားမည်။ ချမ်းမည်။ နောက်တော့ အန်မည်။ ကိုက်ထားသော ဒဏ်ရာမှာ ယားယံတတ်သည်။ ရေသောက်သည့်အခါ မျို၍မရအောင်ဖြစ်လာတတ်သည်။ ဝက်ရူးပြန်သကဲ့သို့တက်ပြီး အံကြိတ်၍ခေါင်းကို အထက်သို့ မော့ပြီး သတိလစ်သွားတတ်ပါသည်။

အချို့ကမူ ရေသောက်

မရသောလက္ခဏာမပေါ်ပါ။ သို့သော် ခြေလက်များလှုပ်ရှားမရဖြစ်ပြီး ဆီးဝမ်းလည်း သွား၍မရဘဲ ဖြစ်နေတတ်သည်။ ရက်သတ္တနှစ်ပတ်မှ သုံးပတ်အတွင်း အသက်ရှူမရဘဲ သေဆုံးသွားတတ်သည်။

ထို့ကြောင့် ခွေးရူးကာကွယ်ဆေးကို နှစ်စီစီမှ ငါးစီစီအထိ ချက်ပတ်ပတ်လည်တွင် ၇ ရက်မှ ၁၄ ရက်အထိ ထိုးပေးရသည်။ ခွေးရူးမဟုတ်ပါက ခုနစ်ရက်ထိုးရန် လုံလောက်သည်။ အခြေအနေကြည့်ပြီး ထိုးနိုင်သည်။ အခြေအနေကို စောင့်ကြည့်ဖို့တော့ လိုသည်။

ခွေးရူးဖြစ်ပါက ၁၄ ရက်စလုံးတစ်ရက်မပျက်ထိုးရသည်။ ရက်ပျက်ပါက အစမှပြန်ထိုး ရသည်။ ၁၄ ရက်စလုံး ရက် မပျက်ထိုးမှ စိတ်ချရသည်။ ၁၄ ရက်ထိုးပြီးပါက ၁၄ ရက်နားရသည်။ ထိုသို့ ၂ ပတ်ကြာနားပြီးပါက နောက်ထပ် ၂ လုံး ထိုးရသည်။ ချက်တွင်ပင် ဆက်ထိုးရသည်။

ကြက်ခြေနီသင်တန်းတက်စဉ်က ဆရာဝန်၏ပို့ချချက်ကို မှတ်သားထားသည်။ ပြန်စဉ်းစား၍ပေါ်လာသည်။ မှန်မမှန် မနက်ဖြန်အိမ်ပြန်ရောက်က မှတ်ထားသောသင်တန်းမှတ်စုများကို ရှာကြည့်ရမည်။

\+ + +

အိမ်ပြန်ရောက်တော့ စာအုပ်သေတ္တာထဲတွင် သိမ်းဆည်းထားသော ကြက်ခြေနီမှတ်စုကို ထုတ်ကြည့်သည်။ မှန်ပါသည်။ အသက်လေးဆယ်ကျော်လာသော်လည်း မှတ်ဉာဏ်ကကောင်းနေသေးသည်ကိုပင် ဝမ်းသာရမည်။



ထို့ကြောင့် ခွေးရူးပြန်ကာကွယ်ဆေးရရှိရန်အတွက် လွယ်လင်ဆေးတပ်ရှိ သူငယ်ချင်းဖြစ်သူ ကိုမင်းဒင်ထံ ဖုန်းဆက်ပြီး လှမ်းမေးကြည့်သည်။ မရခဲ့။ ကလောမှ အစိုးရအလုပ်လုပ်စဉ်က အစ်ကိုအရင်းသဖွယ် ခင်မင်ခဲ့သော ကလောဆေးရုံတွင် ကွန်ပေါင်ဒါတာဝန်ထမ်းဆောင်နေသူကိုလှမ်းမေးကြည့်တော့ ထိုဆေးမျိုး သူတို့ဆေးရုံတွင်မရှိဟု ပြောပါသည်။

မိခင်ဆိုတော့လည်း သားအတွက်ရတက်မအေး။ ဟိုမေးသည်မေးနှင့် ဆေးရမည့်နေရာကို လိုက်မေးနေရသည်။ နယ်ဆေးရုံများတွင် မရှိတတ်။ မြို့ဆေးရုံကြီးများတွင်သာ အသင့်ဆောင်ထားတတ်သည်။ ဤဆေးရုံတွင်မူ ဆေးကရှိခဲ့သော်လည်း သကြၤန်အကြိုနေ့က ခွေးရူးကိုက်ခံထားရသူတစ်ဦးကို ထိုးပေးလိုက်ရသည်နှင့် သကြၤန်ပိတ်ရက်ကလည်း ဖြစ်နေသဖြင့် ဆေးကထပ်မမှာရသေးကြောင်း သိရသည်။

တစ်ချိန်ကတန်းကျောင်းနေဖက်ဖြစ်သော ယခုစဝ်စံထွန်းဆေးရုံတွင် သူနာပြုလုပ်နေသော သူငယ်ချင်း ခင်မာညိုရှိသည်။ သူ့ထံသို့ ဖုန်းဖြင့်ဆက်မေးတော့ ခွင့်ရသဖြင့် ခွင့်ဖြင့် ရပ်စောက်ရှိ သူ့မိဘများထံ ရောက်နေကြောင်း သိရသည်။ နှစ်ဆန်းနှစ်ရက်မနက်မှ ပြန်ရောက်မည်ဖြစ်ပြီး ထိုနေ့မှာပင် အလုပ်ဝင်မည့်အကြောင်း ပြောပြသည်။

အတော်ပင် ခက်ခဲလာသည်။ အရေးပေါ်တစ်စုံတစ်ခုဖြစ်ပြီဆိုလျှင် အခက်အခဲပေါင်းများစွာကြုံရသည်။ စိတ်မညစ်ဖို့တော့လိုသည်။ စိတ်ကိုခိုင်ခိုင်ထားဖို့လိုသည်။ မနန်းကြိုင်၏စိတ်ဓာတ်က ပျော့ညံ့သူမဟုတ်။

ရန်ကုန်သို့ မောင်ဖြစ်သူအား လွှတ်မည်။ ညကားစီးလျှင် မနက်ရောက်မည်။ ရောက်သည်နှင့် သူအပေါင်းအသင်းခေါ်ပြီး မင်္ဂလာဈေးတွင် ဆေးရှာဝယ်မည်။ ထိုညတွင်ပင်ကား ပြန်စီးလာပါက နောက်တစ်ရက်ကိုရောက်မည်။ ကြာလျှင် ဒီနေ့ညတစ်ရက် မနက်ဖြန်တစ်ရက် ၂ ရက်တော့စောင့်ရမည်။ အစက ဘာလို့ သည်လိုမစဉ်းစားမိပါလိမ့်။

ကားဂိတ်သို့လာခဲ့သည်။ မောင်ဖြစ်သူကို ညသွားရန် ကားလက်မှတ်ဝယ်ပေးမည်။ ကားဂိတ်ရောက်တော့ နှစ်ဆန်းတစ်ရက် ညကားမထွက်ဟု သိရသည်။ သကြၤန်တွင်း ကားအတက်အဆင်း ပိတ်ထားသတဲ့လေ။ ဘယ်ကားမှမထွက်မနက်ဖြန်ညစထွက်လျှင်ပင် လက်မှတ်ကကုန်ပြီ။ နှစ်ရက်၊ သုံးရက်စာ ကုန်နေပြီ။ ပိတ်ရက်ဆိုတော့ အခါကြီးရက်ကြီးဖြစ်သဖြင့် သွားလာသူများသဖြင့် လက်မှတ်ကြိုတင်ဝယ်ထား ရောင်းထားကြပြီးဖြစ်သည်။ ဒုက္ခပါပဲ။

တွက်တုံးကတော့ တွက်လိုက်သည်။ တွက်ရေးကစက်သူဌေးပေါ့။ တွက်ကြည့်မှစက်မရှိ ဖြစ်ရသည့် ကိန်းကြုံရပြီ။ ဖြစ်လာမည့်အရေး ခေါင်းအေးအေးဖြင့် ဆုံးဖြတ်သော်လည်း မရတော့။ ခေါင်းကပူထူလာသည်။

မောင်ဖြစ်သူက မနေသာတော့။ အမဖြစ်သူကို ဖေးကူခဲ့သည်။ အရေးကြုံတော့ သက်လုံကောင်း၊ မောင်ဖြစ်သူက သွေးပူနေသည့်အစ်မကို ဖေးကူခဲ့သည်။ မောင်စီစဉ်ပုံကို

လည်း လက်ခံခဲ့သည်။

မနက်ဖြန်နှစ်ဆန်းနှစ်ရက်ဆိုလျှင် မခင်မာညိုပြန်လာမည်။ သူပြန်လာမည့်အချိန်အရောက်သွားပြီး အလုပ်မဝင်ခင် အကျိုးအကြောင်းပြောပြ၊ သူ့အကူအညီနဲ့ဆို ရနိုင်စရာရှိတယ်။ ဒါကလည်း သိပ်မသေချာသေး။ ပြည်သူ့ဆေးရုံတွင် ခွေးကိုက်သည့်သူမရှိလျှင်တော့ ဆေးရှိနိုင်ကြောင်း နှစ်သိမ့်ပေးသည်။

အဲဒါမှမရလျှင် မိတ္ထီလာကားစီး၊ မိတ္ထီလာမှ ရန်ကုန်သို့မဟုတ် နေပြည်တော်ကို ရရာကားစီး၊ နေပြည်တော်ကတစ်ဆင့် ရန်ကုန်သို့သွားလိုက်လျှင် အလွန်ဆုံးနောက်ကျပါက တစ်ရက်အပြင် ပိုမရှိ။ ဤသို့ စီစဉ်ပေးတော့ အစ်မ မနန်းကြိုင် စိတ်သက်သာရာရသွားခဲ့သည်။

သို့နှင့် မနန်းကြိုင်တစ်ယောက် မနက်စောစောထပြီး ချမ်းအေးသည်ကို မမှုနိုင်။ လိုင်းကားကလည်း စောနေသေးတော့ မဆွဲကြသေး။ နေရသည်က ဝါးပြားအောင် ချမ်းသား။ သွားရမည်က စစ်စံထွန်းဆေးရုံ။ တောင်စွန်းနှင့် မြောက်စွန်။ မောင်ဖြစ်သူအား သွားခိုင်းမည်ဆိုပါကလည်း သားဖြစ်သူဆေးရုံတွင် စောင့်ပေးနေသည်။ ခင်မာညိုနှင့်ကလည်း မနန်းကြိုင်နှင့်သာ ရင်းနှီးသည်။ ပြောဆိုပြပြီး အကူအညီရနိုင်သည်။ မောင်ကို သွားခိုင်းလျှင် မပြောတတ် မဆိုတတ်နှင့် အဆင်ပြေမည်မဟုတ်။ မရနိုင်လျှင် မခင်မာညို၏ မိတ်ဆွေများအား အကူအညီတောင်းနိုင်သည်။

ချမ်းချမ်းစီးစီးနှင့် ဝေလီဝေလင်းထွက်လာခဲ့ရသည်။ အအေးဒဏ်ကို မမှုနိုင်တော့။ နှင်းမြူများကလည်း ကျနေပြီ။ ဓာတ်မီးတိုင်များကလည်း တစ်တိုင်ကျော် အလင်းရောင်သာရှိသည်။ နှင်းမြူကျနေခြင်းကြောင့် လမ်းကိုရေးရေးသာမြင်ရသည်။ သားအတွက်ဆိုတော့ ကြောက်ခြင်း၊ ချမ်းခြင်း၊ မမြင်ရသည်တို့ ဘာမှမမှုအားတော့။ ရဲစွမ်းသတ္တိအလိုလိုပြည့်ပြီးသား။

တော်ပါသေးသည်။ လင်းလည်းလင်းလာသည်။ စစ်စံထွန်းဆေးရုံနားရောက်တော့မည်။ ရှေ့ကဓာတ်တိုင်တစ်ခုတွင် ကားတစ်စီးရပ်လိုက်သည်ကို တွေ့သည်။ ခရီးသည်တစ်ယောက်ဆင်းပြီး ကားပြန်မောင်းထွက်သွားသည်။ ထိုနေရာသို့လှမ်းကြည့်တော့ နီးလာသည်နှင့်အမျှ ကြည့်လိုက်သည်။ မခင်မာညိုဖြစ်နေသဖြင့် ရေငတ်တုံးရေတွင်းထဲကျသွားသည်။

အကျိုးအကြောင်းပြောပြရင်း လျှောက်လာကြသည်။ မခင်မာညိုက အားပေးသည်။ မေထရွှန်ကို အကျိုးကြောင်းပြောပြပြီး ဆေးရုံအုပ်ကို ဝင်တွေ့မည်။ အကျိုးအကြောင်းပြောပြပါက မရနိုင်စရာမရှိ၊ ရနိုင်သည်။ စိတ်အေးအေးထားဖို့အကြောင်း နှစ်သိမ့်ပေးသည်။

မနန်းကြိုင်တစ်ယောက် နဖူးပေါ်တွင် လက်အုပ်ချီရင်း မေထရွှန်နှင့် ဆေးရုံအုပ်ကြီး ကျန်းမာပါစေဟု အကြိမ်ကြိမ် အခါခါ ဆုတောင်းရင်း မေတ္တာပို့နေပါတော့သည်။ ။

**ကံညွန့်လှိုင်(တောင်ကြီး)**

# ဒါလေးတစ်ခုတော့ ပြုပြင်ပေးပါ



သူဌေးက အသစ်ခန့်လိုက်တဲ့ လက်နှိပ်စက်စာရေးမကို ရုံးခန်းထဲခေါ် လိုက်တယ်။

''မစ္စဂန်း(Gann)၊ မင်းဟာ ဒီရုံးက ဝန်ထမ်းတွေထဲမှာ အချောဆုံးပဲ''

မိန်းကလေး အတော်ကျေနပ်သွားတယ်။

''မင်းက အဝတ်အစားလည်း ဝတ်တတ်တယ်၊ အသံလေးလည်း ကြည်တယ်၊ တို့ရုံးကို ဝင်/ထွက်နေတဲ့လူတွေကလည်း မင်းကို သဘောကျတယ်''လို့ သူဌေးက ဆက်ပြောတယ်။

''အို ဝမ်းသာလိုက်တာရှင်၊ အခုလိုပြောပေးတာ ကျေးဇူးတင်ပါတယ်''

''အေး တစ်ခုပဲ ပြောစရာရှိတယ်၊ လက်နှိပ်စက်ရိုက်တဲ့ အခါမှာတော့ စာလုံးပေါင်း၊ သတ်ပုံသတ်ညွှန်း၊ အဖြတ်အတောက် ဂရုစိုက်ပေးပါကွာ''

**မောင်သီဟ**

# အမျိုးသားတိုင်းသိထားသင့်တဲ့ အိမ်ရှင်မတာဝန်ဖိုး

ပေါက်ပေါက်

အိမ်ထောင်ရှင်အမျိုးသားတိုင်း သိထားသင့်တာကြောင့် Useful Info and Health Tips (ခေါ်) အင်တာနက်သတင်းမှာ ဖော်ပြသွားတဲ့ သတင်းဆောင်းပါးလေးနဲ့ မျှဝေလိုက်ပါရစေ။

\+ + +

ယောကျ်ားလုပ်သူ အလုပ်ကပြန်ရောက်တော့ အိမ်ခြံဝင်းထဲဝင်တော့မယ်အလုပ်မှာ သူ့ကလေး ငါးယောက်စလုံး ညဝတ်အင်္ကျီတောင် မလဲရသေးဘဲ ခြံထဲမှာ သဲတွေ၊ ရွှံ့တွေ ဖြန့်ကြဲပြီး အော်ဟစ်ဆူညံဆော့ကစားနေလိုက်ကြတာ ညစ်ပတ်ပေတလူးနေတာပဲ။ အဲ. . . အနားမှာလည်း စားစရာမုန့်တွေကိုဘူးလိုက်ထောင်ထားပြီးတော့ မုန့်တွေက အောက်ကျပြန့်ကျဲလို့။ ဇနီးသည်ရဲ့ ကားတံခါးတွေကလည်း အကုန်လုံးတောင်ဖွင့် ထားလိုက်သေး။ အိမ်ရှေ့ခြံဝတံခါးကြီးပွင့်နေတဲ့အပြင် အိမ်စောင့် ခွေးတောင် အရိပ်အယောင်မမြင်ရပါဘူးတဲ့။

အဲဒီပွင့်နေတဲ့ခြံတံခါးဝကနေ အဖေတစ်ယောက်လုံး ဝင်လာတာတောင် ပျော်မြူးနေကြတဲ့ သူ့ကလေး ငါးယောက်စလုံး သတိမထားမိကြပါဘူး။ အိမ်ထဲလည်းရောက်ရော ဧည့်ခန်းထဲမှာ ပွက်ထနေတဲ့ ကလေးခြေရာတွေ၊ အလှမီးဆိုင်းကလည်း ဘေးကိုလဲကျလို့၊ ကြမ်းခင်းကော်ဇောကလည်း ရွှဲစောင်းနေသေးတယ်။ တီဗွီက ကာတွန်းကားအကျယ်ကြီးဖွင့်ထားလိုက်တာ နားကွဲလုမတတ်ပါဘဲ။ ကလေးတွေရဲ့ အိပ်ခန်းထဲမှာတော့ ကစားစရာ အသေး၊ အကြီး အရုပ်တွေ၊ အဝတ်အစားတွေ ဟိုတစ်စ ဒီတစ်စနဲ့ တောင်လိုပုံနေလိုက်တာ။

ဒီလိုနဲ့ ခင်ပွန်းဖြစ်သူလည်း မီးဖိုချောင်ထဲမှာ ဇနီးများ ရှိနေမလား သွားကြည့်လိုက်တော့ ပန်းကန်ဆေးစင်ပေါ်မှာ ညစ်ပေနေတဲ့ အိုးပန်းကန်ခွက်ယောက်တွေကအပြည့် နံနက်က သူအလုပ်မသွားခင်စားခဲ့တဲ့ စားကြွင်းစားကျန်တွေတောင် ရှိနေသေး။ ရေခဲသေတ္တာတံခါးကြီးကို ဖွင့်ပြီးပြန်တောင်မပိတ်ထားပြန်ဘူး။ ခွေးစာ(အစာတောင့်)တွေကလည်း ကြမ်းပြင်မှာ ပြန့်ကျဲနေလိုက်တာ။ ထမင်းစား စားပွဲခုံအောက်မှာတော့ ဖန်ခွက်အကွဲအပိုင်းအစတွေနဲ့ အိမ်နောက်ဖေးမီးဖိုချောင်ထဲ တံခါးကြီးကလည်း ဟာလာဟင်းလင်းကြီးပွင့်လို့နေပြန်ပါတယ်။

ဒီတော့ခင်ပွန်းဖြစ်သူလည်း ဒုက္ခပဲ ငါ့မိန်းမဘာဖြစ်လို့ပါလိမ့်။ နေမကောင်းလို့လား။ ဟာ. . . မနက်ကတောင် အကောင်းကြီးရှိသေးတာ။ တစ်ခုခုများဖြစ်လို့လားလို့ စိုးရိမ်မိပြီး အိမ်ပေါ်ထပ်ကို ပြေးတက်ကြည့်တော့တာပေါ့။ အပေါ်ထပ်ကိုတက်တဲ့ လှေကားထစ်တိုင်းလိုလိုမှာ ကလေးတွေရဲ့ ကစားစရာအရုပ်တွေရယ်၊ စားလက်စမုန့်အစအနတွေရယ်ကို မနင်းမိအောင် မနည်းကျော်ခွ သိုင်းကွက်နင်းတက်ခဲ့ရတာပေါ့။ တံခါးပေါက်ဟနေတဲ့ ရေချိုးခန်းရှေ့ရောက်တော့ အထဲက ဘုံပိုင်ရေပိုက်ခေါင်းကနေ ရေတစက်စက်ကျနေသံကြားလို့ အထဲမှာ ဇနီးသည်များ ရှိလေမလားရယ်လို့ ချောင်းကြည့်လိုက်ပြန်တော့ ရေချိုးခန်းကြမ်းပြင်ပေါ်မှာ မျက်နှာသုတ်ပဝါအစိုတွေရယ်၊ ဆပ်ပြာတွေရယ် အမြှုပ်





**ကိုင်း ...သင်အလုပ်သွားနေတဲ့ အချိန်မှာ သင့်ရဲ့ဇနီးတစ် ယောက် အိမ်ထဲမှာ တစ်နေကုန် တကုပ်ကုပ်နဲ့ ဘာတွေအလုပ် ရှုပ်နေပါလိမ့်နော်။ သင် တစ်ကြိမ်လောက် စဉ်းစားမိပါရဲ့လား။ အိမ်ရှင်မတစ်ယောက်ရဲ့တန်ဖိုးကို လျှော့မတွက်သင့်ပါဘူးရှင်။**

ထလို့နေပါရော။ သွားတိုက်ဆေးတွေကလည်း မှန်ပေါ်မှာရော နံရံတွေပေါ်မှာပါ ပေကျံလို့။ အိမ်သာထဲမှာလည်း တစ်ရှူးစက္ကူလိပ်ခွေ ပြေကျနေလိုက်တာ ဟိုး... တစ်မိုင်လောက် ရှိနေပြန်ပါတယ်တဲ့။

ဇနီးသည်ကို အရိပ်အယောင်တောင် မတွေ့ရတော့ ခင်ပွန်းဖြစ်သူရဲ့ စိုးရိမ်အမှတ် ငယ်ထိပ်ထိရောက်လာတော့တာပေါ့။ ဒါနဲ့ သူတို့အိပ်ခန်းတံခါးကို အလျင်စလိုနဲ့ ဆောင့်တွန်းဖွင့်ဝင်လိုက်တဲ့အခါ အမျိုးသမီးက ညအိပ်ဝတ်စုံကြီးဝတ်ထားတုန်းပါပဲ။ အဲ့.. သူ စိုးရိမ်နေတဲ့အနေအထားမျိုးမဟုတ်ဘဲ တွေ့လိုက်ရတဲ့ပုံကတော့ ခုတင်ပေါ်အငြိမ့်သားနဲ့ ခြေထောက်ချိတ် ဝတ္ထုစာအုပ်ဖတ်နေတဲ့ပုံပါတဲ့။ ဒီလိုအချိန်မှာ ဒီလိုပုံစံမျိုးနဲ့မြင်ရတော့ "ခု ငါ့မျက်စိရှေ့ထိုင်နေတာ ငါ့မိန်းမ ဟုတ်မှဟုတ်ပါလေစ"ရယ်လို့ သူ အံ့သြတကြီး မှင်တက်ငေးကြည့်နေမိတော့တာပေါ့။ ခင်ပွန်းကိုမြင်တော့ အိမ်ရှင်မက "အလုပ်မှာ အဆင်ပြေခဲ့လား" လို့ မေးရိုးမေးစဉ်အမူအရာနဲ့ အေးအေးဆေးဆေး ခပ်ပြုံးပြုံးလေး လှမ်းနှုတ်ဆက်လိုက်ပါတယ်။

ခင်ပွန်းသည်လည်း အသိစိတ်ပြန်ဝင်လာပြီး စိတ်ရှုပ်ထွေးတဲ့ အမူအရာနဲ့ "ဒီနေ့ အိမ်မှာ ဘာတွေဖြစ်နေတာလဲ"လို့ ခပ်ဆတ်ဆတ်မေးလိုက်တော့ ဇနီးလုပ်သူက နောက်တစ်ကြိမ်ထပ်ပြုံးပြပြီး "ရှင် အလုပ်ကနေ အိမ်ပြန်ရောက်တဲ့အခါတိုင်း ကိုယ့်မှာတော့ သားကျွေးမွေး မယားကျွေးမှုတွေနဲ့ ပင်ပန်းလိုက်တာ၊ မင်းတို့မိန်းမတွေများကျတော့ အိုးမကွာ အိမ်မကွာ အိမ်ထဲမှာ အေးဆေးပဲ၊ မင်းကံကောင်းတယ်၊ မင်းရော ဒီနေ့ ဘာတွေလုပ်ဖြစ်လဲ"လို့ မေးနေကျနော်... ပြောတော့ ယောကျ်ားက မျက်မှောင်ကြီးကြုတ်ပြီး စိတ်မရှည်စွာနဲ့ "အေးလေ" လို့ ပြန်ဖြေပါတယ်တဲ့။

ဒီတော့ ဇနီးဖြစ်သူက ဒီလိုပြောလိုက်ပါတော့တယ်။

"ကောင်းပါပြီရှင်၊ အဲဒီမေးခွန်းကိုဖြေရရင်တော့ ဒီနေ့ ကျွန်မ ဘာမှမလုပ်ပါဘူး"

\+ + +


ကိုင်း... သင်အလုပ်သွားနေတဲ့အချိန်မှာ သင့်ရဲ့ဇနီးတစ်ယောက် အိမ်ထဲမှာ တစ်နေကုန် တကုပ်ကုပ်နဲ့ ဘာတွေအလုပ်ရှုပ်နေပါလိမ့်နော်။ သင် တစ်ကြိမ်လောက် စဉ်းစားမိပါရဲ့လား။ အိမ်ရှင်မတစ်ယောက်ရဲ့တန်ဖိုးကို လျှော့မတွက်သင့်ပါဘူးရှင်။

**ပေါက်ပေါက်**


**ကိုးကား – Useful Info and Health Tips**


ကျွန်တော်များ.. ရပ်ကွက်အတွင်း
အလှူခံအသင်းကြီး..ဖွဲ့စည်းရန်အတွက်
အလှူခံပါတယ်ခင်ဗျား...

ကာတွန်း ——


အလုပ်လုပ်ရင်
နေရာတကာ..ခေါင်းသုံးပါ..လို့
မင်းတို့ကို..ဘယ်နှခါ
ပြောရမလဲ...
အဲဒါကြောင့်လည်း
ခေါင်းနဲ့လမ်းလျှောက်နိုင်အောင်
ခုလိုမျိုး..ကျင့်နေကြတာ
..ပေါ့ဗျ..

# CARTOON



ပလက်ဖောင်းပေါ်မှာ
ကျူးကျော်ဈေးသည်တွေ
ပြည့်နေလို့
လမ်းလျှောက်စရာနေရာ
မရှိတော့ဘူး
စည်ပင် ကမဖမ်းပဲ
ဘာလုပ်နေလဲ !
စားဝတ်နေရေးအတွက်
ပလက်ဖောင်းပေါ် ဈေးရောင်းတာ
ဖမ်းရလား
ဒါ- လူ့အခွင့်အရေး
ချိုးဖောက်တာပဲ
တိုင်မယ် !
ဆန္ဒပြမယ် !
သိတ်မြင့်

တစ်ချိန်က ဂုဏ်သိန်တွေနဲ့
ထိန်ဝေနေတဲ့ မန်းရွှေမြို့တော်မှာ
'ကျွန်တော့်.. ကျွန်တော်'နဲ့ ပြောတဲ့မြို့သူတွေ
နေပူပူ ဖုန်ထူထူမှာ
ဂုဏ်ယူစရာ မြန်မာဓလေ့တွေနဲ့
သိမ်မွေ့ခဲ့ပါလျက်
တစ်နေ့ထက်တစ်နေ့
ဓလေ့တွေလည်း
အရှေ့ဘက်တံခါးက
ရွေ့ထွက်သွားပြီး
ကိုယ့်စကား ကိုယ့်စာ
ကိုယ့်ဘာသာ ကိုယ့်လူမျိုးကို
စည်းကျိုးလို့ ဂုဏ်ညှိုး
ချောင်းရိုးမြောင်းရိုးကို တိမ်ကောမှာစိုးပါရဲ့။ ။

**ဈာန်ဘုန်းခိုင်**

# အရှေ့ဘက်တံခါး





''ဆရာကြီးအဟိန် အသည်းအသန်ဖြစ်နေသည်။ အမြန်လာ''ဟူသော စတိန်ရွာမှ လှေကြုံဖြင့် ပေးပို့လာသော စာတစ်စောင် အဒန်းထံ ရောက်နေသည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်သည်။ ဆရာကြီး အဟိန်သည် မိမိ၏ထမင်းရှင်၊ ကျေးဇူးရှင်ဖြစ်သည်။ စာရရချင်း စတိန်ရွာသို့ သွားလိုသော်လည်း မိမိလုပ်ငန်းများ မပြီးပြတ်သေး၍ စိတ်ကသာ ရောက်နေခဲ့သည်။ လူကိုယ်တိုင် မရောက်နိုင်ခဲ့ပါ။ ယခုလုပ်ငန်းများ ပြီးပြတ်တော့မှ ဆရာကြီး ရှိရာ စတိန်ရွာသို့ ထွက်လာခဲ့သည်။ ဆရာကြီးအဟိန်နေထိုင်လျက်ရှိသော စတိန်ရွာသည် ကံမော်ကျွန်းတန်းရှည်ကြီး အရှေ့ဘက်အစွန်အဖျားတွင် တည်ရှိသည်။ အဒန်းနေထိုင်သော အလယ်မန်ကျွန်းမှ စက်လှေဖြင့် လေးနာရီခန့် မောင်းလျှင် ရောက်နိုင်သည်။ မိမိပိုင်လှေဖြင့် အလယ်မန်မှ နံနက်ပိုင်းတွင် ထွက်လာခဲ့သည်။ လှေပေါ်တွင် အဒန်းနှင့် လုပ်ဖော်ကိုင်ဖက် ညီုဟု ခေါ်သည့် မျောက်တစ်ကောင်သာ ပါရှိလာသည်။ ညီုသည် လည်း ဆရာကြီးအဟိန်၏ လက်ထွက်တပည့်ဖြစ်သည်။ ဆရာကြီးလေ့ကျင့်သင်ကြားပေး ခဲ့မှုကြောင့် ညီုကို အဒန်း အားကိုးနေရပြီဖြစ်သည်။ အုန်းသီးခူးရာတွင် ညီုကိုသာ အားထားနေရသည်။ အဒန်း၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ အုန်းပင်ပြုပြင်ခြင်း၊ အခကြေးငွေဖြင့် အုန်းသီးခူးသော အလုပ်ဖြစ်သည်။

အဒန်း၏စက်လှေပေါ်တွင် အခွံနွှာပြီးသား အုန်းသီးထောင်ကျော် တင်ဆောင်နိုင်သည်။ ညီုမှာ လှေဦးတွင် ထိုင်လျက်သား လိုက်ပါလာသည်။ ရာသီဥတုသာယာနေပြီး လှိုင်းလေနည်းပါးချိန်ဖြစ်နေသဖြင့် အဒန်း စက်ရှိန်မြှင့်လျက်မောင်းလာသည်။ အဒန်းတို့ဒေသ အနောက်ဘက်တွင် ပင်လယ်ပြင်ကြီး ကာစီးနေသည်။ ပင်လယ်နှင့်ဆက်စပ်နေသဖြင့် နွေ၊ မိုးမဟူ လှိုင်းလေ ကျလာနိုင်သည်။ လှိုင်းလေငြိမ်သက်ခိုက်တွင် ခရီးတွင်အောင် စက်ရှိန်မြှင့်၍ မောင်းလာခဲ့သည်။

စတိန်ရွာတွင် ဆရာကြီး အဟိန်နှင့်အတူ နှစ်အတန်ကြာ အဒန်းနေထိုင်ခဲ့ဖူးသည်။ ရွာအဝင်လမ်းကို ကောင်းစွာ မှတ်မိနေသည်။ အဒန်းတို့လှေ စတိန်ရွာအဝင်ဝရောက်လာခဲ့ပြီ ရွာအဝင်ကျောက်တန်းနှင့် လွတ်ရာ သောင်ပြင်ဘက်သို့ လှေကို ဦးတိုက်လိုက်သည်။ စတိန်ရွာကို လှမ်းတွေ့နေရပြီ အဒန်းလှေကို ယာဘက်သို့ ကွေ့ပြီး စက်ရှိန်လျှော့လိုက်သည်။ အဒန်း စက်ရှိန်လျှော့လိုက်သည်နှင့် ညီုက လှေချည်သည့်ကြိုးစကို ကောက်ကိုင်လိုက်သည်။ လှေမှာ ကမ်းစပ်သို့ ရောက်လာသည်။ လှေဝမ်းဗိုက်နှင့် သဲသောင်ပြင် ပွတ်တိုက်သံ တရှဲရှဲမြည်သံကြားရပြီး လှေမှာ အရှိန်လျှော့သွားသည်။ လှေအရှိန်မသေသေးမီအချိန်မှာပင် ညီုက လှေချည်သည့်ကြိုးစကိုကိုင်ကာ သောင်ပြင်ပေါ်ခုန်ဆင်းသွားတော့သည်။ အသင့်တွေ့ရသော ငုတ်တိုင်တစ်တိုင်တွင် ညီုက လှေချည်သည့်ကြိုးကို ပတ်ထားလိုက်သည်။ အဒန်းတို့ လှေဆိုက်ကပ်ရာနေရာသည် စတိန်ရွာ လှေဆိပ်ဖြစ်သည်။ မလှမ်းမကမ်းတွင် လှေအစင်း နှစ်ဆယ်ခန့် ဆိုက်ကပ်ချည်နှောင်ထားသည်ကို တွေ့လိုက်ရသဖြင့် အဒန်းစိတ်ထဲ ထူးနေသလို ထင်ခဲ့သည်။ အဒန်းက ဘောင်းဘီရှည်ကို ပေါင်ရင်းအထိ လိပ်တင်လိုက်သည်။ အသင့်ပါလာသော ပျားရည်ပုလင်းနှစ်ပုလင်းကို ကိုင်ကာ လှေပေါ်မှ ဆင်းလိုက်သည်။ တိုင်ငုတ်တွင် ညီုပတ်ထားသော လှေကြိုးကိုကြည့်လိုက်သည်။ ရေတက်ချိန်ဖြစ်၍ ရေပြည့်အနေအထားနှင့် မှန်းကာ လှေကြိုးကိုပြန်ချည်လိုက်သည်။ ပြီးသည်နှင့် အဒန်းနှင့် ညီုတို့ စတိန်ရွာအတွင်းသို့ ဝင်လာကြသည်။ ညီုက ကွဲကွဲကွီကွီဖြင့် အော်မြည်လိုက်ပါလာသည်။ စတိန်ရွာသို့ အဒန်းမရောက်သည်မှာ နှစ်များ ကြာခဲ့ပြီဖြစ်သည်။ အိမ်သစ် လူသစ်များတွေ့ရသည်။ မျက်နှာစိမ်းများနှင့် ဆုံတွေ့လျှင် ညီုမှာ အော်မြည်နေကျဖြစ်သည်။ ညီုအသံတိတ်အောင် ထိန်းရသေးသည်။

အဒန်းတို့ဆရာကြီးအဟိန်၏ ခြံဝင်းအဝင်ဝ အရောက်



**မျောက်ကို လေ့ကျင့်သင်ကြားပေးရသည့်ပညာရပ်မှာ အခြားမဟုတ်ပေ။ ရေမြေဒေသနှင့်လိုက်ဖက်သည့် အုန်းသီးဆွတ်ခူးသောပညာဖြစ်သည်။**

တွင် ခြေလှမ်းများ တုံ့နှေးသွားခဲ့ရသည်။ ခြံဝင်းအတွင်းမျက်နှာစိမ်းညှော့သည်များဖြစ်၍ စည်ကားနေသည်ကို တွေ့လိုက်ရသည်။ အဒန်းကို မြင်သည်နှင့် ဆရာကြီးကတော် အပြေးအလွှား ထွက်လာပြီး အဒန်းကိုဖက်ကာ ငိုပါတော့သည်။

''အဒန်း မင်းလာသေးတယ်နော်၊ ငါရေးလိုက်တဲ့စာ ရတယ်မဟုတ်လား၊ မင်းရဲ့ ဆရာကြီး ဆုံးရှာပြီကွဲ့၊ သူဆုံးတာ လေးရက်ရှိသွားပြီ၊ ဟိုးခြံထောင့်မှာ သူ့မြေပုံ''

''ရေးလိုက်တဲ့စာရပေမယ့် အလုပ်တွေမပြတ်သေးလို့ ချက်ချင်းမလာနိုင်ခဲ့ဘူး၊ ခုလို ဖြစ်မယ်လို့လည်း မထင်ခဲ့မိဘူး၊ ဆရာကြီးကို သွားကန်တော့လိုက်အုံးမယ်၊ ဒါ ဆရာကြီးဆေးဖော်စပ်ဖို့ ယူလာခဲ့တဲ့ ပျားရည်စစ်စစ်တွေပါ''

အဒန်းက ပျားရည်ပုလင်းကို ဆရာကြီးကတော်လက်ထဲထည့်ပေးလိုက်ပြီး ဆရာကြီးမြှုပ်နှံထားရာနေရာသို့ ထွက်လာခဲ့သည်။ ဆရာကြီးမြေပုံအနီးရောက်ပြီး အဒန်းက ညီ့ကိုပြောလိုက်သည်။

''ကဲ ညီ၊ တို့ဆရာကြီးကို ကန်တော့ကြစို့၊ မင်းရဲ့ဆရာဖြစ်သလို ငါ့ရဲ့ ကျေးဇူးရှင်လည်းဖြစ်တယ်''

အဒန်း ဆရာကြီးမြေပုံထိုင်ကန်တော့နေစဉ် ညီ့က အဒန်းကိုတစ်လှည့် မြေပုံကိုတစ်လှည့် ကွက်ကြည့် ကွက်ကြည့်လုပ်နေသည်။ အဒန်းမျက်ရည်မကျအောင်ထိန်းရင်း အံကြိတ်ထားလိုက်မိသည်။ အစားထိုး၍မရသော ဆုံးရှုံးမှုအတွက် ကြေကွဲနေမိသည်။ ဆရာကြီးအဟိန်၏ပညာကို မည်သို့မျှ အစားထိုး၍ မရနိုင်ပါ။ တတ်မြောက်သူလည်း မရှိနိုင်ပါ။

ဆရာကြီးကတော်က ညအိပ်ပါဆို၍ ဆရာကြီးအိမ်တွင် အဒန်းတို့ တစ်ညအိပ်ခဲ့ရသည်။ စတိန်ရွာတွင် မိမိကမျက်နှာစိမ်းဖြစ်ပြီး အသိအကျွမ်း နည်းပါးလှသည်။ ယခင် ဆရာကြီးထံတွင်နေထိုင်ခဲ့စဉ်က သိဟောင်းကျွမ်းဟောင်းများ မရှိတော့ပါ။ အချို့မှာ စီးပွားရေးအဆင်ပြေသည့် မြို့တော်မြို့သို့ ပြောင်းရွှေ့သွားကြသည်။ အချို့မှာ ပင်လယ်ပြင်ငါးဖမ်းထွက်နေကြသည်။ ညီ့ကလည်း ပြဿနာကောင်ဖြစ်နေသည်။ မျက်နှာစိမ်းများကြားတွင် တကွဲကွဲနှင့် အော်နေတတ်သည်။ အခြားသူများ အနှောင့်အယှက်မဖြစ်စေရန် ညီ့ကို ထိန်းနေရသည်။ နောက်တစ်နေ့နံနက်တွင် ဆရာကြီးကတော်ကို နှုတ်ဆက်ကန်တော့သည်။ အကြောင်းကိစ္စရှိက လှေကြုံဖြင့် မိမိထံ အကြောင်းကြားရန်နှင့် မိမိလည်း မကြာခဏလာမည်ဖြစ်ကြောင်း နှစ်သိမ့်ပြောဆိုရသည်။ ရက်လည်သည်အထိနေရန် တားနေသည့်ကြားမှပင် မိမိနေထိုင်ရာကျွန်းသို့ပြန်ရန် အဒန်းဆုံးဖြတ်လိုက်ရသည်။ မျက်နှာစိမ်းများရပ်ရွာတွင် ညီ့နှင့် မည်သို့မျှနေ၍မဖြစ်တော့ပါ။

အဒန်းတို့ကမ်းနားရောက်ချိန်သည် ရေပြည့်နေချိန်ဖြစ်သည်။ လှေမှာ ကမ်းစပ်သို့ ရောက်နေသည်။ လှေချည်သည့် ငုတ်တိုင်မှာ ပေါင်ရင်းခန့်အထိ ရေမြုပ်နေသည်။ အဒန်းငုတ်တိုင်မှ လှေချည်သည့်ကြိုးဖြေပြီးချိန်တွင် ညီ့လှေပေါ်ရောက်နှင့်နေပြီဖြစ်သည်။ အဒန်းပစ်ပေးသည့်ကြိုးကို ညီ့က ဖမ်းယူလိုက်သည်။ အဒန်းစက်ကို စစ်ဆေးနေစဉ်မှာပင် ညီ့က စက်နှိုးသည့်လက်လှည့်ဂေါက်တံကိုယူကာ အဒန်းကို ကမ်းပေးသည်။ အဒန်းက ညီ့၏ဦးခေါင်းကို ချစ်စနိုးဖြင့် အသာအယာပုတ်လိုက်သည်။ အဒန်းစက်နှိုးပြီး စတိန်ရွာမှ ထွက်လာခဲ့သည်။ ပင်လယ်ပြင်မှာ ကြည်လင်သာယာနေသည်။ လှေမှာ တရိပ်ရိပ်ပြေးနေသည်။ အဒန်း၏ စိတ်အတွေးများလည်း ပျံ့လွင့်နေသည်။ ဆရာကြီး၏ ပုံရိပ်များက အတွေးထဲပေါ်လာသည်။

''စတိန်ရွာ''

ကံမော်ကျွန်းကြီး၏ အစွန်အဖျားတွင်ရှိသော ရွာကြီးဖြစ်သည်။ သံဖုန်၊ သဲတန်း၊ အုန်းတောကမ်းရွာများနှင့် ဆက်စပ်တည်ရှိနေသော်လည်း စတိန်ရွာကိုသာ လူသိများသည်။ စတိန်ရွာ လူသိများ၍ ထင်ပေါ်ရခြင်းမှာ ဆရာကြီးအဟိန်ကြောင့် ဖြစ်သည်။ စတိန်ရွာနှင့် ဆရာကြီးအဟိန်သည် ခွဲခြား၍မရစကောင်းပါ။ ဆရာကြီးအဟိန်၏ ပညာမျိုးက တတ်မြောက်သူ ရှားပါးလှသည်။ တောတောင်တွင်းမှ မျောက်တစ်ကောင်ကို လူ၏ အခိုင်းအစေဖြစ်ရန် လေ့ကျင့်သင်ကြားပေးရသည့် ပညာရပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ ဆရာကြီးမှလွဲ၍ မည်သူမျှ မတတ်စွမ်းနိုင်ပါ။ မျောက်တစ်ကောင်ကို အနည်းဆုံးတစ်နှစ်၊ သို့မဟုတ် တစ်နှစ်ခွဲခန့် လေ့ကျင့်သင်ကြားပေးရသည်။ တစ်ခါတရံသည် ကာလထက်ပင် ပို၍ကြာသည်လည်း ရှိတတ်သည်။ မျောက်ကို လေ့ကျင့်သင်ကြားပေးရသည့် ပညာရပ်မှာ အခြားမဟုတ်ပေ။ ရေမြေဒေသနှင့်လိုက်ဖက်သည့် အုန်းသီးဆွတ်ခူးသော ပညာဖြစ်သည်။ သင်ကြားသည့် အခကြေးငွေမှာ အချိန်ကြာလျှင်ကြာသလို့ ပေးရသည်။ အုန်းသီးအခိုင်ရွေးခြင်း၊ အနုအရင့်၊ အစိုအခြောက်ခွဲခြားခြင်း၊ သခင့်အလိုကျ ဆွတ်ခူးပေးခြင်း စသည့် ပညာရပ်များ လေ့ကျင့်သင်ကြားပေးသည်။ ထို့အပြင် သခင်ဖြစ်သူ

အပေါ် သစ္စာရှိရန်၊ သခင့်အမိန့်နာခံတတ်ရန်နှင့် မျက်နှာစိမ်း၊ မျက်နှာကျက်ခွဲခြားတတ်ရန်လည်း လေ့ကျင့်သင်ကြားပေးသည်။ ဤဒေသတွင် အုန်းပင်များက ဖြစ်ထွန်းရှင်သန်လှသည်။ လူကိုခိုင်းခြင်းထက် မျောက်ကိုခိုင်းစေခြင်းက စျေးနှုန်းပို၍သက်သာသည်။ ထို့ကြောင့် မျောက်ကိုသာ ခိုင်းလေ့ရှိသည်။ ထိုပညာရပ်များ သင်ကြားပေးနိုင်သည့် ဆရာကြီးအဟိန်၏အမည်မှာလည်း ထင်ပေါ်ကျော်ကြားနေတော့သည်။ အနီးအနားရွာများသာမက အရှေ့ဘက်ရှိ အလယ်မန်ကျွန်း၊ ပါဝယ်ကျွန်း၊ တောင်ဘက်ရှိ ဝက်ကျွန်း၊ မော်ခေါင်းတုံးကျွန်း၊ မြောက်ဘက်ရှိ ဘုတ်ကျွန်း၊ ကြက်ကျွန်းများအထိ ဆရာကြီးအဟိန်၏အမည်က ပျံ့နှံ့ထင်ရှားလှသည်။ ဆရာကြီးအဟိန်မှာ တိုင်းရင်းဆေးဆရာလည်း ဖြစ်နေသည်။

ဆရာကြီးမှာ အဒန်း၏ မိဘများနှင့် ရင်းနှီးသူလည်း ဖြစ်သည်။ မိဘများကွယ်လွန်သွားပြီး အဒန်းမှာ တစ်ကောင်ကြွက်ဘဝမျိုးဖြင့် ကျန်ရစ်ခဲ့သည်။ ညီအစ်ကိုမောင်နှမမရှိ၊ ဆွေမျိုးမရှိဖြင့် မိဘများ၏ အုန်းခြံကိုသာ အမွေခံအဖြစ်ရရှိခဲ့သည်။ အဒန်းက အုန်းသီးခူး၊ အုန်းသီးရောင်းခြင်းဖြင့်အသက်မွေးသည်။ အဒန်းက အုန်းသီးကို ကိုယ်တိုင်ခူးသည်။ အဒန်းပင်ပန်းနေသည်ကို မကြည့်ရက်တော့၍ ဆရာကြီးအဟိန်က မျောက်တစ်ကောင်နှင့်အတူ အဒန်းကို သူ့ထံသို့ ခေါ်ထားလိုက်သည်။ အဒန်းတို့ဒေသ တောတောင်များတွင် မျောက်များပေါများလှသည်။ သို့သော် ဆရာကြီးက မျောက်ညိုကိုသာ သင်ကြားပေးလေ့ရှိသည်။ မျောက်ညိုကိုမရမှသာ မျောက်ဖင်နီကို အသုံးပြုသည်။ မျောက်တံငါကိုမူ အသုံးပြုလေ့မရှိပါ။ မျောက်ညိုတစ်ကောင်နှင့်အတူ အဒန်း ဆရာကြီးတို့စတိန်ရွာတွင် တစ်နှစ်ကျော်နေထိုင်ခဲ့သည်။ သခင်ဖြစ်မည့်သူနှင့် ရင်းနှီးကျွမ်းဝင်စေရန် အဒန်းကိုပါ ခေါ်ယူထားခြင်းဖြစ်သည်။

မိဘများ၏မျက်နှာဖြင့် သင်ကြားခ တစ်ပြားတစ်ကျပ်မှ မပေးခဲ့ရပေ။ ထို့မျှသာမက စားသောက်နေထိုင်ရေးအတွက်ပါ တာဝန်ယူကြသေးသည်။ ဆရာကြီးကတော်မှာလည်း မိခင်အရင်းသဖွယ် သဘောထားပြည့်ဝသူဖြစ်သည်။ အဒန်းကို သားတစ်ယောက်ကဲ့သို့ သဘောထားကာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ အဒန်း၏ ဖခင်မှာ မြိတ်သားဖြစ်သော်လည်း ကျွန်းမှ ဆလုံတိုင်းရင်းသူနှင့် အိမ်ထောင်ကျသည်။ အဒန်းတစ်ဦးတည်းသာ မွေးဖွားပြီး ကွယ်လွန်ခဲ့သည်။ အဒန်း၏မိခင်မှာ ဆလုံဘာသာစကား၊ ပသျှူးဘာသာစကားများ ပြောတတ်သည်။ မိခင်၏ကျေးဇူးကြောင့် အဒန်းက ဆလုံစကား၊ ပသျှူးစကားများ ပြောတတ်သည်။ ဆရာကြီး အဟိန်၏ကျေးဇူးကြောင့် ညို့ကို အားကိုးနေရပြီဖြစ်သည်။ အုန်းသီးခူးရာတွင် ညို့ကိုသာ ခိုင်းနေရသည်။ အဒန်းတို့ရွာတွင် ညို့ကို မသိသူမရှိသလောက်ဖြစ်သည်။ ညိုကို ရွာသားတိုင်းသိသလို ညိုကလည်း ရွာသားတိုင်းကို သိနေသည်။

**အဒန်းတို့ဒေသ တောတောင်များတွင် မျောက်များ ပေါများလှသည်။ သို့သော် ဆရာကြီးက မျောက်ညိုကိုသာ သင်ကြားပေး လေ့ရှိသည်။ မျောက်ညိုကို မရမှသာ မျောက်ဖင်နီကို အသုံးပြုသည်။ မျောက်တံငါကိုမူ အသုံးပြုလေ့မရှိပါ။**

အဒန်းမည်မျှကြာအောင် တွေးတောနေမိသည်ကို မသိတော့ပါ။ ညို့ထံမှ ကွိကွိ အော်သံကြားလိုက်ရမှ အတွေးများ ပြတ်သွားတော့သည်။ အဒန်းရှေ့သို့ကြည့်လိုက်သည်။ မိမိတို့ရွာအနီး ရောက်ရှိနေပြီဖြစ်သည်ကို တွေ့လိုက်ရသည်။ မိနစ်ပိုင်းအတွင်း ရွာသို့ပြန်ရောက်တော့မည်ဖြစ်၍ ညို လှုပ်လှုပ်ရွရွဖြစ်နေခြင်းဖြစ်သည်။ အဒန်းက လှေဆိုက်ကပ်ရာ သောင်စပ်သို့ဦးတည်လိုက်ပြီး စက်အရှိန်လျှော့လိုက်သည်။

လှေ ချည် တိုင် တွင် သေချာစွာချည်နှောင်ပြီး ကမ်းပေါ်သို့ တက်လာသည်။ ကမ်းပေါ်ရောက်ပြီး ရွာထဲဝင်စမှာပင် အုန်းသီးခူးလိုသည့် ခြံရှင်နှစ်ဦးကို တွေ့လိုက်ရသည်။ အဒန်းတို့ကို လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

''အဒန်းရေ၊ နင်နဲ့ညို ငါ့ခြံကို လာခဲ့ကြ၊ အုန်းသီးခူးမလို့''

''ဘယ်တော့လဲ၊ အခုပဲ လာခဲ့ရမလား''

''ဟုတ်တယ်၊ မြိတ်တက်မယ့်လှေကြုံရှိတုန်း အုန်းသီးတင်ပေးလိုက်ချင်လို့''

''ဟာ ဒီနေ့တော့ အချိန်မရှိတော့ဘူးထင်တယ်၊ ကျွန်တော်တို့ ခရီးပန်းလာတယ်၊ မနက်ဖြန်မနက်စောစောမှ လာခဲ့မယ်''

''အေး ဒါဆိုလည်း နင့်သဘောပဲ၊ စောစောသာလာခဲ့ကြ၊ ကိုချိုင်း၊ ကိုချိုင်းနော်'' အုန်းသီးခူးလိုသူက ကိုချိုင်း၊ ကိုချိုင်းဟု ပြောသွားသည်။ ဆလုံဘာသာစကားဖြင့် မနက်ဖြန် မနက်ဖြန်ဟု ဆိုလိုက်ခြင်းဖြစ်သည်။

အဒန်းပိုင်ဆိုင်သော အုန်းခြံသည် ကျွန်းကြီးအစွန်အဖျားတွင်တည်ရှိသည်။ ခြံလယ်တွင် တဲတစ်လုံးသာရှိသည်။ ထိုတဲ၏အရှင်သခင်မှာ အဒန်းနှင့် ညိုတို့သာဖြစ်သည်။ အဒန်းတို့ကဲ့သို့ ဆင်းရဲသူများသာ ကျွန်းအစွန်အဖျားတွင် နေထိုင်ကြသည်။ စီးပွားရေး ပြေလည်သူများမှာ ကျွန်း၏ အတွင်းပိုင်း လေကွယ်ရာ မိုးကွယ်ရာတွင် နေထိုင်ကြသည်။ ကျွန်း၏ အတွင်းပိုင်းတွင် စည်ကားသောရွာကြီးရှိသည်။ အိမ်ကြီးအိမ်ကောင်းများဖြင့် မြို့ငယ်လေးတစ်မြို့ကဲ့သို့ စည်ကားသော ရွာကြီးရှိသည်။

မြိတ်၊ ပုလော၊ ကျောက်ကာ၊ ကံမော်တို့မှ လာရောက်

စီးပွားရှာသူများမှာ ရွာအစွန်အဖျားတွင် မနေကြပါ။ ကျွန်းကြီး၏အတွင်းပိုင်းရှိ ရာသီဥတုဒဏ် အကာအကွယ်ရှိသော ရွာကြီးတွင်သာ နေထိုင်ကြသည်။ ရေလုပ်ငန်းကြောင့် အတွင်းပိုင်းရွာကြီးမှာ စည်ကားနေခြင်းဖြစ်သည်။ ရေလုပ်ငန်းဆိုသော်လည်း ရေငန်ပုစွန်ဖမ်းသူ၊ ငါးဖမ်းသူနှင့် ရေချူရာသီတွင် ရေချူဖမ်းသူ အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ကျွမ်းကျင်ရာလုပ်ငန်းဖြင့် စီးပွားရှာကြသည်။ ဗမာများမှာ ပုစွန်၊ ဒေသထွက်အုန်းသီးများ ဝယ်ယူစုဆောင်းပြီး မြိတ်မြို့ရှိ အဝယ်ဒိုင်များသို့ သွားရောက်ရောင်းချကြသည်။ မြိတ်မြို့မှ မုန့်များလုပ်ရန် သကာ၊ ထန်းလျက်၊ ဓနိနှင့် ဆန်များ သယ်ယူလာပြီး ကျွန်းပေါ်တွင် ပြန်လည်ရောင်းချကြသည်။ ကျေးရွာအုပ်ချုပ်မှုကိစ္စများကို ဘုတ်ပြင်းမှ ဆောင်ရွက်ပေးသည်။ အဒန်းတို့ရွာသည် ဘုတ်ပြင်းမြို့နယ် လက်အောက်ခံဖြစ်သည်။ အိမ်ရာအတည်တကျမရှိဘဲ လှေပေါ်တွင်သာ နေထိုင်သည့် ဆလုံတိုင်းရင်းသားများမှာ ရွာပြင်တွင်သာနေထိုင်လေ့ရှိကြသည်။ ကျွန်းဒေသဖြစ်သဖြင့် လုံခြုံမှု၊ အုပ်ချုပ်မှုကိစ္စများကို ရွာလူကြီး၏ အစီအမံဖြင့် ဆောင်ရွက်လေ့ရှိသည်။

အုပ်ချုပ်မှုအလှမ်းဝေးသဖြင့် ဓားပြ၊ လူဆိုးများ၏ အန္တရာယ်လည်းရှိနေသေးသည်။ ဓားပြ တိုက်၊ လုယက်ခံခဲ့ရဖူး၍ အတွင်းပိုင်းရွာကြီးကို ခြံစည်းရိုးကာရံထားပြီး လုံခြုံရေးကင်းများချထားသည်။ ရွာသားများ အလှည့်ကျကင်းစောင့်ရသည်။ ဓားပြတိုက်၊ လုယက် ဆက်ကြေးတောင်းသူများကို ရွာခံများက လူစိမ်းဟု အမည်ပေးကာ ခေါ်ဝေါ်ကြသည်။

နောက်တစ်နေ့နံနက်စောစောတွင် အဒန်းက ညီကို ကျွေးနေကျငှက်ပျောသီးသာမက ကြက်ဥများပါ ကျွေးသည်။ ယနေ့ အုန်းခြံနှစ်ခြံ အုန်းသီးခူးရမည်ဖြစ်၍ ညီအားရှိအောင် ကျွေးမွေးထားခြင်းဖြစ်သည်။ နံနက်စောစောစားသောက်ပြီးသည်နှင့် အဒန်းနှင့်ညီတို့ အုန်းသီးစခူးပါတော့သည်။ အဒန်းတစ်လှည့်၊ ညီတစ်လှည့် အုန်းပင်ပေါ်တက်ကြပြီး အုန်းသီးခူးသည်။ အဒန်းညွှန်ပြရာ အုန်းပင်ပေါ် ညီတက်သွားစဉ် ညီ့ခါးတွင် ကြိုးရှည်တစ်ချောင်း တွဲလောင်းကျနေသည်။ ညီ အုန်းပင်ထိပ်ဖျားရောက်သည့်တိုင် ကြိုးစမှာ မြေကြီးပေါ်တွင် ပုံနေသေးသည်။ အုန်းပင်အောက်မြေပေါ်မှ အဒန်းက ကြိုးစကိုင်လျက်ဖြင့် အုန်းပင်ပေါ်မှ ညီကို အမိန့်ပေးသည်။ အုန်းသီးခြောက်များ မြေပေါ်သို့ တဖုတ်ဖုတ်ပြုတ်ကျလာသည်။ အုန်းပင်ပေါ်မှ ညီက အုန်းသီးအခိုင်ကိုကိုင်ကာ မြေပြင်မှ သူ့သခင်အဒန်းကို ငုံ့ကြည့်လိုက်သည်။ အဒန်းက ကြိုးကိုကိုင်လှုပ်၍ ပသျှူးစကားဖြင့် ပါလက်၊ ပါလက် ဟုဆိုပြီး ဝေးရာသို့ ရှောင်နေလိုက်သည်။ ပသျှူးစကား ပါလက်ဆိုသည်မှာ ခြွေချလိုက်ဟု အဓိပ္ပာယ်ရသည်။ ညီက သူ့သခင်အမိန့်အတိုင်း အုန်းသီးများ ခြွေချပေးသည်။ ညီခြွေချပေးသမျှ အဒန်းက လိုက်လံကောက်ယူစုပုံထားလိုက်သည်။ ဤသို့ဖြင့် ညီတစ်လှည့် အဒန်းတစ်လှည့်ဖြင့် အုန်းခြံနှစ်ခြံ ဆက်တိုက်ခူးလိုက်သည်။ ညနေစောင်းမှ အလုပ်ပြီးတော့သည်။ အလုပ်သိမ်းချိန်တွင် အဒန်းက ညီကို ကြက်ဥနှစ်လုံးထပ်ကျွေးလိုက်သည်။

ယနေ့အလုပ်ပင်ပန်းသဖြင့် အဒန်းနှင့်ညီတို့ ခပ်စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ ရာသီဥတုမှာ ကြည်လင်သာယာနေသည်။ လဆုတ်ရက် လရောင်အလင်းတန်းက အုန်းလက်များကြားမှ မပီဝိုးဝါးထိုးဖောက်ကျရောက်နေသည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကမ်းစပ်သို့ ရိုက်ခတ်လာသော လှိုင်းရိုက်သံများသာ ကြားနေရသည်။ သန်းခေါင်ကျော် အချိန်ခန့်တွင် ပင်လယ်ဘက်မှ မြည်လာသော ပဲ့ချိတ်စက်သံများ သဲ့သဲ့ကြားလိုက်ရသည်။ စက်သံများကမ်းနှင့် တဖြည်းဖြည်းနီးလာသည်။ လရောင်က မှုန်ဝါးဝါးသာလင်းနေသည်။ ပဲ့ချိတ်စက်သံများ အဒန်းတို့အုန်းခြံစပ်အနီးတွင် ရပ်တန့်တိတ်ဆိတ်သွားသည်။ စက်သံများပျောက်သွားသည်။

တစ်စုံတစ်ဦးက လှုပ်နှိုးခြင်းခံလိုက်ရသဖြင့် အဒန်းအိပ်ရာမှ နိုးလာရသည်။ မိမိခြေရင်းတွင် ညီကို တွေ့လိုက်ရသည်။ ညီ၏နှာခေါင်းမှာလည်း ပွစိပွစိဖြစ်နေသည်။ တစ်ခုခုထူးခြားမှုရှိ၍သာ ညီက မိမိကို နှိုးလိုက်ခြင်းဖြစ်ကြောင်း အဒန်းသိလိုက်သည်။ အဒန်းက တဲတံခါးကို အသာဖွင့်လိုက်သည်။ လရောင်ဝိုးတဝါးအောက်တွင် တဲနှင့် မလှမ်းမကမ်းမှလူအချို့ ဖြတ်သွားသည်ကို လှမ်းတွေ့လိုက်ရသည်။ အချို့မှာ သေနတ်ကိုင်ထားကြသည်။ အဒန်းက ဆလုံဘာသာစကားအသံထွက်ဖြင့် ရေတွက်ကြည့်လိုက်သည်။

“ခပ်၊ ဒွပ်၊ တလွိန်း၊ ပမ့်၊ နစ်မန့်၊ နာမ်(မ်)၊ ဝူကျ၊ ဝလေ့၊ ချပိုင်၊ ကပေါ့”

တစ်မှတစ်ဆယ်ရောက်သည့်တိုင် လူမကုန်သေးပေ။ သည်အချိန်သေနတ်ကိုင်ပြီးရောက်ရှိလာသူများသည် လူ



ကောင်းများမဖြစ်နိုင်။ လူစိမ်းများသာဖြစ်မည်။ အတွင်းပိုင်း ရွာလူကြီးကို ဓားပြတိုက်၊ လုယက်ရန် ရောက်လာသူများ ဖြစ်နိုင်သည်။

ထိုသို့တွေးတောနေစဉ်မှာပင် ညို့ထံမှ ကွိကွိကွိကွိနှင့် အသံထွက်လာသည်။ တိတ်ဆိတ်နေသောအချိန်မို့ ညို့အသံက ကျယ်လောင်နေသည်ဟု ထင်ရသည်။

''ဟဲ့ ညို၊ တိတ်တိတ်နေစမ်း၊ အဲဒါ လူစိမ်းတွေကွ''

အဒန်းစကားမဆုံးမီမှာပင်–

''ဟိုတဲထဲက အသံကြားရတယ် ဆရာ''

''လုပ်မနေစမ်းပါနဲ့၊ ဒီတဲထဲက ဘာရမှာမို့လဲ၊ ရွာထဲကိုသာ သွား၊ အသံလုံပါစေ''

''မဟုတ်ဘူး ဆရာ၊ ကျွန်တော်တို့အတွက် အနှောင့်အယှက်ဖြစ်နေအုံးမယ်၊ ကျွန်တော် သွားကြည့်လိုက်အုံးမယ်''

လူတစ်ဦး သေနတ်ကိုင်လျက် တဲဘက်သို့ လျှောက်လာနေသည်ကို လရောင်ဖြင့် တွေ့နေရသည်။ အဒန်းက ညို့ကို ပွေ့ယူလိုက်သည်။ တဲ အနောက်ဘက်တံခါးဖွင့်ပြီး ရွာဘက်သို့ ဦးတည်၍ပြေးထွက်ခဲ့သည်။ ရွာတံခါးပေါက်ရှိရာသို့ သွားသည့် ဖြတ်လမ်းကို အဒန်းသိထားသည်။ ထိုလမ်းမှာ အသုံးပြုခဲသဖြင့် ချုံနွယ်များဖြင့် ပိတ်ဖုံးနေသည်။ အပြေးသွားရသဖြင့် ခလုတ်တိုက် လဲကျသွားသည်။ လက်ပေါ်မှ ညိုလည်း လွတ်ထွက်သွားသည်။

''ဟာ ဟိုမှာ လူရိပ်တစ်ခု ပြေးသွားတယ်''

''ရှင်းပစ်လိုက်ကွာ ကြာတယ်''

သေနတ်မောင်းတင်သံ

**ရွာလူကြီး၏ အမြော်အမြင်ရှိရှိ ကြိုတင်ပြင်ဆင် စီမံထားရှိမှုများနှင့် ရွာသားများ၏ နိုးကြား ညီညွတ်မှုတို့ကြောင့် လူဆိုးဓားပြများ၏ လုယက်တိုက်ခိုက် ခံရမည့် ဘေးအန္တရာယ်မှ လွတ်မြောက် ခဲ့ရသည်။**

ကြားလိုက်ရသည်။ ညိုကို ဂရု မစိုက်နိုင်တော့ပါ။ အဒန်းအားသွန်ပြေးခဲ့သည်။

''ဟေ့ မလုပ်နဲ့၊ မလုပ်နဲ့၊ သေနတ်သံကြားသွားလို့ မဖြစ်ဘူးကွ၊ ကင်းသမားရှိပုံရတယ်၊ သတိထားကြ''

ခေါင်းဆောင်ဖြစ်ဟန်တူသူက ပြောလိုက်ခြင်းဖြစ်သည်။

''ဟာ ဒီဘက်မှာ တလှုပ်လှုပ်နဲ့ ဘာကောင်လဲ၊ သေနတ်နဲ့မပစ်ရဘူးဆိုတော့ ကဲကွာ၊ ကဲကွာ''

ထိုသူကပြောပြောဆိုဆို သေနတ်ဖြင့် တအားလွှဲပြီး ရိုက်ထည့်လိုက်သည်။ ညို၏ စူးစူးဝါးဝါး အော်သံကြားလိုက်ရသည်။ အမှောင်ထဲဝယ် အဒန်းအလျင်အမြန်ပြေးသွားသည်။ မကြာမီ ခြံစည်းရိုးထိပ်မှ တုံးခေါက်သံကြားရသည်။ သံချောင်းခေါက်သံများလည်း ဟိုမှသည်မှ ပေါ်ထွက်လာသည်။ မီးတုတ်များ ကိုင်ဆောင်ထားသော ရွာသားများ ခြံတံခါးအနီးသို့ စုရုံးရောက်ရှိလာကြသည်။ အလင်းရောင်ပေါ်စ အရုဏ်ဦးအချိန်သို့ ရောက်ခဲ့ပြီဖြစ်သည်။

''ခြံပြင်မှာ သေနတ်တွေနဲ့ လူစိမ်းတွေရောက်နေတယ်တဲ့၊ အဝင်မခံနဲ့၊ ခြံတံခါးလုံအောင် ထိန်းထား၊ မည်းမည်းမြင်တာနဲ့ပစ်ကွာ''

ရွာလူကြီး၏ အော်ဟစ်ပြောဆိုသံအဆုံးဝယ် တဂျိုးဂျိုးနှင့် မြားတံများ တစ်စင်းပြီးတစ်စင်း ပစ်လွှတ်နေကြသည်။ ဒူးလေးခလုတ်ဖြုတ်သံများ တဒုတ်ဒုတ် ပေါ်ထွက်လာသည်။ ခြံစည်းရိုးအပြင်ဘက်မှ သေနတ်သံများလည်း တဒိုင်းဒိုင်း ကြားနေရသည်။ အလစ်အငိုက်ဖမ်း၍မရသော လူဆိုးဓားပြများ ရွာအတွင်းသို့ မဝင်နိုင်ခဲ့ပါ။ ရွာသားများက အကာအကွယ်များနောက်တွင် နေရာယူထားပြီး ဒူးလေး၊ မြားတို့ဖြင့် ပစ်ခတ်နေသည်။ ရွာသားများက လူဆိုးဓားပြများကို မြင်တွေ့နေရသည်။ ဓားပြများ ရွာသားများကို မတွေ့ဘဲ ရမ်းသန်းပစ်ခတ်နေသည်။ ရွာသားများနှင့် လူဆိုးဓားပြများ၏ တိုက်ပွဲမှာ အချိန်အနည်းငယ်သာ ကြာလိုက်သည်။ အလင်းရောင်ကို ရင်မဆိုင်ဝံ့သော လူဆိုးဓားပြများ ခွေးပြေးဝက်ပြေး ဆုတ်ခွာသွားခဲ့ရသည်။ ရွာလူကြီး၏ အမြော်အမြင်ရှိရှိ ကြိုတင် ပြင်ဆင်စီမံထားရှိမှုများ နှင့် ရွာသားများ၏ နိုးကြား ညီညွတ်မှုတို့ကြောင့် လူဆိုးဓားပြများ၏ လုယက်တိုက်ခိုက်ခံရမည့် ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်။ သွေးစည်းညီညွတ်မှုတည်းဟူသော တံတိုင်းမှာ ခြံစည်းရိုးထက်ပင် ပို၍လုံခြုံနေတော့သည်။ အလင်းရောင်ပေါ်စပြုလာပြီဖြစ်သည်။

''ကဲ အလင်းရောင်ရနေပြီ၊ လူဆိုးတွေ ဘယ်လမ်းက ဝင်လာတယ်ဆိုတာ သိရအောင် ရွာပြင်ထွက်ကြည့်ကြမယ်''

ရွာလူကြီးဦးဆောင်ကာ ရွာသားများ ကင်းသမားတို့ ခြံစည်းရိုးတံခါးဖွင့်ကာ အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

''ဟာ ဒီမှာတစ်ယောက် မြားတန်းလန်းနဲ့ အသက်ပျောက်နေပါရောလား''

''ဒီကောင်တွေသေတာ အကြောင်းမဟုတ်ဘူး၊ တို့ရွာသားတွေ တစ်ယောက်မှ အထိအခိုက်မရှိတာတော်လှပြီ''

''အထိအခိုက်မရှိတာ အပြင်ကမ်းစပ်မှာနေတဲ့ အဒန်းကို ကျေးဇူးတင်ရမယ်၊ အဒန်းအပြေးအလွှားရောက်လာပြီး သတင်းပို့လို့ ကင်းသမားက တစ်ဆင့် တို့ အချိန်မီပြင်ဆင်နိုင်ခဲ့တာ''

ထိုအခါ ကင်းစောင့်သူက ပြောလိုက်သည်။

''ခုလိုမဖြစ်တာလည်း ကြာပြီဆိုတော့ ကျွန်တော်တို့

ကင်းသမားနှစ်ယောက်လည်း ငိုက်နေတာ၊ အဒန်းနေရာမှာ လူစိမ်းတွေသာဆိုရင် ကျွန်တော်တို့နှစ်ယောက် အသက်ပျောက်နေပြီ၊ အဒန်း မင်းကို ကျေးဇူးတင်ပါတယ်ကွာ''

''ကျွန်တော့်ကို ကျေးဇူးတင်တာထက် ကျွန်တော့်သား ညိုကို ဝိုင်းရှာပေးကြပါအုံး၊ လူစိမ်းတွေဝင်လာတာ ညို အရင်ဆုံးတွေ့ခဲ့တာ၊ အိပ်ပျော်နေတဲ့ကျွန်တော့်ကို ညိုနှိုးခဲ့လို့ ဒီကိုပြေးလာနိုင်တာ၊ ဒီကို ပြေးအလာမှာ ညိုလွတ်ထွက်သွားတယ်၊ ပြီးတော့ ညို့အော်သံလည်း ကြားလိုက်တယ်''

ရွာလူကြီးနှင့်ရွာသားများ အဒန်းနေထိုင်ရာတဲဘက်သို့ ထွက်လာကြသည်။ ညို့ကို ဝိုင်းရှာကြသည်။ ထိုအခိုက် ရွာသားတစ်ဦးထံမှ အသံကြားလိုက်ရသည်။

''အဒန်းရေ၊ ဒီမှာ ဒီမှာ မင်းရဲ့ညိုကိုတွေ့ပြီ၊ ဒါပေမဲ့'' အဒန်းနှင့်ရွာသားများ အပြေးအလွှားရောက်ရှိလာကြသည်။ အဒန်းက ညိုကို ပွေ့ယူကာ ရင်ခွင်တွင်း ဖက်ထားသည်။ ညို့အဖြစ်မှာ မြင်ရက်စရာပင် မရှိတော့ပါ။ ဦးခေါင်းနှင့် မျက်နှာတွင် သွေးအလိမ်းလိမ်း ဖြစ်နေသည်။ ညို့ထံမှ မည်သည့်အသံမျှ မကြားရပါ။ မချိအားငယ်သော မျက်လုံးဖြင့် သခင်ဖြစ်သူ အဒန်းကို မော့ကြည့်နေသည်။ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် အသက်ငွေ့ငွေ့သာရှိတော့သည်။ ဦးခေါင်းနှင့် မျက်နှာတွင် အရိုက်ခံထားရသည်။

''ဖြစ်မှဖြစ်ရလေ ညိုရယ်၊ တောက် လူစိမ်းတွေ လုပ်ရက်လိုက်တာ''

အဒန်းမှာ ညို့အဖြစ်ကို ကြည့်ရင်း ကြေကွဲဆို့နင့်စွာ ငိုရှိုက်နေသည်။ စကားများ တတွတ်တွတ်ပြောရင်း ညို့ကို ထွေးပွေ့ထားသည်။ ညိုက ငြိမ်နေသည်။ သခင်ဖြစ်သူ အဒန်းကို မော့ကြည့်နေသည်။ မြင်ရသူရွာသားတို့မှာလည်း မျက်ရည်များ ရစ်ဝဲလျက်ရှိနေကြသည်။ အတန်ကြာမှ အဒန်းက သတိဝင်လာပြီး ညို့ကို ငုံ့ကြည့်လိုက်သည်။ ညိုက သခင့်အလာကိုစောင့်ဆိုင်းနေသယောင် ဖြစ်နေသည်။ အဒန်းငုံ့ကြည့်နေခိုက်မှာပင် ညို့ဦးခေါင်း တစ်ဖက်သို့ စောင်းကျသွားပြီး မျက်လုံးများပိတ်ကာ အသက်ပျောက်သွားပါတော့သည်။ သခင့်ရင်ခွင်ထက်မှာပင် အသက်ပျောက်သွားခဲ့သည်။ ညိုဟုကျယ်လောင်စွာ အော်ဟစ်ရင်း အဒန်းက ဝိုင်းအုံကြည့်နေသူများကို မော့ကြည့်လိုက်သည်။

''ဟောဒီတစ်ရွာလုံး လူဆိုးဓားပြတွေ အလုအယက် မခံရအောင် ကျွန်တော့်သား ညိုက အသက်ပေးကာကွယ်သွားခဲ့တာ၊ ညိုရယ်၊ မျက်နှာစိမ်း လူစိမ်းတွေကိုတွေ့ရင် သခင့်ကို အသိပေးတတ်တဲ့ မင်းအသိဉာဏ်က မင်းကို ပြန်သတ်လိုက်သလိုပါပဲလား၊ ကြည့်ကြပါအုံးဗျာ၊ ခု ကျွန်တော် ဘယ်သူနဲ့ နေရတော့မှာလဲ''

အဒန်းမှာ အသက်မဲ့ ညိုကို ထွေးပွေ့ထားဆဲပင်ဖြစ်သည်။ အံကိုတင်းတင်းကြိတ်လျက် မျက်ရည်များ စီးကျနေသည်။ ညို့ကြောင့် အဒန်းမျက်ရည်ကျသည်လား။ လူစိမ်းများကို နာကြည်းမုန်းတီးမှုကြောင့် မျက်ရည်ကျသည်လားဆိုသည်ကို အဒန်းမှတစ်ပါး မည်သူမျှ မသိနိုင်တော့ပါ။

**မောင်မောင်မိုးအောင်**

# ကောင်းကင်ဘုံမှာ လူနည်း



ကွတ်ကောင်တီ(Cook County)က တရားသူကြီးနှစ်ဦး မကြာမတင်ကပဲ ကွယ်လွန်ခဲ့ကြပြီး တစ်ဦးက ငရဲကျပြီး တစ်ဦးက ကောင်းကင်ဘုံ ရောက်သွားတယ်။ ကောင်းကင်ဘုံရောက်သွားတဲ့ တရားသူကြီးက ငရဲကျတဲ့ တရားသူကြီးကို ဆက်သွယ်ပြီး စူးစမ်းတယ်–

''မိတ်ဆွေကြီး အဲဒီမှာ အခြေအနေဘယ်လိုလဲ''

တစ်ဖက်က ပြန်ဖြေတယ်–

''ကောင်းတယ် သူငယ်ချင်း၊ မနက် ၁၁ နာရီမှာ စရုံးထိုင်တယ်၊ အနီရောင်ဝတ်ရုံကြီးဝတ်ပြီး တရားစီရင်တာ ၁၁ နာရီ ၁၅ ဆို ပြီးပြီ၊ အမှု တစ်ခုတစ်ခုစစ်ရတာ သိပ်မြန်တယ်၊ တစ်နေ့ ၁၅ မိနစ်လောက်ပဲ အလုပ် ချိန်ရှိတယ်၊ မင်းတို့ဆီမှာကော ဘယ်လိုလဲ''

''ဟာ ကျုပ်တို့ဆီမှာ မလွယ်ဘူး၊ မနက် ၈ နာရီဆို ရုံးထိုင်ရပြီ၊ ည ၁၀ နာရီ၊ ၁၁ နာရီအထိ တရားစီရင်လို့ မပြီးနိုင်ဘူး၊ ကျုပ်တို့အရင် လူ့ဘဝတုန်းက ရုံးအလုပ်များတယ်ဆိုတာ ဘာဟုတ်မလဲ၊ အခုက ပိုဆိုးတယ်၊ အမှုတွဲစာရေးက အမှုတစ်မှုတင်ဖို့ကို ၁၀ နှစ် ၁၅ နှစ်လောက်ကြာတယ်''

''ဒါနဲ့များ သူငယ်ချင်းက ဘာတွေအလုပ်များနေလဲ''

''ခင်ဗျားကို အမှန်အတိုင်းပြောရရင်တော့ဗျာ ကျုပ်တို့ဆီမှာ တရား သူကြီးအင်အားမလုံလောက်ဘူးဗျ၊ သိလား''လို့ ကောင်းကင်ဘုံက တရားသူကြီးက ပြန်ပြောလိုက်ပါတယ်။

**မောင်သီဟ**

# သွေးတိုးရောဂါအကြောင်း

# သိမှတ်ဖွယ်ရာ



လှိုင်ဘွားအောင်

**သွေးတိုးအကြောင်းပြည့်စုံစွာရေးသားချက်**

နိုဝင်ဘာလ (၂၂)ရက်တွင် UMFCCI ခန်းမတွင် ပါမောက္ခဒေါ်နီနီမြင့်က သွေးတိုးရောဂါအကြောင်းကို ဟောပြောခဲ့ပါသည်။ ပါမောက္ခနီနီမြင့်က တပ်မတော်အမှတ်(၁)ဆေးရုံတွင် နှလုံးအထူးကုနှင့် သွေးတိုးရောဂါကုသရေးတာဝန်ကို ထမ်းဆောင်နေပါသည်။ နှလုံးသွေးကြောချဲ့အသင်း ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

**သွေးတိုးအကြောင်း**

မြန်မာနိုင်ငံတွင် သွေးတိုးနှုန်းက ပိုမိုဖြစ်လာကြပြီး နေ့စဉ် သေနှုန်းကလည်းမြင့်နေပါသည်။ သွေးဖိအားကိုတိုင်းတာလျှင် များနေတဲ့ရောဂါကို သွေးတိုးရောဂါဟုခေါ်ပါသည်။ သွေးတိုးရောဂါ အဖြစ်များတာ၊ နှလုံးက ညှစ်အားအလွန်များနေတဲ့လူတွေ၊ နှလုံးခုန်နှုန်း မြန်နေတဲ့လူတွေ၊ နှလုံးသွေးကြောကျဉ်းနေခြင်း၊ အဲဒါက သွေးကြောထဲမှာ ကယ်လစီယမ်(ထုံးဓာတ်)နှင့် အဆီဓာတ်များနေခြင်း၊ နှလုံးသွေးကြောထဲမှာ ဖြတ်စီးနေတဲ့သွေးတွေက ပျစ်နေခြင်းကြောင့် နှလုံးရောဂါနှင့်တွဲလျက် သွေးတိုးရောဂါပါ ဖြစ်တတ်ပါသည်။ ထိုပျစ်နေသောသွေးများကျဲသွားအောင် အဆီအငန်လျှော့စားခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ဆီများကိုလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်များများ စားခြင်းတို့ဖြစ်ပါသည်။

**သွေးတိုး၏အန္တရာယ်**

သွေးကြောအတွင်းမှာ အဆီများနေခြင်း၊ သွေးများပျစ်လွန်း၍ သွေးကြောမှာအနာဖြစ်၊ အနာဖြစ်ပြီးပေါက်ထွက်သွားလျှင်

လေဖြတ်ပါသည်။ ထို့အတူ ဦးခေါင်းအတွင်းမှ သွေးကြောများ ပျစ်လွန်း၍ သွေးကအတင်းတိုး၍ ဖြတ်စီးရသဖြင့် ပေါက်ထွက်သွားပါသည်။ ထိုအခါ လေဖြတ်ပါသည်။ နှလုံးသွေးကြောထဲတွင် အဆီများပိတ်နေ၍ သွေးကနှလုံးထဲသို့ မရောက်နိုင်တော့၍ နှလုံးက သွေးမရ သွေးငတ်ပြီး နှလုံးခုန်ရပ်သွားပြီး သေဆုံးတတ်ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ အဆီများများစားခြင်းကိုရှောင်ကြဉ်ရမည်။ Fast Food (အမြန်ရအစားအစာ)များမစားရ၊ အဆီအနှစ် အငန်အချိုများလျှော့စားရမည်။ သွေးကြောများထဲတွင် အငန်ဓာတ်၊ အဆီများလွန်း၍ ကိုယ်လက်လှုပ်ရှားမှုမရှိ၍ သွေးတိုးခြင်းဖြစ်ပါသည်။ သွေးဖိအားဆိုသည်မှာ သွေးကြောအတွင်းရှိ နံရံကိုဖိသောဖိအားကို ဆိုလိုသည်။

သွေးဖိအားအစဉ်အမြဲတက်နေခြင်းကို သွေးတိုးခြင်းဟုခေါ်ပါသည်။ အမြဲသွေးဖိအားတက်နေလျှင် ဦးနှောက်သွေးကြောပိတ်ခြင်းဖြစ်ပြီး သွေးကြောပြတ်ပြီး လေဖြတ်ခြင်း၊ သေဆုံးခြင်းတို့ဖြစ်နိုင်ပါသည်။ သွေးတိုးရောဂါသည် ၉၅ ရာခိုင်နှုန်းအကြောင်းပြချက်မရှိဘဲ လက္ခဏာမပြဘဲ သွေးတိုးနိုင်ပါသည်။ သွေးတိုးရောဂါသည် တိတ်တဆိတ်လူသတ်ရောဂါဖြစ်ပါသည်။ သွေးတိုးကြောင့် ဦးနှောက်သွေးကြောပိတ်နိုင်သည်။ မျက်စိကွယ်နိုင်သည်။ သွေးကျဲအောင်လမ်းလျှောက်ခြင်းသည် လူတိုင်းဆောင်ရွက်နိုင်သော လွယ်ကူသောလေ့ကျင့်ခန်းဖြစ်သည်။ လမ်းလျှောက်လျှင် ခပ်သွက်သွက်လျှောက်ရမည်။ သွေးတိုးကို တားဆီးပေးသည်။ ရောဂါဖြစ်နှုန်းလျော့ကျသည်။ သက်သာစေပါသည်။



သွေးဖိအားဆိုသည်မှာ သွေး၏တွန်းအားပင်ဖြစ်သည်။ သင်၏သွေးသည် ပုံမှန်မဟုတ်ဘဲ အမြဲတက်နေသည့်သွေးပေါင်ချိန်ဖိအားက သင်၏သွေးစီးဆင်းမှုစနစ်အပေါ် သက်ရောက်နေခြင်းကို သွေးတိုးရောဂါဟုခေါ်ပါသည်။


**သွေးတိုးကြောင့်ဖြစ်သည့်ရောဂါများ**

သွေးတိုးရောဂါကိုထိရောက်စွာထိန်းချုပ်ရမည်။ မထိန်းချုပ်ခဲ့လျှင် ရင်ဘတ်အောင့်နာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ အသေးစားလေဖြတ်ခြင်း၊ နှလုံးအလုပ်မလုပ်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း၊ မျက်စိကွယ်ခြင်းများဖြစ်တတ်ပါသည်။ သွေးတိုးရောဂါနှင့် နှလုံးရောဂါမှာဆက်စပ်နေသည်။ ကမ္ဘာတစ်ဝန်းလုံးသွေးတိုးရောဂါရှင်ပေါင်း ၇ ဘီလီယံရှိပါသည်။ သွေးတိုးရောဂါသည် ချမ်းသာကြွယ်ဝခြင်းနှင့်ဆက်စပ်နေခြင်း၊ အမြဲထိုင်နေခြင်း၊ အမြဲကားစီးခြင်း၊ အသင့်စားစားဖွယ်များစားလွန်းခြင်း၊ ဘီယာအရက်သောက်လွန်းခြင်း၊ ဆား၊ အဆီ၊ သကြားဓာတ်များစားလွန်းခြင်း၊ ဟင်းသီးဟင်းရွက်အစားနည်းခြင်း၊ အချိုရည်များသောက်လွန်းခြင်း၊ ဖိမ်ခံခြင်းတို့ကြောင့် ဖြစ်ပါသည်။ သွေးတိုးရောဂါနောက်ဆက်တွဲက နှလုံးအလုပ်မလုပ်ခြင်းဖြစ်သည်။ ရင်ဘတ်၊ ခါးအောင့်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း၊ မျက်လုံးတွင်းမှသွေးကြောငယ်များ ကျဉ်းမြောင်းပိတ်ဆို့ခြင်းတို့ဖြစ်တတ်ပါသည်။ သွေးတိုးပြီး ဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက်သတိလစ်ပြီးသေနိုင်သည်။

သွေးတိုးကြောင့် နှလုံး၊ ဆီးချို၊ သွေးချိုနှင့် အခြားရောဂါများဖြစ်နိုင်ပါသည်။ လေမဖြတ်အောင် တစ်နေ့သွေးပေါင်ချိန် ၂ ကြိမ် မှန်မှန်တိုင်းပါ။ အသက် ၄၀ ကျော်လျှင် မပျက်မကွက်သွေးချိန်ပါ။ သွေးတက်နေလျှင် ဆရာဝန်နှင့်တိုင်ပင်ပါ။ သွေးတိုးရောဂါသည် တစ်စုံတစ်ရာရောဂါလက္ခဏာမပြဘဲ သွေးတိုးခြင်း၊ အခြားရောဂါကြောင့် သွေးတိုးခြင်းဟူ၍ (၂)မျိုးရှိပါသည်။ အခြားရောဂါမှာ ကျောက်ကပ်ရောဂါ၊ ကျောက်ကပ်သွေးကြောကျဉ်းခြင်း၊ လည်ပင်းအကျိတ်မှဟော်မုန်းထွက်ရောဂါ၊ ကိုယ်ဝန်အဆိပ်တက်ရောဂါတို့ဖြစ်သည်။

**သွေးပေါင်ချိန်အကြောင်း**

အပေါ်သွေးပေါင်ချိန်ဆိုသည်မှာ နှလုံးကညှစ်လိုက်သည့်အချိန်တွင် သွေးလွှတ်ကြောထဲ၌ရှိသော ဖိအားကိုဆိုလိုပါသည်။ အောက်သွေးပေါင်ချိန်ဆိုသည်မှာ နှလုံးကခန္ဓာကိုယ်တစ်ခုလုံးမှ ပြန်လည်လှည့်ပတ်ပြီး ရောက်ရှိသည့်သွေးကိုလက်ခံသောအချိန်တွင် ညှစ်ပြီးမပြုသောအချိန်၌ သွေးလွှတ်ကြောထဲ၌ရှိသော ဖိအားကိုခေါ်ပါသည်။ တစ်နေ့ကော်ဖီ ၅ ခွက်သောက်လျှင် သွေးတိုးတတ်သည်။ အသက်ကြီးသူများသွေးတိုးရောဂါပိုဖြစ်နိုင်သည်။ ဒေါသဖြစ်လျှင် သွေးတိုးသည်။ ကိုယ်အလေးချိန်တက်လျှင် သွေးတိုးတတ်သည်။ မြို့ပြနေထိုင်မှုပုံစံက သွေးတိုးရောဂါကို ပိုဖြစ်စေနိုင်သည်။ ငြိမ်သက်စွာနေရသူသည် သွေးတိုးပိုဖြစ်တတ်သည်။ အမျိုးသမီးများကိုယ်ဝန်အဆိပ်တက်ခြင်းကြောင့်လည်း သွေးတိုးသည်။ ဆူညံသံများအဆက်မပြတ်ကြားနေရလျှင်လည်း




**လူတစ်ဦးအပေါ်သွေး ပေါင်ချိန် ၄၀ နှင့်အထက် အောက်သွေး ပေါင်ချိန် ၉၀ နှင့်အထက်ရှိလျှ သွေးတိုးသည်ဟု ဆိုနိုင်သည်။**

သွေးတိုးပါသည်။ တိုးညင်းလှသောဂီတသံက သွေးတိုးကိုကျစေသည်။

**သွေးတိုးစေသည့်ဆေးများ**

သွေးတိုးရောဂါကိုဖြစ်စေသည့်ဆေးများမှာ ပန်းနာရင်ကျပ်သောက်ဆေး(စတီးရွိုက်ဆေး)၊ ရောင်ရမ်းမှုပျောက်ဆေး(စတီးရွိုက်မပါ)၊ နှာပိတ်ပျောက်ဆေး၊ စိတ်ကျရောဂါပျောက်ဆေး၊ ပဋိသန္ဓေတားဆေး၊ ပိန်ဆေးတို့ဖြစ်ပြီး သွေးတိုးရောဂါက မျိုးရိုးလိုက်တတ်ပါသည်။ လူတစ်ဦးအပေါ်သွေး ပေါင်ချိန် ၁၄၀ နှင့်အထက် အောက်သွေးပေါင်ချိန် ၉၀ နှင့်အထက်ရှိလျှင် သွေးတိုးသည်ဟု ဆိုနိုင်သည်။ သွေးတိုးကိုအဆင့် ၃ ဆင့်ခွဲထားပါသည်။ ၎င်းတို့မှာ (၁) အပေါ်သွေး ၁၄၀ မှ ၁၅၉ ရှိခြင်း၊ (၂)အပေါ် သွေး ၁၆၀ မှ ၁၇၉ ကြား (အောက်သွေး ၁၀၀ မှ ၁၀၉ ကြား ၂ ခုစလုံးရှိနေခြင်း)၊ (၃) အပေါ် ၁၈၀ နှင့်အထက် အောက်သွေးဖိအား ၁၁၀ နှင့်အထက်ရှိလျှင် လေဖြတ်ခြင်း (သို့) အသက်အန္တရာယ်ရှိသည်။

**သွေးပေါင်ချိန်တိုင်းတာကို ဘယ်တုံးကစခဲ့သလဲ**

အေဒီ ၁၇၃၃ ခုနှစ်တွင် အင်္ဂလိပ်သိပ္ပံပညာရှင် "စတီဖင်ဟေးလ်စ်"က သွေးကြောအတွင်းသို့အပ်ကိုထိုးသွင်း၍ တိုင်းတာခဲ့သည်။ ၁၈၂၈ ခုနှစ်တွင် ပြင်သစ်သိပ္ပံပညာရှင် " Mr. ဂျင်းအလယ်(လ်)အမ်ပိုဆီဗင်လီ"က သွေးပေါင်ချိန်ကို မီလီမီတာမာကျူရီ (MMHg) ဖြင့် စတင်တိုင်းတာခဲ့ပါသည်။ သူက ပြဒါးထည့်ထားသည့် ဖန်ချောင်းကိုသုံးခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ရုရှားစစ်တပ်မှ 'Dr. ကရော့ကော့ဗ်'က ယခုသုံးနေသည့် သွေးပေါင်ချိန်နည်းကို တီထွင်ခဲ့သည်။ သွေးပေါင်ချိန်တိုင်းကိရိယာကို ဘီပီကပ်(စ်)(သို့) ပရက်ရှာကပ်စ်ဟုခေါ်သည်။

သွေးပေါင်ချိန်တိုင်းကိရိယာ (၃)မျိုးရှိသည်။ (၁) ပြဒါးတိုင်ပါသည့် ကိရိယာ၊ (၂) ဒိုင်ခွက်ပါကိရိယာနှင့် (၃) ဒစ်ဂျစ်တယ်စက်ဖြင့် တိုင်းသည့် ကိရိယာတို့ဖြစ်သည်။ ဒစ်ဂျစ်တယ်ကိရိယာမှာ အမှားဖြစ်တတ်သည်။ လူတစ်ယောက်၏သွေးပေါင်ချိန်မှာ ၁၂၀/၈၀ ရှိလျှင် အကောင်းဆုံးဖြစ်သည်။ (၁၂၀/၈၀ ရှိမှ ပုံမှန်ဟုလည်း မဆိုနိုင်ချေ။)

လူတိုင်း(၁၂၀/၈၀) မရှိနိုင်ပါ။ ကိုယ့်သွေးပေါင်ချိန်နှင့်ကိုယ်ရှိပြီး ကျန်းမာကြပါသည်။ အပေါ်သွေးပေါင်ချိန် ၁၄၀ မှ ၁၀၀၊ အောက်သွေးပေါင်ချိန် ၉၀ မှ ၇၀ ကိုလည်း ပုံမှန်သွေးပေါင်ချိန်ဟု ခေါ်ဆိုနိုင်သည်။ အချို့လူများက (၁၂၀/၇၀)၊ (၁၁၀/၇၀)၊ (၁၀၀/၆၀)၊ (၁၃၀/၇၀)၊ (၁၃၀/၈၀)၊ (၉၀/၇၀) စသည့်

သွေးပေါင်ချိန်ရှိသူတို့ကို ပုံမှန်သွေးပေါင်ချိန်ရှိသူများဟု ဆိုနိုင်ပါသည်။

လူတစ်ဦး၏ ပုံမှန်သွေးပေါင်ချိန်မှာ (၁၂၀/၇၀) ရှိပြီး တစ်ချိန်ချိန်တွင်တိုင်းသည့်အခါ (၁၀၀/၆၀) ဖြစ်လျှင် သွေးပေါင်ကျသည်ဟု ဆိုရမည်ဖြစ်သည်။ (၁၅၀/၉၀) ဖြစ်လျှင် သွေးတိုးသည်ဟု ဆိုရမည်။ သွေးတိုးဟူသည် သွေးကြောထဲမှာရှိသည့် (သွေး)ဖိအားများခြင်းဖြစ်သည်။

**သွေးတိုးလျှင် ခံစားရသည့်ဝေဒနာများ**

သွေးတိုးလျှင် ခေါင်းကိုက်မည်။ ခေါင်းမူးမည်။ ဇက်ကြောတက်သည်။ ပျို့မည်။ မျက်လုံးအစ်မည်။ ဇက်ကြောထိုးမည်။ မျက်ရိုးကိုက်မည်။ ရင်တုန်ခြင်း၊ မောခြင်း၊ အသက်ရှူမဝခြင်း၊ စိတ်မတည်ငြိမ်ခြင်းတို့ဖြစ်မည်။

အချို့က သွေးတိုးနေသော်လည်း ရောဂါဝေဒနာလုံးဝမခံရသူ အများအပြားရှိသည်။ လေဖြတ်မှ သွေးတိုးရှိမှန်းသိရသူများလည်း ရှိပါသည်။ သွေးတိုးရောဂါသည် တစ်ဦးနှင့်တစ်ဦး လက္ခဏာမတူပါ။

သွေးတိုးနောက်ဆက်တွဲရောဂါများမှာ နှလုံးကြီးခြင်း၊ သွေး ကြောကျဉ်းခြင်း၊ ပေါက်ခြင်း၊ ဦးနှောက်တွင် သွေးယိုခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ရောင်ခြင်း၊ မျက်စိတွင်းရှိ သွေးကြောများ ပေါက်ပြီး မျက်မမြင်ဘဝသို့ရောက်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**သွေးတိုးရောဂါရှိလျှင် ရှောင်ရမည့် အစားအစာများ**

အငန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အသီးသနပ်၊ မုန့်ဟင်းခါး၊ စားအုန်းဆီ၊ ဝက်ဆီ၊ ကောက်ညှင်း၊ တက်စာများ၊ ငါးသလောက်၊ ဆူးပုပ်ရွက်၊ ကညွတ်ရွက်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ တမာချဉ်၊ တညင်းသီး၊ ဆား(လျှော့စားပါ) သွေးတိုးကျစေသည့် အစားအစာများ။ ဒန့်သလွန်ရွက် (ကြိတ်ခြေပြီး အရည်ကိုသောက်လျှင် ထမင်းစားဇွန်းဖြင့် တစ်ဇွန်းသာသောက်ပါ။) ခရာရွက်၊ ဘုမ္မရာဇာမြစ်၊ စမုန်နက်၊ နနွင်းခါး၊ လက်ပံခါး(ချင့်ချိန်သုံးစွဲရမည်။)

**သွေးတိုးကျစေသော တိုင်းရင်းဆေးများ**

သွေးတိုးကျစေသော တိုင်းရင်းဆေးအမည်များမှာ တိုင်းရင်းဆေးခန်းသုံးဆေးဝါးအမှတ် -၂၁ (ဆီးဆေးဖြူ)၊ (၂) တိုင်းရင်းဆေးခန်းသုံးဆေးဝါးအမှတ်-၁၇ (သွေးဆေးနီကြီး)၊ (၃) တိုင်းရင်းဆေးခန်းသုံးဆေးဝါးအမှတ်-၁၅ (သည်းခြေဆေး)တို့ကို သောက်ပေးရပါမည်။ ထိုဆေးများသောက်လျှင် တစ်ကြိမ်လျှင် တစ်မျိုးစီကို ၂ ပဲသားခန့် ရေအေးဖြင့် သောက်ရမည်။

အင်္ဂလိပ်သွေးတိုးကျဆေးသောက်မည်ဆိုလျှင် ဆရာဝန်နှင့်တိုင်ပင်ပြီးမှသာ သောက်ပါ။ အင်္ဂလိပ်သွေးကျဆေးများသည် နာပိတ်ခြင်း၊ ဗိုက်နာခြင်း၊ ခေါင်းမူးခြင်း၊ အိပ်ငိုက်ခြင်း၊ ရေငတ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မျက်နှာနီမြန်းခြင်းတို့ ဖြစ်တတ်ပါသည်။

**သွေးပေါင်ချိန်ဆိုတာဘာလဲ**

သွေးပေါင်ချိန်ဆိုတာ သင့်ရဲ့သွေးလွှတ်ကြောထဲက ဖိအားပဲ ဖြစ်ပါသည်။ သွေးပေါင်ချိန်ကို မာကျူရီရဲ့ မီလီမီတာနဲ့ တိုင်းထွာပါသည်။ (မီလီမီတာမာကျူရီ MMHg)၊ သင့်သွေးပေါင်ချိန်ကို ကိန်းဂဏန်းနှစ်လုံးနဲ့ ဖော်ပြမှတ်သားလေ့ရှိပါတယ်။ (ဥပမာ- ၁၅၀/၉၅ မီလီမီတာမာကျူရီ) အဲဒါကို အပေါ်သွေး ၁၅၀၊ အောက်သွေး ၉၅ လို့ ဖတ်ပါတယ်၊ အဲဒါသွေးတိုးနေတဲ့ ဖော်ပြချက်ပါ။ အပေါ်သွေးဆိုတာ နှလုံးကညှစ်နေတဲ့အချိန်မှာ ဖြစ်ပေါ်တဲ့ သွေးလွှတ်ကြောတွေထဲက ဖိအားပါပဲ။ သူ့ကို စစ်စတိုးလစ်ဖိအားလို့ ခေါ်ပါသည်။ ၁၅၀/၉၀ ဖြစ်နေလျှင် သွေးတိုးပါသည်။ သွေးပေါင်ချိန်မြင့်လေ၊ ကျန်းမာရေးထိခိုက်လေဖြစ်ပါသည်။ သွေးတိုးပေမယ့် ဘာရောဂါလက္ခဏာမှမပြတဲ့လူလည်း ရှိပါတယ်။ လေဖြတ်မှသာ သိပါတယ်။

**သွေးဖိအားဆိုသည်မှာ**

နှလုံးကနေ ညှစ်ထုတ်လိုက်တဲ့အတွက် အရှိန်နှင့် အပြင်ကို ထွက်လာတဲ့သွေးတွေက သွေးကြောနံရံတွေအပေါ်မှာ ဖိလာတဲ့ အားကို သွေးဖိအားလို့ ခေါ်ပါတယ်။ အရပ်သုံးစကားက သွေးပေါင်ချိန်လို့ လူသိများပါတယ်။ 'သွေးဖိအားများတယ်' ဆိုတာ 'နှလုံးသားက သာမန်ထက်ပိုပြီး အားစိုက်အလုပ်လုပ်(ညှစ်)နေရတယ်လို့ ဆိုလိုပါသည်။ သွေးတိုးက ရုတ်တရက် နှလုံးထိခိုက်မှုကို ဖြစ်စေနိုင်ပါသည်။ သွေးတိုးကြောင့် လေဖြတ်ခြင်းက ထိပ်ဆုံးမှာ ရှိနေပါသည်။ (ဒေါက်တာလှကြည်)

**သင့်မှာသွေးတိုးရှိလျှင် ဆေးစစ်မှုကို လုပ်ရမည်**

(၁) သင့်မှာ သွေးတိုးရှိလျှင် ဆီးနှင့်သွေးထဲမှာ အသားဓာတ်ရှိ/မရှိသိရန် ဆီးစစ်ခြင်း၊ (၂) ကျောက်ကပ် ၂ ခု အလုပ်ကောင်းကောင်းလုပ်ရဲ့လား စစ်ဆေးခြင်း၊ (၃) သွေးထဲက ကိုလက်စထရောနှင့် သကြားပမာဏတွေတက်နေသလားသိရန် သွေးစစ်ခြင်း၊ (၄) သွေးထဲက အငန်ဓာတ်များလား စစ်ခြင်း၊ (၅) E.C.G ခေါ် နှလုံးပုံရိပ်ကို စစ်ဆေးခြင်းတို့ကို စစ်ဆေးရမည်။ သွေးမတိုးရန် နေ့စဉ် နာရီဝက်လမ်းလျှောက်ရမည်။ ဘဲသား၊ ဝက်သားစားလျှင် အဆီပါသည့် အပိုင်းမစားရ၊ ငါးပိကောင်၊ ငါးဆားနယ်များမစားရ၊ သွေးတိုးနေလျှင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းနို့ပါသောမုန့်များမစားရ။ ကိုယ်လက်လှုပ်ရှားအမြဲလုပ်ပါ။ လှေကားဖြင့်သာ အမြဲတက်ဆင်းပါ။ သွေးအရမ်းတိုးဆောင့်တက်လျှင် ဦးနှောက်သွေးကြောပြတ်ပြီး သေတတ်ပါသည်။ ကမ္ဘာပေါ်တွင် အဖြစ်အများဆုံးရောဂါများမှာ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချိုရောဂါများဖြစ်ပါသည်။

**လှိုင်ဘွားအောင်**

**ရည်ညွှန်း-**

(၁) ပါမောက္ခဒေါ်နီနီမြင့်၏ UMFCCI တွင် ဟောပြောချက်များ။
(၂) ဒေါက်တာအောင်သန်း၏ သွေးတိုး၊ နှလုံး သိမှတ်ဖွယ်ရာ အမေးအဖြေများ။
(၃) ဒေါက်တာချမ်းသာစိုး၏ သွေးတိုးရောဂါနှင့် နေထိုင်စားသောက်ခြင်း။
(၄) ဒေါက်တာကျော်သက်ခိုင်(ဆေးတက္ကသိုလ်)၊ သွေးတိုးရောဂါအကြောင်း။
(၅) ကျော်တင့်ဆွေ သွေးတိုးဓာတ်စာဆောင်းပါးများ။

# မကြည်ဖြူ

## ကြာသောလည်းမမေ့ ရှာသောလည်းမတွေ့...



နေ့စဉ်ထုတ် ကြေးမုံ သတင်းစာတွင် ပါသော MARC (Myanmar Alliance For Rabies Central) အဖွဲ့အစည်းမှ ခွေးရူးရောဂါနှင့် ခွေးလေခွေးလွင့်ပေါက်ဖွားမှု ထိန်းချုပ်ရေးအတွက် လမ်းဘေးခွေးများကို ထိန်းသိမ်းမည့်အကြောင်း ဖတ်လိုက်ရသည်။ ထိုအဖွဲ့သည် အဆိပ်ကျွေးခြင်းဖြင့် ရှင်းလင်းမည်မဟုတ်ဘဲ ခွေးထီးများကို သင်းကွပ်ခြင်း၊ ခွေးမ

များကို သားကြောဖြတ်ခြင်းဖြင့် တိုးပွားမှုကို ကာကွယ်သွားမည်ဟုဆိုသည်။ သတင်းစာဖတ်ပြီးသည့်အခါတွင် ကျွန်တော့်ကိုယ်တွေ့ ခွေးအကျိုးသယ်ပိုးသူ တစ်ယောက်အကြောင်းကို သတိရပြီး ဤစာကို ရေးမိပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ရွာတွင် ခွေးများကို ကူညီသူတစ်ဦး ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုသူသည်လမ်းဘေး ခွေးဝဲစားမှအစ ခြံတွင်း၌မွေးသော ခွေးအဆုံး ခွေးမျိုးစုံကို ချစ်သည်။ ဒုက္ခရောက်နေသော ခွေးတို့ကို ကူညီသည်။ ကယ်တင်သည်။ ကျွန်တော်တို့ မလုပ်နိုင်သော ခွေးဝေယျာဝစ္စများကို လုပ်သည်။ ငွေကြေးတတ်နိုင်သူမဟုတ်သောကြောင့် ကြုံရာနေရာတွင် လိုအပ်သလို ကိုယ်ထိလက်ရောက် ကူညီကယ်တင်သည်။ ထိုသူကား ကိုခင်မောင်ဝင်းပင်တည်း။

ကိုခင်မောင်ဝင်း အကြောင်းပြောရလျှင် သူနှင့်တွေ့သည်မှစ၍ သူ၏အပြုအမူတို့ကိုပါ ပြောရမည်ဖြစ်သည်။ သူတို့ မိသားစုသည် ထန်းလုပ်ငန်း လုပ်ကိုင်ကြပြီး မြင်းခြံဘက်တွင် ထန်းလုပ်ငန်းမကောင်းတော့သဖြင့် မိတ္ထီလာဘက်သို့ ပြောင်းလာကြခြင်းဖြစ်သည်။ ကိုခင်မောင်ကြည်၊ ကိုခင်မောင်လင်း၊ ကိုခင်မောင်ဝင်းနှင့် မခင်အေးဟူသော မောင်နှမလေးယောက်ရှိကာ ဖခင်ဦးအုန်းမောင်၊ မိခင်ဒေါ်သန်းတို့၏ အမည်တစ်လုံးမျှမပါဘဲ ခေတ်ဆန်သော နာမည်များ မှည့်ခေါ်ထားသည်ဖြစ်ရာ ရွာမှလူတို့သည် နာမည်မှည့်ခြင်းနှင့်ပတ်သက်ပြီး အလွန်ချီးမွမ်းကြလေသည်။ ကိုခင်မောင်ကြည်နှင့် ကိုခင်မောင်လင်းတို့သည် ဖခင်နှင့်အတူ ထန်းပင်ပေါ်တက်၍ အလုပ်လုပ်ကြသော်လည်း ကိုခင်မောင်ဝင်းသည်ကား အပင်ပေါ်မတက်နိုင်ရှာပါ။ ၂၅ နှစ်အရွယ်သာရှိပြီး အဝလွန်နေသည့် ခန္ဓာကိုယ်ကြောင့် လှုပ်ရှားလိုက်သည်နှင့် မောတတ်သဖြင့် မြေပြင်တွင်လုပ်ရသော မြူအိုးကောက်ခြင်း၊ ထန်းလျက်ချက်ခြင်းတို့ကိုသာ လုပ်ပေးနိုင်သည်။

''ကောင်လေး၊ မင်း ငါတို့ရွာ လိုက်လည်ပါလား''

သီတင်းကျွတ်ကျောင်းပိတ်ရက်တစ်ရက်တွင် ကိုခင်မောင်ဝင်းသည် သူ၏ဇာတိဖြစ်သော မြင်းခြံမြို့နယ်ရှိ ကျောက်တန်းရွာမှ ဆွေမျိုးတစ်ဦး၏အလှူသို့ ကျွန်တော့်ကို ခေါ်သွားသည်။ မိတ္ထီလာမှမြင်းခြံသို့ ရိန်းဂျားကားကြီးစီးရပြီး ယခုအခါ လူသိများနေပြီဖြစ်သော တောင်သာမြို့၌ ကားခဏနားနေစဉ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပါသည်။

''ကောင်လေး၊ မြီးရှည်စားမလား''

''ဘယ်လိုဟာကြီးတုံးဗျ''

''မင်းတို့ရွာမှာ မုန့်ဟင်းငါးလို့ ခေါ်တယ်လေကွာ၊ စားလိုက်ရင် မုန့်ဖတ်တွေက တွဲလောင်းကျနေလို့ ဒီအရပ်က မြီးရှည်လို့ခေါ်ကြတာ'' (မိတ္ထီလာတွင် မုန့်ဟင်းခါးကို မုန့်ဟင်းငါးဟုရေးကြ ပြောကြသည်။)

''ကျုပ် မုန့်ဟင်းခါး မကြိုက်ဘူးဗျ၊ လက်ဖက်ရည်ပဲ သောက်မယ်''

ကျွန်တော် ငယ်စဉ်က ကျုပ်၊ ခင်ဗျား စသည်ဖြင့်သာ ပြောသဖြင့် အမေနှင့်အဖေက အတော်ပင်ပြင်ပေးခဲ့ရကြောင်း မှတ်မိပါသေးသည်။ ကျွန်တော်တို့သည် စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြပြီး စောင့်နေသော်လည်း အချိန်ကြာသည့်တိုင်အောင် စားပွဲထိုးမလာသဖြင့် ဖင်တကြွကြွဖြစ်နေစဉ် ဘေးစားပွဲမှလူတစ်ဦးက–

''ဟိုရှေ့က ကောင်တာမှာ မုန့်ဖိုးနဲ့လက်ဖက်ရည်ဖိုး အရင်ရှင်းရတယ်ဗျ၊ မုန့်ကို ကိုယ်တိုင် ယူလာရတယ်''

လက်ဖက်ရည်နှင့် မုန့်ဖိုးရှင်းပေးသောအခါ တံကင်နှစ်ပြား ထုတ်ပေးသည်။ ယူလာသော မုန့်များကုန်သော်လည်း လက်ဖက်ရည်မလာသေးသဖြင့် စောင့်နေရင်း ကောင်တာမှ ပေးလိုက်သော တံကင်နှစ်ပြားကို တချပ်ချပ်တီးနေပါသည်။ ထိုအခါ နံဘေးစားပွဲရှိလူက ထပ်ပြောပါသည်။

''အဲဒီတံကင်ကို အဖျော်ဆရာဆီသွားပေးပြီး ကိုယ်တိုင်ယူလာရတယ်ကွ၊ မင်းသိမယ်ထင်လို့ မပြောလိုက်တာ၊ မြန်မြန်သွား ကားနောက်ကျနေအုံးမယ်''

ရောမရောက်၍ ရောမလိုကျင့်ရခြင်းပင်။ ကိုခင်မောင်ဝင်းသည် ကျွန်တော့်ကို ညွှန်ခံလို၍သာ ဆိုင်တွင်ထိုင်ခြင်းဖြစ်သော်လည်း မြို့ပေါ်မှဆိုင်များကို တစ်ခါမျှမထိုင်ဖူးကြောင်း ဖွင့်ပြောရှာလေသည်။ သူသည် ဝယ်ထားသည့်မုန့်ကို မစားဘဲ လက်တွင်ကိုင်ထားသည်။ ကားပေါ် ပြန်မတက်မီ ပတ်ဝန်းကျင်၌ တစ်ဦးတစ်ယောက်ကို ရှာသကဲ့သို့ပြု၍ တွေ့သွားသောအခါ ကျွန်တော့်ကို ကားပေါ်တက်နှင့်ရန်မှာပြီး အပြေးထွက်သွားသည်ကိုကြည့်ရာ ခွေးပိန်လေးတစ်ကောင်ကို မုန့်သွားကျွေးခြင်းဖြစ်ကြောင်း တွေ့ရလေသောကြောင့် ကျွန်တော်

ထိုသူသည် လမ်းဘေး ခွေးဝဲစားမှအစ ခြံတွင်း၌မွေးသော ခွေးအဆုံး ခွေးမျိုးစုံကို ချစ်သည်။ ဒုက္ခရောက်နေသော ခွေးတို့ကို ကူညီသည်။ ကယ်တင်သည်။ ကျွန်တော်တို့ မလုပ်နိုင်သော ခွေးဝေယျာဝစ္စများကို လုပ်သည်။ ငွေကြေးတတ်နိုင်သူ မဟုတ်သောကြောင့် ကြုံရာနေရာတွင် လိုအပ်သလို ကိုယ်ထိလက်ရောက် ကူညီကယ်တင်သည်။

အံ့သြသွားရသည်။ ကိုခင်မောင်ဝင်းကဲ့သို့ ထွားကျိုင်းသန်မာပြီး တည်တည်ကြည်ကြည်နေတတ်သူတစ်ဦးက ထိုကဲ့သို့ လမ်းဘေးရှိခွေးပိန်လေးကို ကျွေးခြင်းသည် ကျွန်တော့်အဖို့ အံ့သြဖွယ်ဖြစ်ပေတော့သည်။ ကားပေါ်ရောက်သော် ကျွန်တော့်ကိုပြောသည်မှာ–

''ပိုင်ရှင်မဲ့တဲ့ လမ်းဘေးခွေးလေးတွေက ကျွေးသူရှိမှ စားရရှာတာကွ''

နန်းမြင့်တောင်ရောက်သော် ကားပေါ်မှဆင်းကာ အတော်ကြာအောင် လမ်းလျှောက်ရပြန်သဖြင့် ပင်ပန်းသည်မှာ ပြောမပြနိုင်ပါ။

''ငါတို့လည်း ကိုယ့်ရွာမို့လို့သာ သံယောဇဉ်ဖြစ်ရတာ၊ မင်းမြင်တဲ့အတိုင်း အတော်ခေါင်တာကွ''

(ယခုအခါတွင်မူ အတော်ပင် စည်ကားသည့်ရွာဖြစ်နေပါပြီ။) ရွာရောက်သော် အလှူအိမ်သို့ဝင်၍ နှုတ်ဆက်ကာ ဘုန်းကြီးကျောင်းတွင်တည်းရန်ပြင်စဉ် ဆွေမျိုးများက လာခေါ်ကြသဖြင့် တစ်အိမ်တစ်ရက် တည်းခဲ့ရသည်။ ရေရှားသောအရပ်ဖြစ်ပြီး ရေရှားချိန်တွင် ရွာရှိတစ်ခုတည်းသော စက်ရေတွင်းကို မောင်းပေးသည်ဟု သိရသည်။ သာမန်အချိန်တွင်မူ ရွာပြင်ရှိ လျှိုတွင်း၌ရှိသော ရေတွင်းနှစ်တွင်းတွင် ရေချိုးရသည်။ နီးသည့်ရေတွင်းတွင် ချိုးရန်ပြင်စဉ် ရေတွင်းရှိရေများ ပုပ်စော်နံနေသည်ကို တွေ့ရသည်။ အနီးမှဖြတ်သွားသူ အဒေါ်ကြီးတစ်ယောက် ပြောသွားသည်မှာ–

''ညှော်သည်စောင်သည်တွေ လာခါမှတော်၊ ပဲတီပင်ပေါက်တွေကို ရေဒွန်း(ရေတွင်း)ထဲ ချဆေးပစ်သတဲ့၊ မိုက်ချက်''

## ''ပိုင်ရှင်မဲ့တဲ့ လမ်းဘေး ခွေးလေးတွေက ကျွေးသူရှိမှ စားရရှာတာကွ''

အညာဒေသတွင် အလှူတစ်ခုလုပ်ပါက ပဲပင်ပေါက်ကို အချဉ်တည်၍ သုပ်ကျွေးခြင်းသည်လည်း အလှူဟင်းများတွင် တစ်မျိုးအပါအဝင်ဖြစ်ကာ ပဲတီချဉ်သုပ်ဟုခေါ်ပြီး သဲဖြင့်ကိုယ်တိုင်ပဲပင်ပေါက်ဖောက်ကြသည်။ ပဲပင်ပေါက်ဖြစ်သောအခါ သဲစင်အောင်ရေဖြင့်ဆေးရာတွင် ခပ်မဆေးဘဲ ရေတွင်း၌နှစ်ဆေးကြသောကြောင့် ပဲပင်ပေါက်များကျန်ရစ်ကာ အပုပ်နံ့ထွက်ရခြင်းဖြစ်သည်။ ရေရှားရာအရပ်တွင် စည်းကမ်းမဲ့လုပ်ရပ်ကြောင့် အလှူနေ့များအတွင်း ရေသုံးရန် ရေတွင်းတစ်တွင်း ဆုံးရှုံးရသည်။ ခါတ်တိုင်နှစ်တိုင်ခန့်ဝေးသည့် ရေတွင်း၌ချိုးရန် လျှိုအောက်သို့ ထပ်ဆင်းရပြန်သည်။ နောက်နေ့များတွင် ရွာတွင်းရှိ စက်ရေတွင်းကို မောင်းပေးသည်။ (ယခုအချိန်တွင်မူ စက်ရေတွင်းများ ထပ်တူးထားကြောင်းသိရပါသည်။) ရေတွင်း၌ ရေချိုးပြီးပြန်တက်လာသော် ခွေးပြန်ထွက်သည်ဖြစ်ရာ ရေရှားသောဒေသမှလာသော ကိုခင်မောင်ဝင်းသည် ကျွန်တော်တို့အရပ်သို့ ပြောင်းလာစဉ် သဲချောင်းတွင်း၌ အချိန်ပြည့်နေတတ်သည့် အကြောင်းရင်းကို ခုမှသိရပါတော့သည်။

အလှူနေ့များတွင် ကိုခင်မောင်ဝင်းသည် ထမင်းကျန်ဟင်းကျန်များစု၍ ကျောက်တန်းရွာတွင်း၌သာမက အနီးပတ်ဝန်းကျင်ရွာရှိ ခွေးများကိုပါ သွားကျွေးလေသည်။ ''အိမ်ဆူးဆို့၊ ကလေးလက်တို့၊ ခွေးအို့အို့''ဟူသော စကားအတိုင်း ကျေးလက်ဒေသတွင် အလှူတစ်ခုရှိပြီဆိုပါက အိမ်အားလုံး မီးခိုးတိတ်၊ ခြံဝကိုဆူးဆို့ပိတ်၊ ကလေးကိုလက်တို့ပြီး ခွေးကို အို့အို့ဟုခေါ်လာကြသောကြောင့် သခင်နှင့်အတူ အလှူသို့လိုက်လာသော ခွေးများကိုလည်း သီးသန့်ကျွေးပါသေးသည်။ လက်နာနေသော ခွေးများကိုတွေ့ပါက နနွင်းနှင့်ဆားကို ရေဖျော်လိမ်းပေးသည်။ ခြေလက်ကျိုးနေသည့် ခွေးများကိုတွေ့ပါက ဆေးလိမ်းရုံပင်မက ဝါးခြမ်းနှစ်ခြမ်းဖြင့် ကျပ်စည်းပေးသေးသည်။ သူနှင့်အတူ ကူလုပ်ပေးရင်း ကျွန်တော်လည်း ခွေးများကို ချစ်တတ်လာသည်။ လူကဲ့သို့ပင် ခွေးများ မျက်ဝတ်ထွက်နေသည်ကို လက်ဖြင့် တဖြည်းဖြည်း ဆွဲယူပြီး အနီးရှိသစ်ပင်၌ သေသေချာချာ တင်လိုက်သည်။ လက်ညှစ်ပေသည်ကို သုတ်ပစ်ခြင်းမျိုး မဟုတ်ပါ။

''ပုရွက်ဆိတ်လေးတွေက အဲသည်လိုမျိုး လူတွေ စွန့်ပစ်တဲ့ မျက်ချေးတို့၊ ခြေသည်း လက်သည်းတို့ကို အရမ်းကြိုက်တာကွ၊ မင်းကြည့်နေ၊ ခဏနေရင် ပုရွက်ဆိတ်တွေ အုံလာကြလိမ့်မယ်၊ ကိုယ့်အတွက် အညစ်အကြေးဆိုပေမယ့် သူတို့အတွက် ဝမ်းစာပေါ့ကွာ''

ဟုတ်ပါသည်။ ကျွန်တော်ကြည့်နေစဉ်မှာပင် ဘယ်ကအနံ့ရ၍ လာကြသည်မသိသော ပုရွက်ဆိတ်တပ်ကြီး ချီတက်လာကာ မျက်ဝတ်တို့ကို အုံနေကြလေပြီ။ သတ္တဝါများအပေါ်၌ ကြံဖန်၍ကြင်နာတတ်သည့် ကိုခင်မောင်ဝင်းပေတည်း။ ကျွန်တော်တို့မပြန်မီ ဦးကြီးတစ်ယောက်သည် ကိုခင်မောင်ဝင်းကို လာခေါ်ပါသည်။

''မင်းမပြန်ခင် ကိုဖိုးထင်အိမ်က ခွေးမလေးကို သားဖြတ်ပေးခဲ့ပါလားကွာ''

ကျွန်တော်အံ့သြသွားသည်။ ဝက်၊ နွားတို့အား မျိုးပွားခြင်းကို ဝက်သားတင်သည်။ နွားသားတင်သည်ဟု ဆိုကြသည်။ ယခုကဲ့သို့ ခွေးသားဖြတ်သည်ကိုတော့ မကြားဖူးပါ။ ကိုခင်မောင်ဝင်းသည် ကျွန်တော့်ကို နေခဲ့ရန်ပြောပြီး ထိုဦးကြီးနှင့်လိုက်သွားပါသည်။ ကိုယ့်ရွာသို့ပြန်ရောက်သော် ကိုခင်မောင်ဝင်းကို မေးကြည့်သည့်အခါမှ ကိုခင်မောင်ဝင်း၏ တိရစ္ဆာန်များအပေါ်ထားသည့် မေတ္တာကို လေးစားမိသည်မှာ ယနေ့တိုင်ဖြစ်ပါတော့

သည်။

''ခွေးတွေအားလုံးထဲမှာ ပိုင်ရှင်မရှိဘဲ ရှင်သန်နေရတဲ့ ခွေးတွေက ပိုသနားစရာကောင်းတယ်၊ ခွေးမတွေခမျာမယ် အစာမဝတဲ့ကြားက သူတို့ဝမ်းနဲ့လွယ်ထားတဲ့ ကလေးတွေ ထပ်မွေးတော့ ပိုဒုက္ခရောက်ရှာတာပေါ့၊ ငါက အဲဒါမျိုးတွေကို မကြည့်ရက်ဘူးကွ၊ တစ်နေ့တော့ ငါတို့ရွာတွေ အပါအဝင် ရွာစဉ်လှည့်ပြီး ဆေးကုပေးတဲ့ တိမွေးကုဆရာဝန်က ငါ့ကိုမေးတယ်၊ ခွေးမတွေကို သားဖြတ်ဖို့ သူသင်ပေးမယ် ဆိုရင် လုပ်ရဲပါ့မလားတဲ့၊ သင်မယ်လို့ပြောပြီး ငါတို့ဆရာ တပည့်နှစ်ယောက် တစ်ရွာဝင်တစ်ရွာထွက်နဲ့ ပိုင်ရှင်မရှိတဲ့ခွေးမတွေ၊ ပိုင်ရှင်ရှိပေမယ့် သားမလိုချင်တဲ့ အိမ်တွေက ခွေးမတွေကို သားဖြတ်ပေးကြတယ်''

''မကြောက်ဘူးလားဗျ''

''ဘာကြောက်စရာရှိတုန်းကွာ၊ ငါ့အမေက ငရဲကြီးလို့ မလုပ်ဖို့ပြောတယ်၊ ငရဲကြီးမှသာ ကြီးပါစေတော့ကွာ၊ လောလောဆယ် သူတို့ဒုက္ခတွေကို တတ်နိုင်သလောက်ကယ်ပေးချင်တာပါပဲ''

ခွေးမများ သားကျသောအခါ ခွေးရှင်တို့သည် လိုချင်သော သားပေါက်ကိုသာ ရွေးယူ၍ မလိုချင်သော သားပေါက်တို့ကို မကောင်းကျောင်းပို့ဟူသော စကားအတိုင်း ဘုန်းကြီးကျောင်းတွင် စွန့်ပစ်ကြသည်။ အချို့သည်ကား မိသားစုလိုက် စွန့်ပစ်ကြလေရာတဖြည်းဖြည်းများလာသောအခါ ဘုန်းကြီးကျောင်းတွင်လည်း ဝလင်အောင် မကျွေးနိုင်တော့ပါချေ။ ဘုန်းကြီးကို ဒုက္ခပေးခြင်းပင်တည်း။

ထို့နောက်တွင် ကျွန်တော်သည် ကိုခင်မောင်ဝင်းနှင့်တိုင်ပင်ကာ စိတ်တူကိုယ်တူ သူငယ်ချင်းများစု၍ ခွေးမများ သားဖြတ်ရေးလုပ်ငန်းအား လက်တွေ့လုပ်ကြပါတော့သည်။ နေရာရွေးသည့်အခါ ရွာပြင်ရှိ ခပ်ပြေပြေအပင်ဆယ်ပင်ခန့်ကြားရှိ မြေကွက်လပ်ကို ရွေးသည်။ ခွေးကိုပက်လက်လန်ထားစဉ် လည်ပင်းမအစ်စေရန် လည်ပင်းချ၍ရရုံ မြောင်းသေးသေးရှည်ရှည်တူးထားရသည်။ ကွမ်းသီးလုံးခန့် ထုံးနှင့်နနွင်းကို ရေဖြင့်ရောနယ်ပြီး အသင့်ပြင်ထားသည်။ အကျီချုပ်သည့် အပ်ကို အပ်ချည်ထိုးထားရသည်။ ပထမဦးစွာ ကျွန်တော်တို့အိမ်မှ ရွှေဖြူမဖြင့် ကူညီရေးလုပ်ငန်း စဖွင့်ပါသည်။

ရွှေဖြူမကို ခွဲစိတ်မည့်နေရာသို့ခေါ်လာ၍ ဟင်းကောင်းကောင်းဖြင့် ထမင်းကျွေးပြီး ထမင်းကုန်သည့်အခါ နှုတ်သီးမှ တစ်ယောက်ကိုင်၊ ကျွန်တော်ကပွေ့ကာ ခွဲစိတ်မည့်နေရာတွင် ပက်လက်လန်လိုက်သည်။ လည်ပင်းကို မြောင်းတွင်ချ၊ လည်ပင်းပေါ်၌ ဝါးလုံးအနေတော်ကန့်လန့်ဖြတ်တင်ပြီး အစွန်းနှစ်ဖက်ကို တစ်ယောက်စီကိုင်၊ နှုတ်သီးကို တစ်ယောက်ကိုင်၊ ဘယ်ဘက်မှ ခြေနှင့်လက်ကိုတစ်ယောက်၊ ယာဘက်မှ ခြေနှင့်လက်ကို တစ်ယောက်ကိုင်ကာ လူငါးယောက် ချုပ်ကိုင်ထားရသည်။ ကိုခင်မောင်ဝင်းသည် အမြီးဘက်မှနေ၍ ခဲတံချွန်သည့်ဓားကို မီးအပူပေးပြီး နှစ်လက်မခန့်အရှည်ခွဲကာ သူလုပ်ရန်ရှိသည်တို့ကို လုပ်သည်။ ကျွန်တော်ကား မကြည့်ရဲသောကြောင့် ဒူးနှစ်လုံးကြားတွင် ဦးခေါင်းဝှက်ထားလေသည်။

''လုံးဝမလိုက်အောင်ဖြတ်တာရယ်၊ လိုက်ပေမယ့် ကိုယ်ဝန်မရှိတာရယ် နှစ်မျိုးဖြတ်လို့ရတယ်ကွ၊ ဘယ်လိုလုပ်ချင်လဲ''

''လုံးဝမလိုက်အောင်သာဖြတ်လိုက်ပါဗျာ''

ကျွန်တော်သည် မော့မကြည့်ဘဲ ပြီးစလွယ်ဖြေလိုက်ပါသည်။ ကိုခင်မောင်ဝင်းသည် သူ့အလုပ်ပြီးသည့်အခါ အပ်ကို မီးအပူပေးပြီးချုပ်သည်။ ချုပ်ရာပေါ်တွင် ထုံးနနွင်းအုံလျက် လက်စသတ်လိုက်သည်။ ကျွန်တော်တို့သည် ၁၊ ၂၊ ၃ ဟု တိုင်ပြီး ၃ ရောက်သည်နှင့် ကိုင်ထားသည်များကိုလွှတ်၍ အကိုက်ခံရမည်စိုးသောကြောင့် နီးရာသစ်ပင်ပေါ် ပြေးတက်ရပါသည်။ ဝသော ကိုခင်မောင်ဝင်းသည်ကား အလုပ်ပြီးသည်နှင့် တက်သုတ်ရိုက်ကာသွားပြီဖြစ်သည်။ ရွှေဖြူမသည် ကျွန်တော်တို့ကိုကိုက်ရန် မဆိုနှင့် ကြည့်ပင်မကြည့်နိုင်အားဘဲ ခြေဦးတည့်ရာ စွတ်ပြေးပါလေတော့သည်။ ခုနစ်ရက်တစ်ပတ်ခန့်အကြာတွင် ဒဏ်ရာသည်လည်း ကျက်ပြီ ဖြစ်သည်။

ဤသို့ဖြင့် ရွာအနီး ပိုင်ရှင်မဲ့ ခွေးမများ၊ ဘုန်းကြီးကျောင်းရှိ ခွေးမများ၊ သတင်းကြားသဖြင့် ခွေးခေါ်လာကာ အကူအညီတောင်းသူများကြောင့် ကျွန်တော်တို့အလုပ်နားရသည်



မရှိပေ။ တစ်ပြားတစ်ချပ်မှ မယူဘဲ ပဲလှော်တစ်ဆုပ်၊ ထန်းလျက်တစ်ထုပ်ဖြင့် စေတနာဖြူစင်စွာ ကူညီပါသော ကိုခင်မောင်ဝင်းသည် ရှာမှရှားသူ တစ်ဦးဖြစ်ပေသည်။ အချို့ ခွေးမတို့သည် စိတ်ကြီးလွန်းသဖြင့် အတင်းရုန်းကန်သည့်အတွက် အူထွက်လာသည့်အခါ လက်ဖြင့်ပြန်ထိုးသွင်းကာ ချုပ်ရသည်ကို ကြုံခဲ့ရသော်လည်း ခွဲစိတ်မှုကြောင့် သေဆုံးရသောခွေးမဟူ၍ တစ်ကောင်မျှမရှိသဖြင့် ကိုခင်မောင်ဝင်းကို လူတိုင်းချီးကျူးကြသည်။ ခွဲစိတ်ခံရပြီးသော ခွေးမတို့သည် ကျွန်တော်တို့ထက် ကိုခင်မောင်ဝင်းကို ပို၍ ရင်းနှီးကြသည်။ ထိုခွေးမများသည် သူ့ကိုမြင်သည်နှင့် အမြီးနန့်လျက်ကြိုကြသည်။ တစ်ခါက အခြားရွာသို့သွား၍ သားဖြတ်ပေးစဉ် ထိုရွာရှိ ဘုရားလူကြီးတစ်ဦးက ကိုခင်မောင်ဝင်းကို လက်ညှိုးထိုးကာ ''ငရဲကျမယ့်ကောင်၊ ခွေးဘဝက လာတဲ့ကောင်၊ မင်းလိုကောင်မျိုး ဘယ်တော့မှ မကြီးပွားဘူး'' စသည် ရင့်သီးသော စကားများဖြင့် အသားလွတ်ကြိမ်းမောင်းသည်ကို ကျွန်တော်တို့ မခံနိုင်သဖြင့် ပြန်ပြောမည်ပြုရာ ကိုခင်မောင်ဝင်းက ကျွန်တော်တို့ကို ဆုံးမသော စကားသည် ကျွန်တော်၏ ရင်ဝယ် ယနေ့တိုင်စွဲထင်နေပါတော့သည်။

''ပါးစပ်က မုဒိတာစကား၊ မေတ္တာစကားပြောတိုင်း သူတော်ကောင်းမဟုတ်ဘူးကွ၊ သူက လူကြည်ညိုခံချင်လို့ ဘုရားစာတွေရွတ်ပြီး ဟန်ဆောင်နေတာ၊ သူ့အတွင်းစိတ်ထဲမှာ သားအရွယ်ဖြစ်ဖြစ်၊ မြေးအရွယ်ဖြစ်ဖြစ် သူ့ထက်သာရင် မနာလိုတဲ့ ဣဿာမစ္ဆရိယစိတ်တွေပဲရှိတယ်၊ မင်းတို့က သူ့ကိုပြန်ပြောရင် သူနဲ့ စိတ်တူကိုယ်တူ ပေါင်းနေကြတဲ့ သူယုတ်တွေကပါ ဝိုင်းပြီး မကောင်းကြံကြလိမ့်မယ်၊ သူတို့က သူတစ်ပါးအကျိုးပျက်စီးအောင် လုပ်မယ့်သူတွေပါ၊ ရှောင်ကြပါကွာ''

ကိုခင်မောင်ဝင်းသည် ထိုသို့သောလူမျိုးသာဖြစ်ပေသည်။ ကျွန်တော် ရန်ကုန်တက်လာသည့်အခါ လေလွင့်ခွေးများရှင်းလင်းရေးအတွက် အမဲပစ်ခြင်းကြောင့် သေဆုံးရသော ခွေးများကိုကြည့်ကာ အလွန်စိတ်မကောင်းဖြစ်မိပြီး ရွာသို့ပြန်ချိန်၌ ကိုခင်မောင်ဝင်းကို ပြောပြမိသည်။

''အေးကွာ ရက်စက်ပါပေ့၊ ငါလိုက်လို့ရရင် လိုက်ပြီး လုပ်ပေးချင်လိုက်တာ''

အံကိုကြိတ်လျက် ဘယ်လက်ဝါးကို ညာလက်သီးဖြင့် ထိုးရင်း ပြောလေသော် သူ့ကိုခေါ်ရန်မဆိုထားနှင့် မိမိတစ်ဝမ်းစာပင် အနိုင်နိုင်ဖြစ်နေသော ကျွန်တော်သည်အဘယ်မှာ စိတ်ကောင်းနိုင်ပါမည်နည်း။ သို့ဖြင့် နှစ်များ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့သည်။ ကျွန်တော်ရွာပြန်မရောက်သည့် နှစ်ပေါင်းလည်း များလာခဲ့သဖြင့် သီတင်းကျွတ်တွင် မိဘများကိုကန်တော့ရန် ကျွန်တော်ပြန်ခဲ့ပါသည်။ အိမ်သို့မဝင်သေးဘဲ အနောက်ကျောင်းဆရာတော်ကို ဝင်၍ဦးချစဉ် ဆရာတော်ဦးဩဘာသ၏ စကားကြောင့် ကျွန်တော် တုန်လှုပ်သွားခဲ့သည်။

''မင်းဘော်ဒါကြီး ခင်မောင်ဝင်းတော့ ပြီးခဲ့တဲ့ဝါဒွန်း (ဝါတွင်း)က ဆုံးရှာပြီကွ''

ကျွန်တော်အိမ်အရောက် ပြေးခဲ့သည်။ အမေနှင့်အဖေကို ကန်တော့ပြီးချိန်တွင် ရွာမှ သူငယ်ချင်းများ စုလာကြပြီး ကိုခင်မောင်ဝင်းအကြောင်းကို တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရာ ကျွန်တော် မျက်ရည်မဆည်နိုင်တော့ပါ။

''ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးရှာတာပါကွာ၊ မျက်စိအောက်တင်ဖြစ်ပေမယ့် ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး''


''သူဆုံးတော့ ခွေးဖြူမကြီးက ဆယ်ရက်လောက် ထမင်းမစားလို့ တိမွေးကုဆရာဝန်ကိုခေါ်ပြီး ဆေးကုလိုက်ရတယ်''

သက်ပျောက်ဆွမ်းကပ်ရန် ဘုန်းကြီးကြွလာစဉ် ဘုန်းကြီးကျောင်းမှပါလာသော ခွေးများက ရွာဓလေ့အရ ခြံရှေ့ထုတ်ထားသည့် ကိုခင်မောင်ဝင်း၏ ရုပ်ကလာပ်အနီးတွင် အမြီးကုပ်လျက် တအီအီဖြင့် မြည်တမ်းနေကြကြောင်း ကြားရသည့်အခါ ရင်တွင်းမချိပါလေတော့။ ရွာတွင်တစ်ပင်မျှမရှိသဖြင့် အချို့ကလေးများပင် မြင်ဖူးခြင်းမရှိသော ဇီဇဝါပန်းနံ့သည် သင်္ဂြိုဟ်သည့်နေ့၌ လေအဝေ့တွင် တစ်ချက်တစ်ချက် မွှေးပျံ့နေကြောင်း ဆိုကြပါသည်။ ကောင်းရာမွန်ရာကိုသာ ရောက်မည့်သူဖြစ်သည်။

ကိုခင်မောင်ဝင်းသည် လူကြားကောင်းစေရန် မေတ္တာနှင့် မုဒိတာစကားမဆို၊ လူမြင်ကောင်းစေရန် ကြင်နာဟန်မပြခဲ့သော်လည်း ရပ်ကျိုး၊ ရွာကျိုးနှင့် တိရစ္ဆာန်တို့၏အကျိုးကို ဖြင့် ထင်ရှားစွာ လုပ်ကိုင်ပြခဲ့ပါသည်။ ကျွန်တော်နှင့်တကွ ကျန်ရွာသားများသည် ကိုခင်မောင်ဝင်းကဲ့သို့ လုပ်မပေးနိုင်ခဲ့ကြပါ။ ကိုခင်မောင်ဝင်းက ပညာပေးမည်ဟုဆိုသည်ကို မလုပ်ရဲကြသောကြောင့် ထိုပညာသည် ကိုခင်မောင်ဝင်းနှင့်အတူ ပါသွားခဲ့ပါပြီ။ ကျွန်တော်တို့ရွာတွင်သာမက မည်သည့်နေရာတွင်မျှ ထိုသူမျိုးရှိသည်ဟု မကြားဖူးခဲ့။ ရှာလျှင်လည်း မတွေ့နိုင်၊ သတ္တဝါမှန်သမျှ မလွှဲမရှောင်သာ သွားရမည့်လမ်းသို့ ကိုခင်မောင်ဝင်း တစ်ယောက် ကောင်းမှုကုသိုလ်များကို တစ်ပွေ့တစ်ပိုက်ယူကာ သွားနှင့်ပြီဖြစ်သောကြောင့် သွားနှင့်ဦးပေ့ါ ကိုခင်မောင်ဝင်း ရေဟုသာ နှုတ်မှမြည်တမ်းမိပါတော့သည်။

ရန်ကုန်ပြန်ရောက်သော် ယောင်ချာချာနဲ့ ဝက်မကြီးလည်း လွမ်းတယ်ဟူသော ခေတ်ပေါ်သီချင်းတစ်ပုဒ်၏ အပိုင်းအစလေးကို ကြားလိုက်ရသည့်အခါ ကျွန်တော်သည် ဝက်မကြီးလည်းလွမ်းတယ် နေရာ၌ ခွေးမကြီးတွေလွမ်းတယ်ဟု ပြင်တွေးမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ရွာတွင် ခွေးများကို ကူညီသူတစ်ဦးပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုသူသည် လမ်းဘေး ခွေးဝဲစားမှအစ ခြံတွင်း၌မွေးသော ခွေးအဆုံး ခွေးမျိုးစုံကိုချစ်သည်။ ဒုက္ခရောက်နေသော ခွေးတို့ကို ကူညီသည်။ ကယ်တင်သည်။ ကျွန်တော်တို့ မလုပ်နိုင်သော ခွေးဝေယျာဝစ္စများကိုလုပ်ပေးသည်။ ငွေကြေးတတ်နိုင်သူမဟုတ်သောကြောင့် ကြုံရာနေရာတွင် လိုအပ်သလို ကိုယ်ထိလက်ရောက် ကူညီကယ်တင်သည်။ ထိုသူကား ကိုခင်မောင်ဝင်းပင်တည်း။ ။

**မကြည်ပြာ(သချာ)**



ဆေးလိပ်တို တစ်ညှိုလောက်
ရော့သောက်တော့ပေး၊
ယူလိုက်ပြန်က ကြိုက်လို့ထင်
မယူလိုက်က မိုက်လို့ထင်
သောက်စေချင် ခုတင်အောက်မှာ ထားခဲ့လေး။

ဤသည်မှာ ဆေးလိပ်နှင့်ပတ်သက်သော ပထမမြန်မာကဗျာဖြစ်သည်။ ဒုတိယကဗျာတစ်ပုဒ်လည်း ရှိပါသေးသည်။ ခံစား ကြည့်ပါအုံး။

မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို။
မီးမကူ၊ နေပူမှာ မကင်အားလို့
ထားရတယ်၊ အိပ်ရာအောက်မှာ
မင်းသောက်ဖို့ကို။
ညှာအနား၊ ရှေ့သွားနှင့်ကိုက်လို့တို
မချိုတောင့်လိပ်ဆေး။
ပိုးမကူ၊ ဝါချည်ဖြူတပင်ရစ်ကယ်နှင့်
ငယ်ချစ်မောင်ရွှေဝသွားကို၊ ပါးလိုက်ကဲ့လေး။

အထက်ပါကဗျာ(၂)ပုဒ်ကိုကြည့်ပါက မြန်မာလုလင်ပျို လုံမငယ်ကလေးများပင် ဆေးလိပ်ကို ခုံခုံမင်မင်နှင့်တန်ဖိုးထားကြကြောင်း တွေ့ရသည်။ သမီးရည်းစားဘဝ လူပျိုလှည့်ရာတွင် ဆေးလိပ်ကို ရှေ့ပြေးမြားနတ်မောင်အဖြစ် အသုံးချလေ့ရှိသည်။

ပထမကဗျာတွင် လုလင်ပျိုက လုံမငယ်ကလေးကို လူပျိုလှည့်ရာတွင် ဆေးလိပ်ကို လက်ဆောင်အဖြစ်ပေးကာ ချဉ်းကပ်သည်။ မိန်းကလေးက ဣန္ဒြေကို အပွန်းအပဲ့မခံလိုသောကြောင့် မူလိုက်ကာ ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ စကားကို ဆိုလိုက်သည်။ သောက်စေချင် ခုတင်အောက်မှာ ထားခဲ့ပါဟု။

ဒုတိယကဗျာကမူ လုံမပျိုကလေးက မိမိ၏ချစ်သူ လုလင်ပျိုအား စေတနာထားကာပေးသော ကဗျာဖြစ်၏။ ကိုယ်တိုင်ခူးထားသော ဆေးလိပ်ဖက်ဖြစ်ကြောင်း၊ လှီးဖြတ်စရာဓားကတ်ကြေးမရှိခြင်းကြောင့် ရှေ့သွားဖြင့် ကိုက်ဖြတ်ထားရကြောင်း၊ နေပူပူနှင့် မီးမှာ မကင်အားသောကြောင့် ခူးထားသောဖက်များ ခြောက်သွေ့သွားရန် အိပ်ရာအောက်မှာထားရကြောင်း။

အထက်ပါကဗျာ(၂)ပုဒ်သည် အမည်မသိမိန်းကလေးစာဆိုများ၏လက်ရာဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော် ကုန်းဘောင်ခေတ် (ဒုတိယပိုင်း)ကဟု တွေးဆမိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ်တွင် အမျိုးသမီးစာဆိုတော်များဖြစ်ကြသော မယ်ခွေ၊ မမြတ်လေး၊ လှိုင်ထိပ်ခေါင်တင်(၁၀၈၀–၁၁၈၁–၁၁၉၅) တို့ ပေါ်ပေါက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုကဗျာနှစ်ပုဒ်သည် အမှောင်ထုအတွင်းမှ မရဏာသေမင်းကိုသိမြင်ခြင်းမရှိရကား ထိုသို့ သော ဆေးလိပ်နှင့်ပတ်သက်သော အခြင်းအရာကို သီဂီရ ရသမြောက်စွာဖြင့် ဖွဲ့နွဲ့စပ်ဆိုကြခြင်းဖြစ်သည်။

လယ်သစ်၊ မြေယာသစ်တို့ကို ရှာဖွေသော ဥရောပအလယ်ခေတ်တိုက်သားတို့ပင် ထိုစဉ်အခါက ဆေးလိပ်နှင့် ဆေးရွက်ကြီးအကြောင်းကို မသိကြသေးပေ။ အမေရိကားတိုက်ကို ဦးစွာရှာဖွေတွေ့ရှိသော ကိုလံဘတ်သည်ပင် ရက်အင်ဒီးယန်းများ





ဆေးလိပ်၊ ဆေးတံသောက်ခြင်း၊ ဆေးငုံခြင်းများကို ပထမဦးဆုံး တွေ့ရ၍ အံ့သြသွားရပါသည်။ မည်သည့်အချိန်ကာလက သူတို့ သုံးစွဲခဲ့သည်ကို မသိရပေမင့် သူတို့၏ သင်္ချိုင်းမြေနေရာများတွင် ဆေးတံကအစ ဆေးလိပ်ပစ္စည်းများကို တွေ့ရခြင်းအားဖြင့် ရှေးအတီတေကတည်းက သုံးစွဲခဲ့သည်ဟု ခန့်မှန်းရပါသည်။

ဆေးရွက်ကြီးကို ရုက္ခဗေဒနည်းအရ ဆော်လင်နေစီအီး မျိုးရင်းဝင် နစ်ကိုရှီအေးနားမျိုးစိတ်တွင် ပါဝင်သည်။ သိပ္ပံအမည်က နစ်ကိုရှီအေးနားတက်ဗာကမ်ဖြစ်သည်။ ဆေးပင်သည် မျိုးစိတ်အားဖြင့် ၅၀ ကျော်ရှိသည်။ သို့သော် ပေါ်တူဂီရှိ ပြင်သစ်သံအမတ်ကြီး ဇန်နစ်ကိုဆိုသူက ဆေးမျိုးစေ့အချို့ (စားပွဲဇွန်း တစ်ဇွန်းသည်ပင် အစေ့ပေါင်း ၆၀၀၀၀ ကျော်ရှိသည်အထိ သေးငယ်၏)ကို ပြင်သစ်ဘုရင်မအား လက်ဆောင်အဖြစ် ယူခဲ့သည်။ ထိုသံအမတ်ကြီးကို အစွဲပြု၍ သိပ္ပံဝေါဟာရတွင် ဆေးပင်ကို နစ်ကိုရှီအေးနားဟု ခေါ်ကြသည်။ မက္ကဆီကိုနိုင်ငံတွင် တိုဗက်ကိုးဟုခေါ်၏။

ဤနည်းအားဖြင့် အင်ဒီးယန်းလူမျိုး ဥရောပတိုက်သားတို့မှတစ်ဆင့် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်း၊ ငုံထားခြင်း အလေ့အထသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားပါတော့သည်။ လက်ဦးအစတွင် တချို့နိုင်ငံများက ထိုအလေ့အကျင့်ကို တားမြစ်ပိတ်ပင်သေးသည်။ ပထမဂျိန်းဘုရင်ကလည်း တားသေးသည်။ သာသနာပိုင်တို့ကလည်း ဆေးလိပ်သောက်သုံးလျှင် သာသနာမှ ဆန့်ကျင်မည်ဟု ခြိမ်းခြောက်သေးသည်။ တူရကီနိုင်ငံတွင်မူ သေဒဏ်ပေးမည်ဟု ခြိမ်းခြောက်သေးသည်။ ထိုသို့အမိန့်အာဏာဖြင့် တားမြစ်ပိတ်ပင်လင့်ကစား ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးသည့်အလေ့အထသည် ပို၍ ပို၍ ကြီးထွားလာရာ ယနေ့ကာလတွင် ဆေးလိပ်မသောက်သုံးသောနိုင်ငံဟူ၍ မရှိတော့သည့်အခြေအနေသို့ ရောက်သွားပါတော့၏။

သို့ဖြစ်ရကား တစ်ကမ္ဘာလုံးက ဆေးလိပ်သောက်သုံးနေခြင်းကြောင့် တစ်ကမ္ဘာလုံးတွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ပတ်သက်သော စက်ရုံကြီးများ၊ စိုက်ခင်းများ ပေါ်လာတော့၏။ ဒီဒီတီ ပိုးသတ်ဆေးပေါ်လာခြင်းကြောင့် စိုက်ခင်းတွင် ဆေးရွက်ကြီး နှစ်ဆတိုးလာ၏။ မြန်မာနိုင်ငံ နေရာအတော်များများတွင် ဆေးရွက်ကြီးကို စိုက်ပျိုးကြ၏။ အမေရိကန်မှထွက်ရှိသော ဗာဂျီးနီးယားဆေးရွက်သည် ကမ္ဘာကျော်၏။ ထို့အတူ တူရကီ၊ ဖော်လကန်တိုင်းပြည်များ၊ အီဂျစ်ရှင်းတိုင်းပြည်တို့မှ စီးကရက်များသည် ကမ္ဘာကျော်သွား၏။ ကျူးဗားနိုင်ငံမှထွက်ရှိသော ဆေးပြင်းလိပ်မှာမူ ကုလသမဂ္ဂ တတိယမြောက်အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးသန့်သည်ပင် ခုံမင်နှစ်သက်သည်ဟု ကြားဖူး ၏။

ဆေးလိပ်သောက်သုံးခြင်းသည် ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၉ ခုနှစ်နောက်ပိုင်းတွင် လူအတော်များများသည် ဖိမ်ခံပစ္စည်းအဖြစ်လည်းကောင်း၊ ရှိုးထုတ်၊ စတိုင်ထုတ်ရန်အတွက်လည်းကောင်း အသုံးပြုလာသည်။ ထို့ကြောင့် ကုမ္ပဏီများကလည်း သောက်သုံးသူများလာရန်အတွက် ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ရုပ်သံများတွင် လှိုင်လှိုင်ကြီးကြော်ငြာကြ၏။ ထိုကြော်ငြာများကိုကြည့်ပြီး လူငယ်၊ လူကြီးများ အတုလိုက်ယူကြ၏။ ထို့ကြောင့်လည်း သောက်သုံးသူများမှာ ကင်ဆာ၊ အဆုတ်နာ၊ လည်ချောင်းနာ၊ ရပ်ကျပ်ခြင်းဝေဒနာများကို ခံစားကြရတော့၏။ သေကျေပျက်စီးရတော့၏။ ဘာကြောင့် ထိုရောဂါများ ရရှိသည်ကို မသိကြ။ ရောဂါဝေဒနာခံစားရလျှင် ဆေးကုလိုက်မည်။ ယာယီပျောက်သွား၏။ အမြစ်တော့ မပြတ်ပါ။

၁၉၆၂ ခုနှစ်လောက်ရောက်တော့ ထိုရောဂါများ၏ ဖြစ်ခြင်း အကြောင်းရင်းကို ခြေရာခံတွေ့ရှိပါတော့၏။ အကြောင်းရင်း တရားခံမှာ ဆေးလိပ်ပင်ဖြစ်၏။ ဦးစွာ ဆေးလိပ်မီးခိုးငွေ့တွင် လူကို အန္တရာယ်ပြုနိုင်သည့် ဓာတုဗေဒဆေးဝါးပေါင်း ၄၀၀၀ ကျော် ပါဝင်၏။ ထိုအထဲတွင် အာစီတုန်း–အမိုးနီးယား၊ အာဆင်းနစ်၊ ဘင်ဇင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဒီဒီတီ၊ ဖော်မယ်ဒီဟိုက်ဒ်နှင့် နီကိုတင်းတို့ပါဝင်ကြ၏။ ထိုဓာတုဗေဒများကို လူတို့ဘာကြောင့် စွဲစွဲလမ်းလမ်းနှစ်နှစ်ခြိုက်ခြိုက် ဖွာရှိုက်နေရသနည်း။ စူးရှပြင်းထန်သော ရန့်ဆိုးကြီးကို အငမ်းမရရှူရှိုက်နေရပါသနည်း။ အဓိကတရားခံကတော့ ထိုဓာတုဗေဒ ၄၀၀၀ ကျော်တွင် တစ်ခု အပါအဝင်ဖြစ်သော နီကိုတင်းဓာတ်ကြောင့်ပင်ဖြစ်၏။

ဆရာဝန်ကြီးဒေါက်တာအောင်မိုးက နီကိုတင်းဓာတ်သည် ဦးနှောက်ထဲရှိနေရာလေးတစ်ခုကို လှုံ့ဆော်ပေးလိုက်သည်။ ထိုအခါ သာယာစိတ်၊ ကြည်နူးစိတ်၊ ကျေနပ်စိတ်တွေ ဖြစ်ပေါ်လာတော့သည်။ မည်သည့်အရာနှင့် တူသွားသနည်းဆိုသော် အစားအသောက်စားရတဲ့အခါ ကျေနပ်တင်းတိမ်သွားသလိုမျိုး၊ လိင်ကိစ္စဆောင်ရွက်တဲ့အခါ ခံစားရတဲ့ သာယာစိတ်ဖြစ်သွားသလိုမျိုးဖြစ်၏။

ဒီလို လူကိုအန္တရာယ်ပြုစေတတ်ပြီး ဆိုးဝါးသောအနံ့ စူးရှရှ ပါသည့် ဆေးရွက်ကြီးကို ထပ်ကာထပ်ကာ ရှူရှိုက်ရခြင်း အကြောင်းကတော့ နီကိုတင်းဓာတ်ကြောင့်ဖြစ်၏။ ဆေးရွက်ကြီးကို ဆေးလိပ်အဖြစ်၊ ငုံဆေးအဖြစ်၊ ကွမ်းယာဆေးအဖြစ် စတင်သုံးစွဲသူများအတွက် ပျို့အန်တာ၊ ခေါင်းမူးတာတွေ ဖြစ်တတ်သည်။ သို့ပေမင့် ကြိမ်ဖန်များစွာသုံးစွဲလာလျှင် ထိုသို့မခံစားရတော့ပေ။ နီကိုတင်းဓာတ်သည် သွေးကြောထဲရောက်ရှိသွားရာ ရောက်ရှိသည့်ပမာဏအပေါ်မူတည်ပြီး သာယာမှုတွေ၊ ကျေနပ်မှုတွေ ဖြစ်ပေါ်လာတော့၏။ နီကိုတင်းဓာတ်၏ လှုံ့ဆော်မှုပင်ဖြစ်၏။

ထိုနီကိုတင်းဓာတ်လှုံ့ဆော်မှုကြောင့် အကယ်၍ နီကိုတင်း

မရခဲ့လျှင် ခံတွင်းတွေ ချဉ်လာသည်။ ယင်းထလာသည်။ (With drawel syndrone) ယင်းထလာသည်ကို အလွယ်တကူပြောရလျှင် ဆေးလိပ်သမားသည် တစ်စုံတစ်ခုကို စိုးရိမ်နေမိသည်။ နေမထိ ထိုင်မသာဖြစ်ပေါ်လာလိမ့်မည်။ စိတ်တိုခြင်း၊ စိတ်တင်းကျပ်ခြင်း ဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့ယင်းထလာပါက ဖွဲ၊ သတ္တိမွေးပြီး နီကိုတင်းတမ်းတမှုကို တောင့်ခံထားရမည်။ မဟုတ်ပါက စိတ်အလိုလိုက်ပြီး နီကိုတင်းကို မရရသည့်နည်းနှင့် ရှာဖွေမိပါက ဆေးလိပ်သံသရာလည်နေတော့မည်ဖြစ်၏။

ဤနေရာ၌ နီကိုတင်းသည် ပဋိစ္စသမုပ္ပာဒ်တရားတော် (အင်္ဂါ ၁၂ ပါး)တွင် တဏှာနှင့်တူနေပါသည်။ တဏှာသည် ဘဝသံသရာလည်ခြင်းအကြောင်း အဓိကတရားဖြစ်သည်။ ထိုသံသရာလည်စေသော အကြောင်းတရားတို့ကို ဖြတ်နိုင်ပါမှ သံသရာလည်ခြင်းအကျိုးတရားတို့ကို ဖြစ်ပေါ်လာမည်မဟုတ်တော့ပါ။ တဏှာအလိုသို့လိုက်ပြီး မရရအောင် ဖန်တီးမိပါက ဥပါဒါန်ဖြစ်မည်။ ဥပါဒါန်က တဏှာစေခိုင်းသည့်အတိုင်း မဖြစ်မနေလုပ်မည်။ လုပ်လျှင် ပဋိစ္စသမုပ္ပာဒ်တစ်ပတ်လည်ကာ သံသရာလည်မည်ဖြစ်၏။ အကြောင်းတရားများကို တဏှာက ဖြတ်ပစ်လိုက်သည်။ ထိုနည်းတူ ယင်းထစေသည့်အကြောင်းတရားဖြစ်သော နီကိုတင်းကိုလည်း စွဲလမ်းမှုမဖြစ်အောင် ဖြတ်ပစ်ရမည်ဖြစ်၏။

အမှန်မှာ ဆေးလိပ်မီးခိုးငွေ့တွင် ပါဝင်သော ဓာတုဗေဒဓာတ် ၄၀၀၀ ကျော်တို့သည် လူကိုအန္တရာယ်ပြုနိုင်သည်ဆိုကြပေမင့် မသောက်လျှင် ဘာမှမဖြစ်ပေ။ ကတ္တရာဓာတ်လည်း နှလုံးတို့၊ အဆုတ်တို့ထဲသို့ ဝင်ရောက်စရာ အကြောင်းမရှိ။ ထို့ပြင် အိုမင်းရင့်ရော်စေသောအကြောင်းလည်း မရှိတော့ပေ။ ခုတော့ ကင်ဆာကအစ အအေးမိချောင်းဆိုးရောဂါအဆုံး ဖြစ်စေတတ်သည်မှာ ဆေးလိပ်ကို မသောက်ရမနေနိုင်ဖြစ်စေသည့် နီကိုတင်းပင်ဖြစ်၏။

၁၉၈၀–၁၉၉၀ ပြည့်နှစ်များက ဆေးလိပ်၊ ဆေးရွက်ကြီးစသည်တို့ကို သုံးစွဲခြင်းမှ ရှောင်ရှားရန် တစ်ကမ္ဘာလုံးက လှုပ်ရှားလာကြသည်။ လှုပ်ရှားလာသည်နှင့်အမျှ ဆေးရွက်ကြီးလုပ်ငန်းပိုင်ရှင်ကြီးများ၊ ဆေးလိပ်ကုမ္ပဏီများကလည်း အားကောင်းမောင်းသန်နှင့် ထောင့်မျိုးစုံ၊ နည်းမျိုးစုံနှင့် ကမ္ဘာအနှံ့ ပြန့်ပွားအောင် ကြော်ငြာကြသည်။ မြန်မာပြည်အပါအဝင် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် စပ်ဆေး၊ ပေါင်းဆေးတို့ကို ဖော်စပ်ပြီး ကွမ်းယာနှင့် စားတာမျိုး၊ ဆေးလိပ်လိပ်မျိုး၊ ငုံဆေးလိုမျိုး အသုံးပြုလာကြသည်။

ထို့ကြောင့် လူတွေရောဂါရကာ သေဆုံးသူသေ၊ မသေဘဲ နာတာရှည်ရောဂါဖြစ်သူဖြစ်၊ (နှလုံး)သွေးကြောကျဉ်းရောဂါဖြစ်ပြီး ခြေချောင်းလက်ချောင်းတွေ ပုပ်သူပုပ်၊ ဖြတ်ပစ်ရတဲ့သူတွေလည်း ရှိ၊ လေဖြတ်သူ အလုပ်လက်မဲ့သူတွေလည်း ကမ္ဘာပေါ်မှာ အမြောက်အမြားရှိကြသည်။ ခံစားနေရသော ဝေဒနာရှင်များ၏ ဆွေမျိုးသားချင်းများက မကျေနပ်၍ ဆေးခင်းပိုင်ရှင်၊ ဆေးလိပ်ကုမ္ပဏီများကို တရားစွဲကြ၏။ ကုမ္ပဏီများကလည်း လျော်ကြေးငွေ အမြောက်အမြားပေးဆောင်ရ၏။

ကျွန်တော်သည်လည်း ဆေးလိပ်၊ ကွမ်း၊ အရက်၊ ကော်ဖီ အစရှိသော နီကိုတင်း၏ကျေးကျွန်အဖြစ် ကာလအတန်ကြာ ဖြစ်ခဲ့ဖူးသည်။ ကျွန်တော်ဝန်ထမ်းဘဝ၌ရှိစဉ် မက်ထရစ်(၁၀ တန်း) စာမေးပွဲကို ဖြေစဉ်က ဖြစ်သည်။ ထိုစဉ်က အိပ်မငိုက်စေရန် အကြောင်း ပြုပြီး နေ့စဉ် စီးကရက်အပါအဝင် ဆေးပေါ့လိပ်အလိပ် ၅၀ လောက် သောက်ရှူဖြစ်၏။ စားမေးပွဲမတိုင်မီ ချောင်းတွေဆိုးလာသည်။ မကြာမကြာ အအေးမိသည်။ အစားအသောက်တွေ ပျက်လာသည်။ လူလည်း ကမ္ဘဋ္ဌာန်းရုပ်ပေါက်လာသည်။ ဆေးရုံဆေးခန်းသို့ မကြာမကြာသွားရသည်။ တစ်လ ထမင်းစရိတ်ထက်ဝက်မျှသည် ဆေးလိပ်ဖိုးနှင့်ကုန်၏။ စာမေးပွဲပြီးလို့ ဆေးခန်းပြန်ပြပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ တီဘီဆေးရုံ လွှတ်လိုက်တော့မှ တီဘီ(သံသယ)ဖြစ်နေတာကို သိရ၏။

တီဘီဆေး(အိုင်ဆိုနာဆစ်ဆေး)ကို ၂ နှစ်ကျော်ကျော် သောက်ရ၏။ ထိုစဉ် ဆေးလိပ်ကိုလည်း မသောက်ရဲတော့ပါ။ ကံကောင်းချင်တော့ မကြာမကြာချောင်းဆိုး၊ အအေးမိခြင်းကြောင့် ဆေးလိပ်သောက်ချင်စိတ်လည်း မရှိ(ဆန္ဒမရှိ)။ သောက်မည်ဟု ဆေးလိပ်မီးညှိတာနှင့် မီးခိုးတွေ ထွက်လာ၏။ ထိုမီးခိုးငွေ့သည် ယခင်ကလို သင်းပျံ့ပျံ့လေးဖြစ်မနေတော့ဘဲ စက္ကူစုတ်မီးရှို့သည့်အနံ့သာ ထွက်လာ၏။ ပါးစပ်မှာ အရသာခံကြည့်လိုက်တော့လည်း စူးရှရှ၊ ခါးတူးတူးအရသာကို တွေ့ရ၏။ ထိုအခါမှစ၍ တစ်ပတ်အတွင်း ဆေးလိပ်မသောက်ဖြစ်တာ ယနေ့ပါဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ပါပြီ။ ဆေးလိပ်နှင့်အတူ ကွမ်းလည်း ပြတ်သွားခဲ့သည်။

ယနေ့မှာတော့ D.O.T ဆေးလည်းပေါ်နေပြီ။ ဆေးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း မှန်မှန်သောက်ပါက ခြောက်လမှ ရှစ်လအတွင်း ပျောက်မည်ဖြစ်၏။ ဆေးလိပ်ဖြတ်သည့် ဆေးဝါးတွေလည်း ပေါ်နေပြီ။ ဖြတ်ရန်ကူညီပေးမည့် ဆရာတွေလည်း ရှိနေပါပြီ။ နည်းလမ်းပေါင်းစုံလည်း ရှိနေပါပြီ။ နီကိုတင်းပါတဲ့ ချူးဂမ်းတွေ၊ နီကိုတင်းပါသည့် အရေပြားပေါ် ကပ်ရသော ကပ်ခွာလေးတွေ၊ နီကိုတင်းရှူဆေးတွေလည်း ပေါ်နေပါပြီ။ သည်တော့ ဆေးလိပ်သောက်သောသူများ ဆေးလိပ်ဖြတ်ရန် အလွန်လွယ်ကူပါသည်။ မိမိစိတ်သည်သာ အခရာဖြစ်၏။ ဆေးလိပ်ဖြတ်ရန် ကွမ်းစားပါက ဆေးလိပ်ရော ကွမ်းပါစွဲသွားပါမည်။ ထို့ပြင် တစ်နေ့ တဖြည်းဖြည်းချင်း လျှော့သောက်ကာ ဖြတ်မည်ဟု မဆုံးဖြတ်သင့်ပါ။ ဖြတ်ချင်သည့် ဆန္ဒသာရှိလျှင် မည်သည့်ဆေးဝါးကိုမျှ မမှီဝဲဘဲ တုံးတိတိဖြတ်လိုက်ပါ။ ယင်းထလျှင် ၇ ရက်၊ ကျန်တာက မိမိဘဝတစ်သက်ဟု သဘောထားပါ။

ကမ္ဘာ့ကျန်းမာရေးပညာရှင်များကလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်မည်မျှကြီးထွားနေကြောင်းကို ကမ္ဘာ့လူသားများအား အစဉ်သတိပေးနေသည်။ အမေရိကန်တစ်ပြည်လုံးတွင် လူပေါင်းများစွာ ပြဿနာပေါင်းသောင်းခြောက်ထောင် ခံစားနေရသည်မှာ ဆေးလိပ်ကြောင့်ဟု အပြစ်တင်ထားသည်။

အလုပ်ပျက်ရက် တစ်နှစ်လျှင် ရက်ပေါင်း သန်း ၈၀ ရှိခြင်း၊ နာမကျန်းဖြစ်ခြင်းကြောင့် နှစ်စဉ် အိပ်ရာပေါ်မှာ အချိန်ကုန်ဆုံးနေရတဲ့ ရက်ပေါင်း ၁၄၅ သန်းရှိခြင်း၊ တစ်နှစ်လျှင်

နာတာရှည်ဖြစ်ပွားတဲ့လူနာသစ်ပေါင်း ၁၁ သန်းရှိခြင်း၊ နလုံးအလုပ်မလုပ်မှုကြောင့် လူနာသစ်ပေါင်း ၂၈၀၀၀၀ ရှိခြင်း၊ နာတာရှည်နှာခေါင်းလိုဏ်ခေါင်းရောင်ရမ်းမှုဖြစ်ပွားတဲ့ နောက်တိုးလူနာသစ်ပေါင်း ၁ ဒသမ ၈ သန်းရှိခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်သုံးခြင်းကြောင့် လမစေ့ဘဲ မွေးတာတို့၊ အင်္ဂါမစုံဘဲ မွေးတာတို့၊ ကိုယ်ဝန်ပျက်ကျတာတို့၊ ပေါင်မပြည့်ဘဲ မွေးတာတို့၊ ဦးခေါင်းကြီးပြီးမွေးတာတို့ စသည်စသည်ဖြင့် အမေရိကန်ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည်။ ဒါတွေက မိမိကိုယ်တိုင်သုံးစွဲမိ၍ ရရှိလာသော ဆိုးကျိုးများဖြစ်သည်။ ထို့ပြင် စီးကရက်တစ်လိပ် သောက်သုံးလျှင် အသက် ၅ မိနစ်မှ ၂၀ အထိ တိုသွား၏ဟု ဆို၏။

မိမိကိုယ်တိုင် မသုံးစွဲပေမင့် ရောဂါရသူလည်းရှိသေးသည်။ မိမိက မသောက်သုံးသော်လည်း အတူနေအိမ်သားတစ်ဦးဦးက သောက်သုံးသောအလေ့အထရှိခြင်းကြောင့် ထိုသူမှထွက်ရှိလာသော ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိပါကလည်း ရောဂါရနိုင်သေးသည်။ ထိုရောဂါမှာလည်း ကိုယ်တိုင်ကိုယ်ကျ သောက်သုံးသူခံစားရသော ရောဂါအတိုင်းဖြစ်သည်။ ဤမျှအထိ ကြောက်မက်ဖွယ်ကောင်း၏။ ထို့ကြောင့် ဆေးလိပ်သောက်သုံးသူများနှင့် ဝေးဝေးနေရန် ဖြစ်၏။

အမေရိကန်ဆေးဝါးပညာရှင်များကမူ သူတို့နိုင်ငံအတိုင်း အတာအထိသာ ဆေးလိပ်သောက်သုံးခြင်းကြောင့် ခံစားနေရသော ရောဂါဝေဒနာသည်များစာရင်းကို ပြုစုထားပါသော်လည်း ကျန်ရှိနေသေးသော ကမ္ဘာ့တိုင်းပြည်များ၏ စာရင်းကား မည်မျှရှိဦးမည်နည်း စဉ်းစားကြပါကုန်။

ထို့ကြောင့် ရောဂါဖြစ်လာမှ ကုမှာလား၊ ကုလျှင်တော့ ပျောက်မည် မပျောက်မည်မှာ မသေချာပါ။ ဒါကလည်း ရောဂါကို ကုခြင်းသာဖြစ်၏။ အရင်းအမြစ်အကြောင်းတရားကို ကုသခြင်းမဟုတ်။ ဗုဒ္ဓဟောကြားသည့် ခွေးနှင့် ခြင်္သေ့ဥပမာအတိုင်း ဖြစ်၏။ ခွေးသည် မိမိထံပါးသို့ ရောက်ရှိလာသော မြားတံကို ဒေါသတကြီးလိုက်ပြီးဟပ်၏။ ခြင်္သေ့ကမူ အနားသို့ရောက်ရှိလာသော မြားတံကိုကြည့်ပြီး ဤမြားတံမည်သည့်အရပ်မှထွက်ပေါ်လာသည်ကို စူးစမ်းပြီး လက်သည်တရားခံကို ရှာ၏။ ထိုနည်းတူ ရောဂါဖြစ်မှကုခြင်းထက် ထိုရောဂါ ဘာကြောင့်ဖြစ်ရသနည်း ဆိုတာ အဖြေရှာသင့်ပါသည်။

တရားခံက ဆေးလိပ်၊ ဆေးရွက်ကြီးဖြစ်၏။ တစ်ကမ္ဘာလုံးကလည်း အစွမ်းကုန်တိုက်ဖျက်နေကြသည်။ စီးကရက်ဘူးထဲတွင် အန္တရာယ်ဆိုသော စာတန်းများပင်ထည့်သွင်းထား၏။ သို့သော် သောက်သုံးသူများကလည်း မီးရောင်ကို ရွှေတောင်ဟု ထင်နေဆဲဖြစ်သည်။ သို့ဖြစ်၍ ကွမ်းစားဆေးအဖြစ်လည်းကောင်း၊ ငုံဆေးအဖြစ်လည်းကောင်း၊ ပေါင်းဆေးနှပ်ဆေးအဖြစ်လည်းကောင်း အသုံးပြုနေဆဲဖြစ်၏။ သောက်သုံးသူရှိနေ၍ ထုတ်လုပ်သူ ရှိနေ၏။ ထုတ်လုပ်သူရှိနေ၍ သောက်သုံးသူရှိနေ၏။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်နေ၏။ ကိုင်းရော၊ ကျွန်းရော မရှိ မှ ဤရောဂါဆိုးများ ပျောက်ကုန်မည်ဟု မျက်စိမှိတ်ယုံ၍ မဖြစ် ပါ။

တကယ်တမ်း လူ့လောကကို မကောင်းကျိုးပြုနေတာက ဆေးလိပ်ဆေးရွက်ကြီးဖြစ်၏။ ဒါကို ဤကမ္ဘာမြေပြင်ပေါ်မှ တစ်စေ့တစ်ရွက်မကျန် ပျောက်ကွယ်အောင်ပြုပါမှ ဗုဒ္ဓဥပမာပေးသော ခြင်္သေ့နှယ် တရားခံအရင်းအမြစ်ကို ဖယ်ထုတ်ရာ ရောက်မည်ဖြစ်သည်။ ။

**မုဒုံ–သုမွန်**

**မေလ (၃၁) ရက် ကမ္ဘာ့ဆေးလိပ်မသောက်သုံးနေ့အမှတ်တရ**

# ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိလို့



လူအပြည့်တင်လာတဲ့ ဘတ်စ်ကားတစ်စီး မှတ်တိုင်ကို ရပ်လိုက်တာနဲ့ အတော်လေးချောတဲ့ မိန်းကလေးတစ်ယောက် တက်လာပါတယ်။ သူလည်း တက်ရော ထိုင်ခုံမှာထိုင်နေတဲ့ အမျိုးသားတစ်ယောက်က ထရပ်လိုက်ပါတယ်။

''အို နေပါစေရှင်၊ ကျွန်မ မထိုင်ပါဘူး''လို့ မိန်းကလေးက ညီပြုံးပြုလုပ်တယ်။

''မိန်းကလေးဘာသာ ထိုင်ချင်ထိုင်၊ မထိုင်ချင်နေ၊ ကျုပ်က ဒီမှတ်တိုင်မှာ ဆင်းမှာဗျ''လို့ အမျိုးသားကြီးက ပြောပြီး ဆင်းသွားပါတယ်။

**မောင်သီဟ**



# ကင်ဆာ (Cancer) ရှိ မရှိ ရှာဖွေခြင်း

ဒေါက်တာရဲကို

ဘဝတစ်သက်တာတွင် မွေးဖွားချိန်မှ သေဆုံးခြင်းဆိုသည့် နောက်ဆုံးလမ်းသို့ရောက်သည့်တိုင်အောင် လှုပ်ရှားရုန်းကန်နေကြရသော အချိန်များတွင် ရောဂါဘယအမျိုးမျိုး ဖြစ်ပွားခံစားနိုင်သည့် အခြေအနေများ ကြုံတွေ့နိုင်ပေသည်။ မိမိတို့၏ ပတ်ဝန်းကျင်တွင် တည်ရှိနေကြသော ဗက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ်အမျိုးမျိုးနှင့် အခြားသောရောဂါပိုးအမျိုးမျိုးတို့၏ ကူးစက်မှုကို ခံရနိုင်ပေသည်။ ရောဂါအမျိုးမျိုးအနက်မှ ကင်ဆာဟုခေါ်သော ရောဂါသည် ကျားမမရွေး အသက်အရွယ်မရွေး ခံစားဖြစ်ပွားနိုင်ပြီး အသိနောက်ကျသောအခြေအနေသို့ ရောက်သောအခါ အသက်အန္တရာယ်ဖြစ်စေနိုင်သောရောဂါဖြစ်သည်။

ကင်ဆာ(Cancer)ဆိုသည်မှာ ဂရိဘာသာစကားမှ ဆင်းသက်လာသော အဓိပ္ပာယ်ဖြစ်ပြီး ကဏန်း၏လက်တံများသဖွယ် ပုံမှန်မဟုတ်သော ဆဲလ်များသည် အဆမတန်ပွားများလာပြီး ဆဲလ်များ အချိန်မတိုင်မီ ဇီဝိန်ချုပ်ငြိမ်းမှုဖြစ်ပေါ်လာကာ နောက်ဆက်တွဲဆိုးကျိုးအနေနှင့် လူတို့၏ခန္ဓာကိုယ် အစိတ်ပိုင်းအသီးသီးကို ပျက်စီးစေပါသည်။ ထိုမှတစ်ဆင့် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများ ပျက်စီးကာ အသက်ဆုံးရှုံးမှုကို ဖြစ်စေပါသည်။

ကင်ဆာရောဂါသည် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးတွင် ဖြစ်ပွားစေတတ်ပြီး ကျား၊ မ အသက်အရွယ်အလိုက် ဖြစ်နိုင်ချေရာခိုင်နှုန်းမတူညီကြပေ။ ကင်ဆာရောဂါများကို အဆင့်အားဖြင့် အဆင့် ၄ ဆင့် ခွဲခြားသတ်မှတ်ထားလေ့ရှိပြီး အဆင့်နိမ့်သော အခြေအနေတွင် ဆောလျင်စွာ သိရှိပါက ကုသမှုပေးနိုင်ပြီး သက်တမ်းစေ့နေနိုင်သော အခွင့်အလမ်းများပြားလေသည်။

အဆင့် ၄ (Stage 4)ဖြစ်သော ကင်ဆာများသည် မူလကင်ဆာဖြစ်ပွားသော အင်္ဂါအစိတ်အပိုင်းမှတစ်ဆင့် ကင်ဆာဆဲလ်များသည် အခြားသောအင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများအဆင့်ဆင့် ပျက်စီးကာ အသက်အန္တရာယ်ဖြစ်စေပါသည်။ ထိုကဲ့သို့ အဆင့် ၄ အခြေအနေ ကင်ဆာရောဂါ၏နောက်ဆုံးအဆင့်ဖြစ်သောကြောင့် လူနာများ အနေနှင့် ရောဂါလက္ခဏာများ ခံစားရခြင်းကို သက်သာစေ သော ကုသမှုများကိုသာပေးရန် ရှိတော့ပေသည်။

ကင်ဆာရောဂါသည် ယနေ့ခေတ်တိုးတက်လာသော ဆေးပညာနည်းလမ်းအသွယ်သွယ်ကြောင့် မဖြစ်မီ ဖြစ်ပွားနိုင်ချေရှိမှုများကို ကြိုတင်ကာရှာဖွေစစ်ဆေးနိုင်ပြီး လိုအပ်ပါက ကြိုတင်ကာ ခွဲစိတ်ကုသမှုခံယူခြင်း၊ ဆေးသွင်းကာ ကုသပေးခြင်း၊

ဓာတ်ရောင်ခြည်ပေးကာ ကုသပေးခြင်းတို့ကို ပြုလုပ်နိုင်ပြီဖြစ်သည်။ ကင်ဆာရောဂါသည် မျိုးရိုးဗီဇအရ ဖြစ်ပွားနိုင်သည့်အပြင် လူ့ပတ်ဝန်းကျင်တွင်ရှိသော ထိတွေ့နေထိုင်စားသောက်နေရသည့် ကင်ဆာဖြစ်ပွားစေသောအရာများ၊ အစားအသောက်များကြောင့်လည်း ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားမှုကို မြင့်တက်လာစေပါသည်။ ကင်ဆာရောဂါ ရှိ၊ မရှိ ဖြစ်နိုင်ခြေများ၊ မများ ရှာဖွေစမ်းသပ်စစ်ဆေးခြင်း(Screening)ကို ယနေ့ခေတ် အချိန်အခါတွင် အသက်အရွယ်အပိုင်းခြားအလိုက်၊ မျိုးရိုးဗီဇဖြစ်ပွားနိုင်မှုအလိုက်၊ ကျားမကွဲပြားမှုအလိုက် အစရှိသော အချက်အလက်များပေါ်မူတည်၍ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ ထို့အပြင် ပိုမို၍ ဆန်းသစ်သော နည်းပညာများကို အသုံးပြုကာ လေ့လာစမ်းသပ်မှုအသစ်များ လုပ်ဆောင် ကာ နည်းလမ်းသစ်များကိုလည်း ဆက်လက်ရှာဖွေနေကြဆဲ ဖြစ်သည်။

စမ်းသပ်စစ်ဆေးခြင်းအမျိုးမျိုးရှိသည့်အနက် –

- သွေးစစ်ဆေးခြင်း(Blood test)
- မျိုးရိုးဗီဇစစ်ဆေးခြင်း(DNA test)
- ခန္ဓာကိုယ်စစ်ဆေးခြင်း(Examination)
- အခြားစစ်ဆေးမှုများ
  - ဓာတ်မှန်(X rays)
  - ကွန်ပျူတာဓာတ်မှန်(CT Scan)
  - သံလိုက်ဓာတ်မှန်(MRI)
  - ရင်သားဓာတ်မှန်(Mammogram) အစရှိသည်တို့ကို

စစ်ဆေးပြီး ကင်ဆာရောဂါများကို ဆောလျင်စွာ ရှာဖွေနိုင်ပြီဖြစ်သည်။

**သွေးစစ်ဆေးခြင်း**

ကင်ဆာရောဂါရှာဖွေခြင်းအတွက် သွေးစစ်ဆေးမှုတွင် အမျိုးမျိုးသော ကင်ဆာရောဂါများအတွက် Tumour marker ခေါ် ကင်ဆာဖြစ်နိုင်မှုအမှတ်များ စစ်ဆေးနိုင်ပေသည်။ ၎င်းတို့ကို စစ်ဆေးကြည့်ခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေရှိ မရှိ သိရှိနိုင်သည့်အပြင် ကင်ဆာဖြစ်ပွားနေသော အခြေအနေများတွင် ရောဂါအခြေအနေ ဆိုးရွားလာမှု ရှိ မရှိ ကုသမှုပေးရာတွင် ထိရောက်မှုရှိမရှိတို့ကိုလည်း သိရှိနိုင်ပေသည်။ ထို့ကြောင့် ယခုအခါတွင် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုအစီအစဉ်များတွင်ပါဝင်းသွေးစစ်ဆေးမှုများကို ထည့်သွင်းစစ်ဆေးကာ ကင်ဆာရောဂါကို ကြိုတင်ရှာဖွေစစ်ဆေးနေကြပြီဖြစ်သည်။ Tumour marker (ကင်ဆာဖြစ်နိုင်မှုရည်ညွှန်းမှတ်)များမှာ သက်ဆိုင်ရာခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းအလိုက် အမျိုးအစားမတူညီကြပေ။ အသုံးများသော ရည်ညွှန်းမှတ်များမှာ –

ဆီးကျိတ်တွင် PSA

အသည်းတွင် AFP

အစာအိမ်နှင့် အူလမ်းကြောင်းတွင် CEA

မုန့်ချိုအိတ်တွင် CA 19-9


အမျိုးသမီးများ၏မျိုးဥအိမ်တွင် CA125 အစရှိသည်ဖြင့် ကင်ဆာရောဂါ ရှိ၊ မရှိ ရှာဖွေနိုင်ပြီဖြစ်သည်။

ကင်ဆာ(Cancer)
ဆိုသည်မှာ
ဂရိဘာသာစကားမှ
ဆင်းသက်လာသော အဓိပ္ပာယ်ဖြစ်ပြီး
ကဏန်း၏လက်တံများသဖွယ်
ပုံမှန်မဟုတ်သော ဆဲလ်များသည်
အဆမတန်ပွားများလာပြီး
ဆဲလ်များအချိန်မတိုင်မီ
ဇီဝိန်ချုပ်ငြိမ်းမှုဖြစ်ပေါ်လာကာ
နောက်ဆက်တွဲဆိုးကျိုးအနေနှင့်
လူတို့၏ခန္ဓာကိုယ်အစိတ်ပိုင်း
အသီးသီးကို
ပျက်စီးစေပါသည်။










**မျိုးရိုးဗီဇစစ်ဆေးခြင်း**

မျိုးရိုးဗီဇဟူသည် သက်ရှိတိုင်းအတွက် ကြိုတင်ကာ ပုံနှိပ်ထားသကဲ့သို့ ကနဦးကတည်းကပင် ထည့်သွင်းတည်ရှိခဲ့ကြပါသည်။ အချို့သောမျိုးရိုးဗီဇတို့သည် ကင်ဆာဖြစ်စေသော မျိုးရိုးဗီဇများဖြစ်ပြီး ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပါသည်။ မျိုးရိုးဗီဇပြောင်းလဲမှု(genetic mutation)ဖြစ်သော BRCA 1 နှင့် BRCA2 တို့သည် မျိုးရိုးလိုက်သော ရင်သားကင်ဆာကို ဖြစ်စေပါသည်။ ထို့အပြင် အမျိုးသားများတွင် ရင်သားကင်ဆာဖြစ်ပွားပါကလည်း မျိုးရိုးဗီဇလိုက်ကာ ဖြစ်ပွားနိုင်ချေရှိပါသည်။ အမျိုးသမီးများတွင် ရင်သားကင်ဆာအပြင် သားဥအိမ်ကင်ဆာ (ovarian cancer)သည်လည်း မျိုးရိုးဗီဇလိုက်သောကင်ဆာဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော မျိုးရိုးဗီဇ BRCA 1, BRCA 2 ရှိသူများအနေနှင့် ကင်ဆာရှိ၊ မရှိ အစဉ်စစ်ဆေးနေသင့်ပါသည်။ ရင်သားဓာတ်မှန်ရိုက်ခြင်း၊ ရင်သားစမ်းသပ်စစ်ဆေးခြင်းနှင့် လိုအပ်ပါက မျိုးရိုးဗီဇပြောင်းလဲမှုရှိသူများတွင် ကြိုတင်ကာကွယ်မှုပြုသည့်အနေနှင့် ခွဲစိတ်ကုသခြင်း၊ ဟိုမုန်းဆေးများဖြင့် အသုံးပြုကုသခြင်းတို့ ပြုလုပ်သင့်ပေသည်။ အူမကြီးကင်ဆာများ၏ ၁၀ ရာခိုင်နှုန်းသည်လည်း မျိုးရိုးလိုက်တတ်ကြောင်း တွေ့ရှိရပါသည်။

**ခန္ဓာကိုယ်စစ်ဆေးခြင်း**

ခန္ဓာကိုယ်စစ်ဆေးခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် အစောဆုံးသိရှိနိုင်သော စစ်ဆေးမှုတစ်ရပ်ဖြစ်သည်။ မိမိ၏ ခန္ဓာ ကိုယ် ပြောင်းလဲမှု မူမမှန်ခြင်း ရှိ၊ မရှိကို သေချာစမ်းသပ်စစ်ဆေးခြင်းဖြင့် ဆောလျင်စွာ သိရှိနိုင်ပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေများရှိပါက ကြိုတင်ကုသမှုခံယူနိုင်မည်ဖြစ်သည်။ ခန္ဓာကိုယ်စစ်ဆေးမှုတွင် လည်ပင်းအကျိတ်၊ ရင်သားအကျိတ်များ ရှိ မရှိ မိမိကိုယ်တိုင်စမ်းသပ်ခြင်း၊ အသက် ၄၀ ကျော်သူများတွင် ခံတွင်းစစ်ဆေးခြင်းကို ၄ လ တစ်ကြိမ်ခန့် စမ်းသပ်ခြင်း၊ အမျိုးသားများတွင် ဖြစ်လေ့ရှိသော ဆီးကျိတ်ကင်ဆာဖြစ်ပွားနိုင်ခြေရှိ မရှိကို ဆီးကျိတ်အနေအထားပြောင်းလဲမှု ရှိ မရှိ၊ အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနိုင်ခြေ ရှိ မရှိကို သားအိမ်ခေါင်းအခြေအနေ ပြောင်းလဲမှု ရှိမရှိတို့ကို နားလည်တတ်ကျွမ်းသော ဆရာဝန်တို့နှင့်ပြသပြီး စစ်ဆေးမှုခံယူသင့်သည်။

**အခြားစစ်ဆေးမှုများ**

ကင်ဆာရောဂါဖြစ်နိုင်မှုရှာဖွေရာတွင် အခြားစစ်ဆေးမှုအနေနှင့် ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း (Chest Xray)ဖြင့် အဆုတ်၊ ရင်ခေါင်း၊ နှလုံးနှင့် အခြားသော ရင်ခေါင်းတွင်းရှိ အင်္ဂါများ မူမမှန်ပြောင်းလဲမှုရှိ၊ မရှိ သိနိုင်သည်။ ဆေးလိပ်သောက်သုံးသူအမျိုးသားများ အဆုတ်ကင်ဆာဖြစ်နိုင်သော မူမမှန်မှုများ ရှိမရှိ နှစ်စဉ် စစ်ဆေးသင့်သည်။ ရင်သားဓာတ်မှန် (Mammogram)ရိုက်ခြင်းဖြင့် ရင်သားတွင် မူမမှန်အကျိတ်များ ရှိ၊ မရှိ ရှာဖွေနိုင်ပေသည်။ အမျိုးသမီးများ အသက် ၅၀ ကျော်ပါက တစ်နှစ် နှစ်နှစ်ခြားတစ်ကြိမ်ခန့် စစ်ဆေးသင့်ပါသည်။ တယ်လီဗီးရှင်းဓာတ်မှန်(Ultrasound)၊ ကွန်ပျူတာဓာတ်မှန် (CT Scan)၊ သံလိုက်ဓာတ်မှန်(MRI)ရိုက်ခြင်းဖြင့် ပိုမိုတိကျသော ပုံရိပ်များ၊ သုံးဖက်မြင်(3D) ပုံရိပ်များမြင်တွေ့ရပြီး စစ်ဆေးရှာဖွေနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ပုံရိပ်များ ရှာဖွေမှုများအပြင် ခန္ဓာကိုယ်တွင်း တိုက်ရိုက်ထည့်သွင်း ကြည့်ရှုစစ်ဆေးမှုများဖြစ်သော မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေးမှု ခံယူသင့်သည်။ မျိုးရိုးဗီဇအရ အူမကြီးကင်ဆာဖြစ်နိုင်ခြေရှိသူများ၊ အစာအိမ်ရောဂါရှိသူများအနေနှင့် အသက် ၅၀ ကျော်ပါက မှန်ပြောင်း ဖြင့် တိုက်ရိုက်ကြည့်ရှုစစ်ဆေးမှုကို ၃ နှစ်တစ်ကြိမ် ခံယူသင့် သည်။ သို့မှသာ ဆောလျင်စွာသိရှိပြီး ကုသမှုခံယူခြင်းကို အမြန် ဆုံး ပြုလုပ်နိုင်မည်ဖြစ်သည်။

ကင်ဆာရောဂါဟူသည် ဆောလျင်စွာ ရှာဖွေစစ်ဆေးပြီး တွေ့ရှိပါက ကုသမှုခံယူရာတွင် အကျိုးများစေပြီး မိမိတို့၏ ဘဝနေ့ရက်များကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ အပ်နှင့်ထွင်းရမည့်အခြေအနေတွင် လက်ဦးမှုရယူနိုင်မည်ဖြစ်သည်။ ကင်ဆာဖြစ်စေမည့် အစားအသောက်များကို ရှောင်ကြဉ်ခြင်း၊ ကင်ဆာဖြစ်နိုင်ချေရှိသော မျိုးရိုးဗီဇပိုင်ဆိုင်ထားပါက စမ်းသပ်စစ်ဆေးသင့်သောအချိန်တွင် ကြိုတင်ရှာဖွေစစ်ဆေးခြင်း၊ နားလည်တတ်ကျွမ်းသော ဆရာဝန်တို့နှင့်ပြသခြင်းတို့ဖြင့် အနာဂတ်ဘဝတစ်လျှောက် ကင်ဆာကင်းဝေးအောင်နေထိုင်နိုင်မည်ဖြစ်ပါသည်။

**ဒေါက်တာရဲကို**



# ရေးချန်လိုသူများအတွက် လက်ဖြောင့်ဖြန့်

ကိုစော
(ပထဝီဝင်)

**စာစီ**စာကုံးရေးသားနည်းကို အဆင့်ဆင့်ဆွေးနွေးလာခဲ့တာ ယခုဆိုရင် ဝါကျတည်ဆောက်ခြင်း၊ စာပိုဒ်ဖွဲ့ခြင်းဆိုတဲ့အပိုင်းကို ရောက်လာပါပြီ။ စာစီစာကုံးကောင်းတစ်ပုဒ် ရေးသားနိုင်ဖို့အတွက် အတွေးကောင်းဖို့နဲ့ အရေးကောင်းဖို့က အဓိကလိုအပ်ပါတယ်။ တစ်နည်းအားဖြင့်အကြောင်းအရာပိုင်းနဲ့ အရေးအသားပိုင်းဖြစ်တယ်။ အကြောင်းအရာကို အရင်စဉ်းစားတွေးတောရမယ်။ နောက် အရေးအသားနဲ့ ပုံဖော်ရတာဖြစ်တယ်။ ဒါကြောင့်အရင်အပတ်တွေက စာစီစာကုံးကောင်းတစ်ပုဒ်ရဖို့ ဘယ်လိုတွေးမလဲ၊ ဘယ်လို ရေးမလဲဆိုတဲ့အကြောင်းကို စာဖတ်သူနားလည်သိရှိအောင် ရေးသားဖော်ပြခဲ့ပြီးဖြစ်တယ်။ အရေးအသားအပိုင်းမှာလည်း လက်ရေး၊ သဒ္ဒါနည်း၊ စာလုံးပေါင်း သတ်ပုံ၊ စကားအသုံးအနှုန်း စတဲ့ သိသင့်သိထိုက်တဲ့အကြောင်းအရာတွေကို ဖော်ပြပေးပြီးဖြစ်တယ်။ ဒီတစ်ပတ်မှာတော့ ဝါကျအကြောင်းနဲ့ စာပိုဒ်ဖွဲ့ခြင်းအကြောင်းများကို ဆွေးနွေးတင်ပြပေးပါ့မယ်။

စာစီစာကုံးရေးသားမည့်သူသည် မိမိတွေးတောရသမျှ အကြောင်းအရာတွေကို စာဖတ်သူနှစ်သက်သဘောကျလောက်တဲ့ အရေးအသားမျိုးနဲ့

ပုံဖော်မရေးသားနိုင်ရင် စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်မလာပါဘူး။ ဒါကြောင့် စာစီစာကုံးကောင်းတစ်ပုဒ်ရဖို့ အကြောင်းအရာပိုင်းကောင်းရသကဲ့သို့ အရေးအသားပိုင်းလည်း ကောင်းဖို့လိုကြောင်း သိစေချင်တယ်။ ဒီနေရာမှာ ဝါကျရဲ့အဓိပ္ပာယ်ကို အနည်းငယ်ပြောပြမယ်။ မိမိပြောချင်တဲ့ အနက်အဓိပ္ပာယ်ကို တစ်ဖက်သူသိဖို့အတွက် စနစ်တကျစီစဉ် စုပေါင်းထားတဲ့ ပုဒ်အစုအပေါင်းကို ဝါကျလို့ဆိုတာပါ။

စာစီစာကုံးတစ်ပုဒ်ရေးဖွဲ့ရာမှာ စကားအသုံးအနှုန်း၊ ဝါကျ၊ စာပိုဒ်၊ စာတစ်ပုဒ်လုံးဆိုပြီး အဆင့်အဆင့်ရှိရာမှာ စာပိုဒ်ဖွဲ့ခြင်းဟာ နောက်ဆုံးအဆင့်လို့ ဆိုနိုင်ပါတယ်။ ကိုယ်ပြောချင်တဲ့ အနက် အဓိပ္ပာယ်ရောက်အောင် စကားလုံးတွေ ရွေးချယ်ပြီး ဝါကျဖွဲ့ရတယ်။ အဲဒီဝါကျတွေကို စုပေါင်းပြီး စာတစ်ပိုဒ်ဖြစ်အောင်ဖွဲ့ရတယ်။ ဒါကြောင့် စာပိုဒ်ဆိုတာ ဝါကျတွေ စုပေါင်းထားတဲ့အရာတစ်ခုပါ။

မိမိပြောချင်တဲ့ အချက်အလက်တစ်ခုကို ဖော်ပြတဲ့ ဝါကျတွေကို စုပေါင်းပြီး စာပိုဒ်ဖြစ်အောင် ဖွဲ့ရပါတယ်။ သဘောတရားပြောနေတာထက် လက်တွေ့ရေးသားကြည့်ရင်ပိုပြီး မြင်လွယ်ပါတယ်။

ဝါကျဖွဲ့တတ်ရင် စာပိုဒ်ဖွဲ့လို့ရပါတယ်။ သို့သော် မိမိဖွဲ့တဲ့ စာပိုဒ်ထဲမှာ အကြောင်းအရာအချက်အလက်တစ်ခုကိုပဲ ဖော်ပြနေတာ ဖြစ်ရမယ်။ နောက်ထပ်အချက်အလက်တစ်ခုပြောတော့မယ်ဆိုရင် နောက်ထပ်စာပိုဒ်ခွဲပါ။

ဒီနေရာမှာ စာစီစာကုံးအတွက် သတိထားရမှာတစ်ခုကတော့ စာမျက်နှာတစ်မျက်နှာလုံးကို စာတစ်ပိုဒ်တည်းရေးတာဟာ ကောင်းပင်ကောင်းငြားသော်လည်း စာတစ်မျက်နှာကို နှစ်ပိုဒ်လောက်ခွဲရင် ပိုကောင်းပါတယ်။ ဒါကြောင့် အချက်တစ်ခုတည်းကိုပဲ စာနှစ်ပိုဒ်ခွဲရေးလည်းရပါတယ်။ ဆိုပါစို့ ရှေ့ကပြခဲ့တဲ့ "ကျောင်းသားနှင့်စည်းကမ်း"ဆိုတဲ့ စာစီစာကုံးမှာ ကျောင်းသားတစ်ဦးအတွက် စည်းကမ်းရှိရန်လိုအပ်ပုံကို ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုနဲ့ ဖော်ပြမယ်။ ကိုယ်တွေ့ဖြစ်ရပ်က လိပ်ပတ်လည်အောင်ရေးရမယ်ဆိုရင် စာတစ်မျက်နှာလောက် ရေးရလိမ့်မယ်။ အဲဒီလိုအခါမျိုးမှာ ကိုယ်တွေ့ဖြစ်ရပ်ဆိုတဲ့ အချက်တစ်ခုတည်းကိုပဲ စာနှစ်ပိုဒ်ခွဲပေးလိုက်ရုံပါပဲ။

စာပိုဒ်ဆိုတာ အချက်တစ်ခုကိုဖော်ပြတဲ့ ဝါကျအစုအဝေးဆိုတာ သဘောပေါက်လောက်ပါပြီ။ အချက်တစ်ခုက အရမ်းရှည်နေရင် များနေရင် နှစ်ပိုဒ်၊ သုံးပိုဒ် စသည်ဖြင့် ခွဲလို့ရတယ်။ ဒီနှစ်ချက်ကို သဘောပေါက်ရင် စာစီစာကုံးတစ်ပုဒ်အတွက် စာပိုဒ်ရေးဖွဲ့ပုံကို သိလောက်ပါပြီ။





အခု နိဂုံးချုပ်ပြောချင်တာက စာပိုဒ်တွေကို စုစည်းလိုက်ရင် စာတစ်ပုဒ်ဖြစ်လာတာပါပဲ။ စာစီစာကုံးတစ်ပုဒ်မှာ စာပိုဒ်ဘယ်လောက်ပါရမယ်ဆိုတဲ့ သတ်မှတ်ချက် မရှိပါဘူး။ စာစီစာကုံးရဲ့အနေအထား အတိမ်အနက်အပေါ်မူတည်ပြီး စာပိုဒ်ပါဝင်မှု ကွာခြားမှာဖြစ်ပါတယ်။

ဒီလောက်ဆိုရင် စာစီစာကုံးတစ်ပုဒ်အတွက် အတွေးနှင့်အရေးကဏ္ဍကို အခြေခံလောက်တော့ သဘောပေါက်လောက်ပြီလို့ ယူဆပါတယ်။ အခြေခံကိုသာ ဖော်ပြရေးသားထားတဲ့အတွက် ကျောင်းသူကျောင်းသားများအနေနဲ့ ဆက်လက်လေ့လာရအုံးမှာဖြစ်ပါတယ်။ ဒီအတွေးနဲ့အရေး မှာကြားချက်တွေကို အနှစ်ချုပ်လိုက်ရင်–

(၁) စာများများဖတ်ပါ။

(၂) သူများရေးသော စာစီစာကုံးများကို အကြိမ်ကြိမ်ဖတ်ပါ။

(၃) လက်ရေးလက်သားကောင်းပြီး သပ်သပ်ရပ်ရပ်ရေးတတ်အောင် လေ့ကျင့်ပါ။

(၄) မှတ်စုစာအုပ်တစ်အုပ်ထားပြီး ဖတ်သမျှ စာပေများထဲမှ မိမိသိလိုသည်များကို ကူးယူမှတ်သားထားပါ။

(၅) စာစီစာကုံးအရေးလေ့ကျင့်ပါ။

စာစီစာကုံးကောင်းတစ်ပုဒ်ရေးသားနိုင်ဖို့ လိုအပ်တဲ့အချက်အလက် အကြောင်းအရာတွေကို သိသင့်သလောက် သိလောက်ပြီလို့ ယူဆပါတယ်။ လက်တွေ့လေ့ကျင့်ရေးသားကြဖို့လည်း တိုက်တွန်းလိုပါတယ်။ စာစီစာကုံးတစ်ပုဒ်မှာ စာစီစာကုံးခေါင်းစဉ် (အကြောင်းအရာ)က တောင်းဆိုတဲ့သာဓကတွေ၊ ကိုယ်တွေ့ဖြစ်ရပ်တွေ၊ အကိုးအကားအချက်အလက်တွေကို ရေးသားဖော်ပြရမှာဖြစ်တယ်။ ဒါကြောင့် စာများများဖတ်ပါ။ မှတ်ပါ။ လေ့လာပါ။ တုပရေးသားကြပါလို့ မှာကြားရင်း ထူးချွန်ထက်မြက်တဲ့ ဆေးကျောင်းသားလေး(ယခုဆရာဝန်) မောင်ငြိမ်းချမ်းဝင်းရဲ့ စာစီစာကုံးတစ်ပုဒ်ကို လေ့လာမှတ်သားနိုင်ရန် ဖော်ပြပေးလိုက်ပါတယ်။

### နွေဦးရာသီ

ဆောင်းမင်းသမီးသည် သူ၏နှင်းဝတ်လွှာကို ချွတ်ခွာစပြုပြီ။ အဝေး၌ မြူတို့ဝေလျက်ရှိ၏။ လေရူးတစ်ချက် ဝေ့ဝဲတိုက်လိုက်သည်။ ရွက်ခြောက်ဝါများ လေဟုန်စီးကာ တဖွဲဖွဲကြွေနေ၏။ မှိုင်းပျပျ တောခင်တန်းဆီမှ ဥသြတွန်သံကြားရပြန်သည်။ ဥသြသံသည် နွေဦးတမန်ဖြစ်၏။ နွေဦးရာသီရောက်ခဲ့ပြန်ချေပြီ။

နွေဦးရာသီသည် တပေါင်းလဖြစ်၏။ လတပေါင်းသည် ဆောင်းမှ နွေသို့ ကူးပြောင်းသော ကြားကာလဖြစ်၍ ''ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါးထွေး'' ဆိုသကဲ့သို့ နံနက်ခင်းမှာ နှင်းကြွင်းများက မင်းမူဆဲပင်။ နွေဦးကာလ တပေါင်းလကား နေ့ပူလို့ ညချမ်း၏။ ''ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့် ချမ်းခြင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား''ဆိုသကဲ့သို့ နံနက်ခင်းဝယ် အနည်းငယ်အေးသော်လည်း ဆောင်းငွေ့ပြယ်စတပေါင်းလဖြစ်သည်။ ဆောင်းနှင့်နွေတို့၏ အားပြိုင်ပွဲတွင် နွေရတုက အနိုင်လုနေ၏။ တစ်ဆောင်းနှောင်း၍ တစ်နွေသို့ပြောင်းလေပြီ။ ဟေမာန်ကို နွေလှန်၍ တံ့ခဲ့ပြီ။

နွေဦးရာသီကား သာမောပေစွ။ သစ်ပင်တို့သည် ရွက်ဟောင်းခြွေ၍ ရွက်သစ်ဝေစပြုပြီ။ ရွက်ခြောက်ကလေးများသည် နွေဦး၏ လေရူးနှင့်အတူ ရုပ်တိုက်ပြေးလွှား ဆော့ကစားလျက်ရှိသည်။ ပင်ယံထက်၌ကား 'ညောင်းမြရွက်ကျင်၊ ကြွေလည်းစင်က၊ ညွန့်ရှင်ဖတ်ဖတ်၊ မြရည်ဆွတ်သို့'ပုရစ်နုများ ဖူးသစ်ဝေနေကြ၏။ ပုရစ်ဖူးနှင့်နွေဦးကား ပနံရလှပါဘိ။ သစ်ပင်တို့သည် စိမ်းချီတစ်ခါ ဝါချီတစ်လှည့်ဖြင့် မြအသွေး ရွှေရေးလုနေကြ



တော့သည်။ လေအဝှေ့ဝယ်၊ ခြောက်သွေ့ရွှေရွှေ ပင်တိုင်းကြွေသည့် ရွက်ကြွေတောကို စာဆိုရှင်ဥတ္တမကျော် မြင်လေသောအခါ 'သစ်ရွက်ရော်ရီ၊ ကုန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့'ဟု စာပန်းချီခြယ်သခဲ့ပါသည်။ သဘာဝပန်းချီဆရာသည် မြူမှုန်ကြွ၍ မှိုင်းပျညိုမှောင်သော နွေဦးပန်းချီကားကို စိတ်တိုင်းကျရေးခြယ်နေတော့၏။ တဖွဲဖွဲကြွေနေသည့် ရော်ရွက်ဝါများကို မြင်သောအခါ တရားသံဝေဂရမိပေသည်။ ကြွေကြပါစေလေ။ အဟောင်းကြွေလျှင် အသစ်ဝေမည်သာ။ ရွက်နုပျိုတို့က စိမ်းစိုစွာဖြင့် လောကကို အလှသစ်ဆင်ပေလိမ့်ဦးမည်။

တပေါင်းလဆန်းသည်နှင့် ကိုင်းခြောက်မွဲမွဲပေါ်မှ နွေတေးရှင် ရွှေဥဩက ချွဲချွဲနွဲ့နွဲ့ တေးသီဖွဲ့လျက်ရှိ၏။ ရွက်မဲ့သစ်ပင်အိုထက်မှ နွေကြိုငှက်ငယ်၏ တွန်ကျူးသံကား လွမ်းမောဖွယ်ကောင်းလှပါဘိ။ ဥဩ ဥဩ၊ မြိုင်သံနှောလျက်၊ သံအောတစ်လှည့်၊ သံလေးတွဲ့နှင့်၊ ပြွံပြွံတစ်လီ၊ သဲ့သဲ့သီသော်' နွေရာသီ၏ အလွမ်းတေးဟု ခံစားမိပါတော့သည်။ ဤကာလ၌ သစ်ရွက်၊ ပန်းပွင့်၊ ကျေးငှက်၊ မြစ်ချောင်း၊ ရေမြေတောတောင်ရှုခင်းများက နွေအလှသဘာဝပန်းချီကို သရုပ်ပီပီ ဖော်ကျူးနေကြသည်။ 'လမြတ်တပေါင်း၊ ရက်ကောင်းခေါ်ညီ၊ မိန်ရာသီဟု၊ သရဖီပိတောက်၊ ဖူးညှောက်ကင်းငုံ'ဟု စပ်ဆိုကြသကဲ့သို့ သရဖီ၊ အင်ကြင်းနှင့် ပေါက်လဲပန်းတို့ ဖူးငုံစပြု၍ ပွင့်ရန်ဟန်ရေးပြင်နေကြ၏။ 'ပန်းပေါင်းပေါ်စ တပေါင်းလ'ဟု ဆိုရပေမည်။ တပေါင်းနွေသဘင်တွင် မြိုင်ယံကျေးငှက်များလည်း မြူးပျော်ရွှင်နေကြသည်။ 'ပွင့်ခြောက်ကယ် အနားလန်၊ ဆက်ရက်ကယ်ညံ၊ ပင်လက်ပံ ကြွေချိန်ကျပြီ'ဖြစ်၍ လက်ပံပင်ထက်က ဆက်ရက်သံများ ညံစီနေ၏။ ပင်ခြေတစ်ဝိုက်မှာလည်း ပွင့်ကြွေတို့ဖြင့် ရဲရဲနီနေပါသည်။ ထိုနွေဦးရှုခင်းကိုမြင်လေတိုင်း 'လက်ပံပွင့်တွေ၊ လေအတိုက် ကြွေလိုက်တဲ့အခါ၊ တဝဲဝဲဝေ့လို့ လေယာဉ်ပမာ' ဟူသော တေးသံကလေးကို ကြားယောင်လာမိ၏။

လယ်ယာတစ်ခွင်ကို ရှုပါလေဦး။ မိုးရာသီက စိမ်းစိုလှပခဲ့သော လယ်တောခွင်ကား ယခုအခါ မင်းလွင်ဆိုင်းကာ ရိုးပြတ်တောသာကျန်တော့၏။ လယ်ယာဦးကြီးများလည်း ချွေးဒီးဒီးကျလုပ်အားအလှကို ပြခဲ့ပြီးပြီ။ ထို့ကြောင့် စပါးရွှေဝါတို့သည် ရွှေသားရွှေစ ဝင်းဝင်းပခဲ့ပြီး ဦးကြီးတို့၏ မျက်နှာငွေလ ရွှင်ပျနေပါ၏။ ကျေးလက်တစ်ခွင်တွင် စည်ပြောသံ တပြုန်းပြုန်းသံနှင့် အုန်းအုန်းထအောင် အလှူပေးနေကြပေပြီ။ စပါးရောင်းရ၍ ငွေစရွှင်နေကြ၏။ တပေါင်းလသည် ဘုရားပွဲရာသီဖြစ်၍ ကလေး၊ လူကြီးမကျန် ပျော်ရွှင်နေကြပါသည်။ စိတ်အားလူအား အနားယူနိုင်သောကာလဖြစ်ပေသည်။

ဤရာသီတွင် မြစ်ချောင်းများ ရေနည်း၍သဲသောင်ပေါ်၏။ ငါးကြင်း၊ ငါးတန်များ ရေဆန်ကို တက်သဖြင့် ''ကိုတံငါလှေယာဉ်စီးပါလို့၊ ပိုက်ကြီးရေချ''သည့် ကာလဖြစ်သည်။ မြစ်နဒီသောင်တစ်ခိုတွင် မယ်ညိုငှက်တို့ ပျော်မြူး၏။ ဟင်္သာ၊ တိန်ညင်းငှက်တို့လည်း သောင်ယံမှာ မောင်နှံတွဲကာ ပျော်ပွဲဆင်နေကြသည်။ ရေလုပ်သားများနည်းတူ ထန်းလုပ်သားများလည်း အနားမနေနိုင်ကြပါ။ ''နွေဦးကာလ၊ မြူထသောခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ''ဖြင့် လင်ယောက်ျား

က ထန်းတက်၍ ဖနီးမယား၊ သမီး၊ သားတို့က မြူအိုးကိုယ်စီ သယ်နေကြသည်မှာ နွေဦးရာသီ၏ ရှုမငြီးသော ပန်းချီကား တစ်ချပ်ပင်ဖြစ်၏။

နွေဦးသည် ကျွန်တော်တို့ ကျောင်းသားများအဖို့ စာမေးပွဲ တိုက်ပွဲ ဆင်နွဲရသောကာလဖြစ်၏။ ထို့အတူ လွန်ခဲ့သော ၁၉၄၅ ခုနှစ် ဤရာသီမျိုးမှာပင် မျိုးချစ်မြန်မာတို့က ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြသဖြင့် ညွှာညောင်းရွက်ကြွေ တပေါင်းနွေသည် မြန်မာ့သမိုင်းတွင် အရေးပါခဲ့သည်။ နီမောင်းသော ပေါက်ပွင့် ချိန်တွင် မြန်မာ့မျိုးချစ်တို့၏ နီရဲသောသွေးကို မြင်ယောင်လာမိ ၏။ နွေကား တော်လှန်ရေး၏နိမိတ်ပုံတည်း။

တပေါင်းကား လွမ်းဖွယ်ဖြစ်၏။ 'ဝေကာမျှမော၊ လွမ်းညို ရော၍၊ ဉသြဖော်ရှာ၊ ချစ်သံသာနှင့်'ဟု ရေးဖွဲ့ချင်လာအောင် ပင် ရတုဘုရင် နတ်ရှင်နောင်၏နှလုံးသားကို ရိုက်ခတ်ခဲ့ပေသည်။ နွေရာသီ၏သဘာဝအလှကို သာမန်လူမဆိုထားဘိ။ ရသေ့ သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောလောက်အောင် သာယာလှသဖြင့် စာအညီပြောရလျှင် ရာသီတကာတို့ထက် ကြော၍သာနေတော့၏။ ထို့ကြောင့်ပင် 'တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဘက်ရှောင်၊ လများနောင်'ဟု သတ်မှတ် ခဲ့ကြပါသည်။ မြတ်စွာဘုရားပင်လျှင် တပေါင်းလသာယာပုံကို ကာဠုဒါယီအမတ် အလျှောက်ကောင်းမှုကြောင့် 'ဒေသစာကပ္ပီ နန်းကို၊ လှမ်းကြွလို့ကူး'ခဲ့ပေသည်။ 'နွေအာဒိဂိမှာန်ကို၊ နိဗ္ဗာန် ပိုင်ရှင်တော်စောတွင်မှ' အသာယာဆုံးလအဖြစ် ဟောကြားခဲ့ ပေသည်။

နွေဦးအလှကို စိတ်ရှုးကြွကာ ယစ်မူးနေရုံဖြင့် မပြီးသေး။ လာမည့် စာသင်နှစ်တွင် ကျွန်တော် ဒသမတန်းတက်ရမည်။ ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံးလှေကားထစ်ဖြစ်၏။ ဦးနှောက်ကို အနားပေးပြီးပါက အားသစ်တွေ မွေးရပေဦးတော့ မည်။ အရေးကြီးတာ စဉ်းစားမိပြန်ပြီ။ နွေဥသြသံသည် လွမ်းဖွယ်ဖြစ်၏။ သို့သော် မီးသတ်ဥသြကား အန္တရာယ်ငှက်ဆိုး ထိုးသံဖြစ်တော့သည်။ နွေဦးမှာ မီးဘီလူးလာတတ်သည်။ မီးသည် မိတ်ဆွေဖြစ်သလို ရန်သူလည်းဖြစ်၏။ လူခိုးလျှင် မကုန်၊ မီးခိုး လျှင် ကုန်၏။ နွေဦးမှာ လေရူးတိုက်က မီးဘေးကို အထူး သတိပြုရပေမည်။ 'အဂ္ဂိတောဝါ'ကို လူတိုင်းတားဆီးရမည်။ 'မီးဘေးရှောင် မလောင်မီတား'ရမည်မှာ တာဝန်သိလူသားတိုင်း ၏ တာဝန်ဖြစ်၏။

ကျွန်တော်သည် နွေဦးအလှဖြင့် ဩကာသလောကကို သမင်လည်ပြန်ရှုမိပြန်သည်။ သစ်ရွက်ရော်ရီတို့သည် လေအဝှေ့ ဝယ် တဝှေ့ဝှေ့ဝဲကာ ဈာန်ယာဉ်စီးနေ၏။ ပင်အိုထက်မှ ဥသြငှက် ကလေးကလည်း တချွဲချွဲဖြင့် တွန်ကျူးဆဲ။ လူတိုင်းရင်ကို ဘဝင် ခိုက်စေသည့် လပါတကား။ တပေါင်းလ အခါသဘင်ကို စာထက် ဂုဏ်တင် ရေးဖွဲ့လျှင် ကုန်စင်နိုင်ဖွယ် မရှိပါ။ ဆောင်းအကုန် နွေအကူး လေရူးထသော နွေဦးရာသီကား 'တပေါင်းသာခေါင် လများနောင်'ဟူသော စာဆိုနှင့်အညီ သာတောင့်သာယာ ကြည်နူးလွမ်းဆွတ်ဖွယ် အကောင်းဆုံးရာသီဟုသာ ဆိုလိုက် ချင်ပါတော့သည်။

**ကိုစော(ပထဝီဝင်)**

# ဂျွန်နဲ့ ခွင့်ရက်



''ဟေး ဂျွန်(John)တစ်ယောက် ဘယ်သွားလဲ၊ ငါ သူ့ကို မတွေ့တာကြာပြီ''

''အားလပ်ရက်ခရီးသွားပါတယ် ဆရာ''

''ထပ်သွားတာလား၊ လွန်ခဲ့တဲ့အပတ်ကပဲ သူ အားလပ်ရက် ခရီးသွားသေးတယ်မဟုတ်လား''

''အဲဒါက မနှစ်ကမယူခဲ့တဲ့ ခွင့်ရက်ကနေသွားတာပါ''

''သြော် ဟုတ်ပြီ၊ အခု ဒီတစ်ခါသွားတာက ဒီနှစ်ရတဲ့ ခွင့်ရက် အဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ဒီလောက်ဆို အဲဒီခွင့်ရက်လည်း ကုန် လောက်ပြီပေါ့၊ ပြန်မရောက်သေး ဘူးလား''

''ပြန်မရောက်သေးဘူးဆရာ၊ ဒီနှစ်ရတဲ့ခွင့်ရက်က ကုန်သွား လို့ လာမယ့်ခွင့်ရက်ထဲက တစ်ပတ်ချေးထားတယ် ဆရာ''

''အဲဒါ ဘာများမှားနေလို့လဲဆရာ၊ ဆရာ့ကြည့်ရတာ နည်းနည်း ရှုပ်သွားတယ်ထင်တယ်''

**မောင်သီဟ**




တက္ကသိုလ်ဘုန်းနိုင်

တက္ကသိုလ်ဘုန်းနိုင်



လှိုင်က. . . ကျွန်တော့် ဖီးယက်ကားလေးကို မောင်း၍ ရွှေညောင်ဘူတာ၌ လာကြိုနေရှာ၏။

ရင်တွင်း၌ ခံစားမှုအထွေထွေ ပြည့်နေသောကြောင့် လမ်းတွင် လှိုင့်အား စကားများစွာ မပြောနိုင်ခဲ့. . . ။

အိမ်သို့ ရောက်လျှင် ရောက်ချင်း. . . လှိုင့်ကိုယ်လေးကို ရင်ခွင်တွင်းသွင်း၍ ကျွန်တော်က ပူပူဆာဆာပြောမိသည်။

“စုလှိုင်ရယ်. . . ။ ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြပါစို့၊ အမြန်ဆုံး လက်ထပ်ကြပါစို့”

နားမလည်ရှာသူကလေးက ကျွန်တော့်လည်ပင်းကို ယီးလေးခိုရင်း မေးသည်။

“အို. . . လက်ထပ်ကြမယ်၊ ကြည့်စမ်း ကိုကို ဘာဖြစ်လာတာလဲ ”

“ကိုကို ဘာဖြစ်လာတယ် မသိဘူး။ ဒါပေမဲ့ ကိုကို ကြောက်တယ် စုလှိုင်ရယ်၊ ကိုကို ကြောက်တယ် ”

“အို. . . ကိုကို ကြောက်တယ်၊ ကိုကိုက ဘာကြောက်တာလဲ”

“ကိုကိုကြောက်တာက လူ့ဘဝကြီးပဲ၊ သက်တမ်းဆိုတာက တိုတိုလေး. . . ၊ ချစ်လိုတာက ကမ္ဘာကုန်တဲ့အထိ၊ အစိုးမရတဲ့ လောကမှာ. . . ကိုကို ဘာကိုမှ မစွန့်စားချင်တော့ဘူး စုလှိုင်ရယ် ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြရအောင်”

လှိုင်သည် ပြုံးတစ်ချက် မဲ့တစ်ချက် အံ့သြတစ်ချက်နှင့် ကလေးငယ်ပမာ ကျွန်တော့်ကို ကြည့်သည်။

“စုလှိုင့်. . . ကိုကိုပြောတာ နားလည်ရဲ့လား”

“ဟင့်အင်း . . . နားမလည်ဘူး။ ဒါပေမဲ့ ကိုကိုက မြန်မြန်လက်ထပ်ချင်တယ် မဟုတ်လား။ လာလေ . . . အခု သွားကြရအောင် ”

ဩော်. . . စုလှိုင်ရယ်။

ကျွန်တော်သည် ရင်ချင်းအပ်၍ လှိုင့်ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ထားမိသည်။

“ကိုကိုတို့ အမြန်ဆုံး လက်ထပ်မယ်. . . သိလား။ ဒီနေ့တော့ မဟုတ်ဘူး လှိုင်ရယ် . . . ၊ ဒါပေမဲ့ အမြန်ဆုံးနော် အမြန်ဆုံးပဲ ”

**ချစ်၍ပေါင်းသင်း ကြရာတွင် နှလုံးသားမှ သစ္စာတို့သည်သာ စုလျားရစ်သီ ပိုင်ပိုင်ချည်နိုင်၏။ ဘဝတာတစ်ကွေ့တွင် သာမဟုတ်၊**

လှိုင်က နှုတ်ဖြင့် အဖြေမပေး။ သူ့လက်ချောင်းသွယ်သွယ်များဖြင့်သာ ကျွန်တော့် ဆံပင်များကို ထိုးဆွ ပွတ်သပ်နေသည်။

ရင်ချင်းအပ်၍ လည်ချင်းယှက်ကာ ပွေ့ထားသည်မို့ တစ်ဦး မျက်နှာတစ်ဦး မမြင်နိုင်ပါ။

ထာဝစဉ်လဲ့လဲ့ပြာနေသော မျက်လုံးလေးများသည် ရွှန်းမြနေပါလိမ့်မည်။

ကျွန်တော့် မျက်လုံးများမှ ကျနေသော မျက်ရည်ပေါက်များကိုမူ လှိုင်သိရှာမည်မဟုတ်။

ဤမျက်ရည်ပေါက်များ၏ အဓိပ္ပာယ်ကို ကျွန်တော်ကိုယ်တိုင်လည်း. . . မသိ. . . ။

မသိ. . . မသိ. . . ။

**(၃၅) လွမ်းစေတီဦး**

ကျွန်တော်နှင့် လှိုင်သည် သင်္ကြန်မတိုင်မီ ဧပြီလဦး၌ လက်ထပ်ရန် စီစဉ်ကြသည်။

နှစ်သစ်ဦးကို ကြင်စဦး ဇနီးမောင်နှံအဖြစ် လှိုင်ရော ကျွန်တော်ပါ ဆီးကြိုလိုကြသည်။

ကိုကို့ကဲ့သို့ပင် မင်္ဂလာအခမ်းအနားကို လှိုင်နှင့် ကျွန်တော်က မလိုဘဲ အပိုမချဲ့ချင်။ ချစ်၍ပေါင်းသင်းကြရာတွင် နှလုံးသားမှ သစ္စာတို့သည်သာ စုလျားရစ်သီ ပိုင်ပိုင်ချည်နိုင်၏။ ဘဝတာတစ်ကွေ့တွင်သာ မဟုတ်၊ ဗုဒ္ဓဘာသာဝင်များ အနေနှင့် အကြင်လင်မယားဟူ၍ဖြစ်လျှင် ကာမဆယ့်တစ်ဘုံတွင် ကျင်လည်စုန်ဆန်ရလေသမျှ ပါရမီဖြည့်ဖက်အဖြစ် ရေစက်ဆုံ တွေ့ကြုံကြရန်က အရေးကြီးပါသည်။

အနာဂတ်တွင် မုန်းစိတ်မပြု. . . ပြုံးရိပ်မယူနှင့် ဘုရားသွားအတူ . . . ၊ ကျောင်းသွားအတူ ကြည်ကြည်ဖြူဖြူ ရှိနိုင်ရေးကိုသာ ရှေးရှုကြသည်။ ပကာသန၊ အတုအယောင်ကို ထာဝရ ဆုတစ်ဆောင်ပမာ မမက်မောပါ။

မိရိုးဖလာ ဓမ္မတာအရမူ လူကြီးစုံရာ သက်သေထားလျက် တရားသူကြီးရှေ့မှောက်တွင် မော်ကွန်းတင်လက်မှတ်ထိုးမည်။ ခင်ရာဆွေမျိုး မိတ်သင်္ဂဟအပေါင်းကို အကျဉ်းချုံးဧည့်ခံမည်။ ထို့နောက် ငပလီကမ်းခြေသို့သွား၍ မင်္ဂလာဦးရက်များကို အေးချမ်းလွတ်လပ်စွာ သုံးမည်။

လူ့ဘဝမည်သည် မျှော်လင့်ခြင်းသာ ဖြစ်လေသည်။ ဤလူ့ရိပ်မြုံမှာလည်း ပေါင်းသည့်ဘုံဖြစ်လေ၍ ဆုံမှ ပြည့်လေသည်။ မောင်နှင့်မယ်ဟူ၍ ပေါင်းဆုံမိကြမှ လောကနိုင်ငံဝယ် လူမှုအင်္ဂါပြည့်ဝစွာနှင့် ခရီးစစ်ကို စတင်ချီလှမ်းနိုင်မည်။ သံသာကမ်းပန်းတိုင်အရောက် ခရီးတစ်လျှောက်တွင် ဝမ်းမြောက်ရွှင်ကြည်နှဲ့ ကျင်လည်ပိုင်ရေးကို လှိုင်နှင့် ကျွန်တော်သည် ရည်တွေးတောင့်တ မျှော်လင့်ကြပါသည်။

ထို့ကြောင့်လည်း မင်္ဂလာပွဲကို အကျဉ်းချုံး၍ ရိုးရိုးအေးအေး ကျင်းပရန် နှစ်ဦးသဘောတူ ဆုံးဖြတ်ကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ လက်မထပ်မီ နှစ်ရက်စော၍ ကျွန်တော့်ဘက်မှ ဖေဖေနှင့် မေမေ၊ လှိုင့်ဘက်မှ ဒေါ်လှယဉ်၊ ကြိုင်၊ ခိုင်တို့ ငြိမ်းမောင်နှင့်အတူ ရောက်လာ ကြသည်။

ကိုကိုနှင့် မြိုင်သာ မလာနိုင်ကြ။ ထိုအချိန်မှာ အများသိပြီးဖြစ်သည့်အတိုင်း ဒုတိယခေတ်ပြောင်းတော်လှန်ရေးကြီးပေါ်ပြီး စ,ပေတည်း။ ရန်ကုန်သို့ ပြောင်းရွှေ့၍ ကြီးလေးခက်ခဲသော

တာဝန်များကို ထမ်းဆောင်နေရသော ကိုကို၌ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အချိန်ပေးရန် အားလပ်ခွင့်မရှိ။ ကိုကိုမအားလပ်လျှင် သူ့ချစ်ဇနီး မြိုင်မှာလည်း အားလပ်ရိုးမရှိ။

ကိုကိုနှင့် မြိုင် မလာနိုင်လင့်ကစား ရောက်သမျှလူကုန်မှာ ဆွေမျိုးစုံသလောက်ပင်ဖြစ်သောကြောင့် မင်္ဂလာအခါနှင့်အညီ ကျွန်တော့်အိမ်သည် စည်ကားသိုက်မြိုက်လျက် ပျော်ရွှင်ဖွယ် ပြည့်နေပါ၏။

ဖေဖေသည် ဆေးပြင်းလိပ်ကြီးခဲလျက် တပြုံးပြုံး ရှိနေသည်။ ဖေဖေ တပြုံးပြုံးရှိသဖြင့် ကျွန်တော် ပျော်မိပါသည်။ ကျွန်တော့်အပေါ် ကြင်နာသမျှ တာဝန်ကျေပွန်ခဲ့သူ ကျေးဇူးရှင်ဖခင်ဆန္ဒအတိုင်း ရွှေအိုးထမ်းပြနိုင်ခဲ့သည့် သားတစ်ယောက်အဖြစ် ဂုဏ်လည်းယူမိပါသည်။ ဘဝ၏နိဂုံးပိုင်းကို ရောက်ခဲ့ကြပြီဖြစ်သဖြင့် သံသရာရေးအတွက် ကြိုးပမ်းရန်မှတစ်ပါး ဤလောကမှ ကိုယ်ရေးကိုယ်တာ ဆုလာဘ်ပဏ္ဏာဟူ၍ အခြားဘာမျှမမျှော်လင့်နိုင်ကြသော မိဘနှစ်ပါးအတွက် မိမိတို့၏ကိုယ်စားလည်းဖြစ်၊ ကိုယ်ပွားလည်းဖြစ်သူ၊ ရင်သွေးသားသမီးသည် အစစအရာရာ မိမိတို့ မှန်းထားချက်နှင့်အညီ စိတ်တိုင်းကျ ဖြစ်လာသောအခါ ကျေနပ်နှစ်သိမ့်မှုသဘောကို စာဖွဲ့ပြ၍ ရဦးမည်မထင်ပါ။

ဤသို့ စာဖွဲ့ပြနိုင်သောသဘောကို ဖေဖေက နားလည်အောင် ပြောခဲ့သည်။

''ဖေဖေ ပြောပြီးသားစကားကို ထပ်ပြောရအုံးမယ်မောင်၊ ဖေဖေ မသေချင်သေးဘူးကွဲ့ ''

ခါတိုင်းဆိုလျှင် ဝမ်းသာမှုကို အလွန်အကျူး မပြတတ်သော ဖေဖေက အားရပါးရ ရယ်မောရင်း ဆိုသည်။

''သံယောဇဉ်ဆိုတာက ဖြတ်ပါ့မယ်ဆိုမှ တိုးတိုးလာတယ်... ။ သံသရာကိုကြောက်မိအောင် ကြိုးစားပါမှ ဘဝဟာ မက်ဖို့ ပိုပိုကောင်းကောင်းလာတယ်... ဟား... ဟား''

ဖေဖေ့စကားကြောင့် ကျွန်တော်ပါ လိုက်ရယ်မောမိသည်။

အားရအောင် ရယ်ပြီးမှ ဖေဖေက ဆက်သည်။

''အစကတော့ မောင့်အတွက် ဖေဖေ နောက်ဆုံးတာဝန်ကို ထမ်းပြီးရင်အေးရော ထင်တာ... ၊ အင်း... အခုတော့ မြေးချီချင်သေးသဟေ့၊ သားယေက်ကမွေးတဲ့ မြေးအထွေးကို ချီချင်သေးတယ်၊ တတ်နိုင်ရင် မြေးဆရာဝန်ဖြစ်တာ ကြည့်လိုက်ချင်သေးတယ်၊ ဟဲ... ဟဲ... ဦးပဉ္စင်း ကြားရင်တော့ အပြစ်တင်လိုက်မယ့်အမျိုး''

ဖေဖေ ကျေနပ်နှစ်သိမ့်နေသည့်နည်းတူ မေမေလည်း မြူးရွှင်နေ၏။

မေမေသည် လှိုင့်ကို ပွေ့ကာ ကြည်နူးမှုအပြည့်နှင့် တတွတ်တွတ် ဆိုသည်။

''မေမေက သမီးချောချော တစ်ယောက်ရရင် ကံကောင်းလှပြီ မှတ်တာ၊ ဟော အခု ချောချောနှစ်ယောက်ရပြီ၊ ဒီမှာ ဒေါ်လှယဉ် မြိုင်နဲ့ လှိုင်ကို ရှင်မွေးထားပေးမယ့် ကျွန်မသမီးတွေရှင့် သိလား... ကျွန်မလည်း ပိုင်တယ်''

ဒေါ်လှယဉ်က ပြုံးနေရှာ၏။

ချိုင်းထောက်ကြီးကို အားပြုလျှောက်ရသော ငြိမ်းမောင်ပင်လျှင် အထူးပေါ့ပါးသွက်လက်နေ၏။

''ဟေ့ကောင်... မောင်



... မင်းက သိပ်အံ့သြဖို့ ကောင်းတဲ့လူပဲ''

''နေပါအုံး ငြိမ်းမောင်ရာ၊ ငါက ဘာတွေများ အံ့သြစရာ လုပ်နေလို့လဲ ''

''ဟေ... အစက ချစ်နိုင်သူတစ်ယောက်ရှိသေးတယ်ဆိုတော့ ငါ့မှာ ဇဝေဇဝါရယ်၊ အရေးပေါ်စစ်ဆင်ရေးမို့ ငါ့လူတော့ ပစ်ကွင်းမရေရာဘူး ထင်နေတာ၊ အခုမှ မင်းက မတ်(ခ်)တိုင်း(မ်) လုပ်နေပြီး ဇီးရိုးအာဝါကျမှ တားဂက်ကို ဘူး(လ်)(စ်)အိုင်းမှန်အောင် ဆပ်(ပ်)ရိုက်(စ်)ရှော့(ထ်)နဲ့ ဒါရိုက်ဟစ်(ထ်)ချတာကိုး၊ ဟား... ဟား... အင်း... ဟင်း... ဟင့်''

ကျွန်တော်က သူ့စကားကြောင့် ရယ်မောပြီးနောက် ပြန်မေး၏။

''ဒါထက် မင်းတို့ကော''

ငြိမ်းမောင်၏ မျက်နှာသည် တည်သွားပြီး မျက်မှောင်က ကြုတ်သွား၏။

''ဘာလဲ ငြိမ်းမောင်၊ စောသေးတယ်လို့ ဖြေအုံးမလို့လား''

ထိုအခါမှ ငြိမ်းမောင်သည် လှုပ်ရှားလာသည်။

''အေးကွာ စောသေးတယ်... မင်းတို့ သားဦးရရင် ငါတို့ လက်ထပ်မယ်ကွာ၊ ဟား... ဟား... ဟား... ဟား''

ဤသို့လျှင် အားလုံးမှာ ပျော်ရွှင်နေကြသည်။

ကျွန်တော်က ခိုင့်ကို ဂရုတစိုက် အကဲခတ်မိသည်။

ခိုင့်မျက်နှာလေးမှာ အထူးကြည်ရွှင်လန်းဆန်းနေသည်ဟု မဆိုနိုင်စေ၊ အေးချမ်းတည်ငြိမ်လျက်ရှိ၏။

မပြုံးတပြုံးနှင့်လည်း ငယ်စဉ်က အဖြစ်တစ်ရပ်ကိုဖော်၍ သူ့ညီမကို စ,သည်။

''လင်ကို ဘုရား၊ သားကို သခင်... တဲ့၊ မြန်မာစကားပုံ

ရှိတယ်၊ လှိုင်က အဲဒါကို ငယ်ငယ်ကလေးကတည်းက နားလည်တာသိလား မောင်. . . ''

ခိုင် ဆိုလိုသည်ကို ရိပ်မိသဖြင့် ကျွန်တော်က ပြုံးနေသည်။ နားမလည်သူ လှိုင်က ခိုင်နှင့် ကျွန်တော့်မျက်နှာများကို တစ်လှည့်စီကြည့်ပြီး မေးရှာသည်။

''အဲဒါဘာပြောတာလဲ ဟင် ကိုကို. . . ''

''စုလှိုင် မမပြောတာသူ့ပဲ ပြန်မေးကြည့်ပေါ့ ''

လှိုင်သည် စကားထာအဝှက်ခံရသော ကလေးငယ်တစ်ယောက်ပမာ ခိုင့်ဘက်လှည့်ပြီး မေး၏။

''မမခိုင် လှိုင့်ကို ဘာပြောတာလဲ. . . ဟင်. . . ''

ခိုင်က တစ်ချက်ရယ်ပြီး စဉ်းစားသယောင် ငြိမ်နေသည်။

''ပြောလေ မမခိုင်၊ လှိုင်ငယ်ငယ်ကတည်းက ဘာလို့လင်ကို ဘုရား. . . သားကို သခင်. . . လို့ နားလည်တယ်လို့ ပြောရတာလဲ. . . ''

ခိုင်သည် လှိုင့်မျက်လုံးလေးများကို စူးစိုက်ကြည့်လိုက်သည်။

''လှိုင် သိပ်ကြားချင်တာပဲ မဟုတ်လား''

''ကြည့်စမ်း. . . စျေးကိုင်ပြန်ပြီ၊ နို့ ဘာလို့ မမခိုင်က မပြောသလဲ. . . ''

''ဩော်. . . သတိရလို့ ပြောမိတာပေါ့ လှိုင်ရယ်. . . ''

''မမခိုင်ဘာသာ မမခိုင် မမေ့နိုင်ဘဲ သတိရနေ၊ ကဲ. . . စိတ်တိုလာရော၊ ပြောပါဆိုဖြင့် မပြောဘဲနဲ့. . . ဟင်း. . . ''

လှိုင်က နှုတ်ခမ်းလေးစူ၍ သူ့အစ်မကို မျက်စောင်းထိုးရင်း ဆိုသည်။ ခိုင့်မျက်နှာမှာ မသိမသာလေး လှုပ်ရှားသွားသည်။

ဘေးတွင် ငြိမ်ရပ်နေသော ငြိမ်းမောင်ကပါ စိတ်ဝင်စားဟန် ဝင်မေးသည်။

''ဟုတ်သားပဲ၊ ဖေ့မောင်. . . ခိုင် ဘာပြောတာလဲ''

ကျွန်တော်က ခိုင့်ကို လှမ်း ကြည့်ပြီး ဆိုရ၏။

''ပြောလိုက်လေ ခိုင့်. . . ခိုင်ကပဲ သွားစ,တာကိုး ''

ထိုအခါမှ ခိုင်သည် ပြုံးရွှင်ရင်း ရှင်းပြသည်။

''ဟိုး. . . ရှေးရှေးက သီတင်းကျွတ်တစ်လမှာပေါ့၊ ဒီတုန်းက ငြိမ်းမောင်က ဆေးရုံမှာ လဲနေတယ်၊ မောင်ရယ်၊ မမခိုင်ရယ်၊ မမကြိုင်ရယ်၊ မမမြိုင်ရယ်၊ ပြီးတော့. . . ကိုကိုရယ် မီးပွဲလျှောက်ကြည့်ကြတယ်၊ မမမြိုင်နဲ့ ကိုကိုတောင် မကြိုက်ကြသေးဘူး ထင်ပါရဲ့နော် မောင်. . . ''

ကျွန်တော်က မဖြေဘဲ ငြိမ်နေသည်။ ခိုင်သည် ဘာကြောင့် ဤအကြောင်းတွေကို ပြန်ပြောရလေမှန်း မသိ။

ခိုင်ကသာ အေးအေးလူလူနှင့် ဆက်ပြောသည်။

''ပြီးတော့ တစ်အိမ်နဲ့ တစ်အိမ် လူငယ်တွေက လူကြီးတွေကို လိုက်ကန်တော့ကြတယ်။ ကိုကိုနဲ့မောင်က ဖေဖေနဲ့ မေမေကို ကန်တော့ကြတယ်၊ မမကြိုင်ခေါင်းဆောင်ပြီး မမခိုင်တို့က ဦးလေး၊ ဒေါ်ဒေါ်နဲ့ကိုကို့ကို သွားကန်တော့ကြတာပဲ၊ မမမြိုင်က အဲဒီကတည်းက ကိုကို့ကို ကန်တော့ရတယ် သိလား လှိုင်''

ငြိမ်နားထောင်နေရာမှ လှိုင်သည် မကျေနပ်ဟန် ဝင်မေး၏။

''အဲဒါနဲ့ စောစောက မမခိုင် ပြောတာနဲ့ ဘာဆိုင်လို့တုံး''

''ဩော်. . . လှိုင်ကလည်း ဆိုင်တာ ပြောမလို့ပေါ့၊ မောင့်ကိုတော့ ကန်တော့မယ့်လူ တစ်ယောက်မှ မရှိဘူး. . . ။ မောင်က သိပ်ကြီးကျယ်တယ် သိလား လှိုင်၊ မမခိုင်ကို သူ့ကန်တော့ခိုင်းတယ်၊ မမခိုင်က သူငယ်ချင်းချင်း မကန်တော့နိုင်ပေါင်ဆိုတော့ လှိုင်ကလေ. . . သုံးနှစ်၊ လေးနှစ်လောက်ပဲ ရှိအုံးမယ်၊ မောင့်ကို ဝင်ပြီး ကန်တော့လိုက်တာ သုံးကြိမ်တောင် မကဘူး၊ မမခိုင်က အဲဒါကို သွားသတိရလို့ပါ''

စကားအဆုံး၌ ခိုင်က သဲ့သဲ့ရယ်နေ၏။ လှိုင်သည် ပါးကလေးများ ရဲသွားလျက်

''ကြည့်စမ်း. . . မမခိုင်က ကြံကြံဖန်ဖန် ပြောတတ်တယ်၊ ရှက်စရာကြီး. . . ''ဟု ဆို၍ ခိုင့်ကျောကို ထု၏။

သူတို့ညီအစ်မကို ကြည့်လျက် လိုက်လျောရယ်မောနေရသော်လည်း ကျွန်တော့်ရင်တွင်း၌မူ တစ်မျိုးကြီး ခံစားနေရပါ၏။

အတန်ကြာမှ လှိုင်သည် ရယ်မောလာပြီး မပျော်လင့်သော စကားကို ရုတ်တရက် ဆိုသည်။

''မမခိုင်က အားကြီး စိတ်ကူးယဉ်တာပဲ၊ အတော်ပါပဲ၊ အိမ်ခေါင်းရင်းမှာ လှိုင် စွယ်တော်ပင်လေးတစ်ပင် စိုက်ထားတယ်၊ စွယ်တော်ရွက်ကလေးတွေက ချစ်စရာ၊ သနားစရာကလေးတွေ အဲဒါ. . . မမခိုင် ကဗျာစပ်ပေးမလား၊ လာ. . . လာ မမခိုင်၊ လှိုင်လိုက်ပြမယ်''

ခိုင့်အမူအရာသည် သိသိသာသာ တုန်လှုပ်သွား၏။ သို့ရာတွင် ဘာမျှမပြောဘဲ လှိုင်ဆွဲခေါ်ရာနောက်သို့ ပါ



သွားသည်။

ငြိမ်းမောင်နှင့် ကျွန်တော်က ခြံဝသို့ ထွက်လာခဲ့ကြသည်။

ခြံဝင်းအပြင်ဘက်၌ မေမေ၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့ ရပ်နေ၏။

ထိုညနေမှာ တောင်ကြီးမြို့သို့ အားလုံးရောက်ပြီးစညနေဖြစ်၏။ အားလုံးတို့တွင် ဖေဖေနှင့် ငြိမ်းမောင်သာ တောင်ကြီးကို ရောက်ဖူးပြီးသူပါသည်။

ဤအချိန်မျိုးတွင် ရန်ကုန်၌ ဒီဂရီတစ်ရာခိုက်အောင် ပူပြင်းနေပေမည်။ တောင်ကြီးတွင်ကား ခြောက်ဆယ့်ငါးခန့်သာရှိသည်။

အဘွားကြီးနှစ်ဦးက အေးချမ်းမှုကို သဘောကျနေသည်။ ကြိုင်က တောတောင်ပန်းမန်နှင့် တင့်တယ်သော တောင်ကြီးမြို့၏အလှကို ချီးမွမ်းဟန်ငေးမောကြည့်ရှုနေ၏။

နွေဦးအစက တစ်ပင်နှစ်ပင်စ သစ်ရွက်ကြွေသည်ကို မြင်ရသည်။ ရှာရှာဖွေဖွေ တမင်ကြည့်မှ မြင်ရခြင်းဖြစ်သည်။ အထူးသဖြင့် ဤတောင်ခြေတွင်မှု ဆောင်းရွက်ကြွေ သစ်တောများနှင့် ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်များသာရှိလေ၍ ညိုဝါရွက်မွဲတို့ကို မမြင်နိုင်။

ယူကလစ်တပ်(စ်)ပင်တို့ကလည်း စိမ်းနေ၏။ ဆောင်းဆိုလျှင် တစ်ရွက်မကျန်ကြွေသော ချယ်ရီနှင့် ပန်းတမာများကလည်း စိမ်းနေ၏။ တြိဂံသီးတုညိုညိုတို့ကို ဆင်ထားသည့် မှတ်စ်ပါး ထင်းရှူးပင်တို့သည်လည်း စိမ်းနေ၏။ နွေဦးတွင် ရွက်ကြွေသော စိန်ပန်းပြာပင်တို့ထက် မြရောင်နှင့် ခရမ်းရောင်နုသည် ရေယုက်တောက်လွင်နေသည်။

လိုင်နှင့် ခိုင်က ကျွန်တော်တို့ဆီ လျှောက်လာကြသည်။

ခိုင့်အမူအရာသည် မငိုင့်တငိုင်ဖြစ်နေမှန်း ကျွန်တော် သတိပြုမိသည်။

ခိုင်သည် တောနှင့် တောင်တို့ကို တစ်ချက်ငေးငေးလှည့်ကြည့်လိုက်ပြီး မမျှော်လင့်သောမှတ်ချက်ကိုချသည်။

"တောင်ကြီးက နာမည်သာ ကြီးတာပါ၊ ဒီလောက်လည်း မလှဘူး"

ဘေးမှ လိုင်က မျက်လုံးလေးပြူး၍ ဝင်မေးသည်။

"တောင်ကြီးက မလှဘူး၊ ဟုတ်လား မမခိုင် "

"ဟုတ်တယ် . . . နွေမကုန်သေးဘူး၊ ဒါပေမဲ့ ဘယ်အပင်မှ သစ်ရွက်မကြွေတော့ဘူး၊ ရွက်ဝါတွေကိုလည်း ဘယ်အပင်မှာမှ မမြင်တော့ဘူး"

ခိုင့်စကားကြောင့် လိုင်သည် ပါးစပ်လေးဟ၍ ကျွန်တော့်ကို လှမ်းကြည့်ရှာသည်။

ကျွန်တော်က အမှတ်မထင် ရှင်းပြမိသည်။

"ကြွေတော့ . . ကြွေပါတယ် ခိုင် . . ။ ဒါပေမဲ့ နွေရက်ကြွေပင်က ဒီမှာရှားတော့ မသိသာဘူး၊ ဪ . . . ဒါထက် ဒီတောင်ပေါ်မှာ နွေဦးအစဆို . . . စွယ်တော်တွေ ပွင့်တယ်၊ ရွက်ဝါဝါကို မတွေ့ရပေမယ့် ပွင့်ဖြူဖြူတွေကတော့ ဖွေးနေတာပဲ"

ခိုင်သည် ကျွန်တော့်အိမ်နှင့်ကပ်လျက် အထက်မှမိုးနေသော တောင်ချွန်းကြီးကို လှမ်းကြည့်နေ၏။

လိုင်သည် တစ်စုံတစ်ရာကို သတိရဟန် ရွှင်မြူးစွာဆိုသည်။

"ဒါပေမဲ့ . . . မမခိုင်၊ မမခိုင် သဘောကျမှာ တစ်ခုရှိတယ်၊ လွမ်းစေတီလေ . . . နော် ကိုကို"

ခိုင်က လိုင့်ဘက် ရုတ်

**နွေဦးအစက**
**တစ်ပင်နှစ်ပင်စ**
**သစ်ရွက်ကြွေသည်ကို**
**မြင်ရသည်။**
**ရှာရှာဖွေဖွေ**
**တမင်ကြည့်မှ**
**မြင်ရခြင်းဖြစ်သည်။**
**အထူးသဖြင့်**
**ဤတောင်ခြေတွင်မှု**
**ဆောင်းရွက်ကြွေ**
**သစ်တောများနှင့်**
**ဆယ့်နှစ်ရာသီ**
**စိမ်းလန်းသော**
**အပင်များသာရှိလေ၍**
**ညိုဝါရွက်မွဲတို့ကို**
**မမြင်နိုင်။**

တရက် လှည့်၍မေးသည်။

"ဘာရယ် . . . လွမ်းစေတီ . . . ဟုတ်လား "

"ဟုတ်တယ် . . . အနောက်ဘက် တောင်ပေါ်မှာ ဒီလမ်းကနေ တည့်တည့်ဆင်းသွားရင်ရောက်တာပဲ၊ ဟော . . . ဟော . . . ဟိုမှာကြည့် ဒီကတောင် လှမ်းမြင်နိုင်တယ်"

ခိုင်သည် လိုင် လှမ်းပြသော အနောက်ဘက်တောင်တန်းရှိ လွမ်းစေတီကို လှမ်းကြည့် ငြိမ်နေ၏။

"လွမ်းစေတီကို ဘယ်သူတည်ထားတာလဲ"

ယခုအချိန်ထိ ဘေးတွင် ငြိမ်နေသော ငြိမ်းမောင်က ဝင်မေးသဖြင့် ကျွန်တော်က သံပြတ်နှင့်ဖြေသည်။

"ဘယ်သိမလဲကွာ . . . ၊ တည်ချင်တဲ့လူ တည်ထားမှာပေါ့"

ငြိမ်းမောင်က ရယ်နေခိုက် လိုင်က သွက်လက်စွာ ပြော၏။

"ဘယ်သူ တည်ထားတယ်ဆိုတာ လိုင်သိတယ်၊ ခင်မြိုင့်အတွက် မောင်ညို တည်သွားတာလေ "

လိုင့်စကားကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းရယ်ကြသည်။ ခိုင်တစ်ယောက်သာ မရယ်။

စကားကောင်းနေကြသဖြင့် အေးမြလာသော ညနေကို သတိမပြုမိကြ။ ထိုစဉ် မိုးပေါက်ကလေးများ ရုတ်တရက် ကျလာ၏။

"ဟဲ့ . . အမယ်လေး . . မိုးရွာအုံးမှာလား . . "

မေမေက မယုံနိုင်စွာ မေးသည်။

"တစ်ခါတလေ ဒီလိုပဲ ကျတတ်တယ်၊ ရွာချင်လည်း ရွာတာပဲ မေမေ၊ ဒါပေမဲ့ ရွာခဲပါတယ်"

မိုးပေါက်ကလေးများ ရပ်သွားသည်။ အချမ်းဓာတ်မူကဲလာ၏။

အဘွားကြီးနှစ်ဦးက "ချမ်းတယ်၊ ချမ်းတယ်"ဟု အော်၍ ရှေ့ဆောင်ကာ အိမ်တွင်း ဝင်သွားသဖြင့် ကျွန်တော်တို့ အားလုံး နောက်မှ လိုက်ခဲ့ကြ၏။

\+ \+ \+

မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် မစီမံထားသဖြင့် အိမ်သူအိမ်သားအားလုံး

အလုပ်မများကြ။

လက်မှတ်ထိုးအပြီး ကျွေးမွေးရန်ကိစ္စကို တောင်ကြီးမြို့မှ နာမည်ကျော် ဆန်းမြင့်ကိတ်မုန့်တိုက်က တာဝန်ယူထားသည်။ လက်မထပ်မီ နောက်ဆုံး လူပျိုညအတွက် ညဦးလာကြသူ မိတ်ဆွေများအတွက် စထရင်းဟိုတယ်၌ ဧည့်ခံမည်။

ထိုညနေက လှိုင်ခေါင်းဆောင်၍ ခိုင်၊ မေမေ၊ ဒေါ်လှယဉ်၊ ဖေဖေနှင့် ငြိမ်းမောင်တို့က အနောက်တောင်ပေါ်ရှိ ရပ်တော်မူဘုရားနှင့် လွမ်းစေတီကိုဖူးရန် ထွက်သွားကြသည်။

စထရင်းဟိုတယ် ဧည့်ခံပွဲသွားရန် အဝတ်အစားလဲထွက်ခဲ့သော ကျွန်တော်သည် ခြံဝ၌ တစ်ဦးတည်း ကျန်ရစ်သောကြိုင့် ကို သွားတွေ့၏။

"ဟင် မမကြိုင် လိုက်မသွားဘူးလား..."

ကြိုင်သည် မပြုံးမရယ်ဘဲ အေးချမ်းတည်ကြည်စွာ ကျွန်တော့်ကို ကြည့်၏။

"တောင်ပေါ်တက်ရမှာ ပင်ပန်းပါတယ်ကွယ်...၊ ပြီးတော့ ဖူးရမှာကလည်း လွမ်းစေတီတဲ့၊ လိုက်မသွားတော့ပါဘူး..."

"ဘာလဲ့.. မမကြိုင်ကြီး၊ လွမ်းစေတီကို မဖူးရဲဘူးလား၊ လွမ်းရမှာ ကြောက်တယ်ထင်တယ်"

ကျွန်တော်က ရယ်၍ နောက်ပြောသော်လည်း ကြိုင်သည် ပြန်မရယ်ဘဲ တည်ကြည်စွာ ဆိုသည်။

"လွမ်းစေတီကို ဘာလို့ မဖူးရဲရမှာလဲ မောင်၊ လွမ်းရမှာကိုလည်း မကြောက်ပါဘူး၊ လွမ်းစရာဆိုတာ ရင်ထဲမှာ နေတာ၊ ဘယ်ကို သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ၊ လွမ်းစရာရှိတဲ့လူက ရှိနေမှာပဲ။ မရှိတဲ့လူက ရှိမနေဘူး"

ကျွန်တော်သည် ငိုင်သွားမိသည်။ သဘာဝတ္တဗေဒကထိက မမကြိုင်ကို မရဲတရဲ ပြန်ကြည့်မိသည်။

ပင်ကိုအလှမပျက်သေးသော မမကြိုင်သည် အသက်အရွယ်၊ ပညာနှင့် လိုက်အောင်ခံ့တည်ခြင်း လွှမ်းနေသောကြောင့် သားနားရည်မွန်လျက်ရှိ၏။

အေးချမ်းသော်လည်း ဝေရီသော ကြိုင့်မျက်လုံးများကလည်း ကျွန်တော်၏ရင်ကို စာဖတ်ဟန် စူးစိုက်ပြန်ကြည့်နေ၏။

ဤမျက်လုံးများက ဘာကိုလျှို့ဝှက်ထားပါသနည်း။ ဤအကြည့်နှင့် ကြည့်နေသော ကြိုင်သည် ဘာစကားကို ပြောချင်နေပါသနည်း။

ကျွန်တော်သည် ဘာမျှပြန်မမေးမိ။ မမကြိုင်၏ မျက်လုံးများအောက်မှရှောင်ကာ ကားပေါ် အမြန်တက်၍ မောင်းထွက်လာခဲ့သည်။

စထရင်းဟိုတယ် ပါတီတွင် အလွန်ရင်းနှီးသော မိတ်ဆွေဆယ့်ငါးဦးသာ ရှိသည်။ သောက်တတ်သူ လက်ရွေးစင်များဖြစ်သောကြောင့် အားလုံးမူးကာ ပျော်ရွှင်နေကြသည်။

သူတို့အားလုံးက အနိုင်ကျင့်၍ ကျွန်တော့်ကို ဖွတ်အရက်တိုက်သည်။ ငြင်းရှောင်၍ မရသောအခါ ကျွန်တော်က သူတို့ကျေနပ်အောင် သောက်ပြရသည်။

ကျွန်တော်သည် အရှိုင်းဖြစ်သော်လည်း ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်သောကြောင့် တစ်ခွက် နှစ်ခွက်ဆိုလျှင် ကိစ္စမရှိဟုထင်သည်။ ဆရာဝန်ကြီးတစ်ဦးအနေနှင့် ကိုယ့်သတိကို ကိုယ်ယုံသည်။

သို့ရာတွင် တစ်ချီ အလိုလိုက်မိသည်နှင့် တစ်ပြိုင်နက် သူတို့က ပိုကဲလာသည်။

နှစ်ခွက်၊ သုံးခွက်၊ လေးခွက်၊ ငါးခွက်။

ညဉ့်ဆယ့်တစ်နာရီထိုးပြီးချိန် ပါတီပြီးသောအခါ ကျွန်တော် အတန်မူးနေပေပြီ။

သတိကောင်းဆဲဖြစ်သ ဖြင့် ကားကို ကောင်းကောင်းမောင်းကာ အိမ်အရောက်ပြန်နိုင်ခဲ့သည်။

အိမ်ဝ၌ လှိုင်တစ်ယောက်တည်း ဆီးကြိုနေသည်။

"ဖေဖေတို့ကော အိပ်ကုန်ကြပြီလား လှိုင်"

"ဟုတ်တယ်၊ အကျင့်မရှိဘဲ တောင်ပေါ်တက်လိုက်ကြရတော့ ပင်ပန်းသွားကြတယ်ထင်တယ်၊ အိပ်ကုန်ကြပြီ"

ကျွန်တော်က လှိုင့်ကို ပြုံး၍ကြည့်သည်။ လှိုင်က ကျွန်တော်၏ မျက်လုံးများတွင် နှစ်ကိုယ်ခွဲ၍ထွက်နေ၏။

"အား... စုလှိုင်ရယ်... ကိုကို မူးလိုက်တာ"

ကျွန်တော်က လှိုင့်ပခုံးလေးကို ပွေ့ဆုပ်အားယူရင်း ပြောသည်။

"ဟင်... ကိုကို သောက်လာတယ်။ ကြည့်စမ်း... တော်တော်ဆိုးတဲ့ အစ်ကိုမောင်ကြီး"

လှိုင်က ချစ်စဖွယ်ရယ်ရင်း ပြောသည်။

"ဒါဖြင့် ကိုကို မအိပ်လိုက်နဲ့အုံး၊ နည်းနည်းလမ်းလျှောက်ကြည့်မလား"

"ဟုတ်တယ်... ကိုကိုလည်း လမ်းလျှောက်ချင်တယ်၊ စုလှိုင်နဲ့တွဲပြီး လမ်းလျှောက်ချင်တယ်"

ကျွန်တော်နှင့် လှိုင်သည် တစ်ဦးခါးကို တစ်ဦးဖက်ပြီး ခြံတွင်း၌ လမ်းလျှောက်ကြသည်။

လမ်းလျှောက်ရင်း လှိုင်၏ ခါးကလေးကို တင်းကျပ်စွာ ပွေ့လျက် ကျွန်တော်က ပြုံးမိသည်။

"ကိုကို... ဘာပြုံးတာလဲ..."

"သြော်... ကိုကို တွေးမိလို့ပါ၊ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ"

"အို... ကိုကို ဘာပြောတာလဲ"

ကျွန်တော်က ရယ်မောမိ၏။

"မဟုတ်ဘူးလား၊ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ၊ မနက်ဖြန်ကစ ချစ်သူတွေ မဟုတ်တော့ဘူး၊ ကိုကိုက လင်၊ စုလှိုင်က ကိုကို့ ချစ်မယား၊ ဒီတော့..."

ကျွန်တော့်စကား မဆုံးလိုက်ရ၊ လှိုင်က သူ့လက်ဖဝါးလေးဖြင့် ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်သည်။

မျက်စောင်း လဲ့လဲ့ထိုးရင်းလည်း မြစ်တားသည်။

"တော်... တော်... ကိုကို၊ လှိုင် နားရှက်တယ်"

လှိုင် စိုက်ထားသော စွယ်တော်ပင်လေးအနီးတွင် ကျွန်တော်တို့ ရပ်လိုက်ကြသည်။

ကျွန်တော်သည် ရင်ချင်းအပ်အောင် လှိုင့်ကို ပွေ့ယူလိုက်သည်။

ထို့နောက်တွင် ကျွန်တော့်မျက်လုံးများက အိမ်အပေါ်ထပ်ရှိ ပြတင်းတစ်ခုဆီ ရောက်လျက်သား ရှိနေ၏။

ပြတင်းမှ ခန်းဆီးသည် လျင်မြန်စွာကျသွားသော်လည်း လှုပ်ရှားကျန်ရစ်သည်။

ကျွန်တော်သည် လှိုင်နှင့်



ကိုယ်ချင်းခွာလိုက်သည်။

''ကိုကို အိပ်ချင်ပြီ စုလှိုင်၊ အိမ်ထဲဝင်ကြစို့. . . ''

လှိုင်နှင့် ကျွန်တော်တို့ အိမ်ဆီလျှောက်လာခိုက် မိုးပေါက်ကလေးများ တစ်ပေါက်နှစ်ပေါက်ကျလာကြသည်။

''မိုးရွာအုံးမလား မသိဘူး ကိုကို. . . ''

ကျွန်တော် ကောင်းကင်သို့ မော့ကြည့်သည်။

''လသာနေသေးသားပဲ၊ တစ်ပေါက် နှစ်ပေါက်ပဲ ထင်ပါတယ်''

အပေါ်ထပ် အခန်းတစ်ခု၌ လှိုင်တို့ ညီအစ်မ၊ သားအမိ စုအိပ်ကြသည်။ အခြားအခန်း၌ ဖေဖေနှင့်မေမေတို့ အိပ်ကြသည်။

အောက်ထပ် အခန်းတစ်ခုတွင် ငြိမ်းမောင်နှင့် ကျွန်တော်တို့ အိပ်ကြ၏။

လှိုင့်နဖူးလေးကို နမ်းကာ နှုတ်ဆက်ပြီး ကျွန်တော် အိပ်ရာဝင်ခဲ့သည်။

ငြိမ်းမောင်ကား တရှူးရှူးဟောက်ကာ အိပ်မောကျနေပေပြီ။

ကျွန်တော်က ဝတ်ထားသော ဥရောပဝတ်စုံတို့အနက် အပေါ်ကုတ်အင်္ကျီကိုသာ ချွတ်ပြီး ခုတင်ထက် လှဲလိုက်သည်။

ခေါင်းအုံးပေါ် ခေါင်းချလိုက်မိချိန်တွင် ပိုမိုမူးယစ်လာသည်။

ခဏတွင်ပင် တစ်လောကလုံးကိုမေ့၍ ကျွန်တော် အိပ်ပျော်သွားသည်။

+ + +

အိပ်မက်ထဲတွင် ရေမွှန်းနေ၏။ ရေနက်ထဲကူးလေ ရေနစ်လေဖြစ်နေသည်။ ငြိမ်းမောင်က ကျွန်တော့်ပခုံးကို ကိုင်၍ ဖွတ်ဖက်ထားသောကြောင့် လူပ်ရှား၍မရ။ ဖွတ်ရုန်းကန်တက်သဖြင့် ခေတ္တရေပြင်ထက်ပေါ်လာ၏။ ငြိမ်းမောင်အသံကို ကြားရသည်။

''မောင်. . . မောင်. . . မောင်. . . ''

ကျွန်တော်တို့ နှစ်ဦးလုံးပြန်နစ်သွားကြပြန်သည်။

ငြိမ်းမောင်ကို ရေအောက်၌ တွန်းလွှတ်လိုက်ပြီး ရေပြင်ထက်တွင် ကျွန်တော်တစ်ဦးတည်းပေါ်ကာ အသက်ရှူလိုက်ရသည်။

ကျွန်တော့်ပါးပြင်ကို ခပ်ကြမ်းကြမ်း ရိုက်ပုတ်သည်ကို ခံစားရ၏။ ဖေဖေ့အသံကလည်း ပေါ်လာသည်။

''မောင် . . . ထစမ်း၊ မြန်မြန်ထစမ်း. . . ''

ကျွန်တော်သည် အိပ်ရာမှ လူးလဲထလိုက်၏။

မီးရောင်ကြောင့် ရုတ်တရက် မျက်လုံးများ ကျိန်းသွားသည်။

မျက်လုံးများ ဖွင့်နိုင်သောအခါ ပထမဆုံးမြင်ရသည်မှာ စိုးရိမ်တကြီးနှင့် ငုံ့ကြည့်နေသော ဖေဖေ့မျက်နှာကြီးဖြစ်ပါ၏။ ခဏတွင်ပင် ထိတ်လန့်တုန်လှုပ်နေသော မေမေ၊ ဒေါ်လှယဉ်၊ ကြိုင်နှင့် လှိုင့်မျက်နှာများကို မြင်ရသည်။

ကျွန်တော်သည် လုံးဝအိပ်ချင်ပြေသွားသည်။

''ဘာလဲ. . . ဘာဖြစ်ကြလို့လဲ. . . ''

ကျွန်တော့်အမေးကို လှိုင်က ဦးစွာဖြေသည်။

'' မမခိုင် . . . မမခိုင် မရှိတော့ဘူး. . . ''

ကျွန်တော်သည် ငေါက်ခနဲ ထထိုင်မိ၏။ ထိုအခိုက်တွင် အပြင်၌ မိုးသည်းထန်စွာ ရွာနေကြောင်း ကျွန်တော် သတိပြုမိ၏။

ထိတ်လန့်စွာဖြင့် ကျွန်တော်က အော်သည်။

''ငြိမ်းမောင်ကော . . . ငြိမ်းမောင်ကော. . . ဟင်''

ဖေဖေက ပြန်လည်တည်ငြိမ်လာပြီဖြစ်သော အသံနှင့် ဖြေသည်။

''ငြိမ်းမောင်လည်း မရှိဘူး။ ခိုင့်နောက်လိုက်သွားတယ် ထင်တယ်။ သူ လူတွေကို နှိုးသေးတယ်ထင်တာပဲ။ အသံလိုလိုတော့ ကြားမိတယ်ကွာ။ ဖေဖေ့အပြစ်ပဲ။ အားလုံးထဲမှာ ဖေဖေသတိထားဖို့ အကောင်း

ဆိုး။ ပင်ပန်းတာနဲ့ အိပ်ပျော် သွားတာ။ ကဲ လာ... လာ သွားကြရအောင်... ''

ကျွန်တော်တို့အားလုံး အိမ်ပြင်သို့ ထွက်လာခဲ့ကြသည်။

မိုးက ပြင်းပြင်းထန်ထန်နှင့် သဲသဲမဲမဲပင် ရွာနေ၏။ အရေး ထဲ တစ်အိမ်လုံးတွင် လက်နှိပ် ဓာတ်မီးနှစ်ခုသာ ရှိသည်။

ကျွန်တော်တို့က လူနှစ်စု ခွဲသည်။ သို့ရာတွင် ဘယ်ဆီ လိုက်ရှာရမှန်း မသိ။

သတိကောင်းသော ဖေဖေက မြေပြင်ကို လက်နှိပ် ဓာတ်မီးနှင့် ထိုးကြည့်စုံစမ်း သည်။

''မောင်... လာ၊ ဒီမှာ ကြည့်စမ်း ငြိမ်းမောင် ချိုင်း ထောက်ရာတွေ မဟုတ်လား''

ကျွန်တော်က ဖေဖေ ပြ သည်ကို ကြည့်မိသည်။

မှန်သည်၊ မြေပျော့ရာ၌ ငြိမ်းမောင်ချိုင်းထောက်ရာများ ထင်ကျန်ရစ်သည်။

ဖေဖေနှင့် ကျွန်တော်သည် ချိုင်းထောက်ရာများအတိုင်း လိုက်ခဲ့သည်။

ကျွန်တော့်ခေါင်းဆီသို့ အသိဉာဏ်တစ်ရပ်သည် ချက် ချင်းဝင်လာ၏။

ကျွန်တော်သည် ဖေဖေ့ လက်မှ လက်နှိပ်ဓာတ်မီးကို လုယူပြီး ဆိုမိ၏။

''ကျွန်တော် သိပြီ၊ ဖေဖေတို့ လိုက်ခဲ့ကြ''

ဤမျှသာဆိုပြီး ကျွန်တော် သည် လွမ်းစေတီဘက်သို့ အားသွန်ပြေးခဲ့သည်။

မိုးဒဏ်၊ လေဒဏ်ကြောင့် ထင်းရှူး၊ ပွင့်ယား၊ ပန်းတမာနှင့် ချယ်ရီပင်ကြီးများသည် လှုပ် ရှားယိမ်းယိုင် ညည်းညူနေကြ သည်။

မိုးထဲလေထဲတွင် ကျွန် တော်ပြေးသည်။ ခြေကုန်သုတ် ၍ ပြေးသည်။ ပြေးရင်းလည်း လက်နှိပ်ဓာတ်မီးနှင့် ဟိုဟို သည်သည် ထိုးကြည့်မိ၏။

ကမ္ဘောဇကောလိပ်ဘေးရှိ ရေအိုင်ပြွန်သည် ရေတံခွန်ပမာ တဟဲဟဲ စီးကျနေ၏။

ကျွန်တော်က မနားဘဲ ဆက်ပြေးသည်။ လွမ်းစေတီ တောင်ခြေရောက်သည်အထိ ဆက်ပြေးသည်။ တောင်ခြေမှ တောင်ထိပ်သို့ ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့် သည်။

တောင်ထိပ် မရောက် တရောက်၌ ငြိမ်းမောင်သည် ချိုင်းထောက်ကြီးကို အားပြု လျက် ခက်ခဲပင်ပန်းစွာ တက် နေ၏။

''ငြိမ်းမောင်ရေ ဆက် သွား... ဆက်သွား ငါ လိုက် လာပြီ... ''

ကျွန်တော်သည် နောက် ဆုံးရှိသမျှ အားကုန်သွန်၍ တောင်ထိပ်သို့ ပြေးတက်လာ ၏။

ကျွန်တော် တောင်ထိပ် သို့ရောက်၍ ငုံ့ကြည့်လိုက်သော အခါ တစ်ဖက်တောင်ဆင်ခြေ လျှောအတိုင်း ငြိမ်းမောင်သည် မယုံနိုင်ဖွယ် လျင်မြန်ခြင်းတို့ဖြင့် ဆင်းနေသည်။

ငြိမ်းမောင် ရှေးရှုသွားရာ တောင်ဆင်ခြေလျှောအဆုံး ကမ်းပါးစွန်း၌ ဖြူဖွေးသော သဏ္ဌာန်လေးတစ်ခုသည် လက်များကို ရှေ့တန်းလျက် ရပ်နေ၏။

ကျွန်တော်သည် အသံ ကုန်ဟစ်၍ အော်သည်။

''ခိုင်... ခိုင်... ခိုင်ရေ့... မောင် လာပြီ၊ ခိုင့် မောင် လာပြီ''

သို့ရာတွင် ကျွန်တော့် အသံကို ထစ်ချုန်းပစ်ခွင်းလိုက် သော မိုးကြိုးသံက လွှမ်းသွား ၏။ ဝင်းဝင်းလက်သွားသော လျှပ်စီးရောင်တွင် ကမ်းပါးစွန်း၌ လက်ကလေးနှစ်ဖက် ရှေ့တန်း ကာ ရပ်နေသောခိုင့်ကို နောက် ဆုံး မြင်လိုက်ရ၏။

ကျွန်တော်သည် တောင် ထိပ်မှ တစ်ဟုန်ထိုးဆင်းပြေး သည်။ ကိုယ့်အရှိန်ကိုယ်မသတ် နိုင်သော ငြိမ်းမောင်ကို အချိန် မီ ဖမ်းမိပြီး မြေပေါ်အတူလှဲချ လိုက်ရ၏။

ကျွန်တော်တို့နှစ်ဦးသည် လေးငါးပတ်လိမ့်သွားပြီး ကမ်းပါး စွန်းရှိ ကျောက်စွယ်တစ်ခုနှင့် ခံကာရပ်သွားသည်။

ကမ်းပါးစွန်း၌ ခိုင်မှု မရှိပြီ။

ကျွန်တော်က လွင့်စဉ် သွားသော လက်နှိပ်ဓာတ်မီးကို အရေးတကြီး ရှာသည်။ ကံ အားလျော်စွာ ကျွန်တော်တို့ မလှမ်းမကမ်း၌ သွားတွေ့၏။

ကျွန်တော်နှင့် ငြိမ်းမောင် သည် ကမ်းပါးစွန်း၌ တစ်ဦးကို တစ်ဦးဖက်ရင်း တုန်လှုပ်စွာ ရပ်နေကြသည်။

ကမ်းပါးစွန်းမှ ချောက် အခြေဆီသို့ ရေများ တဟော ဟော စီးဆင်းကျနေသည်။

ကျွန်တော်က ချောက် အခြေဆီ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

ဝေးလံသော အောက်ခြေ တွင် ခွေခွေလေး လျောင်းလဲ လျက်ရှိနေသော ခိုင့်ကို တွေ့ရ ပါသတည်း... ။ တွေ့ခဲ့ရပါ သတည်း။

\+ + +

စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ခဲ့ပြီးသည့် အချိန်မှစ၍ ကျွန်တော်သည် လူနာပေါင်း များစွာ၏အသက်ကို ကယ်ခဲ့ဖူး သည်။ မရဏမင်းနှင့် စစ်ခင်း ပြိုင်ရာ၌ တစ်ကြိမ်မျှ ကျွန်တော် မရှုံးဖူးသေး။

ယခုမူ သူ့အလှည့်ရောက် ၍ ကျွန်တော် လက်မြှောက်အရှုံး ပေးရမည့်ကဲ့သို့ ရှိနေပါသည်။

ကျွန်တော် အရှုံးပေး၍ သူ့လက်တွင်း အပ်နှင်းရဖွယ် ဖြစ်နေသော လူနာမှာ ကျွန်တော့် အချစ်ဆုံးသူတစ်ယောက် ဖြစ် နေသည့်အတွက်သာ အသည်း က နာလှပါ၏။

သတိပြန်လည်မလာသေး သော ခိုင့်ကို သွေးသွင်းပေး ထားရ၏။ ဤသွေးတို့သည် ခိုင့်အသက်ကို ကယ်ယူရန် မလွယ်မှန်း ကျွန်တော်သာ အသိဆုံးဖြစ်ပါ၏။ အသိဆုံးဖြစ် ၍ နှလုံးကြေလှုရှိသည်။

ကျွန်တော်နှင့်အတူ ခိုင့်



ဘေးတွင် ဖေဖေ ရှိသည်။ လှိုင် ရှိသည်။

ကျွန်တော်တို့အပေါ် ဖခင်ပမာ ကြင်နာသော ဆေးရုံအုပ်ကြီးကိုယ်တိုင်လည်း ရှိနေသည်။

ကျွန်တော်တို့အားလုံးသည် တစ်စတစ်စ အသက်ရှူမြန်လာကာ လှုပ်ရှားနေသော ခိုင့်ရင်ကို နောက်ဆုံး မျှော်လင့်ချက်အဖြစ် ကြည့်နေကြသည်။

ခိုင့်နှလုံးခုန်သံ မြန်လာသကဲ့သို့ ကျွန်တော်တို့ နှလုံးများကလည်း ခုန်နေကြသည်။ ခိုင့်အသက်ရှူသံပြင်းလာသကဲ့သို့ ကျွန်တော်တို့ အသက်ရှူသံများကလည်း ပြင်းလာကြသည်။

နှစ်၊ လ၊ ရက်ပမာ တွက်ဆရသော စက္ကန့်များအဆုံး၌ ကျွန်တော်တို့၏ အနိမ့်ဆုံး မျှော်လင့်ချက်သည် ပြည့်ဝလာ၏။

ခိုင့်နှုတ်ခမ်းလေးများက လှုပ်လာ၏။ ခိုင့်မျက်တောင်ကော့များကလည်း ပင်ပန်းစွာ တစ်ချက်ပွင့်လာပြီး ပြန်မှိတ်သွား၏။

ကျွန်တော်သည် ခိုင့်လက်တစ်ဖက်ကို ဆုပ်ကာ ခေါ်မိသည်။

"ခိုင်... ၊ ခိုင်ရေ... "

မှိတ်ဆင်းကျသွားသော မျက်တောင်ကော့ကြီးများက အသာအယာ ပြန်တက်လာသည်။

"ခိုင်... ၊ ခိုင်ရေ... မောင် ခေါ်နေတယ်လေ... ကြားရဲ့လား "

ဤအကြိမ်တွင်မူ မျက်တောင်ကော့များ ပြန်မပိတ်၊ မျက်လုံးများ၌ မှေးမှိန်သော အရောင်ထွက်လာသည်။ နှုတ်ခမ်းလေးများ လှုပ်လာပြီး တိုးညင်းစွာ ဖျော့တော့သော ခေါ်သံကြားရသည်။

"မောင်... "

"ဟုတ်တယ် ခိုင်... မောင် ခေါ်နေတယ်လေ... ခိုင့်မောင် ခေါ်နေပါတယ်"

ခိုင့်အသံ ပြန်ထွက်မလာ။ ခိုင့်လျှာလေးက သွေ့ခြောက်သော နှုတ်ခမ်းများကို လျက်လာသည်။

ကျွန်တော်က လှိုင့်ကို လှမ်းကြည့်သည်။

လှိုင်က ခိုင့်ပါးစပ်တွင်းသို့ ရေပေါက်များ တစ်စက်စီ ချပေးသည်။ ထိုစဉ် လှိုင့်မျက်လုံးများမှ မျက်ရည်များလည်း တစ်ပေါက်စီ လိမ့်ဆင်းကျလာနေ၏။

ဖေဖေက နေရာမှ ထွက်ခွာသွားသည်။ ဆေးရုံအုပ်ကြီးလည်း လိုက်ပါသွားသည်။

လှိုင်သည် ရေစက်ချပေးခြင်းကို ရပ်လိုက်ပြီး သူ့အစ်မကို ပါးချင်းအပ်လျက် ဆိုရှာသည်။

"မမခိုင်... သတိရပြီနော်... ။ လှိုင် စကားပြောနေတယ်၊ လှိုင့်ကို မှတ်မိရဲ့လား"

ခိုင့်လက်တစ်ဖက်သည် ဖြည်းညင်းစွာ မြောက်တက်လာပြီး လှိုင့်ကျောကို ပွတ်သပ်သည်။

နှုတ်မှလည်း တိုးညင်းအားပျော့လင့်ကစား ပီပြင်ပြတ်သားသော စကားသံ ရှေးဦးစွာ ပေါ်လာ၏။

"လှိုင်... ညီမလေး မမခိုင်... မှတ်... မှတ်... မှတ်မိတယ် "

လှိုင်သည် အံကြိတ်ထား၏။ စကားမှ မပြန်နိုင်ဘဲ ခိုင့်ကိုသာ ပါးချင်းပွတ်၍ မျက်ရည်ပေါက်ပေါက် ကျနေသည်။ လှိုင့်မျက်ရည်ပေါက်များက ခိုင့်ပါးပေါ်သို့ ကျနေ၏။

ခိုင့်လက်ချောင်းကလေးများက လှိုင့်ပါးကို စမ်းသပ်ကြည့်သည်။

"လှိုင် ငိုနေသလား၊ ဘာဖြစ်လို့ ငိုရလဲကွယ်... "

ကျွန်တော်သည် လှိုင့်ကို သတိပေးမည် ပြုသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။

သေခြင်းတရားကို မဆန်းစွာ ရင်ဆိုင်နေခဲ့သောဆရာဝန်မတစ်ဦး၏ဘဝကို လှိုင်မေ့သွားဟန်ရှိသည်။ ကလေးတစ်ယောက်ပမာ ရှိုက်ဖိုငိုကြွေး၍ ဆိုသည်။

"လှိုင်ငိုနေပါတယ် မမခိုင်၊ လှိုင့်ကို ခွင့်လွှတ်ပါ။ လှိုင် ဘာမှမသိဘူး၊ လှိုင် တကယ် ဘာမှမသိဘူး၊ အို... လှိုင် ... တကယ် ဘာမှမသိပါဘူး မမခိုင် "

ကျွန်တော်သည် လှိုင့်ပခုံးလေးကို ဆွဲယူပွေ့ထူသည်။ လှိုင်သည် သူ့ဘဝကို သူ သတိရသွားဟန်တူသည်။ မျက်ရည်များကို သုတ်ပစ်ပြီး ဖွတ်အတင်းပြုံးလျက် သူ့အစ်မကို အထက်မှ မိုးစီးလျက်ဆိုသည်။

"မမခိုင်၊ လှိုင် ခဏသွားအုံးမယ်၊ ကိုကိုနဲ့ စကားပြောနေအုံးနော်၊ လှိုင် သွားတော့မယ်"

လှိုင်သည် မျက်နှာကို လက်ဝါးနှင့်အုပ်လျက် အခန်းတွင်းမှ ထွက်ပြေးသည်။

ကျွန်တော်သည် ခိုင့်လက်ကလေးကို ပြန်လည်ဆုပ်ကိုင်မိသော်လည်း ဘာစကားမျှ မဆိုနိုင်ဘဲ မျက်နှာကလေးကိုသာ ငုံ့ကြည့်မိသည်။

"မောင်လား... "

"ဟုတ်တယ် ခိုင်... "

"လှိုင် သွားပြီလား... "

"သွားပါပြီ ခိုင်... "

ခိုင့်မျက်လုံးများမှ မျက်ရည်များ စီးကျလာ၏။ ကျွန်တော် ဆုပ်ကိုင်ထားသော သူ့လက်ကိုရုန်း၍ ကျွန်တော့်လက်မောင်းကို သူပြန်ဆုပ်၏။ ထို့နောက် ပြုံးငွေ့ငွေ့ဖြင့် မမေ့နိုင်အောင် ဆိုသည်။

"လှိုင် သွားပြီနော်... ဩော်... ခိုင်လည်း သွားတော့မယ် မောင်... "

"အို... ဘာတွေပြောနေတာလဲ ခိုင်ရယ်... "

ခိုင်က မျက်ရည်ကြားမှ ပြုံးရှာ၏။

"ခိုင်ပြောတာကို မောင် နားလည်ပါတယ်... ခိုင်သွားရတော့မယ်၊ မောင်... မောင့်ကို ခိုင် နှုတ်... နှုတ်... ဆက်တယ်... "

"အို... ခိုင်ရယ်"

ခိုင်က ပြုံးပြန်ရှာသည်။ ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော ခိုင့်လက်များက ပိုတင်းကျပ်မြဲမြံလာသည်။

"ခိုင်ပြောတာကို မောင်နားလည်ပါတယ်၊ ခိုင့်ကို မညာပါနဲ့နော် မောင်၊ ခိုင့်ကို မောင် ဘယ်တုန်းကမှ ညာလို့မရခဲ့ဘူး"

ကျွန်တော်သည် နှုတ်ခမ်းကို ပြတ်လုမတတ်သွားဖြင့် ခဲထားမိသည်။

"မောင်... "

"ခိုင်... ခိုင်ရေ "

"ခိုင်... နောက်... နောက်ဆုံး... ပြော... ပြောခဲ့မယ်၊ မောင့်ကို မညာဘူး၊ ခိုင်... မောင့်... မောင့်... ကို ဘယ်တုန်းကမှ မ... ညာခဲ့ဘူး"

ခိုင့်မျက်နှာတွင် မျက်ရည်တို့ ရွှဲနေ၏။

ကျွန်တော့်မျက်လုံးများမှ မျက်ရည်တို့ကိုလည်း ကျွန်တော် တား၍မရ။

ခိုင်ကသာ ပင်ပန်းစွာဖြင့် ဆက်ပြောသည်။ မပြောရန် ကျွန်တော် မတားမြစ်နိုင်၊ တားမြစ်ရန်လည်း မလိုပါတော့။

"မောင့်ကို ခိုင် မညာပါ

ဘူး။ မောင့်ကို ခိုင် . . . ချစ်တယ်။ သိပ် သိပ် ချစ်တယ်''

ဘာကိုမျှ ကျွန်တော် မဆိုနိုင်။ ဆို၍လည်းမရ။ အံကြိတ်၍သာ ခံနေရ၏။ ခိုင်ကသာ ဆွေးမြည့်မဆုံးအောင် ပြောနေသည်။

''မောင်ကလည်း ခိုင့်ကို ချစ်ပါတယ်၊ ဒါကို ခိုင် သိတယ်၊ ခိုင့်ကို မညာပါနဲ့ မောင်၊ ခိုင့်ကို ချစ်တယ်လို့ ပြောစမ်းပါ မောင်၊ နောက်ဆုံးအနေနဲ့ ပြောစမ်းပါ မောင်ရယ် ''

ခိုင့်စကားကြောင့် ကျွန်တော် ငိုင်သွားမိသည်။ ရှိသမျှ လေသော အားတို့ကို ယူကျုံးရသည်။

နှလုံးသားမှ ရနိုင်သော အဖြူစင်ဆုံး စကားကို ရွေး၍ ကြိုးစားပြောရသည်။

''ခိုင် ကြားချင်တဲ့စကားကို မောင်ပြောပါ့မယ် ခိုင် . . . ၊ ဒါပေမဲ့ မောင့်စကားဆုံးအောင် နားထောင်ပါ''

ခိုင်က နှုတ်ဖြင့် မဖြေ။ ကျွန်တော့်လက်မောင်းကိုသာ တင်းအောင် ပြန်ဆုပ်လိုက်၏။

''မောင် အခု ငိုနေတယ် ခိုင်။ ဒါကို မောင် မညာတော့ပါဘူး။ အစကတည်းက မောင် မငိုချင်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း မငိုစေချင်ခဲ့ပါဘူး။ ဒါကို ခိုင် အသိဆုံးပါ''

ခိုင်က အသိအမှတ်ပြုဟန် ကျွန်တော့်လက်မောင်းကို ညှစ်ပြရှာ၏။

''ချစ်ပါတယ် ခိုင်ရယ်၊ ခိုင့်ကို မောင် သိပ်ချစ်ပါတယ်။ ဒါပေမဲ့ ငိုရတဲ့ အချစ်မျိုးနဲ့ ချစ်ပါတယ်လို့ မောင် မပြောပါရစေနဲ့တော့၊ မငိုရတဲ့ သူငယ်ချင်းချစ်နဲ့ပဲ ချစ်လိုက်ပါရစေ။ သံသရာအဆက်ဆက် ပြန်ဆုံတွေ့တဲ့ရက်အထိ ခိုင့်ကိုသူငယ်ချင်းအဖြစ်နဲ့ပဲ မောင် . . .



ဆက် ချစ်ပါရစေ ခိုင် . . . ''

စင်းမေးထားသော ခိုင့်မျက်တောင်ကော့များက ခေတ္တ ပွင့်ပျံလာသည်။ ခိုင့်မျက်လုံးပြာများ၌ နောက်ဆုံးပွင့်သော ကြယ်ရောင်၊ လရောင်ကို ကျွန်တော် မြင်လေရသည်။

ခိုင့်နှုတ်ခမ်းသည် တဖြည်းဖြည်း ရွှေ့လျက် အပြုံးပန်း ပွင့်လာသည်။

မျက်တောင်ကော့များ ပြန်ပိတ်သွားသည်။ ကြယ်ရောင်၊ လရောင်တို့လည်း ပျောက်သွား၏။

ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော ခိုင့်လက်သည်လည်း ပြေကျသွားသည်။

ခိုင့်နှုတ်ခမ်းမှ အပြုံးပန်းသည်သာ ပွင့်လန်းရှင်သန် ကျန်ရစ်ပါလေ၏။

ကျွန်တော်သည် ခိုင့်လက်ကလေးနှစ်ဖက်ကို ခိုင့်ကိုယ်ပေါ်တွင် ယှက်ခတ်တင်ပေးသည်။ ခြေရင်းမှစောင်ကိုလည်း မျက်နှာအုပ်သည်အထိ လွှမ်းခြုံပေးလိုက်သည်။ ခိုင်၏ ဝါဝင်းသော မျက်နှာလေးကို စောင်ဖြင့်မအုပ်မိမီ . . . နဖူးလေးကို နမ်း၍ တောင်းပန်မိသည်။

''မောင့်ကို ခွင့်လွှတ်ပါ ခိုင်''

ကျွန်တော်သည် အခန်းအပြင်ဘက်တွင် ထွက်၍ ဆရာဝန်တစ်ဦး၏ သမာဓိနှင့်အညီ တည်ငြိမ်စွာ ကြေညာရပါ၏။

''ခိုင် . . . ဆုံးသွားပါပြီ''

သူတို့ဆီမှ ဘာမျှ မေးခွန်းတို့မလာမီ ကျွန်တော့်ရုံးခန်းသို့ ကျွန်တော် မပြေးရုံတမည် သွက်သွက်ထွက်လာခဲ့၏။

စားပွဲပေါ်တွင် မျက်နှာမှောက်၍ ကျိတ်ရှိုက်နေမိသည်။

မည်မျှကြာအောင် ကျိတ်ရှိုက်နေမိသည် မသိ . . . ။ ကြမ်းပြင်ကို တဒေါက်ဒေါက်နှင့် ထောက်ဝင်လာသော အသံကို ကြားရသောကြောင့် မော့ကြည့်လိုက်မိသည်။

ချိုင်းထောက်ကြီးကို အားပြုလျက် ငြိမ်းမောင်သည် မားမားကြီး ရပ်နေ၏။

ကျွန်တော်က နေရာမှထကာ သူ့ကို ရင်ဆိုင်သည်။ သူက ခံ့ညားတည်ကြည်စွာပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်နေ၏။

''မင်း ဘာကိုပြုံးတာလဲ ငြိမ်းမောင်၊ ငါ့ကို လာသရော်တာလား၊ မင်း သိတယ်၊ မင်း ကောင်းကောင်းသိတယ်၊ ခိုင် သေရတာမှာ ငါဟာ အဓိက တရားခံ သိလား . . . ၊ ခိုင့်ကို ငါသတ်တာ သိလား. . . ဟေ့ ငြိမ်းမောင်''

ငြိမ်းမောင်၏အပြုံးသည် ပိုမိုကျယ်ဝန်း နက်ရှိုင်းလာသည်။ မျက်လုံးများ၌ မျက်ရည်ဝိုင်းနေသော်လည်း တည်ငြိမ်စွာဖြင့် သူက ဆို၏။

''ခိုင့်ကို မင်း သတ်ခဲ့တယ်ပဲ ဆိုပါစို့ . . . ၊ ဒါပေမဲ့ တခြားသူငယ်ချင်းတစ်ယောက်ကို မင်းချစ်လွန်းလို့ မင်း ခိုင့်ကို သတ်ခဲ့ရတာ . . . ၊ ငါ ဒါကို လာတောင်းပန်တယ် မောင် ''

သူက မျက်ရည်ဝိုင်းလျက် ပြုံးရင်း ကျွန်တော့်ကို တည်ငြိမ်စွာ စိုက်ကြည့်နေသည်။

ကျွန်တော်က သူ့ကို မယုံကြည်နိုင်စွာ ခေတ္တ ငေးကြည့်မိသည်။

နောက်ခဏတွင်မူ ငြိမ်းမောင်၏ ခါးကိုဖက်ကာ ကျွန်တော်သည် ကလေးငယ်တစ်ယောက်ပမာ ချုံးပွဲချ ငိုကြွေးမိပါလေသတည်း။။

**(၃၆) နှမပြာဝင်း နေရစ်မင်း**

ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာပုံခိုင်း၍

နှိုင်းစတမ်းဆိုပါလျှင် . . .

တစ်ရိုးတံ အလွှာငယ် တစ်ဆယ်မကနှင့်

ကြွယ်လှသော စိန်ပန်းရွက်နုယ်ဘဝမျိုးလည်း ရှိသည်။

တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင်တစ်ရွက် မည်သော

ညောင်ရွက်ကဲ့သို့ ဘဝမျိုး

လည်း ရှိပါ၏။

ခိုင်နှင့် ကျွန်တော့်ဘဝမှာမူ...

နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့်

စွယ်တော်ရွက်ပမာသာဖြစ်ခဲ့ရသည်။

တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သော

အထီးကျန် ဤဘဝဝယ့်..

ကြယ်ကြွေကို လည်ကာကောက်သည့် တစ်ယောက်သော သူရူးပမာ ခိုင့်ဂူဘေးတွင် ရပ်ရင်း

ကျွန်တော်သည် ရှည်လျားသည့် ဤဇာတ်လမ်းကို အသည်းကြွေလုလုဖြင့် ပြန်လည်တ,သ သတိရနေမိပါသည်။

သွားလေသူတစ်ဦးဖြစ်သည့် တင်မောင်ညွန့်ကို တစ်ချိန်က မေတ္တာတရားနှင့် ဥပါဒါန်တရားကို ခွဲခြားလျက် ကျွန်တော် ပြောကြားခဲ့ဖူးသည်။ ယခုမူ ကျွန်တော့်စကားများက ကျွန်တော့်ကို ပြန်လှန် သရော်လှောင်ပြောင်နေလေပြီ။

သိလျက်နှင့်လေ၊ ဝိပါက်ကြမ္မာထင်ရဲ့ဟု ကိုယ့်ဆင်ခြေကိုယ်ပေး၍ အေးကွက်ရှာကြည့်ပြန်ပါသော်လည်း ကိုယ့်နှလုံးသားက ကိုယ့်တရားကို ကိုယ်ပြန် လည် လက်မခံနိုင်လေပြီ။

အိပ်မက်ဆိုး မှတ်ထင်ချင်ပါလျက်နှင့် မမှတ်နိုင်လေပါသော ဤသမုဒယဇာတ်လမ်းသည် အလွမ်းနှင့် တစ်ခန်းရပ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါလေသဖြင့် ရွက်ဝါရွက်ကြွင်းတို့က မြေဆီသို့ သက်ဆင်းနေကြပါလေပြီ။

စွယ်တော်ရွက်တစ်လွှာပမာ ခိုင့်ခမျာ ကြွေသက်ခဲ့ရလေပြီးသည့်နောက်တွင် ကျွန်တော့်ဘဝမှာလည်း တစ်ရွက်မမည်ပါလေတော့။ တစ်ရွက်မမည်ပါလေတော့...။

ကျွန်တော့် ချယ်ရီဦးကို တစ်ကြိမ်က ကြည်နူးစွာ ခေါင်း၌ဆင်ခဲ့ဖူးသည့် လှိုင်တစ်ယောက်လည်း ကျွန်တော့်ထံပါးမှ ပြေးခွာပျောက်ကွယ်သွားခဲ့ပါပြီ။ သွားခဲ့ပါလေပြီ။

တစ်ယောက်သူ၏ ဈာပနသည် ကျန်တစ်ယောက်သော သူနှင့် ကျွန်တော်တို့၏ မင်္ဂလာကိုပါ ပြာချသဂြိုဟ်ခဲ့သည်မှာ မဆန်းဟုသာ စိတ်ဖြေယူရသည်။

သံသာလေကမ်းတိုင်၊ တူပြိုင်ကာကူးပါမည်ဟု ဘဝကိုပင် မပိုင်ပါဘဲလျက်က ပို၍မနိုင်ရာဖြစ်သည့် သံသရာအနာဂတ်ကို ကြိုတင်အစီးရမင်းမူမိသဖြင့် ကံကြမ္မာက သရော်လှောင်ပြောင်သည့်အတွက် ကျိတ်ရှိုက်ရင်းက ခေါင်းစင်း အရှုံးပေးသည်းခံရပါလေသည်။

သူကလေးမှာ ငယ်ရွယ်သူမို့ မမုန်းပါဘူးဆိုလျက်က အဆုံးတိုင် ခွဲကြဖို့ မျက်ရည်လည်ရွှဲအသည်းနင့်နင့် နှုတ်ဆက်စဉ်အခါ၌လည်း သုညဘဝတို့ ရောက်ပြီမင့်.... အနုတ်လက္ခဏာကို မကြောက်သာပြီကြောင့် အသည်းအောင့်လျက်နှင့် ခေါင်းငိုက်ကာ ကျိတ်ရှိုက်ရင်း ခွင့်လွှတ်လိုက်ရပြန်ပါလေသည်။

"ကိုကို့ကို လှိုင် သိပ်ချစ်ပါတယ်။ အို... သိပ်ချစ်လို့ပဲ စုလှိုင် ခွဲပါရစေတော့ ကိုကိုရယ်.. ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် တစ်ဂူမှာ နှစ်ကောင် မအောင်းဘူး... တဲ့၊ ဒီလိုပဲ မိန်းမသားဆိုတာ အသည်းနှလုံးတစ်ခုထဲမှာ

**စွယ်တော်ရွက်**
**တစ်လွှာပမာ**
**ခိုင့်ခမျာ**
**ကြွေသက်ခဲ့ရလေ**
**ပြီးသည့်**
**နောက်တွင်**
**ကျွန်တော့်**
**ဘဝမှာလည်း**
**တစ်ရွက်မမည်ပါ**
**လေတော့။**
**တစ်ရွက်မမည်ပါ**
**လေတော့... ။**

နှစ်ယောက် အတူမနေနိုင်ဘူး ကိုကို...။

ကိုကို့အသည်းနှလုံးလိုဏ်ဂူဟာ လှိုင့်တစ်သက်မှာ နေနားတော့မယ်လို့ မြတ်နိုးမှတ်ယူမိတဲ့ စခန်းသာဖြစ်ခဲ့တယ် ကိုကို...။ ဒါပေမဲ့ ဒီစခန်းသာမှာ လှိုင့်ထက် ဦးရုံမက ဘဝကို ခေါင်းချသွားခဲ့တဲ့ မမခိုင်က ရှိနှင့်ပြီးပါပြီ ကိုကို။

လှိုင် ပြုံးရယ်မယ်ကြံတိုင်း မမခိုင်ရဲ့ ရှိုက်သံတွေ ပဲ့တင်ထပ်နေမယ့် ဒီစခန်းဂူချောင်မှာ လှိုင်ဘယ်လိုလုပ် ပျော်အောင်နေဝံ့... နေရဲပါ့မလဲ...။ ဟင်... ကိုကို...။

လှိုင် သိပ်ချစ်တဲ့ ကိုကို့ကို လှိုင် ရိုသေစွာ ကန်တော့ခဲ့တယ်။

ကိုကို့ကို လှိုင် ပြောပြဖူးခဲ့တဲ့ ဥစ္စာစောင့်ဘဝကိုပဲ လှိုင် ရွေးချယ်လိုက်တယ်...။

မိခိုင်ကို ချစ်သလို မိလှိုင်ကိုလည်း ခွင့်လွှတ်ပါ။ လှိုင့် ... ကိုကိုမောင်"

လှိုင့်...၊ သို့မဟုတ်.. ကျွန်တော်က ချစ်မဝ... ချစ်စနိုးခေါ်ခဲ့ရသော စုလှိုင်...။

ခွင့်လွှတ်ပါသည် လှိုင်။ အချစ်ဆိုသည်မှာ ဘဇာဟူ၍ မသိပါပြီလှိုင်။ ကိုယ့်အချစ်ကိုပင် ကိုယ်မသိနိုင်သည့် ဘဝမို့ သူ့အချစ်ကို အပြစ်လည်း မမြင်ထင်နိုင်ပါ။ သနစ်လည်း မဆင်ခြင်ပိုင်ပါ...။

အချစ်မည်သည်ကို ပိုင်ဆိုင်ခြင်းအဖြစ်ဖြင့် မမှတ်ယူနိုင်သော်... ခွင့်လွှတ်ခြင်းအဖြစ်နှင့် ကြည်ဖြူမှတ်ယူရပါမည် စုလှိုင်...။

စိတ်မနာဘဲ ပြေးရှာသူကလေးကို ဝေးရာမှပင် ကျွန်တော် ခွင့်လွှတ်နေရပါသည်။ ခွင့်လွှတ်နေရပါ၏။

ခိုင့်ဈာပနအပြီးတွင် လှိုင်သည် ခွင့်ရက်ရှည်ယူသွားသည်။ ခွင့်စေ့ပြန်သော် ပုသိမ်သို့ ပြောင်းသွားသည်။

ပြဿနာတို့ မရှင်းနိုင်အောင် ရှုပ်သဖြင့် အထုပ်မပြေနိုင်ဘဲ ခွဲကြရစဉ်အခါက ဖေဖေသည် ကျွန်တော့်ကို အနားယူ၍ သန်လျင်သို့လိုက်ရန် ခေါ်ခဲ့သည်။

သန်လျင်သို့ ကျွန်တော် မလိုက်ရဲပါ။ အတိတ်ကာလ၏ အိပ်မက်ပမာ ခြောက်လှန့်လေမည်ဖြစ်သော လွမ်းစရာတို့ကို ရင်မဆိုင်ရဲသည့်နည်းတူ ပစ္စုပ္ပန်၌ကြွင်းသော ဥပါဒါန်သရုပ်ဖြစ်သော ခိုင့်ဂူဘေး၌လည်း ဆွေးလျက်နှင့် ငိုမနေရဲပါ။ အနာဂတ်အတွက်လည်း ပရမတ်သစ္စာကို မြင်နိုင်သမျှ ကြည့်နိုင်ရေးအတွက် ဦးပဥ္စင်း

ထံသို့မူ ပြေးဝင်ခိုမှီးခဲ့ပါသည်။

အမှားဘဝ သောကဝဋ္ဋ အထွေထွေမှ တရားပြတိုင်းလည်း မကျွတ်မကြေနိုင်ပါ။

ရွက်ဝါကြွေသော ဤနွေတွင် ခိုင့်ဂူဘေးသို့လာ၍ တွေဝေငိုင်မောရသည်။

မစိုပြည်သော အထီးကျန်ဤဘဝ၌ ခိုင့်ကိုသာ တိုင်တည်လွမ်းရသည်။

"ပတ်ဝန်းကျင်ကို မမြင်ချင်၊ မကြားချင်၊ မသိချင်ပါ ခိုင်။ ပစ္စုပ္ပန်မှာလည်း မောင်မပျော်ပါဘူး ခိုင် . . . ။ အနာဂတ်ဆိုတာကိုတော့ တွေးမိတိုင်း ကြောက်လန့်မိတယ် မိခိုင်ရယ်"

မမြင်ချင်သော်လည်း ပတ်ဝန်းကျင်ကို ကျွန်တော် မြင်နေရသည်။

ကျွန်တော် မြင်နေရသော ပတ်ဝန်းကျင်မှာ လေငင်တိုင်း ရှိုင်းရှိုင်းသဲသဲ ဝဲဝဲလွင့်လွင့်၊ ဆင့်ဆင့်ဆက်ဆက် ကြွေသက်နေသော ရွက်ဝါကြွေမြေခသည့် နွေလရက်ဆည်းဆာရိပ် ပြာရီရီတည်း။ ကျွန်တော် ရပ်တည်နေရာမှာ မြေပုံမို့မို့ အုတ်ဂူညို့ညို့တို့ဖြင့် မျှို့အသရေမရှိပါလေသော သင်္ချိုင်းမြေသာတည်း။

ရွက်ဝါဆိုသည်မှာ ဇာတ်လမ်းဆုံးခန်းတွင် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူအရာဖြင့် သယ်ယူတတ်သည့် ရာသီ၏ ကချေသည်များသာဖြစ်ပါ၏။

ရာသီကချေသည်တို့၏ ငိုပွဲကို အသည်းကြွေလုဖြင့် ရှုမြင်နေရင်း ကျွန်တော်သည်သာ မငိုရဲပါ။

"ငိုချင်ပါရဲ့ ခိုင် . . . ။ ဒါပေမဲ့ ဆိတ်ငြိမ်တဲ့ ခိုင်ရဲ့ ဝိညာဉ်လောကဟာ မောင်ရဲ့ ငိုရှိုက်သံတွေကြောင့် နှောင်းဘဝသောက ပဲ့တင်ချက်နဲ့ မပျက်စီးစေလိုဘူး မိခိုင် . . . ၊ မိခိုင်တစ်ယောက် ဖြစ်လေရာ ဘဝမှာ ငြိမ်းချမ်းပါစေလို့ မောင် ဆုတောင်းတယ် . . . "

ကျွန်တော်သည် ခိုင်၏ ဂူထက် ခိုင်ချစ်သော စံပယ်ပန်းများကို ကြဲရင်း စိတ်တွင်း ရေရွတ်နေမိသည်။



**"ချစ်ရိပ်ပွင့်ကို**
**လုလင့်ဘာသာ**
**ပျူငှာဆန်းဆို**
**လွမ်းလိုလိုနှင့်**
**သံချိုမြမြ**
**နှမပြာဝင်း**
**နေရစ်မင်းဟု . . . "**
**နေရစ်မင်းဟု . . . ၊**

နေက စောင်းလာသည်။ ဆိတ်သုဉ်းသော လူသေကုန်းထက် အမှောင်ရိပ်တို့ မသိမသာ စိုးမိုးဝင်ရောက်စပြုလာ၏။

ကျွန်တော်သည် သက်ပြင်းကို ရှိုက်ပြီး ခိုင့်ဂူဘေးမှ လေးဆေးအားလျော့စွာ ထွက်ခွာလာခဲ့သည်။

တောင်ကမူ မြေမြင့်တစ်ခုထက် အရောက်တွင် တဒေါက်ဒေါက် ပေါ်ထွက်လာသော အသံကို ကျွန်တော် ကြားရသည်။

မြူဆိုင်းသော ပတ်ဝန်းကျင်ကို နောက်ခံပြုကာ ကျွန်တော်ရှိရာသို့ ချိုင်းထောက်ကြီးကို အားပြုလျက် တက်လာသည့် လူတစ်ဦးကို လှမ်းမြင်ရသည်။

"ငြိမ်းမောင်၊ အို . . . ငြိမ်းမောင် သူငယ်ချင်း . . . မင်း ပြန်လာတယ် "

ငြိမ်းမောင်သည် လက်တစ်ဖက်ဖြင့် ချိုင်းထောက်ကြီးကို အားပြုလျက် အခြားလက်တစ်ဖက်ဖြင့် ကျွန်တော့်ပခုံးကို ကိုင်ကာ အေးချမ်းစွာ ဆို၏။

"ငါ ပြန်လာခဲ့ပါပြီ သူငယ်ချင်း . . . ၊ မင်းအိမ်ကို ငါရောက်တော့ ဦးပဉ္ဇင်းလည်း မင်းကို လာစောင့်နေတာ တွေ့ရတယ်။ တစ်နှစ်လည်တဲ့နေ့မို့ မင်း ဒီမှာ ရှိမှာပဲဆိုပြီး တို့လိုက်လာ ကြတယ်။ ငါလည်း ပင်စင်ယူခဲ့ပြီ သူငယ်ချင်း၊ မင်းနဲ့ အတူနေဖို့ ငါ လာခဲ့တယ်လေ"

ကျွန်တော်သည် ဝမ်းသာအားရဖြင့် ငြိမ်းမောင်ကို ပွေ့ဖက် ရင်း မေးမိသည်။

"ဒါဖြင့် . . . ဦးပဉ္ဇင်းကော"

"ဦးပဉ္ဇင်းက သင်္ချိုင်းကုန်းအပေါက်ဝ ဟိုအပြင်ဘက်မှာ စောင့်နေတယ်"

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ သင်္ချိုင်းကုန်းအပြင်ဘက်၌ စိမ်းလန်းသော တောတောင်သစ်ပင်များကို နောက်ခံပြုလျက် တည်ကြည်စွာ ရပ်နေသော ဝါဝင်းသည့် ဦးပဉ္ဇင်း၏ အသရေတော်ကို ဖူးမြင်တွေ့ရသည်။

နေလုံးကား ဟဲဟိုးတောင်တန်းများနောက်ကွယ်၌ ဝင်စပြုလေပြီ. . . ။

သင်္ချိုင်းမြေတွင် အရိပ်တို့ကျကာ အမှောင်လွှမ်းစပြုလေပြီ။

အရှေ့တောင်တန်းထက်တွင် ထွက်ပြူစ ငွေလပြည့်ဝန်းကို တွေ့ရသည်။

ငြိမ်းမောင်နှင့် ကျွန်တော်သည် တစ်ဦးခါးကို တစ်ဦးဖက်ရင်း ခိုင်၏ ဂူလေးကို ပြိုင်တူငေးကြည့်လိုက်မိကြသည်။

ကျွန်တော်တို့ နှစ်ဦးစလုံး စကားမဆိုနိုင်ကြပါ။ ဆိုစရာစကားများတို့ ရင်၌ အပြည့်ရှိကြပါသည်။

နှုတ်တို့မှသာ အသံထွက်မရေရွတ်ရဲ။

ငြိမ်းမောင်က အဘိဓမ္မာဆန်စွာ သူ့ရင်တွင်း၌ဘာကို ရေရွတ်နေရှာမည်ဟု ကျွန်တော်မသိ။

ကျွန်တော်ကသာ စိတ်တွင်းမှ တိုးတိုးတိတ်တိတ် ကျိတ် ၍ နှုတ်ဆက်ရပါ၏။ ခိုင့်ကို နှုတ်ဆက်ရပါ၏။

"ချစ်ရိပ်ပွင့်ကို
လုလင့်ဘာသာ
ပျူငှာဆန်းဆို
လွမ်းလိုလိုနှင့်
သံချိုမြမြ
နှမပြာဝင်း
နေရစ်မင်းဟု . . . "
နေရစ်မင်းဟု . . . ၊
နေရစ်မင်းဟု . . . ။ ။

**တက္ကသိုလ်ဘုန်းနိုင်**




# ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာ ဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း

# ကြော်ငြာများ ထိတ်ခေါ်ခြင်း

City Magazineအား

နိုင်ငံတော်ဝန်ကြီးရုံးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ဖြန့်ချီထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီးအရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲ ကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော်အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့.

ဆက်သွယ်ရန်လိပ်စာ

City Magazine

ဟံသာဝတီလမ်းနှင့်ကမ်းနားလမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်။

Ph - 0973091587, 09420170940